
ပလိပ်
ALBERT CAMUS
THE PLAGUE

ထင်လင်း

THE PLAGUE by, ALBERT CAMUS

စာအုပ်အကြောင်း

ပထမအကြိမ် – စာပေလောကစာအုပ်တိုက် (၁၉၇၇ ခုနှစ်)

ဒုတိယအကြိမ် – ပန်းရွှေပြည်စာအုပ်တိုက်

အယ်လဘတ်ကမူး မိတ်ဆက်နိဒါန်း

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မြန်မာစာပေနယ်၌ အိတ်ဇစ်စတင်ရှယ်လစ်ဇင်း ဟူသော ဝေါဟာရတစ်ရပ်သည် ခေတ်စား၍ လာခဲ့၏။ မြန်မာ ဒဿနဆရာတို့သည် ယင်းဝေါဟာရကို ဖြစ်တည်မှုပဓာနဝါဒ၊ အတ္တဘဝအမှန်ဝါဒ စသဖြင့် မြန်မာအမည် အမျိုးမျိုးတပ်ကာ ရေးခဲ့သားခဲ့ကြသည်မှာ အတန်ကြာပြီ ဖြစ်၏။ သို့သော် မြန်မာစာပေနယ်၌ တကယ် ဂယက်ရိုက်ခြင်းသည်ကား လွန်ခဲ့သော ခုနစ်နှစ်ခန့်က မိုးဝေမဂ္ဂဇင်း တစ်ခုတွင် စာပေဝေဖန်ရေးဆရာ "မလိခ" က "ကြည်အေး"၏ "နွမ်းလျအိမ်ပြန်" ဝတ္ထုကို ဝေဖန်ရင်း၊ ကြည်အေးသည် မြန်မာစာပေတွင် အစောဆုံးနှင့် အထင်ရှားဆုံး အိတ်ဇစ်စတင်ရှယ်လစ် ဖြစ်သည်ဟု ပညတ်ခြင်းပြုရာမှ အစပြုခဲ့ပေသည်။ ထိုသည်၏ နောက်ပိုင်းတွင် မြန်မာစာပေနယ်၌ အိတ်ဇစ်စတင်ရှယ်လစ်ဇင်း အကြောင်း ဝေဖန်ရေးသားခြင်း၊ မြန်မာစာရေးဆရာ မည်သူမည်ဝါတို့သည် အိတ်ဇစ်စတင်ရှယ်လစ်များ ဖြစ်သည်ဟု မှတ်ချက်ချခြင်း ပြုလုပ်ခဲ့ကြသည်။ ယင်းတို့၏ ရေးသားချက်များမှာ ယေဘုယျအားဖြင့် "အိတ်ဇစ်စတင်ရှယ်လစ်ဇင်း ဟူသည် လူ့ဘောင် လူ့အဖွဲ့အစည်းကို ဆန့်ကျင်သည့် တစ်ကိုယ်တော် လွတ်မြောက်မှုဝါဒ ဖြစ်သည်။ နှစ်ဆယ်ရာစု အရင်းရှင်လူ့ဘောင်၏ လူမှုအကျပ်အတည်း တို့ကို ပညာတတ်နည်းဖြင့် ဖြေရှင်းရန် အဖြေမတွေ့ကုန်သော အရင်းရှင် ပညာတတ် လူငယ်လောက၌ ပေါ်ပေါက်လာသော၊ ခေတ်စားလာသော အယူဝါဒဖြစ်သည်" ဟူသော ရှုထောင့်မှ ရပ်တည်ရေးသားကြခြင်း ဖြစ်သည်။ ယင်းရှုထောင့်မှာ မာ့က်စ်ဝါဒီ စာပေဝေဖန်ရေးဆရာတို့၏ ရှုထောင့် ဖြစ်သည်ဟုလည်း သိရပေသည်။

စင်စစ်မှာ မြန်မာစာပေ၌ ကမ္ဘာ့အစ်ဇစ်စတင်ရှယ်လစ် စာရေးဆရာတို့၏ ဝါဒသဘောတရား ဖော်ပြရာဖြစ်သော ဝတ္ထုများ၊ ဒဿနစာတမ်းများ၊ အဖွင့်ကျမ်းများကို မြန်မာဘာသာဖြင့် မည်မည်ရရ ပြန်ဆိုနိုင်ခြင်းလည်း မရှိသေး။ မြန်မာစာရေးဆရာ မည်သူမည်ဝါ၏ အယူအဆ အရေးအဖွဲ့တို့သည် ဥရောပ အိတ်ဇစ်စတင်ရှယ်လစ် ဆရာတို့နှင့် မည်ရွေ့မည်မျှ တူခြင်းမတူခြင်း တို့ကိုလည်း မည်သူကမှ သေသေချာချာ နှိုင်းယှဉ်လေ့လာမှု မပြုရသေးသော အခြေ၌ပင် ရှိသေးရာ၊ ယခုကဲ့သို့သော အခြေ၌ အိတ်ဇစ်စတင်ရှယ်လစ်ဇင်း အကြောင်း ဝေဖန်ငြင်းခုံကြမည် ဆိုပါက လေဖမ်းဝါတန်းချည် သကဲ့သို့ အချည်းနှီးအကျိုးမဲ့သာ ဖြစ်နေပေဦးမည်။

သို့ဖြစ်၍ ကျွန်တော်တို့သည် ကမ္ဘာ့စာပေနယ်တွင် အိတ်ဇစ်စတင်ရှယ်လစ်

စာရေးဆရာကြီးတစ်ဦး ဟူ၍ အထင်ကရလည်းဖြစ်၊ မြန်မာစာဖတ်ပရိသတ်နှင့်လည်း အတန်အသင့် အကျွမ်းဝင်ပြီးသူလည်း ဖြစ်သော ပြင်သစ်စာရေးဆရာကြီး အယ်လဘာတ်ကမူး၏ ပလိပ်ဝတ္ထုကို ဘာသာပြန်ဆို ထုတ်ဝေရန် ဆရာထင်လင်းနှင့် ညှိနှိုင်းစီစဉ်ခဲ့ပါသည်။ အယ်လဘာတ်ကမူးသည် ဝတ္ထုရေးဆရာ၊ ပြဇာတ်ဆရာ၊ သတင်းစာဆရာအဖြစ် လည်းကောင်း၊ အိတ်ဖစ်စတင်ရှယ်လစ် အမြင်ဖြင့် နိုင်ငံရေး လူမှုရေးဆိုင်ရာ ဝေဖန်ချက်စာတမ်းများ ရေးသားသူအဖြစ် လည်းကောင်း ဒုတိယ ကမ္ဘာစစ် နောက်ပိုင်းကာလမှစ၍ ယနေ့တိုင် ထင်ရှားသူတစ်ဦး ဖြစ်သည်။ သူ့စာပေ သူ့အယူအဆသည် ပြင်သစ်နယ်နိမိတ်ကို ကျော်လွန်၍ ဥရောပ၊ ထိုနောက် ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့ခဲ့သည်။ ဩဇာလွှမ်းမိုးခဲ့သည်။ ယခု သူ ကွယ်လွန်သည်မှာ တစ်ဆယ့်ခုနစ်တာမျှ ကြာညောင်းခဲ့ပြီ ဖြစ်သော်လည်း သူရေးခဲ့သည့် အနည်းငယ်မျှသော စာအုပ်စာတမ်းတို့၏ ဩဇာသည် ယနေ့တိုင် တည်တံ့ခိုင်မြဲဆဲ ဖြစ်သည်။

ကမူးကို (ယခင်က ပြင်သစ်ပိုင်) အယ်လ်ဂျီးရီးယားပြည်၊ မွန်ဒိုဗီမြို့တွင် ၁၉၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ မွေးဖွားသည်။ သူ မွေး၍ တစ်နှစ်မပြည့်မီမှာပင် ဖခင် ကွယ်လွန်သည်။ ဖခင်မှာ ပြင်သစ်ပြည် အယ်လဇေးရှားနယ်သား သူဆင်းရဲ အလုပ်သမားတစ်ဦးဖြစ်၍ ပထမကမ္ဘာစစ်ပွဲဖြစ်စ မန်းနှစ်စစ်ပွဲအတွင်း သေဆုံးခဲ့၏။ မိခင်မှာ စပိန်မျိုးနွယ်မှ ဆင်းသက်လာသည်။ ခင်ပွန်းသည် ကွယ်လွန်သွားသည့်နောက် ကမူး၏မိခင်မှာ အိမ်စေအလုပ်ဖြင့် အိမ်ထောင်ကို ထိန်းကျောင်းခဲ့ရသည်။ ကမူးနှင့် သူ့အစ်ကို လူစီယင်တို့သည် အယ်လဂျီးရီးယားပြည် မြို့တော် အယ်လဂျီး ယားစ်ရှိ အလုပ်သမားရပ်ကွက်ကလေး တစ်ခုသို့ မိခင်နှင့်အတူ လိုက်ပါခဲ့ကြ၏။ အခန်းနှစ်ခန်းတည်းသာ ရှိသော အိမ်ငယ်တွင် မိခင်ဘက်က ဖွားအေ၊ တစ်ခြမ်းသေနေသော ဦးလေးတို့နှင့်အတူ နေထိုင်ကြရသည်။ ထိုစဉ်က နေထိုင်ခဲ့ရသည့် နေအိမ်ပတ်ဝန်းကျင်၊ မိမိ၏မိခင် ဖွားအေနှင့် ဦးလေးတို့၏ ရုပ်ပုံလွှာများကို သူ အစောပိုင်းရေးသည့် စာတစ်ပုဒ်တွင် ရေးခြစ်ဖော်ခဲ့သည်။ ပထမအစမ်းစာပေါင်းစုကို ၁၉၃၇ ခုနှစ် (အသက် ၂၄ နှစ် အရွယ်) တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဒုတိယအစမ်းစာပေါင်းစုကို နောက်နှစ်တွင် ထုတ်ဝေခဲ့ရာ၊ ယင်း၌ အယ်ဂျီးရီးယားကျေးလက် သဘာဝအလှကို ဖွဲ့နွဲ့ရေးခြယ်ထားကြောင်း တွေ့ရ၏။ သဘာဝအလှဟူသည် လက်လုပ်လက်စား ဆင်းရဲသားများပါ ခံစားနိုင်သော ဓနဥစ္စာတစ်ရပ်သာ ဖြစ်ကြောင်း ကမူးက ဖော်ပြခဲ့၏။ ယင်း အစမ်းစာပေါင်းစု နှစ်အုပ်စလုံးတွင်ပင် ကမူးသည် ကြေပြုန်းလွယ်သော လူသား၏ဘဝနှင့် ရေရှည်တည်တံ့ ကြံ့ကြံ့ခံနိုင်စွမ်းသော သဘာဝ ရုပ်ဝတ္ထုလောကတို့ကို ဆန့်ကျင်ဘက်ပြု၍ ပြခဲ့သည်။

ကမူးမှာ ဆင်းဆင်းရဲရဲ ကြီးပြင်းခဲ့ရသော်လည်း ပညာရေးဘက်တွင်ကား ကုသိုလ်ကံ မဆိုးခဲ့ပေ။ အသက်ငါးနှစ်သား အရွယ်တွင် အများတကာနည်းတူ

မူလတန်းကျောင်းသား ဖြစ်ခဲ့၏။ ထိုနောက်တွင် ကံကောင်းထောက်မသဖြင့် လူဝီဂျာမိန်းအမည်ရှိ အလွန်ထူးချွန်သော ဆရာတစ်ယောက်ထံတွင် တပည့်ခံခွင့် ရလေသည်။ ၎င်း၏ ကူညီသင်ပြမှုဖြင့် ၁၉၂၃ ခုနှစ်တွင် အထက်တန်းကျောင်း၌ ပညာသင်ကြားရန် 'စကောလားရှစ်'ဆု ရလေသည်။ ကမူးကား သစ္စာစောင့်သိသူ၊ သူတစ်ပါးကျေးဇူးကို မမေ့တတ်သူဖြစ်၍ နောက် ၃၄ နှစ် အကြာ ၁၉၅၇ ခုနှစ်တွင် နိုဘယ်ဆု ချီးမြှင့်ခြင်း ခံရသောအခါ ဆုပေးပွဲအခမ်းအနား၌ သူပြောသော မိန့်ခွန်းတွင် ဆရာဂျာမိန်း၏ ကျေးဇူးကို လေးစားစွာ တိုင်တည်ပြောကြားခဲ့၏။ ထို့နောက်၌ ကမူးသည် တစ်ဘက်က အသိပညာအတတ်ပညာကို အလွန်အကျူး ဆည်းပူးလိုစိတ်များ ထကြွလာသကဲ့သို့၊ တစ်ဘက်ကလည်း အားကစားဘက်တွင် များစွာ စိတ်ပါဝင်စားလာခဲ့၏။ သူအနှစ်သက်ဆုံး အားကစားနည်းများမှာ ဘောလုံး၊ ရေကူးနှင့် လက်ေ့ထိုးခြင်း ဖြစ်၏။ ၁၉၃၀ ခုနှစ်တွင် ကမူးမှာ တီဘီရောဂါ ဆိုးဆိုးဝါးဝါး ဖြစ်ပွားရာ အားကစားကို လုံးဝ စွန့်လွှတ်လိုက်ရပြီး စာဖတ်သော အလုပ်ကိုပင် အတော်ကြာအောင် ရပ်ဆိုင်းထားလိုက်ရလေသည်။ တစ်ဆယ့်ငါးနှစ်တိုင်တိုင် မိမိတို့ နေထိုင်ခဲ့သော အိမ်ငယ်မှာ ကျန်းမာရေးနှင့် မညီညွတ်သဖြင့် မိသားစုနှင့်ခွာကာ ဦးလေးတစ်ယောက်အိမ်တွင် သွားရောက်နေထိုင်ရ၏။ ထို ဦးလေးမှာ အသက်မွေးဝမ်းကျောင်းမှု အတွက် သားသတ်သမားအလုပ်ကို လုပ်ကိုင်နေရသူ ဖြစ်သော်လည်း စာပေဝါသနာပါ၍ ပြင်သစ်စာပေပညာရှိကြီး ဗော်လတဲယား၏ စာများကို အထူးနှစ်သက် သဘောကျသူ ဖြစ်၏။ ကမူးက မိမိဘာသာ ရပ်တည်နိုင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်ကာ ရရာအလုပ်ကို ဝင်လုပ်သည်။ တစ်ဘက်ကလည်း ဒဿနိကဗေဒ ကျောင်းသားတစ်ယောက်အဖြစ် စာရင်းပေးထားသည်။

တက္ကသိုလ်၌ ကမူးသည် ဂျွန်းဂရီနီယေ အမည်ရှိ ဆရာ၏ လမ်းညွှန်မှုကို ခံယူရရှိသည်။ ဆရာက သူ့အား စာပေသဘောတရားနှင့် ဒဿနအတွေးအမြင်များ ထက်မြက်လာအောင် ကူညီညွှန်ပြခဲ့သည်။ ဆရာ့မှာ သူ့လိုပင် ဘောလုံးဝါသနာအိုး ဖြစ်ရာ သူနှင့် အလွန်တွဲဖက်မိသည်။ ၁၉၃၆ ခုနှစ်တွင် ကမူးသည် ပလိုတီးနပ်စ် နှင့် စိန့်ဩဂတ်စတင်း တို့၏ အတွေးအခေါ် စာတမ်းများကို နှိုင်းယှဉ်လေ့လာ၍ ရရှိသည့် ဂရိနှင့် ခရစ်ယန်အတွေးအမြင် ဆက်စပ်မှုများ အမည်ရှိ စာတမ်းကို ရေးသားတင်သွင်းကာ အယ်လ်ဂျီးယားစ် တက္ကသိုလ်မှ ဒီပလိုမာဘွဲ့ ရရှိသည်။ ထိုနောက် တက္ကသိုလ်တွင် ဆရာအဖြစ် ဆောင်ရွက်ခွင့်ရရန် ကြိုးပမ်းသေးသော်လည်း တီဘီရောဂါ ထကြွလာပြန်သဖြင့် ထိုအကြံအစည်ကို စွန့်လွှတ်လိုက်ရ၏။ ကျန်းမာရေး ပြန်ကောင်းလာစေရန်အတွက် ကမူးသည် ပြင်သစ်ပြည် အဲ့လ်ပ်စ်တောင်တန်းရှိ အနားယူစခန်း တစ်ခုသို့ သွားရောက်ခဲ့သည်။ ဤသည်မှာ သူ့တစ်သက်နှင့်တစ်ကိုယ် ဥရောပသို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်း (ပြင်သစ်အဖြစ် မွေးလာလျက် ပြင်သစ်ပြည်သို့ ပထမဆုံး ရောက်ဖူးခြင်း) ဖြစ်လေသည်။ အယ်လဂျီးရီးယားသို့ အပြန်တွင် ဖလောရင့်၊ ပီဆာ၊ ဂျီနိုအာ စသော

အီတလီမြို့ကြီးများသို့ ဝင်ရောက်လည်ပတ်ခဲ့၏။

၁၉၃၀ ခုနှစ်များအတွင်း ကမူး၏ စာပေလေ့လာမှု နယ်ပယ်သည် ကျယ်ဝန်း၍ လာခဲ့၏။ သူက ပြင်သစ် ရှေးဟောင်းကန္တဝင်များ သာမက ခေတ်ပေါ်ပြင်သစ် စာရေးဆရာတို့၏ စာပေများကိုပါ လေ့လာဖတ်ရှုလာသည်။ ခေတ်ပေါ်စာရေးဆရာများ အနက် သူ အနှစ်သက်ဆုံး ပုဂ္ဂိုလ်များတွင် အန်ဒရေဂျိ (Andre Gide: 1869 - 1951) ဟင်နရီဒီမွန်သာလွန် (Henry de Montherlant: 1896 -) နှင့် အန်ဒရေမာလရိုး (Angre Malraux: 1901 -) တို့ပါဝင်၏။ ထိုကာလအတွင်း ကမူးသည် လက်ဝဲလူငယ် လှုပ်ရှားမှုများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလာသည်။ အယ်လဂျီးရီးယားရှိ ပညာတတ် လက်ဝဲလူငယ် လောကတွင် ထင်ရှားသူတစ်ယောက် ဖြစ်လာသည်။ အယ်လဂျီးရီးယား ကွန်မြူနစ်ပါတီသို့ ခေတ္တမျှ(၁၉၃၄-၃၅) ဝင်ရောက်လိုက်သေး၏။ ထို့အပြင် ဆင်းရဲသား အလုပ်သမားလူတန်းစား အတွက် ပင်ကိုရေးနှင့် အမိုးပြဇာတ်များ ရေးသားခြင်း၊ စင်တင်ခြင်း၊ ပါဝင်ကပြခြင်းများ ပြုလုပ်ခဲ့သည်။ ကမူးမှာ ပြဇာတ်ကို အလွန်နှစ်သက်သူဖြစ်၍ ကွယ်လွန်သည်အထိ ဇာတ်ခုံလောကကို စွဲလန်းခဲ့သည်။ သူကသာ ပြဇာတ်ကို တန်းတန်းစွဲ ဖြစ်သော်လည်း သူ့စာများအနက် ပြဇာတ်များမှာ လူကြိုက်အနည်းဆုံး ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ နှစ်နှစ်ခန့်အလိုတွင် ကမူးသည် အယ်လဂျာ ရီပတ်ပလီကိန်း ဂျာနယ်၌ စာနယ်ဇင်းလုပ်ငန်းကို စတင်လေ့လာသည့်သဘော ဝင်ရောက်လုပ်ကိုင်သည်။ ဂျာနယ်အတွက် သူလုပ်ရသောအလုပ်မှာ မျိုးစုံသည်၊ ခေါင်းကြီးရေးသည်။ အယ်ဒီတာအလုပ်လည်း တစ်စိတ်တစ်ပိုင်း လုပ်ရသည်။ နိုင်ငံရေးသတင်းထောက်လည်း ဖြစ်သည်။ ထို့အပြင် စာအုပ်ဝေဖန်ခန်းကို မှန်မှန်ရေးသည်။ ထိုအခန်းမှနေ၍ ဂျွန်းပေါ်ဆတ် (Jean - Paul Sartre : 1905 -) ၏ အစောပိုင်း လက်ရာအချို့ကို သူက ဝေဖန်ခဲ့ဖူးသည်။ ထိုဂျာနယ်မှပင် ကာဘီလီဒေသရှိ မွတ်ဆလင်များ၏ လူမှုရေးအခြေအနေတို့ကို စိစစ်ဝေဖန်သည့် အခန်းဆက်ဆောင်းပါးများ ရေးသားခဲ့ရာ ၁၉၅၄ ခုနှစ် အယ်လဂျီးရီးယားစစ်ပွဲ ဖြစ်ပွားစေမည့် မတရား မမျှတမှုများကို တစ်ဆယ့်ငါးနှစ်တာမျှ စော၍ ရှုမြင်သုံးသပ် နိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရ၏။ ကမူးကား သဘောတရား နိုင်ငံရေးသမားသက်သက် မဟုတ်။ လူတို့၏ ပကတိဘဝကို စာနာထောက်ထား ကြည့်ရှုတတ်သူတစ်ဦး ဖြစ်ပေသည်။

ပြင်သစ်ပြည်ကို ဂျာမန်တို့ အုပ်စိုးစဉ်ကာလနှင့် လွတ်မြောက်ပြီးစ ကာလများတွင်မူ ကမူးမှာ (ပြင်သစ်ပြည်သို့ ရောက်ရှိနေခဲ့ပြီး ဖြစ်၍) နိုင်ငံရေးသတင်းစာသမား တစ်ယောက်အဖြစ် ပါရီသာမက ပြင်သစ်ပြည် တစ်ပြည်လုံး၌ပါ ဩဇာလွှမ်းမိုးခဲ့ပြီ ဖြစ်သည်။ ဖက်ဆစ်ဂျာမန် ခုခံတော်လှန်ရေး

ကာလအတွင်း ရေတိုတိုက်ပွဲအမည်ရှိ တော်လှန်ရေးလှုပ်ရှားမှု သတင်းစဉ် တစ်စောင်ကို ကမူး ဦးဆောင်၍ ထုတ်ဝေခဲ့ သည်။ ယင်းသတင်းစဉ်မှနေ၍ ပါရီတွင် နေ့စဉ်ထုတ်ဝေသည့် သတင်းစာတစ်စောင် ဖြစ်လာခဲ့သည်။ ကမူးသည် လွတ်လပ်သော လက်ဝဲဝါဒနှင့် တရားမျှတရေး အမှန်တရားစိုးမိုးရေး ကြွေးကြော်သံကို ကိုင်စွဲကာ လှုံ့ဆော်ရေးသားခဲ့သည်။ သူက နိုင်ငံရေးလှုပ်ရှားမှုတိုင်းတွင် ခိုင်မာသော လူမှုကျင့်ဝတ်အခြေခံ ရှိရမည်ဟု ခံယူသည်။ သို့သော် နောက်ပိုင်းတွင်မူ လက်တွေ့လူမှုဘဝထက် နိုင်ငံရေးသဘောတရား နိုင်ငံရေးလမ်းစဉ်ကိုသာ အလေးထားကြသည့် အခြားသော လက်ဝဲဝါဒီတို့၏ လှုပ်ရှားမှုများကို စိတ်ပျက်လာကာ ၁၉၄၇ ခုနှစ်တွင် ရေတိုတိုက်ပွဲနှင့် လုံးဝ အဆက်ဖြတ်လိုက်လေသည်။

ကမူးမှာ စာပေနယ်၌ တစ်နေ့တစ်ခြား ထင်ရှား၍လာခဲ့၏။ စစ်မဖြစ်မီက စတင်ရေးသား၍ ၁၉၄၂ ခုနှစ်တွင် ထုတ်ဝေလိုက်သော စည်းအပြင်ကလူ ဝတ္ထု (အင်္ဂလိပ်ဘာသာပြန် The Outsider: အမေရိကန်ဘာသာပြန် The Stranger) မှာ ထွက်ထွက်ချင်းပင် အုတ်အော်သောင်းနင်း ဖြစ်ခဲ့သည်။ စစ်ပြီးခေတ်တွင် အကောင်းဆုံး ဝတ္ထုတစ်ပုဒ် ဖြစ်သည်ဟု တစ်ယောက်ကိုတစ်ယောက် လက်တို့ပြောခဲ့ကြရသည်။

၎င်းဝတ္ထုမှာ နှစ်ဆယ်ရာစု ခေတ်အတွင်း လူမှုဆက်ဆံရေးစံနစ်များ နက်ရှိုင်းရှုပ်ထွေးလာ၍ လူသားတစ်ဦးချင်းနှင့် လူ့ဘောင်အဖွဲ့အစည်းတို့သည် စိတ်ဓာတ်ရေးရာအရ အပြန်အလှန် သိနားလည်ဆက်ဆံမှု လျော့ပါးလာခြင်း၊ လူ့အပြုအမူ လူ့အဖြစ်အပျက်တို့၏ ကြောင်းကျိုးဆက်နွယ်မှု ကင်းကာ ကြုံသလို ဖြစ်တတ်ခြင်းနှင့် လူ့အဖွဲ့အစည်းက တောင်းဆိုသည့် ပုံသဏ္ဍာန်အတိုင်း အံဝင်ခွင်ကျ မနေနိုင်သည့် လူသား၏ အကျပ်အတည်းတို့ကို ဖော်ပြသော ဝတ္ထုဖြစ်သည်။ (၎င်းဝတ္ထုကို ထင်လင်း မြန်မာပြန်၍ ၁၉၇၄ခုနှစ်က ထုတ်ဝေခဲ့ရာ မြန်မာစာပေသမားများလည်း များစွာ နှစ်ခြိုက်ခဲ့ကြသည်။) ထိုနှစ်မှာပင် ကမူးသည် သူ၏ စာပေနှင့် လူမှုရေးအတွေးအမြင်များကို ရှင်းလင်းဖော်ပြရာ ဖြစ်သော စီစီဖတ်ဒဏ္ဍာရီ (The Myth of Sisyphus) ကို ရေးသည်။ သူ၏ ဒုတိယဝတ္ထုရှည် ဖြစ်သော ပလိပ် (The Plague) (ယခုဘာသာပြန်စာအုပ်)မှာ ၁၉၄၇ ခုနှစ်တွင် ထွက်ပေါ်လာသည်။ ပလိပ်ဝတ္ထုသည် ဂျာမန် သိမ်းပိုက်ထားသော ကာလ ပြင်သစ်ပြည် ပြင်သစ်လူမျိုး၏ အကြောင်းကို သွယ်ဝိုက်၍ ပုံဆောင်ပြောသောနည်းဖြင့် သုံးသပ်ဖော်ပြထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်ဟု ဆိုကြသည်။ ပလိပ်တွင် ကမူးသည် ရိုးရာခရစ်ယန်တို့၏ အစဉ်အလာ စည်းကမ်းကလနားများကို ပြစ်တင်ဝေဖန် ထားသည်။ ထို့အပြင် ကြီးမားသော အခက်အခဲ အကျပ်အတည်းနှင့် ကြုံကြိုက်ရသော ကာလများတွင် လူသား၌ ဆိုးယုတ်သည်ဆိုသော စရိုက်လက္ခဏာများထက် ကောင်းမြတ်သည်ဆိုသော

စရိုက်လက္ခဏာများသာ ပို၍ ထင်ရှားပေါ်လွင် လာတတ်ကြောင်း ဖော်ပြထားပေသည်။ ကမူးသည် စည်းအပြင်ကလူ ဝတ္ထုဖြင့် ပို၍ လူသိများသည် မှန်သော်လည်း အချို့သော စာပေဝေဖန်ရေး ဆရာများကမူ ပလိပ်ဝတ္ထုသာလျှင် ကမူး၏ အပြောင်မြောက်ဆုံးဖြစ်သည်ဟု ဝေဖန်ပြောကြားခဲ့ကြသည်။ စည်းအပြင်ကလူ ဝတ္ထု၌ ကမူး၏ အိတ်ဇစ်စတင်ရှယ်လစ် ဝါဒသည် လူ့ဘောင်ဘဝအတွင်း လူ့အဖြစ်အပျက်၊ လူ့အပြုအမူ တို့၏ ကြောင်းကျိုးဆက်နွယ်မှု ကင်းသောသဘော၊ မှန်းဆမရသည့် သဘောတွင် အခြေခံခဲ့သည်။ ပလိပ်ဝတ္ထု၌မူ ယင်းအခြေခံသဘောသည် ပြောင်းလဲ၍ လာခဲ့ကာ လူမှုရေးနှင့် အတွေးအခေါ်ရေးရာ ပညတ်ချက် သတ်မှတ်ချက်များအား တော်လှန်သော သဘောကို ကိုင်စွဲလာ၏။ ယင်းအတွေးအခေါ်ကို ၁၉၅၁ ခုနှစ်တွင် သူပုန် (The Rebel) အမည်ရှိ ဒဿနစာတမ်းတွင် ရှင်းလင်းဖော်ထုတ်ခဲ့သည်။ ၎င်းစာတမ်းကို မာ့က်စ်ဝါဒ အသိုင်းအဝိုင်းနှင့် မာ့က်စ်ဘက်ယိမ်းသူ စာပေသဘောတရား ဆရာတချို့ (ဥပမာ ဂျွန်းပေါ်ဆတ်) တို့က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။

နောက်ပိုင်းကာလ ကမူးရေးသားသည့် စာများအနက် ထင်ရှားသော လက်ရာတို့မှာ ကျဆုံးခြင်း (The Fall; 1956) ဝတ္ထုရှည်နှင့် မဲဇာနှင့်မင်းနေပြည် (Exile and the Kingdom; 1957) ဝတ္ထုတိုပေါင်းချုပ်တို့ ဖြစ်ကြသည်။ အသက် ၄၄နှစ်အရွယ် ၁၉၅၇ ခုနှစ်တွင် ကမူးသည် စာပေဆိုင်ရာနိုဘယ်ဆု ချီးမြှင့်ခြင်း ခံရသည်။ ဆုပေးပွဲ အခမ်းအနား၌ ကမူးက မိမိသာ ဆုရွေးချယ်ရေးအဖွဲ့တွင် ပါပါက ပြင်သစ်စာရေးဆရာကြီး အန်ဒရေမာလရိုးကိုသာ ရွေးချယ်ဖို့ ပြောကြားလိမ့်မည် ဖြစ်ကြောင်း ရိုးသားစွာ ဖွင့်ဟပြောကြားခဲ့သည်။ နောက် သုံးနှစ်မပြည့်တပြည့် ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကမူးသည် မော်တော်ကား အတိုက်ခံရပြီး ကွယ်လွန် အနိစ္စ ရောက်ခဲ့လေသည်။ အတွေးအခေါ်အရ လည်းကောင်း၊ လူအင်အားအရ လည်းကောင်း အရှိန်တက်ဆုံး အကောင်းဆုံးအချိန်၊ သူ့ထံမှ နောက်ထပ် အမြောက်အမြား မျှော်လင့်နေရချိန်တွင် ကွယ်လွန်သွားခြင်းဖြစ်ရာ၊ ကမ္ဘာ့စာပေလောကတွင် အလွန်ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ခဲ့သည်။ သူ့စာများကို ကမ္ဘာ့ဘာသာ အသီးသီးဖြင့် ပြန်ဆိုခဲ့သည်။ သူ့အကြောင်း၊ သူ့စာများအကြောင်း ရေးသားကြသော စာတို့မှာ သူရေးခဲ့သမျှတို့ထက် အဆပေါင်းများစွာ ပိုလွန်ခဲ့ပေသည်။

၂၉၊၃၊၁၉၇၇

စာပေလောကစာတည်းအဖွဲ့

ဤစာတန်းကို ပြန်လည် ထည့်သုံးခွင့်ပေးသော 'စာပေလောက စာတည်းအဖွဲ့' အား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပန်းရွှေပြည်စာအုပ်တိုက်

ဘာသာပြန်သူ၏ စကား

၁၉၄၇ ခုနှစ်က ပြင်သစ်ပြည်၏ စာပေဝေဖန်ရေးသမားများ အဖွဲ့က ကမူး၏ ပလိပ်ဝတ္ထုကို အကောင်းဆုံးဝတ္ထုအဖြစ် ဆုံးဖြတ်ကြေညာခဲ့ကြသည်။ ကမူး ရေးသမျှတွင်လည်း ပလိပ်ဝတ္ထုသည် အကောင်းဆုံးပင် ဖြစ်သည်ဟု ဆိုသူက ဆိုသည်။

အကြောင်းအရာမှာ ၁၉၄၀ ခုနှစ်ဆီက အယ်လ်ဂျီးရီးယားပြည်၊ အိုရန်မြို့တွင် ပလိပ်ကပ်ရောဂါ ဖြစ်ပွားသည့်အကြောင်း ဖြစ်သည်။ ပလိပ် ကပ်ရောဂါ ကျရောက်နေသည့် အိုရန်မြို့အတွင်း၌ ဖြစ်ပျက်သမျှတို့ကို ဝတ္ထုဇာတ်လမ်းပြု၍ ရေးထားသည့် မှတ်တမ်းတစ်မျိုး(မှတ်တမ်းသဖွယ် ရေးထားသည့် ဝတ္ထုမျိုး) ဖြစ်သည်။ ထူးဆန်းသောဝတ္ထုဟု ဆိုချင် ဆိုနိုင်သည်။

၎င်းဝတ္ထုကို ဝေဖန်သူတို့က ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပြင်သစ်ပြည်ကို နာဇီဂျာမန်တို့ သိမ်းပိုက်ထားစဉ်က အဖြစ်အပျက် အခြေအနေများကို "ပလိပ်ကပ်" သင်္ကေတဖြင့် တင်စား၍ ရေးထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်ဟုလည်း ဆိုကြပါသည်။ ပြင်သစ် ပြည်သူပြည်သားတို့အား ရက်စက်ကြမ်းကြုတ်မှုဖြင့် ဖိနှိပ်အုပ်စိုးခဲ့သော နာဇီတို့အား "ပလိပ်ရောဂါ" နှင့် ပုံဆောင်တင်စား ထားသည်ဟုလည်း ဆိုကြသည်။

၎င်း ကပ်သင့်ကာလ၏ ကြောက်မက်ဖွယ်ရာ အခြေအနေမျိုးတွင် မြို့တံခါးများ အားလုံး ပိတ်ဆို့ကာ ပြင်ပလောကနှင့် အဆက်အသွယ် အားလုံးလိုလိုပင် လုံးဝ ဖြတ်တောက်ထားသည့် အိုရန်မြို့တွင်း၌ တွေ့မြင်ရသော စရိုက်အမျိုးမျိုးနှင့် လူအမျိုးမျိုးတို့ မည်ကဲ့သို့ တုံ့ပြန်လှုပ်ရှားကြသည်ကို ကမူးက စေ့စပ်သေချာစွာ ဖော်ပြရင်း စာဖတ်သူတို့အား ထိုထက်အရေးကြီးသည့် ကိစ္စများကိုလည်း သတိထားလျှင် သိသာမြင်သာအောင် ညွှန်ပြ၍ သွားပါသည်။

ကမူး၏စာများနှင့် ပတ်သက်၍ ပေါ်ပေါက်လာတတ်သော ပြဿနာတစ်ခုမှာ "ကမူးဟာ အတ္တဘဝမှန်ဝါဒီ လား" ဆိုသည့် ပြဿနာပင် ဖြစ်သည်။ ၎င်းမေးခွန်းကို ထိုအတွေးအခေါ်နှင့် ပတ်သက်၍ ထင်ရှားသော ခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျွန်းပေါ်ဆတ်က ဖြေဖူးသည်။ "ကမူးဟာ ကီယာ့စ်ဂေါ်တို့ ဟိုက်ဒဂ္ဂါတို့ ယတ်စပါတို့ရဲ့ အယူအဆများရဲ့ အရိပ်အငွေ့နဲ့ မကင်းပေမယ့် တကယ်တော့ သူဟာ အတ္တဘဝမှန်ဝါဒီ တစ်ယောက် မဟုတ်ပါဘူး" ဟု ဆိုခဲ့သည်။ သို့သော် ကမူးသည် ၎င်းအတွေးအခေါ်ကို ပေါ်လွင်အောင် ရေးသားဖော်ထုတ်ရာတွင် အပီသဆုံး ပြောတတ်သူတစ်ယောက် ဖြစ်သည်ကိုတော့ ဘယ်သူမှ မငြင်းခဲ့ပေ။ ကမူးသည်

ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင် ရေးက တွေးခေါ်ပညာရှင်ကြီးများ၏ အရာသာဖြစ်ခဲ့သော ဒဿနတစ်ရပ်ကို အနုပညာဖန်တီးမှုဖြင့် ပုံသဏ္ဍာန်သစ် ဖော်ထုတ်ကာ လူများစွာ၏ အတွေးအခေါ် လမ်းညွှန်ဖြစ်အောင် လုပ်ပေးခဲ့သည်ဟုလည်း အဆိုရှိသည်။

ကမူး၏ ဝတ္ထုများတွင် ပလိပ်ဝတ္ထုသည် အဖတ်ရအခက်ဆုံး၊ အနက်နဲဆုံး၊ အရှုပ်ထွေးဆုံးဟု ဆိုလျှင် မှားမည်မထင်ပါ။ ဝတ္ထုကြောင်းအနေဖြင့် ရိုးရိုးစင်းစင်း ပုံပြောသလို ပြောသွားသည့် ဝတ္ထုတစ်ပုဒ်ပင် ဖြစ်သော်လည်း ဒဿနိကဆိုင်ရာ အပိုင်းများမှာ လွန်စွာ နက်နဲသိမ်မွေ့လှသည် ဖြစ်၍ စာဖတ်သူများအဖို့ စဉ်းစားစရာတွေ များသည်ဟု ဆိုရပါမည်။ အပျင်းပြေသဘော ဝတ္ထုဖတ်သူများ ဤဝတ္ထုကို အလွယ်တကူ ကြိုက်နိုင်လိမ့်မည် မထင်ပါ။ စာ အလွန်လေးသည်ဟု ဆိုကြလိမ့်မည် ထင်ပါသည်။ မှန်ပါသည်။ ဤစာအုပ်တွင် နားလည်စရာတွေ အတော်များပါသည်။ စာကောင်း တကယ်ကြိုက်သူများ၊ အတွေးအခေါ်ပါမှ ဖတ်ချင်သည် ဆိုသူများအဖို့ ဤစာအုပ်သည် တစ်အုပ်ဆို ဆိုသလောက် ဖတ်ထိုက်သော စာအုပ်တစ်အုပ် ဖြစ်သည်ဟု ဆိုရပါမည်။

ပလိပ်ဝတ္ထုသည် အပေါ်ယံတွင် ကြည့်လျှင် အစမှအဆုံးတိုင် စိတ်နောက်ညစ်ကျုဘွယ်ရာ ရောဂါဆိုး ကူးစက်ပျံ့နှံ့ချိန်တွင် နေ့စဉ် လူတွေ ရာလိုက် ထောင်လိုက် သေကျေပျက်စီးရသည့် အကြောင်း၊ သေဘေးနှင့်ကြုံ၍ ဝေဒနာမျိုးစုံကို မချိမဆန့် ခံစားကြရသည့် အကြောင်း၊ ချစ်သူခင်သူတို့နှင့် သေကွဲ ကွဲသူကွဲ၊ ရှင်ကွဲ ကွဲသူကွဲ ကွဲကြရသဖြင့် သေလုမြောပါး သောကပွားကြရသည့် အကြောင်းများဖြစ်၍ ဖတ်ချင်စရာဟူ၍ တစ်ကွက်မှမရှိဟူ၍ တစ်ကွက်မှ မရှိဟု ထင်ရသော်လည်း တကယ် စိတ်အာရုံဝင်စား၍ ဖတ်မိသောအခါတွင် ထိုထိုသော စက်ဆုပ်ဖွယ် အနိဋ္ဌာရုံများက အမြဲတစေ ထွန်းပြ၍နေသောအလင်းရောင်ကလေးကို တွေ့မြင်လာမည် ဖြစ်ပါသည်။ အစတွင် မှန်မှန်ကလေး နောက်တွင် တဖြည်းဖြည်း ပို၍ပို၍ လင်းလာပါလိမ့်မည်။ ထို အလင်းရောင်ကလေးသည် ထူးဆန်းစွာပင် ထိုထိုသော အနိဋ္ဌာရုံတို့မှ လွတ်မြောက်ရာလမ်းဆီသို့ ညွှန်ပြပေးလျက် ရှိပေသည်။ ဥပမာဖြင့် ဆိုရသော် (ရုပ်ရှင်ပြဇာတ်ထဲတွင်) လူဆိုးကြီးက ဖမ်းဆီး၍ သတ်ပစ်ရန် ချုပ်နှောင်ထားသော ဇာတ်လိုက်အား လူဆိုးကြီး၏ သမီးကလေးက ကယ်တင်ကာ လွတ်ရာလွတ်ကြောင်း လမ်းပြပေးလိုက် သကဲ့သို့၊ ဤအလင်းရောင်သည် အနိဋ္ဌာရုံလူဆိုးကြီး၏ သမီးကလေးသဖွယ် ဖြစ်တော့သည်။ အမှန်တရားကို ရှာဖွေသူတို့သည် ထိုအလင်းရောင်က ထွန်းပြရာသို့ လိုက်ကြရန် ဖြစ်ပါသည်။ ဤအလင်းရောင်းသည်ပင် ဖြစ်တည်ဆဲဘဝ အတွက် အားသစ်အင်သစ်၊ ဤအလင်းရောင်သည်ပင် ဖြစ်တည်ဆဲကာလ၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ရန် ဖွဲ့သစ် သတ္တိသစ်။ ဤအလင်းရောင်သည်ပင် ဘဝမှန်ကို သုံးသပ်ရန်အတွက် အသိသစ် အမြင်သစ် ဖြစ်တော့သည် ဟူ၍ ဆိုနိုင်လိမ့်မည် ထင်ပါသည်။

တစ်ခုတော့ ရှိပါသည်။

ကမူး၏ နည်းပရိယာယ်မှာ ဒဿနတစ်ရပ်ကို ပညာရှင်အားဖြင့် မဟုတ်ဘဲ အနုပညာရှင်၏ ပရိယာယ်ဖြင့် ဖော်ထုတ်ခြင်းဖြစ်ရာ ကျွန်ုပ်တို့ နေ့စဉ် တွေ့မြင်ကြ သိနေရသည့် ဖြစ်ရပ်များတွင် ဒဿန(အတွေးအခေါ်) ဝင်၍လာတတ်သည်ကို သတိရှိကြရပါလိမ့်မည်။ ဇာတ်ကောင်တို့၏ တွေးခေါ်ပုံ၊ ယူဆပုံ၊ လှုပ်ရှားပုံ၊ အခြေအနေ တစ်ခုခုကို တုန့်ပြန်ပုံတို့သည် ဒဿနတစ်ခုခုဆီသို့ ညွှန်ပြလျက် ရှိတတ်ပါသည်။ အဖြစ်အပျက်များကို သာမန် အဖြစ်အပျက်များအဖြစ် နားလည်နိုင်သည်လည်း ရှိသည်။ တစ်ခါတစ်ခါ "ဒါက ဘာအဓိပ္ပာယ်ပါလိမ့်" ဟု ခေါင်းကုတ်၍လည်း စဉ်းစားရတတ်ပါသည်။ အချို့တွင်မူ မူရင်းဆရာ၏ ဆိုလိုရင်းက မည်သို့ပင်ရှိရှိ မိမိတို့ဘာသာမိမိတို့ နားလည်သလို အဓိပ္ပာယ်ကောက်ပြီး သဘောပေါက် ကြရသည်လည်း ရှိပါလိမ့်မည်။

မည်သို့ပင်ရှိရှိ၊ ဤစာအုပ်ကို ဘာသာပြန်ဆိုရာတွင် ဘာသာပြန်သူသည် တတ်သိနားလည်သမျှ အစွမ်းကုန် လုံ့လစိုက်ထုတ်၍ မူရင်းစာရေးဆရာ၏ ဆိုရင်းအဓိပ္ပာယ်တို့ကို ရမိအောင် ကြိုးစားထားပါသည်။ (သာမန်အားဖြင့် ဤစာအုအရွယ် ဝတ္ထုတစ်ပုဒ်ကို အလွယ်အခက်ကို လိုက်၍ တစ်လ နှစ်လအတွင်း ပြီးအောင် ပြန်ဆိုနိုင်သည်ဟု ခန့်မှန်းထားခဲ့ မိသော်လည်း ဤစာအုပ်ကို ပြန်ဆိုရာတွင် နေ့မအား ညမနား အချိန်ပြည့်နီးပါး လုံ့လပြုပါလျက် ရှစ်လက ရက်စွန်း၍ ကြာခဲ့ပါသည်။) သို့တိုင်အောင်လည်း သူ၏စာတွင် အမှားအယွင်း ကင်းစင်ပြီး အားလုံး မူရင်းဆရာ၏ အာဘော်များကို ထိမိအောင် ပြန်ဆိုလိုက်ပြီဟု မဆိုရဲအောင် ရှိပါသည်။ အချို့ ခဲရာခဲဆစ်ကလေးများ တွေ့နေလျှင် လေးငါးရက်ကြာမှ စာတစ်မျက်နှာလောက်သာ ရောက်ပါသည်။ ထိုအခါမျိုးတွင် ဤစာမျိုး၊ ဤဝတ္ထုမျိုး၊ ဤအတွေးအခေါ်မျိုးကို ကျွမ်းသူ၊ ခပ်များများ ဖတ်ဖူးသူတို့ထံ သွား၍ ထိုအပိုင်းကို ဆွေး ညှိနှိုင်း ရတတ်ပါသည်။ ပိဋကတ်တိုက်များသို့ သွားကာ ပတ်သက်ရာ စာအုပ်စာတမ်းများကို ရှာဖွေလေ့လာ ရပါသည်။ ဤအကြောင်းရပ်မျိုးနှင့် ပတ်သက်၍ မိတ်ဆွေများ ဖတ်ဖူးကြားဖူး လေ့လာဖူးသည့် စာအုပ်စာတမ်းများကို တောင်းခံဖတ်ရှုရပါသည်။ ပင်ပန်းလိုက်သည့်ဖြစ်ခြင်း။ သို့သော် ကျွန်တော် ဤစာအုပ်ကို ဘာသာပြန်မိသည့် အတွက် ဝမ်းသာပါသည်။ ကိုယ့်ကိုကိုယ် ဘာသာပြန်တတ်သည်ဟု အထင်ကြီးချင်သည့် စိတ်ကလေးများလည်း အတော်တော့ ကျိုးသွားသည် ထင်ပါသည်။

ဤစာအုပ်ကို ကျွန်တော် ပြီးမြောက်အောင် ဘာသာပြန်ဆိုရာတွင် သက်ဆိုင်သည့် စာအုပ်စာတမ်းများကို ရှာဖွေပေးကာ အဖိုးတန်သော အကူအညီကို ပေးခဲ့ကြသည့် တက္ကသိုလ် စာကြည့်တိုက်မှူး ဦးသော်ကောင်း၊ စာပေဗိမာန်စာတည်း ဦးစံလွင်၊ ကိုစိုးမင်းဦးတို့အား လည်းကောင်း၊ ကျွန်တော့်တွင် အကျပ်အတည်း

တွေ့ရတိုင်း တစ်ယောက်တလဲ ဖက်ကာ ညှိနှိုင်း၍ စိတ်ပါလက်ပါ ဆွေးနွေးအကြံပေးခဲ့သော မြသန်းတင့်အား လည်းကောင်း၊ မြန်မာ မြန်မာစကား အသယူအဆများနှင့် တိုင်ပင်ဆွေးနွေး အကြံပေးဖော်ရသော စာရေးဆရာ သော်တာဆွေအား လည်းကောင်း၊ ကျေးဇူး အထူးတင်ရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

ဤစာအုပ်တွင် ဘာသာပြန်ဆိုမှု ချွတ်ယွင်းခြင်း မရှိရလေအောင် တတ်စွမ်းသမျှ ဂရုစိုက်ထားပါသော်လည်း အမှားအယွင်းများ ရှိကောင်း ရှိပါလိမ့်မည်။ စာဖတ်သူများအနေဖြင့် ထိုအမှားအယွင်းများက တွေ့ရှိ၍ ထောက်ပြဝေဖန်ပေးကြမည် ဆိုပါလျှင် နောင်တွင် ဤအမှားအယွင်းမျိုးကို ရှောင်ရှားနိုင်မည်၊ ပြင်ဆင်နိုင်မည် ဖြစ်ပါ၍ အခြားသော စာဖတ်သူများနှင့် စာရေးသူ (ဘာသာပြန်သူ) တို့အား ကျေးဇူးပြုသည်ဟု ယူဆထားပါသည်။

ထိုမှတစ်ပါးလည်း ဤအကြောင်းရပ်မျိုး၌ စိတ်ဝင်စားသဖြင့် လေ့လာဆွေးနွေးခြင်း၊ ဗဟုသုတ နှီးနှောဖလှယ်ခြင်း၊ အကြံဉာဏ်ပေးခြင်း ပြုလိုသူများရှိကလည်း ဘာသာပြန်သူ အနေဖြင့် သူ တတ်သိနားလည်သမျှ အတိုင်းအတာအထိ စာဖတ်သူ အလိုဆန္ဒကို ဖြည့်လိုပါကြောင်း ထပ်လောင်း အစီရင်ခံအပ်ပါသည် ခင်ဗျား။

ထင်လင်း

၁၉၇၆၊ ဩဂုတ်လ ၉ ရက်

အပိုင်း ၁

။၁။

ဤမှတ်တမ်းများတွင် ဖော်ပြထားသည့် ထူးခြားသော ဖြစ်ရပ်များသည် ၁၉၄(-) ခုနှစ်က အိုရန်မြို့၌ ဖြစ်ပွားခဲ့သည်။ ယင်းတို့၏ ထူးခြားသော လက္ခဏာများကြောင့် ဤနေရာမျိုးနှင့် မဆီလျော်လှဟု လူတိုင်းက ဆိုကြသည်။ အယ်လဂျီးရီးယား ကမ်းခြေရှိ ပြင်သစ်လက်အောက်ခံ စီရင်စုနယ်တစ်နယ်၏ ဘုရင်ခံရုံးစိုက်ရာ ဆိပ်ကမ်းမြို့ကြီး တစ်မြို့မျှသာဖြစ်သော အိုရန်မြို့သို့ ရောက်လာသူ တစ်ယောက်သည် ထိုမြို့၏ မထူးခြားသော အသွင်အပြင်ကို အဦးဆုံး သတိပြုမိတတ်သည်။

မြို့မှာ အရုပ်ဆိုးလှသည်ဟု ဆိုလိုက်ကြပါစို့။ ဘာတစ်ခုမျှ တက်တက်ကြွကြွ မရှိ။ ပကတိ အေးဆေးငြိမ်သက်လှပြီး ကမ္ဘာအရပ်ရပ်မှ အခြားအခြားသော ရောင်းရေးဝယ်တာ ဗဟိုကျသည့် မြို့ကြီးပြကြီးများနှင့် မတူရအောင် ဘာတွေများ ထူးခြား၍နေပါလိမ့် ဆိုသည်ကို အတော်အချိန်ယူ၍ ရှာဖွေကြည့်မှ သိရလိမ့်မည်။ ဆိုကြပါစို့။ မြို့ကြီးတစ်မြို့ကို ခိုအုပ်များ သစ်ပင်များ မပါဘဲ စိတ်ကူးထင်မြင်ကြည့်၍ မည်သို့လျှင် ရနိုင်ပါမည်နည်း။ အချုပ်ကိုဆိုရလျှင် ခိုများ ထပ်ပျံသည့် အတောင်ခတ်သံ၊ သစ်ရွက်လှုပ်သံများကိုမျှ မကြားရအောင် မြို့ပြအင်္ဂါ ချို့တဲ့နေသည့် အရပ် ဖြစ်၏။ ရာသီဥတု ပြောင်းလဲသည်ကို ကောင်းကင်၌သာ မြင်ရသည်။ လေတိုက်ခါမှ သို့မဟုတ် မြို့စွန်မြို့ဖျားမှလာ၍ လက်ပွေ့ရောင်းသော ပန်းခြင်းများကို မြင်ရမှ နွေဦးရာသီ ရောက်ပါပြီကောဟု သိရသည်။ နွေဦးရာသီ ဆိုသည်ကို ဈေးသည်များ အော်မှ သိရသည်။ နွေရာသီမှာတော့ နေပူရှိန်ဖြင့် အိမ်များ ခြောက်သွေ့ကြွပ်ရွ နေသည်။ အိမ်နံရံများပေါ်တွင် ဖုံမှုန်များ တဖွဲဖွဲ ကျလျက်ရှိသဖြင့် တံခါးများကိုပိတ်၍ အိမ်ထဲ၌သာ နေရသော ငရဲကာလများ ဖြစ်၏။ ဆောင်းဦးပေါက်တွင်မူ ထိုသို့ မဟုတ်ပြန်။ ရွံ့ရေ တစွက်စွက်နှင့် နေရပြန်သည်။ ဆောင်းတွင်း၌သာ တကယ် သာသာယာယာ ရှိလေသည်။

မြို့တစ်မြို့နှင့် အကျွမ်းတဝင် ရှိလိုလျှင် အလွယ်ဆုံးနည်းမှာ ထိုမြို့သူမြို့သားများ၏ လုပ်ရေးကိုင်ရေး၊ ချစ်ရေးခင်ရေးနှင့် သေရေးရှင်ရေးတို့ကို လေ့လာခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ မြို့ကလေးတွင်ကား (ရာသီဥတုကြောင့်ပေလော တွေးတောမိစရာ) ဤအရေးကိစ္စ သုံးမျိုးစလုံးမှာပင် တသဘောတည်း ထားကာ အမှတ်မထင်ပင် ဖြစ်သော်လည်း ကသုတ်ကရက် ဆောင်ရွက်လေ့ ရှိကြသည်။ အမှန်မှာ လူတိုင်းလိုပင် ငြီးငွေ့၍ နေကြပြီး

အလေ့အကျင့်တစ်ခုခု ဖြစ်အောင် ထူထောင်ရင်း အချိန်ကုန်လွန်စေကြလျက် ရှိသည်။ ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် ကြီးပွားချမ်းသာရန် ရည်ရွယ်ချက် တစ်ခုတည်းဖြင့် အလုပ်ကို ကြိုးစားအားထုတ်ကြသည်။ သူတို့၏ အဓိကအာရုံမှာ ရောင်းရေးဝယ်တာဖြစ်၏။ သူတို့၏ အဓိကဘဝ ရည်မှန်းချက်မှာလည်း အလုပ်လုပ်ဖို့ဟု ပြောဆိုလေ့ ရှိကြသည်။ ထို့ကြောင့် သူတို့သည် သာမန်ပျော်ရွှင်မှုများ ဖြစ်သော ချစ်ရေးငင်ခြင်း၊ ပင်လယ်ရေချိုးခြင်း၊ ရုပ်ရှင်ကြည့်ခြင်း စသည်တို့ကို မရှောင်ကြဉ်ကြ။ သို့ရာတွင် သူတို့သည် ဤဖျော်ဖြေမှုများကို စနေနေ့ ညနေပိုင်းနှင့် တနင်္ဂနွေနေ့များတွင်သာ လိုက်စားကြပြီး ကျန်နေ့များတွင်ကား ငွေရှာကြေးရှာ လုပ်ငန်းများကိုသာ တတ်နိုင်သမျှ ဖိ၍ လုပ်ကြလေသည်။ ညနေ အလုပ်ခွင်မှ ထွက်လျှင် အမြဲတစေပင် လက်ဖက်ရည်ဆိုင်များ၌ စုဝေး၍ ထိုင်သူထိုင်၊ သစ်ရိပ်တန်းနှင့် လမ်းများကို လျှောက်သူလျှောက်၊ မိမိတို့၏အိမ် လေသာ ဆောင်များတွင် လေညှင်းခံသူ ခံလေ့ရှိကြ၏။ လူငယ်ကလေးများမှာ စိတ်ဓာတ် ပြင်းထန်ကြသော်လည်း ကောက်ရိုးမီးပမာသာ ဖြစ်သည်။ လူကြီးများ စွဲစွဲမြဲမြဲ လိုက်စားကြသည့် ပျော်ရွှင်မှုများမှာ ဗလီရိုက်ခြင်း၊ စားပွဲသောက်ပွဲ ကျင်းပခြင်း၊ အစုအဝေးဖွဲ့ခြင်းတို့နှင့် တခဏချင်းမှာပင် ငွေများစွာ အရှုံးအနိုင်ရှိနိုင်သည့် ကလပ်တက် ဖဲရိုက်ခြင်းတို့လောက်သာ ရှိလေသည်။

ဤအလေ့အထများသည် ကျွန်ုပ်တို့၏ မြို့တွင်မှ ထူးခြား၍ရှိသည် မဟုတ်ဟု ဆိုရမည်။ ယခုခေတ်တွင် အခြားသော မြို့ကြီးများမှာလည်း ဤနည်းနှင်နှင် ဖြစ်ပါသည်။ တကယ်ပင် ယခုခေတ်အခါ၌ လူများစွာတို့သည် နေထွက်မှနေဝင် အလုပ်လုပ်ကာ နေရရန်ကျန်သမျှ အချိန်ကလေးများကို ဖဲရိုက်ခြင်း၊ လက်ဖက်ရည်ဆိုင် ထိုင်ခြင်း၊ အတင်းအဖျင်း ပြောခြင်းတို့၌သာ ဖြုန်းပစ်နေကြ သည်ကိုသာ နေရာတကာ၌ တွေ့မြင်နေရပေသည်။ သို့တစေ တစ်စုံတစ်ခု ထူးထူးခြားခြား ဖြစ်မည့် အရိပ်နိမိတ်များ မကြာခဏ ပေါ်ပေါက်လာတတ်သည့် မြို့ပြပြည်ရွာများလည်း ရှိသည်။ ယေဘုယျအားဖြင့် သူတို့၏ နေမှုထိုင်မှုကို ပြောင်းလဲပစ်မည် မဟုတ်သော်လည်း ထူးထူးခြားခြား တစ်ခုခုဖြစ်လာမည့် သတင်းမျိုးကိုတော့ ရ,ရနေတတ်သည်။ ဤကား ကောင်းသည့်လက္ခဏာပင် ဖြစ်သည်။ အိုရန်မှာ မူကား ဤသို့မျှပင် သတင်းအစအန ရရှိတတ်ဟန် မတူသော မြို့ဖြစ်သည်။ တစ်နည်းဆိုရသော် အိုရန်သည် ခေတ်သစ်မြို့ စစ်စစ်ပေတည်း။ ထို့ကြောင့် ကျွန်ုပ်တို့၏မြို့မှ ချစ်ရေးကြိုက်ရေး အမှုအရာများကို အကျယ်တဝင့် ထုတ်ဖော် ပြောပြနေစရာ မလိုဟု ကျွန်ုပ် ယူဆမိပါသည်။ ဖိုမတို့သည် ချစ်လွယ်ကြိုက်လွယ်သလောက် ပျက်လွယ်ပြယ်လွယ် ကြသည်။ ထိုသို့ မဟုတ်ကလည်း အေးအေးဆေးဆေးပင် အိမ်ထောင်သည်များ ဘဝသို့ ရောက်သွားတတ်ကြသည်။ ဤ အစွန်းနှစ်ခု၏အကြား အလယ်အလတ်ဟူ၍ ရှိခဲလှသည်။ ဤအခြင်းအရာသည်လည်း ထူးခြားသည်တော့ မဟုတ်။ အိုရန်၌ဖြစ်စေ၊

အခြားနေရာ၌ ဖြစ်စေ လူတို့သည် အချိန်လည်း မရ၊ စဉ်းလည်း မစဉ်းစားကြသောကြောင့် တစ်ယောက်နှင့် တစ်ယောက် ချစ်ရေးခင်ရေးအကြောင်း ဘာမျှ ကောင်းစွာမသိဘဲ ချစ်ကြခင်ကြရလျက်သာ ရှိလေသည်။

ကျွန်ုပ်တို့၏ မြို့တွင်မှ ပိုမိုထူးခြားသည့် အချက်တစ်ခုကား သေသည့်အခါ တွေ့ရတတ်သည့် အခက်အခဲပင် ဖြစ်၏။ အခက်အခဲဆိုသည့် စကားက ဆီလျော်ချင်မှ ဆီလျော်မည်။ ကသိကအောက် ဖြစ်ရမှု ဆိုလျှင် ပိုမိုနီးစပ်မည်၊ ဖျားရနာရခြင်းမှာ ဘယ်အခါမှ ကောင်းသည်ဟူ၍တော့ မရှိ။ သို့သော် ဖျားနာနေလျှင် စောင့်ရှောက်ပေးသည့် မြို့များ ရှိပါသည်။ ထိုနေရာမျိုးမှာ ဆိုလျှင် သင်သည် အထိုက်အလျောက် စိတ်လွတ်လက်လွတ် ထားလိုက်၍ ရသည်၊ လူမမာဆိုလျှင် အပြုအစု အစောင့်အရှောက်ကလေးများ လိုတတ်သည်။ တစ်စုံတစ်ခုကို အားပြုမှီခိုချင်တတ်သည်မှာ ဓမ္မတာ ဖြစ်သည်။ သို့ရာတွင် အိုရန်၌ကား ရာသီဥတု ပြင်းထန်ခြင်း၊ လုပ်ငန်းဆောင်တာများက အမြဲ အရေးပူနေခြင်း၊ ပတ်ဝန်းကျင် စိတ်ဝင်စားဘွယ် ကင်းမဲ့ခြင်း၊ ညဥ့်များ မှောင်ကျလွယ်ခြင်း၊ ထို့အပြင် မြို့သူမြို့သားများ လိုက်စားတတ်သည့် ပျော်ရွှင်မှုများကို ထောက်လျှင် လူတစ်ယောက်သည် ကျန်းမာနေဖို့ များစွာ လိုအပ်ပေသည်။ လူမမာ တစ်ယောက်သည် ထိုနေရာနှင့် သိပ် မဆီလျော်လှ။ မြို့သူမြို့သား အားလုံးပင် လက်ဖက်ရည်ဆိုင် ထိုင်သူထိုင်၊ တယ်လီဖုန်းများကို တမေ့တမော ပြောသူပြော၊ သင်္ဘောတင်ရန် ကုန်ပစ္စည်းများ၊ ကုန်တင်ပြေစာများ၊ ကော်မစ်ရှင် လျှော့နှုန်းများအကြောင်း ဆွေးနွေးသူက ဆွေးနွေးလျက် ရှိစဉ်တွင် အပူရှိန်ဖြင့် တဖျစ်ဖျစ် မြည်နေသော နံရံများအတွင်း၌ လှောင်ပိတ်မိနေသော သေခါနီး လူတစ်ယောက်ဆိုလျှင် မည်သို့ရှိမည်ကို တွေးကြည့်ပါ။ ခြောက်သွေ့သော တစ်နေရာတွင် ဤအခြေအနေမျိုး၌ သေရခြင်းသည် ရိုးရိုး သွားရင်းလာရင်း သေရခြင်းပင် ဖြစ်ဦးတော့ မည်မျှ ကသိကအောက်ရှိမည်ကို မြင်သာပါသည်။

ဤသို့ ရှောင်တခင် တွေ့မြင်ရချက်ကလေးများက ကျွန်ုပ်တို့၏ မြို့ကလေး မည်သို့ရှိသည်ကို အသင့်အတင့် ပေါ်လွင်စေပါလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့ ချဲ့ထွင် မနေကြပါနှင့်စို့။ တကယ်တမ်း ပြောရန်ရှိသည်မှာ မြို့၏ အသွင်အပြင်နှင့် မြို့သူမြို့သားများ၏ ဘဝမျှသာ ဖြစ်ပါသည်။ သို့သော် အလေ့အကျင့် တစ်ခုခု ထူထောင်မိပြီဆိုလျှင် နေ့စဉ်နေမှုထိုင်မှုတွင် အခက်အခဲ မရှိလှပါ။ အလေ့အကျင့်များမှာလည်း ကျွန်ုပ်တို့၏မြို့က လိုလားအားပေးထားသည့် အရာများပင် ဖြစ်ကြရာ အားလုံးပင် အကောင်းချည်း ဖြစ်သည်။ ဤ ရှုထောင့်မှ ကြည့်လျှင် ဤ မြို့သူမြို့သားတို့၏ ဘဝသည် သိပ် စိတ်လှုပ်ရှားစရာ မရှိ ဆိုသည်ကို ဝန်ခံရပါမည်။ သို့သော် ကျွန်ုပ်တို့တွင် လူမှုရေး လှုပ်ရှားထကြွမှုများတော့ မရှိ။ စကားကို ပွင့်လင်းစွာ ပြောတတ်ခြင်း၊ ခင်မင်တတ်ခြင်း၊ အလုပ်ကြိုးစားခြင်းတို့ကြောင့် ဧည့်သည်များကတော့ ဤမြို့သူမြို့သားများအား အတော်ပင်

အထင်ကြီးတတ်ကြသည်။ သစ်ပင် မရှိ၊ အရောင်အဆင်း မရှိ၊ တက်တက်ကြွကြွ မရှိသော အိုရန်မြို့သည် တစ်နေကုန်လျှင် ငြိမ်းချမ်းသာယာဟန် ရှိလျက် တခဏကြာလျှင် ချမ်းမြေ့ငြိမ်သက်စွာပင် အိပ်ပျော်ခြင်းသို့ ရောက်သွားမည်။ လှပစွာ တွေ့ဝိုက်လျက်ရှိသော ပင်လယ်ကွေ့အထက်၌ တောင်ကုန်းမြင့်များ ပတ်ရံထားသည့် လွင်တီးခေါင် တောင်ကလပ်၏ အလယ်ဗဟိုတွင် သူမတူအောင် ထူးခြားသော ရှုခင်းမြင်ကွင်းဖြင့် အိုရန်မြို့ကို တည်ထားသည်ဟု ဆိုသင့်လှပေသည်။ တစ်ခုကလေး ပြောစရာရှိသည်မှာ မြို့တည်နေပုံက ပင်လယ်ဘက်သို့ ကျောပေးလျက် ရှိသဖြင့် ပင်လယ်ကို လှမ်း၍ မြင်မနေရ။ ပင်လယ်ကို တွေ့လိုလျှင် တမင် သွားရှာနေရခြင်းပင် ဖြစ်သည်။

အိုရန်မြို့၏ အဖြစ်က ဤသို့ရှိရကား အထက်အဆိုပါနှစ်၏ နွေဦးရာသီက ဖြစ်ပွားခဲ့သည့် ယခု ကျွန်ုပ်တို့ မှတ်တမ်းတင်လတ္တံ့သော ဖြစ်ရပ်များနှင့် ယင်း ဖြစ်ရပ်များ၏ ရှေ့ပြေးနိမိတ်များ ဖြစ်သည့် အဖြစ်အပျက်များကို မြို့သူမြို့သားများ အရိပ်အမြွက်ကိုမျှ ကြိုတင်သိနားလည်စရာ အကြောင်းဟူ၍ စိုးစဉ်းမျှ မရှိခဲ့ချေ။ အချို့က ဤအဖြစ်အပျက်များသည် ဖြစ်ရိုးဖြစ်စဉ်သာဟု ထင်ကြသော်လည်း အချို့ကမူ မယုံကြည်နိုင်စရာ ဖြစ်နေပေသည်။ သို့သော် ပြန်ပြောပြသူသည် ဤသို့ မြင်ပုံကွဲပြားမှုကို ထည့်သွင်း၍ စဉ်းစားနိုင်မည် မဟုတ်ပါ။ သူ၏တာဝန်မှာ တကယ်ပင် ဖြစ်ပျက်ခဲ့သည်ဟု သူသိသော ဖြစ်ရပ်များကို ဤသို့ဤနှယ် ဖြစ်ခဲ့သည်ဟူ၍ လည်းကောင်း၊ ဤဖြစ်ရပ်များသည် မြို့သူမြို့သား အားလုံးနှင့် ပွန်းတီးပတ်သက်ခဲ့လေရကား သူရေးခဲ့သည့် အကြောင်းအရာများ မှန်မမှန်ကို မိမိတို့၏ အတ္တနောမတိဖြင့် အကဲဖြတ်နိုင်ကြသော မျက်မြင်သက်သေ ထောင်ပေါင်းများစွာရှိ၍ လည်းကောင်း ပြောဆိုရန်သာ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ (နောင်တွင် မည်သူမည်ဝါ ဖြစ်သည်ကို ဖော်ထုတ်ပြောမည့်) ပြန်ပြောပြသူက ယခု သူပြောပြမည်ဆိုသည့် ဖြစ်ရပ်များအတွက် အချက်အလက်များ စုဆောင်းရာတွင် ကံအားလျော်စွာ ဖြစ်ရပ်အားလုံး၌ အခြေအနေ ပေးသဖြင့် အတွင်းကျကျ ကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့ရခြင်း မရှိပါက၊ သူ့တွင် ဤကိစ္စကို ဆောင်ရွက်ရန် အရည်အချင်းရှိသည် ဟု မဆိုလိုပါဟု ဆိုသည်။ ဤသို့လျှင် သူ သမိုင်းရေးဆရာ ဖြစ်လာရသည်ကို အခြေအနေအရပါ ဟု အကြောင်းပြထားသည်။ ထုံးစံအတိုင်း သမိုင်းဆရာတစ်ယောက်သည် အပျော်တမ်းလုပ်သူပင် ဖြစ်စေဦးတော့ သူ့အား လမ်းကြောင်း၍ ပေးစရာ ကိုယ်တွေ့ သို့မဟုတ် တစ်ဆင့်ကြားဖြစ်သော အခြေခံ အချက်အလက်များ ရှိရပေလိမ့်မည်။ ယခု ပြန်ပြောပြသူတွင်ကား အခြေခံ အချက်အလက် သုံးမျိုးရှိသည်။ ပထမ တစ်မျိုးမှာ သူကိုယ်တိုင် တွေ့မြင်ရသည့် အချက်အလက်များ၊ ဒုတိယ (ဤမှတ်တမ်းများတွင် ဖော်ပြပါရှိသူ အားလုံးတို့၏ ထင်မြင်ယူဆချက်များကို ကိုယ်တိုင်ကိုယ်ကျ ရယူသိရှိနိုင်လောက်အောင်

ပါဝင်ဆောင်ရွက်ချက်များ၏ ကျေးဇူးကြောင့် ရရှိသော) အခြား မျက်မြင်သက်သေများ၏ ပြောပြချက်များ၊ နောက်ဆုံးအနေဖြင့် သူ၏လက်ထဲသို့ ရောက်ရှိ၍ လာကြသော စာရွက်စာတမ်းများ ဟူ၍ ဖြစ်ပေသည်။ ဤမှတ်စုများမှ သူက လိုလျှင်လိုသလို ထုတ်ယူကာ သင့်သလို အသုံးချသွားမည် ဟု အဆိုပြုသည်။ ထို့နောက်လည်း အဆိုပြုသေးသည်။

သို့သော် ဤကျမ်းဦးနိဒါန်းများ၊ သတိပေးစကားချပ် မှတ်ချက်များကို ထား၍ အဖြစ်ကို ပြန်ပြောပြသည့် အခန်းကို စဖို့သင့်ပြီ ထင်ပါသည်။ ပထမပိုင်း၊ ဖြစ်သောနေ့များမှ အကြောင်းအရာများကိုမူ အတော်အတန် အသေးစိတ် ပြောပြရန် လိုမည်ထင်ပါသည်။

* * *

ဧပြီလ ၁၆ရက်နေ့နံနက်က ဒေါက်တာဘားနာဒ်ရေးသည် သူ၏ကိုယ်ပိုင် ဆေးရုံမှအထွက်တွင် ပျော့စိစိ အရာတစ်ခုကို တက်နင်းမိသည်။ ယင်းကား လှေကားခုံအလယ်တွင် ကျနေသော ကြွက်သေတစ်ကောင် ဖြစ်၏။ ရုတ်တရက်သော် သူသည် ကြွက်သေကို ဘေးသို့ ကန်ပို့ထားခဲ့ပြီး အမှတ်မဲ့ပင် အောက်သို့ ဆက်၍ ဆင်းလာခဲ့၏။ လမ်းဘက်သို့ ထွက်တော့မည် အပြုတွင်မှ သူ့လှေကားခုံပေါ်သို့ ကြွက်သေ ရောက်နေစရာအကြောင်း မရှိသည်ကို တွေးမိပြီး၊ အဆောက်အဦ တံခါးစောင့်အား ယင်းကြွက်သေကို ဖယ်ရှားပစ်လိုက်ဖို့ ပြောရန် ပြန်လှည့်ဝင်ခဲ့သည်။ သူပြောလိုက်သည့် စကားကို မွန်ဆီယာမီရှယ်ကြီး ပြန်ပြောပုံ ကြားရမှ သူတွေ့ခဲ့သည့် ကြွက်သေမှာ ထူးဆန်း၍နေကြောင်း သတိပြုမိသည်။ ကြွက်သေတွေ့ရခြင်းကို သူ့အနေဖြင့် ဆန်းသလိုလို ထင်ခဲ့သော်လည်း ထိုထက်ပို၍ မတွေးမိ။ သို့ရာတွင် တံခါးစောင့်ကြီးကတော့ တကယ်ပင် စိတ်ဆိုးသည်။ ဤကိစ္စနှင့်ပတ်သက်၍ သူက ‘ဒီမှာ ကြွက်မရှိပါဘူး’ ဟု အခိုင်အမာဆိုသည်။ ဆရာဝန်က ပထမထပ် လှေကားခုံပေါ်တွင် သေနေသည်ဟု ယူဆရသော ကြွက်တစ်ကောင် တွေ့ခဲ့ပါသည် ဆိုသည်ကို ဘယ်လိုပြောလို့မှ မရ။ မွန်ဆီယာမီရှယ်ကတော့ ခပ်တင်းတင်းပင် “ဒီအဆောက်အဦမှာ ကြွက်မရှိပါဘူး” ဟုသာ အထပ်ထပ် ပြောလျက်၊ အပြင်မှ ယူလာသည့်ကြွက် ဖြစ်ရမည်ဟု ဆိုသည်။ ကလေးသူငယ် တစ်ယောက်ယောက် နောက်ထားတာ ဖြစ်နိုင်သည်။

ထိုနေ့ညနေက ဒေါက်တာရေးသည် လှေကားကိုမတက်မီ အဝင်ဝတွင် ရပ်လျက် အိတ်ထဲက သူ့အခန်းသော့ကို စမ်းလျက်ရှိစဉ် မှောင်နေသော စင်္ကြံထိပ်ဆီမှ ကြွက်ကြီးတစ်ကောင်သည် သူ့ဆီသို့ လာနေသည်ကို မြင်ရသည်။ ကြွက်ကြီးမှာ ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်လျက် အမွေးအမှျင်များမှာ ရွှဲရွှဲစိုလျက် ရှိသည်။ သူ့ကိုယ်သူ လဲကျမသွားအောင် ထိန်းလိုက်ရသလို ခေတ္တမျှ ရပ်လိုက်ပြီး ဆရာဝန်ရှိရာသို့ ဆက်လာသည်။ ထို့နောက် တစ်ခါရပ်သွားပြန်ပြီး “ကျွိ” ခနဲ အော်ကာ ချာလပတ်လည်လျက် ဘေးဘက်သို့ လဲကျသွားသည်။ ပါးစပ် အနည်းငယ်ဟလျက် သွေးများ ပန်းထွက်လာသည်။ ဆရာဝန်လည်း ကြွက်ကြီးအား ခဏမျှ စိုက်ကြည့်နေလိုက်ပြီး အပေါ်သို့ တက်ခဲ့လေသည်။

သူသည် ကြွက်အကြောင်းကို တွေးနေသည်မဟုတ်။ ကြွက်၏ ပါးစပ်ထဲမှ သွေးများ ပန်းထွက်လာသည်ကို မြင်လိုက်သောအခါ သူ့အတွေးများတွင် တစ်နေ့လုံး ရှိနေခဲ့သည့် အရာကို ရုတ်တရက်သတိရလိုက်သည်။ မမာနေသည်မှာ တစ်နှစ်ခန့် ရှိပြီဖြစ်သော သူ့ဇနီးသည် နက်ဖြန် တောင်ပေါ်က အနားယူဆေးရုံသို့ သွားတော့မည်။ ခရီးပန်းမည့် အရေးကြောင့် သူက သူ့ဇနီးအား အိပ်နေရန်ပြောထားသည့်အတိုင်း

အိပ်ခန်းထဲတွင် အိပ်လျက်တွေ့ရသည်။ ဇနီးသည်က သူ့အား ပြုံး၍ နှုတ်ဆက်လိုက်သည်။

"သိလား မောင်။ ဒီကနေ့ ကျွန်မ အတော်နေကောင်းတယ်"

ဆရာဝန်သည် အိပ်ရာဘေး မီးတိုင်၏ အလင်းရောင်၌ သူ့ဘက်သို့ လှည့်လာသော မျက်နှာကလေးကို စိုက်ကြည့်နေလိုက်၏။ သူ့ဇနီးမှာ ယခုမှ အသက်သုံးဆယ်။ နာတာရှည် လက္ခဏာက သူ့မျက်နှာတွင် ထင်နေပြီ။ သို့တိုင်အောင်လည်း ရေး၏စိတ်ထဲတွင် သူ့ဇနီး၏ ရုပ်သွင်မှာ ကျောင်းသူကလေး တစ်ယောက်ပမာ ငယ်ရွယ်လှသေးသူပါတကား ဟု အောက်မေ့နေသည်။ သို့သော် အားလုံးကို ဖုံးကွယ်ပေးလိုက်သည့် အပြုံးကလေးကြောင့်လည်း ဖြစ်ပါလိမ့်မည်။

ဆရာဝန်က "အိပ်ပျော်အောင် အိပ်နော်။ မနက်ဆယ့်တစ်နာရီဆိုရင် သူနာပြု လာလိမ့်မယ်။ နေ့လယ်ရထားနဲ့ လိုက်ရမှာ" ဟု ပြောလိုက်သည်။

ချွေးစို့နေသော နဖူးကလေးကို ငုံ့၍နမ်းပြီး အခန်းထဲမှ ထွက်ခဲ့၏။ တံခါးပေါက်သို့ ရောက်သည်အထိ သူ့ဇနီးက သူ့အား ပြုံးလျက်သာ ကြည့်နေလေသည်။

နောက်တစ်ရက်။ ဧပြီလ ၁၇ရက်နေ့ နံနက်ရှစ်နာရီတွင် အပြင်သို့ ထွက်အံ့ဆဲဆဲ ဆရာဝန်အား တံခါးစောင့်က လမ်းကတား၍ စကားပြောသည်။ ကောင်စုတ်ကလေးတွေ အဝင်ခန်းမထဲ ကြွက်သေသုံးကောင် လာထည့်သွားသည်ဟု ဆိုသည်။ သွေးများ ဒလဟော ထွက်နေသည်ကိုထောက်၍ မောင်းသန်သော ထောင်ချောက်များ၌ မိပြီးသေသောကြွက်များ ဖြစ်ဟန်တူသည်။ တံခါးစောင့်လည်း တံခါးဝတွင် အတန်ကြာအောင် ရပ်ကာ လမ်းသွားလမ်းလာများထဲက ဣန္ဒြေပျက်နေသူ အိုးမလုံအုံပွင့်နေသူများ ရှိလေမည်လားဟု စိုက်ကြည့်နေ၏။ သို့သော် အကြောင်းကား မထူးပါချေ။

"ဒါပေမယ့် ကျုပ် ဒီကောင်တွေကို မိအောင်ကို ဖမ်းမယ်" ဟု မွန်ဆီမီရှယ်က မျှော်လင့်တကြီး ကြုံးဝါးသည်။

စိတ်ထဲတွင် များစွာ ဇဝေဇဝါဖြစ်လျက်က ရေးသည် ဆင်းရဲသော လူနာများရှိရာ မြို့အစွန်ရပ်ကွက်များဆီသို့ လှည့်လည်ကြည့်ရှုရန် ထွက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ ထိုဒေသများ၌ အမှိုက်သိမ်းချိန်မှာ နေမြင့်သည်။ သူသည် ဖုန်ထူသော လမ်းဖြောင့်ကြီးများအတိုင်း ကားမောင်းရင်း စကြိုသမံတလင်း ဘေးတလျှောက် ချထားသော အမှိုက်ပုံများဆီသို့ လှမ်းကြည့်မိသည်။ လမ်းတစ်ခုတည်း၌ပင်လျှင် ဟင်းသီးဟင်းရွက် အမှိုက်သရိုက်များထဲတွင် ကြွက်သေတစ်ဒါဇင်မျှ တွေ့မြင်ရလေသည်။

သူ၏ ပထမလူဖြစ်သော နှစ်ရှည်ပန်းနာသည်အား အိပ်ခန်းထမင်းစားခန်း နှစ်မျိုးရ လမ်းဘက်မျက်နှာပြု အခန်းထဲရှိ သူ၏အိပ်ရာပေါ်တွင် တွေ့ရသည်။ လူမမာမှာ အရုပ်ဆိုးဆိုး ရှုံ့တွတွနှင့် စပိန်လူမျိုးတစ်ယောက် ဖြစ်၏။ သူ့ရှေ့က ကိုယ်ပေါ်၌ လွှမ်းထားသော စောင်ပေါ်တွင်ကား ပဲစေ့များထည့်ထား သည့်အိုးနှစ်လုံး ရှိ၏။ ဆရာဝန် ဝင်သွားသောအခါ ထိုလူကြီးသည် ကိုယ်ကို မတ်၍ ထိုင်လျက် ဖက်ကို နောက်သို့လှန်ကာ အသက်ကိုဝအောင် အားစိုက်၍ရှူရင်း တဝှီးဝှီး ဖြစ်နေသည်။ သူ့ဇနီးက ရေဇလုံတစ်ခုကို ယူလာသည်။

ဆရာဝန်က ဆေးထိုးနေစဉ် သူက "ဆရာရေ့။ ဒီကောင်တွေ ရေရေလည်လည် ထွက်လာကြတာပဲ ဆရာ။ ဆရာ သတိထားမိရဲ့လား" ဟု ပြောနေသည်။

သူ့ဇနီးက "ကြွက်တွေကို ပြောနေတာ ဆရာရဲ့" ဟု ရှင်းပြလိုက်ပြီး၊ "ဟိုဘက်ခန်းက လူဖြင့် သူ့တံခါးဝမှာကို သုံးကောင်တောင် တွေ့သတဲ့" ဟု ပြောလိုက်သည်။

"ဟုတ်တယ်ဗျ။ သူတို့ ထွက်လာနေကြတယ်။ အမှိုက်ပုံးတွေမှာဆိုရင် ဒါဇင်လိုက်ပဲ။ အစာငတ်လို့ဗျ။ ဒါကြောင့် သူတို့ထွက်လာကြရတာ"

ဆရာဝန်လည်း မကြာမီပင် ထိုရပ်ကွက်ကလူများ အကြီးအကျယ် စိတ်ဝင်စားစွာ ပြောနေကြသည်မှာ ကြွက်များအကြောင်း ဖြစ်သည်ကို သိရှိရလေ၏။ လူနာများကို လှည့်လည်၍ ကြည့်ပြီးသောအခါ သူသည် အိမ်သို့ ကားမောင်း၍ ပြန်လာခဲ့သည်။

မွန်ဆီယာမီရှယ်ကြီးက ဆီး၍ "အပေါ်မှာ ဆရာ့အတွက် ကြေးနန်းစာတစ်စောင် ရောက်နေတယ်" ဟု အကြောင်းကြားသည်။

ဆရာဝန်က သူ့အား "နောက်ထပ် ကြွက်များ တွေ့သေးသလား" ဟု မေးလိုက်၏။

တံခါးစောင့်ကြီးက "မတွေ့ဘူးဆရာ။ နောက်ထပ် မတွေ့တော့ဘူး။ ကျွန်တော် အသေအချာ စောင့်နေတာ ဆရာရဲ့။ ဒီကောင်ကလေးတွေ မလာဝံ့တော့ပါဘူး။ ကျွန်တော်ရှိနေရင် ဘာလာဝံ့မလဲ" ဟု ပြန်ပြောသည်။

ကြေးနန်းစာမှာ သူ့အမေ နောက်တစ်နေ့တွင် ရောက်မည် ဆိုသည့် အကြောင်းကြားစာ ဖြစ်၏။ ဆရာဝန်၏ဇနီး မရှိခိုက် သူ့အမေက အိမ်ကို စော ရောက်ပေးမည်။ အိမ်ထဲသို့ ဝင်လိုက်လျှင်ပင် သူနာပြုဆရာမ ရောက်နေပြီး တွေ့ရသည်။ သူ့ဇနီးအား လှမ်းကြည့်လိုက်သည်။ သူ့ဇနီးမှာ ပုံကျပန်းကျ

သေသပ်သော အဝတ်အစားများ ဝတ်ထားပြီး နှုတ်ခမ်းနီပါးနီ အနည်းငယ် ဆိုးထားသည်။ ဆရာဝန်က သူ့အား ပြုံးပြလိုက်၏။

"တယ်ဟုတ်ပါလား။ မင်း သိပ်လှနေတာပဲ" ဟု ဆရာဝန်က ဆိုလိုက်သည်။

ထို့နောက် မိနစ်အနည်းငယ် ကြာသောအခါ၊ ဆရာဝန်သည် သူ့ဇနီးအား မီးရထား အိပ်ခန်းတွဲတစ်တွဲထဲသို့ ပို့ပေးလျက်ရှိ၏။ သူ၏ ဇနီးလည်း တွဲခန်းတစ်ဝိုက် လှည့်ပတ်ကြည့်လိုက်သည်။

"ကျွန်မတို့အဖို့ မတန်တဆပဲ။ တကယ်ပဲ မောင်ရယ်။ နော်"

"ဒါကို တွေးမနေပါနဲ့ကွယ်၊ လုပ်ရမှာပဲပေါ့" ဟု ဆရာဝန်က ပြန်ပြောလိုက်သည်။

"ဒီမယ် မောင်။ လူတွေပြောနေကြတဲ့ ကွက်တွေအကြောင်းက ဘယ်လိုတဲ့လဲ မောင်ရဲ့"

"မပြောတတ်ပါဘူးကွယ်။ ဆန်းတော့ ဆန်းတာပဲ။ ဒါပေမယ့် ဒါ ပြီးသွားမှာပါ"

ထို့နောက် ဆရာဝန်က သူ့ဇနီးအား သူ စောင့်ရှောက်သင့်သလောက် မစောင့်ရှောက်နိုင်ခဲ့ဘဲ ဝတ္တရား ပေါ့လျော့ခဲ့သည့်အတွက် သူ့ကိုခွင့်လွှတ်ရန် အပြေးအလွှား တောင်းပန်လိုက်၏။ ဇနီးသည်က သူ့အား ဟန့်တားလိုက်မည့် ဟန်ဖြင့် ခေါင်းကို ယမ်းလျက်ရှိစဉ် သူက "ဘယ်လိုမဆိုလေ၊ မင်း ပြန်ရောက်လာရင် အားလုံး အဆင်ပြေသွားရမှာပါ၊ အဲဒီကျမှပဲ အသစ်ပြန်ပြီး စကြတာပေါ့ကွယ်" ဟု ထပ်ဆင့်ပြောလိုက်သည်။

ဇနီးသည်၏ မျက်လုံးများမှာ အရောင်တောက်လာကာ "ဒါပေါ့ မောင်။ အသစ် ပြန်စကြတာပေါ့" ဟု ဆိုလိုက်၏။

သို့ရာတွင် သူသည် မျက်နှာကို လွှဲထားပြီး၊ ရထားပြတင်းမှနေ၍ စင်္ကြံများပေါ်တွင် ရေးကြီးသုတ်ပျာ တိုးဝှေ့သွားလာလျက် ရှိကြသည့် လူများအား ကြည့်နေလိုက်သည်။ မီးရထားခေါင်းတွဲဆီမှ ရေနွေးငွေ့လွှတ်သံ ရှဲခနဲ ကြားလိုက်ရသည်။ ဆရာဝန်သည် သူ၏ဇနီးအား ချစ်စနိုးခေါ်လိုက်သဖြင့် လှည့်ကြည့်လိုက်သော သူ့ဇနီး၏ မျက်နှာပေါ်တွင် မျက်ရည်များဖြင့် စိုစွတ်နေသည်ကို သူမြင်ရသည်။

ဆရာဝန်က ခပ်တိုးတိုးပင် "မငိုပါနဲ့ကွယ်" ဟု ပြောလိုက်သည်တွင် မျက်ရည်ကြားမှ အပြုံးပန်းကလေး ပြန်ပွင့်လာသည်။ အနည်းငယ် တင်းနေသယောင်ယောင် ရှိ၏။ ဇနီးသည်လည်း ပင့်သက်တစ်ချက်

ပြင်းပြင်းရှိုက်လိုက်၏။

"ကဲ မောင်သွားတော့လေ။ အားလုံး အဆင်ပြေသွားမှာပါ"

ဆရာဝန်လည်း သူ့ဇနီးအား ပွေ့ဖက်၍ နှုတ်ဆက်ခဲ့ပြီး စကြံပေါ်သို့ ပြန်ဆင်းခဲ့သည်။ သူ့ဇနီး၏ အပြုံးကို ပြတင်းပေါက်မှသာ မြင်ရတော့သည်။

"ကိုယ့်ကျန်းမာရေး ကိုယ် ဂရုစိုက်နော်" ဟု ဆရာဝန်က မှာနေသည်။ သို့သော် သူ့ဇနီးက မကြားတော့။

ဘူတာစကြံမှ သူ ထွက်ခွာတော့မည်အပြု ထွက်ပေါက်အနီးတွင် သားငယ်ကို လက်ဆွဲ၍ ဝင်လာသော ရာဇဝတ်တရားသူကြီး မွန်ဆီယာအိုသုန်အား တွေ့ရသည်။ ဆရာဝန်က သူ့အား "ခရီးသွားမလို့လား" ဟု မေးသည်။

အသားညိုညို အရပ်မြင့်မြင့် မွန်ဆီယာအိုသုန်ကား "လောကကြောင်းကျေသူ" ဟု ခေါ်ဆိုကြသည့် သုဘရာဇာလက်ထောက်လို လူမျိုးဖြစ်၏။

တရားသူကြီးက "မသွားပါဘူးဗျာ။ ကျွန်တော့် မိဘဆွေမျိုးများဆီ ရှိသေသမှာ ဂါရဝပြုဖို့ သွားတဲ့ ကျွန်တော့်ဇနီးကို လာကြိုတာပါ" ဟု ဖြေသည်။ မီးရထားစက်ခေါင်းမှ ဥသြမှုတ်လိုက်သည်။

တရားသူကြီးက "ဒီကြွက်တွေဟာ" ဟု စကားစလိုက်လျှင် ဆရာဝန်သည် ရထားဘက်ဆီသို့ ဆတ်ခနဲ လှည့်လိုက်ပြီးမှ ထွက်ပေါက်ဆီသို့ ပြန်လှည့်လာသည်။

သူက "ကြွက်တွေလား။ အလကားပါဗျာ" ဟု ဆိုလိုက်၏။

ထိုအချိန်ကလေးက ကြွက်သေများ အပြည့်ပါသော သေတ္တာတစ်ခုကို ချိုင်းအောက်၌ထား၍ သယ်လာသော မီးရထားအလုပ်သမား တစ်ယောက် ဖြတ်သွားသည်ကို သတိပြုလိုက်မိကြောင်း နောက် သူ ပြန်တွေးမှ ပေါ်လာသည်။

ထိုနေ့ညနေ ခပ်စောစောပိုင်း သူ၏ လူနာတွေ့ချိန် အစလောက်တွင် ဆရာဝန်ရေးထံသို့ လူငယ်တစ်ယောက် လာသည်။ ထိုလူငယ်သည် သတင်းစာဆရာ တစ်ယောက် ဖြစ်ပြီး၊ နံနက်ပိုင်းကလည်း တစ်ခေါက်လာသေးသည် ဟု သိရသည်။ သူ၏အမည်မှာ ရေမွန်ရမ်းဘား ဖြစ်၏။ သူသည် အရပ်ပုပု ရင်အုပ်ကျယ်ကျယ်၊ ခိုင်မာပုံရသော မျက်နှာထားနှင့် စူးရှပါးနပ်သော မျက်လုံးများရှိသည် ဖြစ်ရာ မည်သည့် အခြေအနေမျိုးတွင် ကိုယ့်ကိစ္စကိုယ် ဖြစ်မြောက်အောင် ဆောင်ရွက်တတ်သူ၏ အသွင်အပြင်ကို ဆောင်လျက်ရှိသည်၊ "သူသည် အားကစားသမား ဝတ်စုံမျိုးကို နှစ်သက်ဟန်တူ၏။ သူသည် လာရင်းကိစ္စကို

ဒွဲဒိုးပြောလိုက်သည်။ ရေ့ဆောင်ပဲရစ် နေ့စဉ်သတင်းစာကြီး တစ်စောင် ဖြစ်သော သူ့သတင်းစာတိုက်က သူ့အား အာရပ်လူမျိုးတို့၏ လက်ရှိ လူနေမှုအခြေအနေများ အထူးသဖြင့် သန့်ရှင်းရေးကိစ္စများကို သတင်းရေးပို့ရန် စေလွှတ်လိုက်သည်ဟု ဆိုသည်။

ရေးက ယင်းသည့်အခြေအနေများ မကောင်းကြောင်း ပြန်ပြောသည်။ သို့သော် သူက ဆက်မပြောမီ သတင်းစာဆရာအား ဟုတ်တိုင်းမှန်ရာကို ပြောခွင့်ရမည်လား ဟု မေးလိုက်သည်။

ရမ်းဘားက "ရရမှာပေါ့" ဟု ဖြေသည်။

ရေးက "အခု လက်ရှိ အခြေအနေတွေကို ရှုတ်ချအပြစ်တင်ပြီး ရေးရင် ချွင်းချက်မရှိ ထည့်ခွင့်ပြုမှာလားလို့ မေးတာပါ" ဟု ရှင်းပြသည်။

"ချွင်းချက်မရှိ။ ဟုတ်လား။ အေးဗျာ။ ကျွန်တော် အဲသလောက် အထိတော့ မရနိုင်ဘူးဆိုတာ ဝန်ခံပါတယ်။ ဒါပေမယ့် အခြေအနေတွေက ဒါလောက်တော့ မဆိုးနိုင်ပါဘူး မဟုတ်လား"

ဆရာဝန်က ငြိမ်သက်စွာ "မဆိုးပါဘူး" ဟု ဖြေလိုက်၏။ အခြေအနေများ ပြောသလောက်တော့ မဆိုးခဲ့။ ရမ်းဘားအနေဖြင့် အချက်အလက်မှန်များကို ဝေ့လည်ကြောင်ပတ် မလုပ်ဘဲ ရေးနိုင်မရေးနိုင်ကို သိလို၍သာ မေးလိုက်ခြင်း ဖြစ်လေသည်။

"တစ်ချို့တစ်ဝက် ချန်ထားခဲ့တာ ခံရတဲ့ စကားမျိုးကို ကျွန်တော် မပြောချင်ဘူး။ ဒါကြောင့် ခင်ဗျားပြောမယ့် စကားတွေကို ထောက်ခံရုံ သတင်းမျိုးလောက်တော့ မပေးချင်ဘူး" ဟု ပြောလိုက်သည်။

သတင်းစာဆရာက ပြုံးလိုက်ပြီး "ဆရာက သူတော်စင်စကား တယ်ပြောတာကိုး" ဟု ဆိုလိုက်၏။

ဆရာဝန်က သူ့အသံကို မမြှင့်ဘဲ၊ သူတော်စင်စကား ဆိုယည်ကို သူ မသိကြောင်း၊ သူပြောသည့် စကားမှာ လူလူချင်း ချစ်ခင်စိတ် ရှိသော်လည်း သူ မှီတင်းနေထိုင်သည့် လောကကြီးကို စိတ်ကုန်ခမ်းနေသည့် လူတစ်ယောက်၏ စကားသာ ဖြစ်ကြောင်း၊ ထို့ကြောင့် သူ့အနေဖြင့် ဟုတ်တိုင်းမှန်ရာကို မူးတင်းပဲတင်း လုပ်သည့်ကိစ္စများ၊ မတရားမှုများနှင့် လွတ်ကင်းအောင် နေလိုကြောင်း ပြန်ပြောလိုက်သည်။

ရမ်းဘားက ပခုံးများကိုကုပ်လျက် ဆရာဝန်အား အတန်ကြာအောင် စကားမပြောဘဲ စိုက်ကြည့်နေလိုက်သည်။ ပြီးမှ "ဆရာ့ကို ကျွန်တော် နားလည်တယ်

ထင်ပါတယ် ဆရာ” ဟု ဆိုကာ ထိုင်ရာက ထလိုက်သည်။

ဆရာဝန်က သူ့အား တံခါးဝအထိ လိုက်ပို့သည်။

“ခင်ဗျား အဲသလို သဘောထားတာ ကောင်းပါလေ့ဗျာ” ဟု သူက ဆိုလိုက်၏။

ရမ်းဘားက စိတ်မရှည်သည့် အရိပ်အယောင် မကင်းသော လေသံဖြင့် “ဟုတ်ပါတယ်၊ ဟုတ်ပါတယ် ဆရာ။ ကျွန်တော် နားလည်ပါတယ်” ဟု ထပ်ဆိုလိုက်ပြီး “ဆရာ့ကို လာပြီး နှောင့်ယှက်သလို ဖြစ်နေတာ စိတ်မကောင်းပါဘူး ဆရာ” ဟု တောင်းပန်လိုက်၏။

သူတို့ လက်ဆွဲနှုတ်ဆက်ကြရင်း ရေးက သတင်းစာအတွက် သတင်းထူး သတင်းဆန်းများ လိုက်နေသည်ဆိုလျှင် ယခုအခါ မြို့ထဲ၌ ထူးထူးခြားခြား ကြွက်များ ရာထောင်မက သေသည့်အကြောင်းကို ရေးဖို့ အကြံပေးလိုက်သည်။

ရမ်းဘားက “ဟာ။ ဒါကို ကျွန်တော် တကယ်စိတ်ဝင်စားတယ် ဆရာ” ဟု ဆိုလိုက်၏။

ငါးနာရီတွင် နောက်တစ်ပတ် လှည့်ရန်အထွက် လှေကားပေါ်တွင် ဆရာဝန်သည် မျက်ခုံးမွေးထူထူ အရေးအစင်းများနှင့် ကြီးမားသော မျက်နှာရှိသူ ပုတိုက်တိုက် လူခပ်ငယ်ငယ် တစ်ယောက်ကို ဖြတ်ဆင်းခဲ့သည်။ စပိန်ကချေသည်များ ငှားနေသည့် အပေါ်ဆုံးအထပ် အိမ်ခန်းများတွင် သူ့ကို တစ်ခါနှစ်ခါ တွေ့ဖူးသည်။ ဂျွန်တာရိုသည် စီးကရက်တစ်လိပ်ကို ဖွာလျက် သူ့ရှေ့က လှေကားထစ်ပေါ်တွင် အသက်ငင်နေသော ကြွက်တစ်ကောင် အကြောဆွဲနေသည်ကို စိုက်ကြည့်နေ၏။ သူက မျက်နှာကို မော့လိုက်ပြီး ဆရာဝန်အား နှုတ်ဆက်လိုက်ပြီး၊ ကြွက်များ ဤသို့ တွင်းထဲမှ ထွက်ထွက်လာပြီး သေကြပုံမှာ ဆန်းသည့်အကြောင်း ပြောလိုက်သည်။

“ဆန်းတယ်ဗျ” ဟု ဆရာဝန်က ဆိုလိုက်ပြီး “ကြာတော့ ထိတ်လန့်စရာတောင် ဖြစ်လာတယ်” ဟု ဆက်ပြောလိုက်၏။

“တစ်နည်းအားဖြင့်ပေါ့ ဆရာ။ တစ်နည်းအားဖြင့်ပါပဲ။ ကျွန်တော်တို့က ဒါမျိုး အရင်က တစ်ခါမှ မမြင်ဖူးလို့ပါပဲ။ ဒါပါပဲ။ ကျွန်တော်တော့ အတော် စိတ်ဝင်စားတယ် ဆရာ။ ဟုတ်တယ်။ တကယ့်ကို စိတ်ဝင်စားတယ်”

တာရိုက သူ၏နဖူးပေါ်မှ ဆံပင်များကို လက်ချောင်းများဖြင့် ထိုး၍ သပ်တင်ရင်း ငြိမ်ကျသွားပြီဖြစ်သော ကြွက်ကို တစ်ချက်ကြည့်လိုက်ပြီး ရေးဘက်သို့ လှည့်၍ ပြုံးပြလိုက်သည်။

“ဒါပေမယ့် ဆရာရယ်။ ဒါက တံခါးစောင့် စိတ်ရှုပ်ရမယ့် အလုပ်ပဲ

မဟုတ်လား ဆရာ”

သူပြောလိုက်မှပင် ရေး တွေ့ရသူ နောက်တစ်ယောက်မှာ တံခါးစောင့်ကြီး ဖြစ်နေသည်။ သူသည် လမ်းဘက်သို့ ထွက်သည့် တံခါးအနီးမှ နံရံကို မှီ၍ ရပ်နေသည်။ သူ့မှာ ပင်ပန်းနွမ်းနယ်နေပုံ ရပြီး အနီရောင် သမ်းနေလေ့ရှိသည့် သူ၏မျက်နှာမှာ ခါတိုင်းလို မနီတော့။

နောက်ဆုံးတွေ့ရသော ကြွက်သေအကြောင်း ပြောပြသော ဆရာဝန်ရေးအား သူက “ဟုတ်ကဲ့။ ကျွန်တော် သိပါတယ်” ဟု ဆိုလိုက်ပြီး၊ “နှစ်ကောင်တစ်တွဲ သုံးကောင်တစ်တွဲ တွေ့တွေ့နေတာပဲ ဆရာ။ ဒါပေမယ့် ဒီလမ်းထဲက တခြား အိမ်တွေမှာလည်း ဒီလိုပါပဲဗျ” ဟု ပြောလိုက်၏။

သူသည် စိတ်အားငယ်လျက် စိုးရိမ်ပူပန်နေဟန် ရှိပြီး သူ၏လည်ပင်းကို သူ အမှတ်မထင် ကုတ်ခြစ်၍ နေလေသည်။ ရေးက သူ့အား “နေကောင်းရဲ့လား” ဟု မေးသည်။ တံခါးစောင့်ကြီးက နေမကောင်းဘူး ဆိုသည်အထိတော့ မပြောလို။ သို့ရာတွင် သူ့မှာ သိပ်ကျန်းကျန်းမာမာကြီးတော့ မဟုတ်လှ။ စိတ်သောကကြောင့်သာ ဖြစ်သည်ဟု သူက ထင်သည်။ ဤ ကြွက်နာကောင်များသည် သူ့အား အကြီးအကျယ် ထိတ်လန့်စေသည်။ ဒင်းတို့တတွေ ဤသို့ ထွက် ထွက်လာပြီး မသေကြတော့ဘူးဆိုမှ သူ စိတ်သာသာရာ ရတော့မည် ဆိုသည်။

နောက်တစ်နေ့ နံနက် ဧပြီလ ၁၈ရက်နေ့တွင် ဆရာဝန်သည် သူ့အမေ မီးရထားဘူတာမှ ကြိုခဲ့ပြီး အပြန်တွင် မွန်ဆီယာမီရှယ်ကြီးအား မနေ့ကထက်ပင် ပို၍ မအီမသာ ဖြစ်နေသည်ကို တွေ့ရသည်။ မြေတိုက်ခန်းမှ အထပ်ခိုးခန်းအထိ လှေကားတစ်လျှောက်တွင်ကား ကြွက်သေများ တစ်သီတစ်တန်းကြီး ဖြစ်နေသည်။ ဆယ်ကောင်၊ ဆယ့်နှစ်ကောင်လောက် ရှိမည်။ လမ်းထဲရှိ အိမ်တိုင်းမှ အမှိုက်ပုံးများမှာ ကြွက်သေများဖြင့် ပြည့်နေသည်။

ဆရာဝန်၏ အမေသည် ဤအခြင်းအရာကို တစ်စုံတစ်ရာ ထိတ်လန့်တုန်လှုပ်ဟန် မပြချေ။

“တစ်ခါတလေ ဒီလိုပါပဲ” ဟုသာ သူက ခပ်ပေါ့ပေါ့ဆိုသည်။ သူသည် ကိုယ်ထည် သေးသေးသွယ်သွယ်တွင် ငွေရောင်ဆံပင်နှင့် ကြင်နာတတ်သော မျက်လုံးနက်များ ရှိသူဖြစ်၏။ “အမေကတော့ သားကို ပြန်တွေ့ရတာ သိပ်ဝမ်းသာနေတာ။ ကြွက်တွေ သေတာလောက်နဲ့ ဒီစိတ် ပြောင်းမသွားနိုင်ပါဘူး” ဟု ဆက်ပြောသည်။

သားက ခေါင်းညိတ်ပြသည်။ အမေ အိမ်မှာရှိနေလျှင် အားလုံး အဆင်ပြေနေသည်ကတော့ အမှန်ပင်။

သို့ရာတွင် သူ စည်ပင်သာယာ ရုံးကိုတော့ တယ်လီဖုန်းဆက်သည်။ ကြွက်နှင့် အလေးအမွှား နှိမ်နင်းသုတ်သင်ရေး ဌာနမှူးကို သူ သိသည်။ သူက ကြွက်တွေ အပြင်ထွက်ထွက် သေနေကြသည်ကို သိသလားဟု မေးလိုက်၍၊ မာဆေးက သိပါသည်ဟု ဖြေသည်။ ဆိပ်ကမ်းအနီးရှိ သူ၏ရုံးမှာပင် ကြွက်အကောင် ငါးဆယ် တွေ့သည်ဆိုသည်။ အမှန်ကို ပြောရလျှင် သူလည်း စိတ်အနှောင့်အယှက် ဖြစ်လျက် ရှိသည်။ ဤကိစ္စကို ဆရာဝန်က အရေးကြီးသည် ထင်ပါ သလားဟု မေးသည်။ ဆရာဝန်ကလည်း ယတိပြတ် မပြောနိုင်။ သို့သော် သန့်ရှင်းရေးလုပ်ငန်း တစ်ခုခုတော့ လုပ်ဖို့လိုသည် ထင်သည်ဟု ပြောလိုက်သည်။

မာဆေးကလည်း သဘောတူသည်။ "လုပ်လို့ တကယ်အကျိုးရှိမယ်လို့ ခင်ဗျား ထင်တယ်ဆိုရင်။ အမိန့်လည်း ထုတ်ခိုင်းလိုက် ပါမယ်လေ" ဟု ပြောသည်။

"တကယ် လုပ်ထိုက်ပါတယ်ဗျာ" ဟု ရေးက ပြန်ပြောသည်။

သူ့အိမ်က အဝတ်လျှော်သည့် မိန်းမကြီးကလည်း သူ့ယောကျ်ား အလုပ်လုပ်သည့် အလုပ်ရုံကြီးတွင် ကြွက်သေများ ရာနှင့်ချီ၍ ကောက်ရသည်ဟု ပြောသည်။

ဤအချိန်လောက်တွင်ပင် ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် စိတ်မသက်မသာ ဖြစ်သည့် လက္ခဏာများ ပြလာကြသည်။ ဧပြီလ ၁၈ ရက်နေ့လောက်မှ စ၍ အလုပ်ရုံများ ကုန်ရုံများတွင် အသက်ငင်နေသော ကြွက်များ၊ ကြွက်သေများ အများအပြား တွေ့ကြရသောကြောင့် ဖြစ်သည်။ အချို့နေရာတွင် ကြွက်များ ဝေဒနာခံစားနေရသည်ကို မကြည့်ရက်၍ သတ်လိုက်ကြရသည် ဆိုသည်။ မြို့စွန်မြို့ဖျားမှသည် မြို့လယ်အထိ ဆရာဝန် သူ့အလုပ်ဝတ္တရားဖြင့် ရောက်လာရာ လမ်းကြိုလမ်းကြားနှင့် လမ်းမကြီးများမကျန် အမှိုက်ပုံးများတွင် တောင်ပုံရာပုံ စုပုံလျက် လည်းကောင်း၊ လမ်းဘေးရေမြောင်းတစ်လျှောက် ရှည်လျားစွာ တန်းစီလျက် လည်းကောင်း ကြွက်သေများကို တွေ့မြင်ရသည်။

ထိုနေ့ညနေထုတ် သတင်းစာများက အရေးယူကာ ယခုကြုံရသည့် မနှစ်မြို့ဘွယ် အနှောင့်အယှက်မျိုး လျော့ပါးကင်းရှင်း သွားအောင် မြို့ပြစီမံကွပ်ကဲမှုတွင် တာဝန်ရှိသူများက ဆောင်ရွက်မည် မဆောင်ရွက်မည်ကို လည်းကောင်း၊ လတ်တလော ကာလအတွက် အရေးပေါ် အစီအစဉ်များ လုပ်ရန် စိတ်ကူးခြင်း ရှိ,မရှိကို လည်းကောင်း မေးမြန်းထားကြသည်။ တကယ်က မြို့တော်စည်ပင် သာယာရေးအဖွဲ့ (မြူနီစီပယ်)က တစ်စုံတစ်ခု လုပ်ရန်စိတ်ကူး လုံးဝမရှိခဲ့ပေ။ ယခုမှ လက်ရှိအခြေအနေကို ဆွေးနွေးဖို့ အစည်းအဝေး ခေါ်ရသည်။ သန့်ရှင်းရေးအဖွဲ့အား နံနက်တိုင်း လင်းသည်နှင့်တစ်ပြိုင်နက် ကြွက်သေများကို လိုက်လံကောက်ယူရန် အမိန့်တစ်ရပ် ထုတ်လိုက်ရသည်။ ကြွက်သေများကို

ကောက်ပြီးသောအခါ စည်ပင်သာယာအဖွဲ့မှ အမှိုက်ကားကြီးနှစ်စီးဖြင့် တင်၍ မြို့တော် မီးရှို့စက်၌ မီးရှို့ပစ်ရန် ပို့စေလေသည်။

သို့သော် နောက်ရက်များတွင် အခြေအနေက ပိုဆိုးလာသည်။ လမ်းများပေါ်တွင် ကြွက်သေများ ပိုများလာပြီး နံနက်တိုင်း အမှိုက်သိမ်းကားများ၌ အုပ်လိုက်သင်းလိုက် ထွက်လာပြီး သေကြသည်။ သူတို့သည် မြေတိုက်ခန်းများ မီးသွေးတိုက်များ၊ ရေဆိုးထုတ်မြောင်းများမှ ပေါ်ထွက်လာကြကာ တန်းစီလျက် နေရောင်ရှိရာသို့ ဒယီးဒယိုင် ရွေ့လျားရင်း ထိတ်လန့်လျက်ရှိသော လမ်းသွားလမ်းလာများ၏ ခြေရင်းတွင်ပင် ချာခနဲလည်၍ လဲကျသေဆုံးသွားကြသည်။ ညအချိန်များတွင်လည်း လမ်းကြိုလမ်းကြား လမ်းသွယ်များဆီမှ သူတို့၏ စူးရှသော သေခါနီးအော်သံများကို ပြတ်ပြတ်သားသား ကြားနေကြရသည်။ နံနက်ခင်းများတွင် ထိပ်၌ ပန်းနီပွင့်ကလေးများပမာ သွေးကွက်ကလေးကိုယ်စီနှင့် အတုံးအရုံးနေကြသော ကြွက်သေများကို တွေ့မြင်ကြရသည်။ အချို့မှာ ရောင်ကိုင်းနေပြီး ပုပ်စပင်ပြုလျက်၊ အချို့မှာ မာတောင့်ပြီး နှုတ်ခမ်းမွေးများ ထောင်လျက် ရှိကြ၏။ လူစည်ရာ မြို့လယ်ခေါင်များမှာပင် လှေကားခုံများနှင့် နောက်ဖေး ကွက်လပ်များ၌ ကြွက်သေများ ပုံထားသည်ကို တွေ့နိုင်သည်။ အချို့က ရုံးခန်းများ၊ ကျောင်းကစားကွင်းများ၊ လက်ဖက်ရည်ဆိုင် မျက်နှာစာများ၏ အလယ်အထိ တိုးသွားကာ တစ်ကောင်ချင်း သေနေကြသည်။ လူသွားလူလာများသည့် ရင်ပြင်၊ ပန်းခြံ၊ သစ်ရိပ်တန်းနှင့် လမ်းများအပြင် ကမ်းနားလမ်းတို့မှာပင် ရွံ့စရာ ကြွက်သေကောင်များကို အတုံးအရုံး တွေ့ကြရသဖြင့် ကျွန်ုပ်တို့၏ မြို့သူမြို့သားများမှာ အံ့အားသင့်လျက် ရှိကြလေသည်။ နေ့စဉ် နေထွက်ချိန်၌ လုပ်လေ့ရှိသော မြို့တော်ရှင်းလင်းရေး လုပ်ငန်းအပြီးတွင် ခေတ္တမျှ ရပ်ဆိုင်းသွားသည်။ ထို့နောက် ကြွက်များသည် တစ်စတစ်စ များသည်ထက် များကာ တစ်နေ့လုံး ထွက်၍ သေကြပြန်လေသည်။ ညအချိန် အပြင်ထွက်ကြ သူများသည် ပူနွေးလျက်ပင် ရှိသေးသည့် ပျော့စိစိ အလုံးများကို ဖိခနဲ တက်နင်းမိတတ်ကြသည်။ ကျွန်ုပ်တို့၏ အိမ်များ ဆောက်လုပ်ထားသည့် နေရာမှ မဟာပထဝီ မြေကြီးသည် အတွင်း၌ လှိုက်၍ဖြစ်နေသော အနာမှ သွေးဝတ် ပြည်ဝတ်များကို အကုန်အစင် ညှစ်၍ ထုတ်လိုက်သကဲ့သို့ ရှိတော့သည်။ ယခုအချိန်အထိ အလွန်တရာပင် အေးချမ်းငြိမ်သက်ခဲ့သော ကျွန်ုပ်တို့၏ မြို့ကလေးသည် ကျန်းမာသန်စွမ်းနေသူ တစ်ယောက် ချက်ချင်း အဖုအပိမ့်သွေး တက်လာသည်ကို တွေ့လိုက်ရသလို ရုတ်တရက် မမျှော်လင့်ဘဲ အထိတ်တလန့် ဖြစ်ကြရပုံကို ထင်မြင်၍ ကြည့်ကြစေချင်ပါသည်။

(မေးသမျှကို တိကျလျှင်မြန်စွာ ဖြေဆိုမည် ဆိုသည့်) ရန်စဒေါက်သတင်းနှင့် ပြန်ကြားရေးဗျူရိုက ယင်း၏လုပ်ငန်းကို လူသိအောင်လုပ်သည့် အနေဖြင့် ရေဒီယိုမှ သတင်းအစီအစဉ် တစ်ခုကို ထုတ်လွှင့်သည်။ ထိုအစီအစဉ်၌ 'ဧပြီလ ၂၅ရက်နေ့ တစ်ရက်တည်းမှာပင် ကြွက်ကောင်ရေ ၆၂၃၁ ကောင်ထက် မနည်း မီးရှို့ရသည်' ဟု

ကြေညာလိုက်သည်တွင် ဤကိစ္စ ကျယ်ပြန့်သွားသည်။ ကျွန်ုပ်တို့၏ မျက်စိအောက်တွင် နေ့စဉ် တွေ့မြင်နေရသည့် ကိစ္စကို ဤသို့ တိတိကျကျ ယုတ္တိနှင့် ဖော်ပြလိုက်သောအခါ အံ့အားသင့်စရာ ကိန်းဂဏန်းကြောင့် မြို့သူမြို့သားများမှာ ရုတ်တရက် ထိတ်လန့်တုန်လှုပ် သွားကြရလေသည်။ ထိုအချိန်အထိ မြို့သူမြို့သားများမှာ ဤ မနှစ်မြို့စရာ ဖြစ်ရပ်များနှင့် ပတ်သက်၍ ညည်း ညူကြရုံမျှသာ ရှိသည်။ ယခုမူ ဘယ်ဆီကစ၍ ဘယ်အထိ ရောက်မည်ကို မသိနိုင်သော ဤဖြစ်ရပ်များသည် ဘာမှန်းမသိသော ဘေးအန္တရာယ် တစ်ခုခု ကျရောက်မည့် အရိပ်နိမိတ် ဖြစ်၍လာခဲ့သည်။ ဒေါက်တာရေး ကုသပေးနေသည့် ပန်းနာသည် စပိန်ကြီး တစ်ယောက်သာ ပြုံးကာရယ်ကာနှင့် သူ့စိတ်တိုင်းကျ ဖြစ်လာသလို လက်ဖဝါးချင်း ပွတ်လက် “သူတို့ ထွက်လာကြပြီလေ။ သူတို့တွေ ထွက်လာကြပြီကော” ဟု ဝမ်းသာအားရ ဆိုနိုင်လေတော့သည်။

ဧပြီလ ၂၈ရက်နေ့တွင် ရန်စဒေါက် ဗြူရိုက ကြွက်သေကောင် ၈၀၀၀ မျှ ကောက်ရကြောင်း ကြေညာလိုက်သောအခါ တစ်မြို့လုံး ထိတ်လန့်ချောက်ချား၍ သွားလေတော့သည်။ ထိထိရောက်ရောက် အရေးယူပါဟု တောင်းဆိုလာကြလေ သည်။ အာဏာပိုင်များကို တာဝန်ပေါ့လျော့သည်ဟု စွပ်စွဲလာကြသည်။ ကမ်းခြေ၌ အိမ်ရှိသူများက ခါတိုင်းရာသီရောက်ဖို့ များစွာ လိုသေးသော်လည်း ထိုအိမ်များသို့ ပြောင်းရွှေ့ကြတော့မည် ဟု ပြောလျက်ရှိကြ၏။ သို့သော် နောက်တစ်ရက်တွင် ဗြူရိုက ဤအခြင်းအရာများ ရုတ်တရက် ရပ်ဆိုင်းသွားပြီး သန့်ရှင်းရေးသမားတို့သည် မဖြစ်စလောက် အရေအတွက်မျှသာ ဖြစ်သည့် ကြွက်သေများကို ကောက်၍ ရတော့သည်ဟု ကြေညာလိုက်သည်။ ဤတွင် အားလုံး စိတ်သက်ရာ ရသွားကြတော့၏။

သို့တစေ၊ ထိုနေ့က မွန်းတည့်ချိန်တွင် ဒေါက်တာရေး သူနေသော အိမ်ခန်းရှိသည့် တိုက်ရှေ့တွင် ကားထိုးနေစဉ် လမ်းထိပ်ဆီမှ တံခါးစောင့်ကြီး လာနေသည်ကို မြင်လိုက်ရ၏။ အဖိုးကြီးမှာ ခေါင်းငိုက်စိုက်ကျလျက် ဒရွတ်ဆွဲကာ လက်ခြေများ လိမ်ဖယ်ကားယား သံပတ်ပေးထားသည့် အရုပ်ကဲ့သို့ လှုပ်ရှားလျက်၊ ဒေါက်တာရေး သိသော ဘုန်းကြီးတစ်ပါးအား တွဲမှီထားရသည်။ ဘုန်းကြီးမှာ စာတတ်ပေတတ် မကောင်းမှုတိုက်ခိုက်ရေး ဘရင်ဂျီဘုန်းကြီး ပနယ်လို ဖြစ်ပြီး သူနှင့် မကြာခဏ တွေ့ဖူးသည်။ ဤဘုန်းကြီးသည် မြို့ထဲတွင် ဘာသာရေးကို အမှုမဲ့ထားသူတို့၏ အုပ်စု၌ပင်လျှင် လူအများ ကြည်ညိုလေးစားခြင်း ခံရသူ ဖြစ်သည်။ ရေးသည် ထိုသူနှစ်ယောက် သူ့ကားနားသို့ ရောက်လာသည်အထိ ကားထဲက ထိုင်၍ စောင့်နေလိုက်၏။ မွန်ဆီယာမီရှယ်ကြီး၏ မျက်လုံးများမှာ အဖျားရှိန်ဖြင့် တောက်နေကြပြီး၊ ချွဲကပ်သံဖြင့် အသက်ရှူလျက် ရှိသည်ကို သူ သတိပြုမိသည်။ အဖိုးကြီးက သူ အနည်းငယ် မအီမသာဖြစ်၍ လေကောင်းလေသန့် ရှူရန် အပြင်သို့ ထွက်ခဲ့ရာတွင် ရုတ်တရက် တစ်ကိုယ်လုံး လည်ပင်း၊ ချိုင်းအောက်နှင့်

ပေါင်ခြံတို့တွင် နာကျင်ကိုက်ခဲ လာသည်နှင့် အိမ်သို့ လှည့်ပြန်ခဲ့ရပြီး ဘုန်းကြီးပနယ်လိုကို အကူအညီ တောင်းခဲ့ရသည်ဟု ရှင်းပြသည်။

“အကျိတ်ကလေးတွေပဲ ဆရာ။ ဒါပေမယ့် ရက်ရက်စက်စက် နာတယ်။ အကြောမျှား တင်သွားသလား မသိဘူး”

ဆရာဝန်က ကားပြတင်းသို့ ကိုယ်ကိုယိမ်းလျက် လက်ထုတ်ကာ မီရှယ်ကြီး၏ ဖက်ရင်းသို့ စမ်းကြည့်လိုက်သည်။ သစ်သားထဲတွင် အမျက်အထုံးကဲ့သို့ မာမာအကျိတ်တစ်ခု ဖြစ်နေသည်ကို တွေ့ရ၏။

“အခုချက်ချင်း သွားအိပ်နေပါ။ အဖျားတိုင်းထားလိုက်။ ဒီညနေ ကျွန်တော် လာကြည့်မယ်”

အဖိုးကြီး ဝင်သွားသောအခါ ရေးက ဘုန်းကြီးပနယ်လိုအား ကြွက်များကိစ္စ မည်သို့ ထင်မြင်သည်ကို မေးလိုက်သည်။

“အို။ ဒါက ကြွက်တွေမှာ ကူးစက်တတ်တဲ့ ရောဂါတစ်မျိုး ဖြစ်တာပဲ ထင်ပါတယ်” ဟု ပြောသည်။ ဘုန်းကြီး၏ မျက်မှန်ဝိုင်းကြီးထဲက မျက်လုံးအစုံမှာ ပြုံးနေ၏။

ရေးသည် တောင်ပေါ်အနားယူစခန်း ဆေးရုံရှိ သူ့ဇနီးက သူ ရောက်ပြီဖြစ်ကြောင်းနှင့် ရိုက်လိုက်သော ကြေးနန်းစာကို ဒုတိယအကြိမ် ပြန်ဖတ်နေစဉ်တွင် တယ်လီဖုန်းမြည်လေသည်။ ဆက်သူမှာ သူ့လူနာဟောင်း စည်ပင်သာယာရုံးက စာရေးတစ်ယောက် ဖြစ်၏။ ထိုလူသည် သွေးကြောညှစ်သည့် ရောဂါ ကြာမြင့်စွာ ဖြစ်နေခဲ့ပြီး၊ ဆင်းရဲသောကြောင့် ရေးက ဆေးဖိုးဝါးခမယူဘဲ ကုသပေးခဲ့သည်။

“ဆရာ။ ကျွန်တော့်ကို မှတ်မိတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီတစ်ခါက တခြားလူတစ်ယောက်ပါ ဆရာ။ ကျွန်တော့်အိမ်နီးချင်းတစ်ယောက် မတော်တဆ ဖြစ်လို့ပါဆရာ။ ချက်ချင်း လာခဲ့ပါဆရာ။ အရေးကြီးလို့ပါ” ဟု ပြောသည်။ သူ့မှာ မောနေဟန်တူ၏။

ရေးသည် အပြေးအလွှား စဉ်းစားလိုက်သည်။ ကောင်းပြီ။ တံခါးစောင့်ကြီးကို သူ နောက်မှကြည့်လျှင် ရသည်။ ထို့နောက် မိနစ်အနည်းငယ် ကြာလျှင် သူသည် မြို့အစွန် ဖေ့ဒဘားလမ်းထဲရှိ အိမ်ကလေးတစ်အိမ်ထဲသို့ ဝင်လိုက်သည်။ လေတဟူးဟူးတိုက်လျက် နံစော်နေသော လှေကားအတိုင်း တက်ခဲ့သည်တွင် သူ့အား ဆီးကြိုရန် ပြေးဆင်းလာသော စည်ပင်သာယာရုံးစာရေး ဂျိုးဇက်ဂရန်းအား လမ်းတစ်ဝက်၌ တွေ့လေသည်။ ဂရန်းသည် အသက်ငါးဆယ်ခန့်၊ အရပ်ရှည်ရှည်၊

လက်ပြင်ကုန်းကုန်း၊ ပခုံးကျဉ်းကျဉ်းနှင့် ခြေတံလက်တံသွယ်သွယ် ပါးပါးနှင့် ကျင်စွယ်ဝါကျင်ကျင်ရှိသူ ဖြစ်၏။

သူက ဆရာဝန်အား "အခုတော့ သက်သာပုံရပါတယ် ဆရာ" ဟု ပြောပြလိုက်ပြီး "စောစောကတော့ ဒီလူ သေမှာပဲ ထင်တာ" ဟု ဆိုသည်။ သူ့နှာခေါင်းကို သူ ခပ်ပြင်းပြင်း ညှစ်လိုက်၏။ ဒုတိယအထပ်ဖြစ်သော အထက်ဆုံးအထပ် လက်ဝဲဘက်တံခါး တစ်ခုတွင် "ဝင်ခဲ့ပါ၊ ကျုပ် ကြိုးဆွဲချလိုက်ပြီ" ဟု မြေဖြူအနီရောင်ဖြင့် ရေးခြစ်ထားသည်ကို ရေး သတိပြုလိုက်မိ၏။

ထိုအခန်းထဲသို့ သူတို့ ဝင်ခဲ့ကြ၏။ မျက်နှာကြက်ဆွဲမီးအိမ်မှ ကြိုးတစ်ချောင်း တွဲလျားကျနေသည်။ အောက်တည့်တည့်ဆီတွင် ကုလားထိုင်တစ်လုံး ဘေးစောင်းလဲကျနေသည်။ ထမင်းစားစားပွဲကို ထောင့်တစ်ထောင့်သို့ တွန်းပို့ထားသည်။ ကြိုးမှာ အလွတ်ကျနေသည်။

"ကျွန်တော် သူ့ကို အချိန်မီ ဆွဲချလိုက်ရတယ် ဆရာ" ဟု ဂရန်းက ပြောပြသည်။ ဂရန်းသည် စကားကို အရိုးဆုံး အရှင်းဆုံး ပြောတတ်သူ ဖြစ်သော်လည်း သူ့မှာ ပြောစရာစကားကို အမြဲလိုပင် စဉ်းစားနေရဟန် တူ၏။ "ကျွန်တော် အပြင်ကိုအထွက်မှာ အသံတစ်သံ ကြားရတယ်။ တံခါးပေါ်က စာကိုမြင်တော့ ဒါ ဒါ နောက်ထားတယ်လို့ ထင်တာ။ ပြီးမှ ထူးထူးဆန်းဆန်း ညည်းသလို ကြားရမှ ကျွန်တော် ကျောထဲစိမ့်သွား ဆိုတာမျိုး" ဟု ပြောရင်း သူ့ခေါင်းသူ ကုတ်လိုက်ပြီးမှ "အဲဒီလိုဆို အင်း ဒီလိုလုပ်တာ ဆိုရင်တော့ အတော်နာကျင်မှာပဲ ဆိုပြီး ကျွန်တော် ဝင်သွားရတာ" ဟု ဆက်ပြော၏။

ဂရန်းက တံခါးတစ်ရွက်ကို ဖွင့်ထားသည်။ သူတို့သည် လင်းနေသော်လည်း ပရိဘောဂ သိပ်မရှိသော ညှော်ခန်းတံခါးဝ၌ ရပ်မိကြသည်။ နံရံတစ်ဖက်ကို ကပ်ထားသော ကြေးကုတင်ပေါ်တွင် ခပ်ဝဝလူတစ်ယောက် အသက်ပြင်းဖြင့် ရှူလျက် အိပ်နေသည်။ ထိုလူသည် သူတို့အား နီရဲသော မျက်လုံးများဖြင့် လှမ်းကြည့်နေသည်။ ရေးက ရုတ်တရက် ရပ်လိုက်သည်။ ထိုလူ၏ အသက်ရှူသံများ အကြားတွင် ကြွက်အော်သံကလေးများကို ကြားနေရသည်။ သို့သော် အခန်းထဲရှိ မည်သည့်ထောင့်တွင်မှ တစ်စုံတစ်ရာ လှုပ်ရှားနေသည်ကို မမြင်ရချေ။ ထို့နောက် သူသည် ကုတင်ဘေးသို့ သွားလိုက်၏။ ထိုလူမှာ သိပ်မြင့်မြင့်ကြီးက ကျသည်လည်းမဟုတ်၊ မြန်မြန်ကျသည်လည်း မဟုတ်သည်မှာ ထင်ရှားသည် သူ၏ လည်ပင်းရိုးသည် ခိုင်လျက်ပင် ရှိသည်။ လည်ပင်းအစ်ထားသည့် လက္ခဏများတော့ ရှိသည်။ ဓာတ်မှန်ရိုက်ကြည့်ဖို့ လိုသည်။ လောလောဆယ်အားဖြင့် သူ့အား ပရုပ်ဆေးတစ်လုံး ထိုးပေးထားခဲ့ပြီး ရက်အနည်းငယ်အတွင်း ကောင်းသွားပါလိမ့်မည်ဟု ပြောလိုက်သည်။

ထိုလူက "ကျေးဇူးပါပဲ ဆရာ" ဟု မပွင့်တပွင့်ပြော၏။

ရေးက ဂရန်းအား ပုလိပ်ကို အကြောင်းကြား ပြီးပြီလားဟု မေးတော့ သူသည် ခေါင်းငိုက်စိုက်ချထားသည်။

"အဲ ဆရာ။ တကယ်က ကျွန်တော် အကြောင်းမကြားရ သေးပါဘူး ကျွန်တော်လည်း အရေးကြီးနေတာက"

ဆရာဝန်က "ဟုတ်တာပေါ့လေ" ဟု ဖြတ်ပြောလိုက်ပြီး၊ "ကျွန်တော်ပဲ အကြောင်းကြားလိုက်ပါ့မယ်" ဟု ဆိုလိုက်သည်။

လူမမာက ငိုမဲ့မဲ့အမူအရာဖြင့် လက်ကာ၍ ပြလိုက်ပြီး အိပ်ရာက ကိုယ်ကိုမတ်၍ ထလိုက်၏။ သူ အတော်သက်သာနေပြီ ဖြစ်၍ ပုလိပ်တွေ ဘာတွေ အကြောင်းကြားနေဖို့ မလိုတော့ပါဘူးဟု ဆိုသည်။

ဆရာဝန်က "မကြောက်ပါနဲ့လေ။ ဒါက ထုံးစံအတိုင်းမို့ လုပ်ရတာလောက်ပါပဲ။ ဒါပေမယ့် ကျွန်တော့်သဘောနဲ့ လုပ်လို့လည်း မရဘူး။ ပုလိပ်ကိုတော့ အကြောင်းကြားရမှာပဲ" ဟု ဆိုလိုက်၏။

ထိုလူသည် အိပ်ရာထဲသို့ ပြန်လျှောကျသွားပြီး ခပ်မြှင်းမြှင်းကလေး ရှိုက်နေလေသည်။

သူတို့ပြောဆိုနေကြသည်ကို နှုတ်ခမ်းမွေးသပ်ကစားရင်း နားထောင်နေသော ဂရန်းက ကုတင်ဘေးသို့ ချဉ်းကပ်သွားပြီး "မွန်ဆီယာကော့တတ်ရယ်။ နားလည်ပါ။ ခင်ဗျား နောက်တစ်ခါ ဒါမျိုးထပ်လုပ်ရင် ဒါ ဆရာဝန်ရဲ့ အပြစ်ပဲလို့ လူတွေက ပြောကြတော့မှာပေါ့" ဟု ပြောလိုက်၏။

ကော့တတ်က နောက်ထပ် ဖြစ်စရာအကြောင်း နည်းနည်းမှ မရှိတော့ပါ ဟု ငိုငိုယိုယိုပင် အာမခံသည်။ သူ့မှာ စိတ်ရူးထသည့် ရောဂါတစ်မျိုး ဖြစ်တတ်သည် ဆိုသည်။ သို့သော် ယခု ပြီးသွားပြီဖြစ်၍ အေးအေးဆေးဆေး နေပါရစေတော့ ဟု ဆိုသည်။ ရေးက ဆေးစာ ရေးနေလေသည်။

သူက "ကောင်းပြီလေ" ဟု ဆိုလိုက်ပြီး၊ "အခု အခိုက်အတန့်မှာတော့ ဒီအကြောင်း ဘာမှ မပြောပါဘူး။ တစ်ရက်နှစ်ရက်နေမှ ကျွန်တော် တစ်ခေါက် လာကြည့်ပါမယ်။ ဒါပေမယ့် ခင်ဗျား မဟုတ်တရုတ်တော့ လျှောက်မလုပ်မိစေနဲ့" ဟု ပြောလိုက်၏။

လှေကားခုံသို့ရောက်မှ ဆရာဝန်က ဂရန်းအား သူ့အနေဖြင့် ဝတ္တရားဖြစ်၍ ပုလိပ်ကို အကြောင်းကြားရမည် ဖြစ်ကြောင်း၊ သို့သော် ပုလိပ်အင်စပက်တော်အား

စုံစမ်းစစ်ဆေးမှုများကို နှစ်ရက်လောက် ဆိုင်းထားရန် ပြောလိုက်မည် ဖြစ်ကြောင်း ပြောပြ၏။

ထို့နောက် သူကဆက်လက်၍ "ဒါပေမယ့် ကော့တတ်ကို ဒီညတစ်ယောက်ယောက် စောင့်ပြီး အိပ်ရလိမ့်မယ်" ဟု ပြောကာ၊ "သူ့မှာ ဆွေမျိုးတွေဘာတွေ ရှိသလား" ဟု မေးလိုက်၏။

"ကျွန်တော် သိသလောက်တော့ မရှိဘူး။ ဒါပေမယ့် ကျွန်တော်ပဲ စောင့်ပေးပါ့မယ် ဆရာ။ ကျွန်တော်သူ့ကို သိပ် သိလှတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အိမ်နီးချင်း ဆိုတော့လည်း ကူညီရမှာပဲ မဟုတ်လား ဆရာ"

ရေးသည် လှေကားဆင်းရင်း မှောင်နေသည့် ထောင့်ကွေးများဆီသို့ လှမ်းကြည့်နေမိကြောင်း သတိထားမိပြီး ဂရန်းအား ထိုရပ်ကွက်တွင် ကြွက်များ အတော်ရှင်းသွားပြီလားဟု မေးလိုက်သည်။

ဂရန်းက ဘာမှမသိ။ ကြွက်တွေအကြောင်း လူအချို့ ပြောသံတော့ ကြားသည်။ သို့သော် သူသည် ဤသို့သော အတင်းအဖျင်း စကားမျိုးတွင် စိတ်မဝင်စားကြောင်းနှင့် "ကျွန်တော့်မှာ တခြား အလုပ်တွေနဲ့။ ဒါကို မစဉ်းစားအားပါဘူး" ဟု ဆိုသည်။

သွားလိုလှပြီဖြစ်သော ရေးက လက်ကိုဆွဲ၍ နှုတ်ဆက်လျက်ရှိပြီ။ သူ့ဇနီးထံသို့ စာရေးရဦးမည်။ မရေးမီ တံခါးစောင့်ကြီးကို ကြည့်ပေးရဦးမည်။

သတင်းစာရောင်းသမားကလေးများသည် နောက်ဆုံးသတင်းများကို အော်ဟစ်ရောင်းချ နေကြ၏။ ကြွက်များ ရှင်းသွားပြီ။ သို့သော် ရေးသည် သူ၏ လူနာအား လက်တစ်ဖက်က ဗိုက်ကိုနှိပ်လျက် အခြားတစ်ဖက်က လည်ပင်းကိုကိုင်လျက် ကုတင်အစွန်း၌ ကုန်းကာ ထွေးခံတစ်ခုထဲသို့ ပန်းရောင်အရည်အချွဲများ အန်ချနေသည်ကို တွေ့လိုက်ရသည်။ လူနာသည် အတော်ကြာအောင် ပျို့အန်နေပြီး အိပ်ရာထဲသို့ ပြန်လှဲကာ မောနေသည်။ အဖျားဒီဂရီ တစ်ရာ့သုံးရှိသည်။ လည်ပင်းနှင့် ခြေလက်တို့မှ အကျိတ်အဖုများသည် ရောင်လျက်ရှိကြ၏။ ပေါင်တွင် အမည်းကွက်နှစ်ကွက် ဖြစ်နေ၏။ အတွင်းမှ နာကျင်သည်ဟု ဆိုသည်။

သူက "မီးလို ပူတယ်ဆရာ။ ခွေးမသား အထဲမှာ လောင်နေတာ" ဟု ညည်းညူသံဖြင့် ပြောသည်။

သူ၏ နှုတ်ခမ်းများမှာ အဖျားရှိန်ကြောင့် ကွဲအက်နေလေရာ သူ့မှာ စကားပင် ပီသအောင် မပြောနိုင်။ မျက်လုံးပြူးကြီးများဖြင့် ဆရာဝန်အား စိုက်ကြည့်နေပြီး

ခေါင်းကိုက်သည်၊ မျက်ရည်ယိုသည် ဟု မပီမသဆိုသည်။ သူ့ဇနီးက စိုးရိမ်သည့် မျက်နှာဖြင့် ဆရာဝန်အား လှမ်းကြည့်သည်။ ဆရာဝန်က ဘာမှမပြော။

"တဆိတ် ဆရာရယ်။ ဘာရောဂါတဲ့လဲ"

"အင်း။ ဘာမဆို ဖြစ်နိုင်တာပဲ။ အခုတော့ ဘာမှ အတိအကျ မပြောနိုင်သေးဘူး။ သူ့ကို ခပ်ပျော့ပျော့အစာ ကျွေးထား၊ ရေများများတိုက်"

လူမမာကလည်း ရေငတ်သည်ချည်း ပြောနေသည်။

ရေး သူ့အခန်းသို့ ပြန်ရောက်သောအခါ သူနှင့်ဘဝတူ မြို့ပေါ်တွင် ထိပ်တန်းဆရာဝန် တစ်ယောက်ဖြစ်သည့် ဒေါက်တာရစ်ချတ်ထံသို့ တယ်လီဖုန်း ဆက်လိုက်သည်။

ရစ်ချတ်က "ဟင့်အင်း။ ကျုပ်တော့ ထူးထူးခြားခြား ဘာမှ သတိထားမိတယ် မထင်ပါဘူး" ဟု ဆိုသည်။

"တစ်နေရာ တစ်နေရာမှာ ကွက်ရောင်ပြီး ဖူးတာမျိုး မတွေ့ဘူးလား"

"အေး၊ နေဦးဗျ။ ကျုပ်ဆီမှာ အကျိတ်ရောင်တဲ့ လူနာနှစ်ယောက်တော့ ရှိတယ်"

"ရိုးရိုးထက် ထူးပြီး ရောင်သလား"

"ဟာ ဒါကတော့ ခင်ဗျာ့ရိုးရိုးဆိုတာ ဘာလဲဆိုတာပေါ်မှာ တည်တာပေါ့"

မည်သို့ဆိုစေ။ ထိုနေ့ညက တံခါးစောင့်ကြီး၏ အဖျားဒီဂရီသည် တစ်ရာ့လေးအထိ တက်သွားပြီး အဖိုးကြီးလည်း "ဒီကြွက်တွေဟာလေ၊ ဒီကြွက်တွေ" ဟု ကယောင်ကတမ်းနှင့် တဖွဖွ အော်နေလေတော့သည်။ ဆရာဝန်က အကျိတ်ကို တာပင်တိုင်နှင့်စည်း၍ ဖေါက်ရန်လုပ်သည်။ တာပင်တိုင်ထိ၍ စပ်သည်တွင် အဖိုးကြီးလည်း "ခွေးမသားတွေ" ဟု အော်ဟစ်ဆဲရေး လေတော့၏။

အကျိတ်များသည် ရောင်သည်ထက် ရောင်လာကာ အသားထဲတွင် အကြော မြှင်များ ထုံး၍ ဖုနေသကဲ့သို့ ရှိသည်။ မဒမ်မီရှယ်မှာ ယူကျုံးမရ ငိုကြွေးရှာလေတော့သည်။

ဆရာဝန်က "ည သူ့အနားမှာ ထိုင်စောင့်ပါ။ လိုရင် ကျွန်တော့်ကို ခေါ် လိုက်ပါ" ဟု မှာခဲ့သည်။

နောက်တစ်ရက် ဧပြီလ ၃၀ရက်တွင် ကောင်းကင်၌ မြူအနည်းငယ်သမ်းကာ

ပြာမှိုင်းမှိုင်းရှိ၏။ ခွေးခွေးထွေးထွေး လေညှင်းကလေးက မြို့စွန်မြို့ဖျားဆီမှ ပန်းရနံ့များကို သယ်ဆောင်၍ တိုက်ခတ်လာသည်။ နံနက်ခင်း၏ အသံဗလံများ ခါတိုင်းထက် ပိုမိုကျယ်လောင် မြူးကြွလာသည်။ ယနေ့သည် မြို့သူမြို့သားများအဖို့ သီတင်းတစ်ပတ်ခန့် သူတို့ ထိတ်လန့်နေခဲ့ကြရသည့် ဘေးအန္တရာယ်များကို ဖယ်ရှားလိုက်ပြီ ဖြစ်၍ သာယာချမ်းမြေ့တော့မည့် အရိပ်နိမိတ်များကို ဆောင်ကြဉ်းလာသည့် မင်္ဂလာရှိသောနေ့ ဖြစ်သောကြောင့်ပေတည်း။ တံခါးစောင့်ကြီးအား ကြည့်ရန် အောက်ထပ်သို့ ဆင်းလာသော ဒေါက်တာရေးပင်လျှင် အတော် စိတ်အားတက်ကြွလျက် ရှိသည်။ ပထမစာပို့နှင့် ရောက်လာသော သူ့ဇနီးထံမှ စာကလည်း အားတက်စရာ။

မွန်ဆီယာမီရှယ်ကြီး၏ အဖျားဒီဂရီမှာ ကိုးဆယ့်ကိုးအထိ ကျသွားပြီး သူ့မှာ အင်အားနည်းနေပုံ ရသော်လည်း မျက်နှာကတော့ ပြုံးနေသည်။

“သူ သက်သာနေပြီ မဟုတ်လား ဆရာ” သူ့ဇနီးက စုံစမ်းလိုက်သည်။

“အင်း။ အခုလောက်နဲ့တော့ ဘာမှ မပြောနိုင်သေးဘူး”

နေ့လယ် မွန်းတည့်ချိန်တွင် လူမမာ၏ အဖျားဒီဂရီသည် ဖြုန်းခနဲ တစ်ရာ့လေးအထိ ခုန်တက်သွားပြီး တစ်ချိန်လုံး ကယောင်ကတမ်းဖြစ်ကာ အန်ပြန်လေတော့သည်။ လည်ပင်းက အကျိတ်များမှာလည်း အထိပင် မခံနိုင်အောင် နာကျင်လျက် အဖိုးကြီးမှာ သူ၏ဦးခေါင်းကို ကိုယ်နှင့် ဝေးနိုင်သမျှဝေးအောင် ဆန့်ထုတ်ထားရန် အားထုတ်နေသကဲ့သို့ ရှိလေသည်။ သူ့ဇနီးမှာလည်း ကုတင်ခြေရင်းတွင် ထိုင်လျက် အိပ်ရာဖုံးပေါ်မှနေ၍ သူ့ခြေများကို ခပ်ဖွဖွ ဆုပ်နယ်ပေးနေရင်းက ဆရာဝန်အား အသနားခံသည့် မျက်နှာဖြင့် ငေးစိုက်ကြည့်နေလေသည်။

ဆရာဝန်က “ဒီမယ်။ ကျွန်တော်တို့ သူ့ကို ဆေးရုံကြီးပို့ပြီး အထူးကုသမှု ယူကြည့်ရမယ်။ ကျွန်တော် လူနာတင်ကားကို ဖုန်းဆက်ခေါ်လိုက်ဦးမယ်” ဟု ဆိုလိုက်၏။

ထို့နောက် နှစ်နာရီအကြာတွင် ဆရာဝန်နှင့် မဒမ်မီရှယ်တို့သည် လူနာအား စောင့်ရှောက်လျက် ဆေးရုံကားကြီးနှင့် လိုက်ပါလာခဲ့ ကြလေသည်။ လူမမာ၏ အဖျားရှိန်ကြောင့် တက်သော အပုပ်ညှီများ ကပ်လျက် ဟနေသည့် ပါးစပ်မှ ဗလုံးဗထွေး စကားပြောလျက်ရှိ၏။ သူအထပ်ထပ် ပြောနေသည်မှာ “ဒီကြွက်တွေ၊ သေခြင်းဆိုးမ ကြွက်တွေ” ဟူ၍ ဖြစ်၏။ သူ၏ မျက်နှာမှာ ပြာရာမှ မှိုင်း၊ မှိုင်းရာမှ စိမ်းကာ နှုတ်ခမ်းများမှာ သွေးမရှိတော့။ အသက်ရှူလည်း မမှန်တော့။ သူ၏ လက်ခြေတို့မှာလည်း အကျိတ်အဖုများဖြင့် လေးဘက်လေးတန်ပစ်လျက် အိပ်ရာထဲတွင်ပင် နစ်ဝင်တော့မည်ကဲ့သို့၊ ယမမင်း၏ အမိန့်သံကို နာခံလိုက်ရဘိသို့၊

မမြင်နိုင်သော အရာတစ်ခုခုက သူ့အား ဖိညှစ်၍ ထားသကဲ့သို့ မွန်းကျပ်၍ နေလေသည်။ သူ့ဇနီးမှာ ငိုရှိုက်လျက် ရှိသည်။

"မျှော်လင့်ချက်ကလေးများ မရှိတော့ဘူးလား ဆရာရယ်"

"သူ သေသွားပြီခင်ဗျာ"

* * *

မွန်ဆီယာမီရှယ် ကွယ်လွန်ခြင်းသည် သို့လောသို့လော တွေးတောစရာ နိမိတ်လက္ခဏာများဖြင့် ပြီးသည့် ပထမပိုင်း၏ အဆုံးဖြစ်ပြီး စောစောက ဘာမှန်း ဘာမှန်းမသိအောင် ဖြစ်ခဲ့ရရာမှ ယခုအခါ ထိတ်လန့်တုန်လှုပ်ရပြီ ဖြစ်၍ ယခင်ကထက် ပိုမို စိတ်ပင်ပန်းကြရသော ဒုတိယပိုင်း၏အစ ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ နောက်တွင် ဆက်တိုက်ဖြစ်လာသော ဖြစ်ရပ်များကို ထောက်ရှုပြီး ပထမပိုင်း ဖြစ်ရပ်များကို ပြန်လည် သုံးသပ်သောအခါ ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် ထူးဆန်းသော ရောဂါဝေဒနာမျိုးဖြင့် နေ့ခင်းကြောင်တောင်မှာပင် ကြွက်များ အစုလိုက်အပုံလိုက် သေခြင်း၊ တံခါးစောင့်များသေခြင်း စသည့် မဖွယ်မရာ အဖြစ်မျိုးကို ဤမြို့ကလေးမျိုးတွင် ဖြစ်လိမ့်မည်ဟူ၍ အိပ်မက်မျှပင် မမက်ခဲ့ကြဘူးကြောင်း ယခုမှ သိကြရသည်။ ဤအချက်တွင် သူတို့ မှားသွားသဖြင့် သူတို့၏ အမြင်များကို ပြန်လည်သုံးသပ်ရန် လိုအပ်လာသည်။ သို့တိုင်အောင် ယခုဖြစ်ရပ်များသည် ယခုလောက်သာဖြစ်ပြီး ဆက်မဖြစ်တော့ဘူးဆိုလျှင် ခါတိုင်းလိုပင် အသားကျနေသော နေမှုထိုင်မှုက ဖုံးလွှမ်းကာ မေ့မေ့ပျောက်ပျောက် ဖြစ်သွားမည်သာ ဖြစ်သည်။ သို့ရာတွင် လူ့အဖွဲ့အစည်းမှ အစေ အပါး ဆင်းရဲသားများချည်း မဟုတ်သော အခြားလူများသည် မွန်ဆီယာမီရှယ်ကြီးဆီ သွားရာလမ်းသို့ လိုက်သွားကြရပြန်သည်။ ဤအချိန်တွင်ပင် အကြောက်တရားသည် လည်းကောင်း၊ အကြောက်တရားနှင့်အတူ အရေးတကြီး တွေးတော စဉ်းစားမှုများသည် လည်းကောင်း စတင်ခဲ့လေတော့သည်။

သို့ရာတွင် ထိုဒုတိယပိုင်း၏ အသေးစိတ်များကို မဖော်ပြမီ ယခုဆိုခဲ့ပြီးသော ကာလအပိုင်းက အခြားသော မျက်မြင်သက်သေ တစ်ယောက်၏ အမြင်ကိုလည်း တင်ပြလိုပါသေးသည်။ ဤမှတ်တမ်းများ၏ အစတွင် ကျွန်ုပ်တို့ သိခဲ့ကြပြီဖြစ်သော ဝွါန်တာရိုသည် လွန်ခဲ့သည့် သီတင်းပတ် အတော်ကြာက အိုရန်မြို့သို့ ရောက်ရှိလာခဲ့ပြီး မြို့လယ်ရှိ ဟိုတယ်ကြီးတစ်ခုတွင် နေထိုင်လျက်ရှိသူ ဖြစ်၏။ သူ့တွင် ငွေကြေးပြည့်စုံဟန် ရှိသည်။ သူသည် မည်သည့် စီးပွားရေးအလုပ်မျိုးကိုမျှ မလုပ်ချေ။ သို့ရာတွင် သူ့အား ကျွန်ုပ်တို့အထဲတွင် တွေ့နေကျ မြင်နေကျ ဖြစ်လာသည့် တိုင်အောင် သူ ဘယ်အရပ်ကလာ၍ အိုရန်သို့ ဘာကိစ္စနှင့် ရောက်နေသည်ကို မည်သူမျှ မသိကြချေ။ သူ့အား လူအများ၏ အလယ်တွင် မကြာခဏ တွေ့ရတတ်ပြီး နွေဦးပေါက်လောက်ဆီတွင် နေ့စဉ်လိုလိုပင် ပင်လယ်ကမ်းခြေ တစ်နေရာမဟုတ် တစ်နေရာသို့ သွားရောက်လေ့ ရှိသည်။ သူရေကူးခြင်းကို နှစ်သက်သည်မှာ ထင်ရှားပါသည်။ သဘောကောင်းသည်။ ပြုံးရယ် လွယ်သည်။ သာမန် ပျော်ရွှင်မှုမျိုးစုံ၌ ဝါသနာစွဲဟန် ရှိသော်လည်း မဖြတ်နိုင်လောက်အောင် စွဲနေခြင်းမျိုးတော့ ဟုတ်ဟန်မတူ။ တကယ်က သူ၏

ရပ်သိရှာသိ အလေ့အကျင့်တစ်ခုမှာ ကျွန်ုပ်တို့၏ မြို့တွင် ပေါ်များလှသည့် စပိ၊ ကချေသည်များ၊ ဂီတပညာရှင်များ၏ အဖွဲ့အစည်း အပေါင်းအသင်းကို ပြုစုဖို့ပျိုးထောင်ခြင်းပင် ဖြစ်လေသည်။

သူ၏ မှတ်စုစာအုပ်များတွင် ကျွန်ုပ်တို့အားလုံး ဖြတ်သန်းလာခဲ့သော ထူးခြားသည့် စောစောပိုင်းနေ့များ အကြောင်း မှတ်တမ်းသဖွယ် ရေးသားထားချက်များ ပါဝင်သည်။ သို့ရာတွင် သူ၏မှတ်တမ်းမှာ ရေးရိုးရေးစဉ် မှတ်တမ်းမျိုး မဟုတ်။ ရေးသူကလည်း ပြည့်ပြည့်စုံစုံ ဖော်ပြခြင်း မပြုသဖြင့် ပထမသော် တာရိုသည် အဖြစ်အပျက်များနှင့် လူများကို ကြည့်ရှုရာတွင် မှန်ပြောင်းကို ပြောင်းပြန်လှည့်၍ ကြည့်သည့် အကျင့်များ ရှိလေသလားဟု ထင်ရတော့မည်ကဲ့သို့ ရှိသည်။ ထို ဗရုတ်ဗရက် ကာလများက ဖြစ်ရပ်များနှင့် ပတ်သက်၍ သူသည် ပုံမှန်သမိုင်းရေးဆရာများ ချန်လှပ်ထားခဲ့တတ်သည့် အချက်အလက်များကိုသာ ဖော်ပြသည်။ ကျွန်ုပ်တို့သည် ဤသို့သော သူ၏ ဝွကျကျစရိုက်ကို ကဲ့ရဲ့မိကြမည်သာ ဖြစ်ပြီး စိတ်မှမှန်ရဲ့လားဟု သံသယဖြစ်မိ ကြပေမည်။ သို့တစေလည်း အကျိုးသင့် အကြောင်းသင့် ရေးသားထားသည့် နေ့စဉ်မှတ်တမ်း သဖွယ်ဖြစ်သော ဤမှတ်စုစာအုပ်များသည် ဤကာလ အပိုင်းအခြားအတွက် သမိုင်းမှတ်တမ်း တင်မည့်သူအား အသေးအဖွဲ့ဟု ထင်ရသော်လည်း အရေးပါ အရာရောက်လှသည့် အသေးစိတ် အချက်အလက်များ ပေးထားသည် ဆိုသည်ကိုတော့ မငြင်းနိုင်။ ဤသို့သော ထူးခြားချက်ကပင်လျှင် စာဖတ်သူအား ဤပုဂ္ဂိုလ်ထူး၏ အပေါ်တွင် အပြစ်တင် မစောမိစေရန် တားမြစ်နိုင်လောက်ပေသည်။

ဂျွန်တာရို၏ အစောဆုံး မှတ်တမ်းများသည် သူ အိုရန်သို့ ရောက်လာသည့် အချိန်နှင့် တစ်ပြိုင်တည်း ဖြစ်လေသည်။ အစကတည်းကပင် သူသည် ဤမျှလောက် ပင်ကိုသဘာဝအတိုင်း အရုပ်ဆိုးလှသော မြို့တစ်မြို့ကို တွေ့ရှိရသည့်အတွက် မကျေနပ်စကောင်း ကျေနပ်နေသည့် အကြောင်းများကို တွေ့မြင်ရသည်။ ထိုမှတ်တမ်းများတွင် မြို့တော်ခန်းမ၌ အလှဆင်ထားသည့် ကြေးခြင်္သေ့ရုပ်ကြီး နှစ်ရုပ်ကို အနုစိတ် ခြယ်မှုန်းပြထားသည်။ သစ်ပင် မရှိသည်ကို လည်းကောင်း၊ လူရယ်စရာ မြို့ကွက်ချထားပုံကို လည်းကောင်း လျောက်ပတ်စွာ ဝေဖန်ထားသည်။ သူ၏ မှတ်တမ်းများကို ဟိုနားတစ်ကွက် သည်နားတစ်ကွက် ဓာတ်ရထားပေါ်၌ လည်းကောင်း၊ လမ်းများပေါ်၌ လည်းကောင်း သူ စားစွန်နားဖျား ကြားခဲ့ရသည့် အချီအချ ပြောစကားများ၏ တစ်စွန်းတစ်စတို့ဖြင့် တန်ဆာဆင်ထားသည်။ သူသည် ထိုစကားများ၏ အပေါ်တွင် မည်သို့မျှ ထင်မြင်ချက် ပေးလေ့မရှိသော်လည်း၊ ဓာတ်ရထားလက်မှတ်ရောင်း နှစ်ယောက် အပြန်အလှန် ပြောကြသည့် ကမ့်ဆိုသူ လူတစ်ယောက်၏ အကြောင်းတွင်တော့ အနည်းငယ် ပြောထားကြောင်း နောက်မှသိရ၏။

လက်မှတ်ရောင်းတစ်ယောက်က "ဟေ့။ မင်း ကမ့်ကို သိတယ်မဟုတ်လား" ဟု မေးလိုက်သည်။

"ဘယ် ကမ့်လဲ။ အရပ်ရှည်ရှည် ကျင်စွယ်မည်းမည်းနဲ့ လူဟာလား"

"သူပေါ့။ မီးရထားလမ်းမှူးလေ"

"အေး။ ဟုတ်ပြီ။ ငါ မှတ်မိပြီ"

"အေး။ သူ သေသွားပြီ"

"အို၊ ဘယ်တုန်းက သေတာလဲ"

"အဲဒီ ကြွက်တွေကိုစွ အပြီးမှာပေါ့"

"ဟာ မဟုတ်တာ။ ဘာရောဂါနဲ့ သေတာလဲ"

"အတိအကျတော့ မပြောနိုင်ဘူးကွ။ ဖျားတာ တစ်မျိုးပဲ။ တကယ်က သူဟာ ဘယ်တုန်းကမှ ကောင်းကောင်း ကျန်းမာတာ မဟုတ်ဘူးလို့ ဆိုရမှာပဲ။ ချိုင်းအောက်မှာ အနာတွေဖြစ်ပြီး ဒါတွေနဲ့ပဲ သေသွားတာလို့ ထင်ရတာပဲကွ"

"ဒါလည်းကွာ။ သူဟာ တခြားလူတွေနဲ့ ဒါလောက် ထူးခြားပုံမရပါဘူး"

"မင်း မသိလို့ကွ။ သူ့မှာ အဆုတ်အားနည်းတဲ့ရောဂါ ရှိရာမှာ မြို့တော် ဘင်ခရာအဖွဲ့မှာ သူက ကြေးခရာကြီး မှုတ်တယ်ကွ။ ခရာကြီးမှုတ်တာက အဆုတ်ကို သိပ်ထိခိုက်တာပေါ့"

"အေးပေါ့ကွာ။ အဆုတ်အားနည်းရင်တော့ အဲသလောက်ကြီးတဲ့ လေမှုတ် ကရိယာကြီးမျိုး မှုတ်လို့ ဘယ်ကောင်းနိုင်တော့မလဲ"

ဤ အချီအချ ပြောစကားများကို ရေးချပြီး တာရိုက ဆက်လက်၍ ကမ့်သည် မလုပ်သင့်သည်မှာ ထင်ရှားနေပါလျက် ဘယ်အတွက် ဘင်ခရာအဖွဲ့ သို့ ဝင်ရသည်ကို လည်းကောင်း၊ တနင်္ဂနွေနေ့ နံနက်များတွင် လမ်းမများတစ်လျှောက် တန်းစီ၍ တီးမှုတ်သွားဖို့အတွက် သူ့အဖို့ အသက်အန္တရာယ် ဖြစ်လွယ်သည့် အလုပ်မျိုးကို လုပ်မိလေအောင် မည်ကဲ့သို့သော သူ့အတွင်းစိတ်ဆန္ဒက နှိုးဆော်လေသနည်း ဆိုသည်ကိုလည်းကောင်း သုံးသပ်၍ ကြည့်ထားသည်။

တာရိုသည် သူ၏ပြတင်းနှင့် မျက်နှာချင်းဆိုင် အိမ်တစ်အိမ်၏ လေသာဆောင်၌ နေ့စဉ်တွေ့မြင်ရသည့် ဖြစ်ရပ်ကလေးတစ်ခုကို အတော် သဘောကျ နှစ်ခြိုက်သည်ဟု ကျွန်ုပ်တို့ မှန်းဆကြည့်ရသည်။ ဟိုတယ်မှ

သူ့အခန်းသည် လမ်းသွယ်ကလေးတစ်ခု ပေါ်သို့ မိုးလျက်ရှိပြီး နံရံအရိပ်များတွင် ကြောင်များ အမြဲပင် ရှိနေသည် ဆိုသည်။ နေ့စဉ် နေ့လယ်စာစားပြီး မကြာမီ လူများစုက အိမ်ထဲ၌ပင် တရေးတမော နားနေအိပ်စက်ချိန်တွင် သပ်သပ်ရပ်ရပ်ရှိသော ခပ်သေးသေး လူတစ်ယောက်သည် လမ်း၏ တစ်ဖက်၌ရှိသော လေလာဆောင်သို့ ထွက်လာတတ်သည်။ သူသည် စစ်သားဟန်ဖြင့် တောင့်တောင့်မတ်မတ် စစ်ဝတ်စစ်စားကို နှစ်သက်ဟန်ရှိ၏။ သူ၏ ဖြူဖွေးနေသော ဆံပင်ကို ပိနေအောင် ဖိ၍ဖီးထားသည်။ သူသည် လေသာဆောင်လက်ရန်းကို မှီ၍ ရှေ့သို့ ကိုင်းညွတ်လိုက်ပြီး၊ ချစ်ခင်ဟန်တွင် မာနသံနှောလျက် "ပူစီ ပူစီ" ဟု ခေါ်တတ်သည်။ ကြောင်များက သူ့အား အိပ်ချင်သည့် မျက်လုံးများဖြင့် ပုတ်ခတ်ပုတ်ခတ် မော့်ကြည့်ရုံကြည့်ပြီး နေရာက မရွေ့ကြ။ ထိုအခါ သူက စက္ကူစကလေးများကို အမြွာမြွာဆုတ်၍ လမ်းထဲသို့ ကြဲချလိုက်၏။ လေထဲတွင် လိပ်ပြာကလေးများ ပျံသလို တဖျတ်ဖျတ်လှုပ်ရင်း ဝဲကျလာသော အရာများကို မြင်မှ စိတ်ဝင်စားကာ ကြောင်များ ရှေ့သို့တိုးလာပြီး လေထဲ၌ စက္ကူစကလေးများ ကုန်သည်အထိ ရှေ့လက်နှစ်ဖက်ကို မြှောက်ယမ်းကာ ဖမ်းရန် အားထုတ်ကြသည်။ ထိုအခါ ထိုလူကြီးသည် သေသေချာချာချိန်၍ ကြောင်များကို တံတွေးဖြင့် လှမ်းထွေးလိုက်တတ်ပြီး သူ ထွေးလိုက်သည့် တံတွေးပေါက်က ကြောင်ကိုထိတိုင်း နှစ်ခြိုက်စွာ ပြုံးလိုက်တတ်သည်။

နောက်ဆုံးအနေဖြင့် တာရိသည် အသွင်အပြင်၊ လှုပ်ရှားမှုနှင့် ပျော်ရွှင်မှုများကိုပါ အရောင်းအဝယ် သဘောက ရှေ့ဆောင်ထားသည့် ဤမြို့ကလေး၏ စီးပွားရေးလက္ခဏာများကို အတော်ပင် စိတ်ဝင်စားမိဟန် တူပေသည်။ သူ၏ နေ့စဉ်မှတ်တမ်းများတွင် သုံးထားသည့် စကားအတိုင်း ဤ တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းမှုကလေးကိုပင် သူက ခံမင်နှစ်ခြိုက်နေဟန် တူသည်။ မှန်ပါသည်။ သူက နှစ်သက်လက်ခံကြောင်း ရေးထားသည့် မှတ်ချက်တစ်ခုကို "ဒီလိုမှပေါ့" ဟူသောစကားဖြင့် အဆုံးသတ်ထားသည်။

ဤကာလအပိုင်းအခြားနှင့် ပတ်သက်သည့် ကျွန်ုပ်တို့၏ ဧည့်သည်ကြီး ရေးသည့် မှတ်တမ်းများတွင် ဤစာပိုဒ်များလောက်သာ သူ၏ ပုဂ္ဂလိက အယူအဆပါဟန် တူပေသည်။ အမှတ်မဲ့ ဖတ်ရှုသွားသူသည် ဤအယူအဆ၏ အရေးပါပုံနှင့် နောက်ကွယ်က စိတ်ပါဝင်စားမှုတို့ကို သတိပြုမိလိမ့်မည် မဟုတ်ချေ။ ပုံစံအားဖြင့် ပြရသော်၊ ကြွက်သေတစ်ကောင် တွေ့ရှိရာမှ ဟိုတယ်ငွေကိုင်စာရင်း တစ်ချက် မှားယွင်းသွင်းမိပုံကို ဖော်ပြပြီးနောက်တွင် တာရိ ဆက်လက်ရေးသွင်း ထားသည်မှာ "မေး။ ။ အချိန်ကို မဖြုန်းမိအောင် မည်သို့ ဖန်တီးမည်နည်း။ ဖြေ။ ။ တစ်ချိန်လုံး သိနေအောင် လုပ်ရမည်။ ယင်းသို့ သိနေအောင် လုပ်နိုင်သည့် နည်းများ၊ သွားဆရာဝန်၏ ဧည့်ခန်းရှိ ထိုင်၍ အလွန်မကောင်းသော ကုလားထိုင် တစ်လုံးတွင်

တစ်နေ့လုံး ထိုင်စောင့်ခြင်း၊ တနင်္ဂနွေနေ့ ညနေတစ်ပိုင်းလုံး မိမိ၏ လေသာဆောင်၌သာ နေခြင်း၊ မိမိ မတတ်ကျွမ်းသော ဘာသာစကားဖြင့် ပောပြောချက်များကို နားထောင်ခြင်း၊ မီးရထားဖြင့် အရှည်ဆုံးခရီးကို တစ်လမ်းလုံး မတ်တတ်ရပ်လျက် ကသိကအောက် အဖြစ်ဆုံး အနေအထားဖြင့် သွားခြင်း၊ ရုပ်ရှင်ရုံ လက်မှတ်ပေါက်၌ တန်းစီပြီး လက်မှတ်မဝယ်ဘဲ နေခြင်း… စသည်”

ထို့နောက် ဤထူးဆန်းသော အတွေးနှင့်အရေးများ၏ နောက်တွင် ကပ်လျက်၊ ဤမြို့၏ ဓာတ်ရထားများအကြောင်း အသေးစိတ် ဖော်ပြချက်များကို ဖတ်ကြရသည်။ ဓာတ်ရထားတွဲများ တည်ဆောက်ထားပုံ၊ အရောင်မသဲကွဲပုံ၊ တွဲတိုင်းပင် ညစ်ပတ်နေပုံတို့ကို ဖော်ပြပြီး သူ၏တွေ့ရှိချက်များကို “အလွန် ဆန်းသည်” ဟု အဆုံးသတ်ထားသည်။ ဘာကိုမျှ အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိ။

ဤကား ကြွက်များ သေသည့်အခင်းနှင့် ပတ်သက်၍ တာရို၏ မှတ်ချက်များအတွက် နိဒါန်းသွယ်ခြင်းပေတည်း။

“ယနေ့ မျက်နှာချင်းဆိုင်ဘက်က အဖိုးအိုကလေး အတော် စိတ်တိုင်းမကျ ဖြစ်နေသည်။ ကြောင်များ မရှိတော့။ လမ်းဘေးတစ်လျှောက် စီတန်းနေသော ကြွက်သေများကိုမြင်လျှင် ကြောင်တို့၏ မုဆိုးသဘာဝ နိုးထလာတန်ရာသည်။ သို့ရာတွင် သူတို့အားလုံး ပျောက်သွားကြသည်။ ကျွန်ုပ်အထင် သူတို့သည် ကြွက်သေများကို စားရိုးမရှိ၊ ကျွန်ုပ်၏ ကြောင်များသည် အသေကောင်များကို တွေ့လျှင် သူတို့၏ နှာခေါင်းများကို အပေါ်သို့ မော့်ထားတတ်ကြသည်ကို ကျွန်ုပ် မှတ်မိသည်။ သို့သော် သူတို့သည် မြေတိုက်ခန်းများတွင် ကြွက် လိုက်ခုတ်နေကြပြီလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အဖိုးအိုကလေး စိတ်တိုင်းမကျ ဖြစ်ရသည်။ သူ၏ဆံပင်မှာ ခါတိုင်းလို ပိပိရိရိ ဖီးမထား။ သူ့မှာလည်း ခါတိုင်းလောက် ဖျတ်ဖျတ်လတ်လတ် မရှိလှ။ စစ်သားနှင့်လည်း မတူလှ။ သူ့မှာ စိတ်သောက ဖြစ်နေရသည်ကို မြင်နိုင်သည်။ အတန်ငယ် ကြာသော် သူသည် အခန်းထဲသို့ ပြန်ဝင်သွားသည်။ မဝင်မီ သူသည် လေထဲသို့ တံတွေ ထွေးထည့်သွားသေး၏။

“ယနေ့ မြို့ထဲ၌ ဓာတ်ရထားတစ်စင်းပေါ်၌ ကြွက်သေတစ်ကောင် တွေ့သောကြောင့် ယင်းဓာတ်ရထား ရပ်လိုက်ရသည်။ (မေး။ ။ ကြွက်သေက ဘယ်လိုလုပ်ပြီး ဓာတ်ရထားပေါ် ရောက်လာရသနည်း။) မိန်းမ နှစ်ယောက် သုံးယောက် မဆိုင်းမတွပင် ဆင်းသွားကြသည်။ ကြွက်သေကို လွှင့်ပစ်လိုက်ကြပြီး ဓာတ်ရထားလည်း ဆက်ထွက်သွား၏။

“ချင့်ချိန်ဉာဏ်ရှိသူ တစ်ယောက်ဖြစ်သော ဟိုတယ် ညအလုပ်သမားက ကျွန်ုပ်အား ဤကြွက်များသည် ဒုက္ခတစ်ခုခု လာတော့မည့်နိမိတ် ဖြစ်သည်ဟု ပြောသည်။ “လူတွေ ဘာပြောကြလဲ သိလားဆရာ။ ကြွက်တွေဟာ သင်္ဘောတစ်စင်းက

ခွာကြပြီဆိုရင်” ဟု သူက ပြောလျှင်၊ ကျွန်ုပ်က “ဒါက သဘော်တွေအတွက်တော့ ဟုတ်တာပေါ့။ ဒါပေမယ့် မြို့တွေအတွက်တော့ ဘာမှ ထင်ရှားအောင် ပြထားတာ မရှိသေးပါဘူး” ဟု ပြောပါသည်။ သို့သော် သူကတော့ မလျှော့ပါ။ ကျွန်ုပ်က မည်ကဲ့သို့သော ဒုက္ခမျိုးကို မျှော်လင့်ရသနည်းဟု မေးလျှင် သူက မပြောနိုင်ပါ၊ ဘေးဒုက္ခ အပျက်အစီးတို့မည်သည် မိုးပေါ်က ကျလာသလို လာတတ်သည်။ သို့ရာတွင် ယခုအခါ လျှောက်ကြီး လုပ်မည်ဆိုလျှင် သူ အံ့သြမည်မဟုတ်ဟု ဆိုသည်။ ကျွန်ုပ်က ဖြစ်နိုင်ပါသည်ဟု ဝန်ခံသည်၊ ဤတွင် သူက ကျွန်ုပ်အား ဤသို့ ဖြစ်မည်ဆိုလျှင် ကျွန်ုပ် ထိတ်လန့်ခြင်း မဖြစ်ဘူးလားဟု မေးပြန်၏။

“ကျုပ် စိတ်ဝင်စားတာက စိတ်အေးချမ်းသာ ရှိဖို့ပဲ” ဟု ပြန်ပြောလိုက်ရပါသည်။

သူသည် ကျွန်ုပ်အား ကောင်းစွာ နားလည်လေသည်။

ဟိုတယ်သို့ ထမင်းလာစားလေ့ရှိသော မိသားစု တစ်ခုကိုလည်း ကျွန်ုပ် အတော်ပင် စိတ်ဝင်စားမိပါသည်။ အိမ်ထောင်ဦးစီး ဖခင်ဖြစ်သူသည် အရပ်မြင့်မြင့် ပိန်ပိန် လူတစ်ယောက် ဖြစ်ပြီး၊ အမြဲတမ်း ဝတ်စုံအနက်ဝတ်ကာ ကော်တင်ထားသည့် ကော်လာအမာ တပ်ထားသည်။ သူ၏ထိပ်မှာ ပြောင်လျှက် နားပန်းတစ်ဖက်တစ်ချက်၌ ဆံဖြူဖုတ်ကလေး နှစ်ဖုတ် ရှိသည်။ သေးငယ်ကြောင်စီသော မျက်လုံးအစုံ၊ နှာရိုးနှာတံသေးသေး၊ မာကျောဖြောင့်တန်းသော ပါးစပ်တို့ကြောင့် သူသည် စည်းကမ်းရှိသော လူပိတ်တုံးတစ်ယောက်နှင့် တူနေသည်။ အမြဲပင် စားသောက်ဆိုင်ခန်း တံခါးဝသို့ သူက အဦးဆုံးရောက်ပြီး ကြွက်မည်းကလေးလို ခပ်သေးသေးဖြစ်သော သူ့ဇနီးဝင်ရန် လမ်းဖယ်ပေးလေ့ ရှိသည်။ သူ့ဇနီးဝင်ပြီးမှ သူနှင့်အတူ ဆပ်ကပ်ထဲက ခွေးလိမ္မာကလေးများလို ဝတ်ဆင်ထားသည့် သူ့သားငယ်တစ်ယောက်၊ သမီးတစ်ယောက်တို့ ဝင်၍ လိုက်လာကြသည်။ စားပွဲသို့ရောက်လျှင် သူ့ဇနီးထိုင်ပြီးသည် အထိ သူက မတ်တပ်ရပ်၍ စောင့်သည်။ ထို့နောက်တွင်မှ ခွေးလိမ္မာကလေး နှစ်ကောင်က သူတို့ ကုလားထိုင်များတွင် ဝင်ထိုင်ကြရသည်။ သူသည် သူ၏ မိသားစုအား အချစ်အခင်စကားများ မပြော။ သူ့ဇနီးအား ယဉ်ကျေးသည့် စကားများဖြင့် ရန်တွေ့သလို ပြောတတ်သည်။ ကလေးများအား အပြစ်တင်တတ်သည်။

“နီကိုလာ။ ကောင်းကောင်းနေစမ်း။ မရှက်ဘူးလား” မိန်းကလေးမှာ မျက်ရည်များ ဝဲလာသည်။ သည်လိုပဲ ဖြစ်ရမည်။

ဤနံနက်တွင် ကောင်ကလေးသည် ကြွက်များအကြောင်းနှင့် အကြီးအကျယ် စိတ်လှုပ်ရှားလျက် ရှိသဖြင့် ယင်းတို့အကြောင်း စ၍ ပြောလေသည်။

“ဖစ်လစ်။ စားရင်းသောက်ရင်း ကြွက်အကြောင်း မပြောရဘူး။ နောက်ကို ဒီစကားမျိုး မပြောဖို့ တားမြစ်တယ်။ နားလည်လား”

“မင့်အဖေ ပြောတာ ဟုတ်တယ်” ဟု ကြွက်မကြီးက ထောက်ခံလိုက်သည်။

“ခွေးလိမ္မာကလေး နှစ်ကောင်မှာ အစားကိုသာ ငုံ့၍ စားနေကြတော့သည်။ ဤတွင်မှ လူ့ပိတ်တုံးကြီးက ဝတ်ကျေတန်းကျေ ခေါင်းညိတ်ပြပြီး ကျေးဇူးတင်လိုက်သည်။

ဤမိသားစုမှာ စံနမူနာယူလောက်သည် မှန်ငြားလည်း၊ မြို့ထဲရှိလူတိုင်းကမူ ကြွက်များအကြောင်းကိုသာ ပြောဆိုနေကြပြီး၊ ဒေသန္တရ သတင်းစာကလည်း ပါဝင်လာသည်။ ခါတိုင်း မြို့တော်နှင့်ဆိုင်သည့် ကော်လံများမှာ သတင်းအမျိုးစုံ ပါလေ့ရှိသော်လည်း ယခုမူ ဒေသန္တရ အာဏာပိုင်များကို တိုက်ခိုက်သည့် စစ်ဆင်ရေး ဆောင်းပါးများဖြင့်သာ ပြည့်လျှက်ရှိသည်။ ”ပုပ်ပွနေသော ဤကြွက်သေကောင်များသည် မြို့လူထုအား ကြီးစွာသောအန္တရာယ် ဖြစ်စေသည်ကို မြို့တော်စီမံကွပ်ကဲရေး၌ တာဝန်ရှိသူများ သတိပြုမိကြပါသလား” ဟိုတယ်မန်နေဂျာမှာ အခြား ဘာစကားမှ မပြောနိုင်။ သို့ရာတွင် သူ့မှာ ပထမတန်းစား (ကြယ်သုံးပွင့်) ပုဂ္ဂလိက မကျေနပ်ချက်ကလေးလည်း ရှိသည်။ “ပထမတန်း ဟိုတယ်ကြီးတစ်ခု၏ ဓာတ်လှေကားထဲတွင် ကြွက်သေတွေ့မှတော့ အားလုံး ပျက်ပြီ” ဟု သူက ဆိုသည်။ ကျွန်ုပ်က သူ့အား နှစ်သိမ့်လို၍ “ဒါပေမယ့်ဗျာ၊ အခု လူတိုင်းလူတိုင်းဟာ အတူတူပါပဲ” ဟု ပြောပါသည်။

သူက “အဲဒါပေါ့။ ကျွန်တော်တို့လည်း အခု လူတိုင်းလို ဖြစ်သွားပြီပေါ့” ဟု ဆိုပါသည်။

ကျွန်ုပ်အား လူအများအား အထိတ်အလန့် ဖြစ်စေသည့် ဤ အဖျားရောဂါဆန်း တစ်မျိုး၏အကြောင်း စပြောသူမှာ သူပင် ဖြစ်သည်။ သူ၏ ဟိုတယ်မှ အစေခံမတစ်ယောက် ဤရောဂါဖြစ်သည်ဟု ဆိုသည်။

“ဒါပေမယ့် ဒါဟာ ကူးတော့ မကူးပါဘူး ထင်ပါတယ်ဗျာ” ဟု ခပ်သွက်သွက် ပြောလိုက်ပါသည်။

ကျွန်ုပ်က ကျွန်ုပ်အဖို့လည်း အတူတူပါပဲဟု ပြောပါသည်။

“အား၊ ကျွန်တော် ဆရာ့ကို နားလည်ပါပြီ။ ဆရာလည်းပဲ ကျွန်တော့်လိုပဲ။ ဆရာဟာ ကံယုံသမားပဲ”

ကျွန်ုပ် ဤသို့သော စကားမျိုးကို မပြောခဲ့မိပါ။ ထို့အပြင်လည်း ကျွန်ုပ်သည် ကံယုံသမား မဟုတ်ပါ။ ကျွန်ုပ်က သူ့အား ဤအတိုင်း ပြောလိုက်ရ သည်။

ဤနေရာမှစ၍ နောက်ပိုင်းတွင် တာရီ၏ ရေးသွင်းချက်များသည် လူအများ၌ စိုးရိမ်ပူပန်မှု များစွာ ဖြစ်ရစေသည့် ဤထူးဆန်းသော အဖျားရောဂါအကြောင်း အသေးစိတ် ဖော်ပြချက်များ ဖြစ်လေသည်။ အဖိုးကြီးအိုကလေး၏ အကြောင်းနှင့် ပတ်သက်၍ ကြွက်များ ထွက်မလာကြတော့သည်တွင် သူ၏ ကြောင်ပစ်ကွင်းများ ပြန်ရောက်လာကြပြီ ဖြစ်သောကြောင့် အဖိုးကြီးအိုကလေး သူ၏ တံတွေးပစ်ခြင်းကို ကောင်းစွာ အားထုတ်လေ့ကျင့်နေပြီ ဖြစ်ကြောင်း ရေးသား၍ အပြီးတွင် တာရိက ထိုအဖျားရောဂါမျိုး ဖြစ်နေသူ တစ်ဒါဇင်ခန့် ရှိကြောင်း သိရပြီး၊ အားလုံးလိုလိုပင် သေဆုံးသည်ဟု ဆက်လက် ရေးသားထားသည်။

ဤမှ နောက်ပိုင်း ပြန်ပြောပြချက်များကို ကောင်းစွာ သိမြင်နိုင်စေခြင်းငှာ ဒေါက်တာရေးအကြောင်း တာရို၏ ဖော်ပြချက်ကို ဤနေရာတွင် အလျဉ်းသင့်၍ ထည့်သွင်းလိုက်ပါသည်။ ယင်းဖော်ပြချက်သည် ဤအကြောင်းများကို ပြန်ပြောသူ ဉာဏ်မှီသမျှ ပြောရလျှင် အတော်ပင် တိကျမှန်ကန်ပါသည်။

"အသက် သုံးဆယ့်ငါးနှစ်ခန့်၊ အရပ် မနိမ့်မမြင့်၊ ပခုံးကျယ်ကျယ်၊ မျက်နှာပြန့်ပြန့်၊ နှာခေါင်းပွပွ၊ ပုံပန်းကျကျ၊ ဆံပင်နက်နက်ကို ခပ်ပါးပါး ညှပ်ထားသည်။ ပါးစပ် ခပ်ကွေးကွေး၊ နှုတ်ခမ်း ထူထူစေ့စေ့၊ အသား ညိုညို၊ လက်မောင်းနှင့် လက်ဖမိုးပေါ်တွင် မွေးညှင်းမည်းများ၊ မည်းမှောင်သော်လည်း သူနှင့်လိုက်သည့်ဝတ်စုံကို အမြဲဝတ်သည်။ ဆီစလီကျွန်းမှ တောသားကြီးတစ်ယောက်နှင့် တူသည်။

"သူ လမ်းလျှောက် မြန်သည်။ လမ်းဖြတ်ကူးသောအခါ လမ်းဘေးစင်္ကြံမှ အဆင်းတွင် ခြေလှမ်းမပြင်ဘဲ ဆင်းသည်။ သို့သော် အခြားတစ်ဖက် စင်္ကြံသို့ တက်သောအခါ သုံးကြိမ်လျှင် နှစ်ကြိမ်မျှ မသိမသာ ခုန်၍တက်သည်။ သူသည် မေ့တတ်သည်။ ကားကို ကွေ့ချိုးပြီးသည့်တိုင်အောင် အချက်ပြမီးကို မပိတ်ဘဲ ထားတတ်သည်။ ဘယ်တော့မှ ဦးထုပ်မဆောင်း။ ဉာဏ်ရှိပုံ ရသည်။"

* * *

တာရှိ၏ ကိန်းဂဏန်းများ မှန်ကန်ပေသည်။ ဒေါက်တာရေးသည် အခြေအနေများ အရေးကြီးလာပြီ ဆိုသည်ကို ကောင်းစွာ သတိပြုမိပေသည်။ တံခါးစောင့်၏ အလောင်းကို သီးခြားခွဲထားရန် စီမံပြီးနောက် ဒေါက်တာရစ်ချတ်ထံ တယ်လီဖုန်းဆက်၍ ဤ ပေါင်ခြံအကျိတ်ရောင်သည့် အဖျားရောဂါများနှင့် ပတ်သက်၍ သူ မည်သို့နားလည်သည်ကို မေးသည်။

ရစ်ချတ်က "ကျုပ်တော့ ဘာမှ နားမလည်ပါဘူး" ဟု ဝန်ခံသည်။ ထို့နောက် "နှစ်ယောက် သေတယ်ဗျ။ တစ်ယောက်က လေးဆယ့်ရှစ်နာရီအတွင်း သေတယ်။ နောက်တစ်ယောက်က သုံးရက်အတွင်း သေတယ်။ ဒုတိယလူနာက ဒုတိယနေ့မှာ ကျုပ်သွားကြည့်တော့ နာလန်ထတော့မယ့် လက္ခဏာတွေ အားလုံး တွေ့ရတယ်" ဟု ဆက်ပြောသည်။

ရေးက "တခြား လူနာတွေရှိရင်လည်း ပြောပါဦး" ဟု ပြောလိုက်၏။ ထို့နောက် အခြား လုပ်ဖော်ကိုင်ဖက်များ ထံသို့ တယ်လီဖုန်း ဆက်ပြန်သည်။ ဤသို့ ဟိုမေးသည်မေး မေးရာမှ လွန်ခဲ့သည့် ရက်အနည်းငယ် အတွင်းမှာပင် ထိုရောဂါမျိုးဖြစ်သူ နှစ်ဆယ်မျှ ရှိသည်ကို သိရ၏။ အားလုံးလိုလိုပင် သေဆုံးသွားသည်။ ဤတွင် ရေးသည် ဒေသန္တရ ဆေးပညာအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာရစ်ချတ်အား နောက်ထပ် ဖြစ်ပွားသူများအား သီးခြားအဆောင်များ ခွဲထားရန် အကြံပေးလိုက်သည်။

ရစ်ချတ်က "အဲဗျာ၊ ဒါပေမယ့် အဲ့ဒါကို ကျုပ်အနေနဲ့ ဘာမှ မလုပ်နိုင် ဘူးဗျ။ အဲသလိုလုပ်ဖို့ အမိန့်ကို ဘုရင်ခံကမှ ထုတ်နိုင်တယ်။ ဘယ်လိုမဆိုလေ။ ခင်ဗျာ့မှာ အဲဒီရောဂါဟာ ကူးစက်တတ်တယ်လို့ ထင်ရလောက်အောင် ဘာအကြောင်းများ ရှိလဲ" ဟု မေးသည်။

"ဘာအကြောင်း ရှိလို့ရယ်တော့ မဟုတ်ဘူးဗျ။ ဒါပေမယ့် ရောဂါလက္ခဏာတွေကတော့ ထိတ်လန့်စရာပဲ"

သို့ရာတွင် ရစ်ချတ်က ဤကိစ္စမျိုးမှာ သူ့အာဏာပိုင်နက်၏ အပြင်ဘက်မှာသာ ဖြစ်ကြောင်း ထပ်ပြောသည်။ သူ့အနေဖြင့် အတတ်နိုင်ဆုံးမှာ ဤကိစ္စကို ဘုရင်ခံထံ တင်ပြရန်သာဖြစ်သည်။

ဤသို့ ပြောဆိုလျက် ရှိကြစဉ်တွင် ရာသီဥတုသည် ဆိုးဝါး၍ လာခဲ့လေသည်။ မွန်ဆီယာမီရှယ်ကြီး သေဆုံးပြီး နောက်တစ်ရက်တွင် တစ်မိုးလုံး အုံ့ဆိုင်းလာကာ ဝေါခနဲ ဝေါခနဲ မိုးပေါက်ဆိန်များ ရွာချလိုက်ပြီး မိုး တစ်ချီနှင့်တစ်ချီ အကြားတွင်

အုံ့အိုက်စိုထိုင်းလျက် ရှိသည်။ ပင်လယ်မျက်နှာပြင်သည်လည်း အသွင်ပြောင်းကာ မိုးသားများတက်၍ အလာတွင် ပင်လယ်ပြာ၏ ကြည်လင်ခြင်း ပျောက်သွားပြီး၊ ကြည့်သူ၏ မျက်စိကို ကျိန်းစပ်စေသော သံမဏိရောင် ရောင်ပြန်များသာ ဟပ်လျက်ရှိသည်။ နွေဦးရာသီ၏ စွတ်စိုထိုင်းမှိုင်းသော အပူရှိန်ထဲမှနေ၍ နွေရာသီ၏ ခြောက်သွေ့သန့်ရှင်းသော အပူကို တောင့်တနေကြ ရပြန်သည်။ တောင်ကလပ်ပေါ်တွင် ပက်ကျိခရုလို ခပ်ကုန်းကုန်းကလေး တည်နေကာ အဘက်ဘက်၌လိုလို ပင်လယ်ကို ကွယ်ထားသည့် ဤမြို့ကလေးမှာ ပျင်းရိငြီးငွေ့စရာ ဖြစ်နေတော့သည်။ ထုံးဖြူသုတ်နံရံများ အတန်းလိုက် အတန်းလိုက် ရစ်ဝန်းပိတ်ဆို့လျက် ဖုံထူသော ဆိုင်တန်းများ၏ အကြား၌ လမ်းလျှောက်ရခြင်း၊ ညစ်ပတ်ပေရေနေသော ဓာတ်စကားများကို စီးနင်းသွားရခြင်းတို့သည် ရာသီဥတု မကောင်းသည့်အခါ ထောင်ချောက်၌ ပိတ်လှောင်ထားသလို ရှိသည်။ သို့ရာတွင် ဒေါက်တာရေး၏ လူနာ စပိန်ကြီးမှာကား ဤသို့ မဟုတ်ချေ။ သူကမူ ဤရာသီဥတုမျိုးကို ဝမ်းပန်းတသာ ကြိုဆိုလေသည်။

သူက "ပြုတ်ထားသလိုပဲဗျ။ ပန်းနာသည်အဖို့တော့ အတော်ပဲဗျာ" ဟု ဆိုသည်။

ပြုတ်ထားသလိုရှိသည်မှာ မှန်ပါသည်။ သို့သော် အဖျားတက်သလို ပူကျက်နေတာမျိုးလည်း ဖြစ်သည်။ တကယ်ပင် တစ်မြို့လုံးမှာ အဖျားတက်လျက် ရှိသည်။ မည်သို့ရှိသည် ဖြစ်စေ၊ ကော့တတ် မိမိကိုယ်မိမိ သေကြောင်းကြံမှုအတွက် စုံစမ်းစစ်ဆေးရေး ကိစ္စနှင့် ဖေ့ဒဘားလမ်းသို့ ကားမောင်း၍ လာခဲ့စဉ်တွင် ဒေါက်တာရေး၏ ခေါင်းထဲက ဖယ်ထုတ်၍ မရနိုင်သော အယူအဆကတော့ ဤသို့သာ ဖြစ်လေသည်။ ဤအတွေးသည် ယုတ္တိမတန်သည်ကို သူ သိပါသည်။ သူ အလုပ်ပင်ပန်းလွန်းခြင်းကြောင့်ဟု သူက ယူဆသည်။ ယခုပင် သူ့မှာ သောကအပြည့်နှင့် ဖြစ်သည်။ အလုပ်ကို ခေတ္တရပ်နားပြီး စိတ်ငြိမ်သွားအောင် လုပ်ဖို့ အချိန်တော်ပြီ။

သူ ရောက်သွားတော့ ပုလိပ်အင်စပက်တော် မရောက်သေးသည်ကို တွေ့ရသည်။ လှေကားတက်တွင် တွေ့ရသော ဂရန်းက သူ့အိမ်မှနေ၍ တံခါးဖွင့်ထားပြီး ထိုင်စောင့်ဖို့ အကြံပြုသည်။ စည်ပင်သာယာ စာရေးကြီး၏ အိမ်မှာ အခန်းနှစ်ခန်းရှိ၍ နှစ်ခန်းစလုံးမှာပင် ပရိဘောဂ အနည်းငယ်စီသာ ရှိသည်။ ကြည့်စရာဆို၍ အဘိဓာန်နှစ်အုပ်သုံးအုပ် တင်ထားသော စာအုပ်စင်တစ်ခုနှင့် တစ်ပိုင်းပျက်နေသည့် ပန်းစုံပေါ်ရာရိပ်သာလမ်း ဟူသော စာလုံးများရှိသည့် သင်ပုန်းကြီးတစ်ခုတို့သာ ရှိသည်။

ဂရန်းက ကော့တတ် လွန်ခဲ့သည့်ညက ကောင်းစွာအိပ်သည်ဟု ဆရာဝန်အား ပြောပြသည်။ သို့ရာတွင် သူသည် ယခုနံနက်တွင်တော့ ခေါင်းကိုက်နေပြီး

စိတ်အားငယ်နေသည်ဟု ဆို၏။ ဂရန်းမှာလည်း ပင်ပန်းနွမ်းနယ်ဟန် ရှိသည်။ သူသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းက စားပွဲပေါ်ရှိ စာရွက်များဖြင့် ပြည့်သိပ်နေသည့် လက်ဆွဲအိတ်ပြား တစ်ခုကို ဖွင့်လိုက် ပြန်ပိတ်လိုက် လုပ်နေလေ၏။

ထိုအခိုက်အတန့်၌ သူ ကော့တတ်ကို သိပ်မသိ။ သို့သော် သူ့မှာ ကိုယ်ပိုင်ဝင်ငွေ အနည်းအကျဉ်းတော့ ရှိသည်ဟု ယုံကြည်ကြောင်း၊ ကော့တတ်သည် ထူးဆန်းသောလူ ဖြစ်ကြောင်း၊ သူတို့သည် ကာလကြာမြင့်စွာပင် လှေကား အတက်အဆင်း တွေ့သည့်အခါလောက်သာ မေးထူးခေါ်ပြော နှုတ်ဆက်ရုံမျှလောက်သာ ဆက်ဆံ၍ နေခဲ့ကြကြောင်း ဆရာဝန်အား ပြောပြနေလေ၏။

“ကျွန်တော် သူနဲ့ နှစ်ခါပဲ စကားပြောဖူးပါတယ်။ လွန်ခဲ့တဲ့ လေးငါးရက်ဆီက လှေကားထက်မှာ ကျွန်တော်ယူလာတဲ့ ရောင်စုံမြေဖြူဗူးတစ်ဗူး မှောက်ကျတယ်။ အပြာရောင်နဲ့ အနီရောင်တွေပေါ့။ အဲဒီအချိန်မှာ ကော့တတ်က သူ့အခန်းထဲက ထွက်လာပြီး ကျွန်တော့်ကို ကူပြီးကောက်ပေးတယ်။ သူက ကျွန်တော့်ကို မြေဖြူရောင်စုံတွေ ဘာလုပ်ဖို့လဲလို့ မေးတယ်”

ဤတွင် ဂရန်းက သူ့အား သူ လက်တင်စကားပြန်ကျင့်ရန် အားထုတ်နေကြောင်း၊ လက်တင်ဘာသာကို ကျောင်း၌သင်ခဲ့ရပြီး မေ့ကုန်ကြောင်း ပြန် ပြောသည်။

“ဒီလိုပါ ဆရာ။ လက်တင်တတ်ရင် ပြင်သစ်စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ပိုနားလည်တယ် ပြောကြလို့ပါ”

သို့နှင့် သူ့အိမ်ရှိ သင်ပုန်းကြီးပေါ်တွင် လက်တင်စာများရေးပြီး ကြိယာပုဒ်များတွင် အသွင်ပြောင်းသည်တို့ကို မြေဖြူအပြာရောင်ဖြင့် လည်းကောင်း၊ မပြောင်းသည့် ပုဒ်ရင်းများကို မြေဖြူအနီရောင်ဖြင့် လည်းကောင်း ရေးကူးသည်ဆို၏။

“ကော့တတ်က ဒါကို နားလည်ရဲ့လားတော့ မသိဘူး။ ဒါပေမယ့် သူ စိတ်ဝင်စားပုံတော့ ရပါတယ်။ ပြီးတော့ ကျွန်တော့်ဆီက အနီရောင်မြေဖြူ တစ်တောင့် တောင်းပါတယ်။ ကျွန်တော်လည်း အံ့အားသင့်သွားတယ်။ ဒါပေမယ့် အေးလေ။ သူ ဘာသုံးမယ် ဆိုတာကို ကျွန်တော် ဘယ်တွေးမိမလဲ”

ရေးက သူတို့ ဒုတိယအကြိမ် ပြောကြသည့်စကားသည် မည်သည့်အကြောင်း ဖြစ်သည်ကို မေးသည်။ သို့သော် ထိုအခိုက်၌ ပုလိပ်အင်စပက်တော်သည် စာရေးတစ်ယောက်နှင့် အတူ ရောက်လာပြီး ဂရန်း၏စစ်ချက်ကို အရင် စ၍ယူမည်ဟု ဆိုသည်။ ဂရန်းသည် ကော့တတ်၏အကြောင်း ပြောပြသည့်အခါ “ကံဆိုးရှာတဲ့လူ”

ဟူသော စကားသုံးသည်ကို ဆရာဝန်က သတိပြုမိ၏။ တစ်ချိန်တွင် "သူ့ရဲ့ ကြောက်ခမန်းလိလိ အမိဋ္ဌာန်" ဆိုသည့် စကားကိုပင် သုံးလိုက်သည်။

သူ့ကိုယ်သူ သေကြောင်းကြံစည်ရန် ဖြစ်နိုင်သည့် အကြောင်းများကို ဆွေးနွေးကြသောအခါ ဂရန်းက စကားလုံးများကို အထူးတလည် ရွေးနေပြန်သည်။ နောက်ဆုံးတွင် သူ ရွေးချယ်လိုက်သည့် စကားမှာ "လျှို့ဝှက်တဲ့ သောကတစ်ခု" ဟူ၍ ဖြစ်၏။ အင်စပက်တော်က ကော့တတ်တွင် သူ့ကိုယ်သူ သေကြောင်း ကြံစည်လောက်စရာ အကြောင်းဟု ဆိုနိုင်သည့် အပြုအမူများ ရှိခဲ့ပါသလားဟု မေးသည်။

ဂရန်းက "မနေ့က သူ ကျွန်တော့်တံခါးကို လာခေါက်ပြီး မီးခြစ်တောင်းတယ်ဗျ။ ကျွန်တော်က သူ့ကို တစ်ဗူးပေးလိုက်တယ်။ သူက ကျွန်တော့်ကို နှောင့်ယှက်ရတာ အားနာပါတယ်တဲ့။ ဒါပေမယ့် အိမ်နီးချင်းတွေမို့ ကျွန်တော့်အဖို့ ဒါလောက် ကိစ္စမရှိပေဘူးလို့ သူ မျှော်လင့်သတဲ့။ ကျွန်တော့် မီးခြစ်ဗူးကိုလည်း ပြန်လာပို့ပါ့မယ် ဆိုတယ်။ ဒါပေမယ့် ကျွန်တော်က ယူထားပါလို့ ပြောလိုက်ရတယ်"

အင်စပက်တော်က ဂရန်းအား ကော့တတ်နှင့်ပတ်သက်၍ ထူးဆန်းသည့် အချက်များ သတိပြုမိပါသလား ဟု မေးသည်။

"ကျွန်တော့်စိတ်ထဲမှာ ဆန်းတယ်လို့ ထင်တာကတော့ သူဟာ အမြဲလိုပဲ စကားစပြီး ပြောချင်နေပုံ ရနေတာကိုပဲဗျ။ ဒါပေမယ့် ကျွန်တော်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ် မအားတာ သူ မြင်ပါလိမ့်မယ်" ဟု ပြောပြီး၊ ဂရန်းလည်း ဆရာဝန်ဘက်သို့ လှည့်၍ မလုံမလဲ အမူအရာဖြင့် "ကျွန်တော်လုပ်နေတဲ့ ကိုယ်ပိုင် အလုပ်ကလေးတွေပါ" ဟု ဆက်ပြောသည်။

အင်စပက်တော်က သူ လူမမာကိုတွေ့ပြီး မေးမြန်းရမည် ဆိုသည်။ ရေးက ကော့တတ်အား ကြိုတင်အသိပေး ထားသင့်သည်ဟု ယူဆပြီး အိပ်ခန်းထဲ သို့ သူဝင်သွားသောအခါ ကော့တတ်အား မီးခိုးရောင်ဖလန်နယ် ညဝတ်အင်္ကျီနှင့် အိပ်ရာထဲ၌ မှီထိုင်ကာ ကြောက်နေသည့် အမူအရာဖြင့် တံခါးဆီသို့ ငေးကြည့်နေသည်ကို တွေ့ရလေသည်။

"ပုလိပ် မဟုတ်လား"

ရေးက "ဟုတ်တယ်။ ဒါပေမယ့် မလန့်ပါနဲ့။ ထုံးစံရှိတဲ့အတိုင်း လုပ်စရာကလေးတွေလောက် လုပ်ရမှာပါ။ ခင်ဗျာ့ကို ဘာမှ မလုပ်ပါဘူး" ဟုပြောသည်။

ကော့တတ်က သူ့သဘော ပြောရလျှင် ဤကိစ္စများ မလိုဘူးထင်ကြောင်း သူ့အနေနှင့် ပုလိပ်ကို မကြိုက်ကြောင်း ပြောသည်။

ရေးက စိတ်တိုသွားသည့် အမူအရာ ပြလိုက်၏။

"ကျုပ်လည်း ပုလိပ်ကို မချစ်ပါဘူး။ သူတို့ရဲ့ မေးခွန်းကလေး တစ်ခုနှစ်ခုကို ကိုယ်သိသလောက် တိုတိုတုတ်တုတ် မှန်မှန်ကန်ကန် ဖြေပြီးရင် ပြီးတာပါပဲ"

ကော့တတ်က ဘာမှ မပြော။ ရေးက တံခါးဆီသို့ လှည့်ထွက်ခဲ့သည်။ သူ ခြေတစ်လှမ်းပင် ကောင်းစွာ မလှမ်းရမီ ကော့တတ်က ပြန်ခေါ်သည်။ အိပ်ရာနားသို့ သူရောက်သွားလျှင်ပင် ကော့တတ်က သူ့လက်ကို ဖမ်း၍ဆုပ်ထားသည်။

"လူမမာတစ်ယောက်ကိုတော့ သူတို့ အကြမ်းမကိုင်ပါဘူး ထင်ပါရဲ့နော် ဆရာ။ ကိုယ့်ကိုကိုယ် ကြိုးဆွဲချထားတဲ့ လူမမာကိုလေ။ ဟင် ဆရာ"

ရေးက သူ့အား တခဏမျှ စိုက်ကြည့်နေလိုက်ပြီး ဤသို့ဖြစ်ရန် အကြောင်းမရှိကြောင်းနှင့် မည်သို့ပင်ဖြစ်စေ သူသည် သူ၏ လူနာကို ကာကွယ်မည်ဖြစ်ကြောင်း ပြောလိုက်၏။ ဤတွင် ကော့တတ်လည်း စိတ်သက်သာရာ ရသွားကာ ရေးလည်း အင်စပက်တော်ကို ခေါ်ရန် ထွက်ခဲ့လေ၏။

ဂရန်း၏ အစစ်ခံချက်ကို ဖတ်ပြပြီး ကော့တတ်အား သူ့ကိုယ်သူသေကြောင်း ကြံရခြင်း၏ အကြောင်းရင်းမှန်ကို မေးလေသည်။ ကော့တတ်က ပုလိပ်အရာရှိအား မကြည့်ဘဲ "လျှို့ဝှက်တဲ့ သောကတစ်ခုဆိုရင် လုံလောက်ပါတယ်" ဟု ဖြေသည်။ ထို့နောက် ပုလိပ်အင်စပက်တော်က အာဏာသံပါပါဖြင့် "နောက်တစ်ခု လုပ်ဖို့များ စိတ်ကူးရှိသေးသလား" ဟု မေးသည်။ ကော့တတ်လည်း အသက်ဝင်လာသလို လှုပ်ရှားရင်း "ဟာ။ မလုပ်ပါဘူးဗျာ" ဟု ပြောကာ၊ သူ အေးအေးနေချင်ပါသည် ဟု ဆိုလိုက်သည်။

ပုလိပ်အရာရှိက ခပ်ထန်ထန်ပင် "ဒီမယ် ကိုယ့်လူ။ အခု လူတကာကို အေးအေးမနေရအောင် လုပ်နေတာက ခင်ဗျားပါ" ဟု ပြန်ဟောက်လိုက်သည်။ ရေးက သူ့အား ဆက်မပြောစေရန် လက်ဟန်ပြလိုက်၍ ဤမျှနှင့်ပင် ရပ်သွားသည်။

အခန်း၏အပြင်သို့ ရောက်ကြသောအခါ အင်စပက်တော်က "တစ်နာရီလောက် အလကားကုန်သွားသဗျာ" ဟု မကျေမချမ်း ဆိုသည်။ "ခင်ဗျားတို့ သိတဲ့အတိုင်းပဲ။ ကျုပ်တို့မှာ တစ်ခြားဟာတွေလည်း စဉ်းစားရသေးတယ်။ လူတွေပြောနေကြတဲ့ အဖျားရောဂါတို့ ဘာတို့နဲ့ ရှုပ်နေတာ" ဟုလည်း ပြောလိုက်၏။

ထို့နောက် သူက ဆရာဝန်အား မြို့မှာ ကြီးကျယ်သည့်အန္တရာယ် ရှိသလားဟု မေးသည်။ ဆရာဝန်က သူ မပြောတတ်ကြောင်း ဖြေသည်။

ပုလိပ်အရာရှိက "ရာသီဥတုကြောင့်ပေါ့ဗျာ။ ဒါပါပဲ" ဟု သူ့ဘာသာသူ အဆုံးအဖြတ် ပေးလိုက်သည်။

ရာသီဥတုကြောင့်ဆိုသည်မှာ သံသယဖြစ်စရာ မရှိ။ နေ့အချိန် တရွေ့ရွေ့ ကုန်လာသည်နှင့်အမျှ ထိလိုက်တိုင်း စေးကပ်လျက် ရေးမှာ လူနာတစ်ယောက် တစ်ယောက် ကြည့်ပြီးတိုင်း သူ၏ စိုးရိမ်မှုက ပို၍ပို၍ များလာသည်ကို သတိပြုမိ၏။ ထိုနေ့ညနေက သူ့လူနာဟောင်းကြီး၏ အိမ်နီးချင်းတစ်ယောက် အဖျားတက်ကာ သတိ မရတစ်ချက် ရတစ်ချက်ဖြင့် ပေါင်ခြံကို လက်နှင့်နှိပ်ကာ အော့အန်သည်။ သူ၏အကျိတ်များမှာ မွန်ဆီယာမီရှယ်ကြီး၏ အကျိတ်များထက် များစွာကြီးသည်။ အကျိတ်တစ်ခုမှာ ပြည်တည်စပြုလျက် ရှိပြီး အမှည့်လွန် သစ်သီးကဲ့သို့ အိပြီးပေါက်ထွက်လာသည်။ သူ့အိမ်သို့ ပြန်ရောက်သောအခါ ထိုနယ်မြေမှ ဆေးပစ္စည်း သိုလှောင်ရုံသို့ တယ်လီဖုန်း ဆက်လိုက်၏။ ထိုနေ့အဖို့ လုပ်ငန်းဆိုင်ရာ နေ့စဉ်မှတ်တမ်းတွင် "မရှိဘူးဟု အကြောင်းပြန်သည်" ဟူ၍သာ ရေးသွင်းထားသည်။ သူ့ထံသို့ မြို့ထဲနေရာများစွာမှ အလားတူ လူနာများအတွက် အပင့်ခေါ် များစပြုလာပြီ ဖြစ်သည်။ အနာများကို ခွဲစိတ်ရမည်မှာ ထင်ရှားသည်။ ကြက်ခြေခတ် လှီးဖြတ်လိုက်သောအခါ အကျိတ်ထဲက သွေးနှင့်ပြည်များ ရောလျက် ထွက်လာတတ်သည်။ ခြေလက်တို့ကို အာဏာကုန် ဆန့်ထုတ်ထားစဉ် လူမမာမှ သွေးများစီးကျလျက်၊ ခြေနှင့် ဝမ်းဗိုက်တို့တွင် ညိုညိုမည်းမည်း အကွက်များ ပေါ်လာပြီး၊ တစ်ခါတစ်ရံ အကျိတ်သည် ပြည်အတည် ရပ်သွားကာ ရုတ်တရက် ရောင်၍ ထလာတတ်သည်။ အနာပေါက်ထွက်ပြီး ပုပ်စော်နံလျက် လူနာလည်း သေဆုံးသွားတတ်လေသည်။

ကြွက်များအကြောင်း သတင်း ဖောဖောသီသီ ရေးထည့်ခဲ့သော ဒေသန္တရ သတင်းစာမှာ ယခုအခါ ဘာမျှ ပြောစရာမရှိတော့ဘူး။ ကြွက်များက လမ်းပေါ်မှာ သေကြသည်။ လူတွေက သူတို့အိမ်ထဲမှာ သူတို့ သေကြသည်။ သတင်းစာက လမ်းပေါ်က ဖြစ်ရပ်များနှင့်သာ ဆိုင်သည်။ အစိုးရနှင့် စည်ပင်သာယာအဖွဲ့က အာဏာပိုင်များ ခေါင်းချင်းရိုက်လျက် ရှိကြသည်။ ဆရာဝန်တစ်ယောက်လျှင် လူနာ နှစ်ဦးသုံးဦးစီသာ တွေ့ကြုံနေကြရသမျှ မည်သူမှ အရေးယူရန် စိတ်ကူးမရခဲ့။ သို့ရာတွင် အားလုံးပေါင်း၍ ကြည့်ဖို့ပဲ လိုသည်။ ပေါင်းကြည့်လိုက်သောအခါ စုစုပေါင်း ကိန်းဂဏန်းသည် ထိတ်လန့်စရာ ဖြစ်လာသည်။ ရက် အနည်းငယ်အတွင်း ရောဂါဖြစ်ပွားသူ ဦးရေသည် ဆထက်ထမ်းပိုး တိုး၍လာပြီး ဤရောဂါဆန်းကို စောင့်ကြည့်နေသူတို့သည် တကယ်ကူးစက်တတ်သော ရောဂါတစ်ခု ကျရောက်နေပြီကို ထင်ထင်ရှားရှား သိမြင်ကြရ လေတော့သည်။ ဤသို့ ဖြစ်လျက်ရှိစဉ်မှာပင် ဒေါက်တာရေးနှင့် လုပ်ဖော်ကိုင်ဖက် သူ့ထက် အသက်များစွာကြီးသော ဒေါက်တာကတ်စတယ်သည် ရေးထံသို့ လာရောက် တွေ့ဆုံလေသည်။

သူက ရေးအား "တကယ်က ဒါ ဘာလဲဆိုတာ မင်း သိပါတယ်" ဟု ဆိုသည်။

ရေးက "ကျွန်တော်လည်း ရင်ခွဲရုံက အစီရင်ခံစာကို စောင့်နေတာပဲ" ဟု ပြန်ပြောသည်။

"အေး။ ကျုပ်သိတယ်။ ဒါပေမယ့် ရင်ခွဲရုံက အစီရင်ခံစာ မလိုပါဘူး။ ကျုပ် ဆရာဝန်လုပ်သက် အတွင်းမှာ နှစ်အတော်ကြာအောင် တရုတ်ပြည်မှာ နေခဲ့ဖူးတယ်။ ပြီးတော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ပဲရစ်မှာ ဒီရောဂါမျိုး ဖြစ်တာ အတော်များများကို တွေ့ခဲ့ပါတယ်။ အဲဒီတုန်းက ဒီနာမည်ကို တပ်ပြီး မခေါ်ဝံ့ကြတာတစ်ခုပဲ။ မပြောကောင်းဘူး၊ မပြောရဘူး။ ဘာညာ ဆိုတာတွေပေါ့ကွယ်။ လူတွေ အထိတ်တလန့်ဖြစ်အောင် မလုပ်ရဘူး။ ဒီလို ဘယ်ဖြစ်မလဲ၊ ပြီးတော့ ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက် ဆရာဝန်တစ်ယောက် ပြောသလိုဆိုရင် "မဖြစ်နိုင်ပါဘူး။ အနောက်ဥရောပမှာ ဒီဟာ ပပျောက်သွားပြီလို့ လူတိုင်းသိကြတာပဲ" တဲ့။ ဟုတ်တယ်။ လူတိုင်း သိတယ်။ သေသူတွေက လွဲရင်ပေါ့။ ကဲ ဒေါက်တာရေး ဒါ ဘာလဲဆိုတာ မင်းလည်း ကျုပ်သိသလို သိတာပဲ"

ရေးသည် စဉ်းစားချင့်ချိန်၍ နေလေသည်။ သူသည် သူ၏ ဆေးခန်းပြတင်းမှ နေ၍ အဝေးရှိ မိုးကုပ်စက်ဝိုင်းနှင့် ပင်လယ်ကွေ့ကို ထိစပ်၍ ပေးထားသော ကမ်းပါးမြင့် အပိုက်ဆီသို့ ငေးနေ၏။ ကောင်းကင်ကြီးမှာ ပြာလျက်ပင် ရှိသော်လည်း တဖြည်းဖြည်း အားနည်း၍ သွားသည့် အလင်းရောင်တွင် ခပ်မှိန်မှိန်မှုသာ ရှိတော့၏။

သူက "ဟုတ်ပါတယ် ဒေါက်တာ ကတ်စတယ်။ ယုံနိုင်စရာ မရှိလောက် အောင်ပါပဲဗျာ။ ဒါပေမယ့် ဘာကိုပဲ ကြည့်လိုက် ကြည့်လိုက်။ ဒါဟာ ပလိပ် ရောဂါပဲဆိုတာ သိသာနေတာပဲ" ဟု ပြောလိုက်သည်။

ကတ်စတယ်သည် ထိုင်ရာမှထ၍ တံခါးဆီသို့ လျှောက်ထွက်သွားသည်။

သူက "တို့ကို ဘယ်လိုပြောကြမယ် ဆိုတာ မင်း သိသလား။ ဒီဟာမျိုး သမပိုင်းဒေသက ပျောက်ကွယ်သွားတာ ကြာလှပါပကောလို့ ပြောကြမယ်" ဟု ဆိုသည်။

ရေးက "ပျောက်ကွယ်သွားပြီ ဆိုတာ တကယ်က ဘာများ အဓိပ္ပါယ်ရှိလဲဗျာ" ဟု ဆိုကာ ဆတ်ခနဲ ပခုံးချီလိုက်၏။

"အေး။ ပြီးတော့ မှတ်ထားကွ။ အနှစ်နှစ်ဆယ် မကြာခင်က ပဲရစ်မှာလည်းပဲ"

"ကောင်းပြီလေ။ ဒီတစ်ခါ အဲဒီတုန်းကထက် ပိုမဆိုးပါစေနဲ့လို့ ဆုတောင်းကြရုံပါပဲ။ ဒါပေမယ့် တကယ်ဗျာ ဒါဟာ မယုံနိုင်စရာပါပဲ"

* * *

။၅။

ပလိပ်ဆိုသည့်စကားကို ယခုပင်လျှင် ပထမဆုံးအကြိမ် ကြားလိုက်ကြရသည်။ ပလိပ်အကြောင်း ပြန်ပြောပြချက်များ၏ ဤအဆင့်တွင် ဒေါက်တာ ဘားနာဒ်ရေးသည့် သူ၏ ဆေးခန်းပြတင်းဝ၌ ရပ်ကာ ဇဝေဇဝါဖြစ်လျက် အံ့အားသင့်နေခြင်းအတွက် ဤအရေးကိစ္စ၌ သူ၏တုံ့ပြန်မှုသည် အနည်းငယ်မျှသော ခြားနားချက်ကလေးများမှတစ်ပါး မြို့သူမြို့သား အများစု၏ တုံ့ပြန်မှုနှင့် အတူတူပင် ဖြစ်သောကြောင့်ဟူ၍ ပြန်ပြောပြနေသူက အကြောင်းပြလိုပါသည်။ ကပ်ရောဂါများသည် ကမ္ဘာပေါ်တွင် အကြိမ်ကြိမ် ပြန်၍ဖြစ်တတ်သည်ကို လူတိုင်း သိကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ထံသို့ မိုးပေါ်က ကျလာသလို ဆိုက်ရောက် လာတတ်သည့် ကပ်ရောဂါများကိုမူ ယုံကြည်ရန် ခဲယဉ်း၍ နေတတ်ပြန်သည် လူ့သမိုင်းတစ်လျှောက်တွင် စစ်ကြီးများ ဖြစ်ပွားခဲ့သလောက် ပလိပ်ကပ်ရောဂါများလည်း ဖြစ်ပွားခဲ့သည်သာ။ သို့စဉ်လျက် ပလိပ်ရောဂါနှင့် စစ်ကြီးများ ဖြစ်ပွားလာသောအခါ လူအများမှာ အံ့အားသင့်ကြရမြဲ ဖြစ်လေသည်။

တကယ်က ကျွန်ုပ်တို့၏ မြို့သူမြို့သား အားလုံးကဲ့သို့ပင် ဒေါက်တာရေးမှာလည်း အလစ်တွင် ဝင်၍ ထိုးနှက်ခြင်း ခံလိုက်ရသလို ဖြစ်သွားသောကြောင့် ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားရသည်ကို ကျွန်ုပ်တို့ နားလည်သင့်ကြသည်။ ထို့အတူပင် သူသည် ကြောက်စိတ်နှင့် ယုံကြည်စိတ်ချမှုတို့၏ အကြား၌ ဗျာများနေရသည်ကိုလည်း နားလည်သင့်ကြပါသည်။ စစ်ကြီးတစ်ခု ဖြစ်ပွားပြီဆိုလျှင် လူအများက “အလွန်မိုက်မဲသော အမှုဖြစ်၍ ကြာရှည်နိုင်မည် မဟုတ်” ဟု ဆိုကြသည်။ သို့ရာတွင် စစ်သည် မိုက်မဲမှုပင် ဖြစ်စေဦးတော့ မိုက်မဲမှုဖြစ်၍ ကြာရှည်နိုင်မည် မဟုတ်ဟူ၍တော့ မဆိုနိုင်။ မိုက်မဲမှုမှာ သူ့နည်းသူ့ဟန်နှင့်သူ သက်ဆိုးရှည်၍ နေတတ်သည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိစ္စကလေးများနှင့်ကိုယ် အမြဲတစေ ရစ်ပတ်သိုင်းခြုံ၍ချည်း မနေကြလျှင် သိမြင်နိုင်ကြပါလိမ့်မည်။

ဤအချက်တွင် ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် အခြားအခြားသော လူများ ကဲ့သို့ပင် ကိုယ့်ကိစ္စကလေးများနှင့်ကိုယ် ရစ်ပတ်သိုင်းခြုံ၍ သာ နေကြပေသည်။ တစ်နည်းဆိုရသော် သူတို့သည် လူသာပဓာန ဝါဒသမားများ ဖြစ်ကြသည်။ ကပ်ရောဂါ ဆိုသည်များကို မယုံကြည်ကြ။ ကပ်ရောဂါဆိုသည်မှာ လူ့အတွက် လုပ်ထားသည့်အရာ မဟုတ်။ ထို့ကြောင့် ကပ်ရောဂါသည် စိတ်ကူးဖြင့်သာ ကြောက်လန့်နေရသော အရာ၊ အိပ်ရာမနိုးလျှင် ပြီးဆုံးသွားမည့် အိပ်မက်ဆိုးမျှသာဟု ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ပြောခဲ့ကြသည်။ သို့ရာတွင်

ယင်းသည် အခါခပ်သိမ်း ပြီးဆုံး၍ချည်း သွားသည်မဟုတ်။ အိပ်မက်ဆိုး တစ်ခုနှင့်တစ်ခုအကြား လူများသာလျှင် သေဆုံး၍ သွားကြရသည်။ လူသာပဓာန ဝါဒသမားများသည် သတိမရှိသူများ ဖြစ်ကြ၍ သူများအရင် သေဆုံးတတ်ကြလေသည်။ ကျွန်ုပ်တို့၏ မြို့သူမြို့သားများအား အခြား လူများထက် ပို၍ အပြစ်တင်ရန်ကား မရှိပြီ။ သူတို့၏ အပြစ်မှာ သူတို့ကိုယ်သူတို့ နှိမ့်ချဖို့ မေ့လျော့နေကြခြင်းမျှသာ ဖြစ်ပြီး၊ သူတို့အဖို့ ဘာမဆို ဖြစ်နိုင်သေးသည်ဟု ထင်လျက် ရှိကြသည်။ ဤသို့ ထင်ခြင်းမှာလည်း ပလိပ်ကပ်ရောဂါများ မဖြစ်ပွားနိုင်ဟု သဘောထားရာ ရောက်နေပေသည်။ သူတို့သည် ရောင်းရေးဝယ်တာ လုပ်ငန်းများ၊ သွားစရာခရီးများ၊ အတွေးအခေါ် အယူအဆများဖြင့်သာ အချိန်ကုန်နေကြသည်။ အနာဂတ်ဆို၍ ဘာမျှမရှိသော၊ ခရီးစဉ်များကို ဖျက်တတ်သော၊ အတွေးအခေါ် အယူအဆ ဆွေးနွေးမှုများကို ရပ်ဆိုင်းစေသော ဤ ပလိပ်ကပ်ရောဂါ ကဲ့သို့သော အရာများကို အသို့လျှင် သူတို့ တွေးတောမိကြမည်နည်း။ သူတို့ကိုယ်သူတို့ လွတ်မြောက်ပြီဟု တွေးထင်နေကြသည်။ ကပ်ရောဂါများ ရှိနေ သမျှ ကာလပတ်လုံး မည်သူ တစ်ဦးတစ်ယောက်မျှ လွတ်မြောက်လိမ့်ဦးမည် မဟုတ်ချေ။

တကယ်ပင် ဒေါက်တာကတ်စတယ်နှင့် အတူရှိစဉ်က မြို့တွင်း နေရာအနှံ့အပြား၌ လူအချို့သည် ပလိပ်ရောဂါဖြင့် ဖြုန်းစားကြီး သေဆုံးသွားကြသည် ဆိုသည်ကို ဒေါက်တာရေးက ဝန်ခံလိုက် ပြီးသည့်တိုင်အောင် ဤအန္တရာယ်ကို တကယ် မဟုတ်သေးသလို အိပ်မက်မက်သလို ဖြစ်လျက်ရှိလေသည်။ လူတစ်ယောက်သည် ဆရာဝန်ဆိုလျှင် ခန္ဓာကိုယ်၌ဖြစ်သည့် ဝေဒနာဆိုသည်ကို သူ့အမြင်နှင့်သူ သိတတ်လာသည်။ ဤအကြောင်းကြောင့်ပင် သူသည် လူသာမန်တို့ထက် ပိုပြီး စိတ်ကူးနှင့် ထင်မြင်ကြည့်တတ်သည်။ သူ၏ ပြတင်းမှနေ၍ အပြင်ပန်းအားဖြင့် ဘာမှ ပြောင်းလဲပုံ မရသောမြို့ကို ကြည့်ရင်း ဆရာဝန်သည် အနာဂတ်အတွက် မသိမသာ ရင်လေးနေမိလေသည်။ ပိုးတဝါးမျှသာ ဖြစ်သော စိတ်အနှောင့်အယှက်ပေတည်း။

ရေးသည် ဤရောဂါအကြောင်း သူဖတ်ဖူးသမျှကို ပြန်၍ စဉ်းစားနေလေသည်။ သူ၏ မှတ်ဉာဏ်ထဲတွင် ကိန်းဂဏန်းများ ပေါ်လောပေါ်လာကြသည်။ လူ့သမိုင်းစဉ်တစ်လျှောက် ဖြစ်ပွားခဲ့သည်ဟု သိရသော ပလိပ်ကပ်ကြီး သုံးဆယ်ခန့်တွင် လူသန်းပေါင်း တစ်ရာနီးပါး သေခဲ့သည်ဟု စာရင်းပြုသည်။ သို့ရာတွင် သန်းတစ်ရာ သေသည်ဆိုသည်မှာ ဘာဆန်းသနည်း။ စစ်ကြီးတစ်ခုတွင် ဝင်၍ အမှုထမ်းဖူးလျှင် ခဏကြာတော့ လူသေသည်ဆိုသည်မှာ ဘာမှမဆန်းတော့။ သေသည်ကို ကိုယ်တိုင်မမြင်ရလျှင် သေသူဆိုသည်မှာ ဘာအကောင်အထည်မှ ရှိသည်မဟုတ်၍ လူ့သမိုင်း တစ်လျှောက်လုံး၌ သေခဲ့ကြသည့် လူသန်းတစ်ရာ ဆိုသည်မှာ လူတစ်ယောက်၏ စိတ်ကူးထဲတွင် ဆေးလိပ်မီးခိုးကလေး တစ်ကွက်ပမာ အတွေးကလေး တစ်ခုမျှသာ ဖြစ်သည်။

ဆရာဝန်သည် ကွန်စတန်တီနိုပယ်၌ ဖြစ်ပွားခဲ့သည့် ပလိပ်ကပ်ကြီး အကြောင်းကို သတိရမိ၏။ ပရိုကိုပီယတ်၏ မှတ်တမ်းများအရဆိုလျှင် တစ်ရက်တည်း၌ လူပေါင်းတစ်သောင်း သေဆုံးသည်။ လူတစ်သောင်းသည် အတော်ကြီးသည့် ရုပ်ရှင်ရုံ ငါးရုံပြည့်သည့် ပရိသတ်လောက် ရှိမည်။ ဟုတ်ပါသည်။ ဤသို့ပင် မှန်းဆကြည့်သင့်သည်။ လူတစ်သောင်း သေသည်ဆိုသည်မှာ မည်သို့ရှိမည်ကို ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်ရန်ဆိုလျှင် ရုပ်ရှင်ရုံကြီးငါးရုံတို့၏ ထွက်ပေါက်များမှ စောင့်ကာ ထွက်လာသမျှ လူအားလုံးကို ပန်းခြံလို ကွက်လပ်တစ်ခုသို့ ခေါ်ဆောင်သွားပြီး အစုလိုက်အပုံလိုက် သေအောင် လုပ်ကြည့်ဖို့ပဲ ရှိသည်။ ဤသို့ အမည်မသိ သေဆုံးသွားသူ လူပုံကြီးထဲတွင် ကိုယ်နှင့် သိဖူးမြင်ဖူးသူများကို ထည့်လိုက်နိုင်သေးသည်။ သို့ရာတွင် ဤသို့ တကယ်လက်တွေ့ ပြုလုပ်ဖို့ကတော့ မဖြစ်နိုင်။ ထို့အပြင် လူတစ်သောင်းအထိ ဘယ်သူ သိနိုင်ပါမည်နည်း။ မည်သို့ပင်ဖြစ်စေ၊ ပရိုကိုပီယတ် ကဲ့သို့သော သမိုင်းဆရာကြီးများ ပေးသည့် ကိန်းဂဏန်းများမှာ မယုံကြည်ရကြောင်းကို လူတိုင်းသိပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းခုနစ်ဆယ်က ကန်တုံမြို့၌ ဖြစ်ပွားခဲ့သည် ပလိပ်ကပ်ရောဂါကြီး လူများထံသို့ မကူးစက်မီ ကြွက်ကောင်ရေ လေးသောင်း သေခဲ့သည်ဆိုသည်။ သို့ရာတွင် ဤ ကန်တုံပလိပ်ကပ်၌လည်း ကြွက်သေကောင်များကို ရေတွက်ရန် မမှားနိုင်သည့်နည်း ဟူ၍ မရှိခဲ့ချေ။ အကြမ်းဖျင်းခန့်မှန်းချေ ကိန်းဂဏန်းမျှကိုသာ ပေးနိုင်သည်။ အများကြီး မှားယွင်းနိုင်သည်မှာ ထင်ရှားပါသည်။ ဆရာဝန်ရေးလည်း "တွက်ကြည့်ရအောင်" ဟု သူ့ကိုယ်သူ ပြောသလို ရေရွတ်လိုက်ပြီး "ကြွက်တစ်ကောင်ကို ပျမ်းမျှ ဆယ်လက်မနှုန်း ထားပါတော့။ ကြွက်လေးသောင်း အမြီးထိခေါင်းထိ ဆက်ပြီး တန်းစီလိုက်မယ်ဆိုရင် အင်း ကြွက်တန်းကြီးဟာ..."

သူသည် ရုတ်တရက် သူ့ကိုယ်သူ ချုပ်တီးထားလိုက်ရသည်။ ယခုအခါနှ မလျော်ဆုံးဖြစ်သည့် အရွတ်အနောက်ကို စိတ်ကူးကွန့်လိုက်မိခြင်း ဖြစ်သည် တစ်ယောက်တလေဖြစ်ရုံနှင့်ဆိုလျှင် ကူးစက်ရောဂါကြီး မဟုတ်သေးပါဘူး' ဟု သူ့ကိုယ်သူ သတိပေးလိုက်ရသည်။ 'ဒါဟာ အရေးတကြီးသတိထားဖို့သာလိုတဲ့ အခြေအနေပဲ"။ ရှေးဦးစွာ သူသည် သူ၏စိတ်အာရုံကို သိရှိ တွေ့မြင်ရပြီး အချက်အလက်များ၌သာ ထားရမည်။ လေးလံထိုင်းမှိုင်းခြင်း၊ အလွန်အမင်း အားအင်ဆုတ်ယုတ်ခြင်း၊ အကျိတ်များ ထွက်ခြင်း၊ အလွန်အမင်း ရေငတ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ကိုယ်ပေါ်တွင် အမည်းကွက်များ ပေါ်ခြင်း၊ အတွင်း၌ ကျေပျက်ခြင်း၊ ထို့နောက် နိဂုံးချုပ်။ နိဂုံးချုပ်အားဖြင့် ဆရာဝန်သည် စကား လုံးအချို့ကို သတိရလိုက်သည်။ နိဂုံးချုပ်ဆိုသည့်စကားအတိုင်းပင် ဆေးပညာ လက်စွဲစာအုပ်၌ ရောဂါလက္ခဏာဖော်ပြချက်များ၏ အဆုံးသတ်ဝါကျက စကား လုံးများ။ "သွေးတိုး မြန်လာမည်၊ နှစ်ဆင့်ခုန် တိုးမည်၊ ပြတ်တောင်း ပြတ်တောင်း တိုးမည်၊ အနည်းငယ်မျှ လှုပ်လိုက်လျှင်ပင် လူနာ သေမည်။" မှန်ပါသည်။ နိဂုံးချုပ်အားဖြင့် လူနာ၏အသက်သည် အပ်ချည်မျှင်ကလေးတစ်မျှင်ကဲ့သို့

မှုပ်မှုပ်ကလေးမျှသာရှိတော့သည်။ လေးယောက်တွင် သုံးယောက်။ သူ ကိန်း ဂဏန်း အတိအကျ မှတ်မိပါသည်။ လေးယောက်တွင် သုံးယောက်တို့သည် စိတ်မရှည်နိုင်ကြ၍ လှုပ်ရှားမိကြသည်တွင် ဤ အသက်အပ်ချည်မျှင်ကလေး ပြတ်သွားကြရသည်။

ဆရာဝန်သည် ပြတင်းပေါက်မှ ကြည့်လျက်ပင် ရှိသေးသည်။ အပြင်ဘက်တွင်ကား အေးမြသော နွေဦးကောင်းကင်၏ ငြိမ်သက်သော ရောင်ခြည်။ အခန်းအတွင်း၌ကား စကားတစ်ခွန်းသည် ပဲ့တင်ထပ်လျက်ပင် ရှိသေးသည်၊ ပလိပ်ကပ် ဆိုသည့်စကား။ ဤစကားကပင် ဆရာဝန်၏ စိတ်ထဲ၌ သိပ္ပံပညာဆိုင်ရာ အချက်အလက်များကို သာမက ထိုအချိန်တွင် ကြားရတတ်သည့် မြို့သူမြို့သားများ၏ သွားလာလှုပ်ရှားသံတို့ဖြင့် ညံလျက်ရှိသော သူ့မျက်စိအောက်ရှိ ဝါကျင်ညိုမှိုင်းသော မြို့ကလေးနှင့် မလျော်ကပ်အောင် ဖြစ်လာနိုင်သည့် အရာများကို တွေးတောကြည့်နေမိအောင် လှုံ့ဆော်ပေးလိုက်သည်။ မြို့သူမြို့သားများ လှုပ်လှုပ်ရွရွ ဆူဆူညံညံကြီး မဟုတ်စေကာမူ တအိအိတအီအီ လှုပ်ရှားလျက်ရှိသည့် ပျင်းစရာ မြို့ကလေး၏ ပျော်စရာအချိန်မှ အသံဗလံများနှင့် ဆရာဝန်အား ရှေးက ပလိပ်ကပ်များအကြောင်း ပြန်စဉ်းစားကြည့်ရာတွင် ထင်မြင်လွယ်အောင် အထောက်အကူ ပြုပေးသည့် အမှတ်မထင် ဖြစ်နေကျ ငြိမ်သက်မှုမျိုးလည်း ဖြစ်၏။ လူသေများထားရာတိုက်မှ အပုပ်နံ့ တထောင်းထောင်း ထွက်လျက်၊ ငှက်များပင် စွန့်ခွာသွားကြသော အေသင်မြို့၊ ပြင်းထန်သော ဝေဒနာကို ငြိမ်သက်စွာ ခံလျက်ရှိသည့် ကပ်သင့်သူများ ရှုပ်ထွေးပြည့်ကျပ်နေသော တရုတ်ပြည်က မြို့ကြီးများ၊ မာဆေးမြို့၌ လူသေကောင်များကို တွင်းကြီးတစ်ခုထဲသို့ အစုလိုက်အပုံလိုက် ထည့်နေကြသည့် ထောင်ကျအကျဉ်းသားကြီးများ၊ ပြင်သစ်ပြည် ပရောင့်နယ်တွင် ပလိပ်ကပ်ပိုးများကို သယ်ဆောင်လာမည့် လေပြင်းများကို တားဆီးရန် မဟာတံတိုင်းကြီး တည်ဆောက်ခြင်း၊ လူနာများအား သံချိတ်များဖြင့် ဆွဲယူရသော ကွန်စတန်တီနိုပယ်မြို့၏ ရောဂါဆိုး၊ ဆေးရုံမှ မြေကြီးတွင် ကပ်လျက် စိုထိုင်းပုပ်ရိနေသော ကောက်ရိုးအိပ်ရာများ၊ ဥရောပတိုက်တစ်ခုလုံး ပြန့်နှံ့သည့် ပလိပ်ကပ်ကြီး အတွင်းက မျက်နှာဖုံးစွပ် ဆရာဝန်များ၏ ပွဲတော်ကြီး၊ မီလန်မြို့သင်္ချိုင်းကုန်းတွင် ပေါင်းစပ်မိကြသည့် ယောက်ျားများနှင့် မိန်းမများ၊ နေ့ရောညပါ နေရာ တကာတွင် လူတို့၏ ဝေဒနာခံစားမှုဖြင့် ညည်းညူသံများ လျှံနေကာ တစ္ဆေချောက်မတတ် မှောင်မည်းနေသည့် လမ်းများပေါ်တွင် လူသေအပြည့်တင်သည့် လှည်းများ မောင်းသွားသံတို့ကို ကြားနေရသည့် လန်ဒန်မြို့၏ ပလိပ်ကပ်ကာလ၊ ယင်းသည့် ထိတ်လန့်တုန်လှုပ်ဖွယ် အခြေအနေမျိုးသည် ထို နွေဦးညနေခင်းကလေး၏ တည်ငြိမ်ခြင်းကို လှုပ်ရှားစေနိုင်လောက်အောင် မနီးကပ်သေးယောင်တကား။

ရက်စက်ကြမ်းကြုတ်မှုနှင့် နာကျင်မှုဆိုသည်တို့ မရှိကြောင်း

ခပ်ဆတ်ဆတ်ကလေး ငြင်းဆိုလိုက်သော မမြင်ရသည့် ဓာတ်ရထားတစ်စင်း၏ ခုတ်မောင်းသံ တစ်ခုသည် ပြတင်းပေါက်မှ ဝင်လာသည်။ ပဆစ်ကွက်လို ညိုညစ်ညစ်အိမ်များ၏ နောက်ကွယ်မှ အဆက်မပြတ် ညင်းညင်းသဲ့သဲ့ အသံပြုလျက်ရှိသော ပင်လယ်ပြင်ကသာလျှင် မငြိမ်သက်မှု၊ ဤလောကကြီး၌ ရှိရှိသမျှတို့၏ မတည်မြဲမှုတို့ကို ပြောပြလျက် ရှိပေသည်။ ပင်လယ်ကွေ့ဘက်ဆီသို့ ငေးနေသော ဒေါက်တာရေးသည် လူကရီးရှပ်၏ မှတ်တမ်းများ၌ ဖတ်ရသော အောသင်ကမ်းခြေတွင် မြို့သူမြို့သားတို့ ဖိုထားသည့် ပလိပ်ကပ် မီးပုံကြီးများကို သတိရလိုက်သည်။ သေသူများကို ထိုနေရာသို့ ညမိုးချုပ်မှ ယူဆောင်လာကြသည်။ သို့သော် နေရာက မလုံမလောက်ဖြစ်၍ အသက်ရှင်နေသူများသည် သူတို့ ချစ်ခင်သူများ၏ အလောင်းများအတွက် နေရာရရှိရေးကို မီးတုတ်များဖြင့် တိုက်ကြခိုက် ကြသည်။ သွေးချောင်းစီးအောင် တိုက်ရမည်ဆိုလျှင် တိုက်မည်။ သူတို့ ချစ်ခင်သူတို့၏ အလောင်းများကိုတော့ ပင်လယ်ရေထဲ မျောပါသွားအောင်တော့ ပစ်မထားခဲ့နိုင်။ နီညိုရောင်မှောင်မှိုင်းလျက် အိပ်မောကျနေသော ပင်လယ်ပြင်တွင် ရောင်ပြန်ဟပ်လျက် အမှောင်ထုထဲတွင် ထိုတိုက်ပွဲများမှ မီးတုတ်များ ဝေ့ရမ်းသည့် မီးပွားများကို လည်းကောင်း၊ မီးပုံကြီးများဆီမှ ဘဝင်အထိတက်သော အပုပ်နံ့အညှော်နံ့များမွှန်နေသည့် မီးခိုးများကို လည်းကောင်း မြင်ယောင်၍ လာလေသည်။ မှန်ပါသည်။ ဖြစ်တတ်သည့်သဘောကို လွန်၍ ဖြစ်သည်တော့လည်း မဟုတ်ပါ။

သို့ရာတွင် ဤသို့သော တရားလွန် စိုးရိမ်စရာများသည် သတိနှင့်ဆင်ခြင်လျှင် လျော့ပါးသွားကြပေလိမ့်မည်။ ပလိပ်ကပ်ဆိုသည့် စကားကို ဆိုလိုက်ပြီ မှန်ပါသည်။ ယခုပြောနေသည့် အချိန်မှာပင် ကံဆိုးသူ တစ်ယောက်နှစ်ယောက် ဤရောဂါကပ်ငြိ၍ ဆုံးပါးသွားကြရပြီ ဆိုသည်မှာလည်း မှန်ပါသည်။ သို့တိုင်အောင်လည်း ဤရောဂါသည် ရပ်တန့်သွားနိုင်ပါသည်။ ရပ်တန့်သွားအောင်လည်း လုပ်နိုင်ပါသည်။ သိစရာရှိသည်တို့ကို ကြည်ကြည်လင်လင် သိဖို့သာ လိုပါသည်။ လုပ်ရန်လိုသည်တို့ကို လုပ်ရာတွင် မဆိုင်သောအပယိက အမှောင်ရိပ်များကို ဖယ်ထုတ်ပစ်တတ်ဖို့သာ လိုပါသည်။ ထိုအခါတွင် ပလိပ်ကပ်ဟူသည် စိတ်ကူး၍ ကြည့်စရာ မရှိတော့သောကြောင့်၊ သို့မဟုတ် ယင်းကို လွဲမှားသော လမ်းစဉ်ဖြင့် တွေးခဲ့သည် ဖြစ်သောကြောင့် ဆုံးခန်းသို့ ရောက်သွားပါလိမ့်မည်။ ယင်းသည် ဆုံးခန်းသို့ ရောက်ဖွယ်ရှိသည့်အတိုင်း ရောက်သွားလျှင်ကား ကောင်းပါ၏။ မရောက်ပါကလည်း ပလိပ်ကပ်ဆိုသည် အစစ်အမှန် ဘာဖြစ်သည် ဆိုသည်ကို လည်းကောင်း၊ ယင်းနှင့် ရင်ဆိုင်တိုက်ခိုက်၍ ကျော်လွှားနိုင်အောင် အားထုတ်ရာတွင် ဘာတွေဘာတွေ လုပ်ရမည် ဆိုသည်ကို လည်းကောင်း သိရှိရပေမည်။

ဆရာဝန်သည် ပြတင်းပေါက်ကို ဖွင့်လိုက်၏။ မြို့ထဲမှ အသံဗလံတို့သည် ရုတ်တရက် ကျယ်လောင်လာကြသည်။ အနီးအနားရှိ အလုပ်ရုံတစ်ခုမှ စက်

လွှဆွဲသည့်အသံ ရှမ်ခနဲရှမ်ခနဲ ပြတ်တောင်းကြားနေရ၏။ ရေးသည့် သူ့စိတ်ကို သူ တင်းလိုက်သည်။ သေချာတာကတော့ ရှိပါသည်။ နေ့စဉ် လုပ်သွားနေရသည့် အလုပ်။ ကျန်သည့် အရာများကတော့ ဖြစ်ချင်သလို ဖြစ်လာသည့် အခြေ အနေများပေါ်တွင် တည်သည်။ ယင်းတို့၌ အချိန်ကို ဖြုန်းမပစ်နိုင်။ မိမိလုပ်ကိုင်ရန် ရှိသည်ကို လုပ်သင့်သည့်အတိုင်း လုပ်ဖို့သာ ဖြစ်ပေသည်။

* * *

ဆရာဝန်၏အတွေးများ ဤနေရာသို့ အရောက်တွင် ဂျိုးဇက်ဂရန်း ရောက်လာသည်။ စည်ပင်သာယာ ရုံးစာရေးအဖြစ် ဂရန်း၏ တာဝန်ဝတ္တရားများမှ များပြားလှသည်ဖြစ်ရာ တစ်ခါတစ်ရံ တစ်ခါတစ်ရံ သူသည် ဖွား, သေ, လက်ထပ် စာရင်းချုပ်များ လုပ်ရသည့် စာရင်းအင်းဌာနတွင် ဝင်လုပ်ရသည်။ ဤသို့လျှင် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း သေဆုံးခဲ့သူများ၏ စာရင်းချုပ် ပြုလုပ်ရန် သူ့တာဝန်ဖြစ်ခဲ့ပြီး သူတစ်ပါးအတွက် လိုလိုချင်ချင် ဆောင်ရွက်ပေးတတ်သည့် သူ၏ဉာဉ်အတိုင်း ဆရာဝန်ထံသို့ နောက်ဆုံးကိန်းဂဏန်းများ ပါသည့် စာရင်းတစ်ခု လာပို့ရန် သူက တာဝန်ယူထားသည်။

လက်ထဲ၌ စက္ကူတစ်ရွက်ကို လှုပ်ယမ်းကိုင်လာသော ဂရန်းနှင့်အတူ အဖော်အဖြစ် သူ၏အိမ်နီးချင်း ကော့တတ်လည်း ပါလာခဲ့သည်။

"ကိန်းဂဏန်းတွေကတော့ တက်သွားပြီ ဆရာရေ့။ လေးဆယ့်ရှစ်နာရီ အတွင်း ဆယ့်တစ်ယောက် အသေအပျောက်ရှိတယ်"

ဆရာဝန်က ကော့တတ်အား လက်ဆွဲနှုတ်ဆက်ရင်း နေကောင်းရဲ့လားဟု မေးသည်။ ဂရန်းက ဝင်၍ ကော့တတ်က ဆရာဝန်အား ကျေးဇူးတင်ကြောင်း ပြောရန်နှင့် သူ ဒုက္ခပေးမိသည့် အတွက် တောင်းပန်ရန် စဉ်းစားမိသည်ဆို၍ ခေါ်လာရကြောင်း ရှင်းပြနေ၏။ သို့ရာတွင် ရေးက စာရွက်ထဲတွင်ပါသည့် ကိန်းဂဏန်းများကိုသာ မျက်မှောင်ကြုတ်၍ ကြည့်နေလေသည်။

သူက "အေးဗျာ။ ကျုပ်တို့ ဒီရောဂါကို သူ့နာမည်အတိုင်း ခေါ်ဖို့ ဆုံးဖြတ်သင့်ကြပြီ ထင်တယ်။ အခုအထိတော့ ကျုပ်တို့ဟာ ဝေ့လည်ကြောင်ပတ် လုပ်နေခဲ့ကြတာပဲ။ ဒီမယ်၊ ကျုပ် အခု ဓာတ်ခွဲခန်းကို သွားမယ်လို့ဗျ။ ကျွန်တော်နဲ့ လိုက်ခဲ့ကြမလား" ဟု ဆိုလိုက်၏။

ဂရန်းက ဆရာဝန်၏နောက်မှ ကပ်ပြီး လှေကားကိုဆင်း၍ လိုက်ခဲ့ရင်း "ဟုတ်တယ်။ ဟုတ်ပါတယ် ဆရာ။ ကျွန်တော်လည်း ဘာကိုပဲဖြစ်ဖြစ် သူ့နာမည်အတိုင်း ခေါ်တာကိုပဲ ကြိုက်တယ်။ ဒါပေမယ့် ဆရာ။ အခုဟာရဲ့ နာမည်က ဘာတဲ့လဲဆရာ" ဟု မေးသည်။

"ဒါကို ကျွန်တော် မပြောဘူး။ ဘယ်လိုဖြစ်ဖြစ် ဒါကို သိရတဲ့အတွက် ခင်ဗျားမှာ ဘာမှ အကျိုးအမြတ် မရှိပါဘူး"

ဂရန်းက ပြုံးလိုက်ပြီး “ကဲ ဆရာ။ တကယ်တော့လည်း မလွယ်ဘူး မဟုတ်လား” ဟု ဆိုလိုက်၏။

သူတို့သည် ပန်းခြံဆီသို့ သွားကြ၏။ ကော့တတ်ကမူ တိတ်ဆိတ်လျက်ပင် ရှိသည်။ လမ်းများတွင် လူစည်စ ပြုလာသည်။ တိုတောင်းလှသည့် ဆည်းဆာချိန်၏ အလင်းရောင်လည်း မှိန်စပြုလျက် ထင်ရှားစွာ မြင်ရသေးသည့် မိုးကုပ်စက်ဝိုင်း၏ အထက်ဆီတွင် ကြယ်ကလေးများ တလက်လက် လင်းစပြုပြီ။ အတန်ငယ်ကြာသော် လမ်းမီးတိုင်များ လင်းလာပြီး ကောင်းကင်ရောင် မှေးမှိန်သွားကာ လမ်းထဲက လူသံများသည်လည်း ပိုမိုကျယ်လောင် လာသကဲ့သို့ ရှိလေသည်။

ပန်းခြံထောင့်သို့ အရောက်တွင် ဂရန်းက “ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ။ ကျွန်တော် ပြန်ရပါဦးမယ်။ ကျွန်တော်က ညနေမှာတော့ အလေးအမြတ် ထားရတယ်။ ကျွန်တော်တို့အရပ်မှာ ပြောကြသလို ‘ဘယ်တော့မှ နက်ဖြန်အထိ မဆိုင်းပါနဲ့’ ဆိုတာလို” ဟု ပြောသည်။

ဂရန်းစကားပြောလျှင် “ကျွန်တော်တို့အရပ်မှာ” ဆိုသည့် စကားကို ထည့်ပြောလေ့ရှိသည်။ (သူက မွန်တီလီမာသား)။ ထို့နောက် အထပ်ထပ် ပြောလွန်း၍ ရိုးနေသော “စိတ်ကူးယဉ်ထဲမှာ နစ်နေတာ” ဆိုသည့်စကား၊ “ပန်းချီကားကလေးလို လှတယ်” ဆိုသည့် စကားများကို သုံးသည့်အလေ့ ရှိသည်ကို ဆရာဝန်က သတိပြုမိပြီး ဖြစ်သည်။

ကော့တတ်က “ဟုတ်တယ်ဆရာ။ ညနေစာ စားပြီးပြီဆိုရင် သူ့ကို အိမ်ထဲကထွက်အောင် ဘယ်လိုမှ လုပ်လို့မရဘူး” ဟု ဝင်၍ ထောက်လိုက်၏။

ဆရာဝန်က သူ့အား စည်ပင်သာယာရုံးက အပိုအလုပ်များ ယူပြီးလုပ်နေသလားဟု မေးသဖြင့် ဂရန်းက မဟုတ်ပါ။ သူ့ဘာသာသူ လုပ်သည့် အလုပ်ပါဟု ပြန်ပြောသည်။

ရေးက စကားအဆက် မပြတ်စေရန် “ဟုတ်လား” ဟု ထောက်ပေးကာ “အတော်ကလေး ဟန်ကျရဲ့လား” ဟု မေးလိုက်၏။

“နှစ်ပေါင်းများစွာ လုပ်လာတဲ့အလုပ် ဆိုတော့ ဟန်မကျလို့ ဘယ်ဖြစ်မလဲ ဆရာရယ်။ ဒါပေမယ့် တစ်နည်းအားဖြင့်တော့ တယ်ပြီး ခရီးမပေါက်လှသေးဘူး ဆရာရဲ့”

ဆရာဝန်က ရုတ်တရက် ရပ်လိုက်ပြီး “ခင်ဗျားလုပ်နေတဲ့ အလုပ်က ဘာလဲဆိုတာ မသိရဘူးလား” ဟု မေးလိုက်သည်။

ဂရန်းက လက်ကိုမြှောက်၍ ဦးထုပ်ကို သူ၏ ကားထွက်နေသော

နားရွက်ပေါ်အထိ ဆွဲချလိုက်ပြီး မပီမသ တစ်ခုခုကို ခပ်တိုးတိုးပြောသည်။ သူ့အလုပ်မှာ "လူတစ်ဦးတစ်ယောက်တွင် ထူးခြားသည့်ဂုဏ်များ ဖြစ်လာပုံ" နှင့် ပတ်သတ်သောအကြောင်းအရာဟူ၍ ရေးက နားလည်လိုက်သည်။ ထို့နောက် ဂရန်းသည် အရေးတကြီးနေသည့်ဟန်ဖြင့် လှည့်ကာ တခဏကြာသော် သူသည် တည်ပင်တန်းကလေးများ အုပ်သည့် ဒီလာမန်းရိပ်သာလမ်း အတိုင်း ခပ်သုတ်သုတ် လျှောက်ထွက်သွားလေ၏။

သူတို့ ဓာတ်ခွဲခန်း ဝင်းတံခါးဝသို့ ရောက်ကြသောအခါ ကော့တတ်က ဆရာဝန်အား တွေ့ဆုံပြီး အကြံဉာဏ် တောင်းစရာရှိသည် ဟု ပြောသည်။ ရေးကလည်း သူ့အိတ်ထဲတွင် လက်နှိုက်ကာ စာရွက်များနှင့် ကိန်းဂဏန်းများကို စမ်းလျက် သူ လူနာလက်ခံချိန်တွင် လာလျှင် ကောင်းမည်ဟု ပြောလိုက်၏။ နောက်တစ်မျိုးတွေးမိကာ နောက်နေ့ သူတို့ဘက်သို့ လာစရာကိစ္စ ရှိသည်။ အလုပ်ပြီးလျှင် ညနေပိုင်းဝင်ခဲ့မည်ဟု ပြင်ပြောလိုက်၏။

ကော့တတ်ထံမှ ထွက်လာခဲ့သောအခါ ဆရာဝန်သည် သူ ဂရန်းအကြောင်း တွေးနေခဲ့သည်ကို သတိပြုမိ၏။ သူသည် ဂရန်းအား ကြီးကျယ်ချင်မှ ကြီးကျယ်လာမည် ဖြစ်သော ယခု ပလိပ်မျိုးတွင် မဟုတ်ဘဲ ရေးက ဖြစ်ခဲ့ဖူးသော ပလိပ်ကပ်ကြီးများတွင် ထည့်၍ စဉ်းစားနေမိခြင်း ဖြစ်သည်။ ဤကဲ့သို့သော ကပ်မျိုးမှ အမြဲတမ်းလွတ်သည့် လူမျိုး၊ ပလိပ်ကပ်ရောဂါဖြစ်လျှင် သူ့လို ကျန်းမာရေးညံ့သူများ မသေဘဲ ကျန်းမာသန်စွမ်းသူများသာ သေတတ်သည်ဟု တစ်နေရာတွင် ဖတ်ဖူးထားသည်။ ဂရန်းအကြောင်း စဉ်းစားရင်းပင် "သူသည် သူ့ အတိုင်းအတာကလေးနှင့် သူတော့ လူထူးလူဆန်းတစ်ယောက် ဖြစ်သည်" ဟု အောက်မေ့ထားလိုက်၏။

မှန်ပါသည်။ တွေ့စတွင် ဂရန်းသည် အပြင်ပန်း၌ လည်းကောင်း၊ တွေ့မြင်နေကျ စရိုက်တွင်လည်းကောင်း ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့၏ ရိုးသားသော အမှုထမ်းတစ်ယောက်၏ အသွင်အပြင် လက္ခဏာများ ပေါ်လွင်နေသူ တစ်ယောက် ဖြစ်ပေသည်။ အရပ် မြင့်သည်။ ပိန်သည်။ ကြာကြာဝတ်ရသည် ဟူသော အထင်ဖြင့် ခပ်ကြီးကြီး ချုပ်ထားသော သူ၏ အဝတ်အစားများထဲတွင် မြုပ်နေတတ်သည်။ အောက်ဘက်တွင် သွားအတော်များများ ရှိသေးသော်လည်း အပေါ်သွားများ တစ်ချောင်းမှ မရှိတော့သဖြင့် သူပြုံးလိုက်သောအခါ အထက်နှုတ်ခမ်းကသာ မြင့်တက်သွားပြီး အောက်နှုတ်ခမ်းက သိသာအောင် မလှုပ်သောကြောင့် သူ၏ပါးစပ်မှာ မျက်နှာတွင် ထွင်းထားသော အပေါက်မည်းမည်းကလေးနှင့်သာ တူနေ၏။ သူ လမ်းလျှောက်ပုံမှာလည်း ရှက်တတ်သော ဘုန်းကြီးကလေးတစ်ပါး ကဲ့သို့ နံရံများသို့ကပ်လျက် မရွံ့မရဲသွားကာ တံခါးပေါက်များသို့ အဝင်တွင်လည်း ကြွက်ကလေးတစ်ကောင်ကဲ့သို့ အသာလျှောဝင် သွားတတ်သည်။ သူ့ကိုယ်မှ မီးခိုးနံ့၊

မြေတိုက်ခန်းနှံ့ မသိမသာ ထွက်လျက်ရှိသည်။ အချုပ်ဆိုရသော် သူ့တွင် မထင်ရှားသူတို့၏ လက္ခဏာအားလုံး ရှိနေပေသည်။ တကယ်ပင် သူ့အား မြို့တော် ရေချိုးခန်းများမှ ရရှိသည့် အခွန်အကောက် စာရင်းများကို စစ်ဆေးခြင်း၊ အတွင်းရေးမှူးငယ် တစ်ယောက်အတွက် အမှိုက်ခွန်နှုန်းသစ်နှင့် ပတ်သက်သော အစီရင်ခံစာရေးရန် အချက်အလက်များ စုပေးခြင်း စသည့် အလုပ်မျိုးကို စားပွဲဦးထိုင်ကာ ကြိုးစားပမ်းစား လုပ်ပေးနေသည့် လူတစ်ယောက်အဖြစ်မှလွဲ၍ အခြားနည်း ပုံဖော်ကြည့်ရန် လွယ်ကူလိမ့်မည် မဟုတ်ချေ။ သူ့အလုပ်အကိုင်က ဘာဖြစ်သည်ကို မသိရမီပင် ဤလူမျိုးသည် လခ ခြောက်ဆယ့်နှစ်ဖရန့်၊ တစ်နေ့လျှင် ဆင့်သုံးဆယ်မျှဖြင့် စည်ပင်သာယာရေး အဖွဲ့ရုံးတွင် ယာယီလက်ထောက်စာရေး လုပ်ရန်အတွက် ဤလောကကြီးထဲသို့ ရောက်လာရသူဟု ခန့်မှန်းနိုင်လောက်ပေသည်။

မြို့တော်ခန်းမ အမှုထမ်းမှတ်ပုံလစဉ် လစာစာရင်းဇယား "ဝန်ထမ်း၏ ရာထူးအဆင့်" ဟု သတ်မှတ်ထားသည့် အကွက်တွင် ဤအချက်များကို ရေးသွင်းရသည်။ လွန်ခဲ့သည့် နှစ်ဆယ့်နှစ်နှစ်က သူသည် မက်ထရစ်စာမေးပွဲ အောင်ပြီး ငွေကြေးမပြည့်စုံသဖြင့် ပညာဆက်မသင်နိုင် ခဲ့သောကြောင့် ဤ ယာယီအလုပ်တွင် ဝင်လုပ်ခဲ့ပြီး၊ ခန့်သူများက မကြာမီ အမြဲတမ်းဖြစ်မည် ဟူသော စကားရိပ်ပေးခဲ့သည် ဟု ဆိုသည်။ မြို့တော်အုပ်ချုပ်ရေးတွင် သူ့မှာ အရည်အချင်း ရှိကြောင်းကို ပြဖို့သာ လိုသည်ဟု ဆိုသည်။ အမြဲတမ်း ဖြစ်ပြီဆိုလျှင် သူ့အား တစ်သက်လုံး ချောင်ချောင်လည်လည် နေနိုင်စေမည့် ရာထူးအဆင့်သို့ မတက်ရဘဲ နေမည်မဟုတ်ဟု ကတိထားခဲ့ကြသည် ဆိုသည်။ သို့ရာတွင် တကယ်က ဂျိုးဇက်ဂရန်းအား ကြီးပွားချင်စိတ်က တွန်းပေးခဲ့သည်တော့ မဟုတ်ပါ။ ဒါကို သူ ကျိန်တွယ်ပြီး ပြောနိုင်ပါသည်ဟု သူက မဲ့ပြုံးပြုံး၍ ဆိုသည်။ သူ့ဆန္ဒကတော့ သူက ရိုးရိုးသားသား အလုပ်လုပ် ပေးရသည့်အတွက် သူ၏အားလပ်ချိန်တွင် သူ ဝါသနာပါသည့်ကလေးများကို လိုက်စားနိုင်သည့် အခြေအနေမျိုးလောက်ကို ရဖို့ပင် ဖြစ်သည်ဆိုသည်။ သူ့အား ပေးအပ်သည့် အလုပ်ကို လက်ခံ ရာတွင် သူ၏ ယုံကြည်ချက်အတိုင်း။ ဆိုကြပါစို့၊ ဂုဏ်သိက္ခာရှိသော ရည်ရွယ်ချက်များနှင့် ဖြစ်သည်ဟု သူက ဆိုသည်။

သို့ရာတွင် သူ၏ ယာယီအခြေအနေတို့သည် ဆက်ဆက်သွားပြီး စားဝတ်နေရေး စရိတ်တို့သည်လည်း ဆထက်ထမ်းပိုး တိုးမြင့်၍ လာခဲ့လေရာ ဂရန်း၏ လစာမှာ တရားဝင်ခွင့်ပြုသည့် နှစ်တိုးလစာများပါ ထည့်တွက်သော်မှ အလွန် တရာ နည်းပါး၍ နေပေသည်။ သူက ဤအကြောင်းကို ရေးသားပြောပြ ထားသည်။ သို့ရာတွင် အခြား မည်သူ တစ်စုံတစ်ယောက်မျှ သူ၏အခြေအနေကို သတိပြုမိဟန် မတူချေ။

ဤတွင် ဂရန်း၏ ပင်ကိုအရည်အသွေး သို့မဟုတ် ယင်း၏လက္ခဏာကို တွေ့ရသည်။ သူ အလုပ်ဝင်စဉ်က သူ့အား ပေးထားခဲ့သည့် ကတိများကို အထက်သို့တင်ပြရန် သူ့မှာ အခွင့်အရေး ရှိမရှိကို သူ သိပ်မသေချာလှ။ သို့ရာတွင် သူ့ကို အလုပ်ခန့်စဉ်က ကတိပေးခဲ့သူ ဌာနမှူး သေဆုံးသွားသည်မှာ လည်း အတော်ပင် ကြာခဲ့ပြီ။ ထို့အပြင် ဂရန်းကလည်း သူတို့ပေးခဲ့သည့် ကတိ၏ စကားလုံးအတိအကျကို မမှတ်မိတော့။ ထို့အပြင်လည်း ဂရန်းက ပြောရန် စကားလုံး ရှာ၍မရ။ ဒါမှ တကယ့်ဒုက္ခ။

ဤထူးခြားချက်သည် ကျွန်ုပ်တို့ မြို့တော်သားကြီး၏ ထူးခြားသောဂုဏ်ကို လေ့လာရာတွင် သော့ချက်သဖွယ် ဖြစ်သည်ဟု ရေး သတိပြုမိပြီး ဖြစ်သည်။ ဤအကြောင်းကြောင့်ပင်လျှင် ဂရန်းသည် အထက်သို့ စာမတင်ဖြစ်ခဲ့။ လိုအပ်သလို အရေးမယူဖြစ်ခဲ့။ သူ့အဆိုအရ သူသည် အခွင့်အရေးစကား မပြောချင်၊ ထို့အတူပင် “ကတိ” ဆိုသည့် စကားကိုလည်း မသုံးချင်။ ယင်းတို့သည် သူ့ရာထူး အဆင့်ကလေးနှင့် မလိုက်အောင် ကြီးကျယ်လွန်းရာ ကျမည် ဆိုသည်။ တစ်ဖက်ကလည်း သူသည် “သနားသဖြင့်” “ကျေးဇူးကြီးမားလှပါသည်” “အမိန့်နာခံပါသည်” ဆိုသည့် စကားများကိုလည်း မသုံးဟု ဆိုသည်။ ယင်းတို့သည် သူ၏ “လူ့သိက္ခာ” နှင့် မလျော်ဟု ဆိုပြန်သည်။ ဤသို့လျှင် သူ့မှာ စကားလုံးရွေး၍ မရနိုင်သည့်အတွက် ဤသို့ လစာနည်းပြီး မထင်မရှား ရာထူးကလေးတွင် အသက်အရွယ် အတန်ကြီးသည်အထိ ဆက်လုပ်နေခဲ့ရခြင်း ဖြစ်လေသည်။ ထို့အပြင်လည်း သူသည် အတွေ့အကြုံအရ ကိုယ်ရသည့်လခဖြင့် လောက်ငအောင် နေတတ်ခဲ့ခြင်းကို ဂုဏ်ယူသည်ဟု ဒေါက်တာရေးက ယူဆသည်။ စားဝတ်နေရေးစရိတ် ကြီးလာသောအခါ သူသည် အနေအထိုင်ကို လျှော့ဖို့ပဲရှိသည် ဆိုသည်။ ဤသို့လျှင် မြို့ပေါ်တွင် စီးပွားရေးဘုရင်တစ်ဆူ ဖြစ်သူ ကျွန်ုပ်တို့၏ မြို့တော်ဝန်က စောစောက သူပြောခဲ့သည့် စကားကို ခိုင်မာအောင် ရွေးချယ်၍ ပြောခဲ့သည့် စကားတွင် နောက်ဆုံးစစ်တမ်းများအရ ဤမြို့ပေါ်တွင် ငတ်သေသည့်မသာ ရှိသည်ဟု ထင်ရန်အကြောင်းမရှိ ဟု ဒေါနှင့်မာန်နှင့် ပြောခဲ့သည့် မိန့်ခွန်းကို ထောက်ခံအားပေး နေသကဲ့သို့ ရှိ၏။ မည်သို့ပင်ဖြစ်စေ၊ ဂျိုးဇက်ဂရန်း၏ ချွေတာရုံမျှမက အလွန်ခြိုးခြံစွာ နေထိုင်မှုသည် နောက်ဆုံးစစ်တမ်းများအရ ငတ်သေသည့်မသာ မရှိခဲ့ဆိုသည့် စကားကိုသာမက နောက်တွင်လည်း ရှိလိမ့်မည်ဟု စိုးရိမ်စရာမလိုပါဟု အာမခံနေသကဲ့သို့ ရှိလေ၏။ သူကတော့ စကားလုံးများ ရှာဆဲ။

တစ်နည်းအားဖြင့် ဆိုရသော် သူ့ဘဝသည် စံနမူနာ ထားလောက်သည်ဟုပင် ဆိုသင့်သည်။ ကျွန်ုပ်တို့၏ မြို့တွင်ရော အခြားနေရာများတွင်ပါ စိတ်ကောင်း သဘောကောင်းကို ရဲရဲထားဝံ့သည့် သူ့လိုလူမျိုးကတော့ ရှားပေသည်။ သူ၏ အတွင်းရေးနှင့် ပတ်သက်၍ သူ ပြောပြသမျှကလေးတွင် ကြင်နာတတ်မှု၊ ချစ်တတ်မှုကလေးများ ပေါ်လွင်သည်။ ကျွန်ုပ်တို့၏ ခေတ်တွင် ဤသည်တို့ကို

မည်သူမျှ ပွင့်ပွင့် မဖော်ပြရဲကြ။ သူက သူ့တူကလေးများနှင့် သူ့နှမတို့အား အလွန်ချစ်ကြောင်း မျက်နှာတစ်ချက် မပျက်ဘဲ ပြောသည်။ သူ့မှာ ဆွေမျိုး နီးစပ်ဆို၍ ဤမျှသာ ကျန်တော့သဖြင့် သူတို့ကိုတွေ့ရန် ပြင်သစ်ပြည်သို့ နှစ်နှစ်တစ်ခေါက် မှန်မှန် သူသွားသည် ဆိုသည်။ သူ ငယ်ငယ်ကလေးက သေဆုံးသွားကြသော သူ၏ မိဘနှစ်ပါးအား သတိရမိလျှင် သူ့ရင်ထဲတွင် နာကျင်ရသည်ဟု ဝန်ခံသည်။ ညနေတိုင်း ငါးနာရီတွင် ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံ သာသာယာယာ မြည်သည်ကို သူ အထူး ချစ်ခင်နှစ်သက်ကြောင်းကို မကွယ်မထောင့် ဝန်ခံသည်။ သူ့မှာ ဤစိတ်လှုပ်ရှားမှု ကလေးများကို ဖော်ပြရန်အတွက် ရိုးရိုးကလေး လွယ်လွယ်ကလေး ဖြစ်ပါလျက် ယင်းအတွက် စကားလုံး အခက်အခဲသည်ပင်လျှင် သူ့ဘဝ၏ ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်လာခဲ့သည်။ သူက ရေးနှင့်တွေ့တိုင်း "ဆရာရယ်။ ကျွန်တော် စကားပြောတတ်ချင်တယ်ဗျာ" ဟု ပြောတတ်သည်။

ထိုနေ့ညနေက တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသော ဂရန်း၏သဏ္ဌာန်ကို လိုက်ကြည့်နေရင်း ဂရန်း ဘာပြောချင်နေသည်ကို သူ ဖျတ်ခနဲ နားလည်လိုက်သည်။ သူသည် စာအုပ်တစ်အုပ် သို့မဟုတ် စာအုပ်လို စာတမ်းမျိုး တစ်ခုခု ရေးနေသည်မှာ ထင်ရှားသည်။ ထူးထူးဆန်းဆန်းပင်။ သူ ဓာတ်ခွဲခန်းဘက် လျှောက်လာခဲ့သောအခါ ဤအတွေးက ပိုမိုခိုင်မာ၍လာသည်။ အဓိပ္ပာယ် မရှိသည်ကို သူ သိပါသည်။ သို့သော် ဤသို့ မထင်မရှားနှင့် ဘေးကင်းသော ဝါသနာကလေးများကို လိုက်စားနေသည့် ဂရန်းလို လူမျိုးများ၏ နေရာတွင် ပလိပ်ကပ်ရောဂါ ကျရောက်လာနိုင်သည် ဆိုသည်ကို သူ မယုံကြည်နိုင်အောင်ပင် ရှိသည်။ အတိအကျဆိုရသော် ပလိပ်ကပ် သင့်နေသည့် နေရာမျိုးတွင် ဤကဲ့သို့သော ဝါသနာခပ်ဆန်းဆန်း ပုဂ္ဂိုလ်များ ရှိနေသည်ကို သူ တွေး၍မရ။ သို့နှင့်ပင် ဤကပ်ရောဂါသည် ကျွန်ုပ်တို့၏ မြို့သူမြို့သားများတွင် မပြန့်ပွားနိုင်ဟု အောက်မေ့ထားလိုက်လေ၏။

* * *

॥၇॥

နောက်တစ်ရက်တွင် အများက စိတ်ကူးလွဲသည် ထင်ကြသော်လည်း ဒေါက်တာရေး အထပ်ထပ်ပြောလွန်း၍ အာဏာပိုင်တို့သည် ကျန်းမာရေးကော်မတီ အစည်းအဝေးတစ်ခုကို ဘုရင်ခံ၏ရုံး၌ ခေါ်ယူရလေသည်။ "မြို့ထဲမှာ လူတွေ ကြောက်လန့်နေကြပြီ ဆိုတာ ဟုတ်ပါတယ်" ဟု ဒေါက်တာရစ်ချတ်က ဝန်ခံပြီး၊ "ကောဠာဟလ သတင်းအမျိုးမျိုးကလည်း အနှံ့အပြား ထွက်နေပါတယ်။ ဘုရင်ခံက ကျုပ်ကို 'အချိန်မှီ အရေးယူချင်ရင်လည်း ယူလိုက်ပါ။ ဒါပေမယ့် အထိတ်တလန့်တော့ မဖြစ်ပါစေနဲ့' လို့ ပြောပါတယ်။ သူကိုယ်တိုင်ကတော့ ဒါဟာ အလကား ထိတ်လန့်နေကြတာလို့ ယုံကြည်နေပါတယ်" ဟု ဆိုသည်။

ရေးက ဘုရင်ခံ၏ရုံးသို့ အလာတွင် ကတ်စတယ်အား သူ့ကားနှင့်တင်၍ ခေါ်လာခဲ့သည်။

သူတို့ ကားထဲသို့ ရောက်သောအခါ ကတ်စတယ်က "ဟေ့၊ တို့တစ်နယ်လုံးမှာ ကာကွယ်ဆေး တစ်စက်မှ မရှိဘူးဆိုတာ မင်းသိရဲ့လား" ဟု မေးသည်။

"ကျွန်တော် သိပါတယ်။ ကျွန်တော် ဆေးသိုလှောင်ရုံကို ဖုန်းဆက်တယ်။ ညွှန်ကြားရေးမှူးလည်း အတော် ထိတ်လန့်နေပုံရတယ်။ ဒီဆေးက ပဲရစ်က ပို့ပေးရမှာ"

"အေးကွာ။ မြန်မြန်ပို့ပေးပါစေလို့ ဆုတောင်းရမှာပဲ"

ရေးက "ကျွန်တော် မနေ့က ကြေးနန်းတစ်စောင် ရိုက်လိုက်ပါတယ်" ဟု ပြောသည်။

ဘုရင်ခံက သူတို့အား ခင်မင်စွာပင် ဆီးကြိုနှုတ်ဆက်သည်။ သို့သော် သူ စိတ်တိုနေသည်မှာ သိသာပါသည်။

"ကျွန်တော်တို့ အစည်းအဝေး စကြပါစို့၊ လူကြီးမင်းများ ခင်ဗျား။ အခြေအနေကိုတော ပြန်ပြောဖို့များ လိုပါသေးသလား" ဟု သူက ဆိုလိုက်သည်။

ရစ်ချတ်က မလိုဘူးဟု ထင်သည်။ သူနှင့် သူ့လုပ်ဖော်ကိုင်ဖက်များသည် ဖြစ်ပျက်သမျှကို သိကြပြီးဖြစ်သည်။ မည်သို့ ဆောင်ရွက်ကြမည် ဆိုသည်ကိုသာ ဆွေးနွေးဖို့ရှိပါသည် ဟု ဆိုသည်။

ဤတွင် ကတ်စတယ်ကြီးက ဖြတ်၍ "ပြဿနာက ဒါဟာ ပလိပ်ကပ် ဟုတ်မဟုတ် သိဖို့ပဲ" ဟု ဒွဲဒိုးကြီး ဆိုလိုက်၏။

အစည်းအဝေး တက်ရောက်သူထဲက ဆရာဝန် နှစ်ယောက်သုံးယောက်တို့က ငြင်းဆိုကြသည်။ အခြား ဆရာဝန်များကမူ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေကြသည်။ ဘုရင်ခံလည်း ရုတ်တရက် လန့်သွားသလိုဖြစ်ကာ ဤစကား အပြင်စကြံ်ဘက်ကများ ကြားသွားလေမည်လားဟု စိုးရိမ်ကာ တံခါးဆီသို့ အပြေးအလွှား လှမ်းကြည့်လိုက်၏။ ရစ်ချတ်က "အရေးအကြီးဆုံးမှာ တုန်လှုပ်ချောက်ချားခြင်း မဖြစ်စ်ဖို့" ဟု ဆိုသည်။ "အခုအချိန်မှာတော့ ကျွန်တော်တို့ဟာ ပေါင်ခြံမှာ အကျိတ်ထွက်တဲ့ အဖျားရောဂါဆန်း တစ်မျိုးကို တိုက်ခိုက်နေရတယ် ဆိုတာလောက်ပဲ ပြောနိုင်ပါသေးတယ်။ ဆေးပညာကိစ္စမှာပဲ ဖြစ်ဖြစ်၊ နေ့စဉ် နေမှုထိုင်မှုမှာပဲဖြစ်ဖြစ် အလျင်စလို ဆုံးဖြတ်ခြင်းဟာ မကောင်းပါဘူး" ဟု ဆိုသည်။ နှုတ်ခမ်းမွေး ဝါကျင်ကျင်ကြီး တလှုပ်လှုပ်နှင့် ငြိမ်သက်စွာ နားထောင်နေသော ကတ်စတယ်ကြီးသည် သူ၏ ဖျော့တော့စွာ တောက်ပနေသော မျက်လုံးများဖြင့် ရေးအား ငေးစိုက်ကြည့်နေလေသည်။ ထို့နောက် အခြားကော်မီတီဝင်များအား ခင်မင်ရင်းနှီးစွာ လှည့်ပတ်၍ ကြည့်လိုက်ပြီး ဤရောဂါကို ပလိပ်ကပ်ရောဂါဟု သူ ကောင်းစွာသိသည်။ ဤအချက်ကို တရားဝင် လက်ခံလိုက်ပြီဆိုလျှင် အာဏာပိုင်များ ပြင်းပြင်းထန်ထန် အရေးယူရတော့မည် ဆိုသည်ကိုလည်း သိသည်။ ဒါကို ပြောဖို့မလိုပါ။ သူ၏ လုပ်ဖော်ကိုင်ဘက်များ အမှန်တရားကို ရင်ဆိုင်ရန် နှောင့်နှေးနေကြခြင်း မှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်သည်ဟု သူက ဆိုသည်။ အကယ်၍ သူတို့ စိတ်ချမ်းသာကြမည် ဆိုလျှင် သူက ဤရောဂါက ပလိပ်ကပ်ရောဂါ မဟုတ်ပါဘူးဟု ပြောဖို့ အဆင်သင့်ရှိပါသည် ဟု ပြောလိုက်၏။ ဘုရင်ခံလည်း စိတ်အနှောင့်အယှက် ဖြစ်သွားဟန်ရှိပြီး ဘယ်လိုမဆို ငြင်းခုံနေကြသည့် လမ်းစဉ်ကတော့ မဖွယ်မရာဟု သူထင်ကြောင်း ပြောလိုက်၏။

ကတ်စတယ်က "ငြင်းခုံနေတာ ဖွယ်ရာတာ မဖွယ်ရာတာက အရေးမကြီးပါဘူး။ အရေးကြီးတာက စဉ်းစားဖို့ပါပဲ" ဟု ပြောလိုက်သည်။

ယခုအချိန်အထိ ဘာမှဝင်မပြောဘဲ ငြိမ်နေသော ဒေါက်တာရေးအား ဘယ်လိုထင်သလဲဟု မေးကြသည်။

ရေးက "ကျွန်တော်တို့ အခုတွေ့နေရတာက အန်တာတို့ အကျိတ်ထွက်တာတို့နဲ့ တွဲလာတဲ့ အူရောင်ငန်းဖျားသဘော အဖျားရောဂါတစ်မျိုး ဖြစ်ပါတယ် ဒီအကျိတ်တွေကို ကျွန်တော် ခွဲစိတ်ပြီး အစစ်ဆေးခိုင်းပါတယ်။ ကျွန်တော် ဓာတ်ခွဲခန်းက ဓာတ်ခွဲဆရာက စစ်ဆေးကြည့်တဲ့အခါ ပလိပ်ရောဂါပိုး တွေ့တယ်လို့ သူယုံကြည်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒီပလိပ်ရောဂါပိုးဟာ ရှေးရှေးက တွေ့ခဲ့ရတဲ့ ပလိပ်ရောဂါပိုး ပုံသဏ္ဍာန် ဖော်ပြချက်များနဲ့ သိပ်မကိုက်ညီတဲ့ ထူးခြားကွဲလွဲချက် ကလေးတွေလည်း ရှိတယ်ဆိုတာကို ကျွန်တော် တွေ့ကြောင်း ထပ်ဆင့် ပြောပြလိုပါတယ်" ဟု ပြောလိုက်သည်။

ရစ်ချတ်က ထိုသို့ဖြစ်လျှင် ဤအချက်သည် စောင့်ကြည့်သည့်မှုကို ထောက်ခံလျက်ရှိကြောင်း ညွှန်ပြသည်။ မည်သို့ပင်ဖြစ်စေ ရက်အတော်ကြာကပင် ပြုလုပ်နေခဲ့သည့် ဤဓာတ်ခွဲစစ်ဆေးမှု အဆင့်ဆင့်မှ ထွက်လာသည့် အစီရင်ခံစာများကို စောင့်ကြည့်လျှင် ကောင်းလိမ့်မည်ဟု အကြံပြုသည်။

ရေးက "ရောဂါပိုးမွှား တစ်ကောင်ဟာ တခဏကလေး တခဏကလေးသာ ရပ်နားပြီး သုံးရက်အတွင်း သရက်ရွက်ရဲ့ ပမာဏကို လေးဆအထိ ကြီးအောင် လုပ်နိုင်တယ်။ အူကိုဖုံးတဲ့ အမြှေးမှာ လိမ္မော်သီးလုံးလောက် အကျိတ်တည်စေပြီး ပြည်တည်လာနိုင်တယ် ဆိုတော့ စောင့်ကြည့်ဖို့ ဆိုတဲ့မှုဟာ အသက်ညှာဆုံး ပြောရရင် အင်မတန် မှားယွင်းပါလိမ့်မယ်။ ရောဂါကူးစက်မှု ဇဟိုချက်များဟာလည်း တဖြည်းဖြည်း ကျယ်ပြန့်လာပါတယ်။ ရောဂါပြန့်နှံ့မှု လျှင်မြန်ပုံကို ထောက်ပြီး ကျွန်တော်တို့ မတားဆီးနိုင်ခဲ့ရင် နှစ်လမကုန်ခင် ကျွန်တော်တို့ မြို့တစ်ဝက်လောက် သေကုန်နိုင်တယ်လို့ ခန့်မှန်းရပါတယ်။ ဒီတော့ ဒီရောဂါကို ပလိပ်ကပ်လို့ပဲ ခေါ်ခေါ်။ တစ်ခြား ရှားရှားပါးပါး အဖျားရောဂါ တစ်မျိုးလို့ပဲ ခေါ်ခေါ်။ ခေါ်တာက အရေးမကြီးပါဘူး။ အရေးကြီးတာက ဒီမြို့က လူဦးရေတစ်ဝက် မကုန်ခင် တားဆီးဖို့ပါပဲ" ဟု ပြောလိုက်၏။

ရစ်ချတ်က အလွန်အကျွံ အဆိုးဘက်က ကြည့်နေသည်မှာ မှားယွင်းကြောင်း၊ ထိုမှတစ်ပါး ဤရောဂါ ကူးစက်ပြန့်ပွားတတ်သည်မှာလည်း မသေချာသေးကြောင်း၊ အမှန်မှာ ဤရောဂါ ဖြစ်ပွားသူတို့၏ ဆွေမျိုးသားချင်းများသည် တစ်မိုး တစ်ရံတည်းမှာပင် နေကြပြီး ဤရောဂါမှ လွတ်မြောက်ကြပါသည် ဟု ဆိုသည်။

ရေးက "ဒါပေမယ့်။ တခြားလူတွေ သေကြပါတယ်။ ပြီးတော့ ကူးစက်မှု ဆိုတာမျိုးဟာလည်း ဧကန်ဧက ပြောလို့ရတာမျိုး မဟုတ်ပါဘူး။ ရတယ်ဆိုရင် ရောဂါဖြစ်ပွားမှုနဲ့ အသေအပျောက် ကိန်းဂဏန်းတွေဟာ တသမတ်တည်း တက်သွားပြီး ကြီးကျယ်တဲ့ အပျက်အစီးမျိုးထိအောင် ရောက်မှာပဲ။ အလွန်အကျွံ အဆိုးဘက်က ကြည့်တာ မကြည့်တာထက် ကြိုတင်ကာကွယ်ဖို့က အရေးတကြီး ပြဿနာဖြစ်နေပါတယ်" ဟု တင်ပြသည်။

သို့ရာတွင် ရစ်ချတ်က အခြေအနေကို သူမြင်သလို ခြုံ၍ကြည့်ပြီး ဤကူးစက်မှု သူ့အလိုလို ရပ်စဲမသွားလျှင် ကျင့်ထုံးဥပဒေများက ပြဋ္ဌာန်းထားသည့်အတိုင်း ရောဂါကာကွယ်ရေး လုပ်ငန်းများကို အပြင်းအထန်လုပ်ရန် လိုမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြုလုပ်ရန်ဆိုလျှင် ပလိပ်ကပ်ရောဂါ ဖြစ်ပွားလျက်ရှိသည် ဆိုသည်ကို တရားဝင်လက်ခံဖို့ လိုအပ်မည် ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းသို့ ပြုနိုင်လောက်အောင် ဘာမျှ အတိအကျ အသေအချာ မပြောနိုင်ကြောင်း၊ အဆောတလျင် ပြုမှုဆိုလျှင် တားမြစ်ကန့်ကွက် ရလိမ့်မည်ဖြစ်ကြောင်း ပြောပြန်သည်။

ရေးကလည်း အလျှော့မပေး။ "ကျင့်ထုံးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ နည်းလမ်းတွေ ပြင်းထန်တာ မပြင်းထန်တာဟာ အကြောင်းမဟုတ်ပါဘူး။ ဒီမြို့မှာရှိတဲ့ လူဦးရေတစ်ဝက် သေကုန်မည့် အန္တရာယ်ကို တားဆီးသင့် မတားဆီးသင့် ဆိုတာသာ အကြောင်းဖြစ်ပါတယ်။ ကျနိတာတွေကတော့ အုပ်ချုပ်ရေးဆိုင်ရာ အလုပ်ပါ။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ဒီလို အရေးပေး ကိစ္စများမှာ လိုအပ်တဲ့အမိန့်များ ထုတ်ဖို့အတွက် ဘုရင်ခံများကို အာဏာပေးထားပါတယ် ဆိုတာ ကျွန်တော်က သတိဖော်ပေးနေရစရာ မလိုဘူး ထင်ပါတယ်" ဟု ဆိုလေသည်။

ဘုရင်ခံက "ဒါ ဟုတ်ပါတယ်။ ဒါပေမယ့် ကျုပ်အနေနဲ့ ဒါဟာ ပလိပ်ကပ်ရောဂါ ဆိုတာကို ဆရာတို့ ပညာရှင်များရဲ့ တရားဝင်ကြေညာချက် ရဖို့လိုပါတယ်" ဟု ဆိုသည်။

ရေးက "ကျွန်တော်တို့ အဲဒါကို မကြေညာရင် ကျွန်တော်တို့ရဲ့ မြို့နေဦးရေ တစ်ဝက်လောက် အသက်ဆုံးပါးနိုင်တဲ့ အန္တရာယ် ရှိပါတယ်" ဟု ဆိုသည်။

ရစ်ချတ်က စိတ်မရှည်သလို အမူအရာဖြင့် ဖြတ်ပြောသည်။

"အမှန်က ကျုပ်တို့မိတ်ဆွေကြီးက ဒါကို ပလိပ်ကပ်ရောဂါလို့ ယုံကြည်နေတယ်။ သူပြောပြတဲ့ ရောဂါလက္ခဏာတွေက ဒါကို ထင်ရှားစေတယ် ဆိုပါတယ်"

ရေးက သူ့အနေဖြင့် ဤရောဂါလက္ခဏာ ဆိုသည်ကို ပြောမပြခဲ့။ သို့သော် သူကိုယ်တိုင် တွေ့မြင်ခဲ့ရသည်ကိုသာ ပြောခြင်းဖြစ်ကြောင်း၊ သူမြင်ခဲ့ရသည်မှာ အကျိတ်များ၊ အပြင်းဖျားခြင်းနှင့် ကယောင်ကတမ်းဖြစ်ခြင်း၊ လေးဆယ့်ရှစ်နာရီအတွင်း သေဆုံးသွားခြင်းတို့သာ ဖြစ်ပြီး ဤကူးစက်ရောဂါသည် အပြင်းအထန် ကာကွယ်ရေးများ မပြဋ္ဌာန်းဘဲနှင့် ပြီးဆုံးသွားလိမ့်မည်ဟု ကြေညာရန် ဒေါက်တာရစ်ချတ်က တာဝန်ယူနိုင်ပါမည်လား ဟု မေးလေသည်။

ရစ်ချတ်လည်း ခေတ္တမျှ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားပြီး ရေးအား စူးစိုက်ကြည့်နေလိုက်သည်။

"ကျုပ်မေးတာကို ပွင့်ပွင့်လင်းလင်း ဖြေစမ်းပါ။ ခင်ဗျားက ဒါကို ပလိပ်ကပ်ရောဂါ ဖြစ်တယ်လို့ အကြွင်းမဲ့ ယုံပါသလား"

"ခင်ဗျားက ဒီပြဿနာကို အလွဲထင်နေတာကိုး။ ကျွန်တော်ပြောတဲ့ စကားလုံးက အရေးမဟုတ်ပါဘူး။ အချိန်ကသာ အရေးကြီးတာပါ"

ဘုရင်ခံက "ခင်ဗျားအယူအဆ ကျွန်တော် နားလည်သလို ပြောရရင် ဒီရောဂါဟာ ပလိပ်ကပ်ရောဂါ မဟုတ်တောင်မှ ပလိပ်ကပ်ရောဂါ ဖြစ်ပွားချိန်မှာ

ပြုလုပ်ရတဲ့ ကာကွယ်ရေး လုပ်ငန်းတွေကို အလျင်အမြန် လုပ်ရမယ် ဒီလိုလား” ဟု ဝင်ထောက်သည်။

“အယူအဆလို့ ဆိုချင်လည်းဆိုပါ။ ကျွန်တော် ပြောချင်တာကတော့ အဲဒီ အတိုင်းပါပဲ”

ဆရာဝန်များ အချင်းချင်း တိုင်ပင်ကြပြန်သည်။ ရစ်ချတ်က သူတို့၏ကိုယ်စား ပြောရေးဆိုခွင့်ရှိသူ ဖြစ်သည်။

“အခု ဒီလို နားလည်ပါတယ်။ ကျုပ်တို့ အခု ကူးစက်ပြန့်ပွားနေတဲ့ ရောဂါကို ပလိပ်ကပ်ရောဂါ လို့ပဲ သဘောထားပြီး ဆောင်ရွက်ဖို့ တာဝန်ယူကြရမယ်ပေါ့။ ဟုတ်ကဲ့လား”

ဤသို့ဆိုလျှင် အများက သဘောတူနိုင်ကြပါသည်။

ရေးကမူ “ခင်ဗျားတို့ ဘယ်လိုခေါ်ခေါ်၊ ကျွန်တော့်အဖို့ ကိစ္စမရှိပါဘူးလေ။ ကျွန်တော် ဆိုလိုတာကတော့ ကျွန်တော်တို့ဟာ မြို့နေလူဦးရေ တစ်ဝက်လောက် သေကြေပျက်စီးသွားစရာ အကြောင်းမရှိသလို လုပ်မနေသင့်ဘူး ဆိုတာပါပဲ။ အဲသလို လုပ်နေရင်တော့ အဲဒါက ဖြစ်မှာပဲ” ဟု ဆိုလိုက်သည်။

ဒေါက်တာရေး အစည်းအဝေး ခန်းမထဲမှာ ထွက်လာခဲ့သောအခါ မကျေနပ်သူများက မျက်မှောင်ကြုတ်လျက် သူ့အား လိုက်ကြည့်နေကြ၏။ မိနစ်အနည်းငယ် အကြာ၌ ငါးကြော်နံ့ ကျင်ငယ်နံ့တို့ဖြင့် လှိုင်နေသော နောက်ဖေးလမ်းသွယ်ကလေး တစ်ခုအတွင်းသို့ ကားမောင်း၍ ဝင်သွားစဉ်တွင် ပေါင်ခြံမှ သွေးများစီးကျလျက် နာကျင်၍ အော်ဟစ်နေသော မိန်းမတစ်ယောက်သည် သူ့ဆီသို့ လက်များကို ဆန့်တန်းလိုက်လေသည်။

* * *

ကော်မီတီအစည်းအဝေး၏ နောက်တစ်ရက်တွင် အဖျားရောဂါသည် ရှေ့သို့ တစ်ထစ် မသိမသာတိုးလာခဲ့သည်။ သတင်းစာများ၌ပင် ပါလာသည်။ သို့သော် အလွန် ပါးနပ်သိုသိပ်စွာ ရေးထားသည်။ သတင်းအတိုကလေးမျှသာ ဖြစ်သည်။ နောက်တစ်ရက်တွင်ကား မြို့တွင်းရှိ လူမစည်ကားလှသော မထင်မရှားနေရာ အနှံ့အပြားတွင် တရားဝင် ကြေညာချက်များ လိုက်ကပ်ထားသည်ကို ဒေါက်တာရေး သတိပြုမိလေသည်။ ထိုကြေညာချက်များတွင် အာဏာပိုင်တို့သည် အရေးအခင်းကို တည့်တည့် ရင်ဆိုင်ထားသည့် လက္ခဏာများကို မတွေ့ရသလောက်င် ဖြစ်သည်။ သူတို့အရေးယူပုံမှာ ပြင်းထန်မည် ဝေးစွ။ လူအများအား အထိတ်တလန့် မဖြစ်စေလိုသည့် ဆန္ဒကို အလေးပေးမှုက များနေသည်ဟု ထင်စရာ ဖြစ်နေသည်။ ညွှန်ကြားချက်များတွင် "အိုရန်မြို့၌ အဖျားရောဂါဆိုးတစ်မျိုး ဖြစ်ပွားသူ အနည်းငယ်ရှိသည် ဟု သိရကြောင်း" ခပ်ရှင်းရှင်း ဆိုထားပြီး "ယင်းရောဂါသည် ကူးစက်ပြန့်ပွားတတ်သည် ဟု မဆိုနိုင်သေးကြောင်း၊ ရောဂါလက္ခဏာများ မှာလည်း စိတ်အနှောင့်အယှက် ဖြစ်စေလောက်အောင် မထင်ရှားသဖြင့် မြို့သူမြို့သားများသည် ဤအခြေအနေကို ဣန္ဒြေမပျက် သတိရှိကြလိမ့်မည် ဟု အာဏာပိုင်များက စိတ်ချယုံကြည်ထားကြောင်း မျှသာ ဖြစ်၏။ သို့ပင်ဖြစ်စေကာမူ ဘုရင်ခံကမူ လူအများ နှစ်သက်လက်ခံ နိုင်လောက်အောင် ပါးနပ်လိမ္မာစွာ၊ ရောဂါကို ကြိုတင်ကာကွယ်သည့် လုပ်ငန်းများကို ညွှန်ကြားထားလေသည်။ ဤညွှန်ကြားချက်များကို ဂရုတစိုက် လေ့လာကာ အသေအချာ လိုက်နာလုပ်ဆောင်ပါက ကူးစက်ပြန့်ပွားတတ်သော ရောဂါဖြစ်မည့် အန္တရာယ်ကို ဖယ်ရှားပစ်နိုင် ကြလိမ့်မည်။ ဤသို့ဖြစ်သောကြောင့် သူ၏ နယ်ပယ်အတွင်းရှိ လူအားလုံးတို့သည် သူ၏ အားထုတ်မှုများကို စိတ်ရောကိုယ်ပါ ထောက်ခံကြလိမ့်မည်ကို ဘုရင်ခံက သံသယမရှိကြောင်း ကြေညာထားသည်။

ကြော်ငြာစာတွင် အာဏာပိုင်တို့ ချမှတ်ထားသည့် လမ်းစဉ်၏ ယေဘုယျ အစီအစဉ် အကျဉ်းချုပ်ကို ဖော်ပြထားသည်။ ယင်းတို့တွင် ရေဆိုးထုတ် ပြွန်များအတွင်းသို့ အဆိပ်ငွေ့များ ထိုးသွင်း၍ ကြွက်များကို မျိုးပြုတ်စေခြင်း၊ မြို့တော် သောက်ရေသုံးရေများကို တင်းကြပ်စေ့စပ်စွာ စောင့်ကြပ်ဆေးစစ်ခြင်းတို့ ပါဝင်သည်။ မြို့သူမြို့သားများအား အစွမ်းကုန် သန့်ရှင်းကြရန်နှင့် စည်ပင်သာယာရေးအဖွဲ့ ဆေးရုံဆေးခန်းများသို့ သွားရောက်ပြသရန် ညွှန်ကြားထားသည်။ အိမ်ထောင်ဦးစီးများအားလည်း အိမ်တွင် ဖျားနာသူ ရှိပါက သူတို့၏ ဆရာဝန်များက ခွဲပြသည့် ရောဂါလက္ခဏာကို ချက်ချင်း အကြောင်းကြားရန်နှင့် ဖျားနာသူများအား ဆေးရုံရှိ သီးသန့်အဆောင်များတွင် ခွဲခြားထားသည်ကို ခွင့်ပြုရန် ညွှန်ကြားထားသည်။ ထို သီးသန့်အဆောင်များတွင် ချက်ချင်း ဆေးဝါးကုသမှု ရရှိနိုင်ပြီး ရောဂါ

ပျောက်ကင်းချမ်းသာရန် အလားအလာ အများဆုံးရှိသည် ဟုလည်း ရှင်းပြထားသည်။ နောက်ဆက်တွဲ နည်းဥပဒေအချို့တွင် ဖျားနာသူ နေထိုင်သွားသည့် နေအိမ်၊ အခန်း၊ စီးနင်းသွားလာသည့်ယာဉ် စသည်တို့ကို မလွဲမသွေ ပိုးသတ်ဆေး ဖျန်းစေရမည်ဟု ဆိုထားသည်။ ကျန်သည့်အပိုင်းမှာ ဖျားနာသူနှင့် ထိတွေ့ကိုင်တွယ် နေရသူများသည် ကျန်းမာရေး အင်စပက်တော်များနှင့် တွေ့ဆုံဆွေးနွေးကာ သူ အကြံပေးချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာရန်အကြောင်း ဘုရင်ခံက အကြံပေးထားလေသည်။

ဒေါက်တာ ရေးသည် ထိုကြော်ငြာစာ ကပ်ထားသည့် နေရာမှ ရုတ်တရက် လှည့်ကာ သူ၏ ဆေးခန်းဆီသို့ ထွက်ခဲ့သည်။ သူ၏ဆေးခန်းသို့ ဝင်လိုက်လျှင်ပင် သူ့အရင် ရောက်နှင့်ပြီး စောင့်နေသော ဂရန်းက ဖာတ်ဟန်ပါပါဖြင့် သူ၏လက်များကို မြှောက်၍ ပြလိုက်သည်။

ဒေါက်တာရေးက “ဟုတ်တယ်။ ကျုပ်သိတယ်။ ကိန်းဂဏန်းတွေ တက်နေတယ်” ဟု ပြောလိုက်သည်။

လွန်ခဲ့သည့်နေ့က ဆယ်ယောက် အသေအပျောက် တိုင်ကြားသည်။ ဆရာဝန်က ညနေပိုင်းတွင် ကော့တတ်ထံသို့ လာခဲ့မည်ဟု ကတိထားခဲ့သဖြင့် သူ့ ကိုလည်း တွေ့ဦးမည်ဟု ပြောလိုက်သည်။

ဂရန်းက “သိပ်ကောင်းတာပေါ့ ဆရာရယ်။ သူ့အဖို့ ကောင်းသွားမှာပေါ့။ တကယ်က သူ အတော် ပြောင်းလဲသွားတာကို ကျွန်တော် တွေ့ရပါတယ်” ဟု ပြောသည်။

“ဘယ်ပုံဘယ်နည်း ပြောင်းလဲသွားတာလဲ”

“ခင်မင်စရာ ကောင်းလာတယ် ဆရာ”

“အရင်ကကော ခင်မင်စရာ မကောင်းဘူးလား”

ဂရန်းက ဘာပြောရမှန်း မသိ။ ကော့တတ်သည် ခင်မင်စရာ မကောင်းခဲ့ဟု သူ မပြောနိုင်။ ဤစကားကို သုံးလိုက်လျှင် မှန်လိမ့်မည် မဟုတ်။ သို့ရာတွင် ကော့တတ်သည် ငြိမ်သက်သိုသိပ်သော လူတစ်ယောက်ဖြစ်ပြီး သူ့ကိုမြင်လျှင် တောဝက်ကို သတိရသည်ဟု ဂရန်းက ထင်မိသည်။ သူသည် အိပ်ခန်းထဲနေလိုက်၊ အညံ့စားစားသောက်ဆိုင်များ၌ ထွက်စားလိုက်၊ လျှို့ဝှက်သိုသိပ်စွာ သွားလိုက်လာလိုက်နှင့်ပင် သူ့အဖို့ တစ်နေကုန်တတ်သည်။ သူကတော့ သူ့ကိုယ်သူ ဝိုင်နှင့်အရက်များအတွက် နယ်လှည့်ကိုယ်စားလှယ် ဟု ဆိုသည်။ မကြာခဏပင် သူ့ထံသို့ သူ့ဖောက်သည်များဟု ယူဆရသော နှစ်ယောက်သုံးယောက်

လာတတ်သည်။ တစ်ခါတစ်ရံ ညနေဘက်တွင် သူသည် လမ်းတစ်ဖက်က ရုပ်ရှင်ရုံသို့ သွားတတ်သည်။ ဤအကြောင်းနှင့် စပ်၍ ဂရန်းက သူ သတိပြုမိသည့် အသေးစိတ်ကလေး တစ်ခုကို ပြောပြသည်။ ကော့တတ်သည် လူဆိုးဂိုဏ်းများနှင့် ဒိန်းဒိုင်းရုပ်ရှင်ကားများကို အခြားကားများထက် ပိုမိုနှစ်သက်ဟန်တူသည် ဆိုသည်။ သို့ရာတွင် သူ သတိပြုမိသော ထိုပုဂ္ဂိုလ်၏ ထူးခြားချက်မှာ တွေ့သူတိုင်းကို မယုံကြည်သလို ခပ်တန်းတန်း နေခြင်းပင် ဖြစ်သည်။

ယခုမူ လုံးဝ ပြောင်းလဲသွားပြီဟု ဂရန်းက ဆိုသည်။

"ဘယ်လို ပြောရမလဲတော့ မသိဘူး ဆရာရဲ့။ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ သူဟာ လူတိုင်းက သူ့ကို အကောင်းထင်လို့ သူကလည်း လူတိုင်းနဲ့ သင့်မြတ်အောင်နေဖို့ အားထုတ်နေတယ်လို့ ထင်နေတယ်။ အခုရက်ပိုင်းမှာ သူ ကျွန်တော့်ကိုလည်း မကြာမကြာ စကားပြောတယ်။ အပြင်ကို အတူတယ ထွက်ကြရအောင်လို့လည်း အဖော်ညှိတယ်။ ကျွန်တော်ကလည်း မငြင်းတတ်ပါဘူး။ ဒီ့အပြင်လည်း သူ့ကို ကျွန်တော် စိတ်ဝင်စားမိတယ် ဆရာရဲ့။ ကျွန် တော်က သူ့အသက်ကို ကယ်ထားတာကိုး"

သူ့ကိုယ်သူ သေကြောင်းကြံသည့် အမှု၏ နောက်ပိုင်းတွင် ကော့တတ်ထံသို့ ဧည့်သည်များ မလာကြတော့ချေ။ လမ်းများတွင် လည်းကောင်း၊ ဆိုင်များတွင် လည်းကောင်း၊ သူသည် မိတ်ဆွေဖွဲ့ရန် အမြဲပင် အားထုတ်နေတတ်သည်၊ ကုန်စိမ်းဆိုင်က လူကိုလည်း သူက ဖော်ရွေပစ်လိုက်ပြန်သည်။ ဆေးလိပ်ပိုင်ရှင် ပြောသမျှ အတင်းအဖျင်းစကားကို သူ့လောက် ဘယ်သူမှ သည်းခံပြီး စိတ်ဝင်စားဟန်ပြ၍ နားမထောင်နိုင်။

ဂရန်းက "အဲဒီဆေးလိပ်ပိုင်ရှင်က အမျိုးသမီးခင်ဗျ။ အဲဒီအမျိုးသမီးဟာ တကယ့်ကို လေကြောရှည်တဲ့ မိန်းမဗျ။ အဲဒါကို ကျွန်တော်က ကော့တတ်ကို ပြောပြပါတယ်။ ဒါပေမယ့် သူက မဟုတ်ပါဘူးတဲ့။ ကျွန်တော်က တစ်ဖက်သတ် မြင်နေလို့ပါတဲ့ဗျ။ ဒီအမျိုးသမီးမှာ ကောင်းတာတွေ အများကြီး ရှိပါတယ်တဲ့။ ကောင်းတာကို ရှာတော့ ကြည့်တတ်ရတာပေါ့တဲ့ဗျ"

ကော့တတ်ကဂရန်းအား မကြာမီကမှ သူသွားသွား စားသောက်တတ်လာသည့် မြို့ထဲရှိ ခမ်းနားသောစားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးများ သို့ သူနှင့်လိုက်ခဲ့ရန် တစ်ခါနှစ်ခါ ခေါ်ဖူးသည်ဟု ဆိုသည်။ သူက "ဆိုင်ခင်းပတ်ဝန်းကျင် သန့်တယ်ဗျ။ လူတွေလည်း သန့်တယ်" ဟု ပြောသည်ဆို၏။

ဆိုင်အမှုထမ်းများက ကော့တတ်အား ဘာကြောင့် အရေးတယူ ပျာပျာသလဲ လုပ်နေကြပါလိမ့် ဆိုသည်ကို မကြာမီ ကော့တတ်က သူတို့အား မုန့်ဖိုးများ

ဖောဖောသီသီ ပေးနေသည်ကိုမြင်မှ သိရတော့သည် ဆို၏။ သူက ဤသို့ဆုတော် လာဘ်တော် ချသည့်အတွက် အမှုထမ်းများက သူ့အား ခင်မင်ရင်းနှီးဟန် ပြကြသသည်ကို သူကလည်း သဘောကျနေပုံရသည်။ တစ်နေ့တွင် စားပွဲထိုးချုပ်က သူ့အား တံခါးဝသို့ လိုက်ပို့ပြီး အကျႌဝတ်ပေးတော့ ကော့တတ်က ဂရန်းအား “ဒီလူက လူကောင်းဗျ။ သူဟာ သက်သေကောင်းတစ်ယောက် ဖြစ်မယ်” ဟု ပြောသည်။

“ဘာသက်သေလဲဗျ။ ကျွန်တော် နားမလည်လိုက်ဘူး”

ကော့တတ်က ခဏဆိုင်းနေပြီးမှ ဖြေသည်။

“ဒီလိုလေ။ ကျွန်တော်ဟာ ဆိုးတဲ့လူမျိုး မဟုတ်ပါဘူး ဆိုတာ သူ ပြောနိုင်တာပေါ့'

သို့ရာတွင် သူ၏ စိတ်နေသဘောထားကလေးမှာ အတက်အကျ ရှိတတ်သည်။ တစ်နေ့တွင် ကုန်စိမ်းသည်က သူ့အား ခါတိုင်းလောက် ဖော်ဖော်ရွေရွေ မလုပ်လိုက်သောကြောင့် သူ ဒေါထပြီးပြန်လာသည်။

“ဒီကောင်က တခြားလူတွေဘက်ကို ပါသွားပြီဗျ။ လူယုတ်မာ”

“ဘယ်က တခြားလူတွေလဲဗျ”

“ဒီကောင်တွေ အားလုံးပေါ့ဗျာ”

ဆေးလိပ်ဆိုင်တွင် ထူးခြားသော ဖြစ်ရပ်တစ်ခုကို ဂရန်းကိုယ်တိုင် မြင်ခဲ့ရသည်။ စိတ်ပါလက်ပါ စကားပြောလျက် ရှိကြရာမှ ဆေးလိပ်ဆိုင်ရှင် အမျိုးသမီးက အယ်လ်ဂျီးယား၌ ဖြစ်ပွားသော လူသတ်မှုတစ်ခုအကြောင်း သူ့အယူအဆများကို ပြောပြနေသည်။ ကုန်တိုက်အမှုထမ်းကလေး တစ်ယောက်က အာရပ်တစ်ယောက်အား ကမ်းခြေတစ်နေရာတွင် သတ်လိုက်သည့်အမှု။

အမျိုးသမီးက “ကျွန်မ ပြောပြောနေတဲ့ အတိုင်းပါပဲ။ ဒီလို လူ့အမှိုက်သရိုက်တွေကို ထောင်ထဲ ထည့်ပိတ်ထားလိုက်ရင် လူကောင်းသူကောင်းတွေ ပိုပြီး စိတ်အေးချမ်းသာ နေလို့ရတာပေါ့” ဟု ပြောလိုက်သည်။

ဤသို့ ပြောလိုက်သည်တွင် ကော့တတ်က တုံ့ပြန်လိုက်ပုံကို အံ့အားသင့်လွန်းနေ၍ သူ ဘာမှ ဆက်မပြောနိုင်။ ကော့တတ်သည် ဘာမပြောညာမပြော ဆိုင်ထဲမှ တဟုန်ထိုး ထွက်ပြေးသွားခဲ့သည်။ ဂရန်းနှင့် ဆေးလိပ်ဆိုင်ရှင် အမျိုးသမီးတို့မှာ အံ့အားသင့်လျက် သူ ထွက်ပြေးသွားရာသို့သာ ငေးကြည့်၍ နေလိုက်မိကြလေသည်။

ယင်းသည့်နောက် ဂရန်းက ဆရာဝန်အား ကော့တတ်၏ စရိုက်တွင် အခြားသော ပြောင်းလဲမှုများကို ပြောပြပြန်သည်။ စီးပွားရေးကိစ္စများတွင် "ငါး ကြီးတွေက ငါးကလေးတွေကို မျိုးတာ" ဟု သူ ပြောလေ့ရှိသည့် အတိုင်းဆိုလျှင် သူသည် အလွန် လွတ်လပ်ပွင့်လင်းသော အတွေးအခေါ်များ၌ အမြဲသက်ဝင် ယုံကြည်ခဲ့သူတစ်ယောက် ဖြစ်သည်။ သို့ရာတွင် ယခုမူ သူသည် အိုရန် သတင်းစာများအနက် ရှေးအယူအဆအာဘော် သတင်းစာတစ်စောင်သာ ဝယ်ပြီး လူစည်စည်ရှိရာတွင် တမင်ထွက်ဖတ်နေသည် ဟု ထင်စရာ လုပ်နေပြန်သည်။ ဤသို့ သဘောရှိသည့် အခြား ခပ်ဆင်ဆင် ဖြစ်ရပ်တစ်ခုမှာ သူ နေမကောင်း ဖြစ်နေစဉ်က သူက ဂရန်းအား ဆောင်ရွက်ခိုင်းသည့် ကိစ္စတစ်ခု ဖြစ်သည်။ ဂရန်းက စာတိုက်သို့ သွားမည်ပြောသဖြင့် ကော့တတ်က သူ့အတွက် ဖရန့်ငွေတစ်ရာ စာတိုက်ငွေလွှဲစာဖြင့် အဝေး၌နေသော သူ၏ နှမတစ်ယောက်ထံသို့ ပို့ပေးရန် တောင်းပန်သည်။ ဤငွေကို သူ လစဉ်ပို့သည် ဟုလည်း ပြောသည်၊ ထို့နောက် ဂရန်းအခန်းထဲက ထွက်မည်အပြုတွင်မှ သူက ပြန်ခေါ်သည်။

"တစ်ရာ မလုပ်နဲ့ဗျာ နှစ်ရာ ပို့ပေးပါ။ သူလည်း ဝမ်းသာသွားရအောင်ပေါ့။ သူက သူ့ကို ကျုပ် ဘယ်တော့မှ သတိမရဘူး ထင်နေတာဗျ။ ဒါပေမယ့် တကယ်က ကျွန်တော် သူ့ကို အင်မတန် ချစ်ပါတယ်ဗျာ" ဟု ပြောသည်။

ထို့နောက် များမကြာမီ စကားပြောရင်းက စပ်မိ၍ သူက ဂရန်းအား ထူးဆန်းသော စကားတစ်ခု ပြောသည် ဆိုသည်။ သူက ညနေညနေတွင် ဂရန်း လုပ်နေသည်ဆိုသည့် လျှို့ဝှက် ကိုယ်ပိုင်အလုပ်က ဘာလဲဆိုသည်ကို မပြောချင် မနေရအောင် လုပ်သည်ဆို၏။

ကော့တတ်က "ခင်ဗျား စာအုပ်တစ်အုပ် ရေးနေတယ်ဆိုတာ ကျုပ် သိပါတယ်ဗျာ။ ဟုတ်တယ် မဟုတ်လား" ဟု မေးသည်။

ဂရန်းက "အင်း။ အဲသလို သဘောပေါ့လေ။ ဒါပေမယ့် အဲသလောက်တော့ မလွယ်လှဘူး" ဟု ဆိုသည်။

ကော့တတ်က သက်ပြင်းချလိုက်ပြီး "အေးဗျာ၊ ကျွန်တော် သိပ်စာရေးချင်တာပဲ" ဟု ပြောလိုက်သည်။

ဂရန်းက အံ့သြသည့် အမူအရာပြတော့ ကော့တတ်က မသိမသာ ဣန္ဒြေပျက်လျက် စာပေသမားဖြစ်လျှင် "အဆင်ပြေတာတွေ အများကြီးပေါ့" ဟု ဆိုသည်။

ဂရန်းက "ဘာဖြစ်လို့လဲဗျ" ဟု မေးသည်။

"ဘာဖြစ်လို့ ရမလဲ။ စာရေးဆရာဆိုရင် သိကြတဲ့အတိုင်း ရိုးရိုးလူတွေထက် ပိုပြီး အခွင့်အရေးရှိလို့ပေါ့။ လူတွေက သူပြောတာကို ရိုးရိုးလူပြောတာထက် ပိုပြီး လက်ခံကြတာပေါ့"

တရားဝင်ကြေညာချက်များ ကပ်သည့် နံနက်တွင် ရေးက ဂရန်းအား "ဒီကွက်တွေကိစ္စကြောင့် တစ်ခြား လူပေါင်းများစွာမှာ ဖြစ်သလို သူ့ဦးနှောက်လည်း ခပ်ချောင်ချောင် ဖြစ်သွားဟန် တူတယ်ဗျ။ ဒါပါပဲ။ ဒါမှမဟုတ် သူ ဒီအဖျားရောဂါကို ကြောက်နေတာလည်း ဖြစ်ချင်ဖြစ်မယ်" ဟု ပြောသည်။

"ကျွန်တော်တော့ တယ်မထင်ပါဘူး ဆရာ။ ကျွန်တော့်သဘောကို မေးရင် သူဟာ..."

သူက ရပ်ထားလိုက်သည်။ ထိုအခိုက် စက်သေနတ်ပစ်သလို အိပ်ဇောသံ တဒိုင်းဒိုင်းနှင့် ကွက်သတ်ယာဉ်တစ်စီး ဖြတ်မောင်းသွားသည်။ သူ့အသံကို ကြားနိုင်လောက်အောင် ထိုအသံ စဲသွားသည်အထိ စောင့်နေလိုက်ပြီးမှ ရေးက စိတ်မပါ့တပါနှင့် ဂရန်း၏သဘောက ဘယ်လိုရှိသည်ကို မေးလိုက်သည်။

ဂရန်းက "ဒီလူက လိပ်ပြာ မသန့်စရာကိစ္စ ခပ်ကြီးကြီး ရှိနေတဲ့ လူမျိုး ဆရာ" ဟု လေးနက်စွာ ပြောသည်။

ဆရာဝန်က ဆတ်ခနဲ ပခုံးချီလိုက်သည်။ အင်စပတ်တော် ပြောသလို စဉ်းစားစရာ တခြားဟာတွေ ရှိသေးသည်။

ထိုညနေက ရေးသည် ကတ်စတယ်နှင့် ကာကွယ်ဆေးက မရောက်လာသေး။ ထပ်မံ စကားပြောရသေးသည်။

ရေးက "ဘယ်လိုမဆို ဆေးရောက်လာလည်း အသုံးမှ ကျပါတော့မလား မသိဘူး။ အဲဒီပိုးဟာ အတော်ဆန်းတဲ့အမျိုး ဖြစ်နေတယ်" ဟု ဆိုလိုက်သည်။

ကတ်စတယ်က "ဟာ။ ဒါတော့ ကျုပ် သဘောမတူဘူး။ ဒီ အကောင်ဆိုးကလေးတွေဟာ တစ်ကောင်မှာ သဘာဝတစ်မျိုး ရှိသလိုလိုချည်းပဲ။ ဒါပေမယ့် အခြေခံသဘောကတော့ အတူတူချည်းပါပဲ" ဟု ဖြတ်ပြောလိုက်၏။

"ဒါက ခင်ဗျာ့အယူအဆကိုး။ တကယ်က ကျွန်တော်တို့ ဒီအကြောင်းအရာကို ဘာမှ မသိကြသလောက်ပါပဲ"

"ဟုတ်ပါတယ်။ ဒါဟာ ကျုပ်ရဲ့ အယူအဆသက်သက်ပါ။ ဒါပေမယ့်လည်း တစ်နည်းအားဖြင့်တော့ လူတိုင်းအဖို့လည်း ဒီလိုချည်းပါပဲလေ"

ဆရာဝန်သည် ပလိပ်ရောဂါအကြောင်း တွေးလိုက်မိတိုင်း သူ့ခေါင်းထဲတွင်

မသိမသာ မှုးတီးမှုးဝေ ဖြစ်နေသည့် ဝေဒနာက ပို၍ပို၍ ထင်ရှားလာသည်။ သတိပြုလိုက်မိသည်။ နောက်ဆုံးတွင် ဘာကြောင့် ဤသို့ ဖြစ်ရသည်ကို သူ တွေးမိသည်။ သူ ကြောက်နေတာပဲ ဖြစ်သည်။ လူစည်သော လက်ဖက်ရည်ဆိုင်ထဲသို့ သူ နှစ်ကြိမ်ဝင်ခဲ့သည်။ သူလည်း ကော့တတ်လိုပင် မိတ်ဆွေကို တောင့်တနေမိသည်။ လူတွေနှင့် ထိတွေ့နေချင်မိသည်။ စိတ်ရှုးပေါက်ခြင်း ဖြစ်သည်ဟု သူ့ကိုယ်သူ ဆုံးမလိုက်သည်။ သို့သော် ကော့တတ်အား သူ လာတွေ့မည်ဟု ကတိပေးခဲ့မိသည်ကိုသာ သတိရလာလေသည်။

ထိုနေ့ညနေက သူဝင်သွားသောအခါ ကော့တတ်သည် ထမင်းစားစားပွဲ ဘေးတွင် ရပ်နေသည်။ စားပွဲခင်းပေါ်တွင် စုံထောက်ဝတ္ထု စာအုပ်တစ်အုပ်ကို ဖွင့်လျက်သားချထားသည်။ သို့ရာတွင် မှောင်စပြုနေပြီဖြစ်၍ တဖြည်းဖြည်း ကျလာသော အမှောင်ရိပ်၌ စာဖတ်ရန် ခက်သည်။ ကော့တတ်သည် ညနေဆည်းဆာ၏ အလင်းရောင်တွင် စာထိုင်ဖတ်နေရာက တံခါးခေါင်းလောင်း မြည်သံ ကြားမှ ထခဲ့ဟန်တူသည်။ ဆရာဝန်က သူ့အား နေကောင်းရဲ့လားဟု မေးသည်၊ ကော့တတ်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး အသင့်အတင့် နေကောင်းကြောင်း သုန်သုန်မှုန်မှုန် ပြန်ပြောသည်။ သူ့ဖာသာသူ တစ်ယောက်တည်း အေးအေးနေရလျှင် ပိုပြီး နေကောင်းမည် ဟုလည်း ပြောသည်။ ရေးက လူဆိုသည်မှာ အမြဲတမ်း တစ်ယောက်တည်းချည်းတော့ မနေရပေဘူးဟု ပြောလိုက်၏။

"ကျွန်တော် ပြောချင်တာက ဒါမဟုတ်ပါဘူး ဆရာ။ ကျွန်တော့်စိတ်ထဲမှာ လူတစ်ယောက်ယောက်ကို ဒုက္ခပေးရုံ စိတ်ဝင်စားကြတဲ့ လူတွေအကြောင်း တွေးမိလို့ပါ"

ဒေါက်တာရေးက ဘာမှ မပြောသောအခါ ကော့တတ်က ဆက်ပြောသည်၊ "ကျွန်တော်ကတော့ အဲသလို မဟုတ်ဘူး ဆရာ။ ကျွန်တော် အဲဒီ စုံထောက်ဝတ္ထုကို အခုပဲ ဖတ်နေတယ်။ သာသာယာယာ တစ်မနက်ခင်းမှာ ရုတ်တရက် အဖမ်းခံလိုက်ရရှာတဲ့ ကံဆိုးမသားတစ်ယောက် အကြောင်းပေါ့။ လူတွေက သူ့ကို စိတ်ဝင်စားနေကြတယ်။ သူက ဒီအကြောင်း ဘာမှမသိဘူး။ ရုံးတွေမှာလည်း သူ့အကြောင်းပဲ ပြောနေကြတယ်။ ကတ်ပြားတွေမှာလည်း သူ့နာမည်တွေ ရေးသွင်းနေကြတယ်။ ကဲ ဆရာ၊ အဲဒါ တရားတယ်လို့ ဆရာထင်သလား လူတွေမှာ လူတစ်ယောက်ကို ဒီလိုလုပ်ဖို့ အခွင့်အရေး ရှိကြသလား"

ဆရာဝန်က "အေးဗျာ။ ဒါကတော့ အခြေအနေအရပေါ့။ တစ်နည်းအားဖြင့်တော့ ကျုပ် သဘောတူပါတယ်။ ဘယ်သူ့မှာမှ ဒီအခွင့်အရေး မရှိပါဘူး။ ဒါပေမယ့် ဒါတွေက အကြောင်းမဟုတ်ဘူး။ အရေးကြီးတာက ခင်ဗျား အပြင်ကို နည်းနည်းပါးပါး ထွက်ပေးဖို့ပဲ။ အိမ်ထဲချည်း နေလွန်းတာဟာ မှားတယ်ဗျ" ဟု ပြောလိုက်သည်။

ကော့တတ် ငြိုငြင်သွားပုံရသည်။ သူက သူ အမြဲပင် အပြင်ထွက်နေပါသည်။ လိုအပ်လျှင် လမ်းထဲကလူများက သူ့ဘက်က သက်သေခံနိုင်ပါသည် ဟု ဆိုသည်။ ထို့အပြင်လည်း မြို့ထဲရှိ တစ်ခြားနေရာများက လူများစွာကိုလည်း သူ သိပါသည်ဟု ဆိုသည်။

"ခင်ဗျား ပိသုကာဆရာ မွန်ဆီယာရီဝေါကို သိသလား။ သူဟာ ကျုပ်ရဲ့ မိတ်ဆွေပေါ့"

အခန်းတစ်ခုလုံး ပိန်းပိတ်မတတ် မှောင်လျက်ရှိ၏။ အပြင်ဘက်တွင်ကား လမ်းများပေါ်တွင် ပိုမိုဆူညံလာကာ လမ်းမကြီးများအားလုံး တစ်ပြိုင်တည်း လင်းလာသည့်ခဏ၌ စိတ်သက်သာရာ ရသွားသည့် တီးတိုးသံမျိုး ပေါ်ထွက်လာသည်။ ရေးက လေသာဆောင်ဘက်သို့ ထွက်သွားသဖြင့် ကော့တတ်လည်း သူ့နောက်က လိုက်သွားသည်။ ကျွန်ုပ်တို့၏မြို့၌ ညနေညနေ ဖြစ်နေကျအတိုင်း လေပြေလေညှင်းကလေးသည် မြို့စွန်ပြည်နားဆီမှ တီးတိုးအသံဗလံများ၊ အသားကင်သည့် ညှော်နံ့များနှင့်အတူ ဆိုင်များ ရုံးများမှ လွှတ်ပေးလိုက်သော ငယ်ရွယ်သူများ လမ်းထဲသို့ ရောက်လာချိန်တွင် လွတ်လပ်ပျော်ရွှင်မှုနှင့်အတူ ပျံ့လွင့်လာသည့် ရေမွှေးနံ့တို့ကို တိုက်ခတ်ယူဆောင်၍ လာခဲ့သည်။ အဝေးရှိ မမြင်ရသော သင်္ဘောများမှ လေးတွဲ့တွဲ့ဥသြသံ၊ ပင်လယ်ပြင်ဆီမှ မသဲမကွဲကြားရသည့် တီးတိုးသံ၊ လမ်းထဲမှ အုတ်အုတ်အာအာ လူသံသူသံများဖြင့် ရောက်လာလေ့ ရှိသော ဤမိုးချုပ်ချိန်ကလေးသည် ဒေါက်တာရေးအဖို့ ထူးထူးခြားခြား ချစ်စရာ အချိန်ကလေး ဖြစ်ခဲ့သော်လည်း ယနေ့အဖို့တွင်ကား သူ၏ခေါင်းထဲတွင် ရှိနေသည့် အသိတို့ကြောင့် ထိတ်လန့်စရာ အပြည့်ရှိနေသည့် အမင်္ဂလာအချိန်ဖြစ်၍ နေပေတော့သည်။

အခန်းထဲသို့ သူတို့ ပြန်ဝင်လာကြသောအခါ သူက "မီးတွေ ဖွင့်ပါလားဗျာ" ဟု ပြောလိုက်သည်။

မီးများဖွင့်ပြီးသောအခါ ကော့တတ်သည် ဆရာဝန်အား မျက်လုံးများ၊ မှေးလျက် စိုက်ကြည့်နေလေသည်။

"ဒီမယ်ဆရာ။ ကျွန်တော် အခုနေ ဖျားပြီဆိုပါတော့။ ကျွန်တော့်ကို ဆေးရုံက ဆရာ့အဆောင်မှာ တင်ပေးမလားဆရာ"

"တင်မှာပေါ့။ ဘာဖြစ်လို့ မတင်ရမှာလဲ"

ထို့နောက် ကော့တတ်က ဆေးရုံဆေးခန်းတို့၌ တက်ရောက်အကုအသ ခံနေသူအား အဖမ်းအဆီးများ ရှိခဲ့ဖူးသလားဟု မေးသည်။ ဆရာဝန်က ရှိခဲ့ဖူးသည်ဟု သိရကြောင်း။ သို့သော် အားလုံး လူမမာ၏ အခြေအနေပေါ်တွင် တည်၍ ဖြစ်ကြောင်း

ပြန်ဖြေသည်။

ကော့တတ်က "ကျွန်တော် ဆရာ့ကို အားကိုးပါတယ် ဆရာ" ဟု ဆိုလိုက်ပြီး သူမြို့ထဲသို့ သွားမည်ဖြစ်၍ သူ့အား ဆရာဝန်၏ ကားကြုံဖြင့် လိုက်ခွင့်ပြုပါရန် တောင်းပန်လေသည်။

မြို့လယ်ခေါင်တွင်ကား လမ်းမများသည် ရှေးကလောက် မစည်ကားတော့ဘဲ မီးလုံးများလည်း ရှေးကထက် နည်းပါးလာသည်။ ကလေးသူငယ်များသည် အိမ်တံခါးများ၏ ရှေ့တွင် ကစားလျက်ရှိကြ၏။ ကော့တတ်၏ တောင်းပန်ချက်အရ ဆရာဝန်သည် သူ၏ကားကို ကလေးတစ်စု၏ ဘေးနား၌ ကပ်၍ ရပ်လိုက်၏ ကလေးများသည် ဆူညံနေအောင် ခြေတပေါင်ကျိုး ရှပ်တိုက်တမ်း ကစားလျက် ရှိကြသည်။ သူတို့အထဲမှ ပျော့ပျောင်းသော ဆံပင်ကို သေသပ်စွာခွဲ၍ ဖီးထားပြီ ညစ်ပေသောမျက်နှာနှင့် သူငယ်တစ်ယောက်က သူ၏ တောက်ပရဲတင်းသော မျက်လုံးများဖြင့် ဒေါက်တာရေးအား စိမ်းစိမ်းစိုက်၍ ကြည့်နေ၏။ ကြည့်နေ၏။ ဆရာဝန်လည်း မျက်နှာလွှဲပစ်လိုက်သည်။ လမ်းဘေးစကြံ့ပေါ်တွင် ရပ်လျက်ရှိသော ကော့တတ်က ခေါင်းယမ်း၍ ပြသည်။ ထို့နောက် မသက်မသာ သမင်လည်ပြန်ကြည့်ရင် အက်ကွဲသော အသံကို ညှစ်၍ "ကူးစက်တတ်တဲ့ ရောဂါအကြောင်း လူတိုင်း ပြောနေကြတယ်။ ဟုတ်ကော ဟုတ်သလား ဆရာ" ဟု မေးလိုက်သည်။

ရေးက "လူတွေကတော့ ပြောကြမှာပဲဗျ။ ဒါဟာ ဓမ္မတာပဲ" ဟု ဖြေသည်။

"ဆရာပြောတာ ဟုတ်တယ်။ လူဆယ်ယောက်လောက် သေရင် ကမ္ဘာပျက်ပြီလို့ ထင်တတ်ကြတာပဲ။ ဒါပေမယ့် ဒီမှာ ကျုပ်တို့လိုတာက ဒါမဟုတ်ဘူးဗျ"

ကားစက်သံသည် မှန်မှန်မြည်လျက် ရှိသည်။ ရေးသည် ဂီယာတံပေါ်သို့ လက်တင်ထားသည်။ သို့သော် သူသည် သူ့အား ထူးထူးဆန်းဆန်း စူးစိုက်ကြည့်လျက်ရှိသည့် သူငယ်ကလေး၏ ဘက်သို့ လှည့်ကြည့်နေမိပြန်သည်။ ရုတ်တရက် မမျှော်လင့်ဘဲ သူငယ်ကလေးက သွားကလေးများ ပေါ်အောင် ပြုံးပြလိုက်၏။

ရေးက သူငယ်ကလေးအား ပြန်၍ ပြုံးပြရင်း ကော့တတ်အား "ဟုတ်ကဲ့လား။ ဒါဖြင့် ကျုပ်တို့ ဒီမှာလိုတာက ဘာလဲဗျ" ဟု မေးလိုက်သည်။

ကော့တတ်က ကားတံခါးကို ဆတ်ခနဲ ဖမ်းဆုပ်လိုက်ပြီး သွားတော့မည်ဟု လှည့်ထွက်ရင်း ဒေါသသံလို စိတ်ဓာတ်ပြင်းထန်သည့် အသံဖြင့် "ငလျင်လှုပ်ဖို့ မြေငလျင် အကြီးအကျယ် လှုပ်ပြီး အားလုံးကို အစိတ်စိတ် အမွှာမွှာ ဖြိုခွဲပစ်ဖို့" ဟု

မဟာစ်ရုံတစ်မည် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်လေ၏။

မြေင်လျှင်ကတော့ မလှုပ်။ ဒေါက်တာရေးနှင့် ပတ်သက်၍ ပြောရလျှင် နောက်နေ့ တစ်နေ့လုံး၌ မြို့အစွန်အဖျား ချောင်ကြိုချောင်ကြား မကျန် ကားဖြင့် အဝေးကြီးအဝေးကြီး မောင်းသွားခြင်း၊ လူမမာ၏ မိသားစုတို့နှင့် ဆွေးဆွေးနွေးနွေး စကားပြောခြင်း၊ လူနာကိုယ်တိုင်တို့နှင့် ငြင်းရခုံရ အချီအချ ပြောရခြင်းတို့ဖြင့်သာ အချိန်ကုန်လေသည်။ သူ၏ ဆရာဝန်လုပ်သက် တစ်လျှောက် ဤမျှလောက် တစ်ခါမျှ အလုပ်တာဝန်က ကြီးလေးစွာ ဖိစီးခြင်း မခံခဲ့ရဘူးချေ။ ယခုအထိတော့ သူ၏လူနာများက သူ၏အလုပ်ကို ပေါ့ပါးလွယ်ကူအောင် ကူညီခဲ့ကြသည်။ သူတို့က ဘာမဆို ဆရာဝန်ကို ဝမ်းမြောက်ဝမ်းသာ ပုံအပ်သည်။ ယခုမူ လူနာများသည် မိမိတို့၏ ရောဂါဝေဒနာကို ဖုံးကာဖိကာ ဆရာဝန်ကိုပင် ရန်သူလို သဘောထား၍ ရှောင်ဖယ်ဖယ် လုပ်လာကြသည်ကို ယခုမှ ပထမဆုံးအကြိမ် တွေ့မြင်လာရသည်။ ဆရာဝန်အဖို့ သူ မကျွမ်းသော အခြေအနေနှင့် နပန်းလုံး ရသည်။ ထိုနေ့နံနက် ဆယ်နာရီက သူ၏ကားကို သူ၏နောက်ဆုံးလူနာ ဖြစ်သော ပန်းနာသည်၏ အိမ်ရှေ့တွင် ထိုးရပ်လိုက်သောအခါ သူ့မှာ ကားထဲက ထွက်ရမည်ကိုပင် ပင်ပန်းနွမ်းနယ်နေသည်။ အတော်ကြာအောင် သူမထနိုင်သေးဘဲ မှောင်နေသည့် လမ်းထဲသို့ ငေးရင်း ကောင်းကင်မည်းမည်းထဲ၌ ပျောက်လိုက်ပေါ်လိုက် ဖြစ်နေသော ကြယ်ကလေးများကို ကြည့်၍ နေမိတော့သည်။

ရေး အခန်းထဲသို့ ဝင်သွားသောအခါ အဖိုးကြီးသည် အိပ်ယာထဲတွင် မှီ၍ ထိုင်လျက် ခါတိုင်းလိုပင် သူ့ရှေ့တွင်ရှိသော အိုးတစ်လုံးထဲမှ ပဲစေ့များကို အခြားအိုးတစ်လုံးထဲသို့ ရေတွက်ပြောင်းရွှေ့လျက်ရှိ၏။ ဧည့်သည်လာသည်ကို မြင်လျှင် မော်၍ ကြည့်လိုက်ပြီး ဝမ်းမြောက်ဝမ်းသာ ပြုံးလိုက်သည်။

“ဘယ့်နှယ်လဲ ဆရာ။ ကာလဝမ်းရောဂါ ဖြစ်နေပြီ မဟုတ်လား”

“ကြံကြီးစည်ရာဗျာ။ ခင်ဗျားကို ဘယ်သူက ပြောလဲ”

“သတင်းစာထဲမှာ ပါတယ်ဆရာရဲ့။ ရေဒီယိုကလည်း ကြေညာတယ်”

“မဟုတ်ဘူး၊ ကာလဝမ်း မဟုတ်ဘူး”

အဖိုးကြီးက “ဘယ်လိုဖြစ်ဖြစ်လေ။ ဆင်ကြီးတွေကတော့ ခပ်ချဲ့ချဲ့ပဲ လန့်ကုန်ကြပြီ မဟုတ်လား” ဟု ပြောသည်။

ဆရာဝန်က “တစ်ခုမှ မယုံပါနဲ့ဗျာ” ဟု ဆိုလိုက်၏။

ထို့နောက် သူသည် အဖိုးကြီးအား စမ်းသပ်စစ်ဆေးပြီး၍ ညစ်ထေး၊ မှောင်သော ထမင်းစားခန်း အလယ်တွင် ထိုင်လျက်ရှိ၏။ မြို့အစွန်အဖျားမှာပ

ပေါင်ခြံ၌ အကျိတ်များနှင့် လူနာ ရှစ်ယောက်မှ ဆယ်ယောက်အထိလောက် နက်ဖြန်နံနက် သူ့အလာကို စောင့်မျှော်နေကြမည်ဟု သူ သိသည်။ ခွဲစိတ်ဖောက်ထုတ် ထားသည့် လူနာများမှ နှစ်ဦးသုံးဦးသာ သက်သာရာရသည်။ အများစုကတော့ ဆေးရုံသို့ သွားကြရမည်။ ဆင်းရဲသားများ ဆေးရုံကို မည်သို့ သဘောထားကြသည်ကိုလည်း သူသိသည်။ သူ့လူနာတစ်ယောက်၏ ဇနီးက သူ့ကို “လက်တွေ့ စမ်းသပ်ကုသတာတွေဘာတွေ မလုပ်စေချင်ဘူး ဆရာရယ်” ဟု ပြောသည်။ သို့ရာတွင် သူ့ကို စမ်းသပ်ကုသ နေရတော့မည် မဟုတ်ပါ။ သူသေမှာပဲ ဖြစ်သည်။ အခြေအနေက ယခု ထုတ်ပြန်ထားသည့် စည်းမျဉ်းဥပဒေများနှင့် မလုံလောက်တော့သည်မှာ သိသာထင်ရှားလျက် ရှိပေသည်။ အထူးကရိယာများနှင့် ဆေးရုံများမှာ မည်သို့ဖြစ်သည်ကို သူ သိပါသည်။ ပင်မအဆောက်အဦ၏ ပြင်ပ အဆောင်နှစ်ဆောင်မှ လူနာများကို အလျင်အမြန် ရှင်းလင်း၍ ပြတင်းပေါက်များကို လေလုံအောင် ပိတ်လိုက်သည်။ ပတ်ပတ်လည်တွင် သန့်ရှင်းရေးစည်းများ ချထားလိုက်သည်။ ရောဂါကူးစက် ပျံ့ပွားမှုသည် သူ့အလိုလို ရပ်တံ့သွားပါစေတော့ ဟုသာ မျှော်လင့်နိုင်တော့သည်။ အာဏာပိုင်တို့က ယခုအထိ ချမှတ်ထားသည့် လုပ်ငန်းစဉ်များလောက်နှင့် ဆိုလျှင်ကား ရပ်ဆိုင်းသွားလိမ့်မည် မဟုတ်ပါချေ။

သို့တစေ ထိုညက တရားဝင် ထုတ်ပြန်ကြေညာချက်များမှာ အားတက်ဖွယ်များ ပါရှိလျက်ပင် ရှိသည်။ နောက်တစ်ရက် ရန်းစဒေါက်မြို့ရှိ ကြေညာချက်တွင် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့ကချမှတ်သည့် စည်းကမ်းဥပဒေများကို လူအများ နှစ်သက်လက်ခံကြပြီး ယခုအချိန်အထိ ရောဂါဖြစ်ပွားသူ သုံးဆယ်မျှ တိုင်ကြားပြီး ဖြစ်သည်ဟု ဆိုသည်။ ကတ်စတယ်သည် ရေးထံသို့ တယ်လီဖုန်း ဆက်လေသည်။

“အထူးဆောင်တွေမှာ အိပ်ရာဘယ်နှစ်ခု ဆံ့လဲ”

“ရှစ်ဆယ်”

မြို့ထဲမှာ ဒီရောဂါဖြစ်တဲ့လူ သုံးဆယ်ထက် အများကြီးများတာ သေချာတာပေါ့နော်”

“ရောဂါဖြစ်တဲ့လူ နှစ်မျိုးရှိတာလည်း မမေ့နဲ့ဗျ။ သိပ် ကြောက်လန့်နေတဲ့ လူနာမျိုးရယ်။ နောက်တစ်မျိုးက လူများစုဗျ။ ကြောက်နေဖို့ အချိန်မရလိုက်တဲ့ လူနာမျိုး”

“ဩ၊ သုသာန်မှာကော စာရင်းကောက်ကြသလား”

“မကောက်ပါဘူး။ ကျုပ် ရစ်ချတ်ဆီကို ဖုန်းဆက်ပြီး ပါးစပ်က ပြောနေရုံနဲ့ မပြီးသေးဘူး။ ထထကြွကြွ လုပ်ကြဖို့ လိုပြီဆိုတာကို ပြောလိုက်တယ်။

ရောဂါကိုကာကွယ်ဖို့ တကယ်ထိရောက်တဲ့ အတားအဆီးတွေ လုပ်ရမယ်။ အဲသလို မလုပ်ရင် ဘာလုပ်လုပ် အလကားပဲလို့ ပြောလိုက်ရတယ်ဗျ"

"အင်း၊ အဲဒီတော့ သူက ဘာပြန်ပြောလဲ"

"အလကားပါပဲဗျာ။ သူ့မှာ အာဏာမရှိဘူး ဘာဘူးပေါ့။ ကျွန်တော့်သဘော ပြောရရင် ဒါဟာ ပိုဆိုးလာမှာပဲဗျ"

ပြောသည့်အတိုင်းပင် ဖြစ်လေသည်။ သုံးရက်အတွင်း သီးခြားအဆောင် နှစ်ဆောင်စလုံး ပြည့်လေသည်။ ရစ်ချတ်၏ အဆိုအရ စာသင်ကျောင်းတစ်ကျောင်းကို သိမ်းယူပြီး တိုးချဲ့ဆေးရုံတစ်ခု ဖွင့်လှစ်ရန် ပြောဆိုနေကြသည်ဟု သိရသည်။ ဤအတောအတွင်း၌ ဒေါက်တာရေးသည် အကျိတ်များကို ဆက်ခွဲရင်း ကာကွယ်ဆေးရည်ကို စောင့်လျက်ရှိလေသည်။ ကတ်စတယ်လည်း သူ၏ စာအုပ်ဟောင်းများကို ပြန်လှန်ကာ မြို့တော်စာကြည့်တိုက်တွင်လည်း နာရီပေါင်းများစွာ ကြာအောင် နေလျက်ရှိလေသည်။

"အဲဒီကြွက်တွေဟာ ပလိပ်ကပ်သင့်ပြီး သေကြတာပဲ" ဟု သူက ဆုံးဖြတ်သည်။ "ဒါမှမဟုတ် အဲဒါနဲ့ အင်မတန်တူတဲ့ ရောဂါတစ်ခုခုနဲ့ပဲ ဖြစ်မယ်။ ပြီးတော့ သူတို့ရဲ့ကိုယ်ပေါ်က ကြွက်သန်းတွေ သောင်းနဲ့သိန်းနဲ့ချီပြီး လွှတ်ထားခဲ့တယ်။ အချိန်မီ မတားဆီးနိုင်ရင် ရောဂါပိုးတွေဟာ ဆပွားဆပွား ကူးစက်ပျံ့နှံ့ကုန်မယ်" ဟုလည်း ဆိုသည်။

ရေးက ဘာမှမပြောချေ။

ဤအချိန်လောက်တွင် ရာသီဥတုသည် သာယာ၍လာသည်။ နေပူရှိန်ကြောင့် မိုးတွင်းက ကျန်ခဲ့သည့် ရေချိုင့်ရေကွက်ကလေးများ ခန်းခြောက်ကုန်ကြပြီ။ ကြည်လင်တည်ငြိမ်လှသော ကောင်းကင်ပြာကြီးမှာ နံနက်တိုင်း ရွှေရောင်ဝင်းလျက် တစ်ခါတစ်ရံ တရိပ်ရိပ်တက်နေသော အပူငွေ့များနှင့်အတူ ကောင်းကင်ထဲမှ လေယာဉ်ပျံသံ တဝီဝီကိုပါ ကြားရတတ်သည်။ ကမ္ဘာလောကကြီးမှာ သာယာအေးချမ်းပုံ ရပါ၏။ သို့ရာတွင် လေးရက်အတွင်း အဖျားရောဂါသည် ထိတ်လန့်ဖွယ်ရာ ခြေလှမ်းကြီးလေးလှမ်း လှမ်းလိုက်သည်။ အသေအပျောက် ဆယ့်ခြောက်ယောက်၊ နှစ်ဆယ့်လေးယောက်၊ နှစ်ဆယ့်ရှစ်ယောက် သုံးဆယ့်နှစ်ယောက်။ စတုတ္ထနေ့တွင် ကလေးသူငယ် ကျောင်းအဆောက်အဦ တစ်ခု၌ တိုးချဲ့ဆေးရုံဖွင့်လှစ်ကြောင်း တရားဝင် ကြေညာလေသည်။ ယခုအချိန်ထိ သူတို့၏ စိုးရိမ်ပူပန်မှုများကို ဖုံးကွယ်ဟန်လုပ်ကာ ရယ်စရာလိုလုပ်၍ ပြောဆိုလာခဲ့ကြသော ထိုဒေသကလူများသည် ယခုအခါတွင် တစ်ခွန်းမှ မဟနိုင်ကြတော့ဘဲ မျက်နှာမသာမယာဖြင့် သွားလာလှုပ်ရှားလျက် ရှိကြလေတော့၏။

ဒေါက်တာရေး ဘုရင်ခံထံ ဖုန်းဆက်ရန် ဆုံးဖြတ်လိုက်၏။

"စည်းမျဉ်းဥပဒေတွေကတော့ လက်ရှိ အခြေအနေတွေကို ကြည့်ရင် သိပ် ခရီးမရောက်လှဘူး ခင်ဗျ"

ဘုရင်ခံက "ဟုတ်တယ်။ ကျုပ်လည်း ကိန်းဂဏန်းတွေကို တွေ့ပြီးပါပြီ။ ခင်ဗျား ပြောသလိုပဲ။ စိတ်အနှောင့်အယှက် ဖြစ်စရာပဲဗျ" ဟု ဆိုသည်။

"စိတ်အနှောင့်အယှက် ဖြစ်စရာတင် မကတော့ဘူး ခင်ဗျ။ သေချာနေပြီ"

"အစိုးရဆီ အမိန့်ခံလိုက်ပါ့မယ်လေ"

ဒေါက်တာရေး နောက်တစ်ကြိမ် ကတ်စတယ်နှင့် တွေ့သောအခါ သူ၏ ရင်ထဲတွင် ဘုရင်ခံ၏ စကားကို နာကျင်လျက်ပင် ရှိသေးသည်။

"အမိန့်တဲ့ဗျာ" ဟု သူက ငြိုငြိုငြင်ငြင်ဆိုလိုက်ပြီး "အမိန့် ဘာလုပ်ဖို့လဲ။ စဉ်းစားဉာဏ်ပဲလိုတာ" ဟု ဆက်ပြောသည်။

"ကာကွယ်ဆေးရည် သတင်းကော ဘာကြားသေးလဲ"

"ဒီအပတ်ထဲမှာ ရောက်မယ်"

ဘုရင်ခံက ဒေါက်တာရစ်ချတ်မှ တဆင့် ဒေါက်တာရေးထံသို့ ဗဟိုအစိုးရထံ အမိန့်ခံရန်အတွက် အချက်အလက်များ ရေးဆွဲရန် ညွှန်ကြားချက်များ ပေးပို့လိုက်၏။ ရေးက ထိုအချက်အလက်များတွင် ဤကူးစက်ရောဂါ၏ လက္ခဏာ ခွဲခြားသတ်မှတ်ချက်အပြင် ကိန်းဂဏန်းများကိုပါ ထည့်ပေးလိုက်သည်။ ဘုရင်ခံက စည်းမျဉ်းဥပဒေသစ်များကို တင်းကြပ်စေရန် တာဝန်ယူသည် ဆိုသည်။ ရောဂါဖြစ်ပွားလျှင် အကြောင်းမကြားဘဲ မနေရ။ ဖြစ်ပွားသူများအား သီးခြားခွဲထားရန်လည်း တင်းတင်းကြပ်ကြပ် ဆောင်ရွက်ရမည်။ ဖျားနာသူတို့၏ နေအိမ်များကို ပိတ်၍ ပိုးသတ်ဆေးများ ဖျန်းရမည်။ ဖျားနာသူနှင့် တစ်အိမ်တည်း နေကြသူများကိုလည်း သီးခြားရပ်ကွက် သတ်မှတ်သည့်နေရာ၌ နေစေရမည်။ သေဆုံးသူများကို မြေမြှုပ်ရာတွင် ဖော်ပြလတ္တံ့သော နည်းအတိုင်း ဒေသန္တရအာဏာပိုင်များက ကွပ်ကဲရမည်။ နောက်တစ်ရက်တွင် လေယာဉ်ပျံဖြင့် ကာကွယ်ဆေးရည်များ ရောက်ရှိလာသည်။ လောလောဆယ်တွင် လိုအပ်သမျှတော့ လုံလောက်သည်။ သို့သော် ရောဂါ နောက်ထပ် ပျံ့နှံ့မည် ဆိုလျှင်တော့ မလောက်။ ဒေါက်တာရေး ရိုက်လိုက်သည့် ကြေးနန်းကို ပြန်ကြားသည့် အနေဖြင့် အရေးပေါ်ကိစ္စများ အတွက် ဆောင်ထားသောဆေးများ ကုန်ပြီ။ သို့သော် နောက်ထပ် ဆေးအသစ်များ စီမံဆဲ ဟု အကြောင်းကြားသည်။

ဤအတောအတွင်း၌ မြို့စွန်ပြည်နားမှ နွေဦးရာသီသည် မြို့တွင်းသို့ ချဉ်းနင်းဝင်ရောက် လာလျက် ရှိလေသည်။ ဈေးထဲ၌ လည်းကောင်း၊ လမ်းဘေးများ၌ လည်းကောင်း၊ ထောင်ပေါင်းများစွာသော နှင်းဆီပန်းတို့သည် ပန်းသည်တို့၏ ခြင်းများထဲ၌ပင် ညှိုးရော်ခွေနွမ်း သွားကြရလေသည်။ လေထဲတွင်ကာ နှင်းဆီနံ့တို့သည် နှင့်နေအောင် မွှေးထုံပျံ့လွင့်လျက်၊ အပြင်ပန်းအားဖြင့် ဤနွေသည်လည်း အခြားအခြားသော နွေဦးကဲ့သို့ပင် ဓာတ်ရထားများ လူကျပ်ချိန်တွင် ပြည့်ကျပ်လျက်၊ ကျန်အချိန်များတွင် အခွံချည်း၊ အမှိုက်သရိုက်များဖြင့် ညစ်ပတ်မြဲ ညစ်ပတ်လျက်၊ တာရိသည်လည်း သူ၏ အဖိုးအိုကလေးကို စောင့်ကြည့်လျက်၊ အဖိုးအိုကလေးကလည်း ကြောင်များအား တံတွေးဖြင့် လှမ်းထွေးလျက်၊ ဂရန်းသည်လည်း သူ၏ သိုသိပ်လျှို့ဝှက်သော အလုပ်ကလေးရှိရာ သူ့အိမ်သို့ ညနေတိုင် ခပ်သုတ်သုတ် ပြန်ပြေးလျက်၊ ကော့တတ်သည်လည်း သူ၏ မရေမရာဘဝခရီး ဆက်လျက်၊ တရားသူကြီး မွန်ဆီယာအိုသုန်သည်လည်း သူ၏ စုဆောင်းထားသည့် တိရစ္ဆာန်များကို ပြသမြဲပြသလျက်၊ ပန်းနာသည် စပိန်အဖိုးကြီးကလည်း ပဲစေ့များကို တစ်စေ့ချင်း ရေတွက်၍ အိုးပြောင်းထည့်မြဲ ထည့်လျက်၊ တစ်ခါတရံတွင် မြင်မြင်သမျှတို့၌ စိတ်ဝင်စားနေပုံရသော သတင်းစာဆရာ ရမ်းဘားအားလည်း တွေ့ရလျက်၊ ညနေညနေတွင် ထွက်နေကျ လူစုတို့ဖြင့် လမ်းများသည် ပြည့်မြဲပြည့်လျက်၊ ရုပ်ရှင်ရုံများ၏ အပြင်ဘက်တို့တွင် ကျူတန်းကြီးများ ရှည်မြဲရှည်လျက်၊ ထိုမျှမက ကူးစက်ရောဂါကလည်း ဆုတ်ဟန်ပြသည်။ အချို့ရက်များတွင် အသေအပျောက် ဆယ်ယောက် ဆယ်ယောက်ခန့်သာ ကြေညာသည်။ ထို့နောက်တွင် ရုတ်တရက် ဆိုသလိုပင် ကိန်းဂဏန်းများက ထောင်တက်သွားပြန်လေသည်။ တစ်နေ့တည်း လူပေါင်းသုံးဆယ် သေသည့်နေ့တွင် ဘုရင်ခံက “အင်း။ အခုမှပဲ သူတို့ ထိတ်လန့်လာကြတော့တာကိုး” ဟု မှတ်ချက်ချရင်း လှမ်းပေးလိုက်သည့် အစိုးရကိစ္စ ကြေးနန်းစာတစ်စောင်ကို ဒေါက်တာရေး ဖတ်ရ၏။ ကြေးနန်းစာက “ပလိပ်ရောဂါ ဖြစ်ပွားကြောင်း ကြေညာပါ။ မြို့ကို ပိတ်ထားပါ” ဟု ဆိုလေသည်။

* * *

အပိုင်း (၂)

။၁။

ယခုအချိန်မှစ၍ ကျွန်ုပ်တို့အားလုံးအဖို့ စိုးရိမ်ပူပန်စရာမှာ ပလိပ်ကပ်ရောဂါသာ ဖြစ်ခဲ့သည်ဟု ဆိုနိုင်လေသည်။ ယခုအထိမူကား မြို့သူမြို့သားတိုင်းသည် မိမိတို့၏ ပတ်ဝန်းကျင်၌ ဖြစ်ပျက်လျက်ရှိသော အဖြစ်ဆန်းများကို အံ့အားသင့်ကောင်း သင့်မိကြမည် ဖြစ်သော်လည်း တတ်နိုင်သမျှ မိမိတို့၏ လုပ်ငန်းဆောင်တာများကို လုပ်နေကျအတိုင်း လုပ်ကိုင်ဆောင်ရွက်လျက်သာ ရှိခဲ့ကြသည်။ ဤအခြေအနေအတိုင်း ဆက်လက်နေသွားကြမည်မှာ သံသယဖြစ်ဖွယ် မရှိပါ။ သို့ရာတွင် မြို့တံခါးများကို ပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့အားလုံး၊ ဤအဖြစ်အပျက်များကို ပြန်ပြောသူ အပါအဝင်သည် တစ်လှေတည်းစီး တစ်ခရီးတည်းသွားများ ဖြစ်ခဲ့ကြပြီး လူတိုင်းလူတိုင်းသည် နေမှုထိုင်မှု အခြေအနေသစ်များတွင် ဖြစ်အောင် ကြည့်နေသွားကြရတော့မည် ဖြစ်လေသည်။ ဤသို့လျှင် ပုံစံအားဖြင့် သာမန်အချိန်တွင် မိမိတို့ ချစ်ခင်သူများနှင့် ကွေကွင်းရသည့် ဆင်းရဲသည် ပုဂ္ဂလိက ဝေဒနာတစ်ခု ဖြစ်ခဲ့သော်လည်း ယခုမူ လူတိုင်းလူတိုင်း ကာလကြာမြင့်စွာ ခွဲခွာနေထိုင်ကြရမည့်အရေး တွေးတောကာ အကြောက်တရားနှင့် ယှဉ်တွဲလာသည့် ဘုံဝေဒနာတစ်ခု အဖြစ်သို့ ရုတ်ချည်း ပြောင်းလဲလာခဲ့လေသည်။

မြို့တံခါးများကို ပိတ်လိုက်သည့်အတွက် ဖြစ်လာသော ထူးခြားသည့်ကိစ္စ တစ်ခုမှာ ဤအဖြစ်ကို လုံးဝ မမျှော်လင့်မထားသောသူတို့ တွေ့လိုက်ကြရသည့် ဒုက္ခပင် ဖြစ်လေသည်။ ကလေးများနှင့် မိခင်များ၊ ချစ်သူများ၊ လင်ယောကျ်ားနှင့် ဇနီးများ လွန်ခဲ့သည့် ရက်အနည်းငယ်က မီးရထားဘူတာ စင်္ကြံပေါ်တွင် အပြန်အလှန် နှုတ်ခွန်းဆက်ကြ၊ နမ်းရှုပ်ကြ၊ နောက်ပြောင်ကျီစယ်ကြနှင့် ရှိစဉ်ကမူ သူတို့၏စိတ်တွင် မကြာမီ ပြန်လည်တွေ့ကြရမည်။ ကြာလှ တစ်ပတ်နှစ်ပတ်ဟု အောက်မေ့ကာ အနာဂတ်၌ ယုံကြည်စိတ်ချ ထားတတ်သည့် လူ့သဘာဝအတိုင်း သူတို့၏ သာမန်နေမှုထိုင်မှု မပျက်ခဲ့။ ယခုမူ ထိုသူတို့သည် ဆိုင်းမဆင့်ဗုံမဆင့် ဖြုန်းစားကြီး ဘာမှ မကြံသာမစည်သာအောင် တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ် ဖြတ်တောက်ခြင်းကို ခံလိုက်ကြရလေသည်။ ယင်းသို့ ဖြစ်ရသည့် အကြောင်းကား မြို့တံခါးများကို ပိတ်လိုက်သည့် အချိန်မှာ မြို့သူမြို့သားများအား တရားဝင် အသိပေးသည့် အချိန်ထက် နာရီပေါင်းများစွာ စောသောကြောင့် တစ်ကြောင်း၊ ယခုအခြေအနေတွင် တစ်ဦးချင်းတစ်ယောက်ချင်း၏ အခက်အခဲများကို စဉ်းစားပေးရန် မဖြစ်နိုင်တော့သောကြောင့် တစ်ကြောင်း

ဖြစ်လေသည်။ ဤကပ်ရောဂါဆိုး ကျရောက်ခြင်းကြောင့် ဖြစ်လာသည့် အဦးဆုံးအကျိုးကား ကျွန်ုပ်တို့၏ မြို့သူမြို့သားများအား တစ်ဦးချင်း တစ်ယောက်ချင်း အနေဖြင့် ဘာစိတ်ဆန္ဒမှ မရှိတော့ သကဲ့သို့ သွားလာလှုပ်ရှားကြစေ ဖန်တီးပေးလိုက်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ မြို့တွင်းမှ မည်သူမျှ မထွက်ရဟူသောအမိန့် ထုတ်ပြန်လိုက်သည့်နေ့ နံနက်ပိုင်းက အထောက်အထားများ ခိုင်လုံသလောက် စဉ်းစားပေးရန်လည်း မဖြစ်နိုင်သော လျှောက်လွှာများကိုယ်စီနှင့် လူအုပ်ကြီးသည် ဘုရင်ခံ၏ရုံးကို လာ၍ ဝိုင်းကြလေတော့သည်။ မှန်ပါသည်။ ကျွန်ုပ်တို့ တကယ်ပင် စိုးရိမ်ပူပန်ကြရပြီ ဆိုသည်ကို လည်းကောင်း၊ “အထူးအစီအစဉ်” “အခွင့်အရေး” “ဦးစားပေး” ဆိုသည့် စကားလုံးများတွင် ဘာမျှ ထိရောက်သောအဓိပ္ပာယ် မရှိတော့သည်ကို လည်းကောင်း ရက်အတော်ကြာမှသာ သတိပြုမိကြလေသည်။

ကျွန်ုပ်တို့အား အနည်းငယ် စိတ်သက်ရာရစေသည့် စာပေးစာယူ လုပ်ခွင့်ကလေးများကိုပင် မရကြတော့။ အကြောင်းကား ဤမြို့သည် အပြင်ပလောကနှင့် ရှိနေကျ အဆက်အသွယ်အားလုံး ရပ်စဲသွားရုံမက ဒုတိယအမိန့် ကြော်ငြာစာအရ စာများတွင် ပလိပ်ရောဂါပိုးများ ပါသွားမည့် အန္တရာယ်ကို ရှောင်ရှားရန် စာပေးစာယူ ကိစ္စများကိုပါ ပိတ်ပင်လိုက်သောကြောင့် ဖြစ်လေသည်။ ခပ်စောစောကမူ အခွင့်ထူးခံ လူအချို့သည် အစောင့်အကြပ်များအား သွေးဆောင်၍ မိမိတို့၏ စာများကို ပြင်ပလောကသို့ ရောက်အောင် ပို့နိုင်ခဲ့ကြသည်။ သို့ရာတွင် ဤကူးစက်ရောဂါကြီး ကျရောက်ခါစ အစောင့်ကျသူများက လူလူချင်း ထားအပ်သည့် စိတ်စေတနာကလေးများ ရှိသင့်သည်ဟု ယူဆလျက်ရှိစဉ်က ဤသို့ ဖြစ်သည်။ နောက်တွင် ဤအစောင့်များကပင်လျှင် သူတို့၏တာဝန် ကြီးလေးမှန်း သိလာကြပြီး နောင်တွင် ဘာဖြစ်လာမည်ဟု မည်သူမျှ မသိနိုင်သည့် ကိစ္စများအတွက် ဘာတာဝန်ကိုမျှ မယူကြတော့ချေ။ အစပိုင်းတွင် အခြားမြို့များသို့ တယ်လီဖုန်းဆက်ခွင့် ပေးခဲ့သည်။ သို့ရာတွင် တယ်လီဖုန်းရုံများ၌ လူများစု ပြုံတိုးကြပြီး နှောင့်နှေးကြန့်ကြာမှုများလည်း ရှိလာသဖြင့် ရက်အနည်းငယ် အကြာတွင် ပိတ်ပစ်လိုက်ရပြီး အလျင်စလိုကိစ္စဟု သတ်မှတ်ထားသော သေဆုံးခြင်း၊ လက်ထပ်ခြင်း၊ သားဖွားခြင်း ကိစ္စများအတွက်သာ သုံးခွင့် ပြုတော့သည်။ ဤသို့လျှင် ကျွန်ုပ်တို့သည် “ကြေးနန်း" စာကိုသာ အားကိုးကြပြန်တော့သည်။ ရင်းနှီးသော မိတ်ဆွေများ၊ ချစ်သူ၊ ခင်သူ၊ ကြင်နာသူများသည် မိမိတို့ အချင်းချင်း ရှေးက တုံ့လှယ်ဆက်သွယ်ခဲ့ကြသည်များကို သတိရ အောက်မေ့စေမည့် အမှတ်အသားကို စကားဆယ်လုံးပါသည့် ကြေးနန်း စာတစ်စောင်တွင် အပြည့်အစုံပါစေရန် စဉ်းစားရှာဖွေရင်းသာ အချိန်ကုန်ကြ ရလေသည်။ တကယ် လက်တွေ့ကျတော့ ကြေးနန်းစာ၌ သုံးနိုင်သည့် စကားစုကလည်း အလျင်အမြန် ကုန်ခမ်းသွားလေရာ “နေကောင်းတယ်။ အမြဲသတိရတယ်။ အချစ်” ဆိုသည့် ရိုးရိုးစင်းစင်း စကားမျိုးကို အပြန်အလှန် ပို့နေခြင်းကိုလည်း ငြီးငွေ့သွားကြသဖြင့် တဖြည်းဖြည်းချင်း ပါး၍ပါး၍

သွားလေတော့ သည်။

ကျွန်ုပ်တို့အထဲမှ အချို့ကမူ စာများကို ရေးမြဲရေးနေကာ ပြင်ပလောကနှင့် အဆက်အသွယ် ရရှိရေးကိုသာ အကြံအစည်ထုတ်ရင်း အချိန်များစွာ ကုန်လွန်စေခဲ့ကြလေသည်။ သို့ရာတွင် ထိုအကြံအစည်များသည် အမြဲလိုလိုပင် ပျက်ပြားသည်သာဖြစ်၏။ အလွန် ဖြစ်တောင့်ဖြစ်ခဲ တစ်စောင်တလေ အောင်မြင်သွားသည် ဆိုဦးတော့၊ ပို့လိုက်သည့်စာ၊ ပို့ရာသို့ ရောက်မရောက်ကိုကား ပြန်စာ မလာသောကြောင့် မသိကြရတော့ချေ။ သီတင်းတစ်ပတ်ပြီးတစ်ပတ် ဆက်တိုက် ကျွန်ုပ်တို့သည် စာတစ်စောင်ကိုပင် ထပ်ခါတလဲလဲ ရေးခြင်း၊ အတင်းအတိုအစ တစ်ခုကို ထပ်ခါတလဲလဲ ရေးကူးခြင်း၊ လျှောက်လွှာတစ်စောင်ကို ထပ်ခါတလဲလဲ ရေးခြင်း စသည်တို့ဖြင့်သာ အချိန်ကုန်လာခဲ့ပြီး ကာလကြာမြင့်သောအခါ ကျွန်ုပ်တို့၏ အသည်းနှလုံးမှ စီးဆင်းလာသော သွေးဖြင့် ရေးထားသကဲ့သို့သော ခံစားမှုအပြည့်ပါသည့် စကားလုံးများသည်ပင်လျှင် အဓိပ္ပာယ်ကင်းမဲ့သည့် အဖြစ်သို့ ရောက်သွားကြတော့၏။ ထိုမှ နောက်တွင်ကား ကျွန်ုပ်တို့သည် စာများ ရေးနေရသော်လည်း စိတ်ကမပါဘဲ ရေးကာ အဓိပ္ပာယ်ပျောက်နေသော စကားများဖြင့် ကျွန်ုပ်တို့ လက်ငင်း တွေ့ကြုံနေရသည့် မတင်မကျ ရင်တမမကာလကို ဖော်ထုတ်ရန် ကြိုးစားနေကြရပြန်သည်။ ရေရှည်တွင် ဤသို့ တစ်ယောက်တည်း အထပ်ထပ် အုတ်နံ့ရံကို ရင်ဆိုင်၍ ရွတ်နေရသကဲ့သို့သော စကားများနှင့်စာလျှင် ရိုးလွန်းသည်ဟုဆိုသော ကြေးနန်းစာများကပင် တော်သေးသလို ဖြစ်နေပြန်လေသည်။

ရက်အနည်းငယ် ကြာပြီးနောက် ဤမြို့မှ ထွက်ခွာသွားရန် မည်သူ့အဖို့မျှ မျှော်လင့်ချက် မရှိတော့ကြောင်း ထင်ရှားလာသော အခါတွင်လည်း ကပ်ရောဂါ မကျရောက်မီကပင် ဤမြို့မှ ထွက်ခွာသွားခဲ့ကြ သူများအား ပြန်လာရန် ခွင့်ပြုမပြု စုံစမ်းစပြု၍ လာကြပြန်လေသည်။ ဤကိစ္စကို အာဏာပိုင်များက ရက်အနည်းငယ် အချိန်ယူ၍ စဉ်းစားပြီး ခွင့်ပြုမည်ဟု ပြန်ကြားသည်။ သို့ရာတွင် ပြန်လာသူများအား မည်သည့်နည်းနှင့်မျှ ပြန်ထွက်ခွင့်ပေးလိမ့်မည် မဟုတ်ကြောင်းကိုလည်း သတိပေး ဖော်ပြထားသည်။ ဤမြို့သို့ ရောက်လာပြီးလျှင် ဘာပဲဖြစ်ဖြစ် ဤမြို့မှာပင် နေရမည်။ အချို့ အနည်းငယ်မျှသော မိသားစုတို့သည် အခြေအနေကို အလေးအနက်မထား၊ ကွဲကွာနေသူများကို ပြန်လည် တွေ့ဆုံချင်ဇောဖြင့် ဘာဘာညာညာ ချိန်ဆမနေတော့ဘဲ ဤသို့ပြန်လာရန် အခွင့်အရေးကို အရယူရန် ကြေးနန်းရိုက်ကြလေသည်။ သို့ရာတွင် မကြာမီပင် ပလိပ်ကပ်၏ အကျဉ်းသားများ ဖြစ်နေကြရသူတို့သည် သူတို့၏ နီးစပ်သူတို့တွင် ကျရောက်မည့် အန္တရာယ်ဆိုးကြီးကို တွေးမိကာ သူတို့နှင့် ကင်းကွာ၍ နေရသည့် ဘဝ၌သာ စိတ်နှလုံး တုံးတုံးချကာ နေလိုက်ကြလေတော့သည်။ ပလိပ်ကပ်ရောဂါ ဖြစ်ပွား၍ အဆိုးဆုံး အခြေအနေတွင် ဒုက္ခဝေဒနာ ပြင်းစွာခံစား၍ သေရမည့် ဘေးအန္တရာယ်ကို ကြောက်သည်ထက်

တစ်ယောက်နှင့်တစ်ယောက် တွေ့မြင်ချင်စိတ်က ကြီးမားလွှမ်းမိုးသွားသည့် အဖြစ်မျိုးတစ်ခုသာ ကြုံရသည်။ ယင်းတို့ကား အများထင်သလို အန္တရာယ် ဘယ်လောက်ပင် ကြီးကြီး တွေ့ချင်မြင်ချင်စိတ်က ပြင်းထန်လွှမ်းမိုးလေ့ ရှိသည့် ငယ်ရွယ်သူနှစ်ဦး မဟုတ်ကြပေ။ ထိုနှစ်ယောက်ကား ဒေါက်တာကတ်စတယ်နှင့် သူ၏ဇနီးတို့ ဖြစ်ကြသည်။ သူတို့၏ အိမ်ထောင်သက်မှာလည်း နှစ်ပေါင်းများစွာရှိပြီ ဖြစ်သည်။ မဒမ်ကတ်စတယ်သည် ကပ်ရောဂါ မဖြစ်ပွားမီ ရက်အနည်းငယ်ကမှ အနီးအနား မြို့တစ်မြို့သို့ အလည်အပတ် သွားခဲ့သည်။ သူတို့သည် စံနမူနာ တင်လောက်အောင် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြင်နာကြသော လူအိုဇနီးမောင်နှံများ မဟုတ်ကြ။ မဟုတ်ရုံမျှမက သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ယူမိတာ မှန်မှမှန်ရဲ့လားဟု သံသယ ဖြစ်နေကြသူများပင် ဖြစ်နိုင်သည်ဟု ဤအကြောင်းများကို ပြန်ပြောသူက ပြောနိုင်ပါသည်။ သို့သော် ယခုကဲ့သို့ ကာလကြာမြင့်စွာ ရက်ရက်စက်စက် အခွဲခံထားရသည့် အခါတွင်မှ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် ကွေကွင်း၍ မနေနိုင်ကြသည်ကို သိကြရလေသည်။ ဤအသိဉာဏ် အလင်းရောင်ကလေး ဝင်လာချိန်တွင်မူ သူတို့အဖို့ ပလိပ်ကပ်၏ အန္တရာယ်သည်ပင်လျှင် သေးငယ်၍သွားဟန် တူလေသည်။

ဤအဖြစ်မျိုးသည် အများစု၌ ဖြစ်သည်မဟုတ်ပါ။ အများစုအတွက်မှာ ဤသို့ ခွဲခွာနေကြရသည့် အဖြစ်သည် ပလိပ်ကပ်ရောဂါကြီး ပြီးဆုံးသည်အထိ ကြာတော့မည်မှာ ထင်ရှား၍ နေပေတော့သည်။ အထက်၌ ဆိုခဲ့သည့်အတိုင်း အိုရန်မြို့သူမြို့သားများသည် သာမန်ပျော်ရွှင်မှုများ၌ နှစ်သက်စွဲလန်း တတ်ကြပြီး၊ လူတစ်ကိုယ် အကြိုက်တစ်မျိုး မူတစ်မျိုးရှိခဲ့ကြရာ ယခုအခါတွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ လာခဲ့သည်။ ယခင်အချိန်များက မိမိတို့၏ ဇနီးမယားများအား အမြဲပင် ယုံကြည်စိတ်ချထားလေ့ ရှိသူများသည် ယခုအခါ ယောကျ်ားတစ်ပါး လက်သို့များ ပါသွားလေမည်လားဟု စိုးရိမ်နေမိကြောင်း သူတို့ကိုယ်တိုင် တအံ့တဩ တွေ့ကြရ၏။ ချစ်သူများလည်း ထိုနည်းတူ။ ယခင်အခါများက မိန်းမမြင်ရာကို လိုက်စားတတ်သော သူများလည်း ယခုအခါ ဇနီးမယားအပေါ် စံနမူနာတင်လောက်အောင် သစ္စာရှိနေတတ် ကြပြန်သည်။ အတူနေကြရစဉ်က အမေကို တစ်နေ့လုံးနေ၍ တစ်ခါလှည့်မကြည့်သော သားများက ကွဲကွာနေစေ ကွဲကွာနေသော သူတို့အမေများ၏ ရုပ်သွင်ကို စေ့စေ့စပ်စပ် ထင်မြင်၍ ကြည့်ရင်း အောက်မေ့တသ နေတတ်ပေသည်။ ဤသို့ ပြင်းပြင်းထန်ထန် တိတိပြတ် ခွဲပစ်လိုက်ခြင်းနှင့် နောက်ဘာဖြစ်ဦးမည်ကို မသိနိုင်သည့် အခြေအနေသို့ ဖြုန်းစားကြီး ရောက်ခဲ့ကြသည်ဖြစ်ရာ နေ့စဉ်နှင့်အမျှ ကိုယ်နှင့်နီးစပ်ရာတို့၏ မျက်နှာများကို ထင်မြင်တမ်းတကာ အမြင်နီးလျက် ခရီးဝေးနေကြရသည့် အဖြစ်ကို မည်သို့မျှ မတတ်နိုင်ဘဲ ရှိကြရလေ၏။ ကျွန်ုပ်တို့၏ ဝေဒနာမှာ နှစ်မျိုး ဖြစ်သည်။ တစ်မျိုးက ကျွန်ုပ်တို့က တမ်းတရသည့် ဝေဒနာ၊ နောက်တစ်မျိုးက ကျွန်ုပ်တို့နှင့်

တွေကွင်းနေကြရသော သား၊ အမိ၊ မယား၊ ရည်စား စသူတို့၏ စိတ်သောကဝေဒနာကို တွေးပြီး ရင်နာရသည့်ဝေဒနာ။ အခြား အခြေအနေမျိုးတွင် ဆိုလျှင် ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် လူစုလူဝေးနှင့် လုပ်ရသော လှုပ်ရှားမှုများတွင် ပိုမိုအားစိုက်ကာ ထွက်ပေါက် ရှာကြပေမည်။ သို့ရာတွင် ယခု သူတို့၏ လှုပ်ရှားမှုများကို ပလိပ်ကပ်ရောဂါက ဖိနှိပ်ချုပ်ချယ်၍ ထားသည်ဖြစ်ရာ သူတို့၏ အသွားအလာကား မြို့ထဲတွင်သာ ရှိလျက် သတိရ အောက်မေ့စရာကလေးများဖြင့် သူတို့ကိုယ်သူတို့ လှည့်စားကာ နေ့စဉ်ရက်ဆက် နှစ်သိမ့်ကျေနပ် နေကြရတော့သည်။ ရည်ရွယ်ချက်မရှိဘဲ တပေပေ လျှောက်သွားရင်း မြို့ကလေးကလည်း ခပ်ကျဉ်းကျဉ်းနှင့် ယခင်ပျော်ရွှင်စွာ နေခဲ့ကြစဉ်က ယခုကွဲကွာနေကြသူများနှင့် အတူတကွ လျှောက်ခဲ့ကြသည့် လမ်းများသို့ အခေါက်ခေါက် အပြန်ပြန် ရောက်မိကြလေသည်။

ဤသို့လျှင် ပလိပ်ကပ်က ကျွန်ုပ်တို့၏ မြို့သို့ ရှေးဦးစွာ ယူဆောင်လာခဲ့သည်ကား "ပြည်နှင်ဒဏ်" ဖြစ်သည်။ ဤအကြောင်းများကို ပြန်ပြောသူသည် အခြားသူများ အဖို့လည်း ဤနည်းနှင်နှင်ပင်ဟု သူ့မိတ်ဆွေများက ဝန်ခံသော သူကိုယ်တိုင် တွေ့ကြုံခံစားရချက်များကို ရေးပြနိုင်သည်ဟု ယုံကြည်မိပေသည်။ ယင်းကား ပြည်နှင်ဒဏ်ခံရသူ၏ ခံစားရချက်များပင် ဖြစ်သည်။ လက်လွတ်ဆုံးရှုံးမှုဖြင့် ရင်ထဲက နာကျည်းသည့် ဝေဒနာက တခဏကလေးမျှ မသက်သာ။ သူရူးပမာ အတိတ်ဆီသို့ ပြန်၍ပြေးလိုက် အနာဂတ်ဆီသို့ လှမ်း၍ တွေးလိုက်နှင့်သာ သတိရစရာ အောက်မေ့စရာကလေးများကို တွေးမိသည်တွင် မီးကဲ့သို့ ပူပန်ရသည်။ တစ်ခါတစ်ခါ ကိုယ့်စိတ်ကူးနှင့်ကိုယ် တစ်ယောက်ယောက် ပြန်လာမည်ကို စောင့်သလို တံခါးက လူခေါ်ခေါင်းလောင်းသံကို နားစွင့်လိုစွင့်၊ လှေကားဆီ၊ ကြားနေကျ ခြေသံများကို မျှော်လိုမျှော်၊ သို့သော် ရထားနှင့်လာမည့်သူ အိမ်ရောက်ချိန်လောက်တွင် အိမ်သို့ တမင်ပြန်စောင့်ကာ ရထားများမလာတော့သည်ကို မေ့ထားကြည့်သော်လည်း ဤကဲ့သို့သော မိမိကိုယ်မိမိ လှည့်စားမှုကလေးများကလည်း တာရှည်မခံသကဲ့သို့ ဘယ်ကရထားမှ မလာတော့သည့် အဖြစ်မှန်ကိုတော့ တစ်ချိန်တွင် မုချရင်ဆိုင်ရသည်သာ ဖြစ်၏။ ထိုအခါ ကျွန်ုပ်တို့ ခွဲခွာနေကြရမည့် ကာလသည် ရှည်လျားဦးမည် ဆိုသည်ကို သိကြရပြီး လာမည့်နေ့ရက်များကို မည်သို့ ကုန်လွန်စေရမည် ဆိုသည့် နည်းလမ်းများကို ရှာကြရတော့သည်၊ အချုပ်ဆိုရသော် ကျွန်ုပ်တို့သည် အကျဉ်းထောင်သို့ ပြန်ရောက်လာကြပြီး ကျွန်ုပ်တို့တွင် အတိတ်မှတစ်ပါး ဘာမျှမရှိ၊ အနာဂတ်ကို တွေး၍ ကြည့်ချင်နေမိသူများ ရှိသော်လည်း သူတို့သည် ဤအကြံကို ဖျက်လိုက်ကြရ၏။ တွေးကြည့်လျှင် မည်မျှ နာကျည်းရသည်ကို တွေ့ရှိကြရပြီး၊ ဤအကြံကို မြန်နိုင်သမျှမြန်မြန် စွန့်လွှတ်ကြရသည်။

ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် သူတို့တွင် ဖြစ်လိမ့်မည်ဟု ထင်ရသော

အလေ့အကျင့်တစ်ခုကို လူအများ တွေ့ဆုံရာတွင်သော်မှ အမြန်ရှောင်ရှားလိုက်နိုင်ကြသည်မှာ ထူးခြားမှတ်သားဖွယ် ကောင်းသည်။ ယင်းသည်ကား သူတို့၏ တစ်ကျွန်းစံဘဝ မည်မျှကြာမြင့်မည်ကို တွက်ဆ၍ ကြည့်သော အလေ့အကျင့်။ အကြောင်းကား ဤသို့ဖြစ်၏။ အဆိုးဆုံးကို မြင်တတ်သူက ခြောက်လကြာမည်ဟု ခန့်မှန်းသည် ဆိုကြပါစို့။ သူတို့သည် ခြောက်လမျှသော အမှောင်ကာလကို ကြိုတင်မှန်းဆကာ ဆေးခါးကြီး မျိုသလို မိုတ်ကျိတ်၍ မျိုရင်း ရှိသမျှအားကို တင်း၍ ဤ မတင်မကျ ရင်တမမ ကာလကို ကျော်လွှန်ရန် အံခဲထားလိုက်ပြီးသောအခါ သူတို့နှင့် တွေ့သော တစ်ယောက်ယောက်က၊ သို့မဟုတ် သတင်းစာဆောင်းပါးတစ်ခုက သို့မဟုတ် ပိုးတဝါး သံသယကလေး တစ်ချက်က၊ သို့မဟုတ် ရှေ့ရေး မြော်တွေးချက်ကလေး တစ်ချက်က ဤကပ်ရောဂါသည် ခြောက်လက ကျော်၍ မကြာနိုင်စရာအကြောင်း မရှိ၊ တစ်နှစ် သို့မဟုတ် ထိုထက်ပင် ကြာနိုင်သည်ဟု သိခဲ့သော် ...။

ထိုအချိန်မျိုးတွင် သူတို့၏ ဖွဲ့သတ္တိ၊ စိတ်တန်ခိုးနှင့် ခံနိုင်ရည်တို့သည် ရုတ်တရက် ပြိုလဲကာ စိတ်ပျက်လက်ပျက် ဖြစ်ရာက နာလန်ထူနိုင်စရာပင် အကြောင်းမရှိ။ ထို့ကြောင့် သူတို့သည် သူတို့၏ လွတ်ရက်ကို ပြဿနာအတက်ခံ၍ မတွေးတောမိကြရန်နှင့် အနာဂတ်အရေးဆိုလျှင် ဘာကိုမှ မတွေးတော့ဘဲ ပစ္စုပ္ပန်တည့်တည့်ကိုသာ ကြည့်၍ နေသွားကြရန် သူတို့ကိုယ်သူတို့ ဆုံးမ၍ ထားကြရလေသည်။ သို့ရာတွင် သူတို့ ဤကဲ့သို့ ဘေးသင့်နေသည့် ကာလတွင်မှ ပညာသတိ ယှဉ်ကာလာမည့်ဘေးကို အဝေးကရှောင်ရန် ဟန်ဆောင်နေကြခြင်းမှာ ဓမ္မတာသဘောအရ အကျိုးယုတ်ဖို့သာ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သည်းမခံနိုင်လောက်အောင် စိတ်ဆင်းရဲစရာ အတွေးများကို လွှဲဖယ်ပစ်လိုက်သည်တွင် သူတို့အဖို့ အားတက်ဖွယ် အတွေးဝင်သည့် ကာလကလေးများပါ ဆုံးရှုံးသွားတော့သည်။ ယင်း ကာလကလေးများကလည်း စုလိုက်ပေါင်းလိုက်လျှင် ပြန်လည်ဆုံတွေ့ရမည့် အရေးကို ပုံပေါ်အောင် တွေးရာတွင် ပိုမိုပီသလာပြီး ပလိပ်ကပ်ရောဂါကိုပင် မေ့ထားနိုင်လောက်အောင် များပေလိမ့်မည်။ ဤသို့လျှင် သူတို့သည် ဤသို့သော အစွန်းနှစ်ဖက်၏ အကြားရှိ ဘဝရေစီးကြောင်းဝယ် လူးလာကူးခတ်နေခြင်းထက် မျောပါနေခြင်းဟု ဆိုရလောက်အောင်ပင် အကျိုးအမြတ် တစ်စုံတစ်ရာ မထွက်သော အတွေးများဖြင့် အဓိပ္ပာယ်ကင်းမဲ့သော နေ့များ၏ ဝါးမျိုခြင်းကိုခံကာ သူတို့၏ အတိဒုက္ခတည်းဟူသော မြေကြီးတွင် အခိုင်အမာ အမြစ်တွယ်ချင်သေးသမျှ ကာလပတ်လုံး အတည့်တကျ မရှိနိုင်သော အရိပ်ရှင်များ ကဲ့သို့သာ ရွေ့လျားနေကြပေတော့မည် ဖြစ်လေသည်။

ဤသို့ပင် သူတို့သည် ဘာမှ အကျိုးအမြတ် မထွက်တော့သော သူတို့၏ အတိတ်မှ သတိများနှင့် တပေပေ နေကြရသော အကျဉ်းသမားများ၊ ပြည်နှင်ခံ

တစ်ကျွန်းစံများ၏ မပြေပျောက်နိုင်သော သောကပရိဒေဝကို နားလည်လာကြရသည်။ သူတို့ မပြတ်မလတ် သတိရလျက်ရှိသော သူတို့၏ အတိတ်သည်ပင်လျှင် နောင်တတစ်ဖန် ပူပန်စရာမှလွဲ၍ ဘာအနှစ်သာရမျှ မရှိ။ ယင်းသို့ နောင်တ တစ်ဖန် ပူပန်မှုမျိုးတွင် ယခု သူတို့ လွမ်းနေမျှော်နေကြရသူ ယောက်ျား သို့မဟုတ် မိန်းမ၏ အပေါ်တွင် ဝတ္တရားကျေပွန်သင့်ခဲ့ပါလျက် မကျေပွန်ခဲ့သည့် အတွက် ပူပန်သည့်နောင်တကိုပါ ထပ်လောင်း ပေါင်းထည့်လိုကြသည်။ ယခု သူတို့ အကျဉ်းသားများ ဖြစ်နေစဉ်တွင် အထိုက်အလျောက် ပျော်ရွှင်ရသည့် လှုပ်ရှားမှုများ၌သော်မှ သူတို့ ကွေကွင်းနေရသူအား သူတို့နှင့်အတူ သွားလာလှုပ်ရှားနေရသည့် ဘဝထဲသို့ မရေမရာ ထည့်သွင်းစဉ်းစား နေမိတတ်ကြပြန် သည်။ ဤသို့လျှင် သူတို့၏ဘဝတွင် တစ်ခုခုက လိုလျက်သာ ရှိလေသည်။ အတိတ်ကိုလည်း မုန်းပြန်၊ ပစ္စုပ္ပန်ကိုလည်း စိတ်မရှည်တတ်၊ အနာဂတ်ကိုလည်း လိမ်လည်လှည့်ပတ်ကာ ကျွန်ုပ်တို့မှာ လူတို့၏ တရားဥပဒေ သို့မဟုတ် မုန်းတီးမှုက ထောင်တန်းနှောင်အိမ်၌ ပိတ်လှောင်ထားခြင်း ခံရသူများကဲ့သို့ ဖြစ်နေကြရသည်။ ဤသို့လျှင် သည်းမခံနိုင်စရာ အားလပ်ချိန်များမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းမှာ စိတ်ကူးဖြင့် ရထားများကို ပြန်လည်သွားလာစေပြီး တကယ့် လက်တွေ့တွင် ဘာသံမျှ တစ်ချက်ကလေး မမြည်သောတံခါးမှ လူခေါ်ခေါင်းလောင်းများကို မြည်သည်ဟု စဉ်းစားနေဖို့သာ ရှိပေတော့သည်။

သို့တိုင်အောင် ပြည်နှင်ဒဏ်ဟု ဆိုရာ၌ ကျွန်ုပ်တို့ အများစုအတွက်မူ ကိုယ့်အိမ်ထဲတွင် ကိုယ်ခံနေရသည့် ပြည်နှင်ဒဏ် ဖြစ်သည်။ ဤအကြောင်းများကို ပြန်ပြောနေသူအဖို့ သာမည ပြည်နှင်ဒဏ်ကိုသာ ခံရခြင်း ဖြစ်သော်လည်း ဆွမ်းခံရင်း ငှက်သင့်ကာ ခရီးသွားရင်း ရောက်ရာအရပ်တွင် သောင်တင်နေပြီး၊ သူတို့ ချစ်ခင်နှစ်သက်သူများနှင့် သာမက သူတို့၏ နေအိမ်များနှင့်ပါ ကွေကွင်းနေရသဖြင့် ပိုမိုဆိုးဝါးသည့် ပြည်နှင်ဒဏ်မျိုးကို ခံနေကြရသော သတင်းစာဆရာ ရမ်းဘားနှင့် အခြား လူအတော်များများ ကဲ့သို့သော လူများ၏ အရေးကိုလည်း မေ့ထား၍မရပါ။ ပြည်နှင်ဒဏ် ခံရသူ အားလုံးတွင် သူတို့က အဆိုးဆုံး ခံကြရသည်။ ကျွန်ုပ်တို့ အားလုံးကဲ့သို့ပင် အချိန်ကြာလေ စိတ်ပူပန်ရလေ ဖြစ်လာသောအခါ သူတို့တွင်လည်း အကွာအဝေး ပြဿနာက ရှိနေသည်သာ။ သူတို့တွင် ဤပြဿနာက နှိပ်စက်ဖမ်းစားခြင်း ခံရပြီး အခါမလပ်ပင် သူတို့အား သူတို့၏ အိမ်များသို့ မမြင်နိုင်အောင် ပိတ်ဆို့ထားသည့် ဤ ရောမရောဂါဆိုး လူနာရုံကြီး၏ အုတ်နံရံကြီးများကို ခေါင်းဖြင့် တိုက်၍တိုက်၍ နေကြရသည်။ သူတို့အား ဖုန်ထူသော မြို့ထဲတွင် တစ်နေ့တာလုံး ငြီးငွေ့ပင်ပန်းစွာ တမတ်စောက်စောက် သွားနေပြီး သူတို့သာလျှင်သိသော သူတို့တိုင်းပြည်က ညမိုးချုပ်ချိန်များ၊ နံနက်လင်းချိန်များကို တမ်းတနေတတ်ကြသည်ကို တွေ့မြင်ကြရတတ်သည်။ သူတို့သည် စိတ်ညစ်ညစ်ရှိတိုင်း လှစ်ခနဲလှစ်ခနဲ ပျံလွှားပျံ့သလို ရှုပ်ယှက်ခတ်နေသော၊ နေဝင်စဉ်

ကျသည့် နှင်းပေါက်ကဲ့သို့သော၊ တစ်ခါတစ်ခါ လူသူမရှိသော လမ်းများပေါ်သို့ လက်ခနဲလက်ခနဲ ထိုးကျလာတတ်သည့် နေပြောက်ကဲ့သို့သော အတွေးများဖြင့် ဖြေဖျောက်တတ်ကြသည်။ ဘာမဆို လွတ်လပ်မှုကို ပေးနိုင်သည့် ပြင်ပလောကကိုမူ သူတို့ မကြည့်ချင်ကြတော့ဘဲ၊ သူတို့၏ စိတ်ကူးထဲတွင် တကယ်ထင်နေသော အရိပ်အရောင်များ၌သာ အာရုံဝင်စားကာ သူတို့ဆီက မီးရောင်များ၊ တောင်ကုန်းများ၊ ထိုင်နေကျ သစ်ပင်ရိပ်များနှင့် မိန်းမလှ၏အပြုံး စသည်တို့ဖြင့် တည်ဆောက်ဖွဲ့စည်းလျက် အစားထိုး၍ မရနိုင်သော သူတို့၏ ကမ္ဘာလောက်ကလေးကိုသာ ပီပီသသ မြင်နိုင်ရန် အစွမ်းကုန် အာရုံတင်မိကြပေလိမ့်မည်။

နောက်ဆုံးအနေဖြင့် စိတ်ဝင်စားစရာ အကောင်းဆုံးနှင့် ယခုပြန်ပြောသူ အပြောတတ်ဆုံး အကြောင်းအရာဖြစ်သည့် ကွဲကွာနေကြသော ချစ်သူများ၏ အကြောင်းကို ပိုမိုတိကျစွာ ပြောရမည်ဆိုလျှင် သူတို့၏ စိတ်များသည် အမျိုးမျိုးသော ဝေဒနာများကို ခံစားကြရပြီး၊ အထူးထင်ရှားသည်မှာ သနားကြင်နာမှု ဝေဒနာ။ အကြောင်းကား သူတို့၏ စိတ်လှုပ်ရှားမှု ဝေဒနာများကို အပြင်းအထန် အာရုံစူးစိုက်၍ ပြန်လည်သုံးသပ်ကြည့်ရန် အခြေအနေက ဖန်တီးပေးနေသောကြောင့် ဖြစ်၏။ ဤအခြေအနေမျိုးတွင် မိမိတို့၏ ချွတ်ယွင်းချက်ကလေးများကို မိမိတို့ မတွေ့ရှိသူဟူ၍ မရှိသလောက် ရှားပါလိမ့်မည်။ ယင်းသို့ တွေ့ရှိခြင်းမှာလည်း သူတို့နှင့် ကွေကွင်းနေရသူသည် ယခုအချိန်တွင် ဘာတွေများ လုပ် နေပါလိမ့်မည်နည်း ဟု တွေးတောထင်မြင်၍ ကြည့်ရာတွင် တွေ့ရသည့် အခက်အခဲကြောင့် ဖြစ်သည်။ ယခု ကွေကင်းနေသည့် ချစ်သူသည် ယခင်အချိန်များက မည်သို့နေ၍ မည်သို့ထိုင်တတ်ခဲ့သည်ကို မသိခဲ့ခြင်းအတွက် နောင်တရ နေမိတတ်သည်။ သိအောင်ဂရုစိုက်မှု နည်းလွန်းခဲ့သည့်အတွက် လည်းကောင်း၊ ချစ်သူတစ်ယောက်အဖို့ သူနှင့်တကွ မရှိသည့်အချိန်တွင် သူ့ချစ်သူ ဘာတွေလုပ်နေသည် ဆိုသည်မှာ အမှတ်မထင်ကိစ္စ။ စိတ်ပျော်ရွှင်ဖို့ အကြောင်းရင်းလည်း မဟုတ်ဟု အထင်ရှိခဲ့မိသည့်အတွက် လည်းကောင်း မိမိကိုယ်မိမိ အပြစ်တင်၍ နေမိတတ်သည်။ ဤအတွေး ဝင်လာပြီဆိုလျှင် မိမိတို့၏ ချစ်ခရီးတစ်လျှောက်လုံးကို ပြန်ပြောင်းတွေးတောကာ မည်သည့်နေရာတွင် လစ်ဟင်း၍ သွားခဲ့ပါလိမ့် ဆိုသည်ကို ရှာဖွေကြည့်မိတတ်သည်။ သာမန်အချိန်များက ဆိုလျှင် ပို၍ မချစ်နိုင်တော့သည့် အချစ်ဟူ၍ မရှိသည်ကို သတိနှင့် ယုဉ်သည်ဖြစ်စေ၊ မယှဉ်သည်ဖြစ်စေ ကျွန်ုပ်တို့ အားလုံး သိကြသည်။ သို့ပင်ဖြစ်သော်လည်း ကျွန်ုပ်တို့၏ အချစ်သည် မည်သည့် အခါကျမှ သာမန်ထက် မပိုခဲ့ဆိုသည်ကို ခပ်လွယ်လွယ်ပင် လက်ခံကြရမည် ဖြစ်သည်။ သို့သော် ပြန်တွေး၍ ပေါ်လာသော အသိတွင်မူ ဤမျှ အလွယ်တကူ ညှိနှိုင်းလက်ခံနိုင်လိမ့်မည် မဟုတ်ချေ။ ထို့နောက် ပြင်ပမှဝင်လာပြီး ကျွန်ုပ်တို့၏ မြို့အား ကံဆိုးမိုးမှောင် ကျစေသည့် ဤအဖြစ်ဆိုးက ကျွန်ုပ်တို့အား ဒေါသဖြစ်စရာ အကြောင်းမဲ့သက်သက် လာ၍ ဒုက္ခလှလှကြီး ပေးလိုက်ရုံမက ကိုယ့်ဒုက္ခ

ကိုယ့်ဝေဒနာကို ကိုယ့်ဖာသာ ဖန်ဆင်းစေလျက် စိတ်ပျက်ရခြင်းကို ခမ္မတာသဘောဟူ၍ လက်ခံစေခဲ့လေသည်။ ဤကား အာရုံကို လွှဲပြောင်းပေးကာ ကိစ္စများစွာကို ဘယ်ဟာက ဘာမှန်းမသိအောင် ရောထွေးပေးလိုက်သည့် ကပ်ရောဂါ၏ ပရိယာယ်များအနက်မှ တစ်ခုပေတည်း။

ဤသို့လျှင် ကျွန်ုပ်တို့သည် တစ်ကိုယ်တည်း ဥပေက္ခာကောင်းကင်ကြီး၏ အောက်တွင် တစ်နေ့တာမျှကိုသာ အာရုံပြု၍ နေသွားခြင်း၌ ရောင့်ရဲကြတော့သည်။ စွန့်ပစ်ခြင်းခံရသူ၏ စိတ်ဝေဒနာသည် ကာလကြာရှည်လျှင် လူတို့အား ပိုမိုသိမ်မွေ့သော စိတ်သဘောကလေးများ ရှိလာအောင် လုပ်ပေးနိုင်ကောင်း ပေးနိုင်မည် ဖြစ်သော်လည်း အစတွင်မူ လူကို အချည်းနှီး ဖြစ်လောက်အောင် ခန်းခြောက်စေတတ်လေသည်။ ပုံစံအားဖြင့်ဆိုရသော် အချို့သော ကျွန်ုပ်တို့၏ မြို့သူမြို့သားတို့သည် ထူးဆန်းသော အယူအဆများဝင်ကာ နေနှင့်မိုးတို့၏ ကျေးကျွန်များ ဖြစ်သွားကြသည်။ သူတို့ကိုကြည့်လျှင် ထိုသူတို့သည် ယခုမှ ရာသီဥတုကို သတိပြုတတ် လာကြသူများလေလား ဟု ထင်မြင်စရာကဲ့သို့ ဖြစ်နေကြသည်။ နေတစ်ချက် ပွင့်လိုက်လျှင်ပင် သူတို့မှာ ဝမ်းသာပျော်ရွှင်သွားသည့် အသွင် ပေါ်လျက်၊ မိုးရွာသော နေ့များတွင်မူ သူတို့၏ မျက်နှာသည် လည်းကောင်း စိတ်အခြေအနေသည် လည်းကောင်း မှိုင်းမှုန်၍ နေတတ်လေသည်။ လွန်ခဲ့သည့် သီတင်းပတ် အနည်းငယ်ဆီကဆိုလျှင် သူတို့သည် ဘဝကို တစ်ကိုယ်တည်း ရင်ဆိုင်နေကြသည် မဟုတ်ဘဲ သူတို့နှင့်အတူ နေနေသူက သူ့ဘဝ သူ့ကမ္ဘာကလေးတွင် မျက်နှာစာတစ်နေရာက တစ်စိတ်တစ်ဒေသ ပါဝင်ရင်ဆိုင်ခဲ့သည် ဖြစ်သောကြောင့် ယခုကဲ့သို့သော ရာသီဥတု၏ အခြယ်လှယ်ခံဘဝမျိုးမှ လွတ်ကင်းခဲ့ကြသည်။ သို့ရာတွင် ယခုအချိန်မှစ၍ အခြေအနေက တစ်မျိုး။ သူတို့၏ ဘဝကို မိုးကောင်းကင်ကြီးက ခြယ်လှယ်နေသကဲ့သို့ ရှိသည်။ တစ်နည်းဆိုရသော် သူတို့သည် ဆင်ခြင်တုံတရား ကင်းမဲ့စွာ ဝေဒနာခံစား၍ မျှော်လင့်၍ နေကြသူများပေတည်း။

ထို့အပြင်လည်း ယခုကဲ့သို့ တစ်ကိုယ်တည်း စိတ်အားငယ်ရခြင်း၏ အထွတ်အထိပ် အခြေအနေတွင် မိမိ၏ အိမ်နီးချင်းထံမှ အကူအညီကို အားကိုး၍လည်း မရနိုင်ပေ။ လူတိုင်းလူတိုင်းတွင် ကိုယ့်ဒုက္ခနှင့် ကိုယ်။ ကျွန်ုပ်တို့အထဲမှ တစ်ယောက်ယောက်က မမျိုသိပ်နိုင်တော့၍ သူ့ရင်ထဲက ဒုက္ခဝေဒနာကို ဖွင့်ဟလိုက်မိပြီ ဆိုပါလျှင် တစ်ဖက်က တုံ့ပြန်လိုက်သည့် စကားက ဘာပဲဖြစ်ဖြစ် သူ့မှာတော့ နာကျည်းရတတ်သည်။ ဤတွင်မှ သူ စကားပြောနေသူနှင့် သူတို့သည် တစ်ယောက်တစ်ပေါက် ဖြစ်နေသည်ကို ရိပ်စားမိတတ်သည်။ သူ ပြောချင်နေသည်မှာ သူ၏ ကိုယ်ပိုင်ဒုက္ခဝေဒနာများနှင့် နေ့စဉ်ရက်ဆက် တရိရိ တွေးနေရာမှ ထွက်လာသည့် စကားများ ဖြစ်ပြီး၊ သူ မြင်စေချင်နေသည်မှာလည်း သူ၏ ရင်တွင်း၌ ဖြစ်ရသော ပြင်းထန်သည့် ဝေဒနာနှင့် ယူကြုံးမရ

ဝမ်းနည်းရလွန်းသည့် သောကတည်းဟူသော မီးတောက်မီးလျှံဖြင့် ပုံဖော်ထားသည့် နိမိတ်ပုံများသာ ဖြစ်လေရာ၊ ယင်းတို့သည် သူပြောပြနေသူအဖို့ ဘာမျှ အဓိပ္ပာယ်မရှိ။ သူနားလည်သည်မှာ စက်နှင့်လုပ်၍ ဈေးထဲတွင် ချရောင်းသည့် ပစ္စည်းလို လူတကာနှင့်ဆိုင်သည့် စိတ်လှုပ်ရှားမှုနှင့် သောကများသာ ဖြစ်သည်။ မိတ်ဆွေအနေဖြင့် ဖြစ်စေ၊ ရန်သူအနေဖြင့် ဖြစ်စေ သူပြန်ပြောလိုက်သည့် စကားမှာ တလွဲတချော် ဖြစ်၍ နေတတ်သည်။ ဤတွင် တစ်ယောက်နှင့် တစ်ယောက် စကားဖြင့် ဆက်သွယ်ရန် (တစ်ယောက် တစ်ယောက် နားလည်နိုင်စေရန်) အားထုတ်မှုများကို လက်လျှော့လိုက်ကြ ရတော့သည်။ ဤအဖြစ်သည် အနည်းဆုံး တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သူများ (တိတ်တိတ် မနေနိုင်သူများ) အဖို့ ဖြစ်သည်။ အခြားသော လူများမှာ တကယ် ထိရောက်သည့် စကားလုံးများကို ရှာဖွေ၍ မတွေ့နိုင်သောကြောင့် ယခုလက်ရှိ တီထွင်သုံးစွဲနေကြပြီး စကားလုံးများဖြင့်သာ ရိုးရိုးစင်းစင်း အဖြစ်အပျက်များ၊ ပုံတိုပတ်စများနှင့် နေ့စဉ်သတင်းစာများ အကြောင်းတို့ကို ပြောကြရသည်။ ထို့ကြောင့် ဤလူများအဖို့လည်း တကယ့် အစစ်အမှန် စိတ်သောက ဖြစ်ရမှုများကိုသော်မှ ရိုးရိုးပြောနေကျ စကားလုံးများဖြင့်သာ ပြောပြကြရသည်။ ဤနည်းဖြင့်သာ ပလိပ်ကပ်ရောဂါ၏ အကျဉ်းသမားများသည် သူတို့၏ တံခါးစောင့်များထံမှ စာနာမှုကို လည်းကောင်း၊ သူတို့ ပြောပြနေသည်ကို နားထောင်သူများထံမှ စိတ်ဝင်စားမှုကို လည်းကောင်း ရယူနေကြရပေသည်။

မည်သို့ပင်ဖြစ်စေ၊ ဤအချက်သည် အရေးကြီးပါသည်။ သူတို့၏ သောကက မည်မျှပင် ခံခက်၍ နေစေကာမူ၊ သူတို့၏ရင်ထဲ၌ မည်မျှပင် လေးလံ၍ နေစေကာမူ၊ သူတို့မှာ အားလုံး လက်လွတ်ဆုံးရှုံး၍ နေစေကာမူ ဤ ပြည်နှင်ခံလူများသည် ပလိပ်ကပ်ရောဂါ၏ စောစောပိုင်း ကာလတွင် သူတို့ကိုယ်သူတို့ အခွင့်ထူးခံများ ဟူ၍ သတ်မှတ်ယူနိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ကလေးက မြို့နေလူအများ ထိတ်လန့်စ ပြုလာကြသောအခါတွင် ထိုသူတို့၏ စိတ်အာရုံသည် သူတို့ ပြန်လည် တွေ့ဆုံချင်နေသူများ၏ အပေါ်၌သာ လုံးဝ စုပြုံ၍ တင်ထားကြသောကြောင့် ဖြစ်၏။ သူတို့၏ အတ္တစွဲအချစ်ကြောင့် သူတို့မှာ အများစု၏ သောကမျိုးမှ လွတ်မြောက်နေသကဲ့သို့ ဖြစ်ပြီး ပလိပ်ကပ်အကြောင်း စဉ်းစားပြန်တော့လည်း ဤရောဂါဆိုးကြီးက သူတို့အား ထာဝစဉ် ခွဲခွာထားရန်များ ခြိမ်းခြောက်နေလေပြီလား ဆိုသည်လောက်ကိုသာ စဉ်းစားတတ်ကြသည်။ ဤသို့လျှင် ဤ ကူးစက်ရောဂါကြီး ဖြစ်ပွား၍ ကောင်းဆဲမှာပင် သူတို့သည် အေးအေးဆေးဆေး ရှိလှချည်လားဟု ထင်ချင်စရာဖြစ်အောင် ဣန္ဒြေဆောင်က အမှုမဲ့ အမှတ်မဲ့လိုပင် နေကြသည်။ သူတို့၏ စိတ်သောကက ဖိစီးနေစဉ်တွင် ကြောက်ရမှန်းပင် မသိ။ ဤသို့လျှင် သူတို့၏ အဖြစ်ဆိုး၌ ကောင်းသည့် အချက်လည်း ရှိသည်ဟု ဆိုရပေမည်။ ပုံစံအားဖြင့် သူတို့အထဲမှ တစ်ယောက်ယောက် ကပ်ရောဂါနှင့် ပါသွားပြီဆိုလျှင် ထိုသူတွင် သူ့ဟာသူ ဘာဖြစ်မှန်း သိရန်ပင် အချိန်မရလိုက်တော့။ သူ့မှာ သူ့အတိတ်ကတစ္ဆေနှင့် တိတ်ဆိတ်ကြာမြင့်စွာ

အာရုံနိုးနှော၍ နေရာမှ ရုတ်ချည်း ဆွဲခေါ်သွားခြင်းကို ခံရပြီး အတိတ်ဆိတ်တကော့ အတိတ်ဆိတ်ဆုံး နိုင်ငံသို့ ပါသွားလေတော့သည်။ သူ့မှာ ဘာအတွက်မှ အချိန်မရလိုက်ချေ။

* * *

ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် ရုတ်တရက် သီးခြားခွဲထားလိုက်ခြင်း ခံရသော သူတို့၏ အခြေအနေ၌ နေတတ်စေရန် အားထုတ်လျက် ရှိကြစဉ်ပင် ပလိပ်ကပ်ရောဂါက မြို့တံခါးများတွင် အစောင့်အကြပ်များ ချထားကာ အိုရန်မြို့သို့ ဝင်လာသော သင်္ဘောများကို ပြန်လှည့်စေလျက် ရှိလေသည်။ မြို့တံခါးများကို ပိတ်လိုက်ကတည်းက မြို့ထဲသို့ မည်သည့်ယာဉ်မျှ မဝင်တော့။ ထိုနေ့မှစ၍ နောက်တွင် မြို့တွင်း၌ ကားများသည် ဝဲလည်လှည့်၍သာ နေကြသည်ဟု ထင်စရာ ဖြစ်နေလေသည်။ သစ်ရိပ်တန်းနှင့် လမ်းထိပ်မှနေ၍ ကြည့်လိုက်လျှင် ဆိပ်ကမ်းမှာလည်း အမြင်တစ်မျိုးဆန်း၍ နေပြန်လေသည်။ အိုရန်မြို့အား ဆိပ်ကမ်းမြို့ကြီးတစ်မြို့ ဖြစ်စေသော အရောင်းအဝယ်ကိစ္စမှာလည်း ရုတ်တရက် ရပ်ဆိုင်းသွားလေသည်။ ကပ်ရောဂါ သီးခြားသတ်မှတ်သည့် ရပ်ကွက်၌ ပိတ်မိကာ မထွက်နိုင်ဘဲ ဖြစ်နေသော သင်္ဘော တစ်စင်းနှစ်စင်းသာလျှင် ပင်လယ်ကွေ့ထဲ၌ ကျောက်ချထားသည်။ ရပ်နားထားရသော ထိုးထိုးထောင်ထောင် ဝန်ချီစက်ကြီးများ၊ ဘေးတိုက်စောင်းလျက် ကျနေသော ကုန်တင်ယာဉ်များ၊ စုပုံနေသော ဂုံနီအိတ်ထုပ်ကြီးများနှင့် စည်ကြီးများက အိုရန်မြို့၏ ကူးသန်းရောင်းဝယ်ရေးသည်လည်း ပလိပ်ကပ်ရောဂါဖြင့် သေဆုံးသွားပြီဟု သက်သေခံလျက် ရှိကြလေသည်။

ဤသို့ မကြုံစဖူး ထူးခြားသည့် မြင်ကွင်းများကို တွေ့မြင်နေကြရသော်လည်း ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် သူတို့တွင် ဘာဖြစ်နေသည်ကို ရေရေလည်လည် မသိနိုင်ကြသေး သကဲ့သို့ ရှိလေသည်။ ကြောက်လန့်ရခြင်း၊ ချစ်သောသူနှင့် ကွေကွင်းရခြင်းစသည့် အားလုံး သာတူညီမျှ ခံစားကြရသည့် ဝေဒနာများရှိသလိုပင် ပုဂ္ဂလိက အရေးကိစ္စများကလည်း သူတို့၏ အတွေးထဲတွင် ရှေ့တန်းကပါလျက်ပင် ရှိသည်။ ဤရောဂါသည် မည်သို့ သဘောရှိသည်ကို မည်သူမျှ မတွေးမိကြသေး။ လူအများစုကမူ သူတို့၏ အကျိုးစီးပွားကို ထိခိုက်သမျှနှင့် နေ့စဉ်လုပ်နေကျ သူတို့၏ အလုပ်အကိုင်များကို ယောက်ယက်ခတ်စေသည် တို့ကိုသာ သတိပြုမိကြသည်။ သူတို့မှာ သောကဖြစ်လျက် စိတ်တိုနေကြသော်လည်း ပလိပ်ကပ်ရောဂါကို ရင်ဆိုင်ရန်အတွက်ကား မဟုတ်ချေ။ သူတို့၏ ပထမဆုံး တုံ့ပြန်ချက်မှာ အာဏာပိုင်များအား ဆဲရေးခြင်းပင် ဖြစ်သည်။ သတင်းစာများက ပဲ့တင်ထပ်ထားသည့် "စည်းမျဉ်းဥပဒေများကို ပြုပြင်ပြီး ကျပ်တည်းလှသော အချုပ်အချယ်များကို မလျှော့ပေါ့နိုင်ဘူးလား" ဆိုသည့် ဝေဖန်ချက်များကို ဘုရင်ခံက ပြန်လည်ချေပချက်များသည် မမျှော်လင့်ဘဲ ထွက်လာသည်။ ယခုအထိကား သတင်းစာများက သော်လည်းကောင်း ရန်စဒေါက်သတင်းနှင့် ပြန်ကြားရေးဗျူရိုကသော် လည်းကောင်း ဤကူးစက်ရောဂါနှင့် ပတ်သက်၍

တရားဝင်စာရင်းအင်း တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်း မရှိခဲ့သေး။ ယခုမူ ဘုရင်ခံက ထိုစာရင်းများကို တစ်ပတ်တစ်ခါ အသံလွှင့် ကြေငြာပေးရန် ပန်ကြားချက်နှင့်အတူ ဗြူရိုသို့ နေ့စဉ်မှန်မှန် ပေးပို့လျက်ရှိလေသည်။

ဤတွင်လည်း လူအများ၏ တုန့်ပြန်မှုမှာ ထင်သလောက် မမြန်ဆန်လှ။ ဤသို့လျှင် ကပ်ရောဂါဖြစ်သည့် တတိယအပတ်တွင် အသေအပျောက် သုံးရာ့နှစ်ယောက်ရှိသည် ဆိုသည့် ကြေညာချက် ထွက်လာတော့လည်း သူတို့ ဘာမျှမတွေးခဲ့မိကြသေး။ တစ်ခုတော့ ရှိသည်။ ဤ လူသုံးရာ့နှစ်ယောက်စလုံးသည် ပလိပ်ကပ်ကြောင့် သေဆုံးခြင်း ဟုတ်ချင်မှဟုတ်မည်။ ထို့အပြင်လည်း သာမန်အခါများက မြို့ထဲ၌ သီတင်းတစ်ပတ်လျှင် အသေအပျောက် မည်မျှရှိသည်ကို မည်သူမျှ မသိကြ။ မြို့လူဦးရေ နှစ်သိန်းခန့် ရှိသည်။ ယခု အသေအပျောက်နှုန်းမှာ တကယ်ပင် များနေသလား ဆိုသည်ကိုလည်း မသိနိုင်ကြ။ ဤကိန်းဂဏန်းမျိုး စိတ်ဝင်စားစရာ ဖြစ်သည်မှာ ထင်ရှားသည် ဆိုဦးတော့၊ တကယ်က မည်သူမျှ ဂရုစိုက်နေသည့် ကိန်းဂဏန်းမျိုး မဟုတ်ချေ။ အချုပ်ဆိုသော် လူအများတွင် နှိုင်းယှဉ်ကြည့်စရာ စံ မရှိ။ အချိန်ကြာလာပြီး အသေအပျောက် နှုန်းကို လျစ်လျူရှုထား၍ မရတော့မှပင် လူအများသည် အမှန်ကို သိမြင်ဝေဖန် လာကြလေတော့သည်။ ပဉ္စမပတ်ထဲတွင် အသေအပျောက် သုံးရာနှစ်ဆယ့်တစ်ယောက်၊ ဆဋ္ဌမပတ်တွင် သုံးရာ့လေးဆယ့်ငါးယောက်။ မည်သို့ဆိုစေ၊ ကိန်းဂဏန်းများကို ကြည့်လျှင် အခြေအနေက ရှင်းပြစရာ မလိုတော့ပါ။ သို့ရာတွင် ဤကိန်းဂဏန်းများက ကျွန်ုပ်တို့၏ မြို့သူမြို့သားများ စိတ်အနှောင့်အယှက် ဖြစ်ကြရပြီ ဆိုသည့်တိုင်အောင် ဤအဖြစ်မှာ မနှစ်မြို့ဖွယ် မတော်တဆ ဖြစ်ရမှုဖြစ်ပြီး အခိုက်အတန့်မျှသာ ဟု ဖွတ်ထင်နေကြသည်ကို မထင်အောင် မတတ်နိုင်။

ဤသို့နှင့် သူတို့သည် မြို့ထဲတွင် လျှောက်လည်မြဲလည်ကာ လက်ဖက်ရည်ဆိုင် မျက်နှာစာ လေ့ကားထစ်များတွင် ထိုင်မြဲထိုင်ကြလျက် ရှိသည်။ ယေဘုယျ သဘောပြောရလျှင် သူတို့မှာ သတ္တိကတော့ မနည်းကြ။ ပြီးဆုံးသွားရမည်သာ ဖြစ်သော ဤ မနှစ်မြို့ဖွယ် ဖြစ်ရပ်အတွက် ငိုကြွေးမြည်တမ်း နေမည့်အစား အနောက်အပြောင်များသာ အပြန်အလှန် ပြောဆိုနေကြသည်။ အချုပ်ဆိုရသော် သူတို့ ဟန်ဆောင်နေကြခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ လကုန်ခါနီးနောက်တွင် ဖော်ပြလတ္တံ့သော ဆုတောင်းပွဲသီတင်းပတ် ကာလလောက်ဆီတွင် တစ်မြို့လုံး၏ အသွင်အပြင်ကို ပြောင်းလဲပစ်မည့် အရေးကြီးသည့် ကိစ္စများ ဖြစ်ပေါ်လာခဲ့လေသည်။ ဘုရင်ခံက ယာဉ်အသွားအလာနှင့် စားနပ်ရိက္ခာကို ထိန်းချုပ်လိုက်ခြင်းဖြင့် အစပြုသည်။ ဓာတ်ဆီကို ရာရှင်လက်မှတ်ဖြင့်သာ ထုတ်ပေးပြီး၊ စားနပ်ရိက္ခာ ရောင်းချမှုကို အကန့်အသတ်များ ထားလိုက်သည်။ လျှပ်စစ်ဓာတ်အား သုံးစွဲမှုကိုလည်း လျှော့ချရန်

အမိန့်ထုတ်လိုက်၏။ ဤသို့လျှင် ယာဉ်အသွားအလာများ တဖြည်းဖြည်း နည်း၍နည်း၍ သွားကာ လမ်းများပေါ်တွင် ကိုယ်ပိုင်ကားဟူ၍ မရှိတော့သလောက် ဖြစ်သွားသည်။ ခမ်းနားသောဆိုင်ကြီးများ ညတွင်းချင်း ပိတ်ပစ်လိုက်ရပြီး အခြားဆိုင်များလည်း တံခါးဝတွင် ဝယ်သူများ တိုးဝှေ့လျက် ရှိစဉ်တွင် ကုန်ပြီဟူသော စာတန်းများ ချိတ်ဆွဲလိုက်ကြရသည်။

အိုရန်မြို့မှာ အသွင်သစ်တစ်မျိုးနှင့် ဖြစ်လာသည်။ လမ်းလျှောက်သူ ပိုများလာသည်။ အရောင်းအဝယ် ပါးသည့်အချိန်တွင် ဆိုင်များနှင့် ရုံး အတော်များများကိုလည်း ပိတ်ထားလိုက်သဖြင့် လူများစွာမှာ ဘာမှလုပ်စရာ မရှိဘဲ လမ်းမများ၊ လက်ဖက်ရည်ဆိုင် (အရက်ဆိုင်)များ၌ လူစည်ကား၍ နေလေတော့သည်။ ယခု အခိုက်အတန့်တွင်တော့ သူတို့သည် အလုပ်လက်မဲ့များ မဟုတ်ကြသေး။ ရက်အားရနေကြသူများသာ ဖြစ်သည်။ ထို့ကြောင့် နေသာသောနေ့များ၌ ညနေ သုံးနာရီလောက်ဆီတွင် အိုရန်မြို့သည် ဆိုင်များကို ပိတ်ထားကာ လူအများ ပျော်ပါးလွတ်လပ်စွာ သွားနိုင်ရန်အတွက် ယာဉ်များကို ရပ်ဆိုင်းပေးထားပြီး၊ လူထုပျော်ပွဲရွှင်ပွဲကြီးများ ကျင်းပလျက်ရှိသည့် မြို့ကြီးတစ်မြို့နှင့် တူနေပေတော့သည်။

ဖြစ်တတ်သည့် သဘောအတိုင်း ရုပ်ရှင်ရုံများမှာ ဤအခြေအနေကြောင့် စီးပွားဖြစ်ကာ ဝင်ငွေ ဒလဟော တိုးလျက် ရှိလေသည်။ သို့ရာတွင် သူတို့မှာ ဤဒေသသို့ ရုပ်ရှင်ကားသစ်များ မဝင်လာတော့၍ ကားသစ်လဲလှယ် မပြသနိုင်သည့် အခက်အခဲတစ်ခု ရှိသည်။ နှစ်ပတ်ခန့် ကြာသောအခါ ရုပ်ရှင်ရုံ အချင်းချင်း ကားလဲလှယ်၍ ပြကြပြီး၊ ကြာသွားပြန်တော့လည်း တစ်ကားတည်းကို ထပ်တလဲလဲ ပြနေကြရပြန်သည်။ ဤသို့ဖြစ်သော်လည်း သူတို့၏ ဝင်ငွေကတော့ လျော့သွားသည်ဟူ၍ မရှိချေ။

ဤဒေသသည် ဝိုင်နှင့် အရက်ရောင်းဝယ်မှုတွင် ဂုဏ်သတင်းကြီးသည့် နေရာဖြစ်သဖြင့် ယင်းပစ္စည်းများ အစုလိုက်အပုံလိုက် သိုလှောင်ပြီး ရှိနေသည့် ကျေးဇူးကြောင့် လက်ဖက်ရည်ဆိုင် (အရက်ဆိုင်) များမှာလည်း ရုပ်ရှင်ရုံများနည်းတူ လာသမျှလူများကို ရောင်းချနိုင်ကြပေသည်။ အမှန်ကိုပြောရလျှင် အရက်ကို မူးအောင်သောက်သူများ မှာလည်း အတော်များ၍ လာသည်။ တစ်ဆိုင်ကမူ "ရောဂါကူးစက်မှုကို တားဆီးရန်အတွက် အကောင်းဆုံးမှာ ဝိုင်ကောင်းကောင်း တစ်ပုလင်း ဖြစ်သည်" ဟု စာကပ်ထားသည်။ အရက်သည် ကူးစက်ရောဂါကို ကာကွယ်နိုင်သည်ဟု ယုံကြည်လျက် ရှိကြသည်ကို ခိုင်လုံအောင် ထပ်ပြောသကဲ့သို့ ဖြစ်၏။ ညစဉ် သန်းခေါင်ကျော် နှစ်ချက်တီးလောက်တွင် ဆိုင်များအတွင်းမှ ဒယီးဒယိုင် ထွက်လာကြကာ၊ စိတ်အားတက်ကြွသည့် စကားများကို ဟစ်အော်ပြောဆိုရင်း လမ်းထဲသို့ လျှောက်သွားကြသူများလည်း အတော်ပင်

များလာလေသည်။

သို့တိုင်အောင် တစ်နည်းအားဖြင့် ဤအပြောင်းအလဲများမှာ ရှုံးရှုံးနှမ်းနှမ်း နိုင်လှပြီး၊ စိတ်ရှုပ်ပေါက်ရာ လျှောက်လုပ်နေကြခြင်း ဖြစ်သောကြောင့် ကြာရှည်တည်မည်ဟု ယူဆရန်တော့ ခက်သည်။ ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့သည် ကိုယ့်အသိ ကိုယ့်ဝေဒနာကလေး၌သာ အာရုံစိုက်၍ ထားမြဲ ထားကြရသည်။

မြို့တံခါးများ ပိတ်ပြီးနောက် နှစ်ရက်အကြာ၌ ဆေးရုံမှ ထွက်လာခဲ့သည်တွင် ဒေါက်တာရေးသည် လမ်းထဲ၌ ကော့တတ်အား တွေ့လေသည်။ ကော့တတ်မှာ ကျေနပ်ရွှင်လန်းသည့် အသွင်ဖြင့် ပြုံးလျက်ရှိ၏။ ရေးက သူ့မျက်နှာ ရွှင်နေသည်ကို ဝမ်းသာစကား ပြောသည်။

ကော့တတ်က "ဟုတ်တယ် ဆရာ။ ကျွန်တော် အတော့်ကို နေကောင်း နေတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒါလောက် တစ်ခါမှ နေမကောင်းပါဘူး" ဟု ဆိုကာ "ဒါနဲ့ဆရာ၊ မေးစမ်းပါရစေ။ ဒီပလိပ်ရောဂါကြီးက ဘယ်လိုလဲဆရာ။ အတော့်ကြီးကို ဆိုးမယ့်ပုံပဲ မဟုတ်လား ဆရာ" ဟု မေးသည်။ ဆရာဝန်က ခေါင်းညိတ်ပြသောအခါ သူက "ရပ်သွားဖို့ အကြောင်းမရှိဘူး ဆရာ။ အရိပ်အခြည်ကို ကြည့်ရတာ ဒီမြို့တစ်မြို့လုံး ပရမ်းပတာတွေ ဖြစ်ကုန်မှာပဲ ထင်တယ်" ဟု ရွှန်းရွှန်းဝေနေအောင် ပြောသည်။

သူတို့ အတော်ဝေးဝေး ရောက်အောင် လျှောက်လာခဲ့ကြသည်။ ကော့တတ်က စည်သွပ်အစားအစာဗူး အမြောက်အမြားကို နောင်တွင် ဈေးကြီးတင်၍ ရောင်းရန်အကြံဖြင့် သိမ်းထားသော လမ်းထဲက ကုန်စိမ်းသည် တစ်ယောက်အကြောင်း ပြောပြသည်။ သူ့ကိုသယ်ရန် လူနာတင်ကား လာသောအခါ သူ့အိပ်ရာအောက် သံစည်ဗူးများစွာ တွေ့ကြရသည်ဆို၏။ "ဆေးရုံရောက်တော့ သူ သေသွားတယ် ဆရာ။ ပလိပ်ရောဂါကို အကြောင်းပြုပြီး ငွေရှာလို့မရဘူး ဆရာရယ်။ ဒါ သေချာပါတယ်" ဟု ဆိုသည်။ ပလိပ်ရောဂါနှင့် ပတ်သက်၍ ကော့တတ်တွင် ပုံပြင်များက ဟုတ်တာရော မဟုတ်တာရော မကုန်နိုင်မခမ်းနိုင် ပေါများလှသည်။ တစ်ခုကား ပလိပ်ရောဂါ လက္ခဏာများနှင့် အပြင်းဖျားနေသည့် လူတစ်ယောက် လမ်းထဲသို့ တစ်ဟုန်တိုးပြေးထွက်ကာ "ရပြီ။ ရပြီ" ဟု အော်ဟစ်ရင်း ပထမဆုံးတွေ့သည့် မိန်းမအား ပြေးဖက်လိုက်သည် ဆိုသည့်အကြောင်း ဖြစ်၏။

"သူ့အဖို့ ကောင်းတာပဲ" ဟု ကော့တတ်က မှတ်ချက်ချသည်။ သို့သော် သူ၏ နောက်စကားတစ်ခုကြောင့် သူ တကယ်ပြောတာမှ ဟုတ်ရဲ့လား ဟု အထင်မှားစရာ ဖြစ်နေပြန်သည်။ "ဘယ်လိုမဆိုလေ၊ ကျွန်တော်တို့အားလုံး မကြာခင် အရူးတွေ ဖြစ်ကုန်ကြမှာပါပဲ။ ကျွန်တော်ထင်တာ မဟုတ်မှလွဲရော"

ထိုနေ့ညနေကပင် ဂရန်းသည် ရေးထံသို့ လာ၍ ရင်ဖွင့်လေတော့သည်။ သူသည် စားပွဲခုံပေါ်တွင် မဒမ်ရေး၏ ဓာတ်ပုံကိုမြင်သဖြင့် ဆရာဝန်အား စုံစမ်းသလို ကြည့်လိုက်သည်။ ရေးက သူ၏ဇနီးသည် ဤမြို့မှ အဝေးတစ်နေရာရှိ အနားယူစခန်း တစ်ခု၌ ဆေးကုသမှု ခံနေသည်ဟု ပြောသည်။ ဂရန်းက "တစ်နည်းအားဖြင့်တော့ ဒါ ကံကောင်းတာပေါ့ ဆရာရယ်" ဟု ဆိုသည်။ ဆရာဝန်က အဓိပ္ပာယ်တစ်ခုဖြင့် ကံကောင်းသည် ဆိုသည်ကို မငြင်း။ သို့သော် ရောဂါပျောက်ကင်းဖို့က အရေးကြီးသည်ဟု ဆက်ပြောသည်။

ဂရန်းက "ဟုတ်ပါတယ် ဆရာ။ ကျွန်တော် နားလည်ပါတယ်" ဟု ပြောသည်။

ထို့နောက် ဒေါက်တာရေး သူ့အား စတင်သိကျွမ်းခဲ့သည့် အချိန်မှစ၍ ဂရန်းမသည် ပထမဆုံးအကြိမ် နှုတ်လျှာမသွက်စဖူး သွက်လျက်ရှိသည်။ သူ့မှာ စကားလုံးများ ရှာရသည့်ဒုက္ခက ရှိမြဲပင် ဖြစ်သော်လည်း နောက်ဆုံးတွင် တွေ့တွေ့သွားသည်။ မှန်ပါသည်။ သူ ယခု ပြောပြသည့် စကားများကို နှစ်ပေါင်းများစွာ အထပ်ထပ် သွင်းနေခဲ့ပြီးဖြစ်ဟန် တူပါသည်။

သူသည် အသက်နှစ်ဆယ် မပြည့်မီပင် သူတို့အနီးအနား၌ နေသော ဆင်းရဲသားမိသားစုမှ အလွန်ငယ်ရွယ်သော မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင်ပြုခဲ့သည် ဆိုသည်။ တကယ်က သူ အိမ်ထောင်ပြုရန်အတွက် စာဆက်မသင်တော့ဘဲ၊ ယခုလက်ရှိ အလုပ်ကို ဝင်လုပ်ခဲ့သည် ဆိုသည်။ သူရော သူ့ဇနီးဂျမ်းရော သူတို့၏ နေရာကလေးမှလွဲ၍ ဘယ်ကိုမျှ မရောက်ဘူးကြ ဟု ဆိုသည်။ ဂျမ်းကို သူပိုးနေသည့် ကာလများက ဂျမ်းတို့အိမ်သို့ သူသွားလည်လျှင် ဂျမ်းတို့မိသားစုက သူ ရှက်တတ်ပုံ၊ ငြိမ်သတ်ပုံကို လှောင်ပြောင်ချင်ကြသည် ဆိုသည်။ ဂျမ်း၏အဖေက မီးရထားဘက်က အလုပ်သမား ဖြစ်သည်။ အလုပ်အားသည့် အခါများတွင် သူသည် အခန်းထောင့်ရှိ ပြတင်းပေါက်နားတွင် သူ၏ ကြီးမားသောလက်ကြီးများကို ဒူးပေါ်တွင်ဖြန့်ချတင်ကာ လမ်းသွားလမ်းလာများအား ကသိုဏ်းရှုသလို ရှုနေတတ်သည်က များသည် ဆိုသည်။ သူ့ဇနီးမှာမူ အမြဲပင် အိမ်အလုပ်များဖြင့် မအားမလပ်နိုင်အောင်ရှိပြီး ဂျမ်းက တစ်လက်တစ်ဖက် ကူညီလုပ်ရသည် ဆို၏။ ဂျမ်းမှာ အလွန်သေးငယ်သဖြင့် သူ လမ်းဖြတ်ကူးနေသည်ကို မြင်လျှင် ဂရန်းမှာ ရင်တထိတ်ထိတ် ရှိရသည် ဆိုသည်။ သူ့အနီးမှ ဖြတ်ဖြတ်သွားကြသည့် ကားကြီးများမှာ အဆမတန် ကြီးမားနေကြပုံရသည် ဆို၏။ နောက် နာတာလူးပွဲတော် မတိုင်မီကလေးက တစ်ရက်တွင် နှစ်ယောက်အတူတူ လမ်းထွက်လျှောက်ကြရင်း မီးရောင်စုံများ ထွန်းထားသည့် ဆိုင်ပြတင်းတစ်ခုကို ကြည့်ရန် ရပ်လိုက်ကြသည်၊ မီးများကို အတော်ကြာအောင် ပျော်ရွှင်စွာ စိုက်ကြည့်နေကြရာမှ ဂျမ်းက သူ့ ဘက်သို့ လှည့်ပြီး "သိပ် ချစ်စရာကောင်းတာပဲ" ဟု ဆိုလိုက်သည်တွင်၊ သူက ဂျမ်း၏ လက်ကောက်ဝတ်ကို ဖျစ်လိုက်သည်ဆိုသည်။

သို့နှင့် သူတို့ ညားခဲ့ကြသည် ဆိုလေသည်။ နောက်ပိုင်းတွင်မူ ဂရန်း၏အဆိုအရ ဘာမျှ ထူးထူးခြားခြားမရှိ၊ သာမန် အိမ်ထောင်သည်များသာ ဖြစ်သည်။ လက်ထပ်ပြီး အတော်ကလေး ကြာ အောင် ဆက်လက်၍ အချစ်အခင်ကလေးများဖြင့် နေနေကြသည်။ အလုပ်လုပ်သည်။ အလုပ်ကို သိပ်ကြိုးစားရလွန်းသောအခါ အချစ်အခင်ကို မေ့မေ့သွားသည်၊ ဂရန်း အလုပ်လုပ်သည့် ဌာနက အကြီးအကဲက စကားမတည်သောကြောင့် ဂျမ်းပါ အပြင်ထွက်၍ အလုပ်လုပ်ရသည်။ ဤနေရာတွင် ဂရန်း ဘာကိုဆိုလိုကြောင်း သိရန် စိတ်ကူး၍ ကြည့်တတ်ဖို့ လိုလိမ့်မည်။ အလုပ်က ပင်ပန်းသဖြင့် တဖြည်းဖြည်း သတိက မကောင်းတော့ဘဲ စကားလည်း နည်းလာကာ သူ့ဇနီး၌ လင့်အချစ်ကို ရနေသည်ဆိုသည့် အသိကလေး မြဲနေအောင်လုပ်ရန် သူ ပျက်ကွက်ခဲ့သည် ဆိုသည်။ အလုပ်ပင်ပန်းလှသော လင်ယောက်ျားနှင့် ကြီးပွားချမ်းသာရန် ဘာမျှော်လင့်ချက်မှ မရှိဘဲ ဆင်းရဲလှသော ဘဝမျိုးတွင် လင်ပြန်လာလို့မှ ညနေညနေ စကားအတုံ့အလှယ် မပြောဖြစ်ဘဲ နေရသောကာလများ ကြာလာသောအခါ၊ မည်မျှ ပြင်းထန်သည့် စိတ်လှုပ်ရှားမှုမျိုးသည် ရှင်သန်၍ နေနိုင်ပါမည်နည်း။ ဂျမ်းမှာ သူ့ဘဝသူ နာကျည်းနေမိပါလိမ့်မည်။ သို့သော် သူ နေတော့နေပါသေးသည်၊ ကိုယ့်ဘဝကိုယ် နာကျည်းနေသည်ကို မသိဘဲနှင့်လည်း အကြာကြီး နေသွားနိုင်ပါသည်။ သို့နှင့် နှစ်များ ကုန်လွန်ခဲ့သည်။ ထို့နောက် တစ်ရက်မှာတော့ ဂျမ်း ထွက်သွားသည်။ ထွက်သွားသည် ဆိုသည်မှာ တစ်ယောက်တည်းတော့ မဟုတ်။ "ရှင့်ကိုတော့ ကျွန်မ ချစ်ပါတယ်။ ဒါပေမယ့် အခုတော့ ကျွန်မ သိပ်ကို ငြီးငွေ့နေပါတယ်။ သွားရတာလည်း မပျော်ပါဘူး။ ဒါပေမယ့် ဘဝကို အသစ်ပြန်စတယ် ဆိုတာဟာ ပျော်နေမှရယ်လို့ မဟုတ်ပါဘူး" ယင်းတို့ကား ဂျမ်းရေးထားခဲ့သည့် စာထဲက စကားများ၏ လိုရင်းအဓိပ္ပာယ် ဖြစ်ပေသည်။

ဂရန်းလည်း စိတ်ဒုက္ခရောက်ရသည်။ ရေးက ထောက်ပြောသလို သူလည်း ဘဝသစ်တစ်ဖန် ပြန်စမိကောင်း စမိမည် ဖြစ်သော်လည်း သူ မစဖြစ်ခဲ့တော့။ သူ ဘာကိုမှ မယုံတော့။ ဂျမ်းအား မေ့လို့မရနိုင်တာပဲ ရှိသည်။ သူ လုပ်ချင်နေသည်မှာ ဂျမ်းထံသို့ စာရေးပြီး သူ့မှာ အပြစ်မရှိကြောင်း ပြောပြဖို့ ဖြစ်သည်ဟု ဆိုသည်။

သူက ဆရာဝန်အား "ဒါပေမယ့် မလွယ်ဘူး ဆရာရယ်။ ကျွန်တော် ဒါကို စဉ်းစားနေခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပြီ။ ကျွန်တော်တို့ ချစ်ကြတုန်းကဆိုရင် တစ်ယောက်တစ်ယောက် နားလည်အောင် စကားနဲ့ ပြောနေဖို့ မလိုခဲ့ပါဘူး။ ဒါပေမယ့် ဆရာ၊ လူဆိုတာ ထာဝစဉ်တော့လည်း ချစ်မနေနိုင်ကြဘူး ဆရာရဲ့။ သူ့ကို ကျွန်တော်နဲ့ပဲနေအောင် ပြောစရာစကား တွေ့တော့မလို အချိန်မျိုး ရှိခဲ့ပါတယ်။ ကျွန်တော် မပြောနိုင်တာ တစ်ခုပဲ" ဂရန်းသည် ပြောရင်းက သူ့အိတ်ထဲက အကွက်ဆင် ဖုန်သုတ်ပုဝါလို အဝတ်တစ်ခုကို ထုတ်ယူပြီး တဂွီးဂွီးမြည်အောင် နှပ်ညှစ်လေသည်။ ထို့နောက် သူ၏ ကျင်စွယ်မွေးများကို သုတ်လိုက်သည်။ ရေးက

သူ့အား တိတ်ဆိတ်စွာပင် စိုက်ကြည့်နေလေသည်။ "ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာရယ်" ဟု ဂရန်းက ခပ်သွက်သွက် ဆိုလိုက်ပြီး "ဒါပေမယ့် ကျွန်တော် ဘယ်လိုပြောရမလဲ။ ဆရာ့ကို စိတ်ချရတယ်ဆိုပြီး ပြောတာပါ။ ဒါကြောင့် ကျွန်တော် ဆရာ့ကို ဒီအကြောင်းတွေ ပြောပြတာပေါ့။ ပြောရင်းက ကျွန်တော့် စိတ်ထဲက လှုပ်ရှားလာလို့ပါ ဆရာ" ဟု ပြောလိုက်သည်။

ဂရန်း၏ စိတ်အာရုံသည် ကပ်ရောဂါနှင့် ဝေးလံသော နေရာသို့ ရောက်နေသည်မှာ ထင်ရှားပါသည်။

ထိုနေ့ညနေက ရေးသည် သူ့ဇနီးထံသို့ "မြို့ကို ပိတ်ထားလိုက်ပြီ ဖြစ်ကြောင်း၊ ကိုယ့်ကျန်းမာရေးကိုယ် ဆက်လက်၍ ဂရုစိုက်စေလိုကြောင်း၊ အမြဲ သတိရနေကြောင်း" ကြေးနန်းတစ်စောင် ရိုက်လိုက်လေသည်။

မြို့တံခါးများ ပိတ်လိုက်ပြီးသည့်နောက် သုံးပတ်လောက်ဆီက တစ်ညနေတွင် ရေးသည် ဆေးရုံမှ ထွက်ခဲ့စဉ် လူငယ်တစ်ယောက်က သူ့အား လမ်းထဲက စောင့်နေသည်ကို တွေ့ရလေသည်။

"ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လား ဆရာ"

ရေးက မှတ်မိသည်ထင်သည်။ သို့သော် ဘယ်သူဘယ်ဝါ ဆိုတာတော့ သိမသဲကွဲ။

"ဒီ ဒုက္ခတွေ မစခင်ကလေးမှာပဲ အာရပ်ရပ်ကွက်တွေက လူနေမှုအခြေအနေတွေ မေးမြန်းဖို့ကိစ္စနဲ့ ဆရာ့ဆီကို ကျွန်တော် လာဖူးပါတယ်။ ကျွန်တော့်နာမည် ရေမွန်ရမ်းဘားပါ"

"အား၊ ဟုတ်သားပဲ။ ဘယ်နှယ့် ခင်ဗျာ့သတင်းစာအတွက် သတင်းကောင်းကောင်း ရနေပြီ မဟုတ်လား"

သူတို့ ပထမတစ်ကြိမ် တွေ့ကြစဉ်က ထင်ရသလောက် ကိုယ့်ကိုကိုယ် စိတ်ချမှု မရှိတော့သလို ဖြစ်နေသော ရမ်းဘားက သူလာခဲ့သည်မှာ ဤကိစ္စ မဟုတ်ပါ၊ ဆရာဝန်က သူ့အား အကူအညီတစ်ခု ပေးနိုင်မလား ဆိုသည်ကို သိလို၍ လာသည် ဆိုသည်။

သူက "ကျွန်တော်ကတော့ တောင်းပန်ရမှာပဲ ဆရာ။ ကျွန်တော်က ဒီမှာ ဘယ်သူ့ကိုမှ သိတာမဟုတ်။ ကျွန်တော့်သတင်းစာရဲ့ ဒီအရပ်က ကိုယ်စားလှယ်ကလည်း အလကားလူ" ဟု ပြောသည်။

ရေးက သူ မြို့လယ်က ဆေးပေးခန်းတစ်ခုသို့ သွားရန် ရှိသဖြင့် အတူ

လမ်းလျှောက်သွားကြရန် အကြံပြုသည်။ သူတို့သည် နီဂရိုးရပ်ကွက်မှ လမ်းကျဉ်းကလေးများအတိုင်း လျှောက်၍ သွားရမည်။ နေစောင်းစပြုပြီ ဖြစ်သည်၊ သို့ရာတွင် ဤအချိန်၌ အသံဗလံများ ဆူညံနေကျဖြစ်သော မြို့မှာ ထူးထူးဆန်းဆန်းပင် တိတ်ဆိတ်လျက် ရှိသည်။ ညနေဆည်းဆာရောင် မပျောက်သေးသည့် လေထုထဲတွင် ပွဲတင်ထပ်၍ ပေါ်ထွက်လာသော စစ်ခရာသံကိုသာ ကြားရသည်။ မည်သို့ပင်ဖြစ်စေ၊ စစ်တပ်ကတော့ ခါတိုင်းလိုပင် မှန်မှန်သွားနေဟန်ကို ပြလျက် ရှိသည်။ ဤအချိန်တွင် အပြာရောင်၊ ခရမ်းရောင်နှင့် လိမ္မော်ဝါရောင် နံရံများ အကြားရှိ လမ်းကျဉ်းကလေးများ အတိုင်း လျှောက်လာရင်း ရမ်းဘားက သူ့ကိုယ်သူ ထိန်းလို့မရတော့သလို အဆက်မပြတ် စကားပြော၍ လာလေသည်။

သူ့ဇနီးအား သူ ပဲရစ်မှာထားခဲ့သည် ဟု ဆိုသည်။ အမျိုးသမီးမှာ သူ့ဇနီးဟူ၍ အတိအကျ မဟုတ်။ သို့သော် အတူတူပါပဲဟု ဆိုသည်။ မြို့ကို ကပ်သင့်သီးခြားရပ်ကွက် သတ်မှတ်လိုက်သောအခါ သူ့ဇနီးထံ ကြေးနန်းတစ်စောင် ရိုက်ခဲ့သေးသည်ဟု ဆိုသည်။ ထိုအခါ သူ့စိတ်ထဲတွင် ဤအခြေအနေသည် ခေတ္တခဏမျှသာဟု ထင်ခဲ့မိသည်။ သူ အားထုတ်နေခဲ့သည်မှာ သူ့အမျိုးသမီးထံ စာတစ်စောင် ရောက်အောင် ပို့ဖို့ဖြစ်သည်။ သို့ရာတွင် သူ့စာကို စာပို့တိုက်အရာရှိများက အာဏာဖြင့် ပယ်ချခဲ့ကြသည် ဆို၏။ သူ့ လုပ်ဖော်ကိုင်ဖက် အိုရန်သတင်းစာ ဆရာများက သူ့အတွက် ဘာမှ လုပ်မပေးနိုင်ဘူးဟု ဆိုသည်။ ဘုရင်ခံ၏ရုံးမှ စာရေးတစ်ယောက်ကမူ သူ့အား ဟားတိုက်၍ လွှတ်လိုက်သည်။ နှစ်နာရီလောက် တန်းစီ၍ စောင့်ပြီးမှ “အားလုံး ကောင်းသည်။ မကြာမီ တွေ့ရဖို့ မျှော်လင့်သည်” ဆိုသည့် ကြေးနန်းတစ်စောင် ပို့ပေးဖို့ လက်ခံလိုက်သည် ဆို၏။

သို့ရာတွင် နောက်တစ်ရက်နံနက် သူ အိပ်ရာမှ နိုးသောအခါ ဤကိစ္စ မည်မျှ ကြာနေဦးမည်ကို လုံးဝ မသိနိုင်ပါတကား ဆိုသည်ကို ရိပ်စားမိလာသည် ဆိုသည်။ သို့နှင့် သူသည် ဤမြို့မှ ချက်ချင်း ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည် ဆို၏။ သူ့အလုပ်အကိုင် အဆင့်အတန်းကလေး၏ ကျေးဇူးကြောင့် ဩဇာတိက္ကမ ရှိသူများနှင့် အဆက်အသွယ် ရနိုင်ခဲ့ပြီး၊ ဘုရင်ခံ၏ရုံးမှ အရာရှိကြီးတစ်ယောက်နှင့် တွေ့ဆုံခွင့်ရခဲ့သည် ဆိုသည်။ သူက သူ အိုရန်မြို့သို့ ရောက်ရှိနေခြင်းမှာ မတော်တဆဖြစ်ကြောင်း၊ ဤမြို့နှင့် သူ တစ်စုံတစ်ရာအဆက်အသွယ် မရှိခဲ့ကြောင်း။ ဤမြို့တွင် နေထိုင်ရန်လည်း အကြောင်းမရှိကြောင်း၊ ထို့ကြောင့် သူ့မှာ မြို့ပြင် ရောက်တော့လည်း အချိန်ကာလ အပိုင်းအခြားနှင့် သီးခြားရပ်ကွက်၌ နေရဦးမည်ပင် ဖြစ်စေဦးတော့ ဤမြို့မှ ထွက်ခွာခွင့်ရထိုက်သူ ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည် ဆိုသည်။ အရာရှိကြီးက သူ့အခြေအနေကို ကောင်းစွာ နားလည်သဘော ပေါက်ကြောင်း၊ သို့သော် သူ့အား ချွင်းချက်အဖြစ် မထားနိုင်ကြောင်း၊ သို့ရာတွင် ဤအခြေအနေကို အာဏာပိုင်များက အလွန် အရေးကြီးသည်ဟု ယူဆထားကြသည်

ဖြစ်သောကြောင့် သူ့အနေဖြင့် အလျှင်အမြန် ဆုံးဖြတ်ချက်ချပေးမည် ဟူသော မျှော်လင့်ချက်ကို မပေးနိုင်သော်လည်း ဘာလုပ်နိုင်မည် ဆိုသည်ကို သူ ကြည့်ပါဦးမည် ဟူ၍သာ ပြောလိုက်သည် ဆိုသည်။

ရမ်ဘားက "ဒါပေမယ့် မဟုတ်တာပဲဗျာ။ ကျွန်တော်က ဒီမြို့ကမှ မဟုတ်တာကို" ဟု ရေရွတ်သည် ဆို၏။

အရာရှိက "ဒါပေါ့လေ။ ဘယ်လိုမဆိုလေ၊ ဒီကပ်ရောဂါကြီး မကြာခင် ပြီးသွားပါစေလို့ ဆုတောင်းကြတာပေါ့" ဟု ဆိုသည်။ နောက်ဆုံးအနေဖြင့် ရမ်ဘားမှာ သတင်းစာဆရာ ဖြစ်သောကြောင့် အိုရန်၌ သူ့အလုပ်နှင့် ပတ်သက်၍ အလွန်ကောင်းသည့် အကြောင်းအရာများကို တွေ့နေရပြီဖြစ်ကြောင်း ပြော၍ နှစ်သိမ့်သည်။ တွေးကြည့်လျှင် ဘယ်လောက်ပင် မနှစ်မြို့စရာ အဖြစ်မျိုးဖြစ်ဖြစ် ကောင်းသည့်အချက်များကတော့ ရှိသည်သာ ဖြစ်ကြောင်း ပြောလိုက်သည် ဆို၏။ ဤတွင် ရမ်ဘားသည် စိတ်တိုတိုနှင့် ပခုံးချီပြပြီး ထွက်လာခဲ့သည် ဆို၏။

သူတို့သည် မြို့လယ်သို့ ရောက်ခဲ့ကြ၏။

"အတော့်ကိုတုံးတာပဲ ဆရာရယ် နော်။ အမှန်က ကျွန်တော်ဟာ ဒီလောကကြီးထဲကို သတင်းစာ ဆောင်းပါးရေးဖို့ ရောက်တာမဟုတ်ဘူးဆရာရဲ့။ တကယ်ဆို မိန်းမတစ်ယောက်နဲ့နေဖို့မှ လောကကြီးထဲကို ရောက်လာတယ်ဆို တော်သေးရဲ့။ အဲ့ဒါကမှ ရေးတေးတေး ရှိပါသေးတယ်။ မဟုတ်ဘူးလား ဆရာ"

ရေးက သတိထား၍ သူပြောသည့်စကား ဟုတ်ကောင်း ဟုတ်ပါလိမ့်မည်ဟု ပြန်ပြောလိုက်သည်။

မြို့လယ်လမ်းမကြီးမှာ ခါတိုင်းလို လူမစည်ကားတော့ချေ။ ရှိသမျှ လူအနည်းငယ်တို့မှာလည်း အဝေးရှိ သူတို့၏ အိမ်များဆီသို့ ရေးကြီးသုတ်ပျာ ပြန်သွားလျှက် ရှိကြသည်။ မည်သူ့ မျက်နှာပေါ်တွင်မှ အပြုံးမတွေ့ရ။ ရန်စဒေါက်၏ နောက်ဆုံး ကြေညာချက်ကြောင့် ဖြစ်မည်ဟု ရေးက ခန့်မှန်းမိသည်။ နောက် နှစ်ဆယ့်လေးနာရီလောက် ကြာလျှင် ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် တစ်ဖန် မျှော်လင့်ပြန်ဦးမည်။ သို့ရာတွင် ကြေညာလိုက်သည့် နေ့တွင်မူ၊ လူတိုင်း၏ အသိထဲတွင် အသေအပျောက်စာရင်းက ဝင်ခါစဖြစ်၍ မေ့ထားလိုက်ဖို့က မလွယ်လှ။

ရမ်ဘားက အဆက်အစပ်မရှိ၊ "အမှန်ကတော့ ဆရာရဲ့၊ သူနဲ့ ကျွန်တော် အတူနေရတာက ခဏကလေးပဲ ရှိသေးတယ်။ သူနဲ့ကျွန်တော်ဟာ တကယ့် ဖူးစာဘက်မှန်တဲ့ လူတွေကို ဆိုရမှာပဲ ဆရာရဲ့" ဟု ပြောလိုက်သည်။ ဆရာဝန်က ဘာမှမပြောသဖြင့် သူက ဆက်လက်၍ "ဆရာ စိတ်မဝင်စားဘူး ဆိုတာ ကျွန်တော် သိပါတယ်။ စိတ်မရှိနဲ့နော်။ ကျွန်တော်သိချင်နေတာက ဆရာက ကျွန်တော့်မှာ

ဒီရောဂါဆိုး မရှိဘူးဆိုတာ သက်သေခံလက်မှတ် တစ်စောင်လောက်များ ပေးနိုင်သလားဆိုတာပါ ဆရာ။ ပေးနိုင်မယ်ဆိုရင် ကျွန်တော့်အဖို့ လွယ်ကူသွားမယ် ထင်ပါတယ်” ဟု ပြောလိုက်၏။

ရေးက ခေါင်းညိတ်ပြသည်။ ကလေးတစ်ယောက်သည် ပြေးလွှားရင်း ခြေထောက်ကို ဝင်တိုးမိပြီး လဲကျသွားသဖြင့် ထူပေးလိုက်၏။ ဆက်လက် လျှောက်လာခဲ့ကြရာတွင် သူတို့သည် ပန်းခြံသို့ ရောက်လာကြသည်။ ဖုန်တသောသောနှင့် မွဲခြောက်နေသော အုန်းပင်၊ တည်ပင်တို့သည် အလားတူပင် ဖုန်ထူချေးတင် ညစ်ပတ်လျက်ရှိသော သမ္မတနိုင်ငံတော်ရုပ်ထုကြီး၏ ဘေးပတ်ပတ်လည်တွင် ညှိုးရော်ခွေနွမ်းလျက် ရှိကြ၏။ ရုပ်ထု၏အနီး၌ သူတို့ ရပ်လိုက်ကြသည်။ ရေးက သူ့ဖိနပ်ပေါ်တွင် တင်နေသည့် ဖုန်မှုန့်များကို ကျောက်ပြားပေါ်တွင် ခြေဆောင့်၍ ခါချလိုက်သည်။ ဦးထုပ်ကိုနောက်သို့ အနည်းငယ် လှန်ဆောင်းလျက် ခပ်လျော့လျော့ စည်းထားသည့် လည်စီးအောက်က ရှပ်အင်္ကျီကော်လာဟလျက် မုတ်ဆိတ်ပါးမုန်းမွေးများလည်း ကောင်းစွာ ရိတ်မထားသော သတင်းစာဆရာကလေးမှာ မတရားမှု တစ်ခုခုကို ခံထားရသူပမာ မှုန်တေတေနှင့် ခေါင်းမာသည့်အသွင်ကို ဆောင်လျက်ရှိ၏။

ဆရာဝန်က “ကျုပ် ခင်ဗျားကို နားလည်တယ်ဆိုတာ သံသယမဖြစ်ပါနဲ့လေ။ သို့ပေမယ့် ခင်ဗျာ့ အကြောင်းပြချက်က ဘာမှ အရာမရောက်ဘူး ဆိုတာ ခင်ဗျား သိဖို့လိုတယ်။ ခင်ဗျာ့မှာ ဒီရောဂါ ရှိတာ မရှိတာကို ကျုပ် မသိတဲ့အတွက် အဲဒီ သက်သေခံ လက်မှတ်မျိုးကို ကျုပ်က မပေးနိုင်ဘူး။ သိလို့ ပေးလိုက်တယ်ပဲ ထား။ ကျုပ်က လက်မှတ်ပေးလိုက်တဲ့ အချိန်နဲ့ ဘုရင်ခံရဲ့ရုံးကို ခင်ဗျားရောက်သွားတဲ့ အချိန်အတွင်းမှာ ဒီရောဂါ မဝင်နိုင်ဘူးလို့တော့ ကျုပ်က ဘယ်ထောက်ခံနိုင်မှာလဲ။ ကဲ၊ တစ်ခါ ကျုပ်က ထောက်ခံလိုက်တယ်ပဲ ထား” ဟု ပြောသည်။

“ဆရာ ထောက်ခံလိုက်တယ်ပဲ ထား။ ဘာဖြစ်လဲ ဆရာ”

“ကျုပ်က ခင်ဗျာ့ကို လက်မှတ်ရေးပေးလိုက်တယ် ဆိုဦးတော့။ ဒါဟာ အလကားပါပဲ”

“ဘာဖြစ်လို့လဲ ဆရာ”

“ဘာဖြစ်လို့လဲဆိုတော့ ဒီမြို့မှာ ခင်ဗျာ့လိုလူတွေ ထောင်နဲ့ချီပြီး ရှိနေတယ်။ သူတို့အားလုံးကို ဒီမြို့က ထွက်ခွင့်ပေးဖို့ ဘယ်စဉ်းစားနိုင်မလဲ”

“ဒီလူတွေမှာ ပလိပ်ရောဂါ မရှိဘူးဆိုလည်း ခွင့်မပြုဘူးလား”

“ဒါဟာ လုံလောက်တဲ့အကြောင်း မဟုတ်ဘူးဗျ။ အိုဗျာ ဒါဟာ မဖြစ်စကောင်း

ဖြစ်လာတဲ့ အခြေအနေဆိုတာ ကျုပ် သိပါတယ်။ ဒါပေမယ့် ကျုပ်တို့က ဒီအထဲမှာ ပါနေကြရတော့လည်း ဒါကို ဒီအတိုင်းပဲ လက်ခံကြရတော့တာပဲဗျ”

“ဒါပေမယ့် ကျွန်တော်က ဒီမြို့သားမှ မဟုတ်တာပဲ”

“ကဲ အလှည့်မသင့်တော့ အခုအချိန်ကစပြီး ခင်ဗျားလည်း တခြားလူတွေလိုပဲ ဒီမြို့သား ဖြစ်သွားရတော့မှာပဲဗျ”

ရမ်းဘားက အသံကို အနည်းငယ်မြှင့်လိုက်ပြီး

“ဒါပေမယ့် ဆရာရယ်။ ဒါဟာ လူလူချင်း ထားအပ်တဲ့ စိတ်ထားလို့ ဆရာ မမြင်မိဘူးလား။ ချစ်တဲ့ခင်တဲ့လူတွေ အခုလို ခွဲခွာနေကြရတဲ့ဒုက္ခ ဘယ်လောက်ကြီးတယ် ဆိုတာ ဆရာ မတွေးမိဘူးလား”

ရေးက ခဏမျှ ငြိမ်သက်နေပြီးမှ သူ ကောင်းစွာနားလည်ပါသည် ဟု ဆိုသည်။ သူအနေနှင့် ရမ်းဘား သူ့ဇနီးထံ ပြန်သွားခွင့်ရပါစေ။ ကွဲကွာနေသည့် ချစ်သူခင်သူတွေ ပြန်ဆုံမိကြပါစေ ဟု ဆုတောင်းရုံထက်ပိုပြီး ဘာမျှ မတတ်နိုင်ကြောင်း၊ သို့ရာတွင် ဥပဒေသည် ဥပဒေသာဖြစ်ရာ ပလိပ်ကပ်ရောဂါကလည်း ဖြစ်ပွားလျက် ရှိသည်ဖြစ်ရာ သူ့အဖို့ ဝတ္တရားရှိသည့် အတိုင်းသာ လုပ်နိုင်မည်ဖြစ်ကြောင်း ပြောပြသည်။

ရမ်းဘားက မခံချိမခံသာ “မဖြစ်ပါဘူး။ ဆရာ နားမလည်နိုင်ပါဘူး။ ဆရာက ဆင်ခြင်တုံတရားစကား ပြောတာကိုး။ အသည်းနှလုံးစကား ပြောတာမှမဟုတ်ပဲ ဆရာ နေနေတာက စိတ်ကူးသက်သက် လောကထဲမှာပဲ” ဟု ပြောလိုက်သည်။

ဆရာဝန်လည်း သမ္မတနိုင်ငံတော် ရုပ်ထုကြီးအား တစ်ချက်မျှ မော့ကြည့်လိုက်ပြီး သူ ဆင်ခြင်တုံတရားစကား ပြောမပြောကို သူ မသိ။ သို့သော် သူပြောနေသည်မှာ လူတိုင်း တွေ့မြင်နေရသည့် တကယ့် အဖြစ်အပျက်များ အတိုင်းပင်ဖြစ်ကြောင်း၊ တွေ့ပုံမြင်ပုံချင်းကတော့ တူချင်မှ တူမည်ဖြစ်ကြောင်း ပြောလိုက်၏။

သတင်းစာဆရာလည်း သူ၏လည်စည်းကို ဆန့်ရန် ဆွဲ၍ တင်းလိုက်သည်။

“ဒီလိုဆို ကျွန်တော် ဆရာ့ဆီက အကူအညီကို မရနိုင်ဘူးလို့ ဆိုရမှာပေါ့။ ကောင်းပါပြီလေ။ ဒါပေမယ့်” ဟုဆိုကာ သူက စိမ်ခေါ်လိုက်သည့် လေသံဖြင့် ဆက်လက်၍ “ကျွန်တော် ဒီမြို့ကတော့ ထွက်လို့ရအောင်ကို ထွက်သွားမှာပဲ” ဟု ဆိုလိုက်သည်။

ဆရာဝန်က ကောင်းစွာ သဘောပေါက်ကြောင်း ထပ်ပြောသည်။ သို့သေ

ဤကိစ္စ သူနှင့် ဘာမျှမဆိုင်ဟုလည်း ဆိုသည်။

ရမ်းဘားက အသံကိုမြှင့်၍ "ကျွန်တော်ပြောတာ စိတ်မရှိနဲ့ ဆရာ။ ဒါပေမယ့် ဒီကိစ္စ ဆရာနဲ့ သိပ်ဆိုင်တာပေါ့" ဟု ဆိုလေသည်။ "ကျွန်တော် ဆရာ့ကို ချဉ်းကပ်ရတာက အခုထုတ်ထားတဲ့ အမိန့်စာတွေမှာ ဆရာ့လက်ရာ အများကြီးပါတယ် ပြောကြလို့ပါ။ ဒါကြောင့် ဘယ်လိုဖြစ်ဖြစ် ကျွန်တော့်ကိစ္စ တစ်ခုလောက်တော့ဖြင့် ဆရာကူပြီး ထုတ်ပေးထားတဲ့ အမိန့်ကို ဆရာ ပြင်ပေးနိုင်ကောင်းရဲ့ အောက်မေ့ပြီး လာခဲ့တာပါ။ ဒါပေမယ့် ဆရာက လုပ်မပေးချင်ဘူး ဆရာ ဘယ်သူ့ကိုမှ ဂရုစိုက်ပြီး မစဉ်းစားပါဘူး။ ခွဲခွာနေကြရတဲ့ လူတွေရဲ့ကိစ္စကို ဆရာ ထည့်စဉ်းစားတာ မဟုတ်ပါဘူး" ဟု ဆိုလေသည်။

ဆရာဝန်က သူပြောတာ မှန်သင့်သလောက် မှန်ပါသည်ဟု ဝန်ခံသည်။ သူက ဤကိစ္စမျိုးကို ထည့်မစဉ်းတာပဲ ကောင်းသည်ဟု ယူဆထားကြောင်းလည်း ပြောသည်။

ရမ်းဘားက "ကျွန်တော် အခု နားလည်ပြီဆရာ။ ဆရာက လူအများရဲ့ အကျိုးစီးပွားအတွက် ဘာညာဆိုတာတွေ ပြောတော့မှာပဲ။ လူအများ ချမ်းသာရာ ချမ်းသာကြောင်း ဆိုတာဟာ ကျွန်တော်တို့ တစ်ယောက်စီ တစ်ယောက်စီ ကိုယ့်ဟာနဲ့ကိုယ် ချမ်းသာရာ ချမ်းသာကြောင်းရဲ့ အပေါင်းအစုပါပဲ ဆရာ" ဟု ဆိုပြန်သည်။

ဤတွင် ဆရာဝန်လည်း အိပ်မက်မက်နေရာမှ လန့်နိုးလာသူကဲ့သို့ ဆတ်ခနဲ သတိရလာသည်။

"ဒီလိုပါလေ။ ဒါလည်း ရှိတာပေါ့။ ဒါပေမယ့် ဒ့ါအပြင်လည်း အများကြီး ရှိပါသေးတယ်။ အလျင်စလို ကောက်ချက်ချလိုက် လို့တော့ မဖြစ်ဘူးပေါ့။ ဒါပေမယ့် ခင်ဗျာ့မှာ စိတ်ဆိုးစရာအကြောင်း မရှိပါဘူး။ ခင်ဗျား အခုလို အကျဉ်းအကျပ်ထဲက ထွက်ပေါက်တွေ့သွားတယ် ဆိုရင် ကျုပ်အနေနဲ့ အင်မတန် သဘောကျနေမှာပဲ ဆိုတာတော့ ယုံပါလေ။ ကျုပ်ရဲ့ ရာထူးအခြေအနေအရ ကျုပ် မလုပ်နိုင်တာကလေးတွေ ရှိနေတာ တစ်ခုပါပဲ" ဟု ရှင်းပြသည်။

ရမ်းဘားက သူ၏ခေါင်းကို ဆတ်ခနဲ မော့လိုက်၏။

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်ရတာကို ပြမိတာ မှားပါတယ်။ ကဲ၊ ဆရာ့အချိန်ကို ကျွန်တော်ယူတာ များသွားပြီ"

ရေးက သူ၏အကြံအစည် မည်သို့ တိုးတက်မှုရှိသည်ကို သူ့အား အသိပေးနေရန်နှင့် သူ့အနေဖြင့် ယခုထက်ပို၍ မလိုက်လျောနိုင်ခဲ့သည့် အတွက် သူ့အပေါ် တွင် အာဃာတမထားရန် ပြောသည်။ ထို့နောက် သူတို့နှစ်ဦး သဘောချင်း

တိုက်ဆိုင်နိုင်စရာ တူညီသည့် အကြောင်းတော့ ရှိသည်ဟု သူ ယုံကြည်ကြောင်း ပြောသည်။ ရမ်းဘား စိတ်ရှုပ်သွားပုံရ၏။

ထို့နောက် ခဏမျှ တိတ်ဆိတ်ငြိမ်သက် နေရာမှ "ဟုတ်ပါတယ် ဆရာ။ ကျွန်တော် ကြိုက်တာ မကြိုက်တာနဲ့ ဆရာ အခု ပြောသွားတာတွေ အပထားလို့ ကျွန်တော်လည်း အဲသလိုပဲ ထင်ပါတယ်" ဟု ဆိုကာ ခဏနားနေပြီးမှ "ဒါလည်းပဲ ကျွန်တော် ဆရာနဲ့တော့ သဘောမတူနိုင်ဘူး ဆရာ" ဟု ပြောလိုက်သည်။

ဦးထုပ်ကို မျက်လုံးပေါ်သို့ ဆွဲချလိုက်ပြီး သူသည် လျင်မြန်စွာ လျှောက်ထွက်သွားလေသည်။ ထို့နောက် တာရိုနေသည့် ဟိုတယ်ထဲသို့ ဝင်သွားသည်ကို ရေး မြင်လိုက်ရလေသည်။

နောက် တခဏကြာသော် ဆရာဝန်သည် သူ့စိတ်ထဲတွင် ပေါ်လာသည့် အတွေးတစ်ခုကို သဘောကျ လက်ခံလိုက်သည့်အလား မသိမသာ ခေါင်းညိတ်လိုက်သည်။ မှန်ပါသည်။ စိတ်ချမ်းသာ ပျော်ရွှင်မှု၏ အတားအဆီးများကို မခံနိုင်သည့် သတင်းစာဆရာကလေး ပြောတာ ဟုတ်ပါသည်။ သို့ရာတွင် သူ့အား "စိတ်ကူးသက်သက် လောကထဲမှာ နေနေသူ" ဟု စွပ်စွဲသွားသည်က မှန်ရဲ့လား။ တစ်ပတ်လျှင် အသေအပျောက် ငါးရာအထိ တက်လာအောင် ကပ်ရောဂါက တစ်မြို့လုံးကို ဝါးမျိုပစ်နေစဉ် ဆေးရုံ၌သာ သူ တစ်နေကုန် နေရသည့်နေ့များကို စိတ်ကူးသက်သက်လောက ဟု တကယ် ခေါ်ဆိုနိုင်ပါသလား။ ဟုတ်ပါသည်။ ဤကဲ့သို့ ဘေးဆိုးကပ်ဆိုး သင့်နေချိန်မျိုးတွင် တကယ်အစစ်အမှန်နှင့် များစွာကွာလှမ်းသော စိတ်ကူးသက်သက် ဆိုသည့် အစိတ်အပိုင်းကတော့ ဝင်လာပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ စိတ်ကူးသက်သက်က လူကို သတ်တော့မည်ဆိုလျှင် သူ့ကို အရေးတကြီး ကိုင်ရလိမ့်မည်။ ဤလမ်းစဉ်သည် အလွယ်လမ်း မဟုတ်သည်ကိုတော့ ရေး သိပါသည်။ ပုံစံပြုရသော ကွပ်ကဲမှုအောက်တွင် ရှိသော ဤ အပိုဆေးရုံကို အုပ်ချုပ်ရသည့်အလုပ်မှာ ပေါ့ပေါ့တန်တန် အလုပ်မဟုတ်။ ယခုအခါတွင် ထိုဆေးရုံမျိုး သုံးခုပင် ရှိလေပြီ။

သူ၏ဆေးရုံနှင့်တွဲလျက် လူနာများ ရောက်ရောက်ချင်းလက်ခံနိုင်ရန် စီမံ၍ အဆောင်တစ်ခု တိုးချဲ့ထားစေသည်။ ကြမ်းပြင်ကို တူးချစေပြီး ရေနှင့် ခရက်ဆလစ်အက်စစ် ရောထည့်ထားသည့် ကန်တစ်ခုပြုကာ အလယ်ခေါင်တွင် အုတ် ကျွန်းကလေးသဖွယ် လုပ်ထားသည်။ လူနာရောက်လျှင် ထိုကျွန်းကလေးပေါ်သို့ သယ်ပိုးကာ အဝတ်များကို အလျင်အမြန် ချွတ်စေပြီး ပိုးသတ်ဆေးရေး နှစ်လိုက်သည်။ လူနာကိုလည်း စင်ကြယ်အောင် ရေချိုး၍ ခြောက်အောင်သုတ်ကာ ဆေးရုံအဝတ် ခပ်ကြမ်းကြမ်းကို ဝတ်စေပြီး စစ်ဆေးရန် ဆရာဝန်ထံသို့ ပို့ပြီးမှ အဆောင် တစ်ဆောင်ဆောင်ထဲသို့ ပို့လိုက်သည်။ ဤဆေးရုံမှာ သိမ်းယူထားသည့် ကျောင်းတစ်ခုဖြစ်၍ ယခုအခါ ကုတင်ငါးရာခန့်ရှိပြီး အားလုံးလို ပြည့်လျက်

ရှိလေသည်။ ဒေါက်တာရေးက သူကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ၍ လူနာများကို ခွဲသည်။ စာရင်းဇယားများကို ထပ်မံစစ်ဆေးသည်။ ပြီးမှ သူ၏ဆေးခန်း ညနေလူနာ လက်ခံချိန်တွင် ပြန်သည်။ ညနေမိုးချုပ်ချိန်တွင်မှ သူက လှည့်လည် ကြည့်ရှုနေကျ လူနာများကို ကြည့်နိုင်သည်ဖြစ်ရာ အလွန်ညဥ့်နက်မှသာ ပြန်ရောက်လေ့ရှိသည်။ လွန်ခဲ့သည့်ညက သူ့အမေက သူ့ဖိနပ်ထဲမှ စာကို သူ့အား လှမ်းပေးရင်း "မင့်လက်တွေလည်း တုန်လို့ပါလား" ဟု ပြောသည်။

သူက "ဟုတ်တယ်အမေ။ ဒါက ဆက်လုပ်နေဖို့ လိုတာပါပဲ။ ကြာတော့ ငြိမ်သွားမှာပါ။ အမေ တွေ့ပါလိမ့်မယ်" ဟု ပြောလိုက်သည်။

သူသည် အလွန်ကျန်းမာသူ ဖြစ်သည်။ ယခုလည်း သူ့မှာ တကယ် ပင်ပန်းလှသေးသည် မဟုတ်။ သို့တိုင်အောင် လူနာများကို လှည့်လည်ကြည့်ရှုရသည့် အလုပ်တစ်ခုကတော့ သူ၏ ခံနိုင်ရည်ကို စမ်းသပ်စ ပြုလာခဲ့ပြီ ဖြစ်လေသည်။ ကူးစက်ရောဂါဟု ထွက်ခွာစေ၍ ဆေးရုံသို့ ပို့ရသည်။ ထိုအခါတွင် ထိုလူနာသေမှသော် လည်းကောင်း၊ ရောဂါပျောက်ကင်းမှ သော်လည်းကောင်း ပြန်လည် တွေ့ဆုံကြရတော့မည် ဟု သိနေကြသော သူ၏မိသားစုနှင့် စိတ်ကူးသက်သက်လောက ပြဿနာကို ရင်ဆိုင်ရလေတော့သည်။ "သနားပါဦး ဆရာရယ်" ဟု တောင်းပန်သည့်အသံများ၊ တာရိုနေသည့် ဟိုတယ်က အစေခံမကလေး၏မိခင် မဒမ်လော်ရဲ၏ တောင်းပန်သံ။ တကယ်က တောင်းပန်နေစရာ မလိုပါ။ သူ သနားတတ်ပါသည်။ သို့သော် သနားတတ်ခြင်းသည် ဘာအကျိုး ထင်နိုင်မည်နည်း။ သူ တယ်လီဖုန်းဆက်ရမည်။ မကြာမီ လမ်းထဲတွင် လူနာတင်ကားသံကို ကြားကြရမည်။ (အစဥ်ြ အိမ်နီးချင်းများက သူတို့၏ ပြတင်းများကို ဖွင့်ကြည့်တတ်ကြသည်။ နောက်တွင် လူနာတင်ကားသံ ကြားလျှင်ပင် သူတို့၏ ပြတင်းများကို မဆိုင်းမတွ ပိတ်ပစ်လိုက်ကြတော့ သည်။) ထို့နောက် ဒုတိယပိုင်းအနေဖြင့် ပဋိပက္ခများ၊ မျက်ရည်များ၊ အသနားခံ သံများ။ တိုတိုပြောရလျှင် စိတ်ကူးသက်သက် ကိစ္စများ။ ယင်းသို့သော အဖျားရှိန်တက်လျက် သွေးပျက်မတတ် စိတ်သောကနှင့် လူနာခန်းများတွင် သွေးရူးသွေးတန်း ဖြစ်ရပ်များက တွေ့ရမြဲ။ သို့သော် နောက်ဆုံးတွင် လူနာကို သယ်ဆောင်သွားကြသည်ချည်းသာ ဖြစ်လေသည်။ ဤတွင်မှ ဆရာဝန်လည်း ထိုအိမ်က ထွက်ခွာနိုင်လေတော့သည်။

စောစောပိုင်းကမူ သူသည် တယ်လီဖုန်း ဆက်ရုံသာ ဆက်ပြီး၊ လူနာတင်ကား ရောက်လာသည်အထိ စောင့်နေစရာ မလိုဘဲ၊ အခြား လူနာများအား ပြေး၍ ကြည့်လိုက်နိုင်ခဲ့သည်။ သို့သော် သူထွက်သွာသည်နှင့် တစ်ပြိုင်နက် လူနာတွင် ဘယ်လိုကံကြမ္မာမျိုးနှင့် တွေ့ရမည်ကို သိနေကြပြီဖြစ်သော မိသားစုက လူနာနှင့် ခွဲရမည်ထက် ပလိပ်ကပ်ရောဂါ သင့်ရခြင်းက မြတ်သည်ဟု ထင်ကာ သူတို့၏ အိမ်တံခါးများကို ဂလန့်ချကာ ခိုင်လုံအောင်ပိတ်၍ ထားလိုက်ကြလေတော့သည်။

ထို့နောက်တွင်ကား အပြစ်တင်သံများ၊ အော်ဟစ်သံများ၊ တံခါးထုသံများ၊ ပုလိပ်အရေးယူမှုများ၊ နောက် လက်နက်ကိုင်တပ်များ အထိ လိုက်လာကာ လူနာကို အတင်းအဓမ္မ ယူဆောင်ရသည့် အမှုများ။ ဤသို့လျှင် ပထမသီတင်းပတ် အနည်းငယ်တွင် ဒေါက်တာရေးသည် လူနာတင်ကား ရောက်လာသည်အထိ လူနာနှင့် နေနေရသည်။ ထိုမှ နောက်တွင် ဆရာဝန်တစ်ယောက်လျှင် ပုလိပ်အရာရှိ တစ်ယောက် ပူးတွဲလိုက်ပါစေသဖြင့် ဒေါက်တာရေးလည်း နောက်လူနာတစ်ယောက် ထံသို့ ပြေး၍ ကြည့်နိုင်လေတော့သည်။

သို့သော် အစတွင်မူ ညနေတိုင်းသည် သူ့အား မဒမ်လော်ရဲ၏ သမီးအတွက် ခေါ်သည့် ထိုညနေက အတိုင်းချည်း ဖြစ်လေသည်။ ထိုညနေက သူ့အား ယပ်တောင်များ၊ စက္ကူပန်းများဖြင့် တန်ဆာဆင်ထားသည့် အိမ်ခန်းကလေးထဲသို့ ပင့်ခေါ်သည်။ မိခင်ဖြစ်သူက သူ့အား မရွှံ့မရဲပြုံး၍ နှုတ်ဆက်သည်။

“အို ဆရာရယ်။ လူတွေ ပြောပြောနေကြတဲ့ အဖျားမျိုးတော့ မဟုတ် ထင်ပါတယ်ဆရာ”

အုပ်ထားသည့်စောင်နှင့် အတွင်းခံ အဝတ်များကို လှစ်၍ ကြည့်လိုက်သော မိန်းကလေး၏ ပေါင်များနှင့် ဝမ်းဗိုက်တို့တွင် အနီကွက်များအပြင် ဖူးရောင်နေသည့် အကျိတ်များကို တွေ့ရသဖြင့် ဆရာဝန်လည်း တိတ်ဆိတ်စွာ ငေးစိုက်ကြည့်နေ လိုက်လေသည်။ မအေလုပ်သူသည် တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ချုပ်တည်း၍ မရနိုင်အောင် သောကကြီးစွာ ကျူကျူပါအောင် ဟစ်၍ ငိုကြွေးလိုက်လေသည်။ ညနေတိုင်းပင် မအေများသည် လက်ခြေဝမ်းဗိုက်တို့တွင် ဤသို့သော ကပ်ရောဂါ လက္ခဏာများကို တွေ့လိုက်ကြလျှင် ဤနည်းနှင်နှင် မချမ်းမြေ့ဘွယ် စိတ်သောက သက်သက်ဖြင့် အော်ဟစ်ငိုကြွေး ကြရသည်။ ညနေတိုင်းပင် ဆရာဝန်၏ လက်မောင်းကိုဆွဲကာ ဘာမျှ အရာမရောက်သည့် စကားများကို တတွတ်တွတ် ပြောကြသည်။ အာမခံချက် ခံကြသည်။ ငိုကြွေးကြသည်။ ညနေတိုင်းပင် လူနာတင်ကား ကြားပြီဆိုလျှင် ပရိဒေဝသောက ဖြစ်ရသူတို့ ဓမ္မတာအတိုင်း ဘာမျှ အရာမရောက်သော လူးလိမ့်ငိုကြွေးခြင်းများကို တွေ့ရတတ်သည်။ ရေးမှာ ညနေတိုင်း ထပ်တလဲလဲ ကြုံရသော ဤဖြစ်ရပ်များမှ လွဲ၍ ဘာမျှမျှော်စရာ မရှိချေ။ မှန်ပါသည်။ ပလိပ်ကပ်ရောဂါသည် စိတ်ကူးသက်သက် ဖြစ်ရပ်များကဲ့သို့ပင် ထပ်တလဲလဲ ငြီးငွေ့စရာ ဖြစ်သည်။ တစ်ခုသာ ပြောင်းလဲခဲ့သည်ဟု ဆိုနိုင်ကောင်း ဆိုနိုင်မည်။ ယင်းကား ရေးကိုယ်တိုင် ဖြစ်၏။ ထိုနေ့ညနေက သူသည် သမ္မတနိုင်ငံ ရုပ်ထု၏ ခြေရင်းတွင် ရပ်ရင်း ဤအပြောင်းအလဲကို သိလိုက်၏။ ယခုတွင်ပင် ရမ်းဘားဝင်သွားသော ဟိုတယ်တံခါးဆီသို့ ငေးစိုက်ကြည့်နေရင်းက သူ့တွင် ဘာခံစားမှုမှ မရှိတော့သော ဥပေက္ခာစိတ်များ တရိပ်ရိပ် ဝင်နေသည်ကိုသာ သတိပြု၍ နေလိုက်မိလေသည်။

ဤသို့ စိတ်ပင်ပန်း နွမ်းနယ်ရသော သီတင်းပတ်များ၏ နောက်၊ မြို့သူမြို့သားများ ရည်ရွယ်ချက်မရှိဘဲ လမ်းတကာသို့ လျှောက်သွားနေကြသည့် ညမိုးချုပ်ချိန်များ၏ နောက်တွင် ရေးသည် သနားကြင်နာစိတ်၏ နှိပ်စက်မှုကို ခံနိုင်ရန် သူ့စိတ်သူ တင်းနေဖို့ မလိုတော့သည်ကို နားလည်သိရှိ သွားသည်။ သနားကြင်နာခြင်းဖြင့် ဘာမျှ အရာမရောက်နိုင်သည်ကို တွေ့ရသောအခါ သနားကြင်နာနေရသည့် ဝဋ်မှ လွတ်မြောက်လေတော့သည်။ သူ၏ အသည်းနှလုံးသည်လည်း တဖြည်းဖြည်း သူ့အလိုလို ကျုံ့၍ ပိတ်ဖုံးသွားသည် ဆိုသည့်အသိဖြင့် သူ့ကိုယ်သူ နှစ်သိမ့်လိုက်ရတော့သည်။ သူ့မှာ နေ့စဉ် တွေ့ကြုံနေရသည့် ဤသို့ သည်းခံနိုင်ဖွယ်ရာ မရှိသော ဘဝဝန်ထုပ်ကြီးနှင့် ဆိုလျှင် စိတ်လက်ပေါ့ပါးစရာက ဤအတွေး တစ်ခုသာ ရှိတော့သည်။ ဤစိတ်သည် သူ၏အလုပ်ကို လွယ်ကူစေမည်ဟု သူ သိသည်။ ထို့ကြောင့် သူ့မှာ ဤသို့ ဖြစ်လာသည်ကိုပင် ဝမ်းသာရသေးသည်။ နံနက်နှစ်နာရီတွင် သူ အိမ်သို့ ပြန်ရောက်သောအခါ သူ့အမေသည် သူ့မျက်နှာပေါ်တွင် ဘာအမူအရာမျှ မရှိတော့သည်ကို အကြီးအကျယ် အံ့အားသင့်သွားလေသည်။ ထိုအချိန်က ရေးအဖို့ တစ်ခုတည်းသော စိတ်လက်ပေါ့ပါးစရာ အခြေအနေမျိုးကပင် သူ့အမေက သောကဖြစ်စရာဟု ထင်နေခြင်း ဖြစ်၏။ စိတ်ကူးသက်သက်ကို တိုက်ဖို့ဆိုလျှင် ကိုယ့်စိတ်ဓာတ်မှာလည်း ထိုအရာမျိုးက ရှိရပေမည်။ သို့သော် ရမ်းဘား ဤသို့ သဘောပေါက်လိမ့်မည်ဟု မည်သို့ မျှော်လင့်နိုင်ပါမည်နည်း။ သူ၏ စိတ်ချမ်းသာမှုကို တားဆီးနှောင့်ယှက် နေသမျှမှာ စိတ်ကူးသက်သက်ဖြင့် လုပ်ရပ်များ ဖြစ်သည်။ မှန်ပါသည်။ တစ်နည်းအားဖြင့် ဤ သတင်းစာဆရာကလေး မှန်သည်ဆိုသည်ကို ရေး ဝန်ခံရပါမည်။ သို့သော် တစ်ခါတစ်ရံ ထိုစိတ်ကူးသက်သက်က စိတ်ချမ်းသာမှုထက် အင်အားကြီးမားကြောင်း ထင်ရှားလာတတ်သည် ကိုလည်း သူသိသည်။

ထိုအခါမျိုးတွင် ထိုကဲ့သို့ ဖြစ်လာပါမှ သူ့ကို ထည့်သွင်းစဉ်းစားဖို့ ဖြစ်သည်။ နောက်တွင် ရမ်းဘားက သူ့အကြောင်း ထပ်ပြောပြသော အခါတွင်မှ ရမ်းဘား၌လည်း ဤသို့ဖြစ်ခဲ့မည်ကို ဆရာဝန် သိရလေသည်။ ဤသို့လျှင် ကျွန်ုပ်တို့၏ မြို့သူမြို့သားများ၏ ဘဝများကို ကာလကြာမြင့်စွာ ခြယ်လှယ်ခဲ့သည့် ပလိပ်ကပ်ကြီး၏ စိတ်ကူးသက်သက် ကိစ္စများနှင့် လူတိုင်းလူတိုင်း၏ စိတ်ချမ်းသာမှုတို့ ငြိုးငွေ့ဖွယ် ဆင်နွှဲသည့် တိုက်ပွဲကြီးထဲတွင် သူလည်း အဆင့်တစ်မျိုး နေရာတစ်မျိုးမှ ပါဝင်ခွင့် ရလာခဲ့လေတော့သည်။

* * *

သို့ရာတွင် အချို့က စိတ်ကူးသက်သက်ဟု မြင်ရာတွင် တစ်ချို့က အမှန်တရားဟု မြင်ကြသည်။ ပလိပ်ကပ်ရောဂါကြီး ဖြစ်ပွားသည့် ပထမတစ်လသည် ရောဂါအရှိန် အပြင်းအထန် တက်ခြင်းနှင့် ဤကပ်ရောဂါ ဖြစ်ပွားစက မီရှယ်ကြီး အိမ်သို့ ဒယိမ်းဒယိုင် ပြန်လာရာတွင် တွဲပို့ခဲ့သူ ဘုရင်ဂျီဘုန်းကြီး ဖာသာပနယ်လိုက ဇာတ်လမ်းပမာ ဒေသနာဟောကြားခြင်းတို့ဖြင့် စိတ်နှောက်ညစ်ကျုံ့ဖွယ် ကုန်လွန်သွားသည်။ ဖာသာပနယ်လိုသည် အိုရန်ပထဝီအသင်း စာစောင်များတွင် ဆောင်းပါးများ မကြာခဏ ပါဝင်ရေးသားသဖြင့် နာမည်ထင်ရှားပြီးပုဂ္ဂိုလ် ဖြစ်သည်။ ထိုဆောင်းပါးများမှာ အများအားဖြင့် ရှေးဟောင်းကျမ်းစာများနှင့် ပတ်သက်လျက်ရှိပြီး ဤအကြောင်းရပ်များတွင် သူက ဆရာတစ်ဆူဖြစ်သည်။ သို့ရာတွင် သူသည် ပညာရှင်မဟုတ်သူ၊ လူအများစုအား ယခုခေတ် အတ္တဝါဒနှင့် ပတ်သက်၍ ဟောပြောခြင်းဖြင့် ပိုမိုလူသိများသူ ဖြစ်၏။ ဤကိစ္စများတွင် သူက သူ့ကိုယ်သူ ယခုခေတ် လူများကဲ့သို့ ပေါ့ပေါ့ဆဆလည်း မဟုတ်၊ ရှေးခေတ်လူများကဲ့သို့ အသိပညာ ပိတ်ဆို့မှုလည်း မရှိသော အတိကျ အစင်ကြယ်ဆုံး ခရစ်ယန်သြဝါဒဘက်က မားမားမတ်မတ် ရပ်တည်သည့် သူရဲကောင်းအဖြစ် ပေါ်လွင်စေသည်။ ဤအခါများတွင် သူသည် သူ၏ တရားနာ ပရိသတ်အားလည်း ပြင်းထန်သော အမှန်တရားများဖြင့် အားမနာတမ်း ဖော်ထုတ်ဆုံးမရန် ဝန်မလေးသူ ဖြစ်သည်။ ထို့ကြောင့် သူသည် ဤဒေသတွင် ထင်ပေါ်ကျော်ကြားသူ ဖြစ်သည်။

လကုန်လောက်ဆီတွင် ကျွန်ုပ်တို့၏မြို့မှ ခရစ်ယန်သာသနာရေးဆိုင်ရာ အာဏာပိုင်တို့သည် ပလိပ်ကပ်ကြီးကို သူတို့နှင့် လျော်ကန်ရာ လက်နက်များဖြင့် တိုက်ပွဲဆင်နွှဲရန် ဆုံးဖြတ်ချက်ချကာ ဆုတောင်းပွဲ သီတင်းပတ်တစ်ခု ဖြစ်မြောက်အောင် စည်းရုံးလိုက်ကြလေသည်။ ဤသို့ လူစုလူဝေးနှင့် ဘုရားတရား ကြည်ညိုမှုကိစ္စသည် စနေနေ့တွင် ပြီးဆုံးကာ ကပ်သင့်သူတော်စင်စိန့်ရို့စ်၏ တန်ခိုးတော်ရိပ်၌ ခမ္ဗတေးသံ ရွတ်ဆိုပွဲကြီး ကျင်းပအောင်ပွဲခံရာ၌ ဖာသာပနယ်လိုအား ဒေသနာဟောကြားရန် တောင်းပန်ထားကြသည်။ သူနှင့်ဆိုင်ရာ သာသနာ့အဖွဲ့အစည်းတွင် သူ့အား လူအများ လေးစားလောက်သည့် နေရာကို ရရှိစေသည့် လုပ်ငန်းဖြစ်သော စိန့်အော်ဂတ်စတင်နှင့် အာဖရိက ခရစ်ယန်သာသနာအကြောင်း သုတေသနအလုပ်များကို သီတင်းနှစ်ပတ်မျှ ဆိုင်းထားလိုက်သည်။ စိတ်ဓာတ်ပြင်းထန်၍ ရဲရဲတောက် သတ္တိရှိသူပီပီ သူသည် သူ့အား ပေးအပ်ထားသော တာဝန်ကို စိတ်ရောကိုယ်ပါ ဆောင်ရွက်ရန် အားသွန်၍ ကြိုးစားလေသည်။ သူဟောမည့် ဒေသနာမှာ မဟောကြားရခင်ကပင် လူပြောသူပြော များလျက်ရှိသော ထိုခေတ်ပိုင်းမှ သမိုင်းတွင် ထိုဒေသနာ ဟောသည့်နေ့သည် သူ့နည်းသူ့ဟန်နှင့်သူ အရေးကြီးသည့် နေ့ထူးတစ်နေ့ ဖြစ်လေသည်။

ဆုတောင်းပွဲ သီတင်းပတ်တွင်ကား ဝတ်ကျောင်းတက်သူပရိသတ် အလွန်များလေသည်။ သို့ရာတွင် အိုရန်မြို့သူမြို့သားများသည် သာမန် အခါများ၌လည်း ဘာသာတရား အထူးကိုင်းရှိုင်းတတ်ကြသည် ဟု ယူဆ၍တော့ မရပေ။ ပုံစံအားဖြင့် တနင်္ဂနွေနေ့ နံနက်ပိုင်းများ၌ ဘုရားဝတ်ကျောင်းသွားသူနှင့် ပင်လယ်ရေချိုးသွားသူဦးရေချင်း သူနိုင်ငါနိုင် ပြိုင်လျက်သာ ရှိခဲ့သည်။ သူတို့သည် အလင်းရောင် ရုတ်တရက်တွေ့ကာ ဘာသာရေးဘက်သို့ စိတ်ပြောင်းလာကြသည် ဟူ၍လည်း မဆိုသာပါ။ မြို့ကို ပိတ်ထားလိုက်ပြီး ပင်လယ်ဆိပ်ကမ်းဘက်သို့လည်း မသွားရဟု ပိတ်ပင်လိုက်သောကြောင့် ပင်လယ်ရေချိုး သွား၍လည်း မရတော့သည့် အကြောင်းတစ်ခုက ရှိသည်။ ထိုမှတစ်ပါးလည်း သူတို့အပေါ်တွင် ကျရောက်လျက်ရှိသည့် အလွန်ဆိုးဝါးသော ဘေးအန္တရာယ်ကြီးကို သူတို့၏ စိတ်တွင်း၌ လုံးဝ အသိအမှတ် မပြုနိုင်သေးသည့်တိုင်အောင် တစ်ခုခုကတော့ အသေအချာ ပြောင်းလဲခဲ့ပြီ ဆိုသည်ကို သိစရာအကြောင်းများက ထင်ရှားနေ၍ မသိဘဲ မနေနိုင်ရကား သူတို့၏ စိတ်သဘောထားများကတော့ ထူးထူးခြားခြား ဖြစ်နေသည်။ သို့တစေ ဤကပ်ရောဂါသည် မကြာမီ ပြီးဆုံးသွားလိမ့်မည်။ သူတို့နှင့်တကွ သူတို့၏ မိသားစုသည် ဤကပ်ကြီးကို ကျော်နင်းနိုင်ကြမည်ဟု မျှော်လင့်မြဲ မျှော်လင့်လျက်သာ ရှိကြ လေသည်။ ဤသို့လျှင် သူတို့၏ နေမှုထိုင်မှု အလေ့အကျင့်များကို ပြောင်းလဲပစ်ရန် မလိုသေးဟု ထင်လျက်သာ ရှိကြသည်။ ပလိပ်ကပ်အား သူတို့အဖို့ မကြည်ဖြူစရာ ဧည့်သည်ကဲ့သို့ တစ်နေ့တွင် သူဝင်လာသလိုပင် မမျှော်လင့်ဘဲ ပြန်လည်ထွက်ခွာ သွားလိမ့်မည်ဟု ထင်နေကြသည်။ သူတို့သည် ထိတ်လန့်လျက် ရှိကြပြီ ဖြစ်သော်လည်း သေဘေးကို တွေးမိဖို့နှင့် များစွာ ကွာလှမ်းနေသေးသည်။ ပလိပ်ကပ်ရောဂါသည် သူတို့၏ အသက်သွေးကြောထဲသို့ ရောက်နေပါပြီကော ဟု ထင်မြင်စရာ အခြေအနေမျိုးသို့ မရောက်ကြသေး။ ရောက်လျှင် သူတို့ ယခုအထိ နေထိုင်ခွင့် ရလာခဲ့သော အနေအထိုင်မျိုးကို မေ့သွားကြရပေမည်။ အချုပ်ဆိုရသော် သူတို့သည် တစ်ခုခု ဖြစ်မည်ကို စောင့်နေကြသည်။ ဘာသာရေးနှင့်ပတ်သက်၍ အခြားပြဿနာများစွာ ကဲ့သို့ပင် ပလိပ်ကပ်က သူတို့၏ ခေါင်းထဲသို့ ထူးဆန်းသော သဘောထားကလေးတစ်ခု သွင်းပေးထားသည်။ ဥပေက္ခာလည်း မဟုတ်၊ အားတက်သရော ရှိမှုလည်း မဟုတ်။ အဆီလျော်ဆုံး ခေါ်ရမည်ဆိုလျှင် ဦးတည်ချက်ဟု ဆိုရမည်လား မသိ။ ဆုတောင်းပွဲ သီတင်းပတ်တွင် ပါဝင်သူ အများစု၏ သဘောထားကမူ ဒေါက်တာရေး ကြားနိုင်လောက်သည့် နေရာ၌ လူတစ်ယောက် ပြောနေသည့် "ဘယ်လိုမဆို အန္တရာယ်တော့ မဖြစ်ပါဘူး" ဆိုသည့် စကားကို ပွဲတင်ထပ်ကြလိမ့်မည် ထင်သည်။ တာရိုက သူ၏ မှတ်စုစာအုပ်တွင် "ဤကိစ္စမျိုး၌ တရုတ်ပြည်တွင် ပလိပ်ကပ်နတ်၏ ရှေ့မှောက်ဝယ် အိုးစည်ဗုံမောင်း တီးကြသည်" ဟု ရေးသွင်းပြီး၊ "တကယ့် လက်တွေ့တွင် ရောဂါကာကွယ်ရေး လုပ်ဆောင်မှုများထက် အိုးစည်ဗုံမောင်းများက ပိုမိုထိရောက်မှု ရှိသည် မရှိသည်ကို

ပြောနိုင်ရန် နည်းလမ်းမရှိ” ဟု မှတ်ချက်ချထားသည်။ သူက ထပ်မံ ရေးသွင်းထားသည်မှာ “ဤကိစ္စထက် ဆုံးဖြတ်ရန် ရှေးဦးစွာ ပလိပ်ကပ်နတ် တကယ်ရှိမရှိကို သေချာအောင်လုပ်ဖို့ လိုမည်။ ဤအချက်တွင် ကျွန်ုပ်တို့ ဘာမျှမသိခြင်းသည် ဤကိစ္စနှင့် ပတ်သက်သည့် ကျွန်ုပ်တို့၏ အတွေးအခေါ် အားလုံးကို ပျက်ပြယ်စေလိမ့်မည် ဖြစ်သည်” ဟူ၍သာ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ။ ဆုတောင်းပွဲသီတင်းပတ် တစ်လျှောက်လုံး ဘုရားရှိခိုးကျောင်းကြီးမှာ ဝတ်ပြုသူများဖြင့် အမြဲပြည့်လျက် ရှိလေသည်။ ပထမ နှစ်ရက် သုံးရက်တွင် လူအတော် များများသည် အပြင်ဘက် ဆင်ဝင်ရှေ့ရှိ ထန်းပင်ကလေးများ၊ သလဲပင်ကလေးများ၏ အောက်မှနေ၍ ဒီရေတက်သလို တက်လာပြီး အနီးအနားရှိ လမ်းများထဲအထိ ဝင်ရောက်ပျောက်ကွယ် သွားသော ဝတ်ပြုသံ၊ တိုင်တည်သံတို့ကို အဝေးမှနေ၍ နားထောင်ကြသည်။ ထို့နောက် တစ်ယောက်က ရှေ့က နမူနာပြ၍ ဝင်သွားသောအခါ နောက်ကလူများလည်း ဘုရားရှိခိုးကျောင်းထဲအထိ ဝင်ကာ မရဲတရဲ လူအများနှင့် ရောလိုက်ကြသည်။ ဒေသနာဟောသည့် တနင်္ဂနွေနေ့တွင် ဘုရားရှိခိုးကျောင်း အလယ်ခန်းမကြီး တစ်ခုလုံး ဝတ်ပြုသူများဖြင့် ပြည့်ကာ ဘေးစင်္ကြံများနှင့် လှေကားထစ်များပေါ်အထိ လျှံထွက်လျက် ရှိလေသည်။ လွန်ခဲ့သည့်နေ့က ကောင်းကင်တွင် မိုးသားများဆင်ကာ ယခု သည်းထန်စွာ ရွာချလိုက်သည်။ အပြင်ဘက်တွင် ရှိနေသူများသည် သူတို့၏ ထီးများကိုဖွင့်၍ ဆောင်းလိုက်ကြ၏။ ဖာသာပနယ်လို တရားဟောစင်မြင့်ဆီသို့ တက်လာသော အချိန်တွင် ဘုရားရှိခိုးကျောင်း အတွင်းရှိ လေထုမှာ အမွှေးတိုင်များမှ အခိုးအငွေ့များ အဝတ်စိုနံ့များဖြင့် မွန်းကျပ်သိပ်သည်း နေပေသည်။

ဖာသာပနယ်လိုကား အရပ်မနိမ့်မမြင့် တုတ်ခိုင်ခိုင် လူတစ်ယောက် ဖြစ်သည်။ သစ်သားဘောင်ကို သူ၏ ကြီးမားသော လက်ကြီးများဖြင့် ဆုပ်ကိုင်ကာ တရားဟောစင်မြင့်ပေါ်သို့ သူ ငုံ့လိုက်သောအခါ သူ၏ အနက်ဝတ်ထားသည့် တုတ်ခိုင်ကြီးမားသော ခန္ဓာကိုယ်ကြီး၏ အပေါ်၌ ပန်းနုရောင် သမ်းနေသော ပါးစုံကြီး နှစ်ဖက်နှင့် ယင်းတို့၏ အထက်စမှ ငွေကိုင်းမျက်မှန်တို့ကိုသာ မြင်ရလေတော့သည်။ သု တရားဟောသောအခါ အသံသြဇာနှင့် ပြည့်စုံ၍ အားတက်သရော ရှိလှသည်ဖြစ်ရာ၊ ဝတ်ပြုလာသူ ပရိသတ်တို့အား ကြည်လင်ပြတ်သားသော အသံဖြင့် “အို၊ ကျွန်ုပ်၏ ညီနောင်ချင်းတို့။ သင်တို့အား အလွန်ဆိုးဝါးတဲ့ ရောဂါန္တရကပ်ကြီး ဆိုက်ရောက်လျက် ရှိတယ်။ ညီနောင်ချင်းတို့။ သင်တို့သည် ဤ အန္တရာယ်ဆိုးကြီးနဲ့ ထိုက်သင့်ကြပေတယ်” ဟု အဖွင့်မိန့်ခွန်း ချွေလိုက်သောအခါ ဆင်ဝင်၏ အပြင်ဘက် မိုးရေထဲရှိ ပရိသတ်များ အထဲတွင် အထိတ်တလန့် အံ့အားသင့်သွားကာ လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

တကယ့် အကြောင်းယုတ္တိကို ဆင်ခြင်လျှင် နောက်ဆက်လက်၍

ဟောပြောသည့်အကြောင်းအရာတို့သည် ဝတ္ထုဆန်သော ဤအဖွင့်မိန့်ခွန်းနှင့် သိပ်မဆိုင်လှသကဲ့သို့ ရှိ၏။ ဒေသနာဟောကြား၍ သွားရင်းတွင်မှ ဖာသာပနယ်လိုသည် သူ၏ အဟောအပြော ကျင်လည်မှုဖြင့် သူ၏ ဒေသနာတစ်ခုလုံး၏ အကျဉ်းချုပ် သဘောကို ထုတ်ထားသည့် ဤအဖွင့်မိန့်ခွန်းဖြင့် တရားနာပရိသတ်ကို ထိုးနှက်လိုက်ခြင်း ဖြစ်ကြောင်း သိမြင်လာကြရလေသည်။ ဤသို့ ထိုးနှက်ပြီးသောအခါ အီဂျစ်ပြည်တွင် ကျရောက်ခဲ့သော ပလိပ်ကပ်ကြီးနှင့် ပတ်သက်၍ (သမ္မာကျမ်းဟောင်းလာ) ဗွဲ့သရေလလူမျိုးတို့ ထွက်မြောက်ခြင်းဝတ္ထုကို ကိုးကား၍ ဟောပြန်လေသည်။ "လူတို့ရဲ့သမိုင်းမှာ ပထမဆုံးအကြိမ် ပလိပ်ကပ်ကြီး ကျရောက်ခဲ့စဉ်က ဒီကပ်ဆိုးကြီးဟာ ဘုရားသခင်ရဲ့ ရန်သူတွေကို ချေမှုန်းဖို့ လွှမ်းမိုးပျံ့နှံ့ခဲ့ခြင်း ဖြစ်တယ်။ ဖာရောဘုရင်ဟာ ဘုရားသခင်ရဲ့ အလိုတော်ကို ဆန့်ကျင်လိုက်တဲ့အတွက် ပလိပ်ကပ်ကြီးက သူ့ကို ဒူးထောက်အောင် ဆုံးမခဲ့တယ်။ အဲသည်လိုပဲ မှတ်တမ်းတင် သမိုင်းများရဲ့ အစဦးကာလ ကတည်းကစပြီး အန္တရာယ်ကပ်ဆိုးကြီးများဟာ မာနကြီးသူများကို ချိုးနှိမ်ကာ ဘုရားသခင်ကို အာခံပြီး ခက်ထန်ခဲ့သူများကို နှိပ်ကွပ်ဖို့ ဆိုက်ရောက်လာခဲ့ကြတယ်။ မိတ်ဆွေ ဒါကို လေးလေးနက်နက် စဉ်းစားကြပါ။ ဒူးထောက်လိုက်ကြပါ"

မိုးကလည်း ပိုမိုသည်းထန် လာသည်တွင် ပြတင်းများပေါ်သို့ မိုးပေါက်များ ရိုက်ခတ်သံမှတစ်ပါး ဘာသံမျှ မကြားရအောင် တိတ်ဆိတ်လျက်ရှိသော ဘုရားဝတ်ကျောင်းကြီး အတွင်း၌ ဤစကားများ၏ ခိုင်မာမှုက လွှမ်းမိုးသွားလေရာ တခဏမျှသာ ဆုတ်ဆိုင်းနေကြပြီး ဝတ်ပြုသူ အချို့သည် ထိုင်နေရာမှ ရှေ့သို့ လျှောဆင်းကာ ဒူးထောက်၍ ချလိုက်ကြလေသည်။ ကျန်လူများလည်း သူတို့လုပ်သလို လိုက်၍ လုပ်သင့်သည်ဟု ယူဆလျက် ဘုရားရှိခိုးကျောင်း ခန်းမတစ်ပြင်လုံး နေရာအနှံ့ တရွရွ လှုပ်သွားကာ များမကြာမီ ဝတ်ပြုသူအားလုံး ဒူးထောက်လျက် ရှိကြလေသည်။ ဤသို့သော လှုပ်ရှားမှုအားလုံးတွင် ကုလားထိုင်ရွှေ့သံ တစ်ချက်တလေမှ လွဲ၍ ဘာသံမျှ မကြားရချေ။ ထိုအခါတွင် ပနယ်လိုသည် သူ့ကိုယ်ကို မတ်မတ်ကြီး ထားလိုက်ပြီး ပင့်သက်တစ်ချက် ဝဝရှိုက်ကာ ဟောရင် ဟောရင်း အင်အားကောင်း၍ လာသောအသံဖြင့် သူ၏ ဒေသနာကို ဆက်လက် ဟောကြားလေသည်။

"ဒီကနေ့ မိမိတို့အထဲမှာ ပလိပ်ကပ်ကြီး ဆိုက်ရောက်လာပြီဆိုရင် မိမိဘာသာမိမိတို့ ပြန်စဉ်းစားကြဖို့ အချိန်ကျလာလို့လည်း ဖြစ်တယ်၊ တော်ဖြောင့်မှန်ကန်သူများမှာ ဘာမျှ ကြောက်စရာမရှိ။ ဒါပေမယ့် မကောင်းမှု ပြုသူများကတော့ ကြောက်ဒူးတုန်စရာအကြောင်း ကောင်းကောင်း ရှိပါတယ်။ ပလိပ်ကပ်ဟာ ဘုရားသခင်ရဲ့ ကောက်သီးခြွေတုတ် ဖြစ်တယ်။ သည်ကမ္ဘာလောကကြီးဟာ ဘုရားသခင်ရဲ့ ကောက်တလင်း ဖြစ်တယ်၊ ဘုရားသခင်ဟာ သူရဲ့ ကောက်တလင်းမှာ ကောက်ရိုးထဲက ကောက်သီးများကို

မကြွေမချင်း ရိုက်ခြွေတော် မူလိမ့်မယ်။ ကောက်သီးကောက်နှံထက် ကောက်ရိုးအမှိုက်သရိုက်က များပါလိမ့်မယ်။ ခေါ်တော်မူသူ အများထဲက အနည်းငယ်ကိုသာ ရွေးတော်မူပါလိမ့်မယ်။ သည်လို ဖြစ်သော်လည်းပဲ သည်အန္တရာယ်ဆိုးကြီးဟာ ဘုရားသခင် အလိုတော်ရှိလို့ ဖြစ်ရတာမဟုတ်ပါ။ သည်ကမ္ဘာလောကကြီးက လူတွေဟာ မကောင်းမှုကို မသိကျိုးကျွံ ပြုလာခဲ့ကြတာ ကြာလွန်းလှပြီ။ ကောင်းကင်ဘုံက ကျလာမည့် မဟာကရုဏာတော်နဲ့ ဘုရားသခင်ရဲ့ ခွင့်လွှတ်ခြင်းကို အားကိုးပြီး လာခဲ့ကြတာ ကြာလွန်းနေပြီ။ အပြစ်ကို နောင်တရရင် ကျေတယ်လို့ လူတွေက ထင်နေခဲ့ကြတယ်။ ဘာကိုမှ ပိတ်ပင်တားဆီးခြင်း မပြုခဲ့ကြဘူး။ လူတိုင်းလူတိုင်းဟာ စိတ်ချလက်ချ အေးအေးဆေးဆေး နေနေကြတယ် အချိန်မကျခင်မှာတော့ အလွယ်ဆုံးလမ်းက မကောင်းမှု မုန်သမျှ စစ်မျက်နှာတိုင်းမှာ လက်နက်ချပြီး လက်ခံ။ ကျန်တာကို ကောင်းကင်ဘုံက မဟာကရုဏာတော်က ဆက်လက် စောင့်ရှောက်လိမ့်မယ်လို့ ထားခဲ့ကြတယ်။ ဘုရားသခင်ဟာ ကာလကြာမြင့်စွာပဲ ဒီမြို့ကို မဟာကရုဏာတော် မျက်လုံးများနဲ့ ကြည့်ရှုတော်မူခဲ့တယ်။ သို့ပေမယ့် စောင့်ဆိုင်းရခြင်းကို ငြီးငွေ့တော်မူပြီး ထာဝရမျှော်လင့်ချက်ဟာလည်း ဝေးသည်ထက် ဝေးလွန်း သွားခဲ့တဲ့အတွက် ကိုယ်တော်ဟာ ကျွန်ုပ်တို့ဆီက မျက်နှာလွှဲတော် မူခဲ့တယ်။ ဒီအခါမှာ ဘုရားသခင်ရဲ့ အရှိန်အဝါတော် ကွယ်ပျောက်ခဲ့ပြီး ကျွန်ုပ်တို့ဟာလည်း အမှောင်ထဲမှာ ဟောဒီ ကပ်ဆိုးကြီးရဲ့ ပိန်းပိတ်နေတဲ့ အမှောင်ထုထဲမှာ လျှောက်ခဲ့ကြရတယ်"

ဝတ်ပြုသူ ပရိသတ်ထဲမှ တစ်ယောက်က ငြင်းဆန်နေသည့် မြင်း၏ နှာမှုတ်သံ ကဲ့သို့သော အသံသဲ့သဲ့ တစ်ချက်ကို ပြုလိုက်၏။ ခဏမျှ တိတ်ဆိတ်သွားပြီး တရားဟောဆရာလည်း လေသံခပ်နိမ့်နိမ့်ဖြင့် ဆက်လက်၍ ဟောလေသည်။

"သူတော်စင်သမိုင်း ရွှေစာကမ္ပည်းတော်မှာ ဘုရင်အစ်ဘာတိုရဲ့ လက်ထက်က အီတလီပြည်ကြီးမှာ ပလိပ်ကပ်ရောဂါကြီး အနှံ့အပြား ကျရောက်ခဲ့ပြီး၊ ရောမနဲ့ ဗီယာမြို့ကြီးများမှာ အကြီးအကျယ်ဆုံး အပျက်အစီးများ ခံခဲ့ကြရတယ်လို့ ဖတ်ရပါတယ်။ အဲဒီကပ်ဆိုးကြီးဟာ ဘယ်လောက်များ ကြောက်စရာ ကောင်းသလဲဆိုရင် သေသူအားလုံးကို မြေမြှုပ်သင်္ဂြိုလ် နိုင်လောက်အောင်တောင် ရှင်သူမရှိတော့ဘူး လို့ ဆိုပါတယ်။ ပြီးတော့ သဗ္ဗာတမန်တော်က လှံတံကိုင် မိစ္ဆာတမန်ကို အမိန့်ပေးပြီး အိမ်တွေကို လှံတံနဲ့ လိုက်ရိုက်စေတာကို လူအများရဲ့ မျက်စိနဲ့ မြင်ကြရတယ်လို့ ဆိုပါတယ်။ မိစ္ဆာတမန်က အိမ်ကို လှံတံနဲ့ရိုက်တဲ့ အချက်ရေနဲ့အမျှ အဲဒီအိမ်ထဲ သေသူတွေကို ထုတ်ယူရတယ်လို့ ဆိုပါတယ်"

ဤနေရာတွင် ပနယ်လိုသည် မိုးရေကြောင်းကန့်လန့်ကာကြီး၏ နောက်ကွယ်ရှိ တစ်စုံတစ်ရာကို ညွှန်ပြနေသည့်အလား သူ၏ တုတ်တိုသော

လက်နှစ်ဖက်ကို ဆင်ဝင်ဆောင်ဘက်သို့ ဆန့်တန်းထားလိုက်လေသည်။

"ညီနောင်များတို့။ လုံတံကိုင် မိစ္ဆာတမန်ဟာ ဒီကနေ့ ကျွန်ုပ်တို့ရဲ့ လမ်းများထဲကို ရောက်လာပြီး မွေနှောက်ဖျက်ဆီး နေပါပြီ။ မိစ္ဆာတမန် ကပ်ဆိုးကြီးဟာ မာရ်နတ်သား ကိုယ်တိုင် ဆင်းလာသလို အရောင်အဝါ ထွန်းလင်းစွာနဲ့ လာနေပါပြီ။ သူ့ရဲ့ ညာဘက်လက်ထဲက လုံတံကြီး တဝင့်ဝင့်နဲ့၊ ဘယ်ဘက်လက်က တစ်အိမ်မဟုတ်တစ်အိမ် လက်ညှိုးညွှန်ရင်း သင်တို့ရဲ့ အိမ်ခေါင်မိုးများပေါ်မှာ ဝဲနေပါပြီ။ အခုပြောနေတဲ့ အချိန်မှာပဲ သူ့လက်ညှိုးဟာ သင့်အိမ်ဘက်ကို ထိုးနေပြီ။ သူ့ရဲ့ နီရဲတဲ့ လုံကြီးဟာလည်း သင့်တံခါးရွက်များပေါ်ကို ရိုက်ခတ်ကောင်း ရိုက်ခတ်နေပြီ ဖြစ်မယ်။ အခုပဲ ကပ်ရောဂါဟာ သင့်အိမ်ထဲကိုဝင် သင့်ကုတင်ပေါ်တက်ပြီး သင်ပြန်အလာကို စောင့်မျှော်နေကောင်း နေပြီဖြစ်မယ်။ ကပ်ဆိုးကြီးဟာ တိမ်းရှောင်ပြေးပုန်းလို့ မလွတ်နိုင်တဲ့ လောကသဘာဝ အင်အားကြီးများလိုပဲ စိတ်ရှည်လက်ရှည်နဲ့ မျက် ခြည်မပြတ် ကြည့်ရင်း သူ့ရဲ့ အခါအခွင့်ကို စောင့်ဆိုင်းလျက် ရှိတယ်။ မိစ္ဆာတမန်ရဲ့ လက်ညှိုးက သင့်အိမ်ကို ထိုးလိုက်ပြီဆိုရင် ဒီကမ္ဘာမြေအပြင်မှာ ဘယ်လို အင်အားမျိုးနဲ့မှ လွှဲဖယ်ပစ်ဖို့ မတတ်နိုင်ပါဘူး။ အသေအချာ မှတ်ထားကြပါ။ အင်အားကြီးမားတယ်လို့ မောက်ကြွားဝင့်ဝါလှတဲ့ လူတို့ရဲ့ သိပ္ပံပညာဟာလည်း ဘာမှ မတတ်နိုင်ပါဘူး။ ဒုက္ခဝေဒနာ အပြည့်နဲ့ သွေးစွန်းနေတဲ့ ဟောဒီ ကောက်တလင်းမှာ ကော လှေ့သလို လှေ့ပြီး၊ သင့်ကိုလည်း ကောက်ရိုး အမှိုက်သရိုက်များနဲ့အတူ လေထဲကို လွှင့်ထုတ်ပစ်လိုက်မှာသာ ဖြစ်ပါတယ်"

ဤနေရာတွင် ဖာသာပနယ်လိုသည် အာဝဇ္ဇန်းရွှင်ရွှင်နှင့် ကောက်သီးတုတ် ဥပမာကို ပြန်၍ ကောက်ပြန်သည်။ သူ၏ တရားနာပရိသတ်အား ရောမ သစ်သားချောင်းကြီး တစ်ချောင်း မြို့ပေါ်တွင်ဝဲကာ တွေ့ရာကြုံရာကို ရိုက်ခတ်လျက် ပြန်၍ အမြှောက်လိုက်တွင် သွေးစက်ပေါက်များ တဖွားဖွားကျလျက်၊ မြေပြင်ထက်၌လည်း မြင်မကောင်း ရှုမကောင်း အလောင်းချင်းထပ်လျက်၊ ဒုက္ခဝေဒနာ၊ အော်ဟစ်ငိုကြွေးလျက် သစ္စာကောက်ပင်များ ပေါက်ပွားစေမည့် မျိုးကြဲချိန်အတွက် ပြင်ဆင်နေဟန်ကို သရုပ်သဏ္ဍာန်ပေါ်အောင် တွေးတောထင်မြင်၍ အကြည့်ခိုင်းလေသည်။

သူ၏ စကားတစ်ဖြတ် အဆုံးတွင် ဖာသာပနယ်လိုသည် ခေတ္တရပ်နားလိုက်သည်။ သူ၏ ဆံပင်တို့သည် နဖူးပေါ်တွင် ဖရိုဖရဲကျလျက်။ တရားဟောစင်ကို ဆုပ်ကိုင်ထားသော လက်က တုန်သဖြင့် သူ့ကိုယ်မှာလည်း လှုပ်လျက်။ သူ ဆက်လာ၍ ပြောသောအခါ သူ၏အသံမှာ ရှေးကထက် တိုးသွားသော်လည်း စွပ်စွဲချက်များဖြင့် တုန်ဟည်းလျက် ရှိလေသည်။

"ဟုတ်ပါတယ်။ လေးလေးနက်နက် စဉ်းစားကြဖို့ အချိန်ကျရောက် လာပါပြီ။

သင်တို့ဟာ ဘုရားသခင်ရဲ့ ထံတော်ကို တနင်္ဂနွေနေ့မှာ ရောက်ရင် တော်သင့်လောက်ပြီလို့ ယုံကြည်စွဲလန်းပြီး ကျန်တဲ့နေ့တွေမှာတော့ စိတ်လွတ်လက်လွတ် နေချင်ကြတယ်။ သင်တို့ရဲ့ အပြစ်မကင်းတဲ့ ဥပေက္ခာမှုတွေအတွက် ဘုရားသခင်ထံမှ ထုံးစံရှိတဲ့အတိုင်း နည်းနည်းပါးပါး ဝတ်ပြုပြီး ဒူးထောက်ပြလိုက်ရင် ကျေတယ်လို့ ယုံကြည်နေကြတယ်။ သို့ပေမယ့် ဘုရားသခင်ကိုတော့ လှည့်စားလို့ မရပေဘူး။ အခုလို ခဏတဖြုတ် လာရောက်တွေ့ဆုံရုံနဲ့ ကိုယ်တော်ရဲ့ ကြီးမားလှတဲ့ မေတ္တာတော်ဆန္ဒကို ဖြည့်စွမ်းနိုင်မယ် မဟုတ်ပါဘူး။ ကိုယ်တော်ဟာ သင်တို့ကို သည့်ထက် အကြိမ်များစွာ သည့်ထက်ကြာကြာ တွေ့ဆုံတော် မူလိုတယ်။ ဒါဟာ ကိုယ်တော်ရဲ့ မေတ္တာတော်ထားပုံ၊ တစ်ခုတည်းသော မေတ္တာတော်ထားပုံ အစစ်အမှန် ဖြစ်တယ်။ ဒါကြောင့်လည်း သင်တို့အလာကို ငံ့မျှော်စောင့်ဆိုင်းရင်း ငြီးငွေ့တော်မူတဲ့အတွက် သမိုင်းဦးခေတ်က စပြီး ကိုယ်တော်ကို မျက်တော်မူအောင်ပြုတဲ့ မြို့ကြီးအားလုံးကို ဒဏ်ခတ်တော်မူသလိုပဲ အခုလည်း ကပ်ရောဂါကြီးကို လွှတ်တော်မူခဲ့ခြင်း ဖြစ်တယ်၊ ကာအိနနဲ့ သူ့သားတို့၊ ဆိုဒုံဂိုမြို့၊ မိုရာမြို့များက မြို့သူမြို့သားတို့၊ ယောဖနဲ့ ဖာရောဘုရင်တို့၊ ဘုရားသခင်ကို အာခံပြီး ခက်ထန်ခဲ့ကြသူ အားလုံးတို့ ရခဲ့ကြတဲ့ သင်ခန်းစာမျိုးကို အခု သင်တို့ ယူနေကြရပြီ။ မြို့တံခါးများက သင်တို့နဲ့တကွ ပလိပ်ကပ်ရောဂါကြီးကို ပိတ်ထားလိုက် ကတည်းက သင်တို့လည်း သူတို့လိုပဲ လူသားအားလုံးနဲ့ ဖန်ဆင်းတော်မူရာ အားလုံးကို အမြင်တစ်မျိုးနဲ့ ကြည့်ခဲ့ကြတယ်။ အခုမှပဲ ဒီအရာအားလုံးကို အမြင်တစ်မျိုးနဲ့ ကြည့်ခဲ့ကြတယ်။ အခုမှပဲ ဒီအရာအားလုံးကို တစ်လုံးတစ်စည်းတည်း ကြည့်မြင်တတ်ဖို့အချိန် ကျရောက်လာပြီ ဆိုတာကို သင်တို့ သိလာကြတယ်”

ဘုရားဝတ်ပြုခန်းမကြီး ထဲသို့ မိုးသက်လေကလေး တစ်ချက် အဝှေ့လိုက်တွင် ထွန်းညှိထားသော ဖယောင်းတိုင် မီးတောက်များ ယိမ်းသွားကာ ငြိမ်းလုမတတ် လှုပ်သွားသည်။ ဖယောင်းညှော်နံ့များ၊ ချောင်းဆိုးသံများ၊ ခပ်အုပ်အုပ် နှာချေသံများ ဖာသာပနယ်လိုထံသို့ ရောက်သွားသည်။ ဖာသာပနယ်လိုလည်း သူ၏ အဖွင့်မိန့်ခွန်း စကားများကို ပြန်ကောက်ကာ လူတိုင်း သဘောကျလောက်အောင် သိမ်မွေ့သည့် လေသံဖြင့် အေးဆေးတည်ငြိမ်စွာ ဆက်လက်၍ ဟောပြန်သည်။ “အသင်တို့ အထဲက လူများစွာက ကျွန်ုပ် ဘာပြောဖို့ ရည်ရွယ်ပါလိမ့်မလဲ ဆိုတာကို တွေးနေကြမယ် ဆိုတာကို သိပါတယ်။ ကျွန်ုပ် ပြောဖို့ ရည်ရွယ်တာကတော့ သစ္စာတရား ဆိုတာနဲ့ အသင်တို့ကို ဝမ်းသာပျော်ရွှင်မှု ပြုနိုင်အောင် ညွှန်ပြပေးဖို့ပါပဲ။ မှန်ပါတယ်။ အခု ကျွန်ုပ်ပြောခဲ့တာတွေက ဘယ်လိုပဲရှိရှိ၊ သင်တို့ဟာ ဝမ်းသာပျော်ရွှင်မှုကို ပြုနိုင်ကြပါလိမ့်မယ်။ အသင်တို့ကို လမ်းမှန်ရောက်အောင် တစ်လက်တစ်ဖက် ဖေးကူပေးတာတို့၊ အကြံကောင်း ဉာဏ်ကောင်း ပေးတာသက်သက်တို့ ဆိုတာတွေလောက်နဲ့ မရတော့ဘဲ အချိန်ကို ရောက်လာလို့ပဲ ဖြစ်ပါတယ်။ ဒီကနေ့အဖို့မှာ သစ္စာတရားဆိုတာဟာ အမိန့်နဲ့ညွှန်ပြရတဲ့အရာ

ဖြစ်နေပါတယ်။ လွတ်မြောက်ဖို့ တစ်လမ်းတည်းသာ ရှိတော့တဲ့ လမ်းကျဉ်းကလေးဆီကို ညွှန်ပြပေးနေတဲ့ လုံတံနီ ဖြစ်ပါတယ်။ အဲသည့်လိုပဲ ညီနောင်ချင်းတို့။ သင်တို့ကို ဘုရားသခင်ရဲ့ မဟာကရုဏာတော်က အရာရာတိုင်းမှာ အကောင်းနဲ့အဆိုး ခွဲခြားပြခဲ့ပြီး၊ အမျက်ဒေါသနဲ့ ကရုဏာကိုလည်း ခွဲခြားပြခဲ့ပြီ။ ပလိပ်ကပ်နဲ့ သင်တို့ရဲ့ လွတ်မြောက်ရေးကိုလည်း ခွဲခြားပြခဲ့ပြီ။ သင်တို့ကို သတိဖြတ်ညှဉ်းဆဲဖို့ လာနေတဲ့ ဒီကပ်ဆိုးကြီးကပဲ သင်တို့ရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်ပြီး သင်တို့ရဲ့ သွားရာလမ်းကို ညွှန်ပြပေးနေပါပြီ…

“ရှေးရာစုနှစ်ပေါင်း များစွာက အဘီဆီနီယာပြည်က ခရစ်ယန်ဘာသာဝင်များ ပလိပ်ရောဂါကို ထာဝရဘဝ ရရှိရေးအတွက် ဘုရားသခင်ပေးတော်မူတဲ့ နည်းလမ်းကောင်း ဖြစ်တယ်လို့ မြင်ခဲ့ကြတယ်။ ဒီကပ်ရောဂါနဲ့ သေဆုံးသွားသူများကို ပတ်တဲ့အဝတ်တွေနဲ့ သူတို့ကိုယ်ကို ရစ်ပတ်ကြတယ်လို့ ဆိုပါတယ်။ အဲသလို သွေးရူးသွေးတန်း လွတ်မြောက်မှု ရှာတာမျိုးကိုတော့ မချီးမွမ်းသင့်ပါဘူး။ ဒါဟာ ဒရေသောပါး နိုင်လွန်းလှပါတယ်။ ရဲတင်းလွန်းလှပါတယ်။ ကျွန်ုပ်တို့ အပြစ်တင်ရမှာ ဘုရားသခင်ရဲ့ လုပ်ရပ်ကို ဘယ်သူမှ အတင်း တိုက်တွန်းချင်လို့ မရပါဘူး။ ချိန်းဆိုတော်မူတဲ့ အချိန်နာရီကို မြန်မြန်ရောက်လာအောင် လုပ်ချင်လို့လည်း မရနိုင်ပါဘူး။ ဘုရားသခင်က ပြုပြင်ပြောင်းလဲလို့ မရနိုင်အောင် စီမံတော်မူတဲ့ ဖြစ်စဉ်များကို လျင်မြန်စေအောင် ပြုမူလုပ်ဆောင်မှုများဟာ မိစ္ဆာဒိဋ္ဌိတို့ရဲ့လမ်းစဉ်သာ ဖြစ်ပါတယ်။ သို့ပင်ဖြစ်သော်လည်း အဘီဆီနီယာ ခရစ်ယန်တို့ရဲ့လုပ်ရပ်များဟာ အလွန်အကျွံ ဖြစ်ပေမယ့် သူတို့ရဲ့ ထက်သန်တဲ့ စိတ်ဓာတ်ကတော့ ကျွန်ုပ်တို့အဖို့ အကျိုးရှိတဲ့သင်ခန်းစာ ဖြစ်နိုင်ပါတယ်။ အဲဒီလုပ်ရပ်မှာ အတော်များများ အစိတ်အပိုင်းကတော့ ပိုမိုတိုးတက်တဲ့ အယူအဆရှိတဲ့ ကျွန်ုပ်တို့ရဲ့ စိတ်ဓာတ်နဲ့ ဆန့်ကျင်ဖီလာ ဖြစ်နေပါလိမ့်မယ်။ ဒါပေမယ့် ဒါဟာ လူတို့ရဲ့ ဒုက္ခဝေဒနာ ခံစားမှုများရဲ့ အတွင်းကျကျ အမှောင်ထု တစ်နေရာဆီမှာ ငြိမ်ငြိမ်သက်သက် တောက်နေတဲ့ ထာဝရ မီးတောက်ကလေးတစ်ခုရဲ့ အလင်းရောင်ကို ရိပ်ခနဲမြင်အောင် ပြလိုက်သလိုတော့ ဖြစ်ပါလိမ့်မယ်။ အဲဒီ အလင်းရောင်ဟာလည်း လွတ်မြောက်ရာကို အရောက်သွားဖို့ ခရီးရဲ့ မှောင်ရိပ်ကျတဲ့ လမ်းများမှာ ထွန်းပြတဲ့အလင်းရောင် ဖြစ်ပါတယ်။ ဒီအလင်းရောင်ဟာ အဆိုးကို အကောင်းဖြစ်အောင် မလွဲမသွေ ပြောင်းပေးလိုက်တဲ့ ဘုရားသခင်ရဲ့ အလိုတော်ကို ဖော်ပြလျက်ရှိတယ်။ ဒီကနေ့လည်းပဲ ဒီအလင်းရောင်ကလေးက ကျွန်ုပ်တို့ကို အင်မတန် မှောင်မိုက်ပြီး ထိတ်လန့်စရာတွေ၊ ဒုက္ခဝေဒနာတွေနဲ့ အတိပြီးတဲ့ ချိုင့်ဝှမ်းကြီးထဲကို ဖြတ်သန်းပြီး အားလုံးရဲ့ ထာဝရအသက်တည်ရာ အေးချမ်းသာယာလှတဲ့ စမ်းရေကြည်တွင်းဆီကို ခေါ်ဆောင်သွားလျက် ရှိပါတယ်။ မိတ်ဆွေတို့။ ဒါဟာ အခု သင်တို့ ဘုရားသခင်ရဲ့ ဗိမာန်တော်က ထွက်ခွာသွားကြတဲ့အခါ ယူဆောင်သွားကြဖို့ အမျက်ဒေါသ စကားများ သာမက သင်တို့ရဲ့ စိတ်နှလုံးကို ငြိမ်းချမ်းစေဖို့ အတွက်ပါ ကျွန်ုပ်က ပါးလိုက်တဲ့ နှစ်သိမ့်စကားလက်ဆောင် ဖြစ်ပါတယ်”

လူတိုင်းက ဒေသနာပြီးဆုံးပြီ ဟု ယူဆကြသည်။ အပြင်ဘက်တွင် မိုးတိတ်သွားပြီး ဘုရားရှိခိုးကျောင်း မျက်နှာစာရင်ပြင်တွင် မိုးရေစိုစွတ်လျက် နေရောင်ဝင်းဝါလာသည်။ လမ်းထဲမှ မသဲမကွဲစကားပြောသံများ၊ သွားကြလာကြသည့် အသံများ ခပ်သဲ့သဲ့ ပေါ်ထွက်လာသည်။ နိုးထလာသောမြို့၏ စကားသံပေတည်း။ ဘုရားဝတ်ပြုသူများသည် ပြန်ကြရန်အတွက် မိမိတို့၏ ပစ္စည်းကလေးများကို သိုသိုသိပ်သပ် သိမ်းဆည်းလျက် ရှိကြသဖြင့် လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ သို့ရာတွင် ဖာသာပနယ်လို၌ ပြောစရာစကား အနည်းငယ် ကျန်သေးသည်။ ဤပလိပ်ကပ်သည် သူတို့၏ အပြစ်များကို ဒဏ်ခတ်ရန်အတွက် ဘုရားသခင်ထံတော်မှ လာသည် ဆိုသည်ကို ထင်ရှားစေပြီးသည့် နောက်တွင် ဤဖြစ်ရပ်များမှာ စိတ်မချမ်းမြေ့ ဘွယ်ရာများသာ ဖြစ်သဖြင့် အဆီအငေါ်မတည့် ဖြစ်နေမည် စိုးသည့်အတွက် သူ့အနေဖြင့် ယင်းတို့အား စကားပရိယာယ်ဖြင့် အကျယ်မချဲ့ လိုတော့ကြောင်း၊ ယခုအခါ သူတို့အားလုံး မိမိတို့၏ အခြေအနေကို အမြင်မှန်ဖြင့် မြင်ကြလိမ့်မည် ဟု သူက မျှော်လင့်ယုံကြည် ထားကြောင်း၊ သို့သော် တရားဟောစင်မှ သူ မထွက်ခွာမီ သူဖတ်နေခဲ့သည့် ဥရောပ ပလိပ်ကပ်ဆိုးကြီး မာဆေးမြို့တွင် ကျရောက်ခဲ့စဉ်က သမိုင်းမှတ်တမ်းဟောင်းများမှ အကြောင်းအရာများကို ပြောပြလိုသေးကြောင်း၊ ထိုမှတ်တမ်းများ၌ မှတ်တမ်းဆရာ မက်သယူးမာရေက သူ၏ကံကြမ္မာကို ငိုညည်းထားသည့် အခန်းတွင် သူ့မှာ ငရဲသို့ ပစ်ချခြင်းခံရပြီး ကယ်မည့်သူမရှိ၊ ကူမည့်သူမရှိ၊ မျှော်လင့်ချက်လည်း မရှိဘဲ နွမ်းလျအားငယ်ခဲ့ရသည် ဟု ဆိုထားကြောင်း။ အမှန် မက်သယူးမာရေမှာ မျက်ကန်းဖြစ်ကြောင်း၊ ဖာသာပနယ်လို အနေဖြင့် ယနေ့ ယခု အချိန်အခါလောက် ဘုရားသခင်၏ အကူအညီ အကယ်အမနှင့် အားလုံး ညီတူညီမျှ ရနိုင်ခွင့်ရှိသည့် ခရစ်ယာန်တို့၏ မျှော်လင့်ချက် များပြားသည်ကို တစ်ခါမျှ မတွေ့ခဲ့ရဘူးသေးကြောင်း၊ ယခု အမှောင်တိုက် ကျရောက်လျက်ရှိသည့် ကြောက်မက်ဖွယ်ရာ ကာလများ၌ လူအများ ဒုက္ခဝေဒနာခံစားကာ ညည်းညူကြလျက် ရှိသည့်ကြားထဲကပင် ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် ခရစ်ယန် အစစ်အမှန်တို့၏ ဆုတောင်းပတ္တနာဖြစ်သည့် မေတ္တာတရားကို ဘုရားသခင်ထံတော်၌ ဆုတောင်းကြလိမ့်မည် ဟု သူက မျှော်လင့်လျက် ရှိကြောင်း၊ ကျန်သည့်အပိုင်းကို ဘုရားသခင်က စောင့်ရှောက်တော်မူလိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်လေသည်။

* * *

။၄။

ဤဒသနာသည် ကျွန်ုပ်တို့၏ မြို့သူမြို့သားအပေါ်၌ ထိရောက်မှုရှိသည် မရှိသည်ကို ပြောရန်ခက်သည်။ တရားသူကြီး မွန်ဆီယာအိုသုန်ကမူ ဒေါက်တာရေးအား တရားဟောဆရာ၏ ဒေသနာသည် ငြင်းစရာ လုံးဝမရှိကြောင်း သူ၏ ထင်မြင်ချက်ကို ပြောလေသည်။ သို့ရာတွင် လူတိုင်းတော့ ဤသို့ အကွဲင်းမဲ့ အမြင်မျိုး မရှိချေ။ အချို့လူများအဖို့မူ သူတို့သည် ဘာပြစ်မှုမှန်း မသိသော ပြစ်မှုဖြင့် ရက်အကန့်အသတ်မရှိ အပြစ်ဒဏ်ခံစေရန် စီရင်ချက်ချမှတ်ခြင်း ခံရသည်ဟူသော အသိမျိုးကိုသာ ရရှိစေလေသည်။ လူအတော်များများက ဤသို့ အကျဉ်းကျခံရသည့် အဖြစ်၌ နေတတ်အောင်နေကာ ရေးကကဲ့သို့ပင် သူတို့၏ ငြိမ်းငွေ့ဖွယ် နေ့စဉ်အလုပ်ခွင်များသို့ ဝင်လျက်ရှိကြစဉ် ဤအကျဉ်းထောင်ကြီးမှ ဖောက်ဖျက်ထွက်ပြေးရန်သာ စိတ်ရှိတော့သော အခြားလူများကမူ ပုန်ကန်လျက် ရှိကြလေသည်။

ပထမတွင် အပြင်လောကနှင့် အဆက်အသွယ်ဖြတ်ထားခြင်းကို သူတို့၏ နေထိုင်မှု အလေ့အကျင့်ကလေး အနည်းငယ်ကိုသာ ထိခိုက် နှောင့်ယှက်လာသည့် အခြားအခြားသော ယာယီ ကသိကအောက် ကိစ္စမျိုးကို သည်းခံသကဲ့သို့ပင် အပြုံးမပျက် လက်ခံခဲ့ကြသည်။ ယခုမူ သူတို့သည် နွေရာသီရောက်လာပြီ ဖြစ်၍ ခြစ်ခြစ် တောက် ပူစပြုနေပြီဖြစ်သော ဤမိုးပြာခုံးကြီး၏ အောက်တွင် ထောင်ကျသလို အကျခံနေကြရကြောင်း ရုတ်တရက် သိရှိလာကြပြီး ယခုဖြစ်ရပ်များ၏ လက်ရှိအခြေအနေက သူတို့၏ ဘဝများကို ဖျက်ဆီးပစ်ရန် ခြိမ်းခြောက်လျက်ရှိကြောင်း ဝိုးတဝါးသိမြင်ကာ ညနေခင်း လေအေးကလေးက ပက်ဖျန်းလိုက်၍ အားအင် ပြန်လည်ပြည့်ဖြိုး လာချိန်၌ ဤသို့ဤနှယ် ထောင်ထဲတွင်ထည့်၍ အပိတ်ခံနေရသည် ဟူသောအသိက သူတို့အား တစ်ခါတစ်ခါ မိုက်မဲသည့် အမှုများကို ပြုစေရန် လှုံ့ဆော်ပေးတတ်လေသည်။

တိုက်ဆိုင်မှုကြောင့် ဖြစ်ချင်ဖြစ်မည်၊ ဖြစ်ချင်မှလည်း ဖြစ်မည်။ ဤ တနင်္ဂနွေဒေသနာ ဟောလိုက်သည့် အချိန်မှစ၍ မြို့တွင်းနေရာ အနှံ့အပြားတွင် သေဘေးကို ထိတ်လန့်စ ပြုလာပြီး ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် ယခုမှပင် သူတို့၏ တကယ့် အခြေအနေမှန်ကို ရိပ်စားမိလာကြသည် ဟု ထင်ရလောက်အောင်ပင် ကြောက်စိတ်ဝင်ခဲ့ ကြလေသည်။ ဤရှုထောင့်မှ ကြည့်လျှင် မြို့၏ ဝန်းကျင်အခြေအနေမှာ တစ်နည်းတစ်ဖုံ ပြောင်းလဲလာခဲ့သည်ကို တွေ့ရမည်။ သို့ရာတွင် ပြောင်းလဲ၍ လာခဲ့သည်မှာ မြို့၏ ဝန်းကျင်အခြေအနေလား၊ လူတွေ၏ အတွင်းစိတ်ဓာတ်လား ဆိုသည်ကို ပြောရန်မှာ လွယ်ကူသောအလုပ် မဟုတ်ပါချေ။

ဒေသနာ ဟောကြားပြီးနောက် ရက်အနည်းငယ် အကြာ ဒေါက်တာရေးသည် မြို့အစွန် ရပ်ကွက်တစ်ခုဆီသို့ လျှောက်သွားရင်း ဤသို့သော အပြောင်းအလဲကို ဂရန်းနှင့် ဆွေးနွေးလျက်ရှိစဉ် စကြံအလယ် မှောင်မိုက်ထဲ၌ ရှေ့တိုးရန် အားမထုတ်ဘဲ ဝဲယာယိမ်းထိုးနေသော လူတစ်ယောက်နှင့် ဝင်၍ တိုးမိလေသည်။ ထိုအခိုက်မှာပင် တစ်နေ့ထက်တစ်နေ့ နောက်ကျ၍ ဖွင့်သောလမ်းမီးများ ရုတ်တရက်လင်းလာပြီး ရေးနှင့် သူ့အဖော်တို့၏ နောက်နားစရှိ မီးတိုင်မှ အလင်းရောင်သည် ထိုလူ၏ မျက်နှာပေါ်သို့ ကျလာသည်။ ထိုလူသည် မျက်လုံးများကို ပိတ်လျက် အသံမထွက်ဘဲ ရယ်နေသည်။ ဤသို့ ပျော်ရွှင်နေသဖြင့် ယုံရွဲ့နေသော သူ၏မျက်နှာပေါ်သို့ ချွေးသီးချွေးပေါက်များ စီးကျလျက် ရှိလေသည်။

ဂရန်းက "အရူးတစ်ယောက် လွတ်လာတာ" ဟု ဆိုသည်။

ရေးက သူ့လက်မောင်းကိုဆွဲကာ ရှေ့သို့ တွန်းခေါ်ခဲ့သည်တွင် ဂရန်းမှာ တဆတ်ဆတ် တုန်လျက်ရှိသည်ကို သတိပြုမိလေသည်။

ရေးသည် "ဒီအတိုင်းသာ သွားနေကြရင်တော့ တစ်မြို့လုံး အရူးထောင်ကြီး ဖြစ်တော့မှာပဲ" ဟု ဆိုလိုက်သည်။ သူ အတော်မောသွားပြီး လည်ချောင်းများ ခြောက်လာသဖြင့် "တစ်ခုခု သောက်ရအောင်ဗျာ" ဟု ပြောလိုက်၏။

သူတို့သည် ဆိုင်ကလေးတစ်ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ တစ်ခုတည်းသော မီးရောင်သည် အရက်ရောင်းသည့် ကောင်တာ၏အထက်မှ လာလေသည်။ လေထုမှာ သိပ်သည်း၍ ထူးထူးဆန်းဆန်းပင် နီကျင်ကျင် ဖြစ်နေသည်။ ဘာအကြောင်းမျှ ထင်ရှားသိသာအောင် မရှိဘဲ လူတိုင်းလူတိုင်း စကားကို လေသံခပ်အုပ်အုပ်ဖြင့် ပြောလျက်ရှိကြ၏။

ဂရန်းသည် အရက်သက်သက် ဖန်ခွက်ငယ်တစ်ခုကို မှာယူ၍ တကျိုက်တည်း မော့ချလိုက်သည်ကို တွေ့ရသဖြင့် ဆရာဝန်မှာ အံ့အားသင့်ရ၏။ "ပြင်းလိုက်တဲ့ အရက်ဗျာ" ဟု သူက မှတ်ချက်ချလိုက်ပြီး တခဏမျှကြာသော် သူက "သွားကြစို့" ဟု ဆိုသည်။

လမ်းထဲသို့ ရောက်ကြသောအခါ ဒေါက်တာရေး၏ စိတ်၌ ညဥ့်သည် တီးတိုးသံများဖြင့် ပြည့်လျက်ရှိသည်ဟု ထင်မိလေသည်။ လမ်းမီးတိုင်များ၏ အထက်ရှိ အမှောင်ထုဆီမှလည်း သစ်ပင်များကို လေတိုးသည့် အသံကဲ့သို့ အုတ်အုတ်ရောရော အသံများကို ခပ်သဲ့သဲ့ ကြားနေရသည်ဟု ထင်မိကာ ပနယ်လိုပြောသည့် လေထဲတွင် တဝဲဝဲယမ်းနေသည့် မမြင်ရသော ကောက်သီးခြွေတုတ်ကြီးကို သတိရလိုက်မိလေသည်။

"တော်သေးတယ် ဆရာ တော်သေးတယ်" ဟု ဂရန်းကဆိုကာ

ရပ်ထားလိုက်သည်။

ရေးက သူ ဘာကို ပြောချင်နေခဲ့သည်ကို မေးလိုက်၏။

"တော်သေးတာပေါ့ ဆရာ။ ကျွန်တော့်မှာ အလုပ်ရှိနေလို့"

ရေးက "အင်း၊ ဟုတ်တာပေါ့၊ ဘယ်လိုမဆို ဒါလည်း တစ်မျိုးပေါ့လေ" ဆိုကာ လေထဲက ကြောက်မက်ဖွယ်ရာ တရောရောအသံကို မကြားစေရန် ဂရန်းအား သူ့အလုပ်က အကျိုးဖြစ်ထွန်းရဲ့လားဟု မေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာ။ အတော်ကလေးတော့ တွင်နေပါပြီ ဆိုပါတော့"

"အတော်များများ လုပ်စရာ ကျန်သေးသလား"

ဂရန်းသည် ခါတိုင်းကဲ့သို့ မဟုတ်ဘဲ လှုပ်လှုပ်ရှားရှား အမူအရာ ပြလာသည်။ သူ သောက်ထားသည့် အရက်ကြောင့် သူ၏လေသံမှာလည်း တက်တက်ကြွ ဖြစ်နေသည်။

"ကျွန်တော် မသိဘူး။ ဒါပေမယ့် ဒါက အရေးကြီးတာ မဟုတ်ပါဘူးဆရာ။ ဟုတ်ပါတယ်။ ဒါက အရေးမကြီးပါဘူး ဆိုတာ ကျွန်တော် ပြောနိုင်ပါတယ်"

မှောင်လွန်းနေသဖြင့် ဘာမျှ မမြင်ရ၊ သို့သော် ဂရန်းသည် သူ၏လက်ကို ဝှေ့ယမ်းနေသည်ဟု ရေးက ထင်မိသည်။ သူသည် တစ်စုံတစ်ရာကို ပြောရန် သူ့ကိုယ်သူ အရှိန်ယူနေဟန် တူ၏။ ပြောလိုက်သော အခါတွင်လည်း စကားလုံးများက ဒလဟော ထွက်လာကြသည်။

"ကျွန်တော်လိုချင်တာက ဆရာရယ် ဒီလိုပါ။ ဒီစာမူ ထုတ်ဝေသူဆီကို ရောက်သွားတဲ့နေ့မှာ သူဟာ ဒါကိုဖတ်ကြည့်ပြီး ထိုင်ရာက ထ၊ သူ့ရဲ့အယ်ဒီတာများကို 'လူကြီးမင်းများ ခင်ဗျား။ ဦးထုပ်များ ချွတ်ပြီး အလေးပြုကြပါ' လို့ အော်ပြောလိုက်ရတဲ့ စာမူမျိုး ဖြစ်စေချင်တာ"

ရေး အံ့အားသင့်သွားရသည်။ ထိုမျှမက သူ့ဘေးက ပုဂ္ဂိုလ်ကြီးသည် သူ၏လက်ကို ခေါင်းဆီသို့မြှောက်ကာ ဦးထုပ်ကိုချွတ်၍ ဟန်ပါပါ ဝှေ့ယမ်းရင်း ရှေ့သို့ ဆန့်တန်းလိုက်သည်ကို သူမြင်ရသလား၊ မြင်လိုက်သည်ဟု ထင်ရသလားတော့ မသိ။ သူ့မှာ ပိုမို အံ့အားသင့်နေမိသည်။ သူတို့ခေါင်းပေါ်က အုတ်အုတ်ရောရော အသံသည် ပိုမို အားကောင်းလာပြန်ဟန် တူလေသည်။

ဂရန်းက "အဲသလိုမှ ဆရာရဲ့" ဟု ဆိုကာ၊ "ဘာအပြစ်အနာအဆာမှ မရှိမှ" ဟု ဆက်ပြောသည်။

စာပေလောကအကြောင်း ဒေါက်တာရေး သိပ်မသိသော်လည်း ဤကဲ့သို့ ထူးထူးခြားခြား သရုပ်ဆောင်မှုမျိုးတော့ မရှိတန်ရာဟု သံသယ ဖြစ်မိသည်။ ထုတ်ဝေသူများသည် သူတို့ အလုပ်ဌာနများတွင် ဦးထုပ်များဆောင်းလျက် ထိုင်နေကြမည်လည်း မဟုတ်။ သို့သော် အသေအချာတော့ မပြောတတ်။ ရေးလည်း အေးအေးနေလိုက်သည်။ သူသည် ပလိပ်ကပ်၏ တီးတိုးသံ၊ သူတို့အထက်မှ ကြားနေရသည့် ကြောက်မက်ဖွယ်အသံများကို နားမထောင်ဘဲနေရန် အားထုတ်သော်လည်း မရ။ နားထောင်၍သာ နေမိလေသည်။ သူတို့သည် ဂရန်းနေသော အပိုင်းသို့ ရောက်ခဲ့ကြ၏။ ကုန်းမြင့်ကလေးပေါ်တွင် တည်ရှိ၍ သူတို့၏ ပါးများကို ညဥ့်လေအေးကလေးက ရိုက်ခတ်လိုက်ပြီး၊ သူတို့ထံမှ မြို့၏ အသံဗလံများကို တိုက်ခတ်သယ်ဆောင် သွားသည်။

ဂရန်းက စကားဆက်ပြောလာသည်။ သို့သော် ဒေါက်တာရေးက သူကောင့်သားကြီး ပြောနေသည်တို့ကို အားလုံး မမီလိုက်ချေ။ သူ နားလည်လိုက်သလောက်မှာ ဂရန်း၏ စာအုပ်သည် စာမျက်နှာများစွာ ရှိရမည်ဖြစ်ပြီး အပြစ် အနာအဆာ ကင်းစင်စေရန် ဂရန်းက အသေအလဲ ကြိုးစားလျက်ရှိသည် ဟူ၍ဖြစ်၏။ “စဉ်းစားကြည့်ပါ ဆရာ။ စကားလုံးကလေး တစ်လုံးနဲ့ ညနေတိုင်း တစ်ပတ်လုံး ကုန်တယ်။ တစ်ခါတလေ သမ္ဗန္ဓကလေး တစ်လုံးတည်းနဲ့ပဲ”

ဂရန်းက ရုတ်တရက် ရပ်တန့်လိုက်ပြီး ဆရာဝန်၏ ရင်ဘတ်ကိုဆွဲကာ သူ၏ သွားမရှိတော့သလောက် ဖြစ်သော ပါးစပ်မှ စကားလုံးများ ဒလိမ့်ခေါက်ကွေး ထွက်လာသည်။

“ဆရာ နားလည်စေချင်ပါတယ်။ ‘သို့သော်’ နဲ့ ‘ထို့ပြင်’ ကို ရွေးရတာ လွယ်တယ်ဆိုတာ ထားပါတော့။ ‘ထို့ပြင်’ နဲ့ ‘ထို့နောက်’ ဆိုတာမျိုးကျတော့ နည်းနည်းပိုခက်ပါတယ်။ ဒါပေမယ့် အခက်ဆုံးကတော့ ‘ထို့အပြင်’ ဆိုတဲ့စကား ထည့်ရမလား ချန်ခဲ့ရမလား ဆိုတာသိဖို့က အခက်တကာ့ အခက်ဆုံးပဲ ဆရာရဲ့”

ရေးက “ဟုတ်ပါပြီလေ။ ကျုပ်နားလည်ပါပြီ” ဟု ဆိုသည်။

သူက ဆက်လျှောက်သွားသည်။ ဂရန်းလည်း အနည်းငယ် ရှက်သွားသလို ဖြစ်သွားပြီး သူလည်း ရှေ့သို့လှမ်းကာ ဆရာဝန်အား အမီလိုက်ခဲ့လေသည်။

“စိတ်မရှိနဲ့ ဆရာ။ ဒီညနေ ကျွန်တော် ဘာဖြစ်သွားမှန်း မသိဘူး” ဟု ရှက်ကိုးရှက်ကန်း ဆိုသည်။

ရေးက သူ၏ပခုံးကိုပုတ်ကာ အားပေးသည့်လေသံဖြင့် ဂရန်းပြောပြသည် တို့ကိုလည်း စိတ်ဝင်စားပါသည်။ ကူလည်း ကူညီပါသည်ဟုပြောသည်။ ဤသို့ပြောလိုက်မှ ဂရန်းလည်း စိတ်ချမ်းသာသွားဟန် တူကာ သူ၏နေရာသို့

ရောက်ကြသောအခါ ခေတ္တမျှ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီး၊ ဆရာဝန်အား သူ့အိမ်ထဲသို့ ဝင်ပါဦးလားဟု ဖိတ်ခေါ်သည်။ ရေးက ဝင်ရန်သဘောတူလိုက်သည်။

သူတို့သည် ထမင်းစားခန်းထဲသို့ ဝင်ခဲ့ကြပြီး၊ ဂရန်းက ဆရာဝန်အား လက်ရေး မှုန်မှုန်ကလေးများဖြင့် စာရေးကာ ခြစ်ရာဖျက်ရာတွေ အများကြီးနှင့် စာရွက်များ ပြန့်ကျဲနေသည့် စားပွဲဘေးတွင် ကုလားထိုင်တစ်ခု ထိုးပေးလိုက်သည်။

ဆရာဝန်က စုံစမ်းသလို မျက်လုံးများဖြင့် သူ့အား လှမ်းကြည့်လိုက်သည် ဂရန်းက “ဟုတ်တယ် ဆရာ။ အဲ့ဒါပေါ့” ဟု ဖြေကာ၊ “ဒါနဲ့ ဆရာတစ်ခုခု သောက်ပါဦးလား ဆရာ။ ကျွန်တော့်မှာ ဝိုင်နည်းနည်း ရှိတယ်” ဟု ပြောလိုက်သည်။

ရေးက မသောက်လိုကြောင်း ပြောသည်။ ထို့နောက် သူသည် စာရွက်မှာ ငုံ့ကြည့်နေလေသည်။

ဂရန်းက “မကြည့်နဲ့ ဆရာ။ အဲ့ဒါ ကျွန်တော့်ရဲ့အဖွင့်စကားတွေ ရေးထားတာ။ တကယ် ဒုက္ခပေးတဲ့ စကားလုံးတွေ ဆရာ။ ပြီးကို မပြီးနိုင်ဘူး” ဟု ပြောလိုက်၏။

သူလည်း စားပွဲပေါ်ရှိ စာရွက်များကို စိုက်ကြည့်လျက် ရှိပြီး၊ သူ မမနေနိုင်တော့သည့်အလား စာရွက်တစ်ရွက်ကို ကောက်ယူလိုက်သည်။ နောက်ဆုံးတွင် သူသည် ထိုစာရွက်ကို အလင်းရောင် ထိုးဖောက်၍ ဝင်နိုင်အောင် အုပ်ဆောင်း မပါသော လျှပ်စစ်မီးလုံးဆီသို့ ထောင်လိုက်သည်။ သူ၏လက်ထဲတွင် စာရွက်က လှုပ်နေပြီး၊ သူ၏နဖူးတွင်လည်း ချွေးများစို့နေသည်ကို ဒေါက်တာရေး သတိပြုလိုက်မိသည်။

“ထိုင်ဗျာ။ ကျွန်တော့်ကို ဖတ်ပြပါလား” ဟု သူက ဆိုလိုက်၏။

“ဟုတ်ကဲ့” ဂရန်း၏ မျက်လုံးများနှင့် အပြုံးတို့တွင် ဆရာဝန်အား မရဲတရဲ ကျေးဇူးတင်သည့် အရိပ်အယောင်များ ပေါ်လျက် “ဆရာများ နားထောင်ချင်မလား လို့ ကျွန်တော်တွေးနေတာ” ဟု ဆိုလိုက်သည်။

သူသည် ရေးထားသည့်စာများကို ငေးစိုက်ကြည့်ကာ တစ်ခဏမျှ စောင့်ဆိုင်းနေပြီးမှ ဝင်ထိုင်လိုက်သည်။ ထိုအချိန်တွင် ဆရာဝန်သည် ပလိပ်ကပ်၏ အုတ်အုတ်ရောရော အသံများကို တုန့်ပြန်ဖြေကြား လိုက်သည့်အလား လမ်းများထဲမှ တက်လာသည့် ထူးထူးဆန်းဆန်း တဝီဝီမြည်နေသည့် အသံကို နားစွင့်လျက် ရှိလေသည်။ ထိုအချိန်က အနိမ့်ပိုင်းဆီတွင် သီးခြား ခွဲထုတ်ထားခြင်း ခံရသော ကပ်သင့်မြို့ တစ်ပြင်လုံးကို လည်းကောင်း၊ အမှောင်ထဲတွင် ပြားပြားဝပ်လျက် အပြင်းအထန် ဝေဒနာခံစားလျက် ရှိကြရမှ အံကြိတ်ညည်းညူသည့် အသံများကို လည်းကောင်း၊ ဓမ္မတာသဘာဝထက် လွန်သောအာရုံဖြင့် ကွက်ကွက်ကွင်းကွင်း

မြင်လိုက်ကြားလိုက် ရလေသည်။ ထို့နောက် ခပ်တိုးတိုးပင် ဖြစ်သော်လည်း ပြတ်သားရှင်းလင်းသည့် ဂရန်း၏အသံကို သူ ကြားရလေသည်။

"မေလ၏ သာယာသော တစ်နံနက်ခင်းဝယ် ယဉ်ယဉ်ကျေးကျေး မြင်းစီးသမငယ်တစ်ယောက်သည် နီညိုရောင် အုန်းခွံမြင်းမချော တစ်စီးကို စီးနှင်းလျက်၊ ဗူးလုံးညာမြို့၏ ပန်းပေါသော ရိပ်သာလမ်းတစ်လျှောက် လာနေသည်ကို တွေ့မြင်ကြရပေလိမ့်မည် ..."

ထို့နောက် တိတ်ဆိတ်သွားပြန်ရာ တိတ်ဆိတ်ခြင်းနှင့်အတူ ပြားပြားဝပ်လျက်ရှိသော မြို့၏ ဝိုးတဝါးညည်းသံ ပြန်၍ပေါ်လာသည်။ ဂရန်းသည် စာရွက်ကို ပြန်ချထားပြီး စိုက်ကြည့်နေပြန်သည်။ အတန်ကြာမှ သူ မေ့လိုက်၏။

"ဘယ်နှယ့် သဘောရလဲ ဆရာ"

ဒေါက်တာရေးက ဤအဖွင့်စကားများသည် သူ၏သိချင်စိတ်ကို ထက်မြက်လာစေပါသည် ဟု ပြောကာ၊ နောက် ဘာလာဦးမည်ကို ကြားချင်နေသည် ဟု ဆိုသည်။ ထိုအခါ ဂရန်းက သူ့အား အားလုံးမှားနေသည်ဟု ပြောပြသည်။ သူသည် စိတ်လှုပ်ရှားနေဟန် တူသည်။ စားပွဲပေါ်ရှိ စက္ကူများကို သူ၏ လက်ဝါးဖြင့် ရိုက်လိုက်၏။

"ဒါက အကြမ်းလောင်းထားတာပဲ ရှိသေးတယ်။ ကျွန်တော် စိတ်အာရုံထဲမှာ မြင်တဲ့အတိုင်း ရေးလို့ရပြီဆိုရင် အဲ့ဒီ မြင်းစီးလာတဲ့အခန်းမှာ ကျွန်တော် စကားလုံးတွေဟာ တိကျပြီး ရေချိန်ကိုက်လာပြီ ဆိုရင် မြင်းကလည်း လမ်းဒိုး အသားကျမှန်မှန်... တစ် နှစ် သုံး၊ တစ် နှစ် သုံး... ကျွန်တော်ပြောတာ ဆရာနားလည်ရဲ့ မဟုတ်လား။ ကျန်တာတွေကတော့ ပိုပြီး လွယ်လာမှာပါ။ ဒ့ါထက် အရေးကြီးတာက ဒါကို မြင်လိုက်တာနဲ့ စထွက်ကတည်းက ဖမ်းစားပြီး ဦးထုပ်ချွတ်လိုက်ကြပါ' လို့ ပြောရမည့်ဟာမျိုးပေါ့ ဆရာ"

သို့ရာတွင် ထိုအခြေသို့ မရောက်မီ ပင်ပင်ပန်းပန်း အလုပ်အတော်များများ လုပ်ရဦးမည်ဟု သူက ဝန်ခံသည်။ သူ၏စာများကို ဤအတိုင်း ပုံနှိပ်သူထံသို့ ပေးလိုက်ရန်တော့ စိတ်ကူးမျှပင် မထည့်ပါဟု ဆိုသည်။ တစ်ခါတစ်ရံတွင် သူ့ဟာသူတော့ ကျေနပ်နေသော်လည်း၊ တကယ် ထိထိမိမိ မရှိလှသေးသည်ကိုတော့ သူ ကောင်းစွာသိနေကြောင်း၊ ထို့အပြင် အတော်အတန် အဖတ်ရလွယ်သော လေသံဖြင့် ရေးထား၍ သိပ်မနီးစပ်သော်လည်း သိသာအောင်ပင် ခပ်ရိုးရိုးကြီး ဖြစ်နေကြောင်း၊ ဤသို့ သဘောရှိသော စကားများကို ပြောလျက်ရှိစဉ်၌ပင် သူတို့ ပြတင်းပေါက်၏အောက်ရှိ လမ်းထဲတွင် လူများ ပြေးကြလွှားကြသည့် အသံများကို ကြားလိုက်ရလေ၏။ ရေးသည် ထိုင်ရာမှထလိုက်သည်။

ဂရန်းက ပြတင်းဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ပြီး၊ "ကျွန်တော် ရေးပြီးရင် ကြည့်နေ ဆရာ" ဟု ဆိုကာ၊ "ဒါတွေအားလုံး ပြီးသွားတဲ့ အခါပေါ့" ဟု ထပ်ပြောလိုက်သည်။

သို့သော် ပြေးကြလွှားကြ၊ ရေးကြီးသုတ်ပြာ သွားကြသည့် ခြေသံများ ပြန်ပေါ်လာကာ ရေးလည်း အောက်သို့ ဆင်းခဲ့ရာ၊ လမ်းတစ်ဝက်သို့ပင် ရောက်ခဲ့ပြီဖြစ်၏။ သူ လမ်းထဲသို့ ထွက်လိုက်သည်တွင် လူနှစ်ယောက်သည် သူ့အား ပွတ်တိုက်၍ ဖြတ်ပြေးသွားသည်။ သူတို့သည် မြို့တံခါးများအနက် တစ်ခုခုဆီသို့ သွားနေကြဟန်တူသည်။ တကယ်ဆိုသော် နေကလည်း ပြင်း၊ ပလိပ်ကပ်ကလည်း ရှိနေသည်ဖြစ်ရာ၊ ကျွန်ုပ်တို့၏ မြို့သူမြို့သားအချို့သည် စိတ်နောက်ဖောက်ပြန် သွားကြသည်။ အစောင့်အကြပ်များအား ရှောင်တိမ်းကာ ပြင်ပလောကသို့ ထွက်ပြေးရန် ကြံစည်မှုများ ညစဉ် ရှိလျက် အခမ္ဗမှုများလည်း ကြုံနေကြရပြီ ဖြစ်လေသည်။

* * *

။၅။

ဤသို့ တစ်နေ့ထက်တစ်နေ့ သေဘေးကို ပို၍ ကြောက်နေရသည့် နေရာဝန်းကျင်မှ ထွက်ပြေးရန် အားထုတ်သူ ရမ်ဘားကဲ့သို့သော အခြားလူများလည်း ရှိ၏။ သို့ရာတွင် ထိုသူတို့သည် အကြမ်းဖက်သမားများထက် ဘာမျှပို၍ ခရီးမရောက်ခဲ့သော်လည်း ကျင်လည်မှုနှင့် ဖွဲ့ရှိမှုတွင် သာကြလေသည်။ ပထမသော် ရမ်ဘားသည် အစိုးရအရာရှိများနှင့် ကပ်ရပ်၍ အားထုတ်ခဲ့သည်။ သူပြောသည့် စကားအတိုင်းဆိုလျှင် ဖွဲ့ရှိက မလွဲမသွေ အောင်မြင်မည်ဟု သူယုံကြည်ထားသည် ဆိုသည်။ ထို့အပြင် ဒရေးကတ်တွင် ကြံတတ်ဖန်တတ်ခြင်းသည် သူ၏ အရည်အချင်းဖြစ်သည် ဟုလည်း စကားအဖြစ် ပြောသည်။ သို့နှင့် သူသည် တမတ်စောက်စောက် သွားကာ အရာရှိမျိုးစုံ၊ သာမန်အချိန်အခါမျိုး ဆိုပါက ဩဇာတိက္ကမ စူးရှမည်ဖြစ်သော ပုဂ္ဂိုလ်မျိုးစုံတို့နှင့် တွေ့ဆုံလေသည်။ သို့ရာတွင် ယခုအခြေအနေမျိုး၌မူ ထိုပုဂ္ဂိုလ်များ၏ ဩဇာတိက္ကမမျိုးသည် အရာမရောက်လှချေ။ ထိုပုဂ္ဂိုလ်များ ကား ထွက်ကုန်ကိစ္စ၊ ဘဏ်ကိစ္စ၊ သစ်သီးနှင့် ဝိုင်ကိစ္စများတွင် ကောင်းစွာနားလည်ပြီး စိတ်ကူးရှိသူများ၊ အာမခံကိစ္စ ချို့ယွင်းသော ကန်ထရိုက်စာချုပ်ကို အဓိပ္ပါယ်ဖော်သည့်ကိစ္စ စသည်တို့တွင် ကျွမ်းကျင်သူများ၊ အထက်တန်း အရည်အချင်းများနှင့် ဂုဏ်အရှိန် ကြီးမြင့်သူများ ဖြစ်ကြ၏။ တကယ်က သူတို့ ဂုဏ်အရှိန် ကြီးမြင့်သည်ကိုသာ မြင်ကြသည်။ ပလိပ်ကပ်နှင့် ပတ်သက်၍ကား သူတို့တွင် လက်တွေ့အားဖြင့် ဘာမျှ လုပ်နိုင်ကြသည် မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေ၊ အခါအခွင့်သင့်တိုင်း ရမ်ဘားသည် သူတို့ တစ်ဦးစီ တစ်ဦးစီအား ဝင်တွေ့ပြီး အချီအချပြောကာ သူ၏ကိစ္စကို တင်ပြလေသည်။ သူ၏ တင်ပြချက်များမှာ သဘောအားဖြင့် တစ်မျိုးတည်းသာ ဖြစ်၏။ သူသည် ဤမြို့၌ ဧည့်သည်မျှသာ ဖြစ်ကြောင်း၊ သို့ဖြစ်သောကြောင့် သူ့ကိစ္စကို အထူးစဉ်းစား ပေးထိုက်ကြောင်းတို့သာ ဖြစ်သည်။ သူတွေ့သည့် ပုဂ္ဂိုလ်ကြီးများက ထိုအချက်များကို အလွယ်တကူပင် နားလည်လက်ခံကြသည်။ သို့ရာတွင် အခြား လူတော်တော်များများ၌ အလားတူကိစ္စမျိုး ရှိနေကြ၍ သူ၏ အခြေအနေမှာ သူထင်နေသကဲ့သို့ အထူး အခြေအနေမျိုး မဟုတ်လှကြောင်းကိုလည်း ပြောလိုက်ကြ၏။ ရမ်ဘားက ဤအကြောင်းကြောင့် သူ၏ အကြောင်းပြချက်များ၏ လိုရင်းအချက်များ မည်သို့မျှ ပျက်ပြား မသွားနိုင်ကြောင်း ပြန်ပြောသည်။ ထိုအခါတွင် မျက်နှာကြီးငယ် လိုက်ခြင်းကို မလိုလားဘဲ သူ့ကို အလွန်မနှစ်မြို့သည့် အစဉ်အလာတစ်ခု ဖန်တီးလိုက်သလို ဖြစ်မည်ကို စိုးနေရသော အာဏာပိုင်တို့အဖို့ ယခုပင်လျှင် အခက်အခဲ ကြုံနေရပြီဖြစ်သော အခြေအနေကို ထိခိုက်လျက် ရှိကြောင်းကိုပါ ဖြေကြားလိုက်လေသည်။

ဒေါက်တာရေးနှင့် စကားပြောရင်း ရမ်ဘားက သူ ချဉ်းကပ်တွေ့ဆုံခဲ့သော အလွှာစုံမှ လူများအား အမျိုးမျိုးခွဲခြား၍ ပြသည်။ အထက်ပါ အကြောင်းပြချက်မျိုး သုံးသူများအား 'ဦးစည်းကမ်းကြီးများ' ဟူ၍ လည်းကောင်း၊ ထိုသူများအပြင် သူ့အား ယခုလက်ရှိ အခြေအနေတို့သည် ကြာရှည်တည်နေမည် မဟုတ်ကြောင်း ပြောကာ နားလှည့်ပါးလှည့်နှင့် ယခုတွင်ပင် ပြီးဆုံးသွားမည့် ကသိကအောက် ကိစ္စကလေးအတွက် ဤမျှ သောကဗျာပါ များမနေပါနှင့် ဘာညာစသည်ဖြင့် ဖျောင်းဖျ၍ လွှတ်လိုက်တတ်သူများအား 'ချွေးသိပ်သမားများ' ဟူ၍ လည်းကောင်း၊ လာရောက် တွေ့ဆုံသူအား 'ကိစ္စကို တိုတိုတုတ်တုတ် စာရေးထားခဲ့ပါ။ တင်ပြ ဆွေးနွေးပေးမည်' ဟု ပြောလွှတ်တတ်သော 'ဟိတ်ကြီးဟန်ကြီးသမားများ' ဟူ၍ လည်းကောင်း နေထိုင်ခွင့်လက်မှတ် ထုတ်ပေး၊ အငှားအိမ်ခန်းများ လိပ်စာရှာပေးနှင့် မတွင်ကျယ်လှသည့် ကိစ္စများဖြင့် ကျေးဇူးပြုချင် နေကြသူများအား 'ဦးလောကွတ်များ' ဟူ၍ လည်းကောင်း၊ သူ့အား ပုံစံတစ်ခုကို ဖြည့်စေပြီး မဆိုင်းမတွပင် ဖိုင်တွဲ ထားလိုက်သေးသူများအား 'ကြိုးနီပွဲစားကြီးများ' ဟူ၍ လည်းကောင်း၊ လက်သာမြှောက်၍ ပြနိုင်တော့သူများကို 'အလုပ်ပိအရာရှိများ' ဟူ၍ လည်းကောင်း၊ ဘာမျှ မပြောတတ်တော့ဘဲ မျက်နှာကို တခြားသို့သာ လွှဲထားလိုက်ရသည့် သူများအား 'အဆဲခံအရာရှိများ' ဟူ၍ လည်းကောင်း၊ နောက်ဆုံး လူများစုဖြစ်သည့် ရမ်ဘားအား အခြားရုံးတစ်ရုံး သို့မဟုတ် ချဉ်းကပ်ပုံ နည်းသစ်တစ်မျိုးကို ညွှန်တတ်သူများအား 'ဦးထုံးတမ်းကြီးများ' ဟူ၍ လည်းကောင်း အသီးသီး အမည်ပေးထားလေသည်။

ဤသို့ အရာမရောက်သော တွေ့ဆုံမှုများဖြင့် သတင်းစာဆရာမှာ ပင်ပန်းနွမ်းနယ် ခဲ့ရလေသည်။ အကျိုးရှိသည့် ဘက်မှကြည့်လျှင် သူသည် ဝင်ငွေခွန်လွတ်ခွင့်ရသော ငွေစုလက်မှတ်များ၌ အရင်းအနှီးမြှုပ်နှံရန် သို့မဟုတ် ကိုလိုနီ စစ်တပ်ထဲသို့ ဝင်ရောက်အမှုထမ်းကြရန် နှိုးဆော်ထားသည့် ပိုစတာကြီးများကို မျက်နှာမူ၍ သားရေတုအုပ် ဆိုဖာကြီးများပေါ်တွင် နာရီပေါင်းများစွာ ထိုင်ရင်း သော်လည်းကောင်း၊ အလုပ်လုပ်နေသူများ၏ မျက်နှာပေါ်တွင် သူတို့၏ နောက်မှ ဖုံထူလှသည့် ဖိုင်တွဲဘီရိုများ၊ အမှုတွဲပုံကြီးများ ကဲ့သို့ပင် ဘာအမှုအရာမှ မရှိသော ရုံးခန်းများသို့ ဝင်ထွက်သွားလာရင်း သော်လည်းကောင်း၊ ဘုရင်ခံ၏ ဌာနချုပ်နှင့် မြို့တော် စည်ပင်သာယာရေး အဖွဲ့ရုံးများအတွင်း အလုပ်လုပ်ပုံများကို ကောင်းစွာ သိနားလည်ခဲ့လေသည်။ ဤမျှ အပင်ပန်းခံရခြင်းအတွက် သူ့မှာ သူ၏ ဘေးကျပ်နံကျပ် ဖြစ်နေသည့် အခြေအနေကို မေ့နေနိုင်စေခြင်း တစ်ခုသာ အကျိုးရှိသည်ဟု ရမ်ဘားက ရေးအား နာကျည်းသံရော၍ ပြောပြသည်။ တကယ်က သူသည် အလျင်အမြန် တိုးပွား၍လာသော ပလိပ်ကပ်ကြီးကိုလည်း မေ့ထား၍နေသည်။ ထို့အပြင်လည်း တစ်မြို့လုံး ကျရောက်နေသည့် အခြေအနေကို ထောက်၍ မြို့သူမြို့သားတိုင်းအဖို့ အသက်ရှင်နေရသေးလျှင် ဤ ရင်တမမ နေနေရသည့်ကာလကြီး ပြီးဆုံးရန်

နှစ်ဆယ့်လေးနာရီ ပိုမိုနီးကပ်လာပြီ ဟု တွက်ရသော တစ်နေ့တာသည် သူ့အဖို့ ဤသို့ ဟိုလိုက်သည်လိုက် လိုက်နေခြင်းဖြင့် ကုန်လွယ်စေသည် ဆိုသည်။ ဤသို့ ဆင်ခြင်ခြင်းသည် 'အမှန်' ဖြစ်သည်ဟု ရေးက ဝန်ခံရုံသာ ရှိသော်လည်း ဤ 'အမှန်တရား' သည် ယေဘုယျသဘော ဆန်လွန်းသည်ဟုလည်း တွေးမိလေသည်။

တစ်ချိန်က ရမ်းဘားတွင် မျှော်လင့်ချက် ရောင်ခြည်ကလေးများ သမ်းလာခဲ့သည်။ ဘုရင်ခံရုံးမှ ကွက်လပ်များ အားလုံးကို သေချာစေ့စပ်စွာ ဖြည့်ပေးရန် ညွှန်ကြားချက်နှင့်အတူ သူ့ထံသို့ ပုံစံတစ်ခု ပေးပို့လိုက်သည်။ ပုံစံတွင် မည်သူမည်ဝါ ဖြစ်သည်၊ သူ၏သားမယားများ၊ သူ၏ ယခုလက်ရှိနှင့် ယခင်က လုပ်ခဲ့သည့် ဝင်ငွေရရှိသည့် အလုပ်အကိုင် စသည်တို့ကို ရေးသွင်းရန် အကွက်များ ပါသည်။ သူ၏ ကိုယ်ရေးရာဇဝင်ပေးဖို့ ဖြစ်၏။ သူက ဤမြို့မှထွက်ခွာ၍ မိမိတို့ အိမ်ရှိရာသို့ ပြန်ခွင့်ပြုမည့်သူများ၏ စာရင်းတစ်ခု ပြုလုပ်ရန် စုံစမ်းနေခြင်း ဖြစ်သည်ဟု ထင်မြင်လေသည်။ ရုံးတစ်ရုံး၌ အမှုထမ်းသူ တစ်ဦးထံက ရရှိသော ဝိုးတဝါးသတင်းတစ်ခုက ဤအထင်အမြင်ကို ခိုင်မာစေလျက် ရှိသည်။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ ဤပုံစံ စ၍ ထွက်လာရာရုံးအထိ လိုက်လံကာ ထပ်မံ စုံစမ်းသောအခါ ဤပုံစံပါ အချက်အလက်များကို လိုရမယ်ရ ကိစ္စများအတွက် ကောက်ယူခြင်းဖြစ်ကြောင်း သိခဲ့ရလေသည်။

သူက "ဘယ်လို လိုရမယ်ရ ကိစ္စမျိုးလဲဗျ" ဟု မေးသည်။

ထိုအခါတွင် လိုရမယ်ရကိစ္စ ဆိုသည်မှာ သူသည် ပလိပ်ကပ်ရောဂါ သင့်ချင်သင့်နိုင်သည်။ သေချင်လည်း သေသွားမည်။ ထိုအခါမျိုးတွင် ဤအချက်အလက်များ ရှိထားလျှင် အာဏာပိုင်များအဖို့ သေသူ၏ ဇနီးမယားထံ အကြောင်းကြားရန်နှင့် အဖြိုဟ်စရိတ်ကို မြို့တော်စည်ပင်သာယာရေး အဖွဲ့က ကျခံရမည်။ သို့မဟုတ် နောင်တစ်ချိန်တွင် သေသူ၏ ဆွေမျိုးများထံမှ တောင်းခံယူနိုင်မည် ဆိုသည်တို့ကို ဆုံးဖြတ်ရန် လွယ်ကူသည်ဟု သိခဲ့ရလေ၏။ ဤအချက်ကို ထောက်ရှုလျှင် အာဏာရှိသူများက သူတို့နှစ်ဦးစလုံးအား ထည့်သွင်းစဉ်းစား ထားသေးသည် ဖြစ်သဖြင့် သူသည် သူ၏အလာကို စောင့်မျှော်နေမည့် အမျိုးသမီးနှင့် အဆက်အသွယ် လုံးဝ ပြတ်နေသည်တော့ မဟုတ်သေးဟု ယူဆနိုင်လေသည်။ သို့ရာတွင် ထိုသို့ ဖြစ်သည့်အတွက် နှစ်သိမ့်စရာတော့ မဟုတ်ချေ။ တကယ်အံ့သြစရာ ကောင်း၍ ရမ်းဘား အကြီးအကျယ် အံ့အားသင့်ခဲ့ရသည်မှာ ဤအန္တရာယ်ဆိုးကြီး ကျရောက်လျက် ရှိစဉ်မှာပင် ရုံးများမှာ မူလ တည်ထောင် ဖွဲ့စည်းခဲ့သည်မှာလည်း ဤကိစ္စအတွက် သက်သက်မျှသာ ဖြစ်သောကြောင့် တစ်ခါတစ်ခါ အထက်အာဏာပိုင်များ ဘာမျှမသိရဘဲ ဘာမျှ အရေးတကြီးသက်ဆိုင်ခြင်း မရှိသည့် ကိစ္စများကိုပင် ဇွဲနဘဲရရ စတင်ဆောင်ရွက်လျက် ဆက်လက်လုပ်ကိုင် သွားနေကြခြင်းပင် ဖြစ်လေသည်။

နောက်တစ်လပိုင်းမှာကား ရမ်းဘားအဖို့ အလွယ်ဆုံးနှင့် အခက် အပိုင်းဖြစ်လေသည်။ ငိုက်မျဉ်းနေရသောကာလ ဖြစ်၏။ သူသည် ရုံးမှား လှည့်လည်သွားခဲ့ပြီးပြီ၊ ဆောင်ရွက်၍ ရနိုင်သမျှကို အားလုံး ဆောင်ရွက်ပြီး ယခု အခိုက်အတန့်တွင်တော့ သူ့အဖို့လည်း လမ်းအားလုံး ပိတ်လျက်ရှိသည်။ သူသိသည်။ ထို့ကြောင့် သူသည် ယခုအခါတွင် လက်ဖက်ရည်ဆိုင်၊ အရက် တစ်ဆိုင်မှ တစ်ဆိုင်သို့ကူးကာ ဘာရည်ရွယ်ချက်မှမရှိဘဲ လျှောက်သွား၊ သည်။ နံနက်ဆိုလျှင် သူသည် ဆိုင်တစ်ဆိုင်၏မျက်နှာစာ လေ့ကားထစ် များ၌ထိုင်ကာ ကပ်ရောဂါကြီး ယုတ်လျော့သွားပြီဆိုသည့် သတင်းအစအနကား များ တွေ့လိုတွေ့ငြား သတင်းစာကို ဖတ်နေတတ်သည်။ လမ်းသွားလမ်းလာ-ကို ငေးစိုက်ကြည့်ကာ တစ်ချက်ကလေးမျှ မရွှင်လာသည့်မျက်နှာများကို မြ ချင်အောင် ရှုံ့မှုန်းသွားသလို တစ်ဘက်သို့ လွှဲပစ်လိုက်ပြီး လမ်းတစ်ဘက်မှ ယခု တွင် မရနိုင်တော့သော အများကြိုက် ယမကာကြော်ငြာဆိုင်းဘုတ်မှ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ထပ်ခါတလဲလဲဖတ်ကာ ထိုင်ရာမှထလ ခြေဦးတည့်ရာလမ်းများထဲသို့ လျှောက်သွားတတ်လေသည်။ ဤသို့လျှင် သူသ သူ၏နေ့များကို ကုန်လွန်စေကာ တမတ်စောက်စောက်သွားရင်း ဟိုဆိုင်ရေ ဒီဆိုင်ရှေ့ရပ်နှင့် မိုးချုပ်ရလေ၏။ တစ်ညနေတွင် သူသည် စားသောက် တစ်ဆိုင်ရှေ့၌ ချီတုံချတုံဖြစ်နေသည်ကို ဒေါက်တာရေးက တွေ့လေသည် နောက်ဆုံး၌ သူသည် အတွင်းသို့ဝင်ရန် ဆုံးဖြတ်ကာ နောက်ပိုင်းကျကျ နေရာမှ စားပွဲတစ်ခုတွင် ဝင်၍ ထိုင်လေသည်။ ထိုကာလကားဆိုင်ရှင်များ အမိန့်အတိုင်း မီးများကို တတ်နိုင်သမျှ နောက်ကျ၍ ဖွင့်နေကြရသည့်ကာ ဖြစ်၏။ ဆိုင်ထဲ၌ကား ဆည်းဆာရောင်ဖြင့် မှောင်မလင်းရှိပြီး နံရံမှမှုန်များ နေဝင်တိမ်တောင် တိမ်ပန်းရောင်တို့ဟပ်လျက် မှောင်စပျိုးနေသောဆိုင်ထဲက ကျောက်စားပွဲမျက်နှာပြင်များမှာ ဖြူဖြူဖွေးဖွေးလင်းလျက် ရှိကြသည်။ လူသူ ကင်းသည့်ဆိုင်တွင်း၌ထိုင်ကာ ရမ်းဘားမှာ ဘာလုပ်ရမှန်းပင်မသိနိုင်အောင် ဖြစ်နေရာဟန်တူလျက် အရိပ်ထဲက အမည်းကွက်တစ်ကွက်မျှသာ၊ သူ့ခမျာ ယောင် ချာချာဖြစ်၍ အနေရဆုံးကာလ ဖြစ်ပေမည်ဟု ရေးက မှန်းဆကြည့်မိသည်။ အမှန်ပင် ထိုအချိန်သည် မြို့ထဲရှိ ပလိပ်ကပ်အကျဉ်းသားအားလုံးတို့သည် သူ တို့၏ ကယ်သူဝေးသည့်အဖြစ်ကို ကိုယ်စီကိုယ်စီသတိရကာ ဘာပဲဖြစ်ဖြစ် သူတို့ လွတ်မြောက်ရေးလျင်မြန်စေရန်အတွက် တစ်ခုခုတော့လုပ်ရမည်ဟု တွေးနေ တတ်သည့်အချိန် ဖြစ်လေသည်။ ဒေါက်တာရေးလည်း လျင်မြန်စွာ လှည့်၍ထွက် ခဲ့လေသည်။

ရမ်းဘားသည် မီးရထားဘူတာရုံတွင်လည်း အချိန်အတော်ကြာ ဖြုန်းနေတတ်သည်။ စင်္ကြံများပေါ်သို့ မည်သူ့အားမျှ ဝင်ခွင့်မပြု။ သို့သော် အပြင်မှ ဝင်၍ရသော စောင့်ဆိုင်းခန်းများသို့မူ မည်သူမဆိုဝင်နိုင်ပြီး နေပူသောနေ့များတွင် အရိပ်နှင့် အအေးဓာတ် ရှိသဖြင့် သူတောင်းစားများ မကြာခဏ

လာရောက်ထိုင်လေ့ရှိကြ၏။ ရမ်းဘားသည် မီးရထားအချိန်စာရင်းများကို လည်းကောင်း၊ တံတွေးမထွေးရန် တားမြစ်ချက်များကို လည်းကောင်း၊ ခရီးသည်များ လိုက်နာရန် စည်းမျဉ်းဥပဒေများကို လည်းကောင်း၊ အချိန်ကြာမြင့်စွာ လေ့လာ၍ နေတတ်သည်။ ထို့နောက်တွင် သူသည် ချောင်တစ်ချောင်၌ ထိုင်တတ်သည်။ လပေါင်းများစွာ မီးထည့်ခဲ့ဟန်မတူသော သံသွန်းမီးဖိုဟောင်းကြီး တစ်ခုသည် စောင့်ဆိုင်းခန်း အလယ်တွင် ငုတ်တုတ်တည်လျက် ရှိပြီး၊ ယင်းပတ်လည်တွင် ဟိုနားတစ်ကွက် သည်နားတစ်ကွက် ထဆင်ထူးကွက် အခင်းပုံစံများကို မြင်ရသည်။ နံရံပေါ်ရှိ ပိုစတာများက အပျော်ခရီး ထွက်သူများအား လွတ်လွတ်ကျွတ်ကျွတ် ပျော်ရွှင်သော ရက်အားများ၌ ကန်းသို့ လည်းကောင်း၊ ဘန်ဒိုးသို့ လည်းကောင်း လာရောက်လည်ပတ်ရန် ရွှင်ရွှင်ပျပျ ဖိတ်ခေါ်ထားသည်။ သူထိုင်သည့်ချောင်၌ ရမ်းဘားလည်း ယခုကဲ့သို့ လုံးဝ လက်လွတ်ဖြစ်သည့် အခြေအနေမှ လွတ်လပ်သောအဖြစ်ကို တွေးမိကာ ရင်နာမိတတ်သည်။ ဤသို့ ပြန်ပြောင်းအောက်မေ့တိုင်း ရင်နင့်ရသော အတွေးများမှာ သူ ဒေါက်တာရေးအား ပြောပြသည့်အတိုင်း ဆိုလျှင် ပဲရစ်က အကြောင်းများကို အောက်မေ့သည့် အတွေးများ ဖြစ်သည်ဆိုသည်။ သူ၏ အာရုံထဲသို့ အလိုအလျောက် ဝင်ရောက်လာကြသည့် ကျောက်တုံးအိုအိုကြီးများနှင့် မြစ်ကမ်းများ၊ ခိုများနှင့် နန်းတော်ရင်ပြင်များ၊ မြောက်ပိုင်း မီးရထားဘူတာ၊ ပန်သီယွန်ပတ်လည်မှ တိတ်ဆိတ်ငြိမ်သက်သော လမ်းဟောင်းများနှင့် သူ အင်မတန် နှစ်သက်ခဲ့ကြောင်း ယခုမှသိရသည့် မြို့တော်၏ အခြားသောနေရာ ဤအရာများကို စိတ်ကူးထင်မြင်၍ ကြည့်လိုက်မိပါက ဘာဆို ဘာမှ မလုပ်ချင်တော့အောင် ဖြစ်သွားရသည် ဆိုသည်။ သူသည် သူ၏ချစ်သူကို အောက်မေ့တိုင်း ဤနေရာများကို သတိရနေခြင်းသာ ဖြစ်မည်ဟု ရေးက တွေးမိသည်။ ထို့နောက် တစ်နေ့သ၌ ရမ်းဘားက ဒေါက်တာရေးအား နံနက်လေးနာရီလောက်တွင် အိပ်ရာမှနိုး၍ သူချစ်သော ပဲရစ်အကြောင်း တွေးရသည်ကို သဘောကျသည်ဟု ပြောစဉ်က ဆရာဝန်လည်း သူ၏ အတွေ့အကြုံများပေါ်တွင် အခြေခံကာ ထိုအချိန်သည် သူနှင့် ကွေကွင်းနေရသည့် ထိုအမျိုးသမီးအား ပုံပေါ်အောင် စိတ်ကူး၍ ကြည့်ရန် အကောင်းဆုံးအချိန် ဖြစ်သည်ဟု ခန့်မှန်းကြည့်မိသည်။ တကယ်ပင် ဤအချိန်သည် သူ့ချစ်သူအား လုံးဝပိုင်ဆိုင်သည်ဟု စိတ်အချဆုံးအချိန် ဖြစ်သည်။ နံနက်လေးနာရီ မထိုးမီကာလ၌ တစ်စုံတစ်ရာ ပြုလုပ်ခဲသည်။ ညက ဘာပဲလုပ်ခဲ့လုပ်ခဲ့ ဤအချိန်တွင်တော့ အိပ်ပျော်နေမည်။ ဟုတ်ပါသည်။ ဤအချိန်တွင် လူတိုင်း အိပ်ကြသည်။ ဤအသိကြောင့် စိတ်ချလက်ချ ရှိရသည်။ မငြိမ်သက်သော နှလုံးသား၏ ကြီးမားသောဆန္ဒမှာ ချစ်သူခင်သူအား မပြတ်မလပ် သိမှတ်ပိုင်ဆိုင်နေဖို့ပင် ဖြစ်ရာ ထိုသို့မရနိုင်ဘဲ ကွေကွင်းနေရသည့်အချိန် ဝင်ရောက်လာသည် ဆိုပါက ချစ်သူအား ဘာအိပ်မက်မျှ မမက်သော အိပ်စက်ခြင်းဖြင့် သူနှင့် ပြန်လည် ဆုံတွေ့ရမည့်နေ့အထိ တရေးမျှမနိုးဘဲ

အိပ်ပျော်အောင် လုပ်နိုင်ဖို့ပင် ဖြစ်လေသည်။

* * *

ဖာသာပနယ်လို ဒေသနာဟောပြီးသည့်နောက် များမကြာမီပင် ရာသီဥတုပြောင်းကာ အငြိုးနှင့် ပူ၍လာခဲ့လေသည်။ ထိုတနင်္ဂနွေနေ့က အချိန်အခါမဟုတ် ရွာသွန်းလိုက်သည့်မိုး အတိတ်တွင် နွေဥတုသို့ရောက်ကာ အိမ်မိုးခေါင်များ၏ အထက်တွင် ဝင်းဝင်းတောက်အောင် ပူလာသည်။ ပထမတွင် တစ်နေ့လုံး လေပူပြင်းကြီး တိုက်ခတ်ကာ နံရံများကို ခြောက်သွေ့စေသည်။ ထို့နောက်တွင် နေမင်းက ဆက်လက်တာဝန်ယူကာ အပူငွေ့များကို မြို့ပေါ်သို့ အဆက်မပြတ် လွှတ်လေတော့ရာ အမိုးစောင်းတန်းအုပ်သည့် စကြံလမ်းများနှင့် အိမ်အတွင်းပိုင်းများမှအပ အရာရာတိုင်းသည် နေပူကျဲကျဲတွင်သာ ရှိလေ၏။ ကျွန်ုပ်တို့၏ မြို့သူမြို့သားများ သွားလေရာ လမ်းတကာ ချောင်တကာသို့ နေပူရှိန်က နောက်ယောင် ခံ၍လိုက်လျက် ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုးနှက်လေတော့သည်။

ဤသို့လျှင် ရှေးဦးစွာသော အပူရှိန် အပြင်းအထန် ဝင်ရောက်လာခဲ့သည်နှင့်အတူ ကပ်သင့်သူဦးရေကလည်း ယခုအခါ တစ်ပတ်အတွင်း အသေအပျောက် ခုနစ်ရာမျှ ရှိနေပြီဖြစ်၍ ထိတ်လန့်ဖွယ်ရာ တိုးတက်များပြားလာခဲ့လေရာ တစ်မြို့လုံးမှာ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းလျက် ရှိလေတော့သည်။ မြို့အစွန်အဖျားတွင်ကား လမ်းပြန့်ကျယ်ကြီးများနှင့် လှေကားထစ်ကျယ်ကြီးများပေါ်က အိမ်များအကြား ခါတိုင်းတွေ့မြင်နေကျ လှုပ်ရှားမှုများ အနည်းအကျဉ်းမျှသာ ကျန်လေတော့သည်။ သာမန်အခါများ၌ ထိုအရပ်၌ နေကြသူများသည် သူတို့၏ တံခါးဝများ၌သာ အနေများကြသော်လည်း ယခုမူ တံခါးတိုင်းပိတ်လျက် လူရိပ်သူရိပ် ကင်းမဲ့ကာ တရုတ်ကပ်တံခါးများပါ ပိတ်ထားကြလေသည်။ အပူရှိန်ကြောင့်လား၊ ပလိပ်ကပ်ကြောင့်လား ဆိုသည်ကိုကား မပြောတတ်နိုင်အောင် ရှိလေ၏။ အချို့အိမ်များအတွင်းမှ ညည်းညူသံများ ကြားကြရသည်။ ပထမသော် ထိုသို့ ညည်းညူသံများ ကြားကြရလျှင် သိချင်စိတ်၊ သနားကြင်နာစိတ်တို့က လှုံ့ဆော်သဖြင့် အပြင်ဘက် တံခါးဝ၌ လူအများ လာရောက်စုရုံးကာ နားထောင်တတ်ကြသည်။ သို့သော် ဤသို့ ထိတ်လန့်ကြောက်ရွံ့ရခြင်းဖြင့် ကာလကြာသော် အသည်းနှလုံးများလည်း မာကျောလာကြဟန် တူသည်။ လမ်းဖြတ်သွားသူများသည် လည်းကောင်း၊ အနီးအနား၌ နေနေကြသူများသည် လည်းကောင်း၊ ထိုညည်းညူသံများကို သာမန် လူစကားပြောနေသံထက် ဘာမျှပို၍ မထူးခြားတော့သည့်အလား သွားမြဲသွားကာ နေမြဲသာ နေလိုက်ကြလေတော့သည်။

မြို့တံခါးတွင် ပုလိပ်များက ခြောက်လုံးပြူးသေနတ်များကို သုံးရသည်အထိ

အကြမ်းဖက်မှုမျိုး ရှိရာတွင် ဥပဒေမဲ့သဘောမျိုး ဖြစ်ခဲ့၏။ ပုလိပ်နှင့် တိုက်ခိုက်မှုကလေးများတွင် အချို့ ဒဏ်ရာရကြသည် မှန်ပါသည်။ သို့ရာတွင် နေကလည်း ပူ၊ လူတွေကလည်း ထိတ်လန့်နေကြသည့် မြို့ထဲ၌မူ သတင်းက ကားသွာကာ လူအသေအပျောက်ပါ ရှိသည်ဟု ပြောဆိုနေကြလေသည်။ မည်သို့ပင်ဖြစ်စေ၊ တစ်ခုကတော့ သေချာသည်။ မကျေနပ်မှုများ ပိုမို များပြားလာကာ အခြေအနေများ ဆိုးသည်ထက် ဆိုးလာမည်ကို စိုးရိမ်သဖြင့် အကယ်၍ မြို့လူထုသည် ကူးစက်ရောဂါကို အကြောက်လွန်ပြီး သွေးရူးသွေးတန်းဖြစ်ကာ အုပ်မနိုင်ထိန်းမရ ဖြစ်လာခဲ့သော် မည်သို့ အရေးယူ ဆောင်ရွက်ရမည်ဆိုသည်ကို ဒေသန္တရအာဏာပိုင်တို့ ရှည်လျားစွာ အချီအချ ဆွေးနွေးကြရ လေတော့သည်။ သတင်းစာများတွင် မြို့မှထွက်ခွာရန် အားထုတ်ခြင်း မပြုကြဖို့ ထုတ်ဆင့်ထားသည့် အမိန့်များကို ထပ်မံခိုင်မြဲစေရန် စည်းမျဉ်းဥပဒေသစ်များ ထုတ်ပြန်ကြေညာ ထားပြီးလျှင် ထိုဥပဒေများကို ဖောက်ဖျက် ကျူးလွန်သူများသည် ထောင်ဒဏ် နှစ်ရှည် အပြစ်ပေးခြင် ခံကြရလိမ့်မည် ဟုလည်း သတိပေးထားလေသည်။

ကင်းလှည့်အဖွဲ့များ ဖွဲ့စည်းတည်ထောင် ထားသဖြင့် မကြာခဏ ဆိုသလိုပင် အိုက်အိုက်ပူပူ လူသူကင်းနေသော ကျောက်တုံးခင်း လမ်းများပေါ်၌ ခွာသံတခွပ်ခွပ်နှင့် မြင်းစီးပုလိပ် တပ်ခွဲကလေးတစ်ခုသည် စေ့နေအောင် ပိတ်ထားသော ပြတင်းမျဉ်းပြိုင်တန်းများ အကြား၌ လှည့်လည်သွားလာ နေသည်ကို ကြားကြရတတ်သည်။ မကြာခဏပင် သေနတ်သံ တစ်ချက်တစ်ချက်ကိုလည်း ကြားရတတ်သည်။ ရောဂါပိုး သယ်ဆောင်လာနိုင်သည့် ခွေးများ၊ ကြောင်များကို လိုက်လံသတ်ဖြတ်ရန် ဖွဲ့စည်းထားသော တပ်ဖွဲ့တစ်ခုကလည်း အလုပ်လုပ်လျက်ရှိ၏။ တိတ်ဆိတ်ချိန်တွင် ဖျောင်းခနဲ ဒိုင်းခနဲ ပေါ်ထွက်လာသော ဤအသံများသည် အလိုလိုနေရင်းမှ ထိတ်လန့်လျက် ရှိကြသော မြို့သူမြို့သားများအား ပိုမို၍ တုန်လှုပ် ကြောက်လန့်စေလျက် ရှိလေသည်။

နေကလည်းပူ၊ တိတ်ကလည်း တိတ်ဆိတ်လျက် ရှိရာတွင် စိတ်နှလုံး မချမ်းမြေ့ ဖြစ်နေကြရသော ကျွန်ုပ်တို့၏ မြို့သူမြို့သားများအဖို့ ဘာပဲဖြစ်ဖြစ် ထစ်ခနဲဆိုလျှင် အကြောက်ပိုစရာသာ ဖြစ်နေလေသည်။ ရာသီဥတု ပြောင်းလဲခြင်း၏ လက္ခဏာများ ဖြစ်သော ကောင်းကင်ကြီး၏ အသွင်အပြင် အမျိုးမျိုးနှင့် အနံ့တို့ကို ပထမဆုံးအကြိမ် သတိပြုမိကြသည်။ ပူသောရာသီသည် ပလိပ်ကပ်ရောဂါကို အားပေးသည်ဟု သိကြရပြီး ယခုအခါ နွေရာသီဝင်လာပြီကို သတိပြုမိကြသော ကျွန်ုပ်တို့၏ မြို့သူမြို့သားများမှာ လာမည့်ဘေးကို တွေးတော ကြောက်လန့်၍ နေကြရပြန်လေသည်။ အိမ်များ၏ အထက်ဆီက ပျံလွှားငှက်ကလေးများ၏ အော်မြည်သံသည် စူးရှသည်ထက် စူးရှလာသည်။ ကောင်းကင်ကြီးမှာလည်း ဖွန်လ၏ ဆည်းဆာရောင်များကဲ့သို့ ပျံ့ပျူးခြင်း မရှိတော့ဘဲ၊ မိုးကုပ်စက်ဝိုင်းမှာလည်း ဝေးလံသွားသည် ထင်ရလေသည်။ ဈေးများတွင် ပန်းတို့သည် အဖူးအငုံအဖြစ်

မလာတော့ဘဲ အပွင့်များအဖြစ်သာ ရောက်လာကာ နံနက် စျေးရောင်းချိန် ကုန်သောအခါတွင် ဖုန်တသောသောနှင့် လူသွားစကြ်ံများပေါ်၌ ခြေနင်းဖတ်ဖြစ်၍နေသော ပွင့်ဖတ်များ ပြန့်ကျဲလျက် ရှိလေတော့သည်။ နွေဦးကာလကလေးသည် နေရာတကာ၌ ထောင်သောင်းမက များပြားလှစွာ ပွင့်ကြပြီး၊ ယခုမူ နေပူရှိန်နှင့် ပလိပ်ကပ်တို့၏ နှစ်ထပ်ကွမ်း နှိပ်စက်မှုဒဏ်ဖြင့် ပျက်ပြုန်းကုန်လေပြီ ဖြစ်သော ပန်းများ၌ အားသွန်၍ ထည့်လိုက်ပြီးသည့် နောက်တွင် ပြီးဆုံးသွားသည်မှာ သိသာပေသည်။ ကျွန်ုပ်တို့၏ မြို့သူမြို့သားများအဖို့ ထိုနွေရာသီ ကောင်းကင်ကြီးသည် လည်းကောင်း၊ သူတို့၏ လက်ရှိဘဝများနှင့်နှင့် မှောင်မှိုင်းလျက် ဖုန်တသောသော ဖြစ်နေသော လမ်းမကြီးသည် လည်းကောင်း၊ နေ့စဉ် လူတစ်ရာ အသေအပျောက်နှုန်းဖြင့် တစ်မြို့လုံး၏အပေါ်၌ ဖိစီးလျက်ရှိသော နိမိတ်ဆိုးများပမာ အမင်္ဂလာအသွင်ကို ဆောင်လျက် ရှိကြလေသည်။ ယခင်အခါများက နေ့လယ်နေ့ခင်း တမှေးတမိုတ် အိပ်စက်ခြင်း၊ ရက်အားယူခြင်း စသည်တို့ဖြင့်သာ ကုန်လွန်လေ့ရှိသော ဤနွေရာသီ၏ နေပူရက်များသည် ရေးကကဲ့သို့ ပင်လယ်ကမ်းခြေတွင် ပျော်ရွှင်မြူးတူးစရာ အမြူအဆွယ်များဆီသို့ ဖိတ်ခေါ်ခြင်း မပြုတော့ချေ။ ယခုမူ ပိတ်ထားသည့် မြို့ကြီးများမှာ တိတ်ဆိတ်လျက် အဓိပ္ပာယ်ကင်းမဲ့သော၊ ပျော်စရာကောင်းသော နွေရာသီ၏ ဝင်းဝင်းဝါဝါ လက္ခဏာများအားလုံး ပျောက်ဆုံးနေလေသည်။ ပလိပ်ကပ်သည် အရောင်အဆင်းမှန်သမျှ အားလုံးဖျက်ဆီးကာ ပျော်ရွှင်စရာ ဟူသမျှကို ဗီတိုအာဏာဖြင့် ပိတ်ပင်ပစ်လိုက်လေသည်။

ဤသည်ကား ကူးစက်ရောဂါက ဆောင်ကြဉ်း၍ လာခဲ့သော အပြောင်းအလဲကြီးများ ပေတည်း။ ယခုအချိန်မတိုင်မီက ကျွန်ုပ်တို့သည် နွေရာသီအဝင်တွင် ပျော်ရွှင်စွာ စောင့်ကြိုနေခဲ့ကြသည်။ မြို့သူမြို့သားများသည် ပင်လယ်ဘက်သို့ အကန့်အသတ်မရှိ ထွက်နိုင်ကြပြီး ငယ်ရွယ်သူတို့သည် သောင်ကမ်းခြေတွင် လွတ်လပ်စွာ ပျော်ရွှင်နေကြသည်။ ယခုနွေတွင်မူကား ပင်လယ်ပြင်သည် အမြင်နီးပါလျက် ထွက်ခွင့်မရှိသောနယ်မြေ ဖြစ်နေသည်။ ငယ်ရွယ်သူတို့ ခြေလက်လှုပ်ရှား မပျော်ပါးကြရတော့။ ဤအခြေအနေများ၌ ကျွန်ုပ်တို့ ဘာလုပ်နိုင်ကြမည်နည်း။ ဤကာလများက ကျွန်ုပ်တို့၏ ဘဝသရုပ်အမှန်ဆုံးကို ရေးသားခြယ်မှုန်းသူမှာ တာရှုပင် ဖြစ်သည်။ ထုံးစံအတိုင်း သူက ပလိပ်ကပ်ရောဂါကြီး တိုးပွားခဲ့ပုံကို အကြမ်းဖျင်းဖော်ပြခဲ့ပြီး . . . ရေဒီယိုမှ သီတင်းပတ် အသေအပျောက်စာရင်းချုပ်ကို မကြေညာတော့ဘဲ တစ်နေ့တည်းမှာပင် ကိုးဆယ့်နှစ်ယောက်၊ တစ်ရာ့ခုနစ်ယောက်၊ တစ်ရာ့သုံးဆယ် စသည်ဖြင့် ကြေညာလာသောအခါ ကပ်ရောဂါကြီးသည် ကဏ္ဍသစ်တစ်ရပ် ဖွင့်ခဲ့သည်ဟု သူက မှတ်တမ်းတင်သည်။ သတင်းစာနှင့် အာဏာပိုင်တို့ ပူးပေါင်းလျက် ပလိပ်ကပ်ကို ပြိုင်လျက်ရှိကြသည်။ တစ်ရာ့သုံးဆယ်ဆို သည့် အမှတ်ဂဏန်းသည် ကိုးရာ့တစ်ဆယ်ထက် နည်းသည့် ဂဏန်းဖြစ်၍ သူတို့ နိုင်,နိုင်သည်ဟု

ထင်နေကြသည်။ ထို့အပြင်လည်း တာရိုသည် သူ့ သတိပြုမိသမျှထဲမှ ဤကူးစက်ရောဂါ ကာလအတွင်းက ထူးခြားထင်ရှားသော ဖြစ်ရပ်များ၊ စိတ်ထိခိုက်ဖွယ် ဖြစ်ရပ်များကိုလည်း မှတ်တမ်းတင်သေးသည်။ ပုံစံအားဖြင့် လူပြတ်သော လမ်းတစ်လမ်းထဲတွင် တာရို၏ ခေါင်းပေါ်က တတိယအထပ်ရှိ မှောင်နေသော အိပ်ခန်းတစ်ခု၏ တရုတ်ကပ်တံခါး ရုတ်တရက် ပွင့်လာကာ မိန်းမတစ်ယောက်သည် နှစ်ခွန်းမျှ ကျယ်လောင်စူးရှစွာ အော်လိုက်ပြီး တရုတ်ကပ်တံခါး ပြန်ပိတ်သွားသည့် အဖြစ်မျိုး။ ထို့နောက် ပရုတ်ပါသည့် သကြားခဲများကို ငုံစုပ်နေလျှင် ကူးစက်ရောဂါ မဝင်နိုင်ဟု လူအများ ယုံကြည်ကြသောကြောင့် ဆေးစပ်ရောင်းသူများ၏ ဆိုင်များမှ ပရုတ်အေးသကြားခဲများ ကွယ်ပျောက်သွားပုံကိုလည်း မှတ်တမ်းတင်ထားသည်။

တာရိုသည် မျက်နှာချင်းဆိုင် လေသာဆောင်မှ သူကြည့်နေကျ လူထူးလူဆန်းကိုလည်း ကြည့်မြဲကြည့်သည်။ ကြောင်များကို တံတွေးဖြင့် လှမ်းထွေးတတ်သော ထိုအဖိုးအိုကလေးမှာလည်း စိတ်ညစ်စရာ ဖြစ်ရဟန်တူသည်။ တစ်နံနက်တွင် လမ်းထဲက သေနတ်သံများကြားရပြီး တာရို့စကားအတိုင်း ဆိုလျှင် ကြောင်အားလုံး လိုလိုပင် ကျည်စာကျွေးပစ်လိုက်ပြီး ကျန်သည့် ကြောင်များလည်း လန့်ထွက်ပြေးကြသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုအနီးအနားဌာကား ကြောင်များ မရှိကြတော့။ ထိုနေ့က အခါတိုင်းအချိန်တွင် အဖိုးအိုကလေးသည် လေသာဆောင်ဘက်သို့ ထွက်လာပြီး အံ့အားသင့်ဟန်ဖြင့် လက်ရန်းကိုမှီ၍ ငုံ့ကာ လမ်းထဲက ချောင်ကြိုချောင်ကြားမကျန် စေ့စပ်စွာကြည့်ရင်း ရှာလေသည်။ ထို့နောက် သူသည် စိတ်မချမ်းမသာပင် လက်ရန်းကို သူ၏ လက်ယာဘက်လက်ဖြင့် တဖတ်ဖတ်ပုတ်ရင်း ထိုင်စောင့်သည်။ သူသည် ထိုနေရာ၌ အတော်ကြာအောင် စောင့်နေပြီး စက္ကူ နှစ်ရွက်သုံးရွက်ကို စုတ်ဖြဲကာ အခန်းထဲသို့ ပြန်ဝင်သွားသည်။ ထို့နောက် ပြန်ထွက်လာပြန်ကာ အတန်ကြာအောင် စောင့်ပြီး ပြန်ဝင်သွားရင်း လေသာဆောင်ဘက်က ပြတင်းကို ဒိုင်းခနဲ ပိတ်ထားခဲ့သည်။ ထိုသီတင်းတစ်ပတ်လုံး နေ့တိုင်းပင် ဤနည်းနှင်နှင် ဖြစ်ပြီး မျက်နှာပေါ်တွင် စိတ်မချမ်းသာသည့် အသွင်၊ ရှုပ်ထွေးသည့် အသွင်များ အဖိုးအို၏ မျက်နှာပေါ်တွင် တနေ့တခြား ပေါ်လွင်လာသည် ဆိုသည်။ ရှစ်ရက်မြောက်သည့်နေ့တွင် တာရိုသည် သူ ပေါ်လာမည်လားဟု စောင့်ကြည့်နေသော်လည်း ပေါ်မလာတော့ဟု ဆိုသည်။ ပြတင်းမှာလည်း စေ့နေအောင် ပိတ်ထားသဖြင့် ဘေးအန္တရာယ် ကျရောက်ပြီ ဆိုသည်ကို သိလိုက်ရသည် ဆိုသည်။ ဤရေးသွင်းချက်ကို တာရိုက 'ပလိပ်ရောဂါ ဖြစ်ပွားနေချိန်တွင် ကြောင်များအား တံတွေးဖြင့် မထွေးရန် တားမြစ်သည်' ဆိုသည့် ကောက်ချက်ဖြင့် အဆုံးသတ်ထားလေသည်။

နောက်စကားစပ်တစ်ခုတွင် တာရိုသည် သူ ညနေညနေ အိမ်သို့ ပြန်လာတိုင်း ညအစောင့်ကြီးသည် ခန်းမကြီးထဲတွင် စန္ဒရီစောင့်သလို

ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို တွေ့ရသည် ဆိုသည်။ သူသည် တွေ့သူတိုင်းအား နောက်တွင် ဘာဖြစ်လာမည်ကို သူ ကြိုတင်၍ မြင်ကြောင်း ပြောဖြစ်အောင် ဆီး၍ ပြောနေသည် ဆို၏။ တာရိကလည်း သူနှင့် သဘောချင်းတူပြီး သူလည်း အပျက်အဆီးတစ်ခုခု မုချတွေ့ရမည် ဟု ဟောထားကြောင်း၊ သို့သော် သူ ဟောထားသည်မှာ 'မြေငလျင်ကြီး လှုပ်မည်' ဟူ၍ ဖြစ်ကြောင်း ပြောပြသည်။ ထိုအခါ အစောင့်ကြီးက "ဟာ၊ ငလျင်ကြီး လှုပ်တာဖြစ်ရင် တော်သေးတာပေါ့။ လှုပ်စမ်းပါစေဗျာ၊ ဆိုးဆိုးဝါးဝါး။ ကဲ၊ ပြီးရင် ပြီးရော။ သေတဲ့လူ ဘယ်နှစ်ယောက်၊ ရှင်တဲ့လူ ဘယ်နှစ်ယောက် စာရင်းကောက် ပြီးပြီ။ ဒါပဲ။ အခုကျနေတဲ့ ကပ်ရောဂါဆိုးကြီးကတော့ဗျာ ကပ်မသင့်သေးတဲ့ လူကလည်း ဒါကိုပဲ ကြောက်နေရတော့တာ" ဟု ဆိုသည်။

ဟိုတယ်မန်နေဂျာမှာလည်း ထိုနည်းတူစွာပင် စိတ်ဆတ်ကျဆင်းလျက် ရှိလေသည်။ စောစောပိုင်းကမူ ဤမြို့မှ ထွက်ခွာမသွားနိုင်ကြသော ခရီးသည်များက သူတို့၏ ဟိုတယ်ခန်းများတွင် ဆက်လက်၍ နေနေကြသည်။ သို့ရာတွင် ကူးစက်ရောဂါကြီးက လျော့ပါးသွားမည့်လက္ခဏာ မပြသောအခါ တစ်ယောက်ချင်း ဟိုတယ်မှ ထွက်ခွာကာ မိတ်ဆွေများနှင့် သွား၍ နေထိုင်ကြလေတော့သည်။ မြို့သို့ ဧည့်သည်အသစ်များ ရောက်မလာတော့သဖြင့် ပလိပ်ကြောင့် ဟိုတယ်ခန်းများ ပြည့်ခဲ့သလို၊ ပလိပ်ကြောင့် ဟိုတယ်ခန်းများ ဟောင်းလောင်းဖြစ်ရ ပြန်တော့သည်။ တာရိုကား ဟိုတယ်၌ အနည်းငယ်မျှသာ ကျန်တော့သူများအနက် တစ်ယောက်ဖြစ်လေရာ ဟိုတယ်မန်နေဂျာက သူ့အား အခါအခွင့်သင့်တိုင်း ဧည့်သည် လူကြီးလူကောင်းများ ကသိကရိ မဖြစ်စေချင်လို့သာ၊ မဟုတ်ရင် ဟိုတယ်ကို ပိတ်ပစ်လိုက်သည်မှာ ကြာပြီဖြစ်ကြောင်းကို အသိပေးလေ့ ရှိသည်။ သူက တာရိုအား ဤကူးစက်ရောဂါကြီး မည်မျှကြာဦးမည် ထင်သနည်းဟု မကြာခဏ မေးတတ်သည်။ တာရိုက သူ့အား "အေးတဲ့ရာသီဥတုက ဒီရောဂါကို နှိမ်နင်းနိုင်တယ်လို့ ပြောကြတာပဲ" ဟု ပြောသည်။ ဤတွင် မန်နေဂျာက အံ့အားသင့်သည့် အမူအရာဖြင့် "ဒါပေမယ့် ကိုယ့်ဆရာရယ် ဒီဒေသတွေမှာက ဘယ်တော့မှ တကယ်အေးတာ မဟုတ်ဘူးဗျ။ ဘယ်လိုမဆို အဲသလိုဆိုတောင်မှ လပေါင်းများစွာ ကြာဦးမယ့် သဘောပါပဲဗျာ" ဟု ပြန်ပြောသည်။ ထိုမျှသာမက ခရီးသွားများသည် နောင်ကာလ အတော်ကြာသည်အထိ ဤမြို့ကို ဝေးဝေးက ကွင်းရှောင်သွားကြဦးမည်မှာ သေချာကြောင်း၊ တကယ်က ဤကူးစက်ရောဂါသည် ကမ္ဘာလှည့်ခရီးသည်များအား အမီပြုရသည့် လုပ်ငန်းများကို ပျက်စီးစေလျက်ရှိကြောင်း ပြောလေသည်။

ခေတ္တခဏမျှ မေ့ပျောက်နေပြီး ပေါ်လာပြန်ကာ ဟိုတယ်စားသောက်ဆိုင်ခန်းသို့ လာရောက် စားသောက်တတ်သူ အိမ်ထောင်ဦးစီး လူ့ပိတ်တုံး မွန်ဆီယာအိုသုန်နှင့်အတူ သူ၏ ရင်သွေးများဖြစ်ကြသော ခွေးလိမ္မာကလေး နှစ်ကောင်သာ ပါလာကြတော့၏။ စုံစမ်းကြည့်သောအခါ

မဒမ်အိုသုန်သည် ပလိပ်ကပ်ရောဂါဖြင့် သေဆုံးသွားသော သူ၏မိခင်အား ပြုစုရန်သွားရင်း ကပ်သင့်ရပ်ကွက်ထဲ၌ ပိတ်မိနေကြောင်း သိရလေသည်။

မန်နေဂျာက တာရိုအား "ကျွန်တော်တော့ နည်းနည်းမှ မကြိုက်ဘူးဗျာ။ ကပ်သင့်ရပ်ကွက်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် မဒမ်အိုသုန်မှာ ဒီရောဂါဝင်တယ်လို့ မသင်္ကာစရာပဲပေါ့။ အဲ့ဒီလိုဆိုတော့ သူတို့လည်းပဲ မသင်္ကာစရာပဲပေါ့" ဟု ဆိုသည်။ တာရိုက ဤသို့ပြောတမ်းဆိုလျှင် လူတိုင်းလူတိုင်းမှာ မသင်္ကာစရာ ဖြစ်နေမည်ဟု ထောက်ပြသည်။ သို့သော် မန်နေဂျာကြီးကတော့ သူ့ယုံကြည်ချက်နှင့် သူ၊ ဘယ်သူ ဘာပြောလို့မှ မရ။

"မဟုတ်ဘူး ဆရာ။ ဆရာတို့ ကျွန်တော်တို့မှာ ဘာမှ မသင်္ကာစရာ မရှိပါဘူး၊ သူတို့မှာတော့ အသေအချာ ရှိတာပေါ့"

သို့ရာတွင် မွန်ဆီယာအိုသုန်ကတော့ ဤကဲ့သို့သော သဘောထားမျိုးကို ဂရုစိုက်မနေနိုင်။ ပလိပ်ရောဂါကြောင့်တော့ သူ့အကျင့်ကို မပြောင်းနိုင်။ သူသည် စားသောက်ဆိုင်ခန်းထဲသို့ လာနေကျအတိုင်း ဣန္ဒြေသိက္ခာဖြင့် ဝင်လာကာ သူ၏ ကလေးများရှေ့တွင် ထိုင်ပြီး တစ်ချက်တစ်ချက်တွင် ကလေးများအား ကောင်းစွာ ရွေးချယ်ထားသော စကားလုံးများဖြင့် လှမ်း၍လှမ်း၍ ပြောလေ့ ရှိပေသည်။ ကောင်ကလေးတွင်သာ အနည်းငယ် ပြောင်းလဲလာသလို ရှိသည်။ သူသည် မိန်းကလေးနည်းတူပင် အနက်ဝတ်ထားပြီး၊ ရှေးကထက် မျက်နှာအနည်းငယ် ပိန်သွားသလိုရှိကာ ယခုအခါတွင် သူ့အဖေ အငယ်စားကလေး၏ အသွင်ကို ဆောင်လျက် ရှိလေသည်။ မွန်ဆီယာအိုသုန်အား ခင်မင်ခြင်းမရှိသော သူ့အကြောင်း တာရိုအား ပြောပြသည်မှာ "အဲဒီ ပုဂ္ဂိုလ်ကြီးကတော့ သေရင်တောင် အဲဒီ အဝတ်အစားတွေနဲ့ သေမှာဗျ။ အားလုံးဝတ်ပြီးဆင်ပြီး ချရုံပဲ။ အလောင်းတွေ ဘာတွေ ပြင်နေစရာတောင် လိုတော့မှာ မဟုတ်ဘူး" ဟူ၍ ဖြစ်၏။

ပနယ်လို၏ ဒေသနာနှင့် ပတ်သက်၍လည်း တာရိုတွင် မှတ်ချက်ချစရာအချို့ ရှိသည်။ "ဤကဲ့သို့သော စိတ်ထက်သန်မှုမျိုးကို ကျွန်ုပ် နားလည်နိုင်ပါသည်။ နှစ်သက်ဖွယ်တော့ မရှိဟု တွေ့ရပါသည်။ ကပ်ရောဂါဆိုးတစ်ခု ကျရောက်စအခါနှင့် ပြီးဆုံးသွားသည့် အချိန်တို့တွင် နှုတ်စအာစ ရွှင်ချင်တတ်ကြစမြဲ။ ကျရောက်စတွင် နဂိုအကျင့်ကလေးများက မပျောက်တတ်သေး။ ပြီးဆုံးချိန်တွင်လည်း ယင်းတို့က ပြန်ရောက်လာတတ်သည်။ ကပ်ဆိုးအန္တရာယ် ပြင်းထန်နေချိန်ဆိုလျှင် အမှန်တရား၏ဒဏ်ကို ခံနိုင်ရည်ရှိ လာတတ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ စောင့်ကြပါဦးစို့"

တာရိုက သူ ဒေါက်တာရေးနှင့် အချိန်ကြာမြင့်စွာ စကားပြောခဲ့သည် ဟုလည်း မှတ်တမ်းတင်ထားသည်။ အကျိုးအမြတ် ရှိသည် ဆိုသည်ကိုသာ သူ

မှတ်မိတော့သည်။ ဤစကားစပ်ဖြင့် သူက ဆရာဝန်အမေ မဒမ်ရေးကြီး၏ မျက်လုံးအရောင်ကို ကြည်လင်သောအညိုရောင် ဟု မှတ်သားပြီး ဤမျှ စိတ်ကောင်းနှလုံးကောင်းကို ဖော်ပြလျက်ရှိသော မျက်လုံးမျိုးသည် ပလိပ်ကပ်ကို အောင်နိုင်မြဲဖြစ်သည် ဟူ၍ ထူးထူးဆန်းဆန်း မှတ်ချက်ချထားသည်။

သူ့တွင် ဒေါက်တာရေး ကုသပေးနေသည့် ပန်းနာသည်ကြီး၏ အကြောင်းလည်း အတော်များများ ပြောစရာရှိသည်။ သူသည် ဆရာဝန်နှင့် စကားပြောပြီးပြီးချင်း ဆရာဝန်နှင့်အတူ ပန်းနာသည်ကြီးထံသို့ လိုက်သွားခဲ့သည်။ အဖိုးကြီးက တာရိုအား သဘောကျနှစ်ခြိုက်စွာ ခပ်အေးအေးရယ်ရင်း နှုတ်ဆက်ပြီး ရှင်လန်းစွာပင် လက်ဖဝါးချင်း ပွတ်နေလေသည်။ သူသည် ရှေ့၌ ခါတိုင်းလိုပင် ပဲအိုးနှစ်လုံးကိုထား၍ အိပ်ရာထဲတွင် မှီ၍ ထိုင်နေ၏။ တာရိုအား မြင်လိုက်သောအခါ သူက “အား၊ နောက်တစ်ယောက်ပါလား။ ကမ္ဘာလောကကြီး တစ်ခုလုံး ကမောက်ကမတော့ ဖြစ်နေပါပြီလေ။ လူနာထက် ဆရာဝန်က များနေပြီကော။ လူနာတွေကတော့ တစ်နေ့ထက်တစ်နေ့ ပိုပြီး အတုံးအရုံး သေနေကြပြီကိုး။ ဘုန်းကြီးဟောတာ မှန်လိုက်လေဗျာ။ ကိုယ့်ထိုက်နဲ့ ကိုယ်ကံ တဲ့”။ နောက်တစ်ရက်တွင် တာရိုသည် အကြောင်းမကြား ဘာမကြား သူ့အား လာတွေ့လေသည်။

တာရို၏မှတ်စုများကို ကြည့်၍ ဤအဖိုးကြီးသည် အထည်သည်အဖြစ် လုပ်ကိုင်ခဲ့ပြီး အသက်ငါးဆယ်အရွယ်တွင် တစ်သက်လုံးအတွက် အလုပ်လုပ်၍ ပြီးပြည့်စုံပြီဟု ဆုံးဖြတ်လိုက်သည်ကို ကျွန်ုပ်တို့ သိကြရသည်။ ထိုအခါမှစ၍ အဖိုးကြီးသည် အိပ်ရာထဲက မထတော့ဟု ဆိုသည်။ သို့ရာတွင် သူ့အား သွားလာလှုပ်ရှားမှု ပျက်စေလောက်အောင် ဖြစ်သည်မဟုတ်သော ပန်းနာကြောင့်ကား မဟုတ်ချေ။ သူသည် အနည်းငယ်မျှသော ပုံမှန်ဝင်ငွေကလေးဖြင့် ယခု အသက် ခုနစ်ဆယ့်ငါးနှစ် အရွယ်အထိ နေလာခဲ့သည်။ အသက်အရွယ် ကြီးလာသော်လည်း သူ၏ ရှင်လန်းမှုမှာ ထိုင်းမှိုင်း၍ မသွားခဲ့ချေ။ နာရီကိုမြင်လျှင် သူ သည်းမခံနိုင်ဟု ဆိုသည်။ တကယ်ပင် သူ့တစ်အိမ်လုံးတွင် နာရီတစ်လုံးမျှ မရှိ။ သူက “နာရီတွေဟာ အတော်တုံးတဲ့ ကရိယာတွေ ခင်ဗျ။ အဖိုးကလည်း ကြီးသေးရဲ့” ဟု ဆိုသည်။ သူကတော့ အချိန်များကို မှတ်ရာတွင် စားချိန်သောက်ချိန် စသည်တို့ကို နံနက်တိုင်း တစ်လုံးက ပဲစေ့အပြည့်နှင့် သူ့ရှေ့သို့ အမြဲရောက်လာရသော အိုးနှစ်လုံးဖြင့် တွက်ချက်မှတ်သားသည် ဆိုသည်။ အိုးတစ်လုံးထဲမှ ပဲစေ့များကို အခြားအိုးတစ်လုံးထဲသို့ တစ်စေ့ချင်း မှန်မှန် သတိနှင့်ချရင်း ရွှေ့သည်ဆိုသည်။ ဤသို့လျှင် သူ့အဖို့ အချိန်ကို ဤအိုးနှစ်လုံးဖြင့်သာ မှတ်သားပြီး မည်သည့်အချိန်ရှိပြီကို ပြောနိုင်သည် ဆို၏။ “အိုး ဆယ့်ငါးလုံးပြည့်ရင် စားချိန်သောက်ချိန်ပဲ ဆရာရဲ့။ ဒီထက်လွယ်တာ ဘာရှိနိုင်မှာလဲ” ဟု သူက ပြောသည်။

သူ့ဇနီး ပြောသည့်အတိုင်းဆိုလျှင် သူ၏ အထုံပါရမီ အရိပ်နိမိတ်များကို ငယ်ရွယ်စဉ်ကပင် ပြခဲ့သည်ဆိုသည်။ တကယ်ဆိုလျှင် သူသည် ဘာကိုမျှ စိတ်ဝင်စားသူ မဟုတ်ခဲ့။ သူ့အလုပ်၌ သော်လည်းကောင်း၊ အဆွေခင်ပွန်း၌ သော်လည်း ကောင်း၊ လက်ဖက်ရည်ဆိုင်များ၌ သော်လည်းကောင်း၊ ဂီတ၌ သော်လည်းကောင်း၊ မိန်းမ၌ သော်လည်းကောင်း၊ ခရီးထွက်ခြင်း၌ သော်လည်းကောင်း၊ မည်သို့မျှ စိတ်မဝင်စားခဲ့ဟု ဆိုသည်။ သူသည် မိသားစုကိစ္စဖြင့် ခေါ်သဖြင့် အယ်လဂျီးယားသို့သွားရန် တစ်ခေါက်ထွက်ဖူးသည်မှအပ သူ့ဇာတိမြို့က တစ်ခါမျှမခွာခဲ့ဖူး ဟု ဆိုသည်။ ထိုအခါကလည်း အိုရန်မှထွက်ပြီး ပထမဆုံးဆိုက်သည့် ဘူတာတွင် ရထားပေါ်မှဆင်းကာ ဆက်လက် မစွန့်စားနိုင်တော့ဘဲ အစောဆုံး မီးရထားဖြင့် အိုရန်သို့ ပြန်လိုက်ခဲ့သည်ဆိုသည်။

သူက ဤသို့ ချောင်ထဲက မထွက်ဘဲနေသည်ကို အံ့အားသင့်ဟန် ပြမိသော တာရိုအား သူက ယခု ဆိုလတ္တံ့သော သဘောမျိုးပါသည့် အကြောင်းပြချက်များ ပေးခဲ့သည် ဆို၏။ ဘာသာတရားအရ လူတစ်ယောက်၏သက်တမ်း ပထမပိုင်း တစ်ဝက်မှာ တောင်တက်ဖြစ်၍၊ ဒုတိယပိုင်းတစ်ဝက်မှာ တောင်ဆင်းဖြစ်ကြောင်း၊ တောင်ဆင်းပိုင်းတွင် သူ့မှာ ဘာမျှ ရပိုင်ခွင့် မရှိတော့ကြောင်း၊ ရပိုင်ခွင့်အားလုံးကို သူ့ထံမှ အချိန်မရွေး နုတ်သိမ်းသွားမည်သာ ဖြစ်ကြောင်း၊ ဤသို့လျှင် ရပိုင်ခွင့်နှင့် ပတ်သက်၍ သူ ဘာမျှ မတတ်နိုင်တော့သဖြင့် အကောင်းဆုံးမှာ ဘာမျှ မလုပ်ဘဲ နေလိုက်ခြင်းသာ ဖြစ်ကြောင်းတို့ ဖြစ်သည်။ သူသည် သူ့ကိုယ်သူ ဆန့်ကျင်ရန်လည်း စိတ်မသန့်ဖြစ်သည်မှာ သိသာပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြောပြီး၍ မိနစ်အနည်းငယ် အကြာတွင် သူက တာရိုအား ဘုရားသခင်ဆိုတာ မရှိခဲ့။ ရှိခဲ့သည်ဆိုလျှင် ဘုန်းကြီးများ ရှိဖို့လိုလိမ့်မည် မဟုတ်ဟု ပြောသောကြောင့် ဖြစ်၏။ သို့ရာတွင် နောက်ဆက်တွဲ မှတ်ချက်များကို ထောက်ရှုကာ အဖိုးကြီး၏ ဒဿနသည် ထိုရပ်ကွက်တွင် အမြဲလိုပင် ရှိနေခဲ့သော အိမ်ပေါက်စေ့လှည့်၍ အလှူငွေကောက်ခံခြင်းကို မကျေနပ်ရာမှ ပေါ်ထွက်လာသည်ကို တာရို သိရလေ၏။ သူ့တွင် အမြစ်တွယ်ကာ မကြာခဏ ထုတ်ဖော်ပြောဆိုရလေ့ ရှိသည့် ဆန္ဒတစ်ခုက အဖိုးအို၏ပုံအသွင်ကို ပီပြင်အောင် အဆုံးအဖြတ် ပေးလိုက်သည်။ အသက်အရွယ် အလွန်ကြီးရင့်ခါမှ သေချင်သည့်ဆန္ဒ။

သူဟာ သူတော်စင်လား ဟု တာရိုက သူ့ကိုယ်သူ မေးပြီး၊ 'သူတော်စင်လက္ခဏာဟာ အလေ့အကျင့်တွေရဲ့ အပေါင်းအစုကို ခေါ်တာဆိုရင် ဟုတ်တယ်' ဟု ဖြေလေသည်။

ဤအတောအတွင်း တာရိုသည် ကပ်သင့်မြို့အတွင်းမှ တစ်နေ့တာ ဘဝသရုပ်ကို အတော်ရှည်လျားစွာ ရေးသားပြုစုလျက် ရှိလေသည်။ ထိုစာတမ်းသည် ထိုနှစ်နွေက ကျွန်ုပ်တို့၏ မြို့သူမြို့သားများ၏ ဘဝသရုပ်ကို ပြည့်စုံတိကျစွာ ဖော်ပြရန်

ရည်ရွယ်သည်ဆို၏။ "မူးယစ်နေသူများမှတစ်ပါး မည်သူမျှ မရယ်မောနိုင်။ မူးယစ်နေသူများမှာတော့ ရယ်မောနိုင်လွန်း၍ပင် နေကြသည်" ဟု ဆိုကာ သူ၏ ဖော်ပြချက်များကို စ,လေတော့သည်။

"နံနက်လင်းသည်ဆိုလျှင် လူသူကင်းမဲ့လျက်ပင် ရှိသေးသော လမ်းများထဲသို့ လေညင်းကလေးများ သုတ်ဖြူးလာသည်။ ဤအချိန်တွင် ညက ကပ်သင့်၍ သေသူများနှင့် လာမည့်နေ့၏ သေငယ်ဇောနှင့် မြောနေသူများ၏ အကြား ပလိပ်ကပ်သည် ခေတ္တမျှနား၍ အမောဖြေသကဲ့သို့ ရှိ၏။ ဆိုင်များအားလုံး ပိတ်ထားသည်။ သို့ရာတွင် အချို့ဆိုင်များ၌ ပလိပ်ကပ်ကြောင့် ပိတ်ထားသည် ဟူသော စာတမ်းများက မကြာမီ အခြားဆိုင်များ ဖွင့်တော့လည်း သူတို့မဖွင့်တော့ဟု ပြောလျက် ရှိလေသည်။ သတင်းစာ အရောင်းသမားလေးများလည်း သတင်းခေါင်းစဉ်များကို အော်ဟစ်၍ မရောင်းကြသေးဘဲ အိပ်ချင်မူးတူးနှင့် အိပ်မက်ထဲ၌ လမ်းလျှောက်နေကြသူများပမာ ဓာတ်မီးတိုင်များဆီသို့ သတင်းစာများကို မြှောက်ကာမြှောက်ကာ ပျင်းမှုပျင်းရာ လှုပ်ရှားနေကြဆဲ။ မကြာမီ စောစောလာသော ဓာတ်ရထားများ အသံကြောင့် လန့်နိုးကာ လက်မောင်းပေါ်တွင် ပလိပ်ဆိုသည့် စာလုံးကြီးကြီး ပိုစတာများတင်ကာ မြို့ထဲသို့ ဖြန့်ထွက်သွားကြတော့မည်။ ဆောင်းဦးပေါက်အထိ ပလိပ်ကပ် ရှိနေဦးမည်လား။ ပါမောက္ခဘီက "မရှိဘူး" တဲ့။ ကိုးဆယ့်လေးရက်မြောက်နေ့မှာ အသေအပျောက် တစ်ရာနှစ်ဆယ့်လေးယောက်။

"တစ်နေ့တခြား စက္ကူရှားပါးလာသဖြင့် နေ့စဉ်သတင်းစာ အချို့ စာမျက်နှာလျှော့၍ ထုတ်နေကြပါလျက် မြို့သူမြို့သားများအား ပလိပ်ရောဂါ၏ အတိုးအဆုတ်ကို စနစ်တကျ ဟုတ်တိုင်းမှန်ရာကို သတင်းပေးရန်၊ အနာဂါတ်ရေးအတွက် ရနိုင်သမျှ တတ်ကျွမ်းသူတို့၏ အယူအဆများကို အသိပေးရန်၊ မည်သည့် အတန်းအစားမှ လူမဆို ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် သတင်းစာတွင် ပါဝင်ရေးသားလိုသူများအား ဖော်ရွေစွာ ဖိတ်ခေါ်ရန်၊ မြို့သူမြို့သားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရန်၊ အာဏာပိုင်များ၏ နောက်ဆုံး ထုတ်ပြန်ကြေငြာချက်အမိန့်စာများကို ဖော်ပြရန်နှင့် ယခုအရေးပေါ်ကိစ္စတွင် စိတ်ရောကိုယ်ပါ တတ်ကြွစွာပါဝင် ဆောင်ရွက်လိုသူများ၏ လုပ်အားကို စုစည်းပေးရန်ဟူသော ကြွေးကြော်သံများဖြင့် ပလိပ်ကပ်သတင်းစဉ် အမည်ရှိ သတင်းစာသစ်တစ်စောင် ထွက်ပေါ်လာခဲ့လေသည်။ တကယ်ကမူ ဤသတင်းစာ ကော်လံများသည် မျှားမကြာမီပင် ပလိပ်ရောဂါ မချပျောက်ကင်းအောင် ကုသနိုင်စွမ်းရှိသည် ဟူသော ခေတ်ပေါ်ဆေး ကြော်ငြာများဖြင့်သာ ပြည့်နေလေတော့သည်။

"နံနက် ခြောက်နာရီလောက်ဆီတွင် ဤသတင်းစာများကို ဆိုင်များမဖွင့်မီ

တစ်နာရီကျော်ကပင် တန်းစီစောင့်နေကြပြီ ဖြစ်သော လူတန်းကြီးသို့ လည်းကောင်း၊ မြို့အစွန်အဖျားမှ ဝင်လာသည့် ပြည့်ကျပ်နေသော ဓာတ်ရထားများပေါ်မှ ဆင်းလာကြသူများအား လည်းကောင်း ရောင်းချလျက် ရှိလေသည်။ ယခုအခါ လူအများ သွားလာပို့ဆောင်ရေးတွင် ဓာတ်ရထားတစ်ခုသာ ရှိတော့၍ ခြေနင်းခုံများ၊ လက်ကိုင်တန်းများတွင် အပြွတ်လိုက် တွယ်ကပ်လိုက်ပါ လာကြသည်ဖြစ်ရာ ခုတ်မောင်းရသည်ပင် များစွာခက်ခဲလျက် ရှိလေသည်။ ထူးဆန်းသည်မှာ ယခုအခါ ခရီးသည်များသည် ရောဂါကူးစက်မည် စိုးကြ၍ အနီးအနား၌ ရှိနေသူအား မဖွယ်မရာ ကျောခိုင်း၍ ထားတတ်ကြခြင်းပင် ဖြစ်သည်။ ဓာတ်ရထားရပ်တိုင်းလည်း အထဲမှလူများ ဝေါခနဲ ထွက်အန်ကျလာကာ လူတိုင်းပင်လျှင် အခြားလူများနှင့် ဝေးရာသို့ အမြန်ရောက်အောင် သုတ်ခြေတင် သွားတတ်ကြလေသည်။

ပထမဆုံး ဓာတ်ရထားများ သွားပြီးသောအခါ မြို့သည်လည်း တဖြည်းဖြည်း နိုးကြားစပြုကာ စောစောဖွင့်တတ်သည့် လက်ဖက်ရည်ဆိုင်များလည်း ဖွင့်ကြပြီး ကောင်တာများပေါ်တွင် ကတ်ပြားလေးများ တန်းစီလျက် ကော်ဖီမရှိပါ၊ ကိုယ့်သကြားကိုယ် ယူလာပါ၊ စသည့် စာတန်းများကိုလည်း တွေ့ကြရတတ်လေသည်။ ထိုနောက် ဆိုင်အားလုံး ဖွင့်ပြီးသောအခါ လမ်းများလည်း ပိုမို အသက်ဝင် လှုပ်ရှားလာသည်။ ထိုအတောအတွင်း နေ၏အလင်းရောင်သည် ပိုမို အားကောင်းလာကာ နံနက်စောစောမှာပင် ကောင်းကင်ကြီးမှာ အပူရှိန်ဖြင့် ခဲသားခဲရောင် ညို့လျက်ရှိပြီ ဖြစ်လေသည်။ ဘာမျှ လုပ်စရာမရှိသူများ သစ်ရိပ်တန်းနှင့် လမ်းများထဲသို့ အရဲစွန့်ကာ ထွက်လာတတ်ကြသည်မှာလည်း ဤအချိန် ဖြစ်လေသည်။ အများအားဖြင့် ဝတ်ကောင်းစားလှများကို ဖောဖောသီသီ ဝတ်ကာ ပလိပ်ကပ်ကို တန်ပြန်လုပ်ကြရန်များ သန္နိဋ္ဌာန် ချထားကြလေသလား မသိ။ နေ့လယ် ဆယ့်တစ်နာရီလောက် အချိန်တွင် လူငယ်လူရွယ် ကျား မ တို့သည် အဝတ်အစားပြပွဲကြီး ကျင်းပနေသည့် အလား လှုပ်ရှားသွားလာ နေကြသည်ကို မြင်လျှင် ဘေးအန္တရာယ်ဆိုးကြီး ကျရောက်ချိန်တိုင်း တွေ့ရတတ်သည့် ပြင်းထန်တတ်ကြွသော ဘဝတဏှာဆိုသည်ကို သတိရစရာ ဖြစ်၏။ ကူးစက်ရောဂါ ပြန့်နှံ့လာသည်နှင့်အမျှ အကျင့်စာရိတ္တများလည်း အထိန်းအချုပ် နည်းပါးလာကာ ယောက်ျား မိန်းမတို့သည် မီလန်မြို့က စနေဂြိုလ် နတ်ဘုရားပွဲ၌ လက်လွတ်ခြေလွတ် ပျော်ရွှင်မြူးတူးကြ သကဲ့သို့ သင်းချိုင်းမြေပုံများ ပတ်လည်တွင် ကခုန်နေကြသည်ကို တွေ့မြင်ကြရ ပေဦးတော့မည်။

မွန်းတည့်ချိန်၌ ရုတ်တရက်ဆိုသလိုပင် စားသောက်ဆိုင်များ ပြည့်သွားတတ်လေသည်။ နေရာမရနိုင်သူများသည် တံခါးဝ၌ လျှင်မြန်စွာပင် စုရုံးစုရုံး ဖြစ်လာ၏။ ပူလွန်းအားကြီး လာသောအခါ ကောင်းကင်ကြီးလည်း ကြည်လင်တောက်ပမှု လျော့နည်းလာသည်။ လမ်းဘေးစကြံတစ်လျှောက် နေကာရွက်ဖျင် အမိုးကြီးများ၏ အောက်တွင်ကား ဆာလောင်နေကြသူတို့သည်

ခြစ်ခြစ်တောက်ပူသော မွန်းတည့် နေရှိန်အောက်၌ ပါးစပ်ဟောင်းလောင်းဖြင့် မိမိတို့၏အလှည့်ကို စောင့်လျက် ရှိကြလေသည်။ စားသောက်ဆိုင်များ ဤမျှ လူပြည့်ကျပ်နေရခြင်းမှာ ယင်းတို့သည် လူများစွာအဖို့ စားရေးသောက်ရေးပြဿနာကို ဖြေရှင်းပေးသောကြောင့် ဖြစ်သည်။ သို့ရာတွင် ယင်းတို့သည် ရောဂါကူးစက်မည် ကြောက်သည့် စိတ်ကိုမူ လျှော့ပေါ့အောင် မတတ်နိုင်ကြ။ လာရောက်စားသောက်ကြ သူများသည် ပန်းကန်များကို မိနစ်ပေါင်းများစွာ ကြာအောင် စနစ်တကျ ပွတ်တိုက်သုတ်သင်၍ နေတတ်ကြသည်။ များမကြာမီကာလက စားသောက်ဆိုင်အချို့တွင် 'ကျွန်ုပ်တို့၏ဆိုင်မှ ပန်းကန်များ၊ ဇွန်းများ၊ ခက်ရင်းများကို ပိုးမွှားကင်းစင်အောင် ပြုတ်ထားပြီးဖြစ်ကြောင်း အာမခံပါသည်' ဟု စာတန်းများ ချိတ်ထားခဲ့သည်။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ သူတို့၏ ဖောက်သည်များကတော့ လာမြဲလာကြသည်သာ ဖြစ်ရာ ဤကြော်ငြာစာတန်းများကို တဖြည်းဖြည်းချင်း ဖြုတ်ပစ်လိုက်ကြ လေတော့သည်။ ထိုမှတစ်ပါး လူများသည် အသုံးအစွဲ ရက်ရောလာကြသည်။ အကောင်းစားဝိုင်များ၊ အကောင်းစားဟုဆိုသည့် ဝိုင်များ၊ ဈေးအကြီးဆုံး အပိုသုံးများဖြင့် ရမ်းကားချင်သည့် စိတ်များ ဝင်လာလျက်ရှိ၏။ စားသောက်ဆိုင်တစ်ဆိုင်၌ လူတစ်ယောက် ရုတ်တရက် ပျို့အန်ကာ ဖြူဖတ်ဖြူရော်ဖြစ်လျက် တံခါးဆီသို့ ကမန်းကတန်း ဒယီးဒယိုင် ထပြေးသောကြောင့် လူအများ အထိတ်တလန့် ဖြစ်သွားကြရ သကဲ့သို့လည်း ရှိလေသည်။

နေ့လယ် နှစ်နာရီခန့်တွင် မြို့မှာ တဖြည်းဖြည်းချင်း ခြောက်သွေ့သွားသည်။ ထိုအချိန်တွင် လမ်းများပေါ်၌ တိတ်ဆိတ်ခြင်း၊ နေရောင်၊ ဖုန်များနှင့် ပလိပ်ကပ်တို့သာ မင်းမူလျက် ရှိကြလေတော့သည်။ ဤသို့ ရှည်လျားနွမ်းလျဖွယ် အချိန်များတွင် မှောင်မိုင်းသော အိမ်မြင့်ကြီးများ၏ မျက်နှာစာများသို့ အပူငွေ့များ တစ်သုတ်ပြီးတစ်သုတ် လိုမ့်ဝင်လွှမ်းခြုံလျက် ရှိလေသည်။ ဤသို့လျှင် နေ တဖြည်းဖြည်း စောင်းကာ အစီအရီ ပြွတ်သိပ်လျက်ရှိသော အုတ်အုတ်ကျက်ကျက် မြို့ကြီးတစ်မြို့လုံးအား အဝတ်နီကြီးဖြင့် လွှမ်းပတ်ထားလိုက်သည့်အလား ဆည်းဆာချိန်သို့ တဖြည်းဖြည်း ရောက်လာခဲ့လေတော့သည်။ အပူရှိန်ကြီးမားလာစ နေ့များတွင် ဘာအကြောင်းဟူ၍ အသေအချာမသိရဘဲ ညနေညနေ၌ လမ်းများသည် လူသူကင်းမဲ့လျက် ရှိကြသည်။ သို့သော် ယခုအခါတွင် လေနုအေးကလေးတစ်ချက် ဝှေ့လိုက်သည်နှင့် မျှော်လင့်ချက်ကလေးများ လူပ်ရှားလာသည်ဟု မဆိုနိုင်လျှင် ရှိစေ၊ စိတ်ပင်ပန်းနေရသည့် တင်းမာမှုကလေးများကိုတော့ လျော့ပါးသက်သာ သွားစေလေသည်။ ထိုအခါတွင် အားလုံး အပြင်သို့ ထွက်လာကြကာ စကားပြောကြ ငြင်းကြခုံကြ ချစ်ရေးငင်ကြဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်အောင်လုပ်ရင်း နေဝင်၊ ဆည်းဆာရောင်ကလေးများ ပျောက်သွားသည်နှင့် တစ်ပြိုင်နက် တစ်မြို့လုံးမှာ ဒွိုယံဒွိုယံ အတွဲကိုယ်စီဖြင့် လည်းကောင်း၊ အော်ကြီးဟစ်ကျယ် ပြောဆိုကြလျက် လည်းကောင်း၊ ပွဲတက်မပါသည့် သင်္ဘောကြီးပမာ တသိမ့်သိမ့် ရင်ခုန်သံများဖြင့်

ပြွမ်းသည့် အမှောင်တိုက်ထဲတွင် မျှောချင်ရာမျှောလျက် ရှိလေသည်။ စိတ်အားထက်သန်သော ဧဝံဂေလိ (နိဗ္ဗာန်ဆော်) တစ်ယောက်သည် ဦးထုပ်ပျော့ကို ဆောင်းပြီး လည်စည်း တလူလူလွင့်လျက် လူအုပ်ထဲသို့ တိုးဝင်ကာ “ဘုရားသခင်၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် ကြီးမားကောင်းမြတ်လှပါတယ်။ အို အချင်းတို့။ ဘုရားသခင်၏ အထံတော်သို့ လာရောက်ကြကုန်” ဟု မရပ်မနား ဟစ်အော်ကြွေးကြော် သွားသော်လည်း အချည်းနှီးပင်။ သူ့စကားကို နားမထောင်ချင်ကြရုံမက သူတို့သည် သူတို့အဖို့ လောလောဆယ်အားဖြင့် ဘုရားသခင်ထက် စိတ်ဝင်စားစရာကောင်းဟန် ရှိသော သာမညကိစ္စကလေးများ ဆီသို့သာ ခပ်သွက်သွက် လှမ်းလျက် ရှိကြလေတော့သည်။

“စောစောပိုင်းက ဤကူးစက်ရောဂါသည် အခြားသောကူးစက်ရောဂါတို့ ကဲ့သို့ပင်ဟု ထင်ခဲ့ကြစဉ်ကဆိုလျှင် ဘာသာရေးသည် အရပ်အနေ ကောင်းခဲ့ပေသည်။ သို့ရာတွင် လူများသည် သူတို့၏ လက်ငင်းအန္တရာယ်ကို သိမြင်လာကြသောအခါ သူတို့သည် ပျော်ရွှင်မှုကိုသာ ရှေ့ရှုလာကြသည်။ နေ့အချိန်တွင် မျက်စိမျက်နှာပျက်အောင် ကြောက်ရွံ့ထိတ်လန့်ရသမျှ ဖုန်ထူပူအိုက်သော ညအချိန်တွင် သူတို့၏ အသွေးအသားထဲက တက်ကြွလာသမျှ အရိုန်အဟုန်ကို အချုပ်အထိန်းမရှိ လွှတ်ပေးလိုက်ကြ လေတော့သည်။

“ကျွန်ုပ်သည်လည်း၊ လူထဲကလူပင် ဖြစ်ပါသည်။ သို့သော် ဘာအရေးကြီးသနည်း။ ကျွန်ုပ်ကဲ့သို့သော လူအဖို့ သေခြင်းသည် ဘာမျှမဟုတ်ပါ။ သေခြင်းသည် သူတို့မှန်သည်ဟု ထင်ရှားစေသော အခြင်းအရာတည်း။”

* * *

သူ၏နေ့စဉ်မှတ်တမ်းများတွင် ညွှန်ထားသည့် တွေ့ဆုံမေးမြန်းခြင်းအတွက် ဒေါက်တာရေးအား ခွင့်တောင်းသူမှာ တာရိုပင် ဖြစ်၏။ ထိုနေ့ညနေက တာရိုရောက်မလာမီ ဆရာဝန်သည် သူ့အိမ်စားသောက်ခန်း ထောင့်တစ်ထောင့် အလွန်ငြိမ်သက်စွာ ထိုင်နေသည့် သူ့အမေအား အတော်ကြာအောင် စိုက်ကြည့်နေမိလေသည်။ အိမ်မှုအလုပ်များ ပြီးသည်နှင့် သူ့အမေသည် ထိုကုလားထိုင်တွင် လာထိုင်နေသည်သာ များလေသည်။ ထိုနေရာ၌ အမေသည် ပေါင်ပေါ်တွင် လက်ယှက်တင်လျက် ငြိမ်သက်စွာထိုင်၍ စောင့်နေတတ်၏။ သူ့အမေစောင့်နေသည်မှာ သူ့ကိုမှ ဟုတ်ကဲ့လား ဆိုသည်ကိုပင် ရေး အသေအချာမပြောနိုင်။ သို့ရာတွင် သူဝင်လာသည့်ခဏတွင် အမေ့မျက်နှာ အသွင်အပြင်ကတော့ ပြောင်းမြဲ။ ပင်ပန်းခဲ့သောဘဝက ပေးထားသည့် သည်းခံမှုဖြင့် ငြိမ်သက်သောသူ၏ မျက်နှာသည် ရုတ်တရက် လက်ခနဲတောက်ပ၍ လူသူကင်းမဲ့နေသော လမ်းဘက်ဆီသို့ ငေးကြည့်နေ၏။ လမ်းမီးထွန်းညှိခြင်းကို သုံးပုံနှစ်ပုံ လျှော့လိုက်သဖြင့် မြို့၏ အမှောင်ထုကြီးထဲတွင် လမ်းမီးတိုင်ကလေးများသည် တစ်တိုင်နှင့်တစ်တိုင် များစွာကွာဝေးကာ မှိတ်တုတ်မှိတ်တုတ် လင်းလျက် ရှိကြလေသည်။

အမေက "ပလိပ်ကပ်ကြီးရှိနေသမျှ လျှော့ထားတဲ့အတိုင်းပဲ မီးထွန်းပေးကြမှာတဲ့လား" ဟု မေးသည်။

"ဟုတ်တယ် ထင်တယ်"

"ဆောင်းတွင်းရောက်အောင် တာရှည်မနေပါစေနဲ့တော့လို့ ဆုတောင်းရုံပဲကွယ်။ သိပ် စိတ်ညစ်စရာ ကောင်းမှာပဲ"

"ဟုတ်တယ်" ဟု ရေးက ဆိုသည်။

သူ့အမေသည် သူ၏နဖူးဆီကို စိုက်ကြည့်နေသလို တွေ့လိုက်ရ၏။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း စိတ်ရောလူရော ပင်ပန်းခဲ့ရခြင်းတို့သည် သူ၏မျက်နှာတွင် ပေါ်လွင်လျက်ရှိသည်။

အမေက "ဒီကနေ့တော့ လုပ်ရကိုင်ရတာ ဟန်မကျဘူးလား" ဟု မေးလိုက်၏။

"ခါတိုင်းလိုပါပဲ အမေရယ်"

ခါတိုင်းလိုပဲဆိုလျှင် ပဲရစ်မှ အသစ်ထပ်ပို့လိုက်သည့် ကာကွယ်ဆေးရည်များသည် ပထမအသုတ်က ဆေးများလောက် ထိရောက်ပုံ မရ။ အသေအပျောက်နှုန်းကလည်း တိုးလျက်ရှိသည်ဟု ဆိုလို၏။ ကာကွယ်ဆေးကို ရောဂါဝင်ပြီးအိမ်က မိသားစုများမှတစ်ပါး ထိုးပေးရန် မဖြစ်နိုင်သေး။ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် သုံးရမည်ဆိုလျှင် ဆေးတွေ အများကြီးလိုသည်။ အကျိတ်များ အများအားဖြင့် မပေါက်ကြ။ ရာသီဒဏ်ကို ခံနိုင်အောင် လုပ်ထားသကဲ့သို့ ရှိသည်။ လူနာများ ဝေဒနာ အပြင်းအထန် ခံကြရသည်။ လွန်ခဲ့သော နှစ်ဆယ့်လေးနာရီအတွင်းက ကူးစက်ရောဂါ အသွင်သစ်တစ်မျိုး ဖြစ်ပွားသူ နှစ်ယောက်ရှိလာသည်။ ပလိပ်ရောဂါ သည် အဆုတ်ထဲသို့ ဝင်ရောက်ခဲ့ပြီဖြစ်၏။ ဤနေ့မှာပင် အစည်းအဝေးတစ်ခု၌ များစွာပူပန်သောက ဖြစ်လျက်ရှိကြသော ဆရာဝန်များက ဘုရင်ခံအား အဆုတ်ပလိပ်ရောဂါ ကူးစက်လေ့ရှိသည့် ပါးစပ်မှ ရောဂါမဝင်ရောက် မကူးစက်စေနိုင်အောင် ပြဌာန်းသော စည်းမျဉ်းဥပဒေသစ်များ ထုတ်ပြန်ပေးရန် နားပူနားဆာ လုပ်ကြလေသည်။ ဘုရင်ခံမှာလည်း ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေရရှာဟန် တူပေသည်။ ဘုရင်ခံက သူတို့၏ဆန္ဒအတိုင်း ဆောင်ရွက်ပေးလိုက်ပါပြီ။ သို့ရာတွင် သူတို့မှာတော့ ဘာမျှ မည်မည်ရရ မရှိသေးဘဲ အမှောင်ထဲမှာပင် စမ်းတဝါးဝါး ရှိကြသေးသည်။

ရေးသည် သူ့အမေ၏ နူးညံ့သိမ်မွေ့သော မျက်လုံးများကို ကြည့်နေရင်းက မေ့ပျောက်လုမတတ်ဖြစ်နေသည့် သူငယ်ငယ်က အမေမြင်လျှင် လှုပ်ရှားလာတတ်သည့် ချစ်စိတ်ခင်စိတ်ကလေးများ တရိပ်ရိပ် တက်လာသည်ကို သတိပြုလိုက်မိ၏။

“အမေ တစ်ခါမှ မထိတ်လန့်မိဘူးလား”

“သားရယ်၊ အမေ့အရွယ်မှာတော့ သိပ်ကြောက်နေစရာ မရှိတော့ပါဘူး"

“တစ်နေ့တစ်နေ့လည်း ငြီးငွေ့စရာပဲ အမေ။ အခု ကျွန်တော်လည်း အိမ်မှာ နေရတယ်လို့ကို မရှိဘူး”

“သား ပြန်လာမယ်ဆိုတာကို သိနေရင် အမေစောင့်ရတာ ကိစ္စမရှိပါဘူး သားရယ်။ သား ဒီမှာမရှိလည်း ဘယ်နေရာမှာ ဘာလုပ်နေမယ်ဆိုတာ အမေ တွေးကြည့်နေတာပဲ။ ဘာသတင်းများ ထူးသေးလဲ”

“နောက်ဆုံး ကြေးနန်းစာအတိုင်းဆိုရင် မျှော်လင့်နိုင်သမျှ အကောင်းဆုံး အခြေအနေမှာ ရှိပါတယ်တဲ့ အမေ။ ကျွန်တော် စိတ်မပူအောင် ပြောတာနဲ့ တူပါတယ်"

တံခါးက ခေါင်းလောင်းမြည်သည်။ ဆရာဝန်သည် သူ့အမေအား တစ်ချက်မျှ

တံခါးဖွင့်ရန် သွားလေသည်။ တံခါးအပြင်ဘက် မလင်းတလင်း အတက်တွင် တာရိုသည် ဝက်ဝံညိုကြီးနှင့် တူနေပေသည်။ ရေးသည် သူ၏ဧည့်သည်အား သူ့စာရေးစားပွဲဘက် မျက်နှာပြုသည့် ကုလားထိုင်၌ထိုင်စေပြီး သူက စားပွဲရှိ ကုလားထိုင်၏နောက်တွင် ရပ်နေသည်။ တစ်ခန်းလုံးတွင်မှ သူတို့၏ အလယ်၌ ထွန်းထားသော စားပွဲတင်မီးတစ်လုံးသာ လင်းလျက်ရှိသည်။

တာရိုက သူ့လာရင်းကိစ္စကို ပြောလိုက်၏။

"ကျွန်တော် ဆရာ့ကို ပွင့်ပွင့်လင်းလင်း ပြောလို့ရတယ်ဆိုတာ ယုံကြည်လို့ပါ ဆရာ"

ရေးက ခေါင်းညိတ်ပြလိုက်၏။

"ဆယ့်ငါးရက်အလွန် တစ်လဆိုရင် ဆရာဒီမှာ အလကားပဲ။ အခြေအနေတွေကို ထိန်းသိမ်းလို့ရတော့မယ် မဟုတ်ဘူး"

"ကျုပ် သဘောတူပါတယ်"

"သန့်ရှင်းရေးဌာနကလည်း အလုပ် မလုပ်တတ်။ လူမပြည့်စုံတာကလည်း တစ်ကြောင်း၊ ဆရာတို့လည်း ဗုန်းဗုန်းလဲမတတ် အလုပ်လုပ်နေကြတာပဲ"

ရေးက ဤအတိုင်း မှန်သည်ကို ဝန်ခံလေသည်။

တာရိုက "အဲဒါ အာဏာပိုင်တွေက မြို့သူမြို့သားအားလုံးကို အတင်းအကြပ်ဥပဒေနဲ့ ကျန်းမာသန်စွမ်းသူ မှန်သမျှ ပလိပ်ကပ် တိုက်ဖျက်ရေးမှာ ပါဝင်လုပ်ကိုင်ဖို့ ခေါ်တော့မယ်လို့ သတင်းကြားရတယ်ဆရာ" ဟု ပြော၏။

"ခင်ဗျား ကြားရတဲ့သတင်း မှန်ပါတယ်။ ဒါပေမယ့် အခုအတိုင်းကတော့ အာဏာပိုင်တွေကလည်း သိပ်တက်တက်ကြွကြွ မရှိလှပါဘူးဗျာ။ ဘုရင်ခံကလည်း ချီတုံချတုံနဲ့"

"သူ အတင်းအကြပ် မလုပ်ရဲရင် စေတနာ့ဝန်ထမ်း အကူအညီတွေ ဘာဖြစ်လို့ မခေါ်လဲ ဆရာ"

"ခေါ်တယ်ဗျ။ သိပ်မလာကြဘူး"

"အစိုးရဌာနတွေက စိတ်မပါ့တပါ ခေါ်တာကိုး ဆရာရဲ့။ သူတို့မှာ လိုနေတာက စိတ်ကူးဉာဏ်ပဲ။ အစိုးရ အရာရှိအရာခံတွေ ဆိုတာက တကယ့် ဘေးအန္တရာယ်ကြီးမျိုး ကြုံရင် ဘာမှ နိုင်နိုင်နင်းနင်း မရှိပါဘူး။ သူတို့ တွေးလို့ရတဲ့ ကုသနည်းတွေက နှာစေးချောင်းဆိုးလောက် အတွက်တောင်မှ

တယ်ပြီးထိရောက်ချင်တာ မဟုတ်ဘူးဗျ။ သူတို့ ဒီလိုလုပ်နေကြတာကို ကျွန်တော်တို့ လက်ပိုက်ကြည့်နေရင် မကြာခင် သူတို့ သေကုန်ကြမှာပဲ။ ကျွန်တော်တို့လည်း သေကုန်မှာပါပဲ”

“အဲဒါက သေချာသလောက်ပါပဲဗျာ” ဟု ရေးက ဆိုလိုက်ပြီး၊ “ဒါပေမယ့် အခု ကျုပ်တို့က အလုပ်ကြမ်းလို့ခေါ်တဲ့ အလုပ်မှာ ထောင်ထဲက အကျဉ်းသားတွေကို ထုတ်သုံးဖို့ စဉ်းစားနေကြတယ် ဆိုတာတော့ ခင်ဗျားကို ကျုပ် ပြောရဦးမယ်” ဟု ပြောလိုက်သည်။

“ကျွန်တော့်သဘော ပြောရရင်၊ လွတ်လွတ်လပ်လပ် လူတွေကို သုံးတာက ပိုကောင်းမယ် ထင်ပါတယ် ဆရာရယ်”

“ကျုပ်လည်း ဒီလိုပဲ ထင်ပါတယ်။ ဒါပေမယ့် ခင်ဗျား ဘာကြောင့် အဲသလို ထင်ရတယ် ဆိုတာကော မသိရဘူးလား”

“လူတွေကို သေဒဏ်စီရင်တာမျိုးကို ကျွန်တော် မုန်းလို့ပါဆရာ”

ရေးက တာရို၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး ဒီတော့ ဘာဖြစ်လဲ ဟု မေးလိုက်၏။

“ကျွန်တော်ပြောချင်တာက အဲဒါပဲ ဆရာ။ ကျွန်တော့်မှာ စေတနာ့ဝန်ထမ်း အကူအညီတွေအတွက် အစီအစဉ်တစ်ခု ဆွဲထားတယ်။ ကျွန်တော့်အစီအစဉ်ကို စမ်းကြည့်ဖို့ကတော့ ကျွန်တော့်ကို လုပ်ပိုင်ခွင့်ကလေးတွေတော့ ပေးထားရလိမ့်မယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အရာရှိအရာခံတွေရဲ့ လမ်းက ဖဲ့ထွက်ကြမယ်။ ဘယ်လိုမဆို အာဏာပိုင်တွေမှာ အခုပဲ အလုပ်က မနိုင်နိုင်အောင် များနေပြီလေ။ ကျွန်တော့်မှာလည်း အလွှာအမျိုးမျိုးက မိတ်ဆွေတွေ ရှိပါတယ်။ သူတို့နဲ့ အမြုတေစဖွဲ့ပြီး လုပ်မယ်။ ကျွန်တော်လည်း ပါမှာပေါ့”

ရေးက “ကျုပ်အနေနဲ့ ဒီအကြံဉာဏ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံတယ် ဆိုတာ ခင်ဗျာ့ကို အထူးပြောနေဖို့ မလိုပါဘူးလေ။ အထူးသဖြင့် အခုလို အခြေအနေမျိုးမှာ ကျုပ်အလုပ်မျိုးက အကူအညီဆို ပိုတယ်လို့ မရှိပါဘူး။ ခင်ဗျာ့ အစီအစဉ်ကို အာဏာပိုင်တွေ လက်ခံဖို့တော့ ကျွန်တော့်တာဝန် ထားပါ။ ဘယ်လိုမဆို သူတို့ ဒါကို လက်ခံဖို့ကလွဲလို့ ဘာမှ မရှိပါဘူး။ ဒါပေမယ့်...” ဟု ဆိုကာ စဉ်းစားသလို လုပ်နေပြီးမှ ဆက်လက်၍၊ “ဒါပေမယ့် ဒီအလုပ်မျိုးဟာ လုပ်သူအဖို့ အန္တရာယ်သိပ်ကြီးတယ် ဆိုတာကိုတော့ ခင်ဗျား သိတယ်ထင်ပါတယ်။ ပြီးတော့ ခင်ဗျာ့ကို ကျုပ် တစ်ခုမေးရပါဦးမယ်။ ခင်ဗျားအပေါ်မှာကျရောက်နိုင်တဲ့ အန္တရာယ်တွေကို ချိန်ဆပြီးပြီလား” ဟု မေးလိုက်၏။

“ပနယ်လိုရဲ့ဒေသနာကို ဆရာ ဘယ်လိုသဘောရလဲ”

ဤမေးခွန်းကို ရိုးရိုးလေသံဖြင့် မေးသဖြင့် ရေးကလည်း ထိုလေသံအတိုင်းပင် ပြန်ဖြေလေသည်။

“ကျုပ်အနေနဲ့ ဆေးရုံတွေ မြင်ရလွန်းနေတော့ အစုလိုက် အပြုံလိုက် ဒဏ်ခက်တာတွေ ဘာတွေကို သိပ်ပြောမနေချင်ပါဘူးဗျ။ ဒါပေမယ့် ခင်ဗျားသိတဲ့အတိုင်း ခရစ်ယန်တွေကတော့ အဲ့သလို အကြောင်းမျိုးကို တကယ် မစဉ်းစားဘဲနဲ့ ပြောကြတယ်ဗျာ။ သူတို့ဟာ အပေါ်ယံက မြင်ရတာထက် ပိုကောင်းကြပါတယ်”

“ဒါပေမယ့် ဆရာလည်းပဲ ပနယ်လိုလိုပဲ ပလိပ်ကပ်မှာတောင် ကောင်းတဲ့ အချက်တွေရှိတယ် လူတွေကို မျက်စိဖွင့်ပေးပြီး မတွေးချင် မနေရအောင် လုပ်ပေးတယ်လို့ ထင်တာပဲ မဟုတ်လား”

ဆရာဝန်က စိတ်မရှည်သလို ခေါင်းကိုမော့လိုက်၏။

“ဒါက သွေးနဲ့ကိုယ် သားနဲ့ကိုယ်မှာ ဖြစ်သမျှ ရောဂါဝေဒနာတိုင်းဟာ ဒီအတိုင်းချည်းပေါ့ဗျ။ ဒီလောကရဲ့အနိဋ္ဌာရုံအားလုံးဟာ ပလိပ်ကပ်အတိုင်းချည့်ပေါ့။ ဒါတွေက လူတွေကို သူတို့ရဲ့ နဂိုအရှိထက် မြင့်မားလာစေဖို့ အထောက်အကူပြုတယ်။ ဒါလည်း ဒါကြောင့်ဖြစ်လာတဲ့ စိတ်မချမ်းမြေ့စရာ အနိဋ္ဌာရုံတွေ ကို တွေ့ရမြင်ရတဲ့အခါမှာ လူတစ်ယောက်ဟာ အရူး သော်လည်းကောင်း၊ သတ္တိကြောင်တဲ့လူ သော်လည်းကောင်း၊ စုံလုံးကန်း သော်လည်းကောင်း ဖြစ်မှ ပလိပ်ကပ်ကို အသာတကြည် လည်စင်းပြီးခံမှာပဲ”

ရေးက အသံကို မြှင့်၍ပြောသည် မဟုတ်သော်လည်း၊ တာရိုကမူ သူ့အား ဖျောင်းဖျသည့် အမူအရာ ပြုလျက်ရှိ၏။ သူ့မျက်နှာမှာလည်း ပြုံးနေ၏။

ရေးက ပခုံးချီလိုက်ပြီး “ဟုတ်တယ်။ ဒါနဲ့ ခင်ဗျာ့ကို ကျုပ်မေးတာ မဖြေသေးပါဘူးလေ။ ခင်ဗျားရင်ဆိုင်ရမယ့် အန္တရာယ်တွေကို ချိန်ဆပြီးပြီလား” ဟု မေးလိုက်သည်။

တာရိုက ကုလားထိုင်နောက်မှီသို့ ပခုံးကပ်၍ ကော့လိုက်ပြီး၊ သူ၏ခေါင်းကို မီးရောင်ရှိရာသို့ တိုးလိုက်၏။

“ဆရာ ဘုရားသခင်ဆိုတာကို ယုံသလား”

ဤတွင်လည်း မေးလိုက်သည်မှာ သာမန်လေသံဖြင့် ဖြစ်၏။ သို့သော် ဤတစ်ကြိမ်၌မူ ရေးသည် အတော်ကြာမှ ဖြေနိုင်လေသည်။

"မယုံဘူး။ ဒါပေမယ့် ဒါ တကယ်က ဘာအဓိပ္ပာယ်ရှိလဲဗျ။ ကျုပ်ဟာ အမှောင်ထဲမှာစမ်းပြီး တစ်ခုခုကိုသိအောင် လုံးပမ်းနေတာပဲ။ ဒါပေမယ့် ကျုပ် အဲဒါကို မှူလလို့ မထင်တာ ကြာပြီ"

"အဲဒါပဲပေါ့။ ဆရာနဲ့ ပနယ်လိုတို့ ခြားနားချက်က ဒါပဲမဟုတ်လား ဆရာ"

"ဟုတ်မယ် မထင်ဘူး။ ပနယ်လိုဟာ စာတတ်ပေတတ် ပညာရှိပဲ။ သူဟာ သေခြင်းတရားဆိုတာကို နဖူးတွေ့ဒူးတွေ့ တွေ့ဖူးတာမဟုတ်ဘူး။ ဒါကြောင့် သူက သစ္စာတရားဆိုတာကို ဒါလောက် ပိုင်ပိုင်နိုင်နိုင်ကြီး ပြောနေနိုင်တာ။ ဒါပေမယ့် တောနယ်က ကိုယ့်ဒကာ ဒကာမဆီ ကိုယ်တိုင်ကိုယ်ကျ သွားပြီး သေရာညောင်စောင်းမှာ အသက်ငင်နေတဲ့ အသံမျိုးကို ကြားဖူးတဲ့ တောဘုန်းကြီးတိုင်းဟာ ကျုပ်တွေးသလို တွေးမှာပဲ။ လူဖြစ်ရခြင်းရဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေကို လျှောက်မပြောခင် ဒုက္ခဝေဒနာကို သက်သာအောင် အရင်လုပ်မှာပဲ" ဟု ဆိုကာ ရေးသည် ထိုင်ရာမှထလိုက်၏။ သူ၏မျက်နှာသည် ယခုအခါ အမှောင်ပိုင်း၌ ရှိနေ၏။ သူက "ကဲ၊ ဒီအကြောင်း တော်ကြပါစို့ဗျာ။ ခင်ဗျားက ကျုပ်မေးတာကိုမှ မဖြေချင်တာပဲ" ဟု ဆိုလိုက်၏။

တာရိုက သူ့ကုလားထိုင်၌ ထိုင်လျက်ပင် ရှိသေး၏။ သူက ပြုံးနေပြန်သည်။

"ကျွန်တော် မေးခွန်းနဲ့ပဲ ဖြေရင်ကောဆရာ"

ဆရာဝန်လည်း ပြုံးလာသည်။

"ခင်ဗျားကလည်း တယ်ပြီး လျှို့ဝှက်နက်နဲတာကို ကြိုက်သကိုး။ ကဲ ပြောစမ်းပါဦးဗျာ"

တာရိုက "ကျွန်တော့်မေးခွန်းက ဒီလိုပါဆရာ။ ဆရာဟာ ဘုရားသခင်ကို မယုံဘူးဆိုရင် ဘာကြောင့် ဆရာကိုယ်တိုင်က ဒါလောက် ယုံကြည်စွဲမြဲမှု ပြနေရလဲ ဆိုတာပါပဲ။ ဆရာ့အဖြေဟာ ကျွန်တော်ပေးမယ့် အဖြေအတွက် အထောက်အကူ ဖြစ်နေလိမ့်မလားလို့လည်း ထင်မိပါတယ်" ဟု ပြောလိုက်သည်။

သူ၏မျက်နှာသည် အမှောင်ထဲ၌ပင် ရှိလျက်က ဒေါက်တာရေးက သူ ဤမေးခွန်းကို ဖြေပြီးဖြစ်ကြောင်း၊ သူသာ အနန္တတန်ခိုးတော်နှင့် ဘုရားသခင် ရှိသည်ကို ယုံကြည်ခဲ့ပါလျှင် လူနာများအား ကုသ၍ မနေတော့ဘဲ ဘုရားသခင်၏ လက်သို့သာ အပ်ထားလိုက်မည် ဖြစ်ကြောင်း၊ သို့သော် ကမ္ဘာပေါ်တွင် မည်သူမျှ ဤသို့သော ဘုရားသခင်ရှိသည် ဟု မယုံကြည်ကြကြောင်း၊ သူကိုယ်တိုင် ဤသို့သော ဘုရားသခင် ရှိသည်ကို ယုံကြည်သည်ဟု ယုံကြည်နေသော ပနယ်လိုပင်လျှင် တကယ် မယုံကြည်ကြောင်း၊ မည်သူမျှ မိမိကိုယ်မိမိ ဘုရားသခင်၏ လက်ထဲသို့

ပုံပြီးအပ်ထားသည် ဟူ၍ မရှိခြင်းက ဉာဏ်အချက်ကို ထင်ရှားစေလျက် ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ ရေးသည် သူ သိရှိနားလည်သည့်အတိုင်း ဖြစ်သော ဖန်ဆင်းခြင်းဝါဒကို တိုက်ဖျက်ရာတွင် သူ လမ်းမှန်သည်ဟု ယုံကြည်လေသည်။

တာရိက "သြော်၊ ဆရာက ဆရာ့အတတ်ပညာကို ဒီလို သဘောထားသကိုး" ဟု မှတ်ချက်ချသည်။

ဆရာဝန်က မီးရောင်ထဲသို့ ပြန်ဝင်လာရင်း "ဆိုပါတော့လေ" ဟု ဖြေသည်။

တာရိသည် သူ၏နှုတ်ခမ်းများဖြင့် ခပ်တိုးတိုးလေချွန်သံ ပြုလိုက်၏။ ဆရာဝန်သည် သူ့အား ငေးကြည့်နေလေသည်။

"ဟုတ်တယ်။ အဲသလို သဘောထားဖို့ဆိုရင် မာနရှိရမယ်လို့ ခင်ဗျား ထင်နေတယ်။ ဒါပေမယ့် ကျုပ်မှာ ကျုပ်နေလို့ထိုင်လို့ ဖြစ်ရုံလောက်ထက် ပိုတဲ့ မာန ဘာမှမရှိပါဘူး ဆိုတာကိုတော့ ကျုပ်ပြောရင် ယုံပါလေ။ ဒါတွေအားလုံး ပြီးဆုံးသွားတဲ့အခါ ကျုပ် ဘာတွေရင်ဆိုင်ရမယ်၊ ဘာတွေဖြစ်လာမယ် ဆိုတာကို ကျုပ် မသိပါဘူး။ အခု အခိုက်အတန့်မှာတော့ ကျုပ်သိတာက လူတွေ မကျန်းမမာ ဖြစ်နေကြတယ်။ ကုသဖို့ လိုနေတယ်။ ဒါပဲ။ နောက်တော့ သူတို့ ပြန်စဉ်းစားချင် စဉ်းစားမိမယ်၊ ကျုပ်လည်းပဲ စဉ်းစားချင်စဉ်းစားမယ်။ ဒါပေမယ့် အခု လိုနေတာကတော့ သူတို့ကို ကျန်းမာလာအောင် လုပ်ပေးဖို့ပဲ။ သူတို့ကို ကျုပ်တတ်နိုင်သမျှ အစွမ်းကုန် အကာအကွယ်ပေးရမယ် ဒါပဲ"

"ဘယ်သူ့အန္တရာယ်က ကာကွယ်မှာလဲ ဆရာ"

ရေးသည် ပြတင်းပေါက်ဘက်သို့ လှည့်လိုက်သည်။ မိုးကုပ်စက်ဝိုင်းဆီတွင် ရိပ်ရိပ်ရေးရေး မြင်ရသော အကြောင်းကလေးက ပင်လယ်ရှိသည်ကို ပြောလျက်ရှိ၏။ သူသည် သူ၏ ပင်ပန်းနွမ်းနယ်မှုမှတစ်ပါး ဘာကိုမျှ သတိမထားမိ။ တစ်ချိန်တည်းမှာပင် သူသည် လူထူးလူဆန်းဟု ခေါ်ချင်ခေါ်နိုင်သော်လည်း သူနှင့် တစ်မျိုးတစ်စားတည်း ဖြစ်မည်ဟု ခန့်မှန်းရသော သူ့အဖော်အား အနည်းငယ် ပိုမို၍ပြောပြကာ ဖြုန်းခနဲ မဆင်မခြင် ရင်ဖွင့်ပစ်လိုက်ချင်နေသည့် စိတ်ကိုလည်း ချိုးနှိမ်ထိန်းသိမ်းရလျက် ရှိလေသည်။

"ကျုပ်မှာ ဘာစိတ်ကူးမှ မရှိပါဘူး တာရိ။ ကျုပ်ပြောရင် ယုံပါ။ ကျုပ်မှာ ဘာစိတ်ကူးမှ မရှိပါဘူး၊ ကျုပ် ဒီပညာကို သင်ခဲ့တုန်းက အမှတ်မထင်ပဲ သင်ခဲ့တယ်လို့ ဆိုရမှာပါပဲ၊ ကျုပ် ဒီအလုပ်မျိုးကိုလုပ်ဖို့ ဆန္ဒရှိလို့ပါပဲ။ ကျုပ်လို အလုပ်သမားတစ်ယောက်ရဲ့ သားတစ်ယောက်အဖို့ အထူးခက်ခဲတဲ့အတွက် လူငယ်လူရွယ်တွေ ရည်မှန်းတတ်ကြတဲ့ အသက်မွေးမှုပညာတစ်ခု အနေနဲ့ ရွေးချယ်ခဲ့တယ် ဆိုပါတော့။ နောက်တော့ လူတွေ သေသေသွားကြတာကို

မမြင်ချင်မနေရ မြင်ခဲ့ရတယ်။ တစ်ချို့က သေရမှာကို ငြင်းဆန်နေကြတဲ့လူတွေ ဖြစ်တယ်ဆိုတာ ခင်ဗျား သိရဲ့လား။ မိန်းမတစ်ယောက်ဟာ ‘ဘယ်တော့မှ မသေဘူး’ လို့ အော်ရင်းဟစ်ရင်း အသက်ထွက် သွားတာမျိုးကို ခင်ဗျား မြင်ဖူးရဲ့လား။ အေး ကျုပ် မြင်ဖူးတယ်။ အဲဒီအခါမှာ ကျုပ်ဟာ ဒီလိုဟာမျိုးကို ဘယ်တော့မှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူးဆိုတာကို သိလိုက်ရတယ်။ အဲဒီတုန်းက ကျုပ်ဟာ ငယ်သေးတယ်၊ ဒါနဲ့ အရာရာတိုင်းမှာ ဖြစ်ပျက်နေတဲ့ အစီအစဉ်ကြီး တစ်ခုလုံးကို ဒေါသဖြစ်လာတယ်။ ဒါမှမဟုတ် ကျုပ် အဲသလိုပဲ ထင်ခဲ့မိတယ်။ နောက်တော့ ကျုပ်လည်း သိမ်မွေ့လာပါတယ်။ လူတွေသေတာကို မြင်ရင် မဆန်းဘူးထင်လို့ မရနိုင်တာ တစ်ခုပဲ။ ကျုပ်သိတာက ဒါပဲ။ ဒါလည်းပဲအဆုံးမှာတော့…”

ရေးသည် တိတ်ဆိတ်သွားပြီး ထိုင်ချလိုက်သည်။ သူ၏အာခေါင်များ ခြောက်နေသည်ကို တွေ့လိုက်ရ၏။

တာရိုက “အဆုံးမှာတော့ ဘာဖြစ်လဲ ဆရာ” ဟု ဖြည်းညှင်းစွာ ထောက်ပေးလိုက်သည်။

ဆရာဝန်က “အဆုံးမှာတော့” ဟု ထပ်ဆိုလိုက်ပြီး၊ တာရိုအား စိုက်ကြည့်ကာ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားပြန်၏။ ပြီးမှ “ခင်ဗျာ့လိုလူမျိုး နားလည်နိုင်စရာ ရှိကမျိုးပါပဲ။ ဒါပေမယ့် လောကရဲ့ဖြစ်စဉ်များကို သေခြင်းတရားက ချယ်လှယ်ဖန်တီး နေတယ်ဆိုတော့ ကျုပ်တို့ဟာ ဘုရားသခင်ကို မယုံကြည်ဘဲ သူ့ဘာသာသူ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေတဲ့ ကောင်းကင်ဘုံဆီကို တစ်ချက်မှ မော့်မကြည့်ဘဲ သေခြင်းတရားကို ကျုပ်တို့ စွမ်းအားရှိသမျှ မီးကုန်ယမ်းကုန် တိုက်ခိုက်နေတာဟာ ဘုရားသခင်အတွက် ပိုမကောင်းပေဘူးလား” ဟု မေးလိုက်သည်။

တာရိုက ခေါင်းညိတ်လိုက်၏။

“ဟုတ်ပါတယ် ဆရာ။ ဒါပေမယ့် ဆရာ့အောင်ပွဲတွေဟာ ဘယ်တော့မှ တာရှည်ခံမှာ မဟုတ်ပါဘူး။ ဒါပါပဲ”

ရေး၏မျက်နှာ ညို့သွားသည်။

“ဟုတ်တယ်၊ ဒါကို ကျုပ်သိပါတယ်။ ဒါပေမယ့် ဒါဟာ တိုက်ပွဲကို အရှုံးပေးလိုက်ဖို့အကြောင်း မဟုတ်ပါဘူး”

“အကြောင်းမဟုတ်ဘူး မှန်ပါတယ်။ ဒါပေမယ့် ဒီပလိပ်ကပ်ကြီးဟာ ဆရာ့အဖို့ ဘယ်လို သဘောရှိတယ် ဆိုတာကိုတော့ ကျွန်တော် မှန်းဆကြည့်နိုင်ပါတယ်”

“ဟုတ်ပါတယ်။ ဘယ်တော့မှ မပြီးဆုံးနိုင်တဲ့ အရှုံးပဲ”

တာရိသည် ဆရာဝန်အား တခဏမျှ ငေးစိုက်ကြည့်နေလိုက်ပြီး တံခါးဆီသို့လှည့်ကာ လေးလံသော ခြေလှမ်းများဖြင့် လျှောက်ထွက်သွားလေသည်။ ရေးက သူ့နောက်က လိုက်သွားပြီး ဘေးချင်းယှဉ်မိခါနီးတွင် ကြမ်းပြင်ဆီသို့ စိုက်ကြည့်နေသော တာရိက ရုတ်တရက် "ဒါတွေအားလုံး ဆရာ့ကို ဘယ်သူက သင်ပေးလိုက်သလဲ ဆရာ" ဟု မေးလိုက်၏။

အဖြေသည် မဆိုင်းမတွ ပေါ်ထွက်လာသည်။

"ဝေဒနာပေါ့"

ရေးက သူ၏ ဆေးခန်းတံခါးကိုဖွင့်ရင်း တာရိအား သူလည်း အပြင်ထွက်ဦးမည်ဟု ပြောလိုက်သည်။ မြို့အစွန်တစ်နေရာမှ လူနာတစ်ယောက်ကို သွားကြည့်ရမည် ဆိုသည်။ တာရိက သူတို့ အတူတကွ သွားကြမည် ပြောသဖြင့် ဆရာဝန်က သဘောတူလိုက်သည်။ ခန်းမထဲတွင် သူတို့သည် ဆရာဝန်၏အမေကို တွေ့ကြသဖြင့် ဆရာဝန်က တာရိနှင့် မိတ်ဆက်ပေးသည်။

"ကျွန်တော့်မိတ်ဆွေ" ဟု သူက ပြောပြသည်။

အမေက "ဟုတ်လား။ သိရတာ အင်မတန်ဝမ်းသာပါတယ်" ဟု ဆိုသည်။

အမေ အထဲသို့ ဝင်သွားသောအခါ တာရိသည် အမေ့အား စိုက်ကြည့်နေလိုက်သည်။ ဆရာဝန်သည် တံခါးဝတွင် လှေကားမီးများဖွင့်ရန် ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ သို့ရာတွင် လှေကားမှာ မှောင်မဲမှောင်လျက် ရှိ၏။ လျှပ်စစ်ဓာတ်အား ချွေတာရေး အမိန့်သစ်တစ်ခု ထုတ်ပြန်ထားခြင်း ဖြစ်နိုင်သည်၊ သို့ရာတွင် တကယ့်အဖြစ်မှန်ကိုတော့ မသိနိုင်။ လမ်းများ၌ လည်းကောင်း၊ အိမ်များ၌ လည်းကောင်း အရာရာသည် ချွတ်ယွင်းလျက်ရှိသည်။ တစ်မြို့လုံးရှိ အခြားနေရာများမှ လူတိုင်းလူတိုင်း ကဲ့သို့ပင် တံခါးစောင့်သည် သူ့တာဝန်ကို သူ ထမ်းဆောင်ရန် ဂရုမစိုက်တော့ခြင်းမျှသာ ဖြစ်ချင်ဖြစ်မည်။ ဆရာဝန်သည် သူ၏အတွေးများကို ဆက်ချိန်မရ။ သူ့နောက်က တာရိ၏အသံကို ကြားလိုက်ရသည်။

"ဆရာကတော့ မတောက်တခေါက်လို့ ထင်ချင်ထင်မယ်။ ဒါပေမယ့် တစ်ခုတော့ ကျွန်တော် ထပ်ပြောပါရစေဦး။ ဆရာ အားလုံးမှန်ပါတယ်"

ဆရာဝန်က အသာအယာ ပခုံးချီပြလိုက်သော်လည်း မှောင်ထဲတွင်ဖြစ်၍ မမြင်သာချေ။

"အမှန်ကိုပြောရရင် အဲဒါတွေ အားလုံးကို ကျုပ် ဉာဏ်မမီပါဘူးဗျာ။ ဒါပေမယ့် ခင်ဗျားကော ဒါနဲ့ပတ်သက်လို့ ခင်ဗျား ဘာသိသလဲ"

တာရိက အေးအေးဆေးဆေးပင် "အင်း။ ကျွန်တော်အဖို့ သိစရာ မကျန်တော့ သလောက်ပါပဲ" ဟု ပြန်ဖြေလိုက်သည်။

ရေးက ရပ်လိုက်သည်တွင် သူ့နောက်က တာရိသည် လှေကားတစ်ထစ်၌ ခြေချော်သွားကာ ဆရာဝန်၏ လက်မောင်းကို ဖမ်းဆုပ်၍ ထိန်းလိုက်ရ၏။

"ဘဝနဲ့ပတ်သက်သမျှ အရာရာတိုင်းကို ခင်ဗျား သိတယ်လို့ တကယ်ပဲ ထင်သလား"

သူ့အဖြေသည် အမှောင်ထုကိုဖြတ်၍ ရေးနည်းအတိုင်း အေးဆေးတည်ငြိမ်စွာပင် ပြတ်ပြတ်သားသား ပေါ်ထွက်လာသည်။

"သိပါတယ်"

လမ်းထဲသို့ ရောက်သောအခါ အတော်ပင် မိုးချုပ်နေပြီကို သူတို့သိကြရ၏။ ဆယ့်တစ်နာရီလောက်များ ရှိပြီလား။ မသဲမကွဲ တရှဲရှဲတရော်ရော် အသံများမှတစ်ပါး တစ်မြို့လုံးမှာ တိတ်ဆိတ်လျက် ရှိလေသည်။ အဝေးမှ လူနာတင်ကား ခေါင်းလောင်းသံ ခပ်သဲ့သဲ့ကို ကြားရ၏။ သူတို့ ကားထဲသို့ ဝင်ပြီးကြသောအခါ ရေးက ကားကို စက်နှိုးလိုက်သည်။

ဆရာဝန်က "ခင်ဗျား နက်ဖြန် ဆေးရုံကိုလာပြီး ဆေးထိုးရမယ်နော်။ ဒါပေမယ့် ဒီ... ဒီစွန့်စားခန်းကို မစခင် ဒီကပ်ကြီးထဲက အသက်ရှင်လျက် လွတ်မြောက်နိုင်ဖို့ ဘယ်လောက် အခွင့်အလမ်းရှိတယ် ဆိုတာကိုလည်း သိထားစေချင်ပါတယ်။ သုံးယောက်မှာ တစ်ယောက်လောက်ပဲ လွတ်နိုင်ခွင့်ရှိတယ်" ဟု ပြောလိုက်သည်။

"အဲသလို တွက်ကိန်းကတော့ ယုတ္တိမရှိပါဘူး ဆရာ။ ဒါကို ကျွန်တော်သိသလို ဆရာလည်း ကောင်းကောင်းသိပါတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာလောက်က ပါရှားပြည်က မြို့တစ်မြို့မှာ တစ်မြို့လုံး ပြုတ်ပြုတ်ပြုန်းအောင် ပလိပ်ကပ်ကြီးထဲ ပါသွားလိုက်တာ တစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တယ်။ အဲဒီ တစ်ယောက်တည်း ကုန်ခဲ့သူဟာ သေသူများရဲ့ အလောင်းတွေကို ရေချိုးပေးရတဲ့လူဖြစ်ပြီး ကူးစက်ရောဂါကြီး ဖြစ်ပွားနေချိန် တစ်လျှောက်လုံး အဲဒီအလုပ်ကို လုပ်ခဲ့တဲ့လူပဲတဲ့ ဆရာ"

"သုံးယောက်တစ်ယောက်ရှင်တဲ့ သူ့ကံကလေးက ဆက်ဆက်ကောင်းသွားတာပဲ ဖြစ်မှာပေါ့" ဟု အသံကိုနှိမ့်၍ ပြောလိုက်ပြီး "ဒါပေမယ့် ခင်ဗျားပြောတာ မှန်ပါတယ်လေ။ ကျုပ်တို့ဟာ ဒီအကြောင်း ဘာမှ မသိကြသလောက်ပါပဲ" ဟု ဆိုလိုက်၏။

သူတို့သည် မြို့အစွန်ကို ရောက်လာကြသည်။ လူသူကင်းမဲ့နေသော လမ်းများသည် မော်တော်ကား ထိပ်မီးရောင်များဖြင့် လင်းသွားသည်။ ကားရပ်သွား၏။ ဒေါက်တာရေးက ကားရှေ့တွင်ရပ်လျက် တာရိအား အထဲသို့ လိုက်ခဲ့ချင်သလားဟု မေးသဖြင့် တာရိက လိုက်မည်ဟု ပြောလိုက်သည်။ ကောင်းကင်အလင်းရောင် ပျပျကလေးက သူတို့၏မျက်နှာများကို ဟပ်လိုက်၏။ ရေးက ရုတ်တရက် တစ်ချက်မျှ ရယ်လိုက်သည်။ ခင်မင်မှု များစွာပါ၏။

"ရှင်းရှင်းပြောစမ်းပါ တာရိ။ ခင်ဗျား ဒီအထဲကို ဝင်ပါဖြစ်အောင် ဘာက တိုက်တွန်းလိုက်တာလဲ"

"မသိဘူး။ ကျွန်... ကျွန်တော်ရဲ့ ကျင့်ဝတ်နီတိကြောင့်များ ဖြစ်လေမလား"

"ခင်ဗျား ကျင့်ဝတ်နီတိ...။ ဘာ နီတိတွေလဲဗျ။ ကျုပ် မသိရဘူးလား"

"သိနားလည်မှုပေါ့ဗျာ"

တာရိသည် အိမ်ဘက်သို့ လှည့်သွားပြီဖြစ်သဖြင့် သူတို့ ပန်းနာသည် လူနာကြီး၏ အခန်းထဲသို့ ရောက်သည်အထိ သူ၏မျက်နှာကို နောက်ထပ် ဒေါက်တာရေး မမြင်ရတော့ချေ။

* * *

နောက်တစ်ရက်တွင် တာရိုသည် အလုပ်စကာ ပထမအသုတ် အလုပ်သမားများ၏ အဖွဲ့ကို စာရင်းသွင်းလေသည်။ မကြာမီပင် နောက်ထပ် လူများစွာ ဝင်လာကြဦးမည်။

သို့ရာတွင် ဤသန့်ရှင်းရေးအဖွဲ့များအား သူတို့ ထိုက်တန်သည်ထက် ပို၍ အရေးပါအရာရောက်သည် ဟု ချီးကျူးရန်မှာ ဤအကြောင်းများကို ပြန်ပြောသူ၏ ရည်ရွယ်ချက် မဟုတ်ပေ။ ယနေ့ ကျွန်ုပ်တို့၏ မြို့သူမြို့သားများစွာကမူ ထိုအဖွဲ့တို့၏ ဆောင်ရွက်ချက်များကို ကြည့်၍ ပုံကြီးချဲ့ပြချင်သည့် ဆန္ဒကို လိုက်လျောမိကြမည်မှာ သေချာပါသည်။ သို့သော် ချီးမွမ်းထိုက်သော အပြုအမူများကို လိုအပ်သည်ထက် ပိုမိုချီးမွမ်းလိုက်ခြင်းဖြင့် သွယ်ဝိုက်၍ ဖြစ်စေကာမူ ထိရောက်စွာပင် လူ့သဘာဝ၏ အဆိုးဆုံးအပိုင်းကို အလေးအမြတ် ပြုလိုက်ရာများ ရောက်သွားလေမည်လား ဟု ဤအကြောင်းများကို ပြန်ပြောသူက ထင်ချင်မိသည်။ ဤ အပြုအမူများကား ထူးခြားပြောင်မြောက်လှသည့် အပြုအမူများဖြစ်သည် ဟူသော သဘောထားသည် အများစု၌ မေတ္တာတရား ခေါင်းပါးသည်၊ အမှုမဲ့အမှတ်မဲ့ နေနိုင်လွန်းသည်ဟု ဆိုလိုရာရောက်သောကြောင့် ဖြစ်၏။ ဤအကြောင်းများကို ပြန်ပြောသူ၌ ထိုသဘောထားမျိုး မရှိပါ။ လောက၌ မကောင်းမှုမှန်သမျှ အသိပညာခေါင်းပါးမှု၌သာ မြစ်ဖျားခံစမြဲဖြစ်ရာ စေတနာကောင်းဖြင့် ပြုလိုက်သည့်အမှုပင် ဖြစ်စေကာမူ တတ်သိနားလည်မှု မပါလျှင် မစ္ဆေရစိတ်ဖြင့် ပြုလိုက်သကဲ့သို့ပင် ပျက်စီးရာပျက်စီးကြောင်း ဖြစ်နေတတ်လေသည်။ အားလုံး ခြုံ၍ ပြောလျှင် လူများသည် အဆိုးထက် အကောင်းက များပါသည်။ ဤအချက်က တကယ့်တကယ် အရေးကြီးလှသည်တော့ မဟုတ်။ သို့သော် သူတို့သည် အနည်းနှင့်အများ အသိပညာ ကင်းမဲ့ကြသည်။ ဤသည်ကိုပင် ကျွန်ုပ်တို့က ဒုစရိုက် သို့မဟုတ် သုစရိုက်ဟု ခေါ်ကြသည်။ မကောင်းမှု (ဒုစရိုက်) တကာတွင် ပြုပြင်၍ ရနိုင်ဖွယ် မရှိဆုံးမှာ အသိပညာ မရှိပါဘဲလျက် အရာရာကို တတ်သိနားလည်သည် ဟု ထင်မြင်ကာ သတ်ပိုင်ခွင့်ကို ရထိုက်သည်ဟု ဆိုခြင်းပင် ဖြစ်လေသည်။ လူသတ်သမား၏ ဝိညာဉ်တွင် ပညာမျက်စိ မရှိ။ အစွမ်းကုန် ကြည်လင်သောအမြင်မျိုး မရှိဘဲ စစ်မှန်သော ကောင်းမြတ်ခြင်း၊ စစ်မှန်သော မေတ္တာတရား ဟူ၍ မရှိနိုင်ချေ။

ဤသို့သော အကြောင်းများကြောင့် တာရို၏ဖန်တီးမှုဖြင့် ပေါ်ပေါက်လာရသော သန့်ရှင်းရေးအဖွဲ့များကို ဓမ္မဓိဋ္ဌာန်ကျသည့်အမြင်ဖြင့် ဆင်ခြင်ကာလက်ခံသင့်ကြပေသည်။ ထို့ကြောင့်ပင်လျှင် ဤအကြောင်းများကိုပြန်ပြောသူက ထိုသူတို့၏ ဇွဲနှင့်သတ္တိတို့ကို ဝါကြွားခမ်းနားသောစကားလုံးများဖြင့် မဖော်ပြလို- သင့်လျော်လျောက်ပတ်စွာ အရာရောက်ပုံမျှကိုသာဖော်ပြခြင်း ဖြစ်ပေသည်

ပလိပ်ကပ်ကြီးနှိပ်စက်သည့်ဒဏ်ကို အလူးအလဲခံရင်း ဆင်း သို့သော် သူသည် ပလိပ် ဒုက္ခရောက်ကာပုန်ကန်ထကြွလျက်ရှိသော ကျွန်ုပ်တို့မြို့သူမြို့သားများ၏ သောက နှင့်ဒေါသတို့ကိုကား ဆက်လက်၍ မှတ်တမ်းတင်သွားမည် ဖြစ်ပါသည်။

သူတို့အခေါ် သန့်ရှင်းရေးတပ်ဖွဲ့များသို့ ဝင်ရောက်ခဲ့ကြသူများမှာ သူတို့အဖို့ ဤတစ်ခုသာ လုပ်စရာရှိသည်ကို သိကြပြီး၊ ဤအလုပ်မျိုးကို ဝင်၍လုပ်မိအောင် ကိုယ့်ကိုယ်ကို မတိုက်တွန်းဘဲနေရန် မဖြစ်နိုင်သလောက် ရှိသောကြောင့်သာ ဝင်ရောက်လာကြခြင်း ဖြစ်လေရာ သူတို့လုပ်ကြရသည့် အလုပ်များတွင် အရည်အချင်း ရှိလှသည်တော့ မဟုတ်ကြပေ။ ဤအဖွဲ့များက ကျွန်ုပ်တို့၏ မြို့နေလူထုအား ပလိပ်ကပ်ကို ရင်ဆိုင်တိုက်ခိုက်နိုင်စေရန် အားဖြည့်ပေးလိုက်သကဲ့သို့ ရှိပြီး၊ ကျွန်ုပ်တို့အထဲ၌ ပလိပ်ကပ်ကြီး ကျရောက်လျက်ရှိသဖြင့် ယင်းပလိပ်ကပ်ကြီးအား တိုက်ဖျက်ဖို့ အစွမ်းရှိသမျှ လုပ်ကြရန်မှာ သူတို့၏တာဝန်သာ ဖြစ်သည်ကို သဘောပေါက်စေလေသည်။ ဤသို့လျှင် ပလိပ်ကပ်သည် လူတစ်စု၏ တာဝန် ဖြစ်လာသောအခါ ယင်း၏ သဘောသရုပ်မှန်ကလည်း ပေါ်လာလေသည်။ ယင်းကား အားလုံးနှင့်ဆိုင်သည့် ကိစ္စ၊ အားလုံး၏ အပူ။

ယခုအထိတော့ အားလုံးကောင်းပါသည်။ သို့သော် ကျွန်ုပ်တို့သည် ကျောင်းဆရာတစ်ယောက်အား ချီးမွမ်းစရာကောင်းသော ဤအသက်မွေးဝမ်းကျောင်း အလုပ်ကို ရွေးချယ်သည့်အတွက် ချီးမွမ်းနိုင်ကောင်း ချီးမွမ်းနိုင်မည် ဖြစ်သော်လည်း၊ နှစ်နှင့် နှစ်ပေါင်းလျှင် လေးဖြစ်သည် ဆိုသည်ကို သင်ပေးသည့်အတွက်တော့ ချီးမွမ်းလေ့ မရှိကြပေ။ ဤသို့လျှင် တာရိုနှင့် အခြားလူများစွာတို့အား နှစ်နှင့် နှစ်ပေါင်းလျှင် လေးသာဖြစ်သည် ဆိုသည်ကို သက်သေပြရန် ရွေးချယ်လိုက်ကြသည့်အတွက် ချီးမွမ်းဖွယ်ဖြစ်သည် ဟု ဆိုကြပါစို့။ သို့ရာတွင် သူတို့၏ စေတနာကောင်းများသည် ကျောင်းဆရာနှင့်တကွ ကျောင်းဆရာစိတ် ရှိသူအားလုံး ထားရှိသော စေတနာမျိုးသာ ဖြစ်ပြီး၊ လူသားများအတွက် ဂုဏ်တက်ဖွယ်ပြောရလျှင် အရေအတွက်အားဖြင့် ထင်ရသည်ထက် များပြားပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဤအကြောင်းများကို ပြန်ပြောသူက ဤသို့ပင် ယုံကြည်ထားပါသည်။ သူ့အား စောဒကတက်စရာ အချက်တစ်ခုရှိသည်ကို သူ ရှင်းလင်းပြတ်သားစွာ သိသည်ဟု အထူးပြောနေစရာ မလိုပါ။ ထိုအချက်ကား ဤလူများသည် သူတို့အသက်ကို စွန့်၍ လုပ်နေကြသည် ဆိုသည့် အချက်ပင်ဖြစ်သည်။ သို့သော် လူတို့၏ သမိုင်းစဉ်တွင် နှစ်နှင့် နှစ်ပေါင်းလျှင် လေးဖြစ်သည်ဟု ပြောဝံ့သူများအား သေဒဏ်ပေးခဲ့သည့် ခေတ်များ ထပ်တလဲလဲ ရောက်ခဲ့ဖူးသည်။ ကျောင်းဆရာသည် ဤအချက်ကို ကောင်းစွာသိပါသည်။ ဤတွက်ကိန်းကြောင့် ဆုလာဘ်ရမည်လား၊ အပြစ်ဒဏ်ခံရမည်လား ဆိုသည်ကို သိရန်က အရေးမဟုတ်။ နှစ်နှင့် နှစ်ပေါင်းလျှင် လေး တကယ်ဖြစ်,မဖြစ်ကို

သိဖို့သာလျှင် တကယ့်အရေးဖြစ်၏။ ကပ်ဆိုးသင့်နေရချိန်တွင် အသက်ကိုစွန့်စား၍ လုပ်ဆောင်နေကြသော ကျွန်ုပ်တို့၏ မြို့သူမြို့သားများအဖို့ သူတို့အထဲ၌ ပလိပ်ကပ်ကျရောက်နေခြင်း ရှိမရှိနှင့် ပလိပ်ကပ်ကို တိုက်ရမည် မတိုက်ရမည်ကိုသာ အရေးတကြီး ဆုံးဖြတ်ကြဖို့လိုလေသည်။

ထိုနေ့များက အတွေ့အကြုံ နည်းသေးသော နီတိဆရာ များစွာတို့သည် ဤအရေး၌ ဘာမျှ လုပ်စရာမရှိ၊ အညံ့ခံ အရှုံးပေးလိုက်ကြရုံသာ ရှိသည်ဟု မြို့ထဲတွင် အနှံ့ လိုက်ပြောလျက် ရှိကြ၏။ တာရို၊ ရေးနှင့် သူတို့၏ မိတ်ဆွေများအား မေးလျှင် အဖြေတစ်ခုမဟုတ်တစ်ခု အမျိုးမျိုးပေးကြမည် ဖြစ်သော်လည်း အချုပ်တွင်မူ အတူတူချည်းသာ ဖြစ်သည်။ မဖြစ်မနေ လုပ်ရမည်မှာ လူဦးရေ များနိုင်သမျှ များများအား သေမင်း၏လက်မှ လည်းကောင်း၊ ရက်အကန့်အသတ်မရှိ ချစ်ခင်သူတို့ ကွေကွင်းနေကြသည့်အဖြစ်မှ လည်းကောင်း ကယ်တင်ရန် ဖြစ်သည်။ ဤသို့ လုပ်ရန်မှာလည်း တစ်နည်းသာ ရှိသည်။ ပလိပ်ကပ်ကို တိုက်ဖို့။ ဤသဘောထားနှင့် ပတ်သက်၍ ချီးကျူးနေစရာ တစ်စုံတစ်ရာ မရှိ။ ကျိုးကြောင်းဆင်ခြင်မှုမျှသာ။

ဤသို့လျှင် ဒေါက်တာကတ်စတယ်ကြီး သူ့ဘာသာသူ ရရာပစ္စည်းဖြင့် ဖန်တီးထားသည့် ကရိယာတန် ဆာပလာများကို သုံးကာ ပလိပ်ရောဂါကာကွယ် ဆေးရည်ကို ချက်ချင်း စီမံထုတ်လုပ်နိုင်ရန် ကြိုးစားပမ်းစား ယုံယုံကြည်ကြည်နှင့် တကုပ်ကုပ် အပင်ပန်းခံ၍ လုပ်နေခြင်းမှာလည်း သဘာဝကျပေသည်။ ဒေါက်တာရေးကလည်း ယခု ဤဒေသ၌ တွေ့ရသော ပလိပ်ရောဂါပိုးသည် အပူပိုင်းဒေသ ရောဂါဗေဒစာအုပ်ကြီးများတွင် ဖော်ပြထားသည့် ပလိပ်ရောဂါပိုးနှင့် အနည်းငယ် ကွဲပြားမှုရှိနေသည် ဖြစ်သောကြောင့် ဤအရပ်မှရသည့် ပိုးမွှားကို မွေးမြူ၍ စီမံသော ကာကွယ်ဆေးရည်သည် ပြင်ပမှလာသည့် ကာကွယ်ဆေးရည်ထက် ပိုမိုအစွမ်းထက်ရမည် ဟု ယုံကြည်သည်။ ဒေါက်တာကတ်စတယ်ကလည်း အံ့အားသင့်စရာ ကောင်းအောင် တိုတောင်းသည့် ကာလအတွင်း၌ သူ၏ပထမအသုတ် ကာကွယ်ဆေးရည်များ အဆင်သင့် ဖြစ်လိမ့်မည်ဟု မျှော်လင့်သည်။

ဤအကြောင်းကြောင့်ပင် သူရဲကောင်းလက္ခဏာ တစ်စုံတစ်ရာမရှိသော ဂရန်း၊ သန့်ရှင်းရေးအဖွဲ့များတွင် အထွေထွေအတွင်းရေးမှူး အဖြစ် ဝင်ရောက်လုပ်ကိုင် နေခြင်းမှာလည်း သဘာဝကျပါသည်။ တာရို ဖွဲ့စည်းထားသ အဖွဲ့တော်တော်များများသည် သန့်ရှင်းရေးအခြေအနေ ပိုမိုကောင်းမွန်လာစေရန် အလုပ်လုပ်လျက် ရှိကြသည်။ သူတို့၏တာဝန်မှာ အိမ်များတွင် ကျန်းမာရေးနှင့်အညီ သန့်ရှင်းစင်ကြယ်သည့် အခြေအနေတွင် ရှိနေစေရန်နှင့် အစိုးရကျန်းမာရေးဌာနမှ ပိုးသတ်ဆေးမဖျန်းရသေးသည့် အထပ်ခိုးခန်းများ မြေတိုက်ခန်းများ၏ စာရင်း ကောက်ယူပေးရန် ဖြစ်၏။ အခြားသော စေတနာ့ဝန်ထမ်းအဖွဲ့များက

ဆရာဝန်များနှင့်လိုက်ကာ ရောဂါဖြစ်နေသူများကို သယ်ထုတ်ရန်ဖြစ်ပြီး၊ နောက်ပိုင်းတွင် ကားမောင်းသမားများ လုံလောက်အောင် မရှိသောကြောင့် လူနာများ၊ လူသေများကို သယ်သည့်ကားများကိုပါ တက်၍ မောင်းကြရလေသည်။ ဤကိစ္စအားလုံး မှတ်ပုံနှင့်စာရင်းဇယားများ ထားရန် လိုအပ်သည် ဖြစ်သောကြောင့် ဤအလုပ်ကို ဂရန်းက တာဝန်ယူလေသည်။

ဤရှုထောင့်မှနေ၍ ကြည့်လျှင် သန့်ရှင်းရေးအဖွဲ့များအား စိတ်ဓာတ်တက်ကြွစေရန် တည်ငြိမ်သောသတ္တိ၏ သရုပ်ကို ရေးထက် လည်းကောင်း၊ တာရိုထက် လည်းကောင်း၊ ဂရန်းက ပိုမို၍ပြနိုင်သည်ဟု ဤအကြောင်းများကို ပြန်ပြောသူက ထင်မြင်ပါသည်။ သူသည် ဘယ်သူက ဘာလာပြောပြော သူ့စရိုက်အတိုင်း သဘောကောင်းစွာပင် မဆိုင်းမတွ လိုက်လျောတတ်သည်။ သူတောင်းဆိုသည်မှာ ပေါ့ပေါ့ပါးပါး တာဝန်များသာ ဖြစ်၏။ အခြားအလုပ်များအတွက် ဆိုလျှင် သူ့အသက်အရွယ်နှင့် မဖြစ်ဟုဆိုသည်။ သူ၏အချိန်ကို ညနေတိုင်း ခြောက်နာရီမှ ရှစ်နာရီအထိ ပေးသည်။ ဒေါက်တာရေးက သူ့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောသောအခါ သူ အံ့အားသင့်သွားဟန် တူ၏။ “ဟာ၊ ဆရာရယ်။ ဒါလောက် ခဲယဉ်းတဲ့ဟာ မဟုတ်ပါဘူး။ ပလိပ်ကပ်ကြီး ဖြစ်နေတာပဲဟာ။ ကျွန်တော်တို့ ဖွဲ့နဲ့ ကြံ့ကြံ့ခံကြရမှာပေါ့။ ဒါ ရှင်းနေတာပဲ။ အားလုံးဟာ အဲသလို ရှင်းနေတယ်ဆိုရင် ကောင်းမယ်ဆရာ” ဟု သူက ဆိုသည်။ တစ်ခါတစ်ရံ ညနေပိုင်း သူ၏အစီရင်ခံစာများ တင်သွင်းပြီး စာရင်းဇယားများ တွက်ချက်၍ ပြီးသောအခါ ဂရန်းနှင့် ရေးတို့သည် စကားစမြည် ပြောနေတတ်ကြသည်။ မကြာမီ သူတို့၏ စကားဝိုင်းသို့ တာရိုပါ ပါဝင်လာလေ့ရှိပြီး၊ ဂရန်းမှာ ပို၍ သိသိသာသာ သဘောကျလာဟန်ဖြင့် သူ၏ မိတ်ဆွေနှစ်ယောက်ထံသို့ ရင်ဖွင့်လေ့ ရှိလေတော့၏။ သူတို့ကလည်း ဤပလိပ်ကပ်ကြီး ပတ်လည်ဝိုင်းလျက် အပြင်းအထန် ထိုးနှက်နေစဉ်တွင် ပင်ပန်းကြီးစွာ သူ လုပ်ဆောင်လျက်ရှိသော စာပေအလုပ်ကြီး၌ တကယ်ပင် စိတ်ဝင်စားစ ပြုလာကြသည်။ တကယ်ပင် သူတို့မှာလည်း အလုပ်ပင်ပန်း၍ နွမ်းလျနေသည်ကို ဖြေစရာတစ်ခု ရလျက် ရှိကြလေသည်။

“ဘယ်နှယ့်လဲဗျ။ ခင်ဗျာ့မြင်းစီးသမကလေး ဘယ်ရောက်နေပြီလဲ” ဟု တာရိုက မေးတတ်သည်။ ဤသို့မေးတိုင်းပင် ဂရန်းက မဲ့ပြုံးကလေး ပြုံးပြကာ “ခွပ်ခွပ်ခွပ်ခွပ်နဲ့ သွားနေတုန်းပါပဲဗျာ” ဟု ဖြေတတ်သည်။ တစ်ညနေတွင် ဂရန်းက သူသည် သူ၏မြင်းစီးသမကလေး အတွက် ယဉ်ယဉ်ကျေ့ကျေ့ ဆိုသည့် နာမဝိသေသနပုဒ်ကို လုံးဝ ဖြုတ်ပစ်လိုက်ပြီဖြစ်ကြောင်း ကြေညာလေသည်။ ယခုအချိန်မှစ၍ ထိုစကားအစား သွယ်သွယ်လျလျ ဆိုသည့်စကားကို သုံးတော့မည် ဟုလည်း ဆိုသည်။ “ဒါက ပိုပြီး ရုပ်လုံးပေါ်တယ်ဗျ” ဟု သူက ရှင်းပြသည်။ ထို့နောက် တခဏအကြာတွင် ထိုဝါကျ၏ မူသစ်ကို သူ့မိတ်ဆွေနှစ်ယောက်အား

ဖတ်ပြနေလေတော့၏။

မေလ၏ သာယာသော တစ်နံနက်ခင်းဝယ် သွယ်သွယ်လျလျ မြင်းစီးသမငယ် တစ်ယောက်သည် နီညိုရောင် အုန်းခွံမြင်းမချောတစ်စီးကို စီးနင်းလျက် ဗူးလုံးညာမြို့၏ ပန်းပေါ်သော ရိပ်သာလမ်းတစ်လျှောက် လာနေသည်ကို တွေ့မြင်ကြရပေလိမ့်မည်။

"အဲသလိုမှ အမျိုးသမီးကို ပိုပြီး ပီပီသသ မြင်ရမယ်ဆိုတာ ခင်ဗျားတို့ ကျွန်တော်နဲ့ သဘောချင်း မတူကြဘူးလားဗျာ။ ကျွန်တော်က 'မေလ၏ သာယာသော တစ်နံနက်ခင်းဝယ်' လို့ရေးရတာက 'မေလထဲက' ဆိုတဲ့ စကားကိုသုံးရင် မြင်းခွာသံ လေးသွားမယ် ဆရာတို့ရဲ့။ ကျွန်တော်ပြောတာ နားလည်ကြလား မသိဘူး"

ထို့နောက် သူက ချောဆိုသည့် နာမဝိသေသနာပုဒ်ကို သိပ်ဘဝင်မကျသည့် အမူအရာပြသည်။ သူ့စိတ်တွင် ဤစကားကို သိပ်လုံလောက်သည် ဟု မထင်။ သူ၏စိတ်ကူးထဲတွင် ထင်မြင်၍ ကြည့်ထားသည့် ဤခမ်းနားလှသော မြင်းသတ္တဝါကို ဓာတ်ပုံရိုက်ပြလိုက်သလို ရုတ်ချည်းမြင်စေနိုင်သည့် ဂုဏ်သတ္တိနှင့် ဝိသေသနစကားလုံးကို ရှာနေသည်ဟု ဆိုသည်။ ဝဝတုတ်တုတ်ဆိုသည့် စကားကိုတော့ သုံးလို့မဖြစ်။ ဤစကားက ပီသုသော်လည်း ဂုဏ်နိမ့်သည်။ အနည်းငယ် ရိုင်းနေသလိုလည်း ရှိသည်ဆိုသည်။ လှပစွာပြီးသင်ထားသော ဆိုသည့်စကားကို သုံးလိုက်မိတော့မည်ကဲ့သို့ ဖြစ်ပြီးမှ အနည်းငယ် ထောင့်သလို ဖြစ်နေပြီး အသံစည်းဝါး ပျက်သည့်အတွက် ပယ်လိုက်ရသည် ဆိုသည်။ ထို့နောက် တစ်ညနေတွင် သူသည် "ရပြီ" ဟု အောင်မြင်စွာ ကြေညာလေသည်။ အုန်းခွံမြင်းနက်မချောတစ်စီး။ သူ့စိတ်ထဲတွင် နက်ဆိုသည့် စကားသည် "ယဉ်ယဉ်ကြော့ကြော့ ရှိခြင်း၊ ကြွယ်ဝခြင်း အနက်ကို ဆောင်သည်ထင်ကြောင်း သူက ရှင်းပြသည်။

ရေးက "ဘယ်ဖြစ်မလဲဗျ" ဟု ဆိုလိုက်၏။

"ဘာလို့ မဖြစ်ရမှာလဲ ဆရာ"

"အုန်းခွံဆိုတာက မြင်းမျိုးကို ပြောတာမှ မဟုတ်ဘဲဗျ။ အဲဒါက အရောင်ပဲ"

"ဘာအရောင်လဲ ဆရာ"

"အင်း၊ ဘာရောင်လဲဆို... အဲဒီအရောင်က... အင်း အနက်တော့ မဟုတ်ဘူးဗျ"

ဂရန်း စိတ်အကြီးအကျယ် ရှုပ်သွားဟန် တူလေသည်။

"ကျေးဇူးပါပဲ ဆရာ။ ဒီမှာ ကျွန်တော့်ကိုကူညီဖို့ ဆရာတို့ရှိနေတာ အင်မတန်

ကံကောင်းတာပေါ့။ ဒါပေမယ့် ဘယ်လောက် ခက်ခဲသလဲဆိုတာ ဆရာ အသိပဲလေ” ဟု တက်ကြွစွာ ဆိုလိုက်၏။

“ပြောင်လက်သော ဆိုရင်ကောဗျ” ဟု တာရိုက အကြံပေးသည်။

ဂရန်းက သူ့အား စဉ်းစဉ်းစားစား စိုက်ကြည့်နေလိုက်ပြီးမှ “ဟုတ်တယ် ဗျို့” ဟု ဆိုကာ “အဲဒါ ကောင်းတယ်” ဟု ပြောလိုက်၏။ ထို့နောက် သူ၏နှုတ်ခမ်းများ ပွင့်ဟ၍လာအောင် ပြုံးပြလိုက်လေသည်။

ထို့နောက် ရက်အနည်းငယ် ကြာသောအခါ သူက “ပန်းပေါသော” ဆိုသည့်စကားအတွက် သူ့မှာ အတော်ပင် စိတ်အနှောင့်အယှက် ပေးလျက်ရှိသည်ကို ဖွင့်ဟဝန်ခံလေသည်။ သူသိသောမြို့များမှာ အိုရန်နှင့် မွန်တီလီမာ မြို့များသာ ဖြစ်၍ တစ်ခါတစ်ခါ သူက သူ၏မိတ်ဆွေများအား ဗူးလုံးညာမြို့ကြီး၏ ရိပ်သာလမ်းများအကြောင်းနှင့် ထိုလမ်းများတွင် မည်သည့်ပန်းများ ပေါက်ရောက်ကြောင်း၊ မည်ကဲ့သို့ စီမံထားကြောင်းတို့ကို မေးမြန်းတတ်သည်။ တကယ်ဆိုသော် ရေးသည်လည်းကောင်း၊ တာရိုသည်လည်းကောင်း ထိုရိပ်သာလမ်းများတွင် ပန်းပေါသည်ဟု မထင်မိကြချေ။ သို့ရာတွင် ဂရန်းက ဤအကြောင်းတရားနှင့် ပတ်သက်၍ အခိုင်အမာ ပြောနေပြန်တော့လည်း သူတို့မှာ အသေအချာ သိထားသည် ဖြစ်ပါလျက် ဇဝေဇဝါ ဖြစ်ကြရပြန်လေသည်။ ဂရန်းကလည်း သူတို့ မသေမချာ ဖြစ်နေကြသည်ကို အံ့အားသင့်၏။ “မျက်စိကို ဘယ်လိုအသုံးချရမယ် ဆိုတာ အနုပညာသည်များမှ သိတယ်ဗျ” ဟု သူ နိဂုံးချုပ်လိုက်သည်။ သို့ရာတွင် တစ်ညနေ၌ ဆရာဝန်သည် သူ့အား အလွန် စိတ်လှုပ်ရှားလျက် တွေ့ရလေသည်။ ‘ပန်းပေါသော’ ဆိုသည့် စကားအစား၊ သူက ‘ပန်းခင်းသော’ ဆိုသည့်စကားကို သုံးလိုက်ပြီဟု ပြောသည်။ သူက လက်ဖဝါးချင်း ပွတ်လျက် “အခုမှပဲ မြင်တော့တယ် ဆရာ။ အနံ့ပါတောင် ရလာတယ်။ ကဲ ကြီးမင်းများခင်ဗျာ ဦးထုပ်များ ချွတ်လိုက်ကြပါ” ဟု ဆိုကာ သူရေးထားသည့် စာကို ဝင့်ကြွားစွာ ဖတ်ပြလေတော့သည်။

“မေလ၏ သာယာသော တစ်နံနက်ခင်းဝယ် သွယ်သွယ်လျလျ မြင်းစီးသမယ် တစ်ယောက်သည် ပြောင်လက်သော အုန်းခွံရောင် မြင်းမချောတစ်စီးကို စီးနင်းလျက် ဗူးလုံးညာမြို့၏ ပန်းခင်းသော ရိပ်သာလမ်းတစ်လျှောက် လာနေသည်ကို တွေ့ကြရပေလိမ့်မည်”

သို့သော် အသံထွက် ဖတ်လိုက်လျှင် ‘စလုံး’သံများသည် နားဝင်မချိုဟုဆိုကာ ရန်းသည် ထိုအသံများကို ပြန်ရွတ်ဆိုကြည့်ရင်း၊ ဟိုတစ်လုံး သည်တစ်လုံး ထစ်ကာ မပီမသ ဖြစ်နေလေ၏။ သူသည် ခေါင်းငိုက်စိုက်နှင့် ထိုင်ချလိုက်သည်။ နောက် ဆရာဝန်အား သွားရန် ပန်ကြားလိုက်၏။ သူ့မှာ လေးလေးနက်နက်

စဉ်းစားခန်းဝင်ရပေဦးမည်။

နောက်မှသိရသည်မှာ ဤအချိန်လောက်ဆီက ဂရန်းသည် ရုံးတွင် ဝေးဝေးမောမော ဖြစ်နေတတ်သည်ဟု ဆိုသည်။ မြို့တော်စည်ပင်သာယာ အဖွဲ့မှာ အမှုထမ်းကလည်းနည်း အလုပ်ကလည်း အလွန်ပူကာ တာဝန်အသစ်များကလည်း မပြတ်အောင် ရောက်၍သာ လာလျက်ရှိသောကြောင့် သူ၏ သတိလစ်ဟင်းချက်များကို အမှုမဲ့အမှတ်မဲ့ မထားနိုင်။ သူ့ဌာနအလုပ်များ ပျက်ပြားချွတ်ယွင်းလာသဖြင့် သူ့အား အကြီးအကဲကခေါ်ကာ သူ့အား အလုပ်တစ်စုံတစ်ခုကို လုပ်ရန်အတွက် လခရိက္ခာ ပေးထားကြောင်း၊ ထို အလုပ်တာဝန်ကို ကင်းမွန်စွာ ထမ်းဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း ဖော်ထုတ်၍ အပြစ်တင် လေသည်။ "သန့်ရှင်းရေးအဖွဲ့တွေမှာ ခင်ဗျား စေတနာ့ဝန်ထမ်း အကူအလုပ် လုပ်နေတယ်လို့ ပြောကြတယ်။ ဒါကို ရုံးချိန်မှအပမှာ လုပ်တဲ့ အလုပ်မို့ ကျုပ်နဲ့မဆိုင်ဘူး ထားလိုက်။ ဒါပေမယ့် အခုလို ကပ်ဆိုးသင့်နေတဲ့ အချိန်အခါမျိုးမှာ ကိုယ့်ကိုကိုယ် အသုံးဝင်အောင်လုပ်ဖို့ အကောင်းဆုံးနည်းလမ်းက ကိုယ့်အလုပ်ကို ကိုယ် ကောင်းကောင်းလုပ်ဖို့ပဲ။ မဟုတ်ရင် တခြားဟာတွေကတော့ အလကားပါပဲ" ဟု ဆိုလေသည်။

ဂရန်းက ရေးအား "သူပြောတာ ဟုတ်တယ်ဗျ" ပြောသည်။

ဆရာဝန်ကလည်း "ဟုတ်တယ် သူပြောတာ ဟုတ်တယ်" ဟု သဘောတူလိုက်၏။

"ဒါပေမယ့် ကျွန်တော့်စိတ်ကို တည်ငြိမ်အောင် လုပ်လို့မရဘူး ခင်ဗျ၊ ကျွန်တော့်စာပိုဒ် အဆုံးစကားလုံးတွေအတွက် စိတ်ကမဖြောင့်ဘူး ဖြစ်နေတာ ရွေးချယ်လို့ကို မရနိုင်တော့ဘူးလိုပဲ" ဟု သူက ဆိုသည်။

သူ၏ဝါကျ၌ 'စလုံး'သံတွေ ထပ်နေသောကြောင့် သူ နားကလောနေသော်လည်း၊ ထိုထက်ညံ့သော အနက်တူစာလုံးများကို မသုံးဘဲ ပြင်ရန်လည်း မဖြစ်နိုင်ဟု ဆိုသည်။ ထို့နောက် တွေ့ခါစတွင် သူ့အား ပျော်ရွှင်သွားစေခဲ့သော 'ပန်းခင်းသော' ဆိုသည့် ပုဒ်ကလည်း ယခု စိတ်ကျေနပ်လောက်ဖွယ် မရှိဟု ဆိုပြန်သည်။ ရိပ်သာလမ်းတစ်လျှောက် စိုက်ထားသော သို့မဟုတ် ပေါက်ရောက်နေသော ပန်းများကို အသို့လျှင် 'ခင်း'ထားသည်ဟု ဆိုနိုင်ပါမည်နည်း။ အချို့သော ညနေချိန်များတွင် သူ့မှာ ဒေါက်တာရေးထက်ပင် ပင်ပန်းနွမ်းနေဟန် တူလေသည်။

အမှန်ပင် သူ၏ခေါင်းထဲက ဘယ်တော့မှမထွက်သော ဤအချည်းနှီး ရှာဖွေမှုသည် သူ့အား ပင်ပန်းနွမ်းနယ်စေလျက် ရှိသည်။ သို့ပင်ဖြစ်စေကာမူ သူသည် သန့်ရှင်းရေးအဖွဲ့များအတွက် ကိန်းဂဏန်းများ ပေါင်းခြင်း၊ စာရင်းဇယားများ ပြုစုခြင်း

စသည်တို့ကို လုပ်မြဲလုပ်လျက်သာ ရှိလေသည်။ သူသည် ညနေတိုင်း စိတ်ရှည်လက်ရှည်ပင် နောက်ဆုံးစာရင်းချုပ်များကို ပေါင်းပေးပြီး အတက်အကျ ပုံပြမျဉ်းဇယားများ ဆွဲကာ သူပေးသည့် အခြေခံအချက်အလက်များကို သူ့ဉာဏ်စွမ်းရှိသမျှ အတိကျဆုံး အရှင်းလင်းဆုံးဖြစ်အောင် အားထုတ်၍ တင်ပြလေသည်။ မကြာခဏပင် သူသည် ဒေါက်တာရေးအား ဆေးရုံတစ်ခုခု၌ သွားတွေ့ကာ ရုံးခန်းတစ်ခန်း သို့မဟုတ် ဆေးပေးခန်းတွင် စားပွဲတစ်ခုတောင်းပြီ သူ၏စာရွက်များနှင့် ထိုစားပွဲ၌ထိုင်ကာ စည်ပင်သာယာရုံးတွင် သူ အလုပ်လုပ်သည့်အတိုင်း စာတစ်ရွက်ရေး၍ ပြီးတိုင်း မင်ခြောက်စေရန် ရောဂါပိုးနဲ့ ပိုးသတ်ဆေးနံ့များဖြင့် မွန်လျက်ရှိသည့် လေထဲတွင် လုပ်ယမ်း၍ နေတတ်သည်။ ဤအချိန်မျိုး၌ သူသည် တကယ်ပင် ကြိုးစား၍ သူ၏ မြင်းစီးသမအကြောင်း မတွေးဘဲနေကာ လုပ်စရာရှိသည်၌ အာရုံစူးစိုက်၍ ထားလေသည်။

မှန်ပါသည်။ လူအများက စံထားလောက်သည့် သူရဲကောင်းဇာတ်လိုက်များကို အလိုရှိကြသည်ဆိုလျှင်၊ ဤအကြောင်းအရာများတွင်လည်း သူရဲကောင်းဇာက်လိုက် တစ်ယောက်ပါရန် လိုအပ်သည်ဆိုလျှင် ဤအကြောင်းများကို ပြောနေသူက သူ၏စာဖတ်သူများအား သူ့အမြင် သူ့အတွေးနှင့်သူ ယုတ္တိတန်၍မှန်ကန်စွာ ဤ စိတ်ကောင်း နှလုံးကောင်းကလေး တစ်ခုသာ အကောင်းပြောစရာ ရှိပြီး၊ အပေါ်ယံအမြင်အားဖြင့် အဓိပ္ပာယ်မရှိသော စိတ်ကူးစိတ်သန်းများ ရှိသော သူ၏ မပီမသ အညတရ ဇာတ်လိုက်ကိုပင် ညွှန်းရပေတော့မည်။ ဤသို့ညွှန်းခြင်းသည် အမှန်တရားကို ဖြစ်သင့်သည့်အတိုင်း ဖြစ်စေပါလိမ့်မည်။ နှစ်နှင့်နှစ် ပေါင်းရကိန်းကို လေးဖြစ်စေပါလိမ့်မည်။ သူရဲကောင်းဝါဒကို စိတ်ချမ်းသာမှု၏ ရှေ့က မည်သည့်အခါမျှ မထားဘဲ ပုံမှန်အတိုင်း နောက်ဆွယ်ကထားကာ ဒုတိယနေရာ၌သာ ရှိစေပါလိမ့်မည်။ ထိုမှတစ်ပါး စိတ်ကောင်း စေတနာကောင်းဖြင့် ပြန်ပြောထားသည့် ဤအဖြစ်အပျက်များအကြောင်း ဖြစ်စေရန် ရည်ရွယ်ထားသော ဤမှတ်တမ်းများအားလည်း သူ့သဘော သူ့သရုပ်အမှန်ကို ပေါ်လွင်စေပါလိမ့်မည်။ စိတ်ကောင်း စေတနာကောင်းဆိုရာ၌ ထင်ထင်ရှားရှား ဆိုးဝါးသော စေတနာများလည်း မပါ။ စင်ပေါ်တင်၍ ကပြရန်ရေးသည့် ပြဇာတ်များကဲ့သို့ စိတ်လှုပ်ရှားမှု လွန်ကဲနေသည့် သဘောများလည်း မပါဟု ဆိုလိုပါသည်။

အနည်းဆုံး ပြင်ပလောကမှ ဤပလိပ်ကပ် ဖိစီးခြင်းခံနေရသော လူထုသို့ သတင်းစာများမှ လည်းကောင်း၊ ရေဒီယိုမှ လည်းကောင်း အားပေးကြသည့် သတင်းစကားများကို ဖတ်ရကြားရသောအခါ ဒေါက်တာရေးကတော့ ဤသို့ ထင်မြင်ယူဆသည်။ ယခုအချိန်မှစ၍ အပြင်လောကနှင့် အဆက်အသွယ် ပြတ်သွားသောမြို့သို့ ကုန်းကြောင်း လေကြောင်းမှ ပေးပို့ကြသော ကရုဏာစကား၊ ချီးကျူးစကားများအပြင် သတင်းစာဆောင်းပါးများ၊ အသံလွှင့်ဟောပြောချက်များ

ကိုလည်း ဖောဖောသီသီကြီး ဖတ်ကြကြားကြရသည်။ သူတို့၏ တခမ်းတနား ရှည်လျားသော ရေးသားချက်များ၊ မိန့်ခွန်းရှည်ကြီးများသည် ဆရာဝန်အဖို့ နားကြားပြင်းကတ်စရာ ဖြစ်နေတော့သည်။ ဤသို့ ကရုဏာသက်ခြင်းမှာ တကယ်ဖြစ်သည်ဟု သူသိသည်ကို အထူးပြောရန် မလိုပါ။ သို့ရာတွင် လူတို့သည် ဤသည်ကို သူတို့အား ယေဘူယျအားဖြင့် လူသားတစ်ရပ်လုံးနှင့် တစ်စုတစ်စည်းတည်း ရှိနေစေသည့် ဘာသာစကားဖြင့်သာ ဖော်ပြနိုင်သည်။ စကားလုံးများကလည်း ပုံစံအားဖြင့် ပလိပ်ကပ် အခြေအနေမျိုး၌ ဂရန်းသည် ဘာကို ကိုယ်စားပြုကြောင်း ဖော်ပြရန်ပင် မပြည့်စုံလှပါချေ။

တစ်ခါတစ်ရံ ဆရာဝန်သည် ညဥ့်သန်းကောင် တစ်မြို့လုံး အိပ်မောကျ တိတ်ဆိတ်လျက်ရှိစဉ် သူ့ကိုယ်သူ အနည်းငယ်မျှသာ ခွင့်ပြုထားသည့် အိပ်ချိန်ကလေးအတွက် အိပ်ရာမဝင်မီ ရေဒီယိုကိုဖွင့်၍ နားထောင်မိတတ်သည်။ ဤတွင် ကမ္ဘာမြေအစွန်းမှ ခရီးမိုင် ထောင်ပေါင်းများစွာသော ရေမြေတို့ကို ဖြတ်ကျော်၍ ကရုဏာကြီးမားစွာဖြင့် စေတနာမေတ္တာ ထားကြသော မိန့်ခွန်းရှင်များက သူတို့၏ စာနာစိတ်ကို ဖော်ကျူးရန် အားထုတ်ကြသည်။ ဖော်ကျူးကြသည်။ သို့ရာတွင် ကိုယ်တိုင်မမြင်ရသော ဝေဒနာခံစားမှု တစ်ခုကို စာနာရန်မှာ လူတိုင်း လူတိုင်းအဖို့ မတတ်နိုင်ကောင်းသောအရာ ဖြစ်သည်ကိုသာ ပေါ်လွင်ထင်ရှားစေလျက် ရှိတော့သည်။ “အိုရန် အိုရန်” နှင့် ပင်လယ်သမုဒ္ဒရာဖြတ်သန်း၍လာသည့် အသံက ခေါ်ပါသော်လည်း အချည်းနှီး။ ရေးက မျှော်လင့်ချက်ကြီးမားစွာ နားစွင့်၍ ထောင်ပါသော်လည်း အချည်းနှီး။ အာဝဇ္ဇန်းရွှင်ရွှင်နှင့် စကားတွေ တသွင်သွင်ပြောလေသမျှ စကားပြောသူနှင့် ဂရန်းတို့၏အကြား ပေါင်းကူး၍ မရနိုင်သော ခြားနားချက်ကို ဖော်ပြနေသည်သို့သာ ရှိလေသည်။ ရေဒီယိုက “အိုရန်မြို့သူမြို့သား အပေါင်းတို့။ ကျွန်ုပ်တို့ဟာ သင်တို့နဲ့ အတူတကွ ရှိနေကြပါတယ်” ဟု စိတ်နှလုံး ထိခိုက်လှိုက်လှဲစွာ ပြောလျက်ရှိသည်။ သို့သော် ဆရာဝန်ကမူ “အတူတကွ ချစ်ခင်ဖို့၊ ဒါမှမဟုတ် အတူတကွ သေဖို့တော့ မဟုတ်ဘူး။ အတူတကွဆို ဒီတစ်နည်းပဲ ရှိတယ်။ သူတို့နဲ့ကတော့ ဝေးလံလွန်းလှ ပါကလား” ဟု သူ့ကိုယ်သူ ပြောလိုက်မိလေ၏။

* * *

။၉။

ထိုမှတစ်ပါး အခေါင်အဖျားသို့ မရောက်မီ ပလိပ်ကပ်ကြီးက တစ်မြို့လုံးကို ပစ်ခတ်ဖျက်ဆီးရန် အစွမ်းကုန် အားယူလျက်ရှိစဉ် ကာလ၌ ကြုံရသော ရမ်းဘား ကဲ့သို့သော ခေါင်းမာသူများက သူတို့၌ ပျောက်ဆုံးသွားသော 'စိတ်ချမ်းသာမှု'ကို ပြန်လည်ရရှိစေရန် ပလိပ်ကပ်ကို သူတို့နှင့် ပတ်သက်သမျှ တစ်လက်မမှ လျှော့မပေးဘဲ သေသေကြေကြေ ဖွဲ့နှင့်တိုက်ခိုက်လျက် ရှိသော ရင်မောစရာ ထပ်ခါအလဲလဲ တိုက်ပွဲရှည်ကြီးများ အကြောင်းကို မှတ်တမ်းတင်ရန် ကျန်ရှိနေပေသေးသည်။ ဤကား သူတို့၏ပတ်လည်မှ ရစ်သိုင်း၍လာသည့် အချုပ်အနှောင်ကို ခုခံသော သူတို့နည်းသူတို့ဟန် ဖြစ်သည်။ သူတို့၏ ခုခံမှုသည် အခြားနည်း ခုခံမှုလောက် ထိရောက်သော အရှိန်အဟုန် မရှိသော်လည်း (ဤအကြောင်းများကို ပြန်ပြောသူ၏ အယူအဆအတိုင်း ဆိုရလျှင်) သူ့အမိပ္ပါယ်နှင့်သူတော့ ရှိပေသည်။ အကျိုးဆက်မနီး အချည်းနှီးသာ ဖြစ်ရသည်အထဲကပင် ရှိအပ်သော မာနကိုတော့ သက်သေခံလျက်ရှိသည်။

ရမ်းဘားသည် ပလိပ်ကပ်ကြီးက သူ့အား အကြောမခံ။ တွန်းလှန်တိုက်ခိုက်လျက် ရှိသည်။ ဥပဒေဘောင်အတွင်းက နည်းလမ်းများဖြင့် မြို့အပြင်သို့ ထွက်ရန်မဖြစ်နိုင်ကြောင်း သေချာသောအခါ ဒေါက်တာရေးအား ပြောပြသည့်အတိုင်း သူသည် အခြားနည်းများဖြင့် အားထုတ်ရန် ဆုံးဖြတ်လိုက်၏။ သူသည် လက်ဖက်ရည်ဆိုင် စားပွဲထိုးများကို တီးခေါက်ကြည့်ခြင်းဖြင့် လုပ်ငန်း စ, သည်။ စားပွဲထိုးများကတော့ ဘယ်သူတွေ ဘယ်လို စက်ပုန်းခုတ်နေသည်ကို အတော်ပင် သိလေ့ရှိသည်။ သို့သော် သူ ပထမစ၍ ပြောသူကတော့ မိသွားလျှင် အပြစ်ဒဏ် ကြီးလေးစွာခံရမည့် တိမ်းရှောင်နည်းမျိုးကိုသာ သိသည်။ သူသွားသည့် ဆိုင်တစ်ဆိုင်၌မူ သူ့အား အလံရှူးတစ်ယောက်ထံ ခေါ်သွားကာ သူ ဘာလုပ်ရမည် ဆိုသည်ကို ခပ်ပြတ်ပြတ် ညွှန်ကြားလိုက်သည်။ သို့ရာတွင် သူသည် ဒေါက်တာရေး၏အိမ်၌ ကော့တတ်ကို တွေ့ရသောအခါတွင်မှသာ အနည်းငယ် ခရီးရောက်ခဲ့လေသည်။ ထိုနေ့က သူနှင့်ရေးတို့သည် သူ၏ကိစ္စနှင့်ပတ်သက်၍ အာဏာပိုင်များ စိတ်ဝင်စားအောင် အားထုတ်မှုများ မအောင်မြင်သည့်အကြောင်း ပြောနေ ကြသည်တွင် ကော့တတ်က အဖျားပိုင်းလောက်သာ ကြားလိုက်ရလေသည်။ နောက် ရက်အနည်းငယ်အကြာတွင် ကော့တတ်က သူ့အား လမ်း၌တွေ့ ပြီး ယခုအခါတွင် လူတွေ့တိုင်း သူလုပ်နေကျအတိုင်း ဟေးလားဝါးလား နှုတ်ဆက်လေသည်။

"ဟာလို ရမ်းဘားပါလား။ ဘယ့်နှယ် နေရာမကျသေးဘူးလား"

“ဘာမှ နေရာမကျပါဘူးဗျာ”

“ကြိုးနီပွဲစားတွေကို အားကိုးနေလို့ အလကားပဲဗျ။ သူတို့က ဘယ်လိုပြောလို့မှ နားမလည်ဘူး”

“ဒါကို ကျုပ်သိပါတယ်၊ ကျုပ်သိပါတယ်။ ကျုပ်လည်း တခြားနည်း ရှာဖို့ ကြိုးစားနေတာပါပဲ။ ဒါပေမယ့်ဗျာ၊ ဒါက သောက်ကျိုးနည်း ခက်တာပဲဗျာ”

ကော့တတ်က “ဟုတ်တယ်ဗျာ။ တကယ်ပါပဲ၊ ဒါပေမယ့်” ဟု ဆိုကာ တစ်နည်းတော့ သူသိသည်ဟု ဆိုသည်။ ဤနည်းကို ရမ်းဘားအား ပြောပြသောအခါ ရမ်းဘားသည် အံ့အားသင့်ရသည်။ ကော့တတ်က သူ လက်ဖက်ရည်ဆိုင်တကာ လှည့်သွားနေခဲ့ပြီး လူအတော်များများ သိခဲ့ကြောင်း၊ ဤကိစ္စမျိုးကို လက်ခံ၍ ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းမျိုး တစ်ခုရှိကြောင်း ပြောပြသည်။ အမှန်မှာ သူ့ဝင်ငွေထက် ပို၍ သုံးစွဲနေခဲ့သော ကော့တတ်သည် ယခုအခါတွင် ကန့်သတ်ချက်ဖြင့် ထုတ်ပေးသော ပစ္စည်းများကို ခိုးထုတ်သည့်လုပ်ငန်း၌ ဝင်၍လုပ်ကာ တားမြစ်ထားသော စီးကရက်များ၊ အရက်အညံ့စားများကို တရိပ်ရိပ် တက်နေသည့် ဈေးနှုန်းများဖြင့် ရောင်းချပြီး သူဌေးဖြစ်စပြုနေပြီ ဖြစ်လေသည်။

ရမ်းဘားက “ဒါကို ခင်ဗျား သေချာရဲ့လားဗျာ” ဟု မေးလိုက်သည်။

“သေချာပါတယ်။ တစ်နေ့ကတောင် ကျုပ်ကို အဲဒီကိစ္စမျိုးတစ်ခု လာပြီး စကားစပ်သေးတယ်"

“ဒါပေမယ့် ခင်ဗျားက ဒါကို လက်မခံလိုက်ဘူးပေါ့”

ကော့တတ်က ချေင်စွာပင် “ဟာဗျာ၊ ဒါကို တလွဲတော့ မထင်ပါနဲ့။ ကျုပ် လက်မခံလိုက်တာက ကျုပ်အနေနဲ့ ထွက်သွားချင်စိတ်လည်း မရှိလို့ပါ။ ကျုပ်အကြောင်းနဲ့ ကျုပ် ရှိပါတယ်” ဟု ပြောကာ ခေတ္တမျှ တိတ်ဆိတ်နေလိုက်ပြီး၊ “ကျုပ်အကြောင်းက ဘာလဲဆိုတာ ခင်ဗျား မမေးဘူးနော်” ဟု ထပ်ဆိုလိုက်၏။

ရမ်းဘားက “ဒါ ကျုပ်နဲ့မဆိုင်ဘူးလို့ သဘောထားပါတယ်” ဟု ပြန်ပြောသည်။

“တစ်နည်းအားဖြင့်တော့ ဒါ ဟုတ်ပါတယ်လေ။ ဒါပေမယ့် တစ်ခြားနည်း ကြည့်ရင်တော့... အေးလေ၊ ဒီလိုပါ။ ပလိပ်ကပ်ရောဂါ စဖြစ်ကတည်းက ကျုပ် ဒီမှာနေရတာ စိတ်သက်သာရာ ရသလို ဖြစ်လာတယ် ဆိုကြပါစို့ဗျာ”

ရမ်းဘားက ဘာမျှ မဝေဖန်ချေ။ အတန်ကြာမှ

“ခင်ဗျားပြောတဲ့ အဲဒီအဖွဲ့အစည်း ဆိုတာကို ဘယ်လို ချဉ်းကပ်ရလဲဗျ” ဟု မေးလိုက်သည်။

ကော့တတ်က

“အေးဗျ။ အဲဒါကတော့ မလွယ်လှဘူး။ လာ။ ကျုပ်နဲ့ လိုက်ခဲ့ဗျာ ” ဟု ဆိုလေသည်။

ညနေလေးနာရီခန့် ဖြစ်၏။ ဝင်းဝင်းတောက် ကောင်းကင်ကြီး၏ အောက်တွင် မြို့မှာ ရေဆူမတတ် ပူလောင်လျက် ရှိသည်။ လူသွားလူလာလည်း ပြတ်၊ ဆိုင်များလည်း တရုတ်ကတ်ပါ ပိတ်ထားကြသည်။ ကော့တတ်နှင့် ရမ်ဘားတို့လည်း အတော်ဝေးဝေးရောက်အောင် စကားမပြောဘဲ ခုံးမိုးစင်္ကြံလမ်းအတိုင်း လျှောက်ခဲ့ကြသည်။ ဤအချိန်ကား ပလိပ်ကပ် ငြိမ်နေသောအချိန် ဖြစ်သည်ဟု ဆိုရမည်။ တိတ်ဆိတ်ခြင်းနှင့် အားလုံးသော အရောင်အဆင်း လှုပ်ရှားမှုများ ချုပ်ငြိမ်းသွားခြင်းမှာ ကပ်ရောဂါကြောင့် သော်လည်းကောင်း၊ နေပူရှိန်ကြောင့် သော်လည်းကောင်း ဖြစ်နိုင်ပေသည်။ လေထုထဲတွင် ဖုန်နှင့်အပူရှိန်တို့သာ ရှိနေသလား၊ သို့တည်းမဟုတ် အန္တရာယ်ဆိုးများ ရှိနေသလားဆိုသည်ကို မည်သူမျှ မပြောတတ်နိုင်။ ပလိပ်ကပ် ကျရောက်လျက်ရှိသည်ကို စေ့စပ်စွာကြည့်မှသာ သိနိုင်မည်။ ပလိပ်ကပ် ကျရောက်ခြင်း၏ လက္ခဏာများသည် မရှိသော အရာများဖြင့်သာ ဖော်ပြလျက်ရှိသောကြောင့် ဖြစ်သည်။ ဤသို့လျှင် ပလိပ်ကပ်နှင့် နီးစပ်သော ကော့တတ်က ရမ်းဘားအား သာမန်အချိန်များ၌ မရှိနိုင်သော အရိပ်အေးကလေးများကို လိုက်၍ ရှာရင်း တံခါးရိပ်များ၌ လေးဘက်ကားယား ဝပ်စင်းကာ ဟောဟဲခတ်နေသည့် ခွေးများ မရှိတော့သည်ကို ညွှန်ပြသည်။

သူတို့သည် ပါးမီးယားသစ်ရိပ်တန်းလမ်းအတိုင်း လျှောက်ကာ ပန်းခြံကိုဖြတ်၍ သင်္ဘောကျင်းဘက်ဆီသို့ ဆင်းခဲ့ကြ၏။ လက်ဝဲဘက်၌ စင်္ကြံလမ်းပေါ်အထိ ရွှက်ဖျင်မိုးပြန့် အဝါရောင်ကြီးကို မိုးလျက် ဆေးစိမ်းသုတ်ထားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည်။ ကော့တတ်နှင့်ရမ်းဘားတို့သည် ထိုအမိုးအောက် သို့ဝင်ရင်း သူတို့၏ နဖူးများမှချွေးများကို သုတ်လိုက်ကြ၏။ ဆေးစိမ်းသုတ်ထားသော သံစားပွဲကလေးအချို့နှင့် ခေါက်ကုလားထိုင်များ ရှိသည်။ ဆိုင်ခန်းမှာ လူသူရှင်းလျက် ယင်တစ်ယောင်းယောင်းနှင့် ရှိသည်။ အရက်ကောင်တာ အထက်ရှိ လှောင်ချိုင့်တွင် အမွေးစုတ်ဖွားနှင့် ကြက်တူရွေးတစ်ကောင် ရှိသည်။ ကျပ်ခိုးများ၊ ကင်းအိမ်များဖြင့် ညစ်မှုန်နေသော စစ်ဆာတ်ပုံများ နံရံတွင် ချိတ်ဆွဲထားသည်။ ရမ်းဘားထိုင်နေသော စားပွဲ၌ လည်းကောင်း၊ အခြားစားပွဲများ၌ လည်းကောင်း ငှက်ချေးများ ခြောက်နေသည်။ ဘယ်ကလာသည့် ငှက်ချေးပါလိမ့်ဟု တွေးနေစဉ်ပင် မှောင်မိုက်သော ချောင်တစ်ချောင်မှ ကြက်ဖချောချောကြီးတစ်ကောင် ထွက်လာသည်။

ထိုအချိန်လောက်မှာပင် အပူရှိန်သည် ဒီဂရီအတော်များများတက်ခဲ့ဟန်

တူသည်။ ကော့တတ်က သူ၏ အပေါ်အင်္ကျီကိုချွတ်ကာ စားပွဲကို ပုတ်လိုက်၏ လည်ပင်းနားအထိ ရောက်သော ခါးစည်းရှေ့ဖုံး အဝတ်ပြာနှင့် လူပုပုသေးသေးကလေး တစ်ယောက်သည် နောက်ဖေးတံခါးဆီမှ ထွက်လာကာ ကော့တတ်အား ဟစ်အော်နှုတ်ဆက်ရင်း ကြက်ကို ခြေဖြင့်ကန်၍ ဖယ်ထားခဲ့ပြီး စားပွဲဆီသို့လာသည်။ ကြက်ဖ၏ တကွတ်ကွတ်မြည်သံကို လွှမ်းမိုးသွားအောင် သူ၏အသံကို မြှင့်လျက် လူကြီးမင်းများ ဘာသုံးဆောင်ကြမလဲ ဟု မေးသည်။ ကော့တတ်က ဝိုင်အဖြူမှာကာ ဂါရှာ ဘယ်မှာလဲဟု မေးသည်။ လူပုကလေးက ဆိုင်၌ မလာသည်မှာ ကြာပြီဟု ပြန်ပြောသည်။

“ဒီည လာဦးမယ်ထင်သလား”

“အဲဒါတော့ ကျွန်တော် မသိဘူးလေ။ သူ ဘယ်တော့ လာတတ်တယ်ဆိုတာ ဆရာသိသားပဲ မဟုတ်လား”

“ဟုတ်ပါတယ်။ တကယ်က ဘာမှအရေးတကြီး တွေ့စရာ မရှိပါဘူး။ ဟောဒီက ကျုပ်မိတ်ဆွေကို သူနဲ့ မိတ်ဖွဲ့ပေးဖို့ပါပဲ”

ဆိုင်ရှင်လည်း သူ၏ စိုစွတ်သောလက်များကို သူ၏ ရှေ့ဖုံးအဝတ်၌ သုတ်လိုက်သည်။

“ဪ၊ ဒီက လူကြီးမင်းကလည်း ဒီလုပ်ငန်းထဲကပဲကိုး” ကော့တတ်က “ဟုတ်တယ်” ဟု ပြောလိုက်သည်။

လူပုကလေးက နှာရှုပ်သံပြုလိုက်၏။

“ကောင်းပြီလေ။ ညနေတစ်ခေါက် လှည့်ခဲ့ပေါ့။ ကျွန်တော် ကောင်ကလေး လွှတ် ပြောထားလိုက်မယ်"

သူတို့ဆိုင်ထဲမှ ထွက်ခဲ့ကြတော့မှ ရမ်းဘားက သူပြောသည့် လုပ်ငန်းဆိုသည်ကို မေးသည်။

မှောင်ခိုလုပ်ငန်းပေါ့ဗျ။ မြို့တံခါးတွေမှာ အစောင့်ကျတဲ့ လူတွေကို ဖြတ်ပြီး ပစ္စည်းခိုးသွင်းတဲ့ အလုပ်ပေါ့။ ငွေတော့ သိပ်ရတဲ့ အလုပ်ပဲဗျ”

ရမ်းဘားက “ဪ၊ ဒီလိုကိုး” ဟု ဆိုကာ ခေတ္တမျှ ရပ်ထားလိုက်ပြီးမှ တရားရုံးမှာတော့ သူ့မိတ်ဆွေတွေ ရှိမှာပေါ့နော်" ဟု မေးလိုက်သည်။

"သိပ်ရှိတာပေါ့ဗျာ”

ညနေဘက်တွင် နေကာရွက်ဖျင်အမိုးကို လိပ်၍ တင်လိုက်သည်။

ကြက်တူရွေးကလည်း လှောင်ချိုင့်ထဲမှနေ၍ တဂီဂီအော်သည်။ စားပွဲကလေးများ၏ ပတ်လည်တွင်လည်း ရှပ်အင်္ကျီမျှသာ ဝတ်ထားသည့် လူများဖြင့် ဝိုင်းလျက်ရှိ၏။ ကော့တတ် ဝင်သွားသောအခါ ရှပ်အင်္ကျီလည်ပင်းဖွင့်လျက် အတွင်းမှ အသားနီပေါ်နေပြီး မြက်ဦးထုပ်ကို နောက်သို့ လှန်ဆောင်းထားသော လူတစ်ယောက် ထိုင်ရာမှ ထလိုက်၏။ သူ၏မျက်နှာမှာ နေလောင်၍ ညိုနေပြီး ပုံပန်းကျသည်။ မျက်လုံးနက်ကလေးများနှင့် အလွန်ဖြူးဖွေးသော သွားများ ရှိသည်။ သူ၏လက်ချောင်းများတွင် လက်စွပ် နှစ်ကွင်းသုံးကွင်း ဝတ်ထားသည်။ အသက် သုံးဆယ်ခန့်ရှိမည် ထင်ရ၏။

သူက ရမ်းဘားအား ဂရုမထားဘဲ၊ ကော့တတ်အား ရွှင်လန်းစွာ နှုတ်ဆက်လိုက်ပြီး “လာဗျာ။ ဘား သွားသောက်ရအောင်” ဟု ဆိုသည်။

သူတို့သည် စကားမပြောဘဲ သုံးခွက်စီသောက်ကြ၏။

ထို့နောက် ဂါရှာက “လမ်းလျှောက်မလား” ဟု ဆိုသည်။

သူတို့ ဆိပ်ကမ်းဘက်ဆီသို့ လျှောက်ခဲ့ကြ၏။ ဂါရှာက သူ ဘာလုပ်ပေးရမလဲဟု မေးသည်။ ကော့တတ်က သူ့မိတ်ဆွေ မွန်ဆီယာရမ်းဘားအား မိတ်ဆက်ပေးချင်သည်မှာ အရောင်းအဝယ်အတွက် မဟုတ်။ ပြေးဖို့ကိစ္စသာဖြစ်ကြောင်း ရှင်းပြသည်။ ဂါရှာသည် စီးကရက်ကိုဖွာလျက် ရေ့တည့်တည့်သို့သာ ဆက်လျှောက်သွားသည်။ မေးခွန်း အနည်းငယ်မေးသည်။ ရမ်းဘား သူ့အနီးတွင်ရှိသည်ကို သတိမထားမိသလို

“သူက ဘာဖြစ်လို့ သွားချင်တာလဲ”

“သူ့မိန်းမက ပြင်သစ်မှာလေ”

“ဪ” ဟု ဆိုကာ၊ ခဏမျှရပ်ထားပြီးမှ “သူ့အလုပ်က ဘာလဲ” ဟု မေးပြန်သည်။

“သူက သတင်းစာဆရာ”

“အခုလည်း သတင်းစာဆရာပဲလား။ သတင်းစာဆရာဆို သိပ် စကားများတယ်နော်"

သူတို့သည် ယခုအခါ သံဝင်းတားများ ခတ်ထားလိုက်ပြီဖြစ်သော ဆိပ်ခံဘောများအနီးသို့ ရောက်သည်အထိ တိတ်ဆိတ်စွာ လျှောက်သွားကြသည်။ ထို့နောက် ငါးကြော်နံ့သင်းသည့် ဆိုင်ကလေးတစ်ဆိုင်ထဲသို့ ဝင်သွားကြသည်။

အတန်ကြာမှ ဂါရှာက ဘယ်လိုဖြစ်ဖြစ်လေ။ ဒါကို ကျွန်တော် မတတ်နိုင်ဘူး။

ရိုးလ်ဆီကို သွားရမယ်။ သူ့ကို အတော်ရှာပြီး ဆက်သွယ်ရမယ်။ သိပ်တော့ မလွယ်လှဘူး” ဟု ပြောသည်။

ကော့တတ်က “ဟုတ်လား” ဟု စိတ်ဝင်စားစွာ ဆိုလိုက်ပြီး၊ “သူက အသာလျှိုနေတယ် ထင်တယ်။ ဟုတ်လား” ဟု မေးလိုက်၏။

ဂါရှာက အဖြေမပေး။ ဆိုင်တံခါးဝတွင် သူ ရပ်လိုက်ပြီး ရမ်းဘားအား ပထမဆုံးအကြိမ် ဦးတည်၍ စကားပြောလေသည်။

“သန်ဘက်ခါ ဆယ့်တစ်နာရီမှာ မြို့အထက်ပိုင်းက အကောက်ရုံးတန်းလျားတွေ ထောင့်ကို လာခဲ့” ဟု ဆိုကာ သွားတော့မည်ဟု ဟန်ပြင်ပြီးမှ၊ တစ်ခုခုတွေးမိဟန်ဖြင့် “ငွေတော့ နည်းနည်းကုန်လိမ့်မယ်နော်။ သိလား” ဟု ပြောလိုက်၏၊ သူ ပြောလိုက်ပုံမှာ အေးဆေးငြိမ်သက်လှသည်။

ရမ်းဘားက ခေါင်းညိတ်လိုက်ပြီး “ဒါပေါ့ဗျာ” ဟု ဆိုလိုက်သည်။ အပြန်လမ်းတွင် သတင်းစာဆရာက ကော့တတ်အား ကျေးဇူးတင်ကြောင်း ပြောသည်။

“ဒါတွေ ပြောမနေပါနဲ့ ကိုယ့်လူကြီးရာ။ ခင်ဗျာ့ကို ကူညီရတာကိုပဲ ကျုပ်က ဝမ်းသာလှပါပြီ။ ပြီးတော့ ခင်ဗျားက သတင်းစာဆရာပဲ။ တစ်နေ့နေ့ ခင်ဗျား ကျုပ်အကြောင်း ထည့်ရေးဦးမှာပဲ မဟုတ်လား"

နောက်နှစ်ရက်ခန့်အကြာတွင် ရမ်းဘားနှင့် ကော့တတ်တို့သည် မြို့အထက်ပိုင်းဆီသို့ တက်သော နေပူကျဲကျဲ ကုန်းတက်လမ်းများအတိုင်း တက်ခဲ့ကြလေသည်။ ယခင်က အကောက်ရုံးအရာရှိများ နေသည့် တန်းလျားများကို တစ်စိတ်တစ်ဒေသအားဖြင့် ဆေးရုံအဖြစ် ပြောင်းလဲထားသည်ဖြစ်ရာ အဝင်တံခါးအနီး၌ အချို့က ဧည့်သည်ဝင်ခွင့်များကို ကျပ်တည်းစွာ ပိတ်ပင်ထားပါလျက် ဝင်ခွင့်ကလေးများ ရလိုရငြား အချည်းနှီး စောင့်မျှော်လျက် အချို့ကလည်း နောက်တစ်နာရီကြာလျှင် ဘာမျှ အရာရောက်တော့မည် မဟုတ်သော လူမမာ၏ သတင်းကလေးများ ရလိုရငြား တရစ်သီသီ စောင့်လျက်ရှိကြ၏။ ဤသို့သော အကြောင်းများကြောင့် ထိုနေရာတွင် လူများ စုစုစုစုနှင့် လှုပ်လှုပ်ရွရွ ဖြစ်နေလေ့ရှိသည်။ ဤအကြောင်းကြောင့်ပင် ဂါရှာက ရမ်းဘားနှင့်တွေ့ရန် ဤနေရာသို့ ချိန်းဆိုလိုက်ခြင်း ဖြစ်တန်ရာသည်။

ကော့တတ်က “ခင်ဗျားဘာကြောင့် ဒါလောက် သွားချင်နေရတာလဲဗျ။ ကျုပ်ဖြင့် နားမလည်နိုင်အောင်ပဲ။ တကယ်ပဲဗျ။ ဒီမှာ ဖြစ်နေတာတွေဟာ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းတာ” ဟု ဆိုသည်။

ရမ်းဘားက "ကျုပ်တော့ စိတ်မဝင်စားပေါင်ဗျာ" ဟု ပြန်ပြောလိုက်လေသည်။

"အေးလေ။ ဟုတ်ပါတယ်။ အသက်အန္တရာယ်နဲ့ နီးတယ်ဆိုလည်း ဆိုပါတော့။ ဒါလည်း အဲသလိုတွေးရင် အရင်တုန်းက ယာဉ်အသွားအလာရှုပ်တဲ့ လမ်းကို ဖြတ်ရတာလည်း အဲသလိုပဲ။ အသက်အန္တရာယ်ကတော့ နီးတာပါပဲ"

ထိုအခိုက်မှာပင် ဒေါက်တာရေး၏ကားသည် သူတို့၏ဘေးသို့ ထိုးရပ်လာသည်။ ကားကို တာရိုက မောင်းလာသည်။ ရေးမှာမူ အိပ်ငိုက်လာဟန်တူ၏။ သူက မိတ်ဆက်ပေးရန် ခေါင်းထောင်၍ ထလိုက်သည်။

တာရိုက "ကျွန်တော်တို့ချင်း သိကြပါတယ်ဆရာ။ ကျွန်တော်တို့က တစ်ဟိုတယ်တည်းမှာ နေနေကြတာပဲ" ဟု ပြောလိုက်သည်။ ထို့နောက် သူက ရမ်းဘားအား မြို့လယ်သို့ ပို့ပေးမည်ဟု ပြောလိုက်၏။

"နေပါစေဗျ။ ကျွန်တော်တို့က ဒီမှာ ချိန်းထားတာကလေးတစ်ခု ရှိနေလို့"

ရေးက ရမ်းဘားအား စူးစိုက်ကြည့်နေ၏။

ရမ်းဘားက "ဟုတ်တယ်" ဟု ပြောလိုက်သည်။

ကော့တတ်က အံ့အားသင့်သည့် လေသံဖြင့် "ဘာလဲ။ ဒီအကြောင်း ဆရာဝန်သိသလား" ဟု မေးလိုက်၏။

တာရိုက ကော့တတ်အား သတိပေးသလို တစ်ချက်လှမ်းကြည့်လိုက်ပြီး "တရားသူကြီး လာနေတယ်" ဟု ပြောလိုက်သည်။

ကော့တတ်မျက်နှာထား ပြောင်းသွားသည်။ မွန်ဆီယာအိုသုန်သည် ဌာနခြွေမပျက် သူတို့ဘက်ဆီသို့ ခပ်သွက်သွက် လျှောက်လာနေသည်။ သူတို့အနီးသို့ ရောက်လျှင် ဦးထုပ်ကို ချွတ်လိုက်၏။

တာရိုက သူ့အား နှုတ်ဆက်လိုက်သည်။

ရာဇဝတ်တရားသူကြီးက ကားထဲက လူများအား ပြန်လည်နှုတ်ဆက်လိုက်ပြီး ကားနောက်ကွယ်ဘက် ရောက်နေသော ရမ်းဘားနှင့် ကော့တတ်တို့၏ ဘက်သို့ လှည့်၍ ငြိမ်သက်စွာ ခေါင်းညိတ်ပြသည်။ တာရိုက ကော့တတ်နှင့် သတင်းစာဆရာတို့အား တရားသူကြီးနှင့် မိတ်ဆက်ပေးသည်။ တရားသူကြီးက ကောင်းကင်ဆီသို့ အတန်ကြာ ငေးစိုက်ကြည့်နေလိုက် ပြီးမှ၊ ဤကာလသည် တကယ်ပင် စိတ်ညစ်စရာ ကာလဖြစ်ကြောင်း ပြောလိုက်သည်။

သူက ဆက်လက်၍ "မွန်ဆီယာ တာရို။ ခင်ဗျား ရောဂါကာကွယ်တားဆီးရေး

လုပ်ငန်းတွေ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနေတယ်လို့ ကျုပ် ကြားပါတယ်။ ဒါဟာ ဘယ်လောက် ချီးကျူးစရာကောင်းတယ် ဆိုတာ အထူးပြောဖို့ မလိုဘူးဗျ၊ ဘယ့်နှယ် ဒေါက်တာရေး။ ဒီကူးစက်ရောဂါကြီးက ပိုဆိုးလာဦးမယ်။ ထင်သလား” ဟု ဆိုလိုက်၏။

ရေးက ပိုဆိုးမလာပါစေနှင့်ဟု ဆုတောင်းကြရုံသာ တတ်နိုင်ကြောင်း ပြောသည်။ တရားသူကြီးက “မျှော်လင့်ချက်ကိုတော့ လက်လွှတ်လို့ မဖြစ်ဘူးဗျ။ ဘုရားသခင် စီမံတော်မူရာကို လူသာမန်တို့ သိနိုင်ကောင်းတာ မဟုတ်ဘူး” ဟု ပြောလိုက်၏။

တာရိုက ယခုလက်ရှိ အခြေအနေများကြောင့် သူ့ အလုပ်များ ပိုမိုများပြားလာသလား ဟု မေးသည်။

“မများတဲ့အပြင် နည်းတောင်သွားတယ်။ ပထမအကြိမ် ကျူးလွန်မှုခေါ်တဲ့ ရာဇဝတ်မှုမျိုးကတော့ ရှားသည်ထက် ရှားပါးသွားတယ်။ တကယ် ကျွန်တော် အခုလုပ်နေရတာက အသစ်ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေကို အတော် ထိထိရောက်ရောက် ချိုးဖောက်ထားကြတဲ့ အမှုတွေကိုပဲ စုံစမ်းစစ်ဆေးတဲ့ အလုပ်ချည်းဗျ၊ ရိုးရိုးဥပဒေတွေကိုတော့ ဘယ်တုန်းကမှ အခုလောက် လေးလေးစားစား မရှိခဲ့ကြဖူးဘူး”

“ယှဉ်ကြည့်လိုက်ရင် သူတို့က ကောင်းတယ်ဆိုတာ ပေါ်လာရတော့တာပေါ့” ဟု တာရိုက မှတ်ချက်ချသည်။

ကောင်းကင်ဆီသို့ ငေးကြည့်နေရာမှ လွှဲဖယ်၍ ရနိုင်ဟန် မတူသော ရာဇဝတ်တရားသူကြီးက သူ၏အတွေးကို ရုတ်တရက် ဖြတ်လိုက်သလို အမူအရာဖြင့် တာရိုအား စိုက်ကြည့်လိုက်၏။

“ဒါ ဘာဖြစ်သလဲ။ အရေးကြီးတာက ဥပဒေမဟုတ်ပါဘူး။ ပြစ်ဒဏ်စီရင်မှုပါ။ ဒါဟာ ကျုပ်တို့အားလုံး လက်ခံကြရမယ့်ဟာပါပဲ”

ရာဇဝတ်တရားသူကြီး ထွက်သွား၍ မကြားနိုင်တော့သည့် နေရာသို့ ရောက်သွားမှ ကော့တတ်က “ဒီငနဲကြီးဟာ ရန်သူနံပါတ်တစ်ပဲဗျ” ဟု ဆိုလိုက်သည်။

တာရိုက ကားကို စက်နှိုးလိုက်၏။

မိနစ်အနည်းငယ်ကြာလျှင် ရမ်းဘားနှင့် ကော့တတ်တို့သည် သူတို့ရှိရာသို့ ဂါရာလာနေသည်ကို တွေ့လိုက်ကြရ၏။ မှတ်မိဟန်လက္ခဏာ အလျှင်းမပြဘဲ သူတို့ထံသို့ တည့်တည့်လာကာ နှုတ်ဆက်သည့်သဘောဖြင့် “ခင်ဗျားတို့ စောင့်ကြရလိမ့်မယ်” ဟု ပြောလိုက်သည်။

အများအားဖြင့် မိန်းမများသာဖြစ်သော သူတို့ပတ်လည်က လူအုပ်သည် တိတ်ဆိတ်လျက်ရှိသည်။ လူတိုင်းလိုလိုပင် အထုပ်ကလေးများ ပါလာကြ၏။ ဤအထုပ်ကလေးများကို ဆေးရုံထဲက သူတို့၏ သွေးချင်းသားရင်း လူမမာများထံ တစ်နည်းနည်းရောက်အောင် ပို့နိုင်ကြလိမ့်မည်ဟု ဝိုးတဝါး မျှော်လင့်ချက်ကလေးများ ကလည်း ရှိသည်။ ထိုထက်ရူးသည့် စိတ်ကူးမှာမူ သူတို့၏လူမမာသည် သူတို့ယူလာသည့် အစားအစာများကို စားနိုင်လိမ့်မည်ဟု ထင်နေခြင်းပင် ဖြစ်လေသည်။ တံခါးဝတွင် လက်နက်ကိုင်အစောင့်များက စောင့်ကြပ်လျက်ရှိပြီး မကြာခဏ ဆိုသလိုပင် တန်းလျားခန်းများနှင့် အဝင်ဝရှိ ရင်ပြင်ကွက်လပ်ဆီသို့ ကြောက်မက်ဖွယ် အော်ဟစ်သံတစ်ခု ပြန့်လွင့်ရိုက်ခတ် လာတတ်သည်။ ဤအသံကို ကြားလိုက်ရတိုင်း စိုးရိမ်သော မျက်လုံးများသည် လူနာဆောင်များဆီသို့ လှည့်သွားတတ်ကြလေသည်။

ကျွန်ုပ်တို့၏ လူသုံးယောက်လည်း ဤမြင်ကွင်းကို စောင့်ကြည့်လျက် ရှိစဉ်မှာပင် သူတို့၏နောက်နားမှ လေသံခပ်ပြတ်ပြတ် နှုတ်ဆက်လိုက်သံ ကြားရ၍ လှည့်ကြည့်လိုက်ကြ၏။ ပူရအိုက်ရသည့် အထဲမှာပင် ရိုးလ်သည် ခပ်မှောင်မှောင် ဝတ်စုံကို ပုံကျပန်းကျ ဆင်ထားပြီး အနားလိပ်နှင့် ဦးထုပ်ပျော့ ဆောင်းလာသည်။ သူသည် အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းဖြစ်၍ သူ၏မျက်နှာမှာ ဖြူရော်နေသလိုရှိ၏။ သူသည် နှုတ်ခမ်းကို မပွင့်တပွင့်လှုပ်ကာ ကြည်လင်သွက်လက်စွာ ပြောလိုက်သည်။

“မြို့လယ်ဘက်ကို လျှောက်သွားကြရအောင်လေ။ ဂါရှာ မင်း လိုက်ဖို့မလိုဘူး”

သူတို့ ဆက်လက် လျှောက်လာကြသောအခါ ဂါရှာသည် စီးကရက်တစ်လိပ်ကို မီးညှိရင်း ကျန်ရစ်လေသည်။ ရိုးလ်က ရမ်းဘားနှင့် ကော့တတ်တို့၏ အကြားမှဝင်ကာ ခပ်သွက်သွက်လျှောက်လေသည်။

သူက “အခြေအနေကို ဂါရှာက ပြောထားပြီးပြီ။ ဒါကို ကျုပ်တို့ တတ်နိုင်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ ပြောထားရဦးမယ်။ ခင်ဗျာ့မှာ တစ်သောင်းလောက်တော့ အေးအေးလေး ကုန်မှာပဲ” ဟု ဆိုသည်။

ရမ်းဘားက ဤကမ်းလှမ်းချက်ကို သူ သဘောတူပါသည်ဟု ပြောလိုက်၏။

“နက်ဖြန် သဘော်ကျင်းနားက စပိန်စားသောက်ဆိုင်မှာ ကျုပ်နဲ့ နေ့လယ်စာ လာစားလေ”

ရမ်းဘားက “ကောင်းပြီ” ဟု ဆိုသည်။ ရိုးလ်က လက်ဆွဲနှုတ်ဆက်ရင်း ပထမဆုံးအကြိမ် ပြုံးပြသည်။ သူ ထွက်သွားသောအခါ ကော့တတ်က သူ့မှာ အချိန်းအချက်တစ်ခု ရှိနေ၍ နောက်တစ်ရက် နေ့လယ်စာစားရာသို့ လိုက်နိုင်မည်

မဟုတ်ကြောင်း ပြောသည်။ သို့ရာတွင် ရမ်းဘားကလည်း သူ့ကို လိုမည် မဟုတ်ချေ။

နောက်တစ်ရက် စပိန်စားသောက်ဆိုင်ထဲသို့ ရမ်းဘား ဝင်သွားသောအခါ လူတိုင်းက သူ့ဘက်သို့လှည့်၍ စိုက်ကြည့်ကြသည်။ လမ်းဝါဝါကလေးတစ်ခု၏ အောက်ခပ်နိမ့်နိမ့်ဆီတွင် ရှိသည့် မြေတိုက်ခန်းလိုလို ခပ်မှောင်မှောင် ဆိုင်ကလေးသို့ကား ယောကျ်ားများသာ အလာများပြီး သူတို့၏ မျက်နှာများကို ကြည့်ခြင်းအားဖြင့် စပိန်လူမျိုးများ ဖြစ်ဟန်ရှိသည်ဟု ခန့်မှန်းရ၏။ ရိုးလ်သည် နောက်ပိုင်းခပ်ကျကျ စားပွဲတစ်ခုတွင် ထိုင်လျက်ရှိသည်။ သူက လက်ပြခေါ်လိုက်၍ ရမ်းဘားက သူ့ထံသို့ သွားသည်ကို တွေ့ရသောအခါ အခြားလူများ၏ မျက်နှာပေါ်တွင် သိချင်နေသည့် အမူအရာများ မရှိတော့ဘဲ သူတို့စားစရာများ ဆီသို့သာ ပြန်လှည့်သွားကြတော့သည်။ ရိုးလ်၏ဘေးတွင် ပိန်ရှည်ရှည်၊ မုတ်ဆိတ်ပါးမုန်း မသပ်မရပ် ပခုံးအိုးကျယ်ကျယ်၊ မြင်းမျက်နှာနှင့် လူတစ်ယောက် ရှိသည်။ သူ၏အင်္ကျီလက်များကို လိပ်၍ တင်ထားပြီး အမွေးအမင်များ အုပ်လျက်ရှိသော သူ၏ လက်မောင်းပိန်များကို တွေ့နေရ၏။ ရမ်းဘားနှင့် မိတ်ဆက်ပေးသည်တွင် သူက ဖြည်းညင်းစွာ သုံးကြိမ်ခေါင်းညိတ်၍ပြသည်။ သူ၏အမည်ကိုမူ ပြောမပြဘဲ ရိုးလ်က သူ့အား ရည်ညွှန်း၍ ပြောသောအခါ “ကျုပ်တို့ရဲ့ မိတ်ဆွေကြီး” ဟူ၍သာ ပြောလေ့ရှိလေသည်။

“ဟောဒီက ကျုပ်တို့ရဲ့မိတ်ဆွေကြီးက ခင်ဗျားကို သူ ကူညီနိုင်မယ် ထင်တယ်တဲ့။ သူက” ဟု ပြောနေစဉ်၊ စားပွဲထိုးက ရမ်းဘားအား ဘာစားမလဲ လာမေးနေ၍ ခေတ္တရပ်ထားလိုက်၏။ ပြီးမှ “သူက ခင်ဗျားကို ကျုပ်တို့နဲ့ အပေးအယူလုပ်ထားတဲ့ အစောင့်တချို့နဲ့ မိတ်ဆက်ပေးနိုင်တဲ့ လူနှစ်ယောက်ကို ဆက်သွယ်ပေးပါလိမ့်မယ်။ ဒါပေမယ့် အဲဒါဟာ ခင်ဗျား အလုပ်စလုပ်နိုင်ပြီလို့ မဆိုနိုင်သေးဘူး။ ဘယ်အချိန်ဟာ အကောင်းဆုံးအချိန်အခါ ဖြစ်တယ်ဆိုတာ ဆုံးဖြတ်ဖို့ကတော့ အစောင့်တွေပဲ လွှဲထားရမှာပဲ။ ခင်ဗျားအဖို့ အလွယ်ဆုံးကတော့ သူတို့အထဲကတစ်ယောက်နဲ့ တစ်ည သွားနေဖို့ပဲ။ သူ့အိမ်က မြို့တံခါးနားတင်ပဲ။ အဦးဆုံးကတော့ ဟောဒီက ကျုပ်တို့ရဲ့ မိတ်ဆွေကြီးက ခင်ဗျားကို လိုအပ်တဲ့ အဆက်အသွယ်များ လုပ်ပေးဖို့ပါပဲ။ ပြီးတော့ အားလုံးစီစဉ်လို့ ပြီးတဲ့အခါကျတော့မှ ကုန်ကျစရိတ်များကို သူနဲ့ ရှင်းကြရုံပဲ” ဟု ဆက်၍ ပြောလေသည်။

ဤတွင်လည်း မိတ်ဆွေကြီးသည် စားစရာကို ပါးစပ်ထဲသို့ထည့်ကာ အစားအဝါးမပျက်ဘဲ သူ၏မြင်းခေါင်းကြီးကို ဖြည်းညင်းစွာ ညိတ်၍ပြပြန်သည်။ ထို့နောက်တွင် သူသည် စပိန်သံ ခပ်ဝဲဝဲဖြင့် စကားစ၍ ပြောလေသည်။ သူက သန်ဘက်ခါ နံနက်ရှစ်နာရီတွင် သူ့အား ဘုရားရှိခိုးကျောင်းကြီး၏ ဆင်ဝင်အောက်၌ တွေ့ရန် ပြောလေသည်။

ရမ်းဘားက “နောက်ထပ် နှစ်ရက် စောင့်ရဦးမှာပေါ့လေ” ဟု ဆိုလိုက်သည်။

ရိုးလ်က “ဒါလောက်တော့လည်း မလွယ်ဘူးဗျ။ ဟိုကောင်ကလေးတွေကလည်း အတော်ရှာယူရဦးမှာ” ဟု ပြောသည်။

မြင်းမျက်နှာကြီးကလည်း ထောက်ခံသလို ခေါင်းညိတ်၍ ပြုပြုံးသည်။ ထို့နောက် ဘာအကြောင်း ပြောရမည်ကို စဉ်းစားရင်း အချိန်အတော်ကုန်သွား၏။ မကြာမီပင် ရမ်းဘားက ဤမြင်းမျက်နှာကြီးသည် အတော်စိတ်ထက်သန်သော ဘောလုံးသမားတစ်ယောက် ဖြစ်သည်ကို သိရှိကာ စကားစ ရသွားတော့၏။ ရမ်းဘားကလည်း ဘောလုံးသင်းများ၌ များစွာစိတ်ဝင်စားသူ ဖြစ်သည်။ သူတို့သည် ပြင်သစ်ပြည်မှ ဘောလုံးဗိုလ်လုပွဲများအကြောင်း၊ အင်္ဂလန်ပြည်မှ ပညာသည် ဘောလုံးသင်း၏ ဂုဏ်ရည်များအကြောင်း၊ ပေးပုံပို့ပုံ အချိတ်အဆက် နည်းစနစ်များအကြောင်း ဆွေးနွေးကြသည်။ စားသောက်ပြီးကြသောအခါ မြင်းမျက်နှာကြီးက ကြည်လင်ရွှင်ပျစွာပင် ရမ်းဘားအား “ကိုယ့်လူကြီး” ဟုခေါ်ကာ ဘောလုံးကွင်းထဲတွင် ကစားလို့ အကောင်းဆုံးနေရာမှာ အလယ်တန်း အလယ်နေရာ ဖြစ်ကြောင်း သဘောပေါက်အောင် ပြောပြလျက်ရှိ၏။ “ဒီမှာ ကိုယ့်လူကြီးရ။ အလယ်တန်း အလယ်လူကမှ အပေးအပို့ တကယ် လုပ်လို့ရတာဗျ။ အဲဒါက ဘောလုံးပညာမှာ အဓိကပဲ ဟုတ်ဘူးလားဗျာ” ဟုဆိုသည်။ ရမ်းဘားမှာ သူကိုယ်တိုင်က ရှေ့တန်း အလယ်နေရာက ကစားခဲ့သူ ဖြစ်သော်လည်း ထိုလူ ပြောသည်ကို သဘောတူချင်သလိုလို ဖြစ်လာ၏။ ဤသို့ စကားကောင်းလျက်ရှိကြစဉ် ရေဒီယိုဖွင့်သံ ကြားလိုက်ကြရ၏။ အစတွင် အချစ်အလွမ်းသီချင်းများ တစ်ပုဒ်ပြီးတစ်ပုဒ် လာနေပြီးမှ ရုတ်တရက် လွန်ခဲ့သည့်နေ့က ပလိပ်ကပ်ရောဂါဖြင့် လူတစ်ရာ့သုံးဆယ့်ခုနစ်ယောက် သေဆုံးသည်ကို ကြေညာလေသည်။ မည်သူမျှ စိတ်လှုပ်ရှားဟန် မပြကြ။ မြင်းမျက်နှာကြီးသည် ဆတ်ခနဲပခုံးချီလိုက်ကာ ထိုင်ရာမှထလေသည်။ ရှမ်းဘားနှင့် ရိုးလ်တို့လည်း လိုက်၍ ထကြလေသည်။

အပြင်ဘက်သို့အထွက်တွင် မြင်းမျက်နှာကြီးက ရမ်းဘားအား လက်ဆွဲ၍ အားရပါးရ နှုတ်ဆက်လိုက်ပြီး ကျွန်တော့်နာမည်က ဂုန်ဇာလီပါဟု ပြောလေသည်။

ရမ်းဘားအဖို့ နောက်နှစ်ရက်သည် ကုန်ခဲလှပေသည်။ သူသည် ဒေါက်တာရေးထံသို့ဝင်၍ နောက်ဆုံး အခြေအနေများကို ပြောပြရင်း တစ်ခါတွင်တော့ ဆရာဝန်နှင့်အတူ လိုက်သွားသည်။ ပလိပ်ရောဂါဖြစ်သည်ဟု ထင်ရသော လူနာတစ်ဦး၏ အိမ်အဝင်တွင် ရမ်းဘားက ဆရာဝန်အား နှုတ်ဆက်၍ ပြန်သည်။ မပြန်မီ အဝင်ခန်းမဆီက မိသားစုစကားပြောသံများ ကြားရသည်။ ဆရာဝန် လာမည်ကို သူတို့ သိနေကြသည်။

ရေးက “တာရို အချိန်မီ ရောက်လာကောင်းပါရဲ့” ဟု ဆိုသည်။ သူ့မှာ ပန်းနွမ်းနယ်နေဟန် တူလေသည်။

"ဒီကူးစက်ရောဂါကြီးကို မနိုင်တော့ဘူးလား ဆရာ" ဟု ရမ်းဘားက မေးလိုက်သည်။

ရေးက ဤသို့လည်း မဟုတ်သေးကြောင်း၊ သေစာရင်း အတက်အကျပြသည့် မျဉ်းလည်း ထောင်တက်သည့် လက္ခဏာ မရှိတော့ကြောင်း၊ သူတို့တွင် ရောဂါကို ရင်ဆိုင်တိုက်ခိုက်ရန် အင်အားမလုံလောက်သော ကြောင့်သာ ခက်နေရကြောင်း ပြောပြသည်။

"ကျွန်တော်တို့မှာ လက်နက်ကိရိယာ မလုံလောက်ဘူးဗျာ။ ကမ္ဘာပေါ်မှာရှိသမျှ တိုက်ဖျက်ရေးတပ်တွေမှာ လက်နက်ကိရိယာ မလုံလောက်တာကို လူအင်အားနဲ့ မဲတင်းပေးကြရတယ်။ ဒါပေမယ့် ကျုပ်တို့မှာ အခု လူအင်အားကလည်း မလုံလောက်ဘူးဗျ"

"တခြားမြို့တွေက ဆရာဝန်တွေ သင်တန်းဆင်းအကူတွေ ပို့မပေးဘူးလား"

ရေးက "ပို့တယ်။ ဆရာဝန်ဆယ်ယောက်နဲ့ အကူတစ်ရာ။ အတော်တော့ များပုံရပါတယ်။ တကယ်ပါပဲ။ ဒါပေမယ့် အခု လက်ရှိအခြေအနေကို ရင်ဆိုင်ဖို့ဆိုရင် တယ်တောင် မလုံလောက်ချင်ဘူး။ အခြေအနေ ဒီထက်ဆိုးလာရင် လောက်တော့မှာ မဟုတ်ဘူး"

အိမ်ထဲကအသံများကို နားထောင်နေသော ရမ်းဘားက ဒေါက်တာရေး၏ဘက်သို့ လှည့်ကာ ဖော်ရွေစွာ ပြုံးပြလိုက်၏။

သူက "ဟုတ်တယ် ဆရာ" ဟု ဆိုကာ၊ "ဆရာ့တိုက်ပွဲကို နိုင်အောင် မြန်မြန်တိုက်ရင် ကောင်းမယ်ဆရာ" ဟု ပြောလိုက်ပြီး၊ မျက်နှာတစ်ချက်ညိုသွားလျက် ခပ်တိုးတိုးလေသံဖြင့် "ဆရာရယ် ကျွန်တော်သွားချင်တာက ဒါကြောင့်တော့ မဟုတ်ပါဘူး" ဟု ပြောလိုက်သည်။

ရေးက သူ ကောင်းစွာသိပါသည်ဟု ဆိုသည်။ သို့သော် ရမ်းဘားက ဆက်ပြောသည်။ "ကျွန်တော့်ကိုယ် ကျွန်တော်တော့ ဘယ်လိုပဲဖြစ်ဖြစ် သတ္တိကြောင်တတ်တဲ့ လူရယ်လို့တော့ မထင်ပါဘူးဆရာ။ ဒါကို စမ်းသပ်ဖို့ အခါအခွင့်လည်း ကြုံခဲ့ဖူးပါတယ်။ ကျွန်တော် နည်းနည်းမှ သည်းမခံနိုင်တဲ့ အတွေးကလေးတွေ ရှိနေလို့သာပါ"

ဆရာဝန်က သူ့အား စေ့စေ့ကြည့်ကာ "ခင်ဗျာ့အမျိုးသမီးကို ခင်ဗျား ပြန်တွေ့ရမှာပါလေ" ဟု ပြောလိုက်၏။

"တွေ့ရရင်လည်း တွေ့ရမှာပေါ့ ဆရာ။ ဒါပေမယ့် ကျွန်တော်က ဒီလိုပဲ ဆက်ဆက် ကြာသွားပြီး သူကလည်း တဖြည်းဖြည်း အသက်ကြီးသွားမယ် ဆိုတဲ့

အတွေးကို ကျွန်တော် သည်းမခံနိုင်ဘူး ဆရာရယ်။ အသက်သုံးဆယ်ဆိုရင် အိုစပြုပြီ ဆရာရဲ့။ ဘဝမှာ ရနိုင်သမျှ ဟာကလေးတွေကို ညှစ်ထုတ်ပြီး ယူနေရပြီလေ။ ဒါပေမယ့် ဆရာ နားလည်နိုင်ပါ့မလားတော့ မသိဘူး"

ရေးက သူ နားလည်နိုင်သည် ထင်ပါသည်ဟု ပြန်ပြောစဉ်တွင် တာရို ရောက်လာလေသည်။ သူသည် သိသိသာသာ စိတ်လှုပ်ရှားလျက် ရှိလေသည်။

"ကျွန်တော် အခုပဲ ပနယ်လိုကို ကျွန်တော်တို့နဲ့ ဝင်လုပ်ဖို့ ပြောခဲ့တယ် ဆရာ"

"အင်း၊ အဲဒီတော့"

"သူက စဉ်းစားပြီးတော့ လုပ်မယ်လို့ ပြောလိုက်တယ်"

ဆရာဝန်က "ကောင်းတယ်။ သူဟာ သူဟောတဲ့ တရားထက် ကောင်းတယ် ဆိုတာသိရလို့ ဝမ်းသာတယ်ဗျာ" ဟု ဆိုလိုက်၏။

တာရိုက "လူတွေဟာ အများအားဖြင့် ဒီလိုပဲဆရာရဲ့။ သူတို့ကို အခါအခွင့် ပေးဖို့ပဲ လိုတာပဲ" ဟု ပြောကာ ရေးအား ပြုံးကြည့်ရင်း မျက်ရိပ်ပြလျက် "ကျွန်တော့်ဘဝမှာ အလုပ်က ဒါပဲ။ လူတွေကို အခါအခွင့်ပေးဖို့" ဟု ဆိုလိုက်လေ၏။

ရမ်းဘားက "ကျွန်တော့်ကို ခွင့်ပြုဆရာ။ ကျွန်တော် သွားစရာကလေး ရှိသေးတယ်" ဟု ပြောလိုက်သည်။

ချိန်းထားသည့် ကြာသပတေးနေ့ နံနက် ရှစ်နာရီထိုးရန် ငါးမိနစ်အလိုတွင် ရမ်းဘားသည် ဘုရားရှိခိုးကျောင်း ဆင်ဝင်ဆီသို့ ဝင်ခဲ့သည်။ လေမှာ အေးလျက်ပင် ရှိသေးသည်။ နေပူရှိန်တက်လာလျှင် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားမည့် တိမ်တိုက်ကလေးများသည် ကောင်းကင်ကိုဖြတ်၍ တရွေ့ရွေ့ မျောလျက်ရှိကြ၏။ မြက်ခင်းများမှာ ခြောက်သွေ့၍ နေကြပြီဖြစ်သော်လည်း ယင်းတို့ထံမှ စိုထိုင်းထိုင်း အနံ့ကလေးမျိုး ခပ်မျှင်းမျှင်း တက်လာသည်။ အရှေ့ဘက်မှအိမ်များ ကွယ်လျက်ပင် ရှိသေးသော်လည်း နေရောင်ခြည်သည် ဂျုန်းအော့ဖ်အာ့ခ်ရုပ်တု၏ သံခမောက်ကိုသာ အပူရှိန်ပေးလျက်ရှိသည်။ ဘုရားရှိခိုး ကျောင်းပရဝုဏ် တစ်ဝိုက်၌လည်း ဤတစ်ကွက်သာ လင်းလျက်ရှိသည်။ တစ်နေရာမှ နာရီရှစ်ချက်တီးသံ ကြားရ၏။ လူသူကင်းနေသော ဆင်ဝင်ဆီသို့ လှေကား တစ်ထစ်နှစ်ထစ် တက်လိုက်၏။ အတွင်းဘက်ဆီမှ ခပ်အောက်အောက် အမွှေးတိုင်အနံ့နှင့်အတူ ခပ်တိုးတိုး ဓမ္မတေးသံသည် စိုထိုင်းသောလေထဲတွင် လွင့်၍ ပါလာသည်။ ထို့နောက် အသံများ တိတ်သွားသည်။ မည်းနက်နက်သဏ္ဌာန် ဆယ်ခုသည် အဆောက်အဦထဲမှ ထွက်လာကာ မြို့လယ်ဘက်ဆီသို့ ခပ်သုတ်သုတ် ထွက်သွားကြသည်။ ရမ်းဘားသည် စိတ်မရှည်သလို ဖြစ်လာ၏။ အခြား အနက်ဝတ် သဏ္ဌာန်တို့သည်

လှေကားထစ်များအတိုင်း တက်ကာ ဆင်ဝင်အဆောင်ဆီသို့ ဝင်သွားကြသည်။ သူသည် စီးကရက်တစ်လိပ်ကို မီးညှိမည်ပြုပြီးမှ ဤနေရာတွင် ဆေးလိပ်သောက်ခြင်းကို ကြိုက်ကြမည် မဟုတ်သည်ကို သတိရသည်။

ရှစ်နာရီဆယ့်ငါးမိနစ်တွင် လေမှုတ်စန္ဒယားသံ ညင်ညင်သာသာ ပေါ်လာသည်။ ရမ်းဘားသည် အထဲသို့ဝင်ခဲ့၏။ ပထမတွင် ခန်းမအလယ်လမ်း၏ မှုန်ဝါးဝါး အလင်းရောင်တွင် ဘာကိုမှ မမြင်ရ။ အတန်ငယ်ကြာမှ သူ့ရှေ့ကသွားသော မည်းနက်နက်သဏ္ဌာန်များကို အလယ်ဆောင်တွင် မြင်ရသည်။ သူတို့သည် ဤ အရပ်သားပန်းပုဆရာ တစ်ယောက်က အလျင်အမြန် ခါတော်မီ ထုလုပ်ထားသော ကပ်သင့်သူတော်စင် စိန်ရိုခ်၏ ရုပ်တုအောက်က ယဇ်ပလ္လင်ရှေ့ ထောင့်တစ်ထောင့်တွင် စုနေကြသည်။ ဒူးထောက်နေကြသဖြင့် ယခင်ကထက်ပင် သေးငယ်နေပုံရပြီး မီးခိုးရောင် အမှောင်ထုဝယ် မည်းနက်သော အစက်ကလေးများ ပေါ်လောမျောနေသကဲ့သို့ ရှိလေ၏။ သူတို့၏ အထက်ဆီမှ လေမှုတ်စန္ဒယားကလည်း တေးတစ်မျိုးပြီးတစ်မျိုး ဆက်တိုက်မြည်လျက်ရှိ၏။

ရမ်းဘား ဘုရားရှိခိုးကျောင်းထဲမှ ထွက်လာသောအခါ ဂုန်ဇာလီသည် မြို့ဘက်ဆီသို့ ပြန်သွားရန် လှေကားများမှ ဆင်းနေသည်ကို တွေ့လိုက်ရသည်။

သူက “နောက်ကျနေပုံထောက်တော့ ကိုယ့်လူကြီး ပြန်သွားပြီလို့တောင် အောက်မေ့နေတာ” ဟု ရမ်းဘားအား ပြောလေသည်။

ထို့နောက် သူက ဆက်လက်၍ သူ့မိတ်ဆွေများကို တွေ့ရန် အနီးအနားရှိ ချိန်းဆိုသည့်နေရာသို့ သူ ရှစ်နာရီထိုးရန် ဆယ်မိနစ်အလိုတွင် သွားခဲ့ကြောင်း၊ မိနစ်နှစ်ဆယ်မျှကြာအောင် စောင့်ပါသော်လည်း သူတို့ကို မတွေ့ခဲ့ရကြောင်း ရှင်းလင်းပြောပြသည်။

“တစ်ခုခုတော့ ဖြစ်နေလို့ပဲဗျ။ သိလား။ ကျုပ်တို့အလုပ်မျိုးက အနှောင့်အယှက်တွေ သိပ်များတယ်ဗျ”

သူက နောက်တစ်နေ့ ဤအချိန် စစ်အထိမ်းအမှတ် ကျောက်တိုင်ဘေးတွင် ထပ်မံတွေ့ဆုံရန် အကြံပြုသည်။ ရမ်းဘားက သက်ပြင်းချကာ သူ၏ဦးထုပ်ကို နောက်သို့လှန်၍ တွန်းလိုက်၏။

ဂုန်ဇာလီက ရယ်ရယ်မောမောပင် “သိပ်လည်း စိတ်မပျက်ပါနဲ့ဗျာ။ ဘောလုံးကစားရာမှာ ဂိုးတစ်ဂိုး သွင်းဖို့အရေး ဘယ်လောက် တိမ်းရှောင်ရ ပေးရပို့ရ သလဲဆိုတာ စဉ်းစားကြည့်ပေါ့” ဟု ပြောသည်။

ရမ်းဘားက “ဒါတော့ ဒါပေါ့ဗျ။ ဒါပေမယ့် ဘောလုံးကစားတာက တစ်နာရီခွဲပဲ

ကြာတယ်ဗျ” ဆိုလိုက်၏။

အိုရန်မြို့၏ စစ်အထိမ်းအမှတ် ကျောက်တိုင်ကား ပင်လယ်ဆီသို့ တစေ့တစောင်း လှမ်းမြင်ရသည့် နေရာတွင်ရှိပြီး၊ ဆိပ်ကမ်းဘက်သို့ မိုး၍မြင်နေရသော ကမ်းနဖူးတစ်လျှောက် အတော်ဝေးဝေးအထိ လိုက်၍ကာထားသော ရင်တားနှင့် ကမ်းဦးစကြိုကဲ့သို့ ဖြစ်လေသည်။ နောက်တစ်ရက်တွင်လည်း ချိန်းထားသည့်နေရာသို့ သူပင် အရင်ရောက်ရှိခဲ့ပြီး ရမ်းဘားလည်း တိုင်းပြည်အတွက် အသက်စွန့်သွားကြသော သူများ၏ စာရင်းကိုဖတ်ရင်း အချိန်ကို ကုန်လွန်စေရလေ၏။ မိနစ်အနည်းငယ် အကြာတွင် လူနှစ်ယောက် တက်လာကာ သူ့အား တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီး ကမ်းဦးစကြိုရင်တားပေါ်တွင် တတောင်ထောက်လျက် ဘာမျှလူပ်ရှားမှု မရှိတော့သော သင်္ဘောဆိပ်ဘက်ဆီသို့ ငေးစိုက်ကြည့်နေ ကြလေသည်။ နှစ်ယောက်စလုံးပင် ဂျာစီအင်္ကျီလက်တိုနှင့် ဘောင်းဘီ အပြာဝတ်ထားပြီး အရပ်မောင်း အတူတူလောက်ပင် ရှိကြ၏။ သတင်းစာဆရာလည်း ထိုနေရာမှရွှေ့ကာ ကျောက်တုံးထိုင်ခုံကလေး တစ်ခုပေါ်တွင် ထိုင်ရင်း ထိုလူနှစ်ယောက်အား အေးအေးဆေးဆေး အကဲခတ်၍ နေလေ၏။ သူတို့သည် အမြင်အားဖြင့် အသက်နှစ်ဆယ် မကျော်သော လူငယ်ကလေးများ ဖြစ်ကြသည်။ ထိုအခိုက်မှာပင် သူသည် ဂုန်ဇာလီလာနေသည်ကို မြင်လိုက်ရ၏။

သူက နောက်ကျသည့်အတွက် တောင်းပန်ပြီးသောအခါ “အဲဒါ ကျုပ်တို့ မိတ်ဆွေတွေပေါ့” ဟု ပြောသည်။ ထို့နောက် သူက ရမ်းဘားအား ထိုလူနှစ်ယောက်ထံသို့ ခေါ်သွားကာ တစ်ယောက်က မာဆယ်၊ ကျန်တစ်ယောက်က လူဝီ ဟု မိတ်ဆက်ပေး၏။ သူတို့နှစ်ယောက်မှာ ရုပ်ချင်း အလွန်တူကြသောကြောင့် အမွှာညီအစ်ကို ဖြစ်သည်ကို ရမ်းဘားက သံသယမရှိ။

ဂုန်ဇာလီက “ကောင်းပြီလေ။ ခင်ဗျားတို့ အချင်းချင်း သိကြပြီပဲ။ အလုပ်ကိစ္စ ပြောကြတာပေါ့” ဟု ပြောလိုက်၏။

မာဆယ် သို့မဟုတ် လူဝီက သူတို့ အစောင့်တာဝန်အလှည့်သည် နှစ်ရက်နေလျှင် ကျတော့မည်၊ တစ်ပတ်ခန့်ကြာမည် ဟု ပြောသည်။ သူတို့သည် အလုပ်ကိစ္စ ပြီးမြောက်အောင် ဆောင်ရွက်ရန်အတွက် အကောင်းဆုံး အခါအခွင့်သင့်သည့် ညကို စောင့်ကြရမည် ဖြစ်ကြောင်း၊ အနောက်ဘက်တံခါးတွင် စစ်မှုထမ်းထဲမှ ဖြစ်သော အခြားအစောင့်နှစ်ယောက်လည်း ရှိသေး၍ ခက်နေကြောင်း၊ သူတို့အား စိတ်မချရ၍ ဤကိစ္စကို အသိပေး၍ မဖြစ်ကြောင်း၊ ထို့အပြင် ကုန်ကျစရိတ်လည်း မလိုအပ်ဘဲ ပိုမိုလာမည် စိုးရကြောင်း၊ သို့ရာတွင် အချို့သော ညများ၌ ဤစစ်သား အစောင့်နှစ်ယောက်သည် အနီးအနားရှိ အရက်ဆိုင် နောက်ဖေးခန်းထဲတွင် အတော်ကြာအောင် နေလေ့ရှိကြကြောင်း ပြောပြသည်။

မာဆယ် သို့မဟုတ် လူဝီက အကောင်းဆုံးမှာ မြို့တံခါးမှ မိနစ်အနည်းငယ် လျှောက်လျှင် ရောက်သော သူတို့၏အိမ်တွင်နေကာ သူတို့အထဲမှ တစ်ယောက်ယောက်က အန္တရာယ်ကင်းရှင်းပြီ ဟု လာပြောသည့်အထိ စောင့်နေဖို့ပင်ဖြစ်သည် ဟု ပြောသည်။ ထိုအခါတွင် သူ့အဖို့ ထွက်ပြေးရန် လွယ်မည်ဟုလည်း ဆိုသည်။ သို့ရာတွင် နောက်ကျနေ၍လည်း မဖြစ်ကြောင်း၊ မြို့ပြင် တစ်နေရာတွင် အစောင့်တစ်ထပ် ထပ်မံချထားဦးမည် ဟုလည်း ပြောသံကြားရကြောင်း ပြောပြပြန်သည်။

ရမ်းဘားက သဘောတူလိုက်ပြီး သူ၏ စီးကရက်လက်ကျန် အနည်းငယ်မှ အချို့ကို လူငယ်ကလေးများအား လှမ်းပေးလိုက်သည်။ ထိုအချိန်အထိ စကားမပြောဘဲ နေခဲ့သူက ဂုန်ဇာလီအား ငွေကြေးကိစ္စ ပြောပြီးပြီလား၊ စရံငွေ ပေးမည်လားဟု မေးသည်။

ဂုန်ဇာလီက “မပေးဘူး။ ဒါအတွက် ပူစရာမလိုပါဘူး။ သူက ကျုပ်မိတ်ဆွေကြီးပါ။ ထွက်တဲ့အခါ ပေးခဲ့ပါလိမ့်မယ်” ဟု ပြောသည်။

နောက်တစ်ကြိမ် တွေ့ဆုံရန်စီစဉ်ကြသည်။ ဂုန်ဇာလီက “သန်ဘက်ခါ စပိန်စားသောက်ဆိုင်တွင် သူတို့ အတူတကွ ညနေစာ စားကြမည်” ဟု အကြံပြုသည်။ လူငယ်ကလေးများနေသည့် နေရာမှလည်း လမ်းလျှောက်လာရန် အဆင်သင့်သည်။ “ပထမညတော့ ခင်ဗျားအဖော်ရအောင် ကျုပ် လာနေပေးပါ့မယ် ကိုယ့်လူကြီးရာ” ဟုလည်း ထပ်ပြောသည်။

နောက်တစ်ရက် ရမ်းဘား သူ့အိပ်ခန်းသို့အတက်တွင် ဟိုတယ်လှေကားမှ ဆင်းလာသော တာရိုကို တွေ့လေသည်။

သူက “ကျွန်တော်နဲ့ လိုက်ခဲ့ပါလားဗျ။ ကျွန်တော် ဒေါက်တာရေးကို သွားတွေ့မလို့” ဟု ပြောသည်။

ရမ်းဘားက ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။

“အေးဗျာ။ သူ့မှာများ အနှောင့်အယှက် ဖြစ်နေမလား မပြောတတ်ဘူး” “ဒါအတွက်တော့ စိုးရိမ်စရာ မရှိပါဘူး ထင်ပါတယ်။ သူ ခင်ဗျားအကြောင်း အတော်ပြောတာပဲ”

သတင်းစာဆရာက စဉ်းစားနေ၏။ အတန်ကြာမှ “ဒီမှာ ညနေစာစားပြီး အချိန်ပိုကလေးများ ရကြရင် ဘယ်လောက် မိုးချုပ်ချုပ်ပေါ့ဗျာ။ ကျွန်တော့်ဟိုတယ်ကို ခင်ဗျားတို့နှစ်ယောက်စလုံး လာပြီး တစ်ခုခု သောက်ကြပါလားဗျာ” ဟု ဖိတ်ခေါ်လိုက်သည်။

တာရိုက မသေချာသည့်လေသံဖြင့် "ဒါကတော့ ရေးအပေါ်မှာ တည်တာပဲ။ ပြီးတော့ ပလိပ်ရောဂါ အပေါ်မှာလည်း တည်တာပေါ့" ဟု ပြောလိုက်၏။

သို့ရာတွင် ထိုည ဆယ့်တစ်နာရီ၌ ရေးနှင့်တာရိုတို့သည် ဟိုတယ်၏ အရက်ခန်းကျဉ်းကလေးထဲသို့ ဝင်လာကြသည်။ ထိုအခန်းထဲ၌ လူပေါင်း သုံးဆယ်ခန့်ရှိပြီး အားလုံး ကျယ်လောင်စွာ စကားပြောလျက် ရှိကြ၏။ ပလိပ်ရောဂါ ဖိစီးလျက် တိတ်ဆိတ်နေသောအပိုင်းမှ လာသူနှစ်ယောက်မှာ ရုတ်တရက် ဆူဆူညံညံအသံကြောင့် လန့်ဖျတ်သွားကြပြီး တံခါးဝတွင် တန့်ခနဲ ရပ်သွားကြ၏။ ဤနေရာ၌ အရက်များ ရနိုင်သေးသည်ကိုမြင်မှ ဘာကြောင့် ဤသို့ ဆူညံနေရသည်ကို နားလည်ကြလေသည်။ အရက်ခန်း ထောင့်တစ်ထောင့်တွင် ခုံမြင့်တစ်ခုဖြင့် ထိုင်နေသော ရမ်းဘားက သူတို့အား လက်ပြ၍ ခေါ်လိုက်သည်။ သူ့ဘေးရှိ ဆူဆူညံညံ လုပ်နေသော လူတစ်ယောက်အား ခပ်အေးအေးပင် ဘေးသို့ တွန်းဖယ်လိုက်ပြီး သူ့မိတ်ဆွေ နှစ်ယောက်အတွက် နေရာလုပ်ပေးသည်။

"ခပ်ပြင်းပြင်းကလေး သောက်ဖို့ ကန့်ကွက်စရာ မရှိကြဘူး မဟုတ်လား"

တာရိုက "မရှိပါဘူးဗျာ။ သောက်လည်း သောက်ချင်ပါတယ်" ဟု ပြန်ဖြေသည်။

ရေးသည် ရမ်းဘားက သူ့အား လှမ်းပေးလိုက်သော အရက်ခွက်ထဲမှ စူးစူးဝါးဝါး ဆေးခါးမြစ်နံ့များကို နမ်းကြည့်လိုက်သည်။ စကားပြောသံတွေ ဆူညံနေသည့် အကြားတွင် တစ်ယောက်နှင့်တစ်ယောက် ကြားအောင်ပြောဖို့ ခက်သည်။ သို့သော် ရမ်းဘားမှာ အရက်ကိုသာ အာရုံစိုက်၍ သောက်လျက်ရှိသည်။ ဆရာဝန်မှာ သူ မူးနေပြီလား မမူးသေးဘူးလား ဆိုသည်ကိုပင် မဆုံးဖြတ်နိုင်အောင် ရှိ၏။ အရက်ကောင်တာ အပိုက်မှတစ်ပါး ကျန်သည့်နေရာရှိ စားပွဲနှစ်လုံးအနက် တစ်လုံး၌ မိန်းကလေး တစ်ဖက်တစ်ယောက်နှင့် ထိုင်နေသော ရေတပ်ဗိုလ်တစ်ယောက်က မျက်နှာနီနီနှင့် ဝဝတုတ်တုတ် လူတစ်ယောက်အား ကိုင်ရိုမြို့တွင် ဖြစ်ပွားသော အူရောင်ငန်းဖျား ကူးစက်ရောဂါအကြောင်းကို ပြောပြလျက်ရှိ၏။ "တိုင်းရင်းသားတွေအတွက် စခန်းတွေနဲ့ လူမမာတွေအတွက် တဲတွေထိုးပြီး ပတ်ပတ်လည်မှာ အစောင့်တွေ ချထားတယ်ဗျ။ မိသားစုမှာ တစ်ယောက်ယောက်က သူတို့ရဲ့ ရှုးရှူးနှမ်းနှမ်း တိုင်းရင်းဆေးတွေ ခိုးသွင်းဖို့ ကြိုးစားလာတယ် ဆိုရင် မြင်တာနဲ့ ပစ်ထည့်လိုက်တာပဲ"။ အခြားစားပွဲတစ်ခုတွင် ရွှင်လန်းသော လူငယ်တစ်စု ထိုင်နေကြပြီး၊ သူတို့၏ အထက်စရှိ အသံချဲ့စက်မှ စိန့်ဂျိမ်းဆေးရုံခေါ် နားကလောဘွယ် ဓာတ်ပြားသီချင်းသံများကြောင့် သူတို့ ဘာပြောနေကြသည်

ကို မသိသာအောင် ရှိလေသည်။

“ဘယ်နှယ့် ဟန်ကျရဲ့လား”

ဒေါက်တာရေးက သူ၏အသံကို မြှင့်၍ မေးရသည်။

ရမ်းဘားက “အခြေအနေ ကောင်းပါတယ်။ ဒီအပတ်ထဲလောက် ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်” ဟု ပြန်ဖြေသည်။

တာရိုက “နမြောသဗျာ” ဟု အော်၍ပြောလိုက်၏။

“ဘာဖြစ်လို့လဲဗျ”

ရေးက “အိုဗျာ၊ တာရိုက ခင်ဗျာ့ကို ဒီမှာ အသုံးဝင်လိမ့်မယ် ထင်တယ်လို့ ပြောထားတာရှိတယ်။ ဒါပေမယ့် ခင်ဗျား သိပ်သွားချင်နေတာကို ကျုပ်ကတော့ ကောင်းကောင်း နားလည်ပါတယ်” ဟု ဝင်ပြောလိုက်၏။

နောက်တစ်လှည့် သောက်စရာများကို တာရိုက ဒကာခံသည်။

ရမ်းဘားက သူ့ခုံပေါ်မှဆင်းကာ တာရိုအား မျက်နှာကို ပထမဆုံးအကြိမ် စေ့စေ့ကြည့်လိုက်သည်။

“ကျွန်တော် ဘယ်လို အသုံးဝင်နိုင်မှာလဲဗျ”

တာရိုက သူ၏ဖန်ခွက်ဆီသို့ ဖြည်းညှင်းစွာ လက်လှမ်းရင်းမှ “အိုဗျာ။ ကျုပ်တို့ရဲ့ သန့်ရှင်းရေးအဖွဲ့ တစ်ခုခုထဲမှာပေါ့” ဟု ပြန်ပြောလိုက်သည်။

ရမ်းဘား၌ဖြစ်နေကျ မှုန်တေတေနှင့် ခေါင်းမာသော မျက်နှာထားမျိုး ဖြစ်ပေါ်လာကာ သူ၏ခုံပေါ်သို့ ပြန်တက်ထိုင်လိုက်၏။

တာရိုက သူ၏ဖန်ခွက်ကို တစ်စုပ်မျှ စုပ်လိုက်ပြီး၊ ရမ်းဘားအား စိမ်းစိမ်းစိုက်ကြည့်ကာ “ကျုပ်တို့ရဲ့ အဲဒီတပ်ဖွဲ့တွေ ဘာမှ အကျိုးဖြစ်ထွန်းတယ်လို့ မထင်ဘူးလား” ဟု မေးလိုက်သည်။

သတင်းစာဆရာက “ဖြစ်တယ်ဆိုတာ ကျုပ်သိပါတယ်” ဟု ဆိုကာ သူ၏ဖန်ခွက်ကို မော့ချလိုက်၏။

သူ၏လက်များ တုန်နေသည်ကို ရေးက သတိပြုမိပြီး ဤလူသည် အတော်ပင် အရက်ချိုးစွဲနေပြီဟု အသေအချာ ဆုံးဖြတ်ချက် ချလိုက်လေသည်။

နောက်တစ်ရက် စပိန်စားသောက်ဆိုင် အတွင်းသို့ ရမ်းဘား ဒုတိယအကြိမ် ဝင်ခဲ့သောအခါ သူသည် မျက်နှာစာ ရင်ပြင်ဘက်သို့ ကုလားထိုင်များထုတ်၍ ဝါဝင်းသော နေရောင်၌ ညနေခင်း လေညင်းလေပြေကလေးများ၏ အထိအတွေ့ကို

ဇိမ်နှင့်ခံနေကြသူများ အကြားမှ ဖြတ်၍ ဝင်ခဲ့ရလေသည်။ သူတို့သည် စူးစူးဝါးဝါး အနံ့ထွက်သော ဆေးများကို သောက်ရှူလျက် ရှိကြသည်။ စားသောက်ဆိုင် အတွင်း၌ကား လူမရှိသလောက်ပင် ဖြစ်၏။ ရမ်ဘားသည် သူတို့ ပထမအကြိမ် တွေ့ကြစဉ်က ဂုန်ဇာလီထိုင်ခဲ့သော နောက်ပိုင်းကျကျမှ စားပွဲဆီသို့ လာခဲ့သည်။ သူက စားပွဲထိုး အမျိုးသမီးကလေးအား သူ ခဏစောင့်ဦးမည်ဟု ပြောလိုက်သည်။ ခုနစ်နာရီခွဲပြီ ဖြစ်၏။

အပြင်မှလူများသည် ဆိုင်ထဲသို့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ တဖွဲဖွဲ ဝင်လာကြကာ စားပွဲများ၌ ထိုင်ကြသည်။ စားပွဲထိုးမိန်းကလေးများသည် စားစရာများ လိုက်ချပေးစပြုပြီး မကြာမီပင် မြေတိုက်ခန်းကလေးနှင့် တူသည့် စားသောက်ခန်း တစ်ခုလုံး၌ ခက်ရင်းသံ ဓားသံ စကားပြောသံတို့ဖြင့် ပြည့်လျှံ သွားလေတော့သည်။ ညရှစ်နာရီ ထိုးသောအခါ ရမ်ဘားမှာ စောင့်တုန်းပင် ရှိလေသည်။ မီးများကို ဖွင့်လိုက်၏။ သူ့စားပွဲမှ အခြား ကုလားထိုင်များတွင် လူသစ်တစ်စု ရောက်လာသည်။ သူလည်း ညနေစာ မှာလိုက်၏။ ရှစ်နာရီတွင် သူ စား၍ ပြီးသွားသော်လည်း ဂုန်ဇာလီအား လည်းကောင်း၊ လူငယ်နှစ်ယောက်ကို လည်းကောင်း မတွေ့ရချေ။ စားသောက်ဆိုင်တွင် တဖြည်းဖြည်း လူရှင်းသွားပြီး အပြင်ဘက်တွင် ညအမှောင်သည် တရိပ်ရိပ်ကျလျက် ရှိလေ၏။ တံခါးဝတွင် ကာထားသော ခန်းဆီးအဝတ်သည် ပင်လယ်ဘက်မှ တိုက်ခတ်လာသော လေနွေးနွေးတွင် တအိအိလှုပ်လျက် ရှိသည်။ ကိုးနာရီထိုးသောအခါ စားသောက်ဆိုင်မှာ လူ အတော်ရှင်းသွားပြီး စားပွဲထိုး မိန်းကလေးသည် သူ့အား ထူးထူးဆန်းဆန်း ကြည့်နေသည်ကို သိရလေသည်။ သူသည် ပိုက်ဆံရှင်းပေးပြီး အပြင်သို့ ထွက်ခဲ့ရာတွင် လမ်းတစ်ဖက်၌ လက်ဖက်ရည်ဆိုင် ဖွင့်ထားသေးသည်ကို တွေ့ရသဖြင့် စားသောက်ဆိုင်တံခါးဝသို့ လှမ်းမြင်နေရသည့် နေရာတစ်ခုတွင် ဝင်၍ထိုင်လိုက်၏။ ညကိုးနာရီခွဲတွင် သူသည် သူ၏ဟိုတယ်သို့ ဖြည်းဖြည်း လမ်းလျှောက်၍ ပြန်လာရင်း ဂုန်ဇာလီအား လိုက်ရှာရန် လမ်းများကို ဦးနှောက်ခြောက်အောင် စဉ်းစား၍ လာလေသည်။ လိပ်စာ မသိ၊ အစက ပြန်စရတော့မည်မှာ သေချာသလောက် ဖြစ်နေ၍လည်း အကြီးအကျယ် စိတ်ပျက်နေမိလေတော့သည်။

ဒေါက်တာရေးအား သူက နောက်မှပြန်ပြောသည်မှာ လူနာတင်ကားများ အရှိန်နှင့်ပြေးနေသည့် မှောင်နှင့်မည်းမည်း လမ်းများထဲတွင် လျှောက်သွားရင်းမှ သူသည် သူနှင့် သူချစ်သော မိန်းမတို့အား ခြားထားသည့် တံတိုင်းကြီးတွင် အကွဲအပဲကလေးများ ရှိလေမည်လားဟု စိတ်အာရုံစူးစိုက်ကာ ရှာဖွေနေသည့် တစ်ချိန်လုံး သူသည် ထိုမိန်းမအား မေ့လျော့နေခဲ့သည်ကို ရုတ်တရက် သတိပြုလိုက်မိသည် ဆိုသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် သူ လွတ်မြောက်ရန် လမ်းစများအားလုံး ပိတ်ဆို့နေသောအခါ သူ၏အာသာဆန္ဒသည် မီးကဲ့သို့

ထတောက်ကာ ရုတ်တရက် ပြင်းထန်လာသည် ဖြစ်သောကြောင့် သူ့အား အသေးအသားထဲအထိ ထိုးဖောက်ဝင်ရောက်ကာ တောမီးပမာ ပြန့်နှံ့ပူပြင်းလာခဲ့သော ဝေဒနာမှ လွတ်မြောက်အောင် အားထုတ်သည့်အလား သူသည် သူ၏ဟိုတယ်ဆီသို့ အားသွန်၍ ပြေးခဲ့လေတော့သည်။

သို့ရာတွင် နောက်တစ်ရက် နံနက်စောစော၌ သူသည် ကော့တက်အား မည်သည့်နေရာတွင် တွေ့နိုင်မည်ကိုမေးရန် ရေးထံသို့ ရောက်လာခဲ့လေ၏။

"လုပ်ဖို့ရှိတာကတော့ ကြိုးစကို ကျွန်တော် ချထားခဲ့တဲ့နေရာ ပြန်ပြီးကောက်ရုံပဲဗျာ"

ရေးက "နက်ဖြန်ည ခင်ဗျားလာခဲ့ဗျာ။ တာရိုက ကော့တက်ကို ဒီခေါ်လာဖို့ ကျုပ်ကို ပြောထားတယ်။ ဘာကြောင့်လဲတော့ မသိဘူး။ သူက ဆယ်နာရီမှာ ရောက်ဖို့ပဲ။ ခင်ဗျားက ဆယ်နာရီခွဲ လာခဲ့ပေါ့" ဟု ပြောလိုက်သည်။

နောက်တစ်ရက် ဆရာဝန်ထံသို့ ကော့တက်လာသောအခါ ရေးနှင့် တာရိုတို့သည် လုံးဝ မျှော်လင့်ချက်မရှိဘဲ ပျောက်ကင်းချမ်းသာ လာခဲ့သော လူနာတစ်ယောက်အကြောင်း ပြောလျက် ရှိကြလေ၏။

"ရှင်နိုင်စရာလမ်း မရှိသလောက်ပဲဗျာ။ ဒီလူ သိပ်ကံကောင်းတယ်" ဟု တာရိုက မှတ်ချက်ချသည်။

ကော့တတ်က "အိုဗျာ။ ဒါက ပလိပ်ရောဂါမဟုတ်လို့ နေမှာပေါ့။ ဒါပဲပဲ" ဟု ဆိုသည်။

ဆရာဝန်က ပလိပ်ရောဂါဆိုသည်ကို သံသယဖြစ်ဖွယ် မရှိကြောင်း ပြောပြသည်။

"သူ ပြန်ကောင်းလာတယ် ဆိုကတည်းက ဒါဟာ ပလိပ်ရောဂါ မဟုတ်နိုင်ဘူးပေါ့ ဆရာ။ ပလိပ်ဖြစ်တယ်ဆိုရင် သေဖို့ပဲရှိတော့တယ် ဆိုတာကို ဆရာလည်း သိပါတယ်"

ရေးက "အများအားဖြင့်ကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် အရှုံးမပေးဘဲ တိုက်နေရင် မမျှော်လင့်ဘဲနဲ့ ဝမ်းသာစရာကလေးတွေ တွေ့ရတတ်ပါတယ်" ဟု ပြန်ပြောသည်။

ကော့တတ်က ရယ်လေသည်။

"ဘယ်လိုမဆို သိပ်ရှားပါတယ်ဗျာ။ ဒီနေ့ညနေ အသေအပျောက်စာရင်းကို တွေ့တယ်မဟုတ်လား"

ကော့တတ်အား ချိုရွှင်သောမျက်နှာဖြင့် ကြည့်နေသော တာရိုက နောက်ဆုံးကိန်းဂဏန်းများကို လည်းကောင်း၊ အခြေအနေ ဆိုးနေသည်ကို လည်းကောင်း သူ သိပါသည်။ သို့ရာတွင် ထိုကိန်းဂဏန်းများက ဘာကို ထင်ရှားစေသနည်း။ ယခုထက်ပင် ပိုမိုတင်းကျပ်သော စည်းကမ်းဥပဒေများကို သုံးကြရမည် ဆိုသည်သာ ထင်ရှားလာသည်ဟု ပြောလိုက်၏။

"ဘယ့်နှယ်။ ပိုပြီး တင်းကျပ်နိုင်မှာလဲ။ အခု ကျုပ်တို့မှာ ရှိပြီး စည်းကမ်းဥပဒေတွေထက် ပိုပြီး တင်းကျပ်နိုင်ဦးမလား"

"ဥပဒေကတော့ ပိုမတင်းကျပ်ပါဘူး။ ဒါပေမယ့် မြို့မှာရှိတဲ့ လူတိုင်းလူတိုင်းဟာ ကိုယ့်ကိုကိုယ်အတွက်ပဲ အဲဒီဥပဒေတွေကို သုံးကြရမယ်ပေါ့"

ကော့တတ်က သူ့အား နားမလည်နိုင်သလို စူးစိုက်ကြည့်နေစဉ် တာရိုက ဥပဒေကို ပေါ့ပေါ့ဆဆလုပ်နေသူ များလွန်းနေကြောင်း၊ ဤပလိပ်ရောဂါသည် လူတိုင်း၏ အပူဖြစ်ကြောင်း၊ လူတိုင်းက ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ပုံစံအားဖြင့် ကျန်းမာသန်စွမ်းသူတိုင်း သန့်ရှင်းရေးအဖွဲ့များသို့ ဝင်ရောက်သည့်အလုပ်မျိုး လုပ်သင့်ကြကြောင်း ဆက်ပြောနေလေသည်။

ကော့တတ်က ပြုံးလျက် "ဒါတော့ ဒါပေါ့ဗျ။ ဒါပေမယ့် သိပ်တော့ အကြောင်းထူးမယ် မဟုတ်ပါဘူးဗျာ။ ပလိပ်ကပ်ရောဂါက အထက်စီးရတာပဲ။ ဘာမှ မတတ်နိုင်ပါဘူး" ဟု ပြောသည်။

တာရိုက သတိနှင့် ထိန်းထားရသည့် လေသံဖြင့် "ကျုပ်တို့ လုပ်စရာရှိတာတွေ အားလုံးလုပ်ကြည့်ပြီးမှပဲ အဲသလို ဟုတ်တယ် မဟုတ်ဘူးဆိုတာ သိကြရမှာပါလေ" ဟု ဆိုသည်။

ဤအတောအတွင်း ရေးသည် သူ၏စာရေးစားပွဲ၌ ထိုင်ကာ အစီရင်ခံများကို ရေးကူးနေလေသည်။ တာရိုလည်း သူ၏ကုလားထိုင်တွင် မသက်မသာ လှုပ်ရှားနေသော ကော့တတ်အား စူးစိုက်ကြည့်လျက်ပင် ရှိလေသည်။

"ဒီမှာ မွန်ဆီယာကော့တတ်။ ခင်ဗျားကော ကျုပ်တို့အထဲ ဝင် ပါပါ့လားဗျ"

ကော့တတ်သည် သူ၏သက္ကလပ်ဦးထုပ်ကို ကောက်ယူကာ ထိုင်ရာမှ စိတ်ဆိုးမာန်ဆိုး ထလိုက်၏။

"ဒါ ကျုပ်အလုပ် မဟုတ်ဘူး" ဟု သူက ဆိုသည်။ ထို့နောက် မိုက်ရူးရဲဟန်ပန် လေသံဖြင့် "ပြီးတော့လည်း ပလိပ်ကပ်နဲ့ ကျုပ်နဲ့က သိပ်ကိုဟန်ကျနေတာ ကျုပ်က ဒါကို ရပ်သွားအောင် အားထုတ်ဖို့ အကြောင်းမရှိပါဘူး" ဟု ဆက်ပြောလိုက်သည်။

တာရိသည် အတွေးတစ်ခု ရုတ်တရက် ကြားဖြတ်၍ ဝင်လာသည့်ဟန် သူ၏နဖူးကို လက်ဖြင့်ရိုက်လိုက်သည်။

“ဪ၊ ဟုတ်ပေသားပဲ။ ကျုပ် မေ့နေတယ်။ ခင်ဗျားဟာ ခင်ဗျာ့မိတ်ဆွေကောင်းကြီး ပလိပ်ကပ်ကြောင့်သာ အဖမ်းမခံရတာပဲ”

ကော့တတ်သည် လန့်ဖျတ်သွားကာ လဲကျမသွားအောင် ထိန်းလိုက်ရသည့်အလား ကုလားထိုင်နောက်မှီကို ဖမ်း၍ ဆုပ်လိုက်၏။ ရေးသည် စာရေးခြင်းကိုရပ်ကာ သူ့အား တကယ်စိတ်ဝင်စားစွာ ကြည့်နေလိုက်၏။

“ခင်ဗျာ့ကို ဘယ်သူပြောလဲ”

ကော့တတ်က မဟာစ်ရုံတစ်မည် အော်လိုက်၏။

တာရိက အံ့အားသင့်ဟန်ဖြင့် “ခင်ဗျားပဲ ပြောတာပဲ။ အနည်းဆုံး ခင်ဗျားပြောပုံထောက်ပြီး ဆရာဝန်ကရော ကျုပ်ကရော အဲသလို နားလည်ထားတာပဲ” ဟု ပြောသည်။

ကော့တတ်လည်း သူ့ကိုယ်သူ ထိန်းသိမ်းမထားနိုင် တော့သည့်အလား အဆက်မပြတ် ပစ်ခတ်ကျိန်ဆဲလေတော့သည်။

တာရိက ငြိမ်သက်စွာပင် “စိတ် မချောက်ချားပါနဲ့လေ။ ကျုပ်ကရော ဆရာဝန်ကရော ခင်ဗျာ့ကို ပုလိပ်တိုင်ဖို့ စိတ်ကူးမှ မရကြပါဘူး။ ခင်ဗျား ဘာလုပ်ခဲ့တယ် ဆိုတာကလည်း ကျုပ်တို့နဲ့ မဆိုင်ပါဘူး။ ကဲကဲ၊ ပြန်ထိုင်ပါဦးဗျာ” ဟု ဆိုလိုက်သည်။

ကော့တတ်သည် ကုလားထိုင်ကို စိုက်ကြည့်နေပြီး အတန်ကြာမှ မထိုင်ချင့်ထိုင်ချင်နှင့်ဝင်ထိုင်ကာ ပင့်သက်တဝကြီး ရှိုက်၍ ချလိုက်သည်။

သူက “ဒါ ရှေးရှေးကဖြစ်ခဲ့တဲ့ ကိစ္စပဲဗျ” ဟု အစချီကာ၊ “မစင်ခြောက် ရေနှုးတဲ့ကိစ္စပဲ။ ကျုပ်ကတော့ ဒါတွေကို မေ့နေကြပြီလို့ ထင်တာ။ တစ်ယောက်ယောက်က လျှာရှည်ပြီး ဖော်လိုက်လို့ပေါ့။ ထို့၊ ကျုပ်ကိုခေါ်ပြီး စုံစမ်းစစ်ဆေးမှု မပြီးမချင်း ဘယ်မှရွှေ့မသွားဖို့ ပြောထားတယ်။ အပြီးသတ်ကျ ကျုပ်ကို ဖမ်းကြမှာ သေချာပါတယ်” ဟု ပြောနေလေ၏။

တာရိက “ကြီးလေးတဲ့ အမှုမျိုးလားဗျ” ဟု မေးသည်။

“ကြီးလေးတယ်ဆိုတာ ဘာလဲဆိုတာပေါ်မှာ တည်တာပေါ့ဗျ။ ဘယ်လိုမဆို ဒါဟာ လူသတ်မှုတော့ မဟုတ်ပါဘူး”

"ထောင်တန်းကျခံရမယ့် အမှုမျိုးလား"

ကော့တတ်သည် အလွန်စိတ်ညစ်နေဟန် တူလေသည်။

"ကျုပ် ကံကောင်းရင် ထောင်လောက်ပဲပေါ့ဗျာ" ဟု ပြောကာ၊ အတန်ကြာလျှင် စိတ်လှုပ်ရှားလာပြန်ကာ "မှားလို့ ဖြစ်ကြရတာပေါ့ဗျာ။ လူတိုင်းဟာ မှားကြတာပဲ မဟုတ်လား။ ကျုပ်ကို ဒီအတွက် ဆွဲထည့်ထားမယ်။ ကျုပ်အိမ် ကျုပ်ယာ ကျုပ်နေနေကျ အလေ့အကျင့်လေးတွေ၊ ကျုပ်သိတဲ့လူတွေနဲ့ ကျုပ်ကို ခွဲထားကြမယ်ဆိုတဲ့ အတွေးကို ကျုပ် သည်းမခံနိုင်ဘူးဗျာ"

တာရိက "ဒါဖြင့် ခင်ဗျား ကိုယ့်ကိုကိုယ် ကြိုးဆွဲချသေဖို့ စိတ်ကူးလိုက်တာလည်း ဒီအကြောင်းပဲပေါ့" ဟု မေးလိုက်၏။

"ဟုတ်တယ်။ ကျုပ် ရှုးလို့မိုက်လို့ လုပ်မိတယ်ဆိုတာ ကျုပ် ဝန်ခံပါတယ်" ရေးက ပထမဆုံးအကြိမ် စ၍ စကားပြောသည်။ သူက ကော့တတ်၏ စိုးရိမ်မှုကို နားလည်ပါသည်။ သို့သော် အပြီးသတ်တွင် အားလုံး အဆင်ပြေကြောင်း ပြေသွားပါလိမ့်မည်ဟု ဆိုသည်။

"အိုဗျာ၊ အခုအခိုက်အတန့်မှာတော့ ကျွန်တော့်မှာ စိုးရိမ်စရာ ဘာမှမရှိပါဘူး"

တာရိက "ခင်ဗျား ကျွန်တော်တို့ကို ဝင်မကူတော့ဘူး ဆိုတာတော့ ကျွန်တော် သိပါပြီလေ" ဟု ပြောသည်။

ကော့တတ်က စိတ်မသက်မသာပင် သူ၏ဦးထုပ်ကို လက်ဖြင့်ကစားရင်း မတည်ငြိမ်သော မျက်လုံးများဖြင့် တာရိအား ငေးစိုက်ကြည့်နေလေသည်။

"မွန်ဆီယာတာရို။ ကျွန်တော့်ကိုတော့ ဘယ်လိုမှ မအောက်မေ့ပါနဲ့"

တာရိက ပြုံး၍ "မအောက်မေ့ပါဘူးဗျာ။ ဒါပေမယ့် အနည်းဆုံး ရောဂါပိုးမွှားကို တမင်ပြန့်ပွားအောင် မလုပ်မိဖို့တော့ ကြိုးစားပါဗျာ" ဟု ပြောလိုက်သည်။

ကော့တတ်က ပလိပ်ကပ်ကို သူ ဘယ်အခါကမှ အလိုမရှိခဲ့ကြောင်း၊ ကပ်ဖြစ်ပွားရသည်မှာလည်း ကံအကြောင်းတရား သက်သက်မျှသာ ဖြစ်ပြီး၊ သူ့အဖို့ ဟန်ကျနေရသည့် အတွက်လည်း သူ့အား အပြစ်တင်ရန် မရှိကြောင်း ပြောပြကာ တာရို၏စကားကို ငြင်းဆိုလေသည်။ ထို့နောက် သူသည် ရဲရင့်အောင် အားတင်းလိုက်သလို ဖြစ်လာပြန်ကာ ရမ်းဘားဝင်လာသည့် အခါတွင် ရန်ဖြစ်နေသလောက်နီးနီး အော်ကြီးဟစ်ကျယ် လေသံဖြင့် "ပြီးတော့လည်း ခင်ဗျားတို့ လုပ်နေတာတွေဟာ အလကားပါပဲ။ ဘာမှ ဖြစ်မှာမဟုတ်ပါဘူး" ဟု

ပြောလျက်ရှိလေသည်။

ဂုန်ဇာလီ ဘယ်မှာနေသည်ကို ကော့တတ်လည်း မသိဘူးဆိုသောအခါ ရမ်းဘားမှာ ခဲလေသမျှ သဲရေကျ ဖြစ်သွားရသည်။ သူက ထိုလက်ဖက်ရည်ဆိုင်ကလေးသို့ နောက်တစ်ခေါက် ထပ်သွားကြမည်ဟု ဆိုသည်။ နောက်တစ်ရက်သို့ ချိန်းလိုက်ကြ၏။ သူ့လုပ်ငန်း အောင်မြင်သည် မအောင်မြင်သည်။ သူ့အား အသိပေးပေး နေစေချင်ကြောင်း ဒေါက်တာရေးက ပြောသောအခါ သူနှင့် တာရိုတို့ သီတင်းပတ်အကုန် တစ်ညတွင် သူ့ထံသို့ လာလာနေကြမည်ဟု ပြောလိုက်သည်။ ဆရာဝန်က သူတို့ မည်မျှပင် မိုးချုပ်မှလာလာ သူ့ကို အခန်းမှာပင် တွေ့နိုင်ပါသည်ဟု ပြောလိုက်သည်။

နောက်တစ်ရက်နံနက်တွင် ကော့တတ်နှင့် ရမ်းဘားတို့သည် လက်ဖက်ရည်ဆိုင်သို့ သွားကြကာ ဂါရှာအား ထိုညနေလာရန် သို့မဟုတ် ညနေမလာနိုင်လျှင် နောက်တစ်ရက်လာရန် စာရေး၍ မှာထားခဲ့လေသည်။ နောက်တစ်ရက်တွင် ဂါရှာ ရောက်လာ၏။ ရမ်းဘား ပြောပြနေသည်တို့ကို သူက ငြိမ်သက်စွာပင် နားထောင်နေသည်။ ထို့နောက် သူက ဘာဖြစ်သွားသည်ကို မသိကြောင်း၊ သို့သော် မြို့ထဲက ရပ်ကွက်များစွာကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးရန်အတွက် နှစ်ဆယ့်လေးနာရီမျှ သီးသန့်ပိတ်ထားသည်ကိုတော့ သိကြောင်း၊ ဂုန်ဇာလီနှင့် သူ၏ လူငယ်နှစ်ယောက်တို့သည် ထိုသို့ ပိတ်ထားလို သည့် ရပ်ကွက်ထဲမှ ထွက်၍မရနိုင်ဘဲ ရှိနေခြင်း ဖြစ်နိုင်ကြောင်း၊ သူ လုပ်နိုင်သည်မှာတော့ သူတို့အား ရိုးလ်နှင့် နောက်တစ်ကြိမ် ထပ်တွေ့ဆုံရန် ချိန်းပေးရန်မှာလည်း နောက်တစ်ရက်ခြား သန်ဘက်ခါမှသာ ဖြစ်နိုင်မည့်အကြောင်း ပြောပြလေသည်။

ရမ်းဘားက "ဟုတ်ပါပြီလေ။ အားလုံး အစကပြန်ပြီး သုညက စ,ရတော့မယ်ပေါ့" ဟု ဆိုလိုက်လေ၏။

နောက် နှစ်ရက်မြောက်နေ့တွင် လမ်းထောင့်တစ်ခု၌ ရမ်းဘား တွေ့ဆုံရသော ရိုးလ်က ဂါရှာတွေးထင်သည်ကို ပိုမိုခိုင်မာစေလေသည်။ အနိမ့်ပိုင်း ရပ်ကွက်များကို သီးသန့်ခွဲကာ အစောင့်တပ်များ ဝန်းရံထားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ နောက်တစ်ခုမှာ ဂုန်ဇာလီနှင့် ဆက်မိရန်ဖြစ်၏။ သူ့အား နောက်နှစ်ရက်ကြာမှ တွေ့ရကာ နေ့လယ်စာ အတူစားလျက် ရှိကြလေသည်။

ဂုန်ဇာလီက "ကျုပ်တို့ကိုက ပေါ့လွန်းတာပါဗျာ။ တကယ်ဆို တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုတွေ့ကြရမယ် ဆိုတာလောက်တော့ လုပ်ထားခဲ့ဖို့ ကောင်းတာ" ဟု ဆိုသည်။

ရမ်းဘားက လှိုက်လှိုက်လှဲလှဲ သဘောတူလိုက်၏။

ဂုန်ဇာလီက "နက်ဖြန်မနက်တော့ ကျွန်တော်တို့ ချာတိတ်တွေကို သွားရှာပြီး တကယ် အလုပ်ဖြစ်အောင် ကြိုးစားကြမှာပဲဗျာ" ဟု ပြောလိုက်သည်။

နောက်တစ်ရက် သူတို့သွားကြသောအခါ လူငယ်ကလေးများက အိမ်မှာ မရှိကြ။ နောက်တစ်ရက် အထက်တန်းကျောင်း အပြင်ဘက်တွင် တွေ့ဆုံရန် ချိန်းသည့် စာတိုကလေးတစ်စောင် ရေးထားခဲ့၏။ ရမ်းဘား ဟိုတယ်သို့ ပြန်လာသောအခါ တာရိုသည် သူ့မျက်နှာကိုကြည့်ပြီး အံ့အားသင့်မိလေ၏။

"နေမကောင်းဘူးလား" ဟု သူက မေးလိုက်သည်။

သူက "အားလုံး အစကပြန်စ,ရလို့ စိတ်ပျက်လက်ပျက် ဖြစ်သွားတာပါဗျာ" ပြောကာ၊ "ခင်ဗျား ဒီနေ့ည လိုက်မယ်မဟုတ်လား" ဟု မေးလိုက်၏။

ထိုညက မိတ်ဆွေနှစ်ယောက် ရမ်းဘား၏ အခန်းထဲသို့ ဝင်သွားကြသောအခါ သူ့အား အိပ်ရာပေါ်တွင် အိပ်လျက် တွေ့ကြရ၏။ သူသည် ချက်ချင်းထကာ အသင့်ပြင်ထားသော ဖန်ခွက်များထဲသို့ အရက်ထည့်သည်။ ရေးက သူ၏ဖန်ခွက်ကို သောက်ရန်မမြှောက်မီ သူ့ကိစ္စ တိုးတက်မှုရှိမရှိ မေးလိုက် သည်။ သတင်းစာဆရာက သူ ယခင်ကအတိုင်း အားလုံး အစမှ ပြန်၍စခဲ့ရပြီး ယခင်က ရောက်ခဲ့သည့် အခြေအနေသို့ ရောက်နေပြီဟု ဆိုသည်။ တစ်ရက်နှစ်ရက်ကြာလျှင် နောက်ဆုံးစခန်းသို့ ရောက်ဖွယ်ရှိသည် ဆိုသည်။ ထို့နောက် သူသည် အရက်ခွက်ကို စုပ်လိုက်ပြီး စိတ်ပျက်အားပျော့စွာပင် "သူတို့ လာမှာမဟုတ်ဘူး ဆိုတာကတော့ ပြောစရာတောင် မလိုပါဘူးဗျာ" ဟု ထပ်ပြောလိုက်၏။

"အို သူတို့ အရင်တစ်ခါ ခင်ဗျားကို စကားဖျက်တာနဲ့ အခုတစ်ခါလည်း ဖျက်လိမ့်ဦးမယ် လို့တော့ ဘယ်ဟုတ်မလဲ"

"ခင်ဗျား နားမလည်သေးဘဲကိုး"

ရမ်းဘားက အထင်အမြင် သေးသလိုလို လေသံဖြင့် ပြောကာ ပခုံးချီပြလိုက်၏။

"ဘာကို နားမလည်သေးတာလဲဗျ"

"ပလိပ်ကပ်ကိုပေါ့"

"ဟာ" ရေးက ရုတ်တရက်ဆိုလိုက်မိ၏။

"ဟုတ်တယ်လေ။ ဒီလိုချည့်ပဲ။ အထပ်ထပ် အထပ်ထပ် အထပ်ထပ် ပြန်ပြန် ဖြစ်နေတယ် ဆိုတာကို ခင်ဗျား တကယ် နားမှမလည်သေးတာဘဲ"

သူသည် အခန်းထောင့်တစ်ခုသို့ သွားကာ ဓာတ်စက်တစ်ခုကို ဖွင့်လိုက်လေ၏။

တာရို "ဘာဓာတ်ပြားလဲဗျ။ ကျွန်တော် ကြားဖူးပါတယ်" ဟု မေးသည်။

"စိန်ဂျိမ်းဆေးရုံ တဲ့"

ဓာတ်စက်မှ သီချင်းသံမြည်လျက် ရှိစဉ်တွင် ခပ်လှမ်းလှမ်းဆီမှ သေနတ်သံနှစ်ချက် ကြားလိုက်ကြရ၏။

တာရိုက "ခွေးကို ပစ်သလား။ ထွက်ပြေးတဲ့လူကို ပစ်သလားပဲ" ဟု မှတ်ချက်ချလိုက်သည်။

အတန်ကြာ၍ ဓာတ်ပြားဆုံးသွားသောအခါ ပြတင်းပေါက်အောက်ဆီမှ ခေါင်းလောင်းသံ တညံညံဖြင့် လူနာတင်ကားတစ်စီး ဖြတ်သွားကာ တဖြည်းဖြည်း ဝေး၍ ပျောက်ကွယ်သွားသည်။

ရမ်းဘားက "ပျင်းစရာကောင်းလိုက်တဲ့ ဓာတ်ပြားဗျာ။ ကျွန်တော်ဖြင့် ဒီနေ့အဖို့ ဒီဓာတ်ပြားကို ဆယ်ခါလောက် ဖွင့်ပြီးပြီ" ဟု ဆိုလေသည်။

"ခင်ဗျား ဒီဓာတ်ပြားကို တကယ်ကြိုက်လို့လား"

"မကြိုက်ဘူး။ ဒါပေမယ့် ကျွန်တော့်မှာက ဒီဓာတ်ပြားတစ်ချပ်တည်း ရှိတာ" ဟု ဆိုကာ အတန်ကြာမှ "ကျွန်တော်ပြောတာက အဲဒါပဲပေါ့ဗျ။ ဒါချည်းပဲ အထပ်ထပ် အထပ်ထပ်ဆိုတာလေ" ဟု ဆက်ပြောလေသည်။

သူက ရေးအား သန့်ရှင်းရေးအဖွဲ့များ မည်ကဲ့သို့ ခန့်ခွဲလုပ်ဆောင်သည်ကို မေးသည်။ ယခု အဖွဲ့ငါးဖွဲ့ အလုပ်လုပ်လျက်ရှိသည်။ နောက်ထပ် ဖွဲ့နိုင်ရန်လည်း မျှော်လင့်သည်။ အိပ်ရာပေါ်တွင် ထိုင်လျက် သတင်းစာဆရာသည် သူ၏ လက်သည်းများကို စဉ်းစဉ်းစားစား ကြည့်နေလေသည်။ ရေးသည် အိပ်ရာအစွန်တွင် ခါးကိုကုန်း၍ ထိုင်နေသော သူ၏ တုတ်တုတ်ခိုင်ခိုင် ခန္ဓာကိုယ်ကို ငေးစိုက်ကြည့်နေလိုက်၏။ ထို့နောက် ရုတ်တရက်ပင် ရမ်းဘားက သူ့အား ပြန်၍ ငေးစိုက်ကြည့်နေသည်ကို သတိပြုလိုက်မိ၏။

"ဆရာ သိလား။ ကျွန်တော် ဆရာတို့ရဲ့ တိုက်ဖျက်ရေးတပ်တွေအကြောင်း အတော့်ကို စဉ်းစားပါတယ်ဆရာ။ ကျွန်တော် ဆရာတို့နဲ့အတူ မပါရတာကတော့ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပါ။ ကျွန်တော်... ဒီလိုလေ... ကျွန်တော် ကြောက်လို့တော့ ဟုတ်မယ်မထင်ပါဘူး။ ကျွန်တော် စပိန်ပြည်တွင်းစစ်မှာ ဝင်တိုက်ခဲ့သေးတာပဲ"

တာရိုက "ဘယ်ဘက်က ဝင်တိုက်တာလဲဗျ" ဟု မေးသည်။

"ရှုံးတဲ့ဘက်ကဗျ။ ဒါပေမယ့် ကျွန်တော်လည်း အဲဒီကတည်းက နည်းနည်း စဉ်းစားတတ်လာတယ်"

"ဘာအကြောင်း စဉ်းစားတာလဲဗျ"

"သတ္တိအကြောင်းလေ။ လူတစ်ယောက်ဟာ တကယ်ကြီးမားတဲ့ ကိစ္စကြီးများကို စွမ်းဆောင်နိုင်တယ် ဆိုတာကို ကျွန်တော် သိရပြီ။ ဒါပေမယ့် သူ့မှာ တကယ်ကြီးမားတဲ့ စိတ်လှုပ်ရှားမှုမျိုး မရှိနိုင်ဘူးဆိုရင် ကျွန်တော်တော့ စိတ်မဝင်စားပါဘူး"

တာရိုက "လူဆိုတာကတော့ သူ့ကိုယ်သူ ဘာမဆို စွမ်းဆောင်နိုင်တယ်လို့ ထင်တာပဲဗျ" ဟု ဆိုသည်။

"ကျွန်တော် လက်မခံနိုင်ဘူးဗျ။ သူဟာ ဒုက္ခဝေဒနာကိုလည်း ရေရှည်မခံနိုင်ဘူး။ ပျော်ရွှင်မှုကိုလည်း ရေရှည်မခံနိုင်ဘူး။ ဒါဟာ ဘာလဲဆိုတော့ သူဟာ တကယ့် ထိုက်ထိုက်တန်တန် ရှိတာဆိုရင် ဘာမှ မစွမ်းဆောင်နိုင်ဘူးလို့ ဆိုလိုတာပဲ"

သူသည် ကျွန်လူနှစ်ယောက်အား တစ်လှည့်စီကြည့်ကာ "ဒီမှာ တာရို။ ခင်ဗျာ့မှာ အချစ်အခင်အတွက် အသက်ကို အသေခံနိုင်လောက်တဲ့ သတ္တိ ရှိသလား" ဟု မေးလိုက်၏။

"မပြောတတ်ဘူးဗျ။ ကျုပ်ရဲ့ အခုစိတ်အတိုင်းဆိုရင် မရှိဘူးထင်ပါတယ်"

"ဟဲ၊ ဒါပေမယ့် ခင်ဗျားဟာ အယူအဆတစ်ခု အတွက်တော့ အသက်ကို စွန့်နိုင်တဲ့သတ္တိ ရှိတယ်။ ဒါကိုတော့ အခုကိုပဲ မြင်နိုင်ပါတယ်လေ။ ကျွန်တော် တွေ့ဖူးသလောက် ပြောရရင် အယူအဆတစ်ခုအတွက် အသက်အသေခံ သွားကြတဲ့လူတွေဟာ မနည်းလှပါဘူး။ ကျွန်တော် သူရဲကောင်းဝါဒကို မယုံကြည်ဘူး။ ဒါဟာ လွယ်တယ်ဆိုတာကို ကျွန်တော် သိတယ်။ လူသတ်ဝါဒ ဖြစ်သွားနိုင်တယ် ဆိုတာလည်း သိရပါတယ်။ ကျုပ် စိတ်ဝင်စားတာက အသက်ရှင်နေလည်း အချစ်အခင်အတွက် သေလည်း အချစ်အခင်အတွက် ဆိုတာကိုပဲဗျ"

ရေးသည် တစ်ချိန်လုံး သတင်းစာဆရာအား အာရုံစူးစိုက်၍ ကြည့်နေခဲ့ပြီး၊ သူ့မျက်လုံးအစုံကို ရမ်းဘားထံမှ မခွာဘဲ "လူဟာ အယူအဆ မဟုတ်ဘူးဗျ" ဟာ ငြိမ်သက်စွာ ဆိုလိုက်သည်။

ရမ်းဘားသည် ပြင်းထန်သော စိတ်ဓာတ်ကြောင့် ဝင်းဝင်းတောက်နေသည့်

မျက်နှာဖြင့် အိပ်ရာပေါ်မှ ခုန်ဆင်းလိုက်သည်။

“လူဟာ အယူအဆ ဟုတ်လိုက်သမှ၊ သူဟာ အချစ်အခင်ဆိုတာကို ကျောခိုင်းလိုက်တာနဲ့ တစ်ခါတည်း အယူအဆသက်သက် ဖြစ်သွားတာပေါ့ဗျာ။ ကျွန်တော်ပြောနေတာ အဲဒါပဲ။ ကျွန်တော်တို့ လူသားတွေမှာ ချစ်နိုင်ခင်နိုင်တဲ့ စွမ်းရည်တွေ ကွယ်ပျောက်နေပြီဗျ။ ကျွန်တော်တို့ ဒီအမှန်တရားကို ရင်ဆိုင်ကြညမယ်။ အဲသလို အချစ်အခင်ဆိုတာမျိုး ရှိနိုင်သည့်အထိ ကျွန်တော်တို့ မျှော်ကြရမယ်။ လူမှာ ဒါမျိုး မရှိနိုင်တော့ဘူးဆိုရင် လူတိုင်းလူတိုင်းဆီကို တစ်နည်းမဟုတ်တစ်နည်း ရောက်လာမယ့် လွတ်မြောက်ရေးကို သူရဲကောင်းဝါဒ မပါဘဲ စောင့်ကြဖို့ပါပဲ။ ကျွန်တော့်အနေနဲ့တော့ ဒီထက်ပိုပြီး မမျှော်လင့်ပါဘူး”

ရေးသည် ထိုင်ရာမှ ထလိုက်၏။ သူသည် အလွန်တရာ ပင်ပန်းနွမ်းနယ်နေပုံ ရလေသည်။

“ခင်ဗျားပြောတာ မှန်ပါတယ် ရမ်းဘားရယ်။ သိပ်ကို မှန်ပါတယ်။ ခင်ဗျား လုပ်မယ့်ဟာကို မလုပ်ဖြစ်အောင် ကျုပ်အနေနဲ့တော့ ဘယ်နည်းနဲ့မှ မဆောင်ပါဘူး။ ခင်ဗျားလုပ်တာ အားလုံး မှန်ကန်တယ်။ သင့်လျော်တယ် လို့လည်း ထင်ပါတယ်။ ဒါပေမယ့် ခင်ဗျာ့ကို ကျုပ် တစ်ခုပြောရဦးမယ်။ ဒါတွေအားလုံးမှာ သူရဲကောင်းဝါဒ ဆိုတာမျိုးတော့ မပါပါဘူး။ ဒါဟာ သာမန် လူ့ဝတ္တရား စောင့်သိမှုကိစ္စ တစ်ခုပါ။ တစ်ချို့ကတော့ ဒီအယူအဆကိုပြောပြရင် ပြုံးကြမယ်ပေါ့။ ဒါပေမယ့် ပလိပ်ကပ်ကို တိုက်ဖျက်ဖို့ဆိုရင် တစ်ခုတည်းသော နည်းလမ်းကတော့ သာမန် လူ့ဝတ္တရားစောင့်သိမှုပဲဗျ”

ရမ်းဘားက လေးနက်တည်ငြိမ်စွာပင် “သာမန် လူ့ဝတ္တရားစောင့်သိမှု ဆိုတာက ဘာကို ဆိုလိုတာလဲဗျ” ဟု မေးလိုက်သည်။

“တခြားလူတွေအတွက်တော့ ဘယ်လိုရှိတယ်ဆိုတာ ကျုပ် မပြောတတ်ဘူး။ ဒါပေမယ့် ကျုပ်အဖို့တော့ ဒါဟာ ကျုပ်ရဲ့အလုပ်ကို ကျုပ်လုပ်တာ ပါဝင်တယ် ဆိုတာကို ကျုပ်သိတယ်”

“ခင်ဗျာ့အလုပ်။ အင်း၊ ကျွန်တော့်အလုပ်က ဘာလဲဆိုတာကို သိချင်စမ်းပါဘိဗျာ” ဟု ပြောလိုက်သော ရမ်းဘား၏စကားမှာ ငေါ့သံထေ့သံ ပါနေ၏။ “အင်း၊ ကျွန်တော်က အချစ်အခင်ဆိုတာကို ရွေ့ကထားမိတာ အားလုံး မှားနေပြီ ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့ဗျာ”

ရေးက သူ၏မျက်နှာကို စိုက်ကြည့်နေလေသည်။

ထို့နောက် သူက စိတ်အားထက်သန်စွာပင် “မမှားပါဘူးဗျာ။ ခင်ဗျား

မမှားပါဘူး” ဟု ဆိုလိုက်၏။

ရမ်းဘားက ကျန်နှစ်ယောက်အား စဥ်းစဥ်းစားစား ကြည့်နေလိုက်ပြီး “ခင်ဗျားတို့နှစ်ယောက်ကတော့ ဒီကိစ္စတွေအားလုံးမှာ ဘာမှ ဆုံးရှုံးစရာ မရှိပါဘူး ထင်ပါတယ်လေ။ အဲသလို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များရဲ့ ဘတ်တော်သား လုပ်တဲ့နည်းကတော့ ပိုလွယ်တာပေါ့” ဟု ပြောလိုက်သည်။

ရေးက သူ၏ဖန်ခွက်ကို မော့ချလိုက်၏။

ထို့နောက် သူက တာရိအား “ကဲ၊ လာဗျာ။ ကျုပ်တို့မှာ လုပ်စရာတွေ ရှိသေးတယ်” ဟုဆိုကာ အပြင်သို့ ထွက်သွားလေ၏။

တာရိသည် သူ့နောက်ကလိုက်သွားပြီး တံခါးဝသို့ရောက်မှ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ရပ်ကာ သတင်းစာဆရာအား လှမ်းကြည့်လိုက်သည်။

“ရေးရဲ့မိန်းမဟာ ဒီက မိုင်တစ်ရာလောက်ဝေးတဲ့ အနားယူစခန်းဆေးရုံ တစ်ခုမှာ ရောက်နေတယ်ဆိုတာ ခင်ဗျား မသိဘူးထင်တယ်”

ရမ်းဘား အံ့သြသွားဟန်ပြလိုက်ပြီး တစ်စုံတစ်ခု ပြောလိုက်သော်လည်း တာရိမှာ အခန်းထဲက ထွက်သွားပြီ ဖြစ်လေသည်။

နောက်တစ်ရက်နံနက်တွင် ရှမ်းဘားသည် ဆရာဝန်ထံသို့ အစောကြီး တယ်လီဖုန်းဆက်လေသည်။

“ကျွန်တော် မြို့ထဲကထွက်ဖို့ နည်းလမ်းတစ်ခုခု မရမချင်း ခင်ဗျားတို့နဲ့အတူ အလုပ်လုပ်မယ်ဆိုရင် ခင်ဗျား ခွင့်ပြုမလား”

ခဏမျှ တိတ်ဆိတ်သွားပြီးမှ ရေးထံမှ အဖြေပေးသံ ပေါ်လာသည်။

“ပြုမှာပေါ့ ရမ်းဘားရယ်။ ကျေးဇူးပါပဲ”

* * *

အပိုင်း ၃

။၁။

ဤသို့လျှင် သီတင်းတစ်ပတ်ပြီးတစ်ပတ် ပလိပ်ကပ်၏ အကျဉ်းသားတို့သည် သူတို့စွမ်းအားရှိသမျှ ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်လျက် ရှိကြလေသည်။ ရမ်းဘားကဲ့သို့သော လူအချို့ကမူ သူတို့ကိုယ်သူတို့ လွတ်လပ်သောသူများကဲ့သို့ ပြုမူလှုပ်ရှားကာ သူတို့လုပ်ချင်ရာကို လုပ်နိုင်သေးသည်ဟု ထင်မြင်ယူဆလျက် ရှိကြပေသေးသည်။ သို့ရာတွင် ယခုအချိန် ဩဂုတ်လလယ်တွင် ပလိပ်ကပ်သည် အရာရာတိုင်း လူတိုင်းအား မျိုပစ်လိုက်ပြီ ဖြစ်လေသည်။ တစ်ဦးချင်း တစ်ယောက်ချင်းအတွက် ကံကြမ္မာဟူသည် မရှိတော့။ ပလိပ်ကပ်နှင့် လူတိုင်းလူတိုင်း ဝေမျှခံစားရသော စိတ်လှုပ်ရှားမှုတို့ဖြင့် ပြီးသော စုပေါင်းကံကြမ္မာမျိုး သာလျှင် ရှိတော့သည်။ ယင်းသို့သာ စိတ်လှုပ်ရှားမှုများမှ အပြင်းထန်ဆုံးမှာ ပြည်နှင်ဒဏ်ခံရခြင်းနှင့် လက်မဲ့ဖြစ်ရခြင်းတို့ကြောင့် ဖြစ်လာသော ပုန်ကန်လိုစိတ်၊ ကြောက်စိတ်တို့ပင် ဖြစ်လေသည်။ ထို့ကြောင့် နွေရာသီ၏ အပူရှိန်နှင့်အတူ ရောဂါအရှိန် အထွတ်အထိပ်သို့ ရောက်လာခဲ့သော ဤအချိန်တွင် ယေဘုယျသဘော ပုံဆောင်ပြသည့်နည်းကို သုံးကာ အသက်ရှင်နေကြသူတို့၏ ပေါက်လွတ်ပဲစား နေထိုင်သူများ၊ သေသူများကို မြှုပ်နှံမှုများနှင့် ခွဲခွာနေကြရသည့် ချစ်သူတို့၏အဖြစ်ကို ဖော်ပြရန် အကောင်းဆုံးဖြစ်သည်ဟု ဤအကြောင်းများကို ပြန်ပြောနေသူက ထင်မိပေသည်။

လေရှိန်ကြွလာကာ ပလိပ်ကပ်သင့်နေသော မြို့ကို ဖြတ်၍ ရက်ပေါင်းအတော်ကြာ တိုက်ခတ်နေခဲ့သည်မှာလည်း ဤအချိန်၌ပင် ဖြစ်လေသည်။ မြို့တည်ထားသည့် တောင်ကလပ်မှာ သဘာဝအားဖြင့် လေရှိန်ကိုလျှော့စရာ ဘာမျှမရှိသောကြောင့် ကျွန်ုပ်တို့၏ မြို့တွင်းလမ်းများတစ်လျှောက် အတားအဆီးမရှိ အရှိန်အဟုန်ပြင်းစွာ တိုက်ခတ်တတ်ရကား အိုရန်မြို့သူမြို့သားတို့ အထူးပင် ကြောက်လန့်ကြသည်မှာလည်း ဤလေပင် ဖြစ်လေသည်။ မိုးတစ်စက်မျှမကျသည့် နွေရက်များက အရာဝတ္ထုတိုင်းပေါ်၌ မည်းမည်းညစ်ညစ် တင်လျက်ရှိသော ဖုန်ထုသည် အလွှားလိုက်ကွာ၍ လေတွင်လွင့်ကာ ဖုန်လုံးကြီးများအဖြစ် ပါသွားသည်။ လမ်းလျှောက်သူများ၏ ခြေထောက်များကို ဖုန်များ၊ စက္ကူစုတ်များက ဝေ့ဝိုက်တိုက်ခတ်လျက် ရှိတတ်၍ လမ်းများမှာ တစ်စထက်တစ်စ လူသူကင်းမဲ့၍ လာလေသည်။ လမ်းထွက်လာကြသူ အနည်းငယ်မှာလည်း ရှေ့သို့ကုန်းကာ သူတို့၏ပါးစပ်များကို လက်ကိုင်ပုဝါများဖြင့် ပိတ်လျက် ခပ်သုတ်သုတ်

လျှောက်သွားကြသည်ကိုသာ မြင်ကြရလေသည်။ ညမိုးချုပ်ချိန်များတွင် ခါတိုင်းကဲ့သို့ ကိုယ့်အဖို့ နောက်ဆုံးနေ့ ဖြစ်ချင်ဖြစ်မည့် တစ်နေ့တာကလေးကို ကြာနိုင်သမျှ ကြာရှည်စွာနေသွားရန် အားထုတ်နေကြသည့် လူအများဖြင့် စည်ကား၍ မနေတော့ဘဲ မိမိတို့၏ နေအိမ်များသို့ လည်းကောင်း၊ စားသောက်နေကျ ဆိုင်များဆီသို့ လည်းကောင်း၊ သုတ်သီးသုတ်ပြာ သွားလျက်ရှိသော လူနည်းစုကလေးများကိုသာ တွေ့မြင်ကြရတော့သည်။ ယင်းသို့သော အကြောင်းများကြောင့်ပင် ဤရာသီတွင် ပိုမိုလျှင်မြန်စွာ ကျရောက်လာတတ်သော ဆည်းဆာချိန်၌ ရက်ပေါင်းများစွာပင် လမ်းများမှာ လူသူကင်းမဲ့ကာ နားမချမ်းသာစရာ ရှည်လျားစူးရှသည့် လေတိုက်သံကြီးမှတစ်ပါး တိတ်ဆိတ်၍ နေလေတော့သည်။ မုန်တိုင်းရိပ်ဖြင့် တလိပ်လိပ်တအိအိ ကြွလျက် မမြင်ရသောပင်လယ်ဆီမှ ဆားရေနံ့၊ ရေမှော်ဒိုက်ပင်နံ့များလည်း လေနှင့်အတူ ပါ၍လာသည်။ တရိပ်ရိပ် သိပ်သည်းလာခဲ့သော အမှောင်ထုထဲဝယ် ဖုန်ကမ္ဗလာဖြင့် လွှမ်းခြုံလျက် အဆက်မပြတ် တိုက်ခတ်သည့်လေပြင်း၏ စူးရှသောအသံနှင့်အတူ လှိုင်းတံပိုးထန်သည့် ပင်လယ်မှ ရေမှုန်ရေပန်းများ ပက်ဖျန်းခြင်းကိုခံကာ ဘာမျှရှိတော့ဟန် မတူသည့် ဤမြို့ကလေးမှာ သမုဒ္ဒရာအလယ်ရှိ အပြစ်ဒဏ်ခံနေရသူတို့၏ ကျွန်းကလေး တစ်ကျွန်းနှင့်သာ တူ၍ နေပေတော့သည်။

ယခုအထိမူ ပလိပ်ကပ်သည် မြို့လယ်ခေါင်ထက် လူနေစိပ်၍ ပြွတ်သိပ်နေသော မြို့စွန်ပြည်နား ဒေသများ၌သာ အဖြစ်များခဲ့၏။ သို့ရာတွင် ရုတ်တရက်ဆိုသလိုပင် လုပ်ငန်းများ စည်ကားရာဒေသသို့ ဝင်ရောက်တိုက်ခိုက် လာသောအခါ မြို့သူမြို့သားများက ဟိုတယ်မန်နေဂျာ ပြောသလို၊ လေသည် ကပ်ရောဂါပိုးမွှားများကို သယ်ဆောင်ဖြန့်လွင့် ပေးခဲ့သည်ဟု စွပ်စွဲကြလေသည်၊ အကြောင်းက မည်သို့ပင်ရှိစေ၊ မြို့လယ်ရပ်ကွက်များ၌ ကွက်များ၌ နေကြသူများသည် သူတို့၏ ပြတင်းပေါက်များ၏ အောက်ဆီမှ စိတ်မချမ်းမြေ့ဖွယ်ရာ လူနာတင်ကားမှ အမနာပခေါင်းလောင်းသံကို ကြားရသည့် အကြိမ်ပေါင်း များသည်ထက် များလာသောအခါ သူတို့အလှည့်သို့ ရောက်ပြီဆိုသည်ကို သိကြရလေ၏။

ရောဂါ အထူးကျရောက်သည့် မြို့လယ်ရပ်ကွက်များကို အာဏာပိုင်တို့က သီးသန့်ခွဲခြား စောင့်ကြပ်ကာ မလွှဲသာမရှောင်သာ သွားလာရန်ရှိသူများကိုသာ ပတ်ပတ်လည် ချထားသော အစောင့်တပ်ကို ဖြတ်သွားခွင့်ပေးဖို့ စိတ်ကူးကြ တော့သည်။ ဤဒေသများအတွင်း နေထိုင်ကြသူများမှာ ဤစည်းမျဉ်းဥပဒေများကို မိမိတို့ဘာသာ စောင့်စည်းအပ်သော တားမြစ်ချက်တစ်ခုအဖြစ် မှတ်ယူထားကြရုံမျှတစ်ပါး ဘာမျှ မတတ်နိုင်ကြသောကြောင့် သူတို့သည် အခြားသော ရပ်ကွက်များ၌ နေထိုင်ကြသူများ၏ဘဝနှင့် ယှဉ်ကြည့်လိုက်သောအခါ မနာလိုစိတ်ကလေးများ ဖြစ်မိကြရသည်။ လွတ်လပ်စွာ သွားလာနေကြရသူများကလည်း စိတ်ညစ်ကျုံစရာ တစ်ခုခုကြုံရလျှင် သူတို့လောက်မှ

လွတ်လပ်မှု မရှိရှာကြသောသူများ၏ ဘဝကို မှန်းဆကြည့်ကာ နှစ်သိမ့်စရာ ရှာကြရသည်။ ထိုရက်ပိုင်းများက တစ်ခုတည်းသောနှစ်သိမ့်စရာမှာ "ဘယ်လိုဖြစ်ဖြစ်၊ ငါ့ထက် ဆိုးတဲ့လူတွေ ရှိသေးတာပဲ" ဟူသောစကားသာ ဖြစ်လေသည်။

တစ်ချိန်တည်းလောက်မှာပင် ကျွန်ုပ်တို့မြို့အတွင်း အထူးသဖြင့် အနောက်တံခါးအနီးမှ လူနေရပ်ကွက်၌ မီးလောင်မှုများ ပြန်လည် များပြားလာခဲ့လေသည်။ စုံစမ်းစစ်ဆေး ကြည့်သောအခါ ဤမီးများကို သီးခြားရပ်ကွက်မှ ပြန်လာသူများက ရှို့သည်ဟု သိရလေသည်။ သူတို့သည် စိုးရိမ်သောက ဖြစ်ရခြင်း၊ ပူဆွေးဒုက္ခ ရောက်ရခြင်းတို့ကြောင့် စိတ်ဖောက်ပြန်ကာ ပလိပ်ရောဂါပိုးများကို မီးရှို့ကြသည်ဟု ဆိုသည်။ လေပြင်းကလည်း တိုက်လျက်ရှိရာတွင် ခဏခဏလည်း လောင်၊ လောင်ကျွမ်းသည့် အမှုကလည်း များ၊ လောင်လိုက်လျှင်လည်း ရပ်ကွက်တစ်ခုလုံး ကျွတ်တတ်သည် ဖြစ်သောကြောင့် ဤမီးကြီးများကို ငြိမ်းသတ်ရသည်မှာ အလွန်တရာပင် ခက်ခဲလှပေသည်။ ဤသို့ စိတ်စေတနာကောင်းနှင့် မီးရှို့ကြသူများအား အစိုးရက သူတို့၏အိမ်များကို ဆေးငွေ့များဖျန်းပေးလျှင် ရောဂါပိုးမဝင်နိုင်ကြောင်း မည်သို့မျှ ပြော၍မရသောအခါ ဤကဲ့သို့သော မီးရှို့မှုများအတွက် အလွန်ကြီးလေးသော အပြစ်ဒဏ်များ သတ်မှတ်ထားရန် လိုအပ်၍ လာခဲ့လေသည်။ စိတ်မချမ်းမသာ ဖြစ်နေကြသော ဤလူများအဖို့ ထောင်ကျမည် ဆိုရုံမျှဖြင့် တွန့်ဆုတ်၍ မသွားကြသော်လည်း ယခုအခါ ထောင်တွင်း၌ အသေအပျောက် များပြားလျက်ရှိသောကြောင့် ထောင်ကျခြင်းသည် သေဒဏ်ကျခြင်းပင်ဘဖြစ်သည်ဟု လူအများက ယုံကြည်လျက် ရှိကြလေသည်။ ဤယုံကြည်ချက်တွင် အခြေအမြစ်ရှိသည်ကိုတော့ ဝန်ခံရပေလိမ့်မည်။ ပလိပ်ကပ်သည် မိမိတို့၏ ရွေးချယ်မှုဖြင့် ဖြစ်စေ၊ လိုအပ်ချက်ကြောင့် ဖြစ်စေ၊ အတူတကွစုဝေး၍ နေကြသူ စစ်သားများ၊ အကျဉ်းသားများ၊ ဘုန်းကြီးများ၊ သီလရှင်များ ကဲ့သို့သော လူများအား ပိုမိုအငြိုးကြီးစွာဖြင့် ထိုးနှက်ဟန် တူသည်ဟု ထင်စရာ ဖြစ်လာလေသည်။ အချို့သော အကျဉ်းသားများအား သီးခြားခွဲ၍ ထားသော်လည်း ထောင်ဆိုသည်မှာ လူ့အသိုက်အဝန်းတစ်မျိုးပင် ဖြစ်သောကြောင့် ထောင်သားများရော၊ ထောင်ကြပ်များပါ အချိုးအစားတူညီစွာ ပလိပ်ကပ်သင့်ကာ သေဆုံးကြခြင်းကို ထောက်၍ ဤအချက်သည် ထင်ရှားလာသည်။ ပလိပ်ကပ်သည် မျက်နှာကြီးငယ် လိုက်တတ်သည် မဟုတ်လေရကား သူ၏ သက်ဦးဆံပိုင်အာဏာစက်ဖြင့် အုပ်စိုးမှု၍အောက်တွင် ဘုရင်ခံမှ အစ၊ အနိမ့်ကျဆုံး ဂျပိုးသူခိုးအထိ လူတိုင်းလူတိုင်းအား အပြစ်ဒဏ်စီရင်ခြင်း ခံရကာ ထောင်ထဲတွင် ပထမဆုံးအကြိမ်အဖြစ် ဘက်မလိုက် တရားစီရင်မှုမျိုး စိုးမိုးလာသည်ဟူ၍ပင် ဆိုနိုင်ကောင်း ဆိုနိုင်ပေလိမ့်မည်။

အာဏာပိုင်များက ဤသို့ တပြေးညီဖြစ်အောင် စီရင်လိုက်မှုကို

ရာထူးအဆင့်အလျောက် စိတ်ကျေနပ်အောင် အလျော်ပေးသည့် သဘောဖြင့် တာဝန်ထမ်းဆောင်ရင်း သေဆုံးရသည့် ထောင်ကြပ်များအား ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ရန် အားထုတ်မှုများသည် လုံးဝ အရာမရောက်ဘဲ ဖြစ်သွားသည်။ မာရှယ်လော ထုတ်ပြန်ကြေညာပြီးသည့် နောက်တွင် တစ်နည်းအားဖြင့် ကြည့်သော် ထောင်ကြပ်များမှာ စစ်မှုထမ်းများကဲ့သို့ပင် သဘောထားသင့်မည်ဖြစ်၍ သူတို့အား ကွယ်လွန်မှပေးသော ဘွဲ့များမှာ စစ်ဘက်ဆိုင်ရာတံဆိပ် ဖြစ်နေ၏။ သို့သော် အကျဉ်းသားများက တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုခြင်း မရှိကြသော်လည်း စစ်ဘက်ဆိုင်ရာ အသိုင်းအဝိုင်းများတွင်မူ အပြင်းအထန် ကန့်ကွက်ငြင်းဆိုကြ သည်။ အများပြည်သူတို့၏ အမြင်တွင် စိတ်မကောင်းစရာ ရှုပ်ထွေးကုန်လိမ့်မည်ဟု သူတို့က အကြောင်းယုတ္တိလုံလောက်စွာဖြင့် ညွှန်ပြကြသည်။ နယ်ဘက်အုပ်ချုပ်ရေး အာဏာပိုင်က ထိုအချက်ကို လိုက်လျောပြီး ဤကိစ္စအတွက် အလွယ်ဆုံးအဖြေမှာ တာဝန်ထမ်းဆောင်ရင်း သေဆုံးရသော ထောင်ကြပ်များအား ပလိပ်ကပ်ဘွဲ့တံဆိပ် ပေးအပ်ရန်ပင် ဖြစ်သည်ဟု ဆုံးဖြတ်လိုက်လေသည်။ ဤသို့ ဖြစ်သည့်တိုင်အောင် ရှေးဦးစွာ စစ်ဘက်ဆိုင်ရာတံဆိပ်များ ရသူက ရသွားကြပြီး ဖြစ်ရုံမက ပေးထားပြီး ဘွဲ့တံဆိပ်ကို ပြန်သိမ်းရန် မဖြစ်နိုင်တော့သဖြင့် စစ်ဘက်ဆိုင်ရာတို့ကတော့ မကျေနပ်နိုင်ကြပေ။ ထိုမှတစ်ပါးလည်း ပလိပ်ကပ်ဘွဲ့ တံဆိပ်မျိုးမှာ ကပ်ရောဂါ ကျရောက်ချိန်တွင်ဆိုလျှင် ရလွယ်လွန်းလှသဖြင့် စစ်ဘက်ဆိုင်ရာ ဘွဲ့တံဆိပ်မျိုးနှင့်စာသော် စိတ်ဓာတ် လွှမ်းစွာပင် လျော့နည်းလျက် ပေါ့ပျက်ပျက် ဖြစ်နေလေတော့သည်။ ဤသို့လျှင် မည်သူမျှ မကျေနပ်ကြပေ။

အခြား အခက်အခဲတစ်ခုမှာ အကျဉ်းထောင် အုပ်ချုပ်သူတို့သည် ဘာသာရေးတွင် ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများကို မလိုက်နိုင်၊ စစ်ဘက်ဆိုင်ရာတို့၏ ထုံးနည်းများကိုလည်း မလိုက်နာခြင်းပင် ဖြစ်၏။ မြို့ရှိ ဘုန်းကြီးကျောင်း နှစ်ကျောင်းက ဘုန်းကြီးများသည် ကျောင်းများကိုစွန့်ခွာ၍ ယခုအခိုက်အတန့်အားဖြင့် မြို့ထဲမှ ဘာသာတရား ကိုင်းရှိုင်းသည့် မိသားစုများနှင့် သွားရောက် နေထိုင်ကြလေသည်။ ထိုနည်းတူစွာပင် စစ်တန်းလျားများမှ လူအုပ်စုကလေးများသည် ထွက်ခွာလာကြပြီး စာသင်ကျောင်းများ၊ အများပြည်သူတို့၏ ဆောက်အဦများတွင် ဝင်ရောက်တည်းခို နေကြရသည်။ ဤသို့လျှင် အပိတ်အလှောင် ခံနေရသော မြို့တွင်းရှိ ကျွန်ုပ်တို့အား အပေါ်ယံအားဖြင့် တစ်စည်းတစ်လုံးတည်း ရှိစေရန် အတင်းဖန်တီးပေးလိုက်ဟန် ရှိသော ပလိပ်ကပ်ရောဂါသည် နှစ်လကြာရှည်စွာ ဖွဲ့စည်းနေထိုင် လာခဲ့ကြသော လူ့အဖွဲ့အစည်းများအား ဖရိုဖရဲ ကွဲပြားစေကာ လူများစွာအား တကွဲတပြားစီ သီးသီးခြားခြား ဖြစ်၍ နေစေလေတော့သည်။

ဤသို့သော အပြောင်းအလဲများသည် လေတစ်ချက် ပင့်ပေးလိုက်လျှင် အချို့လူတို့၏စိတ်ကို ထကြွသောင်းကျန်း စေနိုင်ကြောင်းကို စိတ်ကူးကြည့်လျှင်

မြင်လွယ်ပါသည်။ မြို့တံခါးများတွင် မကြာခဏ တိုက်ပွဲများဖြစ်လျက် တိုက်ခိုက်လာသူများသည် လက်နက်များ ကိုင်ဆောင်လာကြသည်။ အပြန်အလှန် ပစ်ခတ်လာကြသည်။ အထိအခိုက် အကျအဆုံး ရှိလာသည်။ အနည်းငယ်မျှသော လူအချို့ လွတ်မြောက်သွားကြသည်။ ထိုအခါတွင် အစောင့်တပ်များကို ပိုမိုခိုင်လုံအောင် ချလိုက်သဖြင့် ဤကဲ့သို့သော အားထုတ်မှုမျိုး ရပ်သွားသည်။ သို့တစေ အနည်းငယ်မျှပင် ဖြစ်သော်လည်း တော်လှန်ပုန်ကန်မှု တစ်စခန်း ထလာပြန်သည်။ မီးလောင်သည့်အိမ်များ၊ သန့်ရှင်းရေးအဖွဲ့၏ ကွပ်ကဲမှုဖြင့် ပိတ်ထားသည့် အိမ်များကို ဝင်ရောက်လုယက်ကြသည်။ သို့သော် ဤသို့သော ပေါက်လွှတ်ရမ်းကား ပြုမှုများသည် ကြိုတင်ပြင်ဆင်၍ ပြုသည့် အမှုများတော့ ဟုတ်ဟန်မတူချေ။ သာမန်အချိန်များ၌ ကောင်းကောင်းမွန်မွန် နေထိုင်ကြသူများပင်လျှင် သွားရင်းလာရင်း လိုချင်တပ်မက်စရာ တစ်ခုခုကို တွေ့၍ ဝင်ယူမိတတ်လေရာ၊ တစ်ယောက်ကစ တစ်ရာဆိုသလိုပင် နောက်လူများက လိုက်ယူတတ်ကြသည်။ ဤသို့လျှင် တစ်ခါတစ်ရံ လူတစ်ယောက်က စိတ်ရူးပေါက်ကာ မီးတောက်မီးလျှံများကို သောကဖြင့်ရပ်ကြည့်ရင်း မင်သက်မိနေသော ပိုင်ရှင်၏ မျက်စိအောက်မှာပင် မီးလောင်နေသည့် အိမ်ထဲသို့ ပြေးဝင်သွားသည်ကို တွေ့မြင်ကြရ တတ်လေသည်။ ပိုင်ရှင်က အမှုမဲ့အမှတ်မဲ့ နေလိုက်သည်ကို မြင်ကြရသောအခါ ရပ်ကြည့်နေသူ များစွာတို့သည် ပထမလူ၏နောက်သို့ လိုက်သွားကြကာ တခဏကြာသော် ငြိမ်းစပြုနေပြီဖြစ်သော မီးတောက်များ၏ လူပ်လူပ်ရွရွ အလင်းရောင်တွင် သူတို့ထမ်းလာသော ပစ္စည်းပစ္စယ ပရိဘောဂများဖြင့် ပုံပျက်ပန်းပျက် မည်းမည်းကွကွ ဖြစ်နေသော သဏ္ဌာန်များ လမ်းထဲ၌ ပြေးလွှားသွားကြသည်ကို တွေ့မြင်ကြရလေသည်။ အာဏာပိုင်တို့က မနေသာတော့ဘဲ မာရှယ်လော ထုတ်ဆင့်ကာ လိုအပ်လာသော စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းလိုက်ရသည်မှာလည်း ဤကဲ့သို့သော ဖြစ်ရပ်များကြောင့်ပင် ဖြစ်သည်။ လုယက်သူများထဲမှ နှစ်ယောက်ကို ပစ်သတ်လိုက်၏။ သို့ရာတွင် ဤသို့ သတ်လိုက်သည်ကို အခြားလူများက ဂရုထားမိကြမည် မထင်။ နေ့စဉ် လူပေါင်းများစွာ သေနေချိန်တွင် ဤနှစ်ယောက် သေဒဏ်ခံရခြင်းမှာ ထင်ရှားသည်မဟုတ်။ သမုဒ္ဒရာထဲတွင် မိုးရေတစ်စက်မျှသာ ရှိလေသည်။ အာဏာပိုင်တို့ ဝင်ရောက်စွက်ဖက်ခြင်း မရှိဘဲ ဤကဲ့သို့ ဖြစ်ပျက်နေသည့် အမှုမျိုး မကြာခဏ ဖြစ်ပျက်လျက်ရှိသည်။ လူထုအပေါ်တွင် ထိရောက်မှုရှိသော စည်းမျဉ်းဥပဒေမှာ ညမထွက်ရအမိန့် ထုတ်ဆင့်ခြင်းတစ်ခုသာ ဖြစ်သည်။ ညဆယ့်တစ်နာရီ နောက်ပိုင်းတွင် အိုရန်မြို့ကြီးမှာ မှောင်အတိကျလျက် ရောမ သုသာန်တစပြင်ကြီးနှင့်သာ တူနေပေတော့သည်။

လသာသော ညများတွင် ရှည်လျားဖြောင့်တန်းသော လမ်းမကြီးများ၊ ညစ်ပတ်ပေရေလျက် ဘယ်နေရာတွင်မှ သစ်ပင်ရိပ်တစ်ကွက် မကျသည့် ဆေးဖြူသုတ်နံရံများဖြင့် မြို့သည် ည၏ တိတ်ဆိတ်ခြင်းကို နှောင့်ယှက်မည့် ခြေသံ၊

ခွေးဟောင်သံများပင် မကြားရဘဲ သူ့အုံသူ့ကျင်းကလေးထဲတွင် မသဲမကွဲ လင်းလျက်ရှိလေသည်။ တိတ်ဆိတ်ငြိမ်သက်လှသော မြို့သည်ကား ကြေးသား ကျောက်သား မျက်နှာမျိုးနှင့် ချပ်မိန်ညိုများ တစ်ကိုယ်လုံး ဖုံးအုပ်သည့် မတုန်မလှုပ် ကျောက်ရုပ် ကြေးရုပ်ကြီးများကို ကြားညှပ်လျက် မလှုပ်မယှက် ငြိမ်သက်စွရှိသော လေးထောင့်ကျောက်တုံးကြီးများ အစီအရီချထားသည့် ပစ္စည်းကြီးမျှသာ ဖြစ်လျက် အတိတ်ကာလက လူဆိုသည်မှာ မည်ကဲ့သို့ ရှိခဲ့သည်ကို ကြေကွဲဖွယ်ရာ ရော်ရမ်းမှန်းဆ မြင်ယောင်မိစေလေသည်။ အသက်ဝိညာဉ် ကင်းမဲ့လျက်ရှိသော ပန်းခြံများ၊ သစ်ရိပ်တန်းလမ်းများ၌ ပလွှားသော ရုပ်တုကြီးများသည် ကျွန်ုပ်တို့အား မလှုပ်ရှားနိုင်အောင် အုပ်စိုးထားမှု၏ သရုပ်ကို ပေါ်လွင်အောင် တင်စားထားသည့် အရုပ်ကြီးများအလား အုံ့ဆိုင်းသောကောင်းကင်၏ အောက်မှ မြို့အား မင်းမူလျက် သို့မဟုတ် နောက်ဆုံးအသွင်အပြင်အဖြစ် ပလိပ်ကပ်က လည်းကောင်း၊ အမှောင်ထုက လည်းကောင်း၊ ကျောက်တုံးများက လည်းကောင်း အားလုံးသော အသံဘလံများကို ထိရောက်စွာ ငြိမ်ဝပ်စေပြီး၍ မြို့ပျက်ကြီးအား စိုးမိုးလျက်ရှိလေတော့သည်။

လူများ၏ အတွင်းစိတ်ဓာတ်များ၌လည်း အမှောင်ထုက စိုးမိုးလျက် ရှိသသည်သာ။ သေဆုံးသူများအား မြှုပ်နှံသည့်ကိစ္စနှင့် ပတ်သက်၍ တကယ့်ဖြစ်ရပ်၍များသည် ကောလာဟလ သတင်းများကဲ့သို့ပင် မြို့သူမြို့သားတို့၏ စိတ်ဓာတ်ကို ကြွံနိုင်လာစေရန် တစ်စုံတစ်ရာ မတတ်နိုင်သကဲ့သို့ ရှိသည်။ ဤအကြောင်းများကို ပြန်ပြောသူသည် ဤ လူသေမြှုပ်သည့် ကိစ္စများကို မလွှဲမရှောင်သာ ပြောရပါမည်။ ဤကိစ္စနှင့်ပတ်သက်၍ သူ့အား အပြစ်တင် ပြောဆိုကြမည်ကို သူ ကောင်းစွာ သိရှိပြီး ဖြစ်သောကြောင့် ဤနေရာတွင် အလျဉ်းသင့်၍ သူ့အား အပြစ်လွှတ်ကြပါရန် တောင်းပန်စကား ပြောပါရစေ။ သူ၏အကြောင်းပြချက်မှာ ဤကာလ တစ်လျှောက်လုံး အသုဘများ တချတည်း ချနေခဲ့သည်ဖြစ်ရာ တစ်နည်းအားဖြင့် သူမှာ အခြားသူများကဲ့သို့ပင် မမြင်ချင်၍ မနေရ။ သတိမပြုမိဘဲနေ၍ မရသောကြောင့်ဟူ၍ပင် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ သူ့တွင် ဤအခြင်းအရာများကို ညစ်ကျုသော စေတနာဖြင့် ကြည့်မြင်နေသည်ဟူ၍ မယူဆစေလိုပါ။ သူ့မှာ ထိုစေတနာမျိုး မရှိရုံမက၊ သူသည် အသက်ရှင်နေသူများနှင့်သာ ပေါင်းသင်းဆက်ဆံ လိုပါသည်။ အထည်ဒြပ်နှင့် ပုံဆောင်ပြရသော် ပင်လယ်ရေကူးခြင်းကို သူ နှစ်သက်သည်။ သို့ရာတွင် ပင်လယ်ရေချိုးခြင်းကိုလည်း ပိတ်ပင်ထားသည်။ အသက်ရှင်နေသူချင်း ဆက်ဆံရသည်ကလည်း အန္တရာယ်ရှိနေကာ တစ်နေ့တခြား များပြားလာခဲ့ရာ တဖြည်းဖြည်းပင် သေသူများနှင့်သာ ဆက်ဆံနေရတော့ သကဲ့သို့သာ ဖြစ်သွားလေတော့သည်။ ဤအချက်က အလိုလို ထင်ရှားပါသည်။ အနိဋ္ဌာရုံကို ရင်ဆိုင်ရန် ငြင်းဆိုနိုင်သည်မှာ မှန်ပါသည်။ မျက်စိကိုမှိတ် နားကို ပိတ်ထား၍လည်း ရပါသည်။ မစဉ်းစားဘဲ နေ၍လည်း ရပါသည်။ သို့ရာတွင် အလိုအလျောက်

ထင်ရှားလာသောအခါ အရံအတားအားလုံး ပြိုကျပျက်စီးလောက်အောင် ကြောက်စရာကောင်းသည်။ ပုံစံအားဖြင့် ကိုယ်ချစ်သည့်အထဲမှ တစ်ယောက်ယောက်ကို သင်္ဂြိုဟ်ဖို့ လိုလာသောအခါ ဤကိစ္စကို မည်သို့ဆက်လက်၍ လျစ်လျူရှုနိုင် ပါတော့မည်နည်း။

တကယ်ဆိုလျှင် ကျွန်ုပ်တို့၏ အသုဘကိစ္စများတွင် အထူးခြားဆုံး အပိုင်းမှာ လျင်မြန်စွာ ချရခြင်းပင် ဖြစ်လေသည်။ လူသေလျှင် လုပ်ရသည့် ထုံးစံများကို လျော့ချပစ်လိုက်ကာ ယေဘုယျသဘော ပြောရလျှင် အခမ်းအနားဖြင့် သင်္ဂြိုဟ်ခြင်းများကို ပိတ်ပင်ထားသည်။ ပလိပ်ကပ်သင့်၍ သေဆုံးသူသည် အိမ်မှာ မသေရ။ အလောင်းကို ဆွေမျိုးသားချင်းများ ထိုင်စောင့်ကြရသည့် ထုံးစံကိုလည်း တားမြစ်ထားသည်။ ညဘက်တွင် သေဆုံးသွားလျှင် ညတွင် အလောင်းချည်း ပစ်ထားရသည်။ နေ့တွင်သေဆုံးလျှင် နေ့ချင်း မြေမြှုပ်သင်္ဂြိုဟ်ရသည်။ မိသားစုကိုတော့ အကြောင်းကြားသည်။ သို့သော် အများအားဖြင့် သေဆုံးသူမှာ သူတို့နှင့် အတူနေခဲ့သူ ဖြစ်ပါက မိသားစုမှာ သီးသန့်ရပ်ကွက် သတ်မှတ်ခြင်းခံရကာ အသွားအလာ မရှိရတော့။ သေသူနှင့် အတူမနေခဲ့သော မိသားစုကိုမူ သတ်မှတ်ထားသည့် အချိန်တွင် အသုဘကိုလိုက်ပို့ရန် အကြောင်းကြားသည်။ သတ်မှတ်ထားသည့် အချိန်ဆိုသည်မှာ အလောင်းကို ရေချိုး၊ ခေါင်းသွင်းပြီး သုသာန်သို့ပို့ရန် အဆင်သင့် ဖြစ်နေသည့်အချိန် ဖြစ်သည်။

ဤ လုပ်ရိုးလုပ်စဉ်ကိစ္စများသည် ဒေါက်တာရေး အုပ်ချုပ်ရသော တိုးချဲ့ဆေးရုံတွင် ဖြစ်သည် ဆိုကြပါစို့။ စာသင်ကျောင်းကို ပြုပြင်ယူထားသော ဤ ဆေးရုံပင်မအဆောက်အဦ၏ နောက်ဘက်တွင် ထွက်ပေါက်တစ်ခု ရှိသည်။ စင်္ကြံဘက်သို့ ထွက်ပေါက်ရှိသော စတိုခန်းထဲတွင် လူသေထည့်ရန် ခေါင်းများ ရှိ၏။ မိသားစုရောက်လာသောအခါ စင်္ကြံထဲတွင် သံရိုက်ပိတ်ပြီး ခေါင်းတစ်ခုကို တွေ့ကြရမည်။ ထို့နောက်တွင် ဤကိစ္စအဝဝ၏ အရေးအကြီးဆုံးအပိုင်း ဖြစ်သော ရုံးလုပ်ငန်းဆိုင်ရာ ပုံစံများကို အိမ်ထောင်ဦးစီးက လက်မှတ်ရေးထိုးခြင်း ပြုရသည်။ ထို့နောက် ခေါင်းကို မော်တော်ကားပေါ်သို့ တင်ပေးသည်။ အသုဘယာဉ်အစစ် သို့မဟုတ် ပြုပြင်ထားသည့် လူနာတင်ကားကြီးတစ်စီး ဖြစ်မည်။ မသာပို့သူတို့သည် ပြေးခွင့်ပြုထားသေးသည့် အနည်းငယ်မျှသော တက္ကစီများပေါ်သို့ တက်ကြကာ မြို့လယ်လမ်းများကို ရှောင်ကွင်းသွားသည့် လမ်းများမှ သုသာန်အရောက် ဒလကြမ်း မောင်းသွားကြရသည်။ သုသာန်တံခါးတွင် ရပ်၍ တရားဝင် ထွက်လက်မှတ်ကို ပုလိပ်အရာရှိများက ရာဘာတံဆိပ် စိုက်ပေးသည်။ ဤတံဆိပ်မပါလျှင် ကျွန်ုပ်တို့ မြို့သူမြို့သားများမှာ နောက်ဆုံး လျောင်းစက်ရာဆိုသည့် နေရာကလေးတစ်ခု မရနိုင်ကြချေ။ ပုလိပ်က နောက်ဆုတ်ပြီး လမ်းဖယ်ပေးလိုက်သောအခါ ကားများသည် ကျင်းများတူး၍ အဆင်သင့် စောင့်နေသည့် နေရာသို့ မောင်းသွားကြရသည်။ မသာပို့သူများအား ဘုန်းကြီးတစ်ပါးက လာတွေ့သည်။ ဘုရားရှိခိုးကျောင်း၌

ဘာသာရေးဆိုင်ရာ အသုဘအခမ်းအနားမျိုးကို ပိတ်ပင်ထားသည်။ ဆုတောင်းစာများ ရွတ်ဖတ်စဉ် ခေါင်းကို ကားပေါ်မှဆွဲချ၍ ကြိုးများတပ်ကာ ကျင်းနှုတ်ခမ်းသို့ သယ်လာသည်။ ထို့နောက် ကြိုးများကိုလျှော့ချပြီး ခေါင်းသည် အောက်သို့ ဘုတ်ခနဲ ကျသွားလျှင်ပင် ဘုန်းကြီးက ရေစင်ဖျန်း၊ တစ်ချိန်တည်းပင် မြေကြီးခဲများ ခေါင်းအဖုံးပေါ်သို့ တဘုံးဘုံး ကျလာသည်။ အသုဘယာဉ်သည် အလောင်းချပြီးလျှင်ပင် ထွက်ခွာသွားပြီး ပိုးသတ်ဆေးဖျန်းနှင့်ပြီ ဖြစ်၏။ ကျင်းထဲသို့ မြေကြီးများ တစ်ကော်ပြီးတစ်ကော် တဘုံးဘုံးကျလာပြီး ပြည့်သည်ထက် ပြည့်လာသောအခါ မိသားစုလည်း တက္ကစီများထဲသို့ တိုးဝှေ့ဝင်ကြတော့သည်။ နောက် ဆယ့်ငါးမိနစ် ကြာသောအခါ သူတို့သည် အိမ်သို့ ပြန်ရောက်နေကြပြီ ဖြစ်၏။

ဤကိစ္စအဝဝကို ကူးစက်အန္တရာယ် နည်းနိုင်သမျှ အနည်းဆုံးနှင့် မြန်နိုင်သမျှ အမြန်ဆုံး လုပ်ဆောင်ကြရသည်။ သို့ရာတွင် စောစောပိုင်းကမူ ဤသို့ လျှပ်တစ်ပြက် အသုဘကိစ္စများသည် မိသားစု၏စိတ်ဓာတ်ကို များစွာထိခိုက်စေသည် ဆိုသည်ကိုကား မငြင်းသာချေ။ သို့ရာတွင် ကပ်ရောဂါသင့်နေသည့် ကာလတွင်မူ ဤကဲ့သို့သော စိတ်ဓာတ်မျိုးကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်၊ ကိစ္စပြီးမြောက်မှုအတွက် အဖက်ဖက်က လျှော့ကြရသည်သာ ဖြစ်လေသည်၊ မိမိတို့ နီးစပ်သူများကို ကောင်းမွန်စွာ သင်္ဂြိုဟ်ရန်ဆန္ဒမှာ သာမာန်အားဖြင့် ထင်ရသည်ထက် ပိုမိုကျယ်ပြန့်စွာ ရှိကြသည်ဖြစ်ရာ၊ အစတွင် လူအများ၏ စိတ်ဓာတ်သည် ယိမ်းယိုင်ကျဆင်းလျက် ရှိခဲ့သော်လည်း ကြာလာသောအခါ ကံအားလျော်စွာပင် စားနပ်ရိက္ခာပြဿနာက ပိုမိုအရေးကြီးလာသဖြင့် ကျွန်ုပ်တို့၏ မြို့သူမြို့သားများ စိတ်အာရုံသည် လက်ငင်းလိုအပ်ချက်များ ဆီသို့သာ ပြောင်းသွားကြရ လေတော့သည်။ လူအများသည် ပုံစံများဖြည့်ရခြင်း၊ စားနပ်ရိက္ခာ ရှာဖွေရ ခြင်း၊ တန်းစီရခြင်းတို့ဖြင့် အားအင်ကုန်ခမ်း ပင်ပန်းလျက် ရှိကြပေရာ သူတို့၏ ပတ်လည်တွင် ဘယ်သူတွေ ဘယ်လိုသေ၍ သူတို့ကိုယ်တိုင်လည်း တစ်နေ့ ဘယ်လိုသေကြရမည်ကိုပင် မတွေးအားကြတော့ချေ။ ဤသို့လျှင် တစ်နေ့တခြား ပိုမိုရှုပ်ထွေး၍ လာခဲ့သော ကျွန်ုပ်တို့၏ နေ့စဉ်နေမှုထိုင်မှုသည် စိတ်နောက်ညစ်ကျုဖွယ်ရာ ဖြစ်လာခဲ့သော်လည်း တစ်နည်းအားဖြင့်မူ ဆိုးမယောင်နှင့် ကောင်းသည့် အဖြစ်ဟူ၍ပင် ဆိုရပေမည်။ ဤကူးစက်ရောဂါကြီးသာ အထက်၌ ဆိုခဲ့သည့်အတိုင်း မပြန့်နှံ့ မဖျက်ဆီးခဲ့ပါလျှင် အားလုံးပင် ကောင်းဖို့ချည်း ဖြစ်နေပေမည်။

ယခုမူ လူသေထည့်ရန်ခေါင်းများ ရှားပါးလာသည်။ ပတ်ရန်ပိတ်များ ရှားပါးလာသည်။ သုသာန်ကုန်းတွင် မြှုပ်ရန်နေရာပါ ရှားပါးလာသည်။ တစ်ခုခုတော့ လုပ်ရတော့မည်ဖြစ်၍ သိသိသာသာ လှမ်းလိုက်သော ခြေလှမ်းတစ်လှမ်းမှာ အသုဘကိစ္စများကို လွယ်ကူသလို ပို့ဆောင်ကာ လိုအပ်လာလျှင် သုသာန်နှင့်ဆေးရုံ အခေါက်ခေါက် ပြန်သယ်၍ အတူတကွ သင်္ဂြိုဟ်ခြင်းပင် ဖြစ်၏။ တစ်ချိန်တွင်

ဒေါက်တာရေး အုပ်ချုပ်သည့် ဆေးရုံ၌ ခေါင်းလက်ကျန် ငါးလုံးမျှသာ ရှိတော့သည်။ ထိုငါးလုံး ပြည့်သည်နှင့် ငါးလုံးစလုံး လူနာတင်ယာဉ်၌ တင်ကာ သုသာန်သို့အရောက်တွင် ညီမြည်းနေသော အလောင်းများကို ခေါင်းထဲမှ သွန်ထုတ်၍ ကပ်နှင့်သယ်ကာ ထိုကိစ္စအတွက်ထားသော တဲအတွင်းသို့ ပို့၍ သူ့အလှည့်ကို စောင့်စေရသည်။ တစ်ချိန်တည်းမှာပင် ခေါင်းလွတ်များကို ပိုးသတ်ဆေးရည်များ ဖျန်းကာ ဆေးရုံသို့ အမြန်ပြန်သယ်သွားရသည်။ ဤနည်းနှင်နှင်ပင် လိုအပ်သလို အထပ်ထပ် ပြုလုပ်ရလေသည်။ ဤစနစ်သည် ကောင်းစွာ လုပ်ဆောင်အောင်မြင်သောကြောင့် ဘုရင်ခံက များစွာ သဘောကျလေသည်။ သူက ဒေါက်တာရေးအား ရှေးက ဤသို့ ကပ်သင့်ချိန်များအကြောင်း၌ ဖတ်ဖူး သော နီဂရိုးများတွန်းသည့် အလောင်းတင် လှည်းများထက် တကယ်ပင် များစွာ တိုးတက်ကောင်းမွန်လာသည် ဟူ၍ပင် ပြောပြသေးသည်။

ရှေးက "ဟုတ်ကဲ့။ မြှုပ်နှံပုံတွေက အတူတူလိုပဲပေမယ့် ကျွန်တော် စာရင်းနဲ့ အင်းနဲ့ အသေအချာ ထားတာပဲ။ ဒါလည်း တိုးတက်မှုပဲလို့ ဆိုရမှာပါပဲ" ဟု ပြောသည်။

လက်တွေ့လုပ်ဆောင်ရာတွင် ဤစံနစ်အောင်မြင်သည်ဟု ဆိုရသည့်တိုင်အောင် ယခုအခါ ဘုရင်ခံက သေသူများအား မြှုပ်နှံသည့်နေရာအထိ သူ၏ ဆွေမျိုးသားချင်းများ လိုက်ခွင့်မပေးသင့်တော့ ဟု ယူဆသောကြောင့် သူတို့သည် သုသာန်တံခါးဝ အထိသာ လိုက်ကြရတော့သည်။ ဤမျှပင်လျှင် တကယ်က တရားဝင်ခွင့်ပြုချက် မဟုတ်၊ ယင်းကား သေသူတို့အား မြှုပ်နှံသင်္ဂြိုဟ်ရာတွင် နောက်ဆုံး လုပ်နည်းလုပ်ဟန် အပြောင်းအလဲကြောင့် ဖြစ်လေသည်။ သင်္ချိုင်းကုန်း၏ အဝေးဘက်ထိပ်တွင် ရှားပင်ကလေးများ ဟိုနားတစ်ပင် သည်နားတစ်ပင် ပေါက်ရောက်နေသော ကွင်းလယ်၌ တွင်းကြီးနှစ်တွင်း တူးထားသည်။ တစ်တွင်းက ယောက်ျားများအတွက်၊ ကျန်တစ်တွင်းက မိန်းမများအတွက် ဖြစ်၏။ ဤသို့လျှင် အာဏာပိုင်များက ဤကိစ္စတွင် သင့်လျော်လျောက်ပတ်အောင် စီမံရန် သတိရကြပါသေးသည်။ နောက်ပိုင်းတွင် အခြေအနေများ၏ အရှိန်အဟုန်ကို မနိုင်နိုင်တော့အောင် ဖြစ်လာမှသာ နောက်ဆုံးဖြစ်သော ဤယဉ်ကျေးဖွယ်ရာ အမှုကလေးများ ပျက်ပြားလျက် ယောက်ျားမိန်းမ ခွဲခြားမနေနိုင်တော့ဘဲ တွင်း ကြီးထဲသို့ ပစ်၍ပစ်၍ ထည့်ကြရတော့သည်။

ကျွန်ုပ်တို့ ယခုပြောပြနေသည့် အချိန်ပိုင်းကမူ ယောက်ျားမိန်းမ ခွဲခြားမှု ရှိနေပါသေးသည်။ အာဏာပိုင်များကလည်း ဤကိစ္စတွင် များစွာ ဂုဏ်ယူဝင့်ကြွား အသားယူထားသည်။ တွင်းတစ်တွင်းစီ၏ အောက်ခြေတွင် အခိုးတချောင်းချောင်းနှင့် တရှဲရှဲ ပွက်လျက်ရှိသော မဖောက်ထုံးထူထူ တစ်ထပ်ရှိ၏။ တွင်းနှုတ်ခမ်းများတွင်လည်း မဖောက်ထုံး ကန်သင်းရိုးတားလျက် ပလုံစီထကာ

အထက်က လေထုတွင် မွှန်လျက်ရှိ၏။ လူနာတင်ကား တစ်ခေါက်လာပို့သွားသောအခါ ကပ်များကို တွင်းနှုတ်ခမ်းသို့ တန်းစီ၍ သယ်လာသည်။ အဝတ်မပါ ဗလာကျင်းလျက် တွန့်လိမ်ကောက်ကွေးနေပြီ ဖြစ်သော အလောင်းများကို တွင်းထဲသို့ ဘေးတိုက်စီ၍ လျှောချလိုက်သည်။ ထို့နောက် မဖောက်ထုံး တစ်ထပ်ဖုံးကာ မြေကြီးတစ်ထပ် ဖို့သည်။ မြေကြီးမှာ လက်မအနည်းငယ်သာ ဖြစ်၏။ နောက်ထပ် တစ်သုတ်ရောက်လာလျှင် မြှုပ်သာအောင် နေရာချန်ထားရသေးသည်။ နောက်တစ်ရက်တွင် အနီးစပ်ဆုံး သားချင်းများအား မြှုပ်နှံသင်္ဂြိုဟ်မှု မှတ်ပုံတင်စာအုပ်ထဲတွင် လက်မှတ်ရေးထိုးခိုင်းသည်။ မှတ်ပုံစာအုပ်တွင် သေဆုံးသူသည် လူ၊ သို့မဟုတ် ခွေး အစရှိသည်တို့ကို ခွဲခြားပြနိုင်သလောက် ပြထားသည်။ လူသေသည်ဆိုလျှင် စစ်ဆေး၍ မှတ်ပုံထဲတွင် ရေးသွင်းထားသည်။

ဤလုပ်ငန်းများသည် လူအတော်များများ လိုသည်မှာ ထင်ရှားလျက်ရှိပေရာ ရေးမှာ မကြာခဏပင် လူအင်အား မလုံလောက်သည့် ပြဿနာနှင့် ရင်ဆိုင်ရသည်။ တွင်းတူးသူများ၊ ကပ်သင့်သူများ ကဲ့သို့သော အစိုးရအမှုထမ်းများ၊ နောက်တွင် စေတနာ့ဝန်ထမ်း အလုပ်သမားများသည် ပလိပ်ကပ်ဖြင့် သေဆုံးကြသည်။ ဘေးဆီးရန်ကာများ မည်မျှပင် တင်းကြပ်စွာ လုပ်ဆောင်ထားစေကာမူ ကူးစက်မှုကတော့ အနေးနှင့်အမြန် ဖြစ်သည်သာ။ သို့တိုင်အောင် အားလုံးထဲတွင် အံ့သြစရာ အကောင်းဆုံးမှာ ဤကူးစက်ရောဂါကြီး ဖြစ်ပွားနေချိန် တစ်လျှောက်လုံး ဤအလုပ်များကို လုပ်ရန်အတွက် လူမရနိုင်ဟူ၍ ဘယ်အခါမှ မရှိခြင်းပင်တည်း။ ကပ်ရောဂါကြီး ကျရောက်၍ အခေါင်အဖျားသို့ ရောက်ခဲ့သည်တွင် အရေးကြီးသည့် အခြေအနေသို့ ရောက်ခဲ့ပြီး ဆရာဝန်မှာ အတော်ပင် စိုးရိမ်မကင်း ဖြစ်ခဲ့ရသေးသည်။ ထိုအချိန်ကမူ ရာထူးကြီးများတွင် လည်းကောင်း၊ အလုပ်ကြမ်းဟု ရေးက ခေါ်သည့် အလုပ်များတွင်လည်းကောင်း တကယ်ပင် လူအင်အား လျော့နေခိုက်ဖြစ်သည်။ သို့ရာတွင် မဖြစ်စကောင်းဖြစ်သည်မှာ တစ်မြို့လုံး ကပ်ရောဂါ၏ လက်ခုပ်တွင်းသို့ ကျရောက်သွားသည့် အခါတွင် ကပ်ရောဂါကြီး ပြန့်ပွားလျက်ရှိမှုကြောင့်ပင်လျှင် လွယ်ကူသောကိစ္စများ ရှိလာခြင်းပင် ဖြစ်လေသည်။ မြို့ပေါ်တွင် အရောင်းအဝယ်ကိစ္စများ ပျက်ပြားသွားသောအခါ လူပေါင်းများစွာ အလုပ်လက်မဲ့ ဖြစ်ကြရသည်။ ဤသို့ အားလပ်သွားသောသူများမှ အနည်းငယ်မျှသာ အုပ်ချုပ်ရေးရာထူးများအတွက် အရည်အချင်းရှိကြပြီး အလုပ်ကြမ်းအတွက် လူရှာရသည်မှာ များစွာ လွယ်ကူလာလေသည်။ ယခုမှစ၍ အထူးသဖြင့် အသက်အန္တရာယ် ကျရောက်လွယ်သော ဤအလုပ်မျိုးကို လုပ်ခကောင်းကောင်း ပေးသည် ဖြစ်သောကြောင့် အကြောက်တရားထက် ဆင်းရဲငတ်ပြတ်ခြင်းက လွှမ်းကဲလာသည်တွင် လူများအား အလုပ်ဝင်လုပ်ဖြစ်အောင် လှုံ့ဆော်ပေး နေသကဲ့သို့ ရှိလေသည်။ သန့်ရှင်းရေးအဖွဲ့များ၌ ထိုအလုပ်မျိုး လုပ်လိုသူတို့ တန်းစီ၍ စောင့်လျက်ရှိသည်။ အလုပ်နေရာလစ်လပ်၍ အရံစာရင်းတွင် ထိပ်ဆုံးက လူများအား အကြောင်းကြားလိုက်သောအခါ ဘယ်တော့မှ အလုပ်ဝင်မလုပ်နိုင်တော့သော သူများ

မဟုတ်ပါက ခေါ်လိုက်လျှင် မလာသူ မရှိ။ ဤသို့လျှင် အကျဉ်းသားများအား နှစ်တိုသမားဖြစ်စေ၊ နှစ်ကြီးသမားဖြစ်စေ မသုံးလိုသော ဘုရင်ခံမှာ မလိုလားအပ်သော ထိုနည်းကို ရှောင်ရှားနိုင်ခဲ့သည်။ သူက "အလုပ်လက်မဲ့တွေ ရှိနေသမျှ ကျုပ်တို့ ဘယ်လောက် စောင့်ရစောင့်ရပေါ့ဗျာ" ဟု ဆိုလေသည်။

ဤသို့ဖြင့် ဩဂုတ်လကုန်သည့်အထိ ကျွန်ုပ်တို့၏ မြို့သူမြို့သားများအား နောက်ဆုံး လှောင်းစက်ရာနေရာသို့ ပို့ဆောင်မှုသည် အလွန်ယဉ်ကျေးဖွယ်ရာ အခြေအနေများဖြင့် မဟုတ်စေကာမူ၊ အာဏာပိုင်များအနေဖြင့် သေသူများနှင့် ကျန်ရစ်သူ အပူသည်များ၏ အပေါ်တွင် သူတို့ပြုအပ်သည့် ဝတ္တရားကို ကောင်းစွာဆောင်ရွက်လျက် ရှိသည်ဟု အထင်ရောက်နိုင်လောက်အောင်တော့ စံနစ်တကျ ဖြစ်ခဲ့သည် ဆိုရမည်။ သို့ရာတွင် ဤနေရာ၌ အနည်းငယ် ကြိုတင်၍ နောက်ဆုံးအဆင့်၌ ကျွန်ုပ်တို့ တွေ့ကြုံကြရသည့် အကျပ်အတည်းကို ဖော်ပြရပါဦးမည်။ ဩဂုတ်လမှစ၍ နောက်ပိုင်းတွင် ပလိပ်ဖြင့် သေဆုံးသည့်လူဦးရေမှာ ကျွန်ုပ်တို့၏ သင်္ချိုင်းကုန်းမြေကလေးနှင့် မဆံ့တော့အောင် များလွန်းပြီး ဆက်လက်၍လည်း များဆဲဖြစ်ရကား သင်္ချိုင်း၏ တံတိုင်းများကိုဖြိုချကာ အနီးအနားရှိ မြေများပေါ်အထိ ကျူးကျော်မြှုပ်နှံရုံမျှဖြင့်လည်း မလုံလောက်နိုင်အောင် ဖြစ်လာသည်။ ဤတွင် နည်းသစ်စနစ်သစ်များ မဆိုင်းမတွ ပေါ်ပေါက်လာရတော့သည်။ ပထမခြေလှမ်းအနေဖြင့် သေသူများအား ညဥ့်အချိန် မြှုပ်နှံရန် စီမံရသည်။ ဤနည်းက ပိုမိုအကျဉ်းရုန်း၍ ရနိုင်သည်မှာ ထင်ရှားသည်။ အလောင်းများကို လူနာတင်ကားထဲသို့ များသည်ထက်များများ ထပ်ပုံ၍တင်သည်။ စည်းမျဉ်းဥပဒေများကို ပမာမခံ့ပြု၍ မြို့စွန်မြို့ဖျား ရပ်ကွက်များ၌ ညမိုးချုပ်ချုပ် လမ်းထွက်နေကြသူ အနည်းငယ်နှင့် တာဝန်အရ ထိုနေရာများသို့ ထိုအချိန်များတွင် ရောက်နေရသူများသည် ညဥ့်မှောင်မှောင် လမ်းများပေါ်၌ ခေါင်းလောင်းသံ ပွဲ့တင်ထပ်လျက် အရှိန်ပြင်းစွာ မောင်းသွားသော လူနာတင်ကားဖြူ အရှည်ကြီးများကို တွေ့ကြမြင်ကြရတတ်သည်။ သုသာန်သို့ ရောက်လျှင် အလောင်းများကို တွင်းကြီးများထဲသို့ ဝရန်းသုန်းကား သွန်ချကာ အောက်သို့ကျ၍မှ မငြိမ်မိ မဖောက်ထုံးများ တစ်ကော်ပြီးတစ်ကော် ပက်ချသဖြင့် မျက်နှာများကိုလောင်ကာ မကြာမတင်ပင် မြေကြီးများဖို့၍ ချလိုက်တော့သည်။ တွင်းများကိုလည်း တဖြည်းဖြည်း နက်၍နက်၍ တူးလာကြရလေသည်။

သို့ရာတွင် ထို့နောက် များမကြာမီပင် နေရာသစ်ရှာဖွေရန် လိုအပ်လာသည်ဖြစ်၍ နည်းသစ်တစ်မျိုး ထွင်ကြရပြန်လေသည်။ အထူးအရေးပေါ် စီမံကိန်းအနေဖြင့် တိုင်းတစ်ပါးသားတို့အား ထာဝရခွင့်ပြုထားသည့် သင်္ချိုင်းမြေများကို ပြန်သိမ်းယူ၍ သူတို့၏ အရိုးများကိုဖော်ကာ မီးရှို့ရုံသို့ ပို့လေသည်။ ထို့နောက် မကြာမီ ပလိပ်ကပ်သင့်၍ သေသူများအားလည်း ထိုနည်းတူစွာ မီးရှို့ပစ်ရတော့သည်။ ဤသို့ ဖြစ်လာသောအခါ မြို့၏ အရှေ့တံခါးအပြင်ဘက်ရှိ

မီးရှို့ရုံကို အသုံးပြုရမည် ဖြစ်လေရာ အစောင့်တပ်များကိုလည်း ငုံမိအောင် မြို့ပြင်အထိထွက်၍ ချရတော့သည်။ ထိုအချိန်တွင် ဦးနှောက်ခြောက်နေကြသော အာဏာပိုင်များမှာ စည်ပင်သာယာ အမှုထမ်းတစ်ဦးက ပေးသည့် အကြံဉာဏ်ဖြင့် ဟန်ကျသွားသည်။ သူက ယခုအခါ အသုံးမပြုဘဲ ထားရသည့် ကမ်းခြေတစ်လျှောက် သွားသော ဓာတ်ရထားလမ်းကို အသုံးပြုရန် အကြံပေးထားသည်။ ထို့ကြောင့် ဓာတ်ရထားများ၏ အတွင်းဘက်များကို လည်းကောင်း၊ နောက်တွဲများကို လည်းကောင်း ဤကိစ္စအတွက် ပြုပြင်ကာ မီးရှို့ရုံဆီအထိ လမ်းခွဲဖောက်ထားလိုက်သဖြင့် မီးရှို့ရုံသည် ဓာတ်ရထားလမ်းဆုံး ဖြစ်လာလေတော့၏။

နွေနှောင်းရက်များမှသည် ဆောင်းရာသီကုန်သည် အထိပင် လယ်အထက် ကမ်းပါးနှုတ်ခမ်း တစ်လျှောက်စီတွင် ခရီးသည်မပါသော ဓာတ်ရထားများ တအိအိတယိမ်းယိမ်း ခုတ်မောင်းလျက် ရှိသည်ကို မိုးကောင်းကင်နောက်ခံဖြင့် တွေ့မြင်ကြရလေသည်။ မကြာမီပင် ထိုရပ်ကွက်ရှိ လူများသည် ဘာဖြစ်နေသည်ကို သိသွားကြသည်။ ဤကမ်းပါးများတွင် အစောင့်များ နေ့ရောညပါ လှည့်လည်စောင့်ကြပ်လျက် ရှိသော်လည်း လူစုကလေးများသည် ကျောက်ကြိုကျောက်ကြားများမှ လူမမြင်အောင် ပုန်းလျှိုး၍သွားကာ ဓာတ်ရထားများ ဖြတ်သွားသည်ကို စောင့်ပြီး ပန်းများ ပစ်ထည့်တတ်ကြလေသည်။ နွေညများ၏ ပူအိုက်သော အမှောင်ထုထဲဝယ် ဓာတ်ရထားများသည် အလောင်းများ၊ ပန်းများကို တင်ဆောင်ကာ လူးလာခေါက်ပြန် သွားလျက်ရှိသည်ကို ကြားကြရလေသည်။

အစပိုင်း ရက်အနည်းငယ်တွင် အရှေ့ပိုင်းရပ်ကွက်၏ အထက်ကောင်းကင်၌ ဆီညှော်လိုလို အနံ့ဆိုးဆိုး မီးခိုးတိမ်များဖြင့် အုပ်ဆိုင်းလျက်ရှိသည်။ ဤအနံ့အသက်များသည် မနှစ်မြို့ဖွယ် ဖြစ်သော်လည်း အနည်းငယ်မျှ အန္တရာယ် မဖြစ်စေတတ်ပါဟု ဆရာဝန်အားလုံးက တညီတညွတ်တည်း ဆိုကြလေသည်။ သို့ရာတွင် ထိုရပ်ကွက်၌ နေထိုင်ကြသူများကမူ သူတို့၏ အပေါ်သို့ မိုးပေါ်က ရောဂါပိုးများ ရွာချနေသည်ဟု ယုံကြည်ကာ အစုလိုက် ပြောင်းရွှေ့ကြမည် တကဲကဲ လုပ်နေကြသောကြောင့် ထိုသူများအား နှစ်သိမ့်ရန်အတွက် မီးခိုးကို လွှဲပေးရန် ကိရိယာတစ်ခုကို တကူးတကန့် တပ်ဆင်၍ ပေးခဲ့ရလေသည်။ ထိုမှနောက်တွင်ကား အရှေ့ဘက်က လေသင့်မှသာ ဤအနံ့ဆိုး၏ အငွေ့အသက် သဲ့သဲ့မျှ ရကြပြီး သူတို့သည် အစီအစဉ်သစ်ဖြင့် နေထိုင်လျက် ရှိကြသည်ကို သတိရကြတော့သည်။ ပလိပ်ကပ်မီးကြီးကမူကား ညစဉ်ပင် လူများကို ဝါးမျိုလျှက်သာ ရှိလေသည်။

ဤသည်တို့ကား ကူးစက်ရောဂါကြီး အခေါင်အဖျားသို့ ရောက်ချိန်တွင် ဖြစ်လာသည့် အကျိုးတရားများပေတည်း။ ထိုထက် ပိုမိုဆိုးဝါးမလာ၍သာ တော်ပေသေးတော့သည်။ ပိုမိုဆိုးဝါးလာပါက ကျွန်ုပ်တို့၏ အုပ်ချုပ်မှုဆိုင်ရာများ၏

ကြုံရည်ဖန်ရည်သည် လည်းကောင်း၊ ကျွန်ုပ်တို့၏ အရာရှိအရာခံများ၏ စွမ်းရည်သည် လည်းကောင်း၊ မီးရှို့ရုံ၏ရှို့အားသည် လည်းကောင်း၊ ထမ်းဆောင်ရသည့် တာဝန်နှင့် မမျှတအောင် ဖြစ်နေလိမ့်မည်ဟု ယုံကြည်ရန် အကြောင်းရှိလေသည်။ ဤပြဿနာ၏ အဖြေကို အပူတပြင်း ရှာဖွေဆွေးနွေးကြသည် ဟု ဒေါက်တာရေး သိရသည်။ အလောင်းများကို ပင်လယ်ထဲသို့ ပစ်ချရန်လည်း ဆွေးနွေးစဉ်းစားကြသည် ဆို၍ ကမ်းပါးစောက်များ၏ အောက်ခြေရေတိမ်ထဲတွင် မသဒီစရာ လူသေကောင်များ တုံးလုံးပက်လက် လိမ့်နေသည်ကို မြင်ယောင်မိသည်။ အသေအပျောက်နှုန်း နောက်ထပ် တိုးမြင့်၍လာသော် မည်မျှပင် စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်သည် ဆိုသည့် အဖွဲ့အစည်းမျိုးမှ ဤပြဿနာကို ရင်ဆိုင်နိုင်မည် မဟုတ်ဟုလည်း သိသည်။ လူများ အထပ်လိုက် အပုံလိုက် သေကြပြီး လမ်းများပေါ်တွင်ပင် ပုပ်ပွရိဆွေး နေကြတော့မည် ဆိုသည်ကိုလည်း သိသည်။ အာဏာပိုင်တို့ ဘာပဲလုပ်လုပ်၊ သေတော့မည့် လူများသည် အသက်ရှင်လျက် ရှိသူများအား သိသာမြင်သာသော မုန်းစိတ်ဖြင့် လည်းကောင်း၊ ရူးရူးနှမ်းနှမ်း မျှော်လင့်ချက်ဖြင့် လည်းကောင်း၊ အများပြည်သူတို့၏ ပန်းခြံစသည့် နေရာတို့တွင် သွေးရူးသွေးတမ်း ဖက်ယမ်းဆွဲငင်သည့် အမှုများကို တွေ့မြင်ကြ ရတော့မည်ဟုလည်း သိလေသည်။

ကျွန်ုပ်တို့၏ မြို့သူမြို့သားများအား သူတို့၏ ပြည်နှင်ဒဏ်ခံရသည့်အဖြစ် ခွဲခြားထားခြင်း ခံရသည့်အဖြစ်များကို သတိရစေသည်မှာ ဤကဲ့သို့သော မြင်ကွင်းများနှင့် တွေးတောစိုးရိမ်စရာ အခြေအနေတို့ပင် ဖြစ်လေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဤအကြောင်းများကို ပြန်ပြောနေသူသည် ရေးကမှတ်တမ်းများ၌ ကျွန်ုပ်တို့အား သည်းထိတ်ရင်ဖို ဖြစ်စေသော မှတ်လောက်သားလောက် ထူးခြားကြီးကျယ်သည့် အရေးကိစ္စကြီးများ ကဲ့သို့သော တကယ့်ဖြစ်ရပ်ကြီးများကို ဤနေရာတွင် မှတ်တမ်းတင်ခြင်းဟာ မစွမ်းနိုင်သည့်အတွက် ဝမ်းနည်းဖွယ်ရာ ဖြစ်ကြောင်းကို ကောင်းစွာသိရှိပါသည်။ အမှန်မှာ အရာရာတိုင်းသည် ကပ်ရောဂါတမျှပင် စိတ်လှုပ်ရှား ထိတ်လန့်ဖွယ်ရာဖြစ်ပြီး၊ ယင်းတို့ ကာလကြာရှည်သည့် အကြောင်းကြောင့်ပင် ကြမ္မာဆိုးကြီးများသည် ထပ်တလဲလဲ ဖြစ်သည်။ ယင်းတို့ကို နဖူးတွေ့ဒူးတွေ့ ကြုံခဲ့ကြရသူများသည် ပလိပ်ကပ်၏ အလွန်ဆိုးဝါးသော ကာလများကို ပြန်တွေးမိသောအခါ မိုးထိအောင် အလျှံတညီးညီးနှင့် ဒေါသတကြီးလောင်သည့် မီးတောက်မီးလျှံများအဖြစ် မြင်ယောင်မိကြမည် မဟုတ်၊ အေးအေးဆေးဆေး စိမ်ပြေနပြေ ရွေ့လျားသွားလျက် လမ်းတွင် တွေ့သမျှအားလုံး ဖျက်ဆီးချေမှုန်းသော ရောမ ကြောက်ခမန်းလိလိ အရာကြီးတစ်ခု အဖြစ်သာ ထင်မြင်ကြည့်မိကြ ပေလိမ့်မည်။

အမှန်ပင် တကယ့်ပလိပ်ကပ်သည် ရောဂါဖြစ်ပွားစက ဒေါက်တာရေး၏ စိတ်ကူးထဲတွင် တရေးရေး မြင်ယောင်နေခဲ့သည့် ကြီးကျယ်ခမ်းနားသော

အတွေးအာရုံများနှင့် ဘာတစ်ခုမှ မတူချေ။ ယင်းသည်ကား မိမိလုပ်ဖွယ်ရှိသည်ကို ကျင်လည်ကောင်းမွန်စွာ မတွန့်မဆုတ် လုပ်ဆောင်စီမံတတ်ပြီး အင်အားကြီးမားသည့် အဖျက်အဆီးသမား ရန်သူ ဖြစ်လေသည်။ ကြုံတုန်း ပြောရပါဦးမည်။ ဤအကြောင်းများကို ပြန်ပြောသူသည် တကယ့်အရိုကို မဖုံးကွယ်မိအောင် သူ့ကိုယ်သူ မလိမ်မညာမိအောင် ဓမ္မဓိဋ္ဌာန်ကျကျဖြစ်ဖို့ ရည်ရွယ်ရခြင်းမှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်သည်။ သူ ပြောပြသည့်အကြောင်းများ အထိုက်အလျောက် အမြီးအမောက်တည့်ရုံထက် ပို၍ အနုပညာမြောက်အောင် ဟူသော ရည်ရွယ်ချက်ဖြင့် အဖြစ်မှန်ကို ပြုပြင်ပြောင်းလဲခြင်းများ မပြုသလောက်ပင် ဖြစ်ပါသည်။ ယင်းသည့် စောင့်စည်းမှုကလေးကို ထောက်ထားသောအားဖြင့် လူပေါင်းများစွာ အကြီးအကျယ် စိတ်သောက ဖြစ်ရခြင်းများ၏ အဓိကအကြောင်းရင်းများမှာ ခွဲခွာနေကြရခြင်း ဖြစ်သည်ကို ပလိပ်ကပ်၏ နောက်ဆုံးအပိုင်း၌ ရှိခဲ့သည့်အတိုင်း ပြန်ပြောရန် သူ၏ဝတ္တရား ဖြစ်သော်လည်း ယင်းသည့် စိတ်သောကသည်ပင်လျှင် ထိခိုက်စူးရှမှုအင်အား လျော့ပါး၍ လာခဲ့သည် ဆိုသည်ကိုကား ငြင်းနိုင်လိမ့်မည် မဟုတ်ပါချေ။

ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် မိမိတို့ချစ်ခင်သူများနှင့် ခွဲခွာနေရ၍ အဆိုးဆုံး ခံစားနေရသူများပင်လျှင် သူတို့မရှိဘဲ နေနေကျ သွားကြသောကြောင့်ပေလော ဟု တွေးစရာရှိ၏။ သို့ရာတွင် ဤသို့တွေး၍ မှန်ကန်မည်တော့ မဟုတ်ပေ။ သူတို့သည် ရှိသမျှ စိတ်အင်အား လူအင်အားကလေးကို ဖြုန်းတီးပစ်နေကြသည် ဆိုရသော် ပိုမိုမှန်ကန်ဖွယ် ရှိလေသည်။ ပလိပ်ကပ်ဆိုး၏ အစလောက်ဆီတွင် သူတို့သည် ကွေကွင်းနေသူများအား မျက်ဝါးထင်ထင် ဆင်ခြင်မှန်းဆ၍ ပီပီသသ တွေ့မြင်နိုင်ကြပြီး သူတို့၏ အဆုံးအရှုံးအတွက် ရတက်မအေးနိုင်အောင် ရှိခဲ့ကြ၏။ သို့ရာတွင် သူတို့သည် သူတို့ချစ်ခင်ရသူများ၏ မျက်နှာများကို လည်းကောင်း၊ အပြုံးကို လည်းကောင်း၊ အသံကို လည်းကောင်း၊ ယခုက ပြန်ပြောင်းတွေးကြည့်လျှင် မြင်နိုင်သည့် သူတို့ အပျော်ကြီးပျော်ခဲ့ကြသည့် ကာလများကို လည်းကောင်း ပီသစွာ ထင်မြင်၍ ကြည့်နိုင်ကြသေးသည် ဆိုစေဦးတော့ ဤသို့သော သတိရစရာကလေးများကို သူတို့က စိတ်ပျက်အားလျော့စရာ ယခုလက်ရှိ အခြေအနေမျိုးမှနေ၍ တွေးတောနေချိန်ဝယ် သူတို့ချစ်ရသူများသည် ဘာတွေများ လုပ်နေကြပါလိမ့်မည်နည်း ဟု တွေးကြည့်ရာတွင် သိနိုင်မြင်နိုင်ဖို့ကျတော့ ခက်ပြန်လေသည်။ အချုပ်ကိုဆိုရသော် ဤကဲ့သို့သော ကာလများတွင် သူတို့၏ မှတ်ဉာဏ်ကတော့ ကောင်းပါသည်။ သို့သော် သူတို့၏ စိတ်ကူးဉာဏ်ကတော့ သူတို့အား ဘာမျှ အထောက်အပံ့ မပြုနိုင်တော့။ ဤပလိပ်ကပ်ကြီး၏ ဒုတိယပိုင်းကာလ အတွင်းတွင်ကား သူတို့၏ မှတ်ဉာဏ်ကပင်လျှင် မကောင်းချင်တော့။ သူတို့ချစ်ရသူများ၏ မျက်နှာများကို မမှတ်မိတော့ခြင်း မဟုတ်သော်လည်း ယင်းနှင့် တစ်သဘောတည်းပင်ဖြစ်သည့် သွေးနှင့်ကိုယ်

သားနှင့်ကိုယ် ဆိုသည့် သတိက ပျောက်ကွယ်လျက် ရှိကာ သူတို့၏မှတ်ဉာဏ်တည်းဟူသော ကြေးမုံပြင်တွင် အရိပ်မထင်လှတော့ခြင်းသာ ဖြစ်လေသည်။

ဤသို့လျှင် ပလိပ်ကပ်၏ပထမပိုင်း၌ သူတို့ချစ်ရသူများ၏အသွင်အပြင် နှင့် သဘောသရုပ်တို့သည် အရိပ်မျှသာကျန်တော့သည်ဟု ညည်းညည်းညူညူ ပြောဆိုခဲ့ကြရာမှ ယခုမူ ဤအရိပ်များကပင်လျှင် ပျက်ပြယ်သွားကာ သူတို့၏ မှတ်ဉာဏ်ကဖော်ပေးနိုင်သည့် ခပ်ဖျော့ဖျော့အရောင်အဆင်းများပင်လျှင် ပျောက်ကွယ်လျက် ရှိသည်ကို သိလာကြရလေတော့၏။ ဤသို့ ကာလကြာမြင့်စွာ ခွဲခွာနေရခြင်း၏အဆုံးတွင် သူတို့တစ်ချိန်တစ်ခါက ချစ်ခဲ့ရသူများနှင့် လက်ပွန်းတတီးဘဝကို လည်းကောင်း၊ သူတို့နှင့် ဘဝချင်းရစ်ပတ်လွှမ်းခြုံထားသော သူတို့နှင့် အတူတကွနေရလျှင် မည်သို့ရှိချိမ့်မည်ကို လည်းကောင်း၊ ထင်မြင်မှန်းဆကြည့်နိုင်ကြသည့် စိတ်တန်ခိုးများလည်း မရှိကြတော့။

ဤကိစ္စနှင့် စပ်လျဉ်း၍ပြောရလျှင် သူတို့သည် မလျော့မတင်းရှိသဖြင့် ပိုမိုထိရောက်လျက်ရှိသော ပလိပ်ကပ်ကာလ၏ အခြေအနေများတွင် ဖြစ်သလို ကြည့်၍ နေတတ်သွားကြပြီ ဖြစ်လေသည်။ ကျွန်ုပ်တို့အထဲတွင် မည်သူမှ လွန်ကဲသော စိတ်လှုပ်ရှားမှုများ မရှိနိုင်ကြတော့။ အားလုံးမှာ အထပ်ထပ်ဖြစ်လျက် ငြီးငွေ့ဖွယ်ရာ နွမ်းနယ်သော စိတ်များသာ ရှိကြတော့သည်။ ဘေးအန္တရာယ်တစ်ခုခု ကျရောက်ချိန်တွင် လူတိုင်းက ဤကာလကြီး ပြီးဆုံးသွားစေချင် နေတတ်ကြသည်မှာ ဓမ္မတာဖြစ်၍၊ ပလိပ်ကပ်ကြီးကိုလည်း ပြီးဆုံးသွားစေချင်လျက် ‘ပြီးဖို့ အချိန်တော်ပြီ’ ဟူ၍သာ ပြောနေတတ်ကြလေသည်။ သို့သော် ကျွန်ုပ်တို့ ဤသို့ ပြောဆိုကြရာတွင် စောစောပိုင်းက ဖြစ်ခဲ့သည့် ပြင်းထန်သော မနှစ်မြို့သူများသည် လည်းကောင်း၊ စိတ်ဆန္ဒများသည် လည်းကောင်း မရှိတော့၊ ကျွန်ုပ်တို့၏ နုံနဲ့စပြုနေသော စိတ်အာရုံထဲဝယ် ထင်ထင်ရှားရှား ကျန်နေသေးသည့် စိတ်ကူးအနည်းငယ်မျှကို နှုတ်မှဖော်ထုတ်ရုံသာ ရှိသည်။ ပထမပိုင်း သီတင်းသုံးပတ် အနည်းငယ်ဆီက အပြင်းအထန် ပုန်ကန်မှုရှိခဲ့သော်လည်း ယခုမူ ယင်း၏အစား စိတ်နုလုံး ဒုန်းဒုန်းချလိုက်ခြင်း ဟူ၍ ယူဆရန်မဖြစ်နိုင်သည့် ယခုအခိုက်အတန့်တွင်တော့ ဘာမျှ မတတ်နိုင်ဟူသော သဘောဖြင့် အကြီးအကျယ် စိတ်ပျက်လက်လျှော့ထားခြင်းသာ ရှိတော့သည်။

ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် အခြား ဘာမျှမတတ်နိုင်ကြသောကြောင့် လူအများ ပြောကြသလို အားလုံး တညီတညာတည်း အခြေအနေအလိုက် ဖြစ်အောင် နေထိုင်သွားကြရတော့သည်။ သူတို့သည် စိတ်ညစ်ညူးနေရခြင်း၊ ဝေဒနာခံစားနေရခြင်းတို့၏ ဟန်ပန်လေသံက မပျက်ခဲ့သော်လည်း ယင်းတို့၏ ထိရောက်စူးရှမှုကိုကား မသိကြတော့ချေ။ မှန်ပါသည်။ ဒေါက်တာရေး အပါအဝင် အချို့သောသူများအဖို့ ယင်းသည်ပင်လျှင် စိတ်အားငယ်စရာတစ်ခု ဖြစ်ခဲ့လေသည်။

စိတ်ပျက်အားလျော့တတ်သော အကျင့်က စိတ်ပျက်အားလျော့ခြင်းထက်ပင် ပိုဆိုးသည်။ ယခုအချိန်အထိကား ခွဲခွာနေရသူများသည် လုံးဝ မပျော်နိုင်မရွှင်နိုင် ဖြစ်နေကြသည်တော့ မဟုတ်ခဲ့။ သူတို့၏ သောကပြွန်းသော ညများတွင် မျှော်လင့်ချက်ရောင်ခြည်ကလေး တစ်ခုကတော့ အမြဲတစေ ရှိ၍သာ နေခဲ့သည်။ ယခုမူ ထိုရောင်ခြည်ကလေးသည် ချုပ်ငြိမ်းသွားခဲ့ပြီ ဖြစ်လေသည်။ သူတို့အား လမ်းထောင့်များ၊ လက်ဖက်ရည်ဆိုင်များ၊ မိတ်ဆွေများ၏ အိမ်များတွင် ဘာကိုမှ စိတ်အာရုံမဝင်စားဘဲ ပျင်းမှုပျင်းရာ၊ ငေးမိငေးရာ ငေးနေတတ်ကြသည်ကို တွေ့ရတတ်လေရာ၊ သူတို့ကြောင့်ပင်လျှင် တစ်မြို့လုံးမှာ မီးရထား ဘူတာရုံက စောင့်ဆိုင်းခန်းကြီးကဲ့သို့ ဖြစ်နေလေတော့သည်။ အလုပ်လုပ်စရာ ရှိနေကြသူများလည်း ပလိပ်ကပ်၏ အရှိန်အဟုန်အတိုင်း တစ်သဝေမတိမ်းတူစွာ ပျင်းရိငြီးငွေ့ဖွယ်ရာ တလုပ်လုပ် တကုပ်ကုပ်လုပ်လျက်သာ ရှိကြလေသည်။ လူတိုင်းသည် ကုပ်ကုပ်ယို့ယို့ ရှိလှသည်။ မိမိတို့၏ ချစ်သူများနှင့် ခွဲခွာထားခြင်း ခံနေရသော သူတို့သည် အခြားသူများကဲ့သို့ပင် ယင်းတို့၏ အကြောင်းကို ပွင့်ပွင့်လင်းလင်းပြောရန် နှောင့်နှေးဝန်လေးခြင်း မရှိကြတော့သည်ကို လည်းကောင်း၊ သူတို့၏ လက်လွတ်ဆုံးရှုံးမှုကို ကူးစက်ရောဂါ၏ နောက်ဆုံး အသေအပျောက် ကိန်းဂဏန်းများကို ကြည့်ရှုသုံးသပ်သည့် ရှုထောင့်ကပင် ကြည့်ရှုတတ် လာကြသည်ကို လည်းကောင်း တွေ့ကြရသည်။ ယခုအထိမူ သူတို့၏ ပုဂ္ဂလိကသောကများကို အများနှင့်မဆိုင်ဟု သဘောထားကာ သိုသိပ်စွာ ထိန်းချုပ်ထားခဲ့ကြသည် ဖြစ်သောကြောင့် ဤအပြောင်းအလဲသည် ထူးခြားထင်ရှားနေသည်။ ယခုမူ သူတို့သည် အများနှင့်အတူ ရော၍ ပါဝင်နေခြင်းကို လက်ခံလာကြပြီ ဖြစ်သည်။ သူတို့သည် ဘာကိုမှ မှတ်မိခြင်းမရှိ။ ဘာကိုမှလည်း မျှော်လင့်ခြင်း မရှိကြတော့ဘဲ ယခုအခိုက်အတန့် အတွက်ကိုသာ ကြည့်၍ နေသွားကြသည်။ သူတို့အဖို့ ယခုအချိန် ယခုနေရာတို့သည်သာလျှင် အရာရာတွင် တန်ဖိုးရှိတော့သည်။ ပလိပ်ကပ်က ကျွန်ုပ်တို့၏အထဲမှ ချစ်နိုင်သည့် အစွမ်းသတ္တိများကို သာမက ခင်မင်နိုင်သည့် အစွမ်းသတ္တိများကိုပါ တစ်စတစ်စနှင့် အသေသတ်ပစ်လိုက်ပြီကို မည်သူမျှ မငြင်းနိုင်သောကြောင့် ဖြစ်၏။ အချစ်သည် အနာဂတ်မှ တစ်စုံတစ်ရာကို တောင်းဆိုတတ်သည့် သဘောရှိသည့်အတိုင်း၊ ယခုအခါ ကျွန်ုပ်တို့မှာ အနာဂတ် ဟူ၍မရှိတော့ဘဲ ပစ္စုပ္ပန်ကာလ အဆင့်ဆင့်တို့သာလျှင် ရှိတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ယခု ကျွန်ုပ်တို့၏ အခြေအနေကို ဖော်ပြရာတွင် အကြမ်းဖျင်းသဘောမျှသာ ဖြစ်သည်။ ဤသို့လျှင် ခွဲခွာနေကြသူ အားလုံး ဤအခြေအနေကို ရောက်လာကြသည် မှန်သော်လည်း၊ အားလုံးသည် တစ်ပြိုင်တည်း ရောက်လာကြသည်တော့ မဟုတ်ချေ။ ထို့အပြင် ဤသို့ ဘာကိုမျှ လုံးဝ စိတ်မဝင်စားတော့သည့် အဖြစ်ကို ရောက်ခဲ့ပြီးနောက်တွင်လည်း အာရုံထက်မြက်သော ငယ်ငယ်ရွယ်ရွယ်၌ ခွဲခွာနေကြရသူများတွင်မူ

စိတ်ကြည်လင်သော ကာလကလေးများ တစ်ဖြတ်တစ်ဖြတ် ဝင်ရောက်လာတတ်ပြီး သူတို့၏သတိသည်လည်း ပြန်လည်တောက်ပြောင်၍ လာတတ်သည်။ ပုံစံအားဖြင့် ပလိပ်ကပ်ကြီး ပြီးဆုံးသွားလျှင် ဘာလုပ်မည်ဆိုသည်ကို စီမံကိန်းချကြည့်ရာတွင် ဖြစ်တတ်သည့် စိတ်မျိုး သို့မဟုတ် လုံးဝမမျှော်လင့်ဘဲ ကံအားလျော်စွာပင် သူတို့တွင် ဘာမှ အကြောင်းအထွေအထူး မရှိဘဲလည်း သူတို့၏ချစ်သူများ အပေါ်တွင် သည်းထန်စွာ စိတ်မချနိုင်လောက်အောင် ဖြစ်လာတတ်သည့် အခါမျိုး၊ အခြားလူများကလည်း ရတ်တရက် စွမ်းအင်တိုးတက်လာကာ သီတင်းပတ်တွင်း နေ့များ၌ သူတို့၏ ပင်ပန်းနွမ်းလျမှုကို လှုပ်ခါ၍ ချတတ်ကြသည်။ စနေနေ့ညနေနှင့် တနင်္ဂနွေနေ့များတွင်မူ သူတို့ချစ်သူများအား တွေ့ချင်သည့်အချိန် တွေ့နိုင်ကြစဉ်အခါက ပြုနေကျကိစ္စများကိုသာ ပြုလုပ်ရန်အတွက် ထားကြလျက်ပင် ရှိသည်။ တစ်ခါတစ်ရံ ညမိုးချုပ်ချိန်များတွင် စိတ်ညှိုးငယ်မှုက အောက်မေ့စရာကလေးများကို သတိဖော်ဖော်ပေးတတ်သော်လည်း သူတို့မှာ အလိုပြည့်သည်လည်း ရှိသည်။ မပြည့်သည်လည်း ရှိသည်။ ယင်းသည့် ညနေချိန်ကလေးမှာ ဘာသာတရား ယုံကြည်စွဲမြဲသူတို့အဖို့ မိမိတို့၏ ဝိညာဉ်စင်ကြယ်မှုကို ကြည့်ရှုလေ့ရှိကြသည့်အချိန် ဖြစ်သော်လည်း ဘာမျှ ကြည့်ရှုစရာမရှိသော ပြည်နှင်ဒဏ်ခံ အကျဉ်းသားများအဖို့ မူကား အနေရခက်ဆုံးအချိန် ဖြစ်လေသည်။ တခဏသော် သူတို့မှာ ဘာလုပ်ရမှန်းပင် မသိတတ်နိုင်အောင် ဖြစ်သွားတတ်သော်လည်း၊ နောက်တော့လည်း သူတို့၏ လေးကန်ဖင့်နွဲ့သော ပျင်းတိပျင်းတွဲအဖြစ် အခြေသို့ ပြန်ရောက်သွား တတ်ကြသည်။ သူတို့၏ အကျဉ်းထောင် တံခါးကြီးကလည်း ပြန်ပိတ်သွားပြန်ပြီ ဖြစ်လေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းသည် သူတို့၏ဘဝတွင် ပုဂ္ဂလဓိဋ္ဌာန် အကျဆုံးအရာတို့ကို စွန့်လွှတ်လိုက်ရခြင်း ဖြစ်သည်မှာ ထင်ရှားပါသည်။ ပလိပ်ကပ်ဖြစ်ပွားစ စောစောပိုင်းတွင်မူ သူတို့သည် အခြားလူများအဖို့ လုံးဝ အဓိပ္ပာယ်မရှိသော်လည်း သူတို့အဖို့ အရာရာတွင် အရေးပါလှသော အသေးစိတ် ကိစ္စကလေးများဖြင့် သောကပွားလျက် လူတစ်ဦးစီ တစ်ဦးစီ၏ ဘဝတို့ တစ်ခုနှင့်တစ်ခု မတူကြပုံကို ပထမဆုံးအကြိမ်လိုလိုပင် သိခဲ့ကြသည်။ ယခုမူ ထိုသို့မဟုတ်တော့ဘဲ အခြားလူ တစ်ဦးစီ တစ်ဦးစီ စိတ်ဝင်စားတတ်သည့် အရာများ၌သာ စိတ်ဝင်စား၍ လာကြပြီး ယေဘူယျသဘောထားများသာ ထားလျက် သူတို့၏ အသိမ်မွေ့ဆုံးသော အချစ်အခင်ကလေးများကိုလည်း စိတ်ကူးယဉ်သက်သက်၊ ကနေကျဖတ်လမ်းက ပြနေကျ အကွက်ကလေးများ ကဲ့သို့သာ ဖြစ်ဟန်ရှိသည်ဟု သဘောထားကြတော့သည်။ ပလိပ်ကပ်က သူတို့အား လုံးဝ စိုးမိုးလိုက်သောအခါ တစ်ခါတစ်ရံ သူတို့သည် မနိုးသောအိပ်ခြင်းဖြင့် အိပ်လိုက်ချင်မိတတ်ကြပြီး "ပလိပ်ကပ်ရောဂါ ရရင် ကောင်းမယ်။ စောစောသေရင် စောစောအိပ်ရတာပဲ" ဟူ၍ တွေးနေမိတတ်ကြသည်။ တကယ်တော့လည်း သူတို့သည် အိပ်ပျော်နေကြပြီသာ ဖြစ်ပါသည်။ ဤကာလသည် သူတို့အဖို့

ညတာရှည်ကြီးတွင် အိပ်မောကျနေကြသော ကာလ ဖြစ်လေသည်။ တစ်မြို့လုံးမှာ ရံခါတွင်မှ ကျက်ပြီဟု ထင်ရသော အနာက ရုတ်တရက် ပြန်ယဉ်းလာသည့်တွင် မင်သက်မိရာမှ လန့်ဖျပ်၍ နိုးလာတတ်သော အိပ်ရင်းသွားလာနေကြသူများဖြင့်သာ မြို့တည်ထား သကဲ့သို့ ရှိလေသည်။ သူတို့သည် ရုတ်တရက် လန့်နိုးလာကာ မွဲ့ရင်းရွဲ့ရင်း သူတို့၏ဝေဒနာက နှိပ်စက်သည့်နေရာကို အမှတ်မထင် သိချင်စိတ်ကြောင့် လက်ဖြင့် အသာအယာ စမ်းကြည့်မိကြသည်တွင် သူတို့၏ သောကမီးက တစ်မုဟုတ်ချင်း ပြန်တောက်ငြိလာပြန်ပြီး သူတို့ချစ်ရသူများ၏ ကြေကွဲဖွယ်ရုပ်အသွင်က သူတို့၏ရှေ့တွင် ဘွားခနဲ ပေါ်ထင်၍ လာတတ်ပြန်သည်။ နံနက်လင်းပြန်သော အခါတွင် သူတို့သည် ဒုံရင်းသို့ ပြန်ရောက်သွားကြ ပြန်တော့သည်။ ဒုံရင်းဆိုသည်ကား ပလိပ်ကပ်တည်း။

ဤပလိပ်ကပ်သင့်၍ ပြည်နှင်ဒဏ် ခံနေကြရသော သူများအား ကြည့်ရှုလေ့လာသူက မည်သို့ ထင်မြင်ယူဆချိမ့်မည်နည်း ဟု မေးဖွယ်ရှိသည်။ အဖြေကတော့ လွယ်ပါသည်။ မည်သို့မျှ ထင်မြင်စရာမရှိပါ။ သို့မဟုတ် အခြား တစ်နည်းဆိုရသော် သူတို့သည် အယုတ်အလတ် အမြတ်မရွေး သူလိုကိုယ်လိုပင် ဖြစ်ကြဟန် တူပါသည်ဟု ဖြေရပါလိမ့်မည်။ သူတို့သည် မြို့၏ လေးကန်ထိုင်းမှိုင်းမှုနှင့် ယင်း၏ မစို့မပို့ လှုံ့ဆော်မှုများတွင် ပါဝင်လှုပ်ရှားနေကြသည်။ သူတို့တွင် ချင့်ချိန်ဝေဖန်တတ်သည့် စိတ်ဓာတ်၏ အစအနများ ပျောက်ကာ၊ ဘာအရေးကြုံ၍မျှ သိပ်မတုန်လှုပ်တော့သည့် အမူအရာများသာ တစ်နေ့တစ်ခြား ရရှိလာကြလေသည်။ ပုံစံအားဖြင့်ဆိုသော် သူတို့အထဲက ဉာဏ်အရှိဆုံးသူပင်လျှင် အခြားသူများကဲ့သို့ ပလိပ်ကပ်ရောဂါကြီး မကြာမီ ပြီးဆုံးသွားလိမ့်မည်ဟု ယုံကြည်လောက်စရာ အကြောင်းကလေးများ ပါလာလေမည်လား ဟူသော မျှော်လင့်ချက်မျိုးဖြင့် သတင်းစာကို စေ့စပ်စွာဖတ်ရှုနေသည့်ဟန်၊ ရေဒီယိုကို နားထောင်နေဟန် ပြလာသည်ကို တွေ့ရတတ်သည်။ သူတို့သည် သတင်းစာဆရာ တစ်ယောက်ယောက်က သူ့စားပွဲမှနေ၍ ပျင်းပျင်းရိရိ တသမ်းသမ်း တဝေဝေနှင့် တွေ့ကရာ ရေးခြစ်၍ ထည့်လိုက်သည့် သတင်းဆောင်းပါးများကို ဖတ်ရှုကာ ရောမ မျှော်လင့်ချက်ကြီးများ သော်လည်းကောင်း၊ မတန်တဆ ထိတ်လန့်မှုကြီးများ သော်လည်းကောင်း ရရှိကြဟန် တူပေသည်။ ဤအတောအတွင်း၌ သူတို့သည် ဘီယာသောက်လိုက်၊ လူမမာများကို ပြုစုလိုက်၊ ပျင်းပျင်းရိတိုင်း အလုပ်တစ်ခုခု ရှာ၍ ဖိမ်နှင့်လုပ်နေလိုက်၊ ရုံးတွင် စာရွက်များကို ဖိုင်တွဲလိုက်၊ အိမ်တွင် ဓာတ်စက်ဖွင့်လိုက်နှင့် လူအများထက် ထူးခြားအောင် ဘာတစ်ခုမှ မလုပ်နိုင်ဘဲ ရှိကြသည်။ တစ်နည်းဆိုရသော် သူတို့သည် မိမိကြိုက်ရာကို ရွေးချယ်၍ မလုပ်ကြတော့။ ပလိပ်ကပ်က သူတို့၏ ခွဲခြမ်းဝေဖန်နိုင်မှုကို တပြေးညီဖြစ်အောင် ညှိပစ်လိုက်ပြီ ဖြစ်လေသည်။ အဝတ်အထည်ဝယ်ရာ၌ လည်းကောင်း၊ အစားအစာဝယ်ယူရာ၌ လည်းကောင်း ဘယ်သူမှ အမျိုးအစားကို ဂရုစိုက်၍ မနေကြတော့သည်ကို ထောက်လျှင် ဤအဖြစ်ကို မြင်နိုင်သည်။ အရာရာတိုင်းကို

ကြံ့သလိုသာ လုပ်ကိုင်နေထိုင် သွားကြတော့သည်။

နောက်ဆုံးတွင် ခွဲခွာနေကြရသူတို့သည် ပလိပ်ကပ်ကာလအတွင်း သူတို့ ရရှိခဲ့ကြသောအခွင့်ထူးများကို မခံစားကြတော့ခြင်းသည်လည်း မှတ်သားဖွယ် ကောင်းသည့်အချက် ဖြစ်၏။ သူတို့တွင် အချစ်၏အတ္တစိတ်နှင့် ယင်းမှရရှိသည့် အကျိုးကျေးဇူးများ ကွယ်ပျောက်သွားသည်။ ယခုအခါတွင် အခြေအနေက ရှင်းနေသည်။ ဤကပ်ဆိုးကြီးသည် လူတိုင်းနှင့်ဆိုင်သည့် ကိစ္စ။ ကျွန်ုပ်တို့သည် အားလုံးအတူတူပင် စာရင်းနှင့် အင်းနှင့် သေမင်းထံ သစ္စာပြုထားကြရသည့် မြို့တံခါးဆီမှ ပွဲတင်ထပ်လာသော သေနတ်သံများ၊ သေမှုရှင်မှုတို့ကို မှတ်သားသည့် ရာဘာတံဆိပ်တုံး ရိုက်သံများ၊ ဖိုင်တွဲများ၊ မီးလောင်မှုများ၊ အသက်ဘေးကို ထိတ်လန့်ရမှုများနှင့် လုပ်ရိုးလုပ်စဉ်များ၏ အကြားမှ ဘေးဖြစ်တတ်သော အခိုးအငွေ့တို့ကိုရှူကာ လူနာတင်ကားများ၏ အသံကို နားထောင်ကာ ပြန်လည်ဆုံဆည်းရေး၊ အံ့ဖွယ်ငြိမ်းချမ်းသော အခြေအနေကို ပြန်လည်ရရှိရေးတို့ကိုသာ မသိလိုက်မသိပါ ထပ်တလဲလဲ မျှော်မှန်းရင်း ပြည်နှင်ဒဏ်ဆေးခါးကြီးကို မျိုကြရသည်။ ကျွန်ုပ်တို့၏ အချစ်အခင်ကလေးကတော့ ရှိမြဲပင်ဖြစ်သော်လည်း လက်တွေ့တွင် ဘာမျှအသုံးမဝင်တော့။ ယင်းသည်လည်း ရာဇဝတ်ပြစ်မှုကဲ့သို့ လည်းကောင်း၊ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကဲ့သို့ လည်းကောင်း၊ ကောင်းကျိုးတစ်စုံတစ်ရာ မပေးနိုင်သော သက်မဲ့အစိုင်အခဲ တစ်ခုသာ ဖြစ်နေတော့သည်။ ယင်းသည် ဘာမျှ အရာမရောက်သော စိတ်ရှည်မှု၊ ပေပေတေတေ မျှော်လင့်မှုတို့တွင် တဖြည်းဖြည်း လုံးပါးပါး၍ လာခဲ့လေတော့သည်။ ဤရှုထောင့်မှနေ၍ ကြည့်လျှင် ကျွန်ုပ်တို့ မြို့သူမြို့သားများ၏ စိတ်ထားမှာ စားသောက်ဆိုင်များ၏ အပြင်ဘက်တို့တွင် တွေ့မြင်ရတတ်သော ကျူတန်းရှည်ကြီးက လူများ၏ စိတ်ထားကဲ့သို့ ရှိလိမ့်မည်။ သူတို့တွင် အလားတူ စိတ်ရှည်လက်ရှည် စိတ်ချလက်ချ အောင့်အည်းသည်းခံကာ စိတ်နှလုံးဒုန်းဒုန်းချ၍ ထားကြရသည့်သဘော ရှိသည်။ ခွဲခွာနေကြရသူတို့၏ စိတ်ဝေဒနာမှာ ပြေပျောက်နိုင်ဖွယ်ရာ မရှိသော မွတ်သိပ်ခြင်းမှလာသည် ဖြစ်သောကြောင့် ယင်းနှင့်အညီ သူပြိုင်ရမည်ဆိုလျှင် အစာဆာလောင်သူတို့၏ စိတ်အင်အားကို အဆမတန် တိုးမြှင့်ပေးရန် လိုခြင်းတစ်ခုသာလျှင် ခြားနားပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ စာဖတ်သူသည် ဤပြည်နှင်ခံတို့၏ စိတ်အခြေအနေကို မှန်ကန်အောင် မှန်းတတ်ပြီဆိုလျှင် သစ်ပင်ကင်းမဲ့လျက် ဖုန်တသောသောကြား နေရောင်ဝင်းဝင်းဝါဝါ ထိုးနေသော လမ်းများပေါ်၌ ယောက်ျားမိန်းမတို့ အစုလိုက် အဝေးလိုက် အုတ်အုတ်သောသော လမ်းလျှောက်နေကြသည့် ပျင်းရိငြီးငွေ့ဖွယ်ရာ ညနေစောင်းအချိန်များကို တစ်ဖန် စိတ်ကူးဖြင့် ထင်မြင်၍ ကြည့်လိုက်ကြပါဦးစို့။ သာမန်အချိန်အခါများတွင် မြို့ကြီးပြကြီးတို့၏ တစ်မျိုးတည်းအသံ ဖြစ်သော ကားသံရထားသံများ ယခုအခါ မရှိကြတော့ပြီဖြစ်၍ စကားပြောသံ ခြေချသံ

ဖိနပ်ခွာသံတို့၏ ဗလုံးဗထွေး အသံများသည်သာလျှင် အထက်ရှိ ပူအိုက်သော လေထုထဲက ပလိပ်ကပ်၏ ကြောက်မက်ဖွယ်ရာ တရှိုးရှိုးတရှဲရှဲ အသံမြည်သံနှင့် စည်းချက်ကျ လိုက်နေသလို ရှိသည်။ တရွေ့ရွေ့လှုပ်နေသော လူအုပ်တန်းကြီး၏ အသံကလည်း တဖြည်းဖြည်း ကြီးထွားများပြားလာကာ မပြီးနိုင်အဆုံး အုံးအုံးကျက်ကျက်ဖြစ်လျက် မြို့၏ ဟိုဘက်စွန်း သည်ဘက်စွန်း ပေါက်အောင် ပြည့်လျှံသွားသဖြင့် တစ်ညနေပြီးတစ်ညနေ ကျွန်ုပ်တို့၏ အသည်းနှလုံးမှ အချစ်မေတ္တာဆိုသည့် အရာကို ထုတ်ပယ်ကာ၊ မျက်စိမှိတ်ပြီး တင်းခံနေကြရသမျှ၏ အမှန်ကန်ဆုံး ဝမ်းနည်းစရာ အကောင်းဆုံး အသွင်အပြင်ကို ဖော်ပြလျက် ရှိလေတော့သည်။

* * *

အပိုင်း ၄

။၁။

စက်တင်ဘာလနှင့် အောက်တိုဘာလတစ်လျှောက်လုံး အိုရန်တစ်မြို့လုံးမှာ ပလိပ်ကပ်၏ လက်ခုပ်ထဲကရေပမာ အချိန်မှတ်နေရုံမှတစ်ပါး ဘာမျှမတတ်နိုင်တော့ဘဲ ယောက်ျားမိန်းမ လူပေါင်းရာထောင်တို့သည် မကုန်နိုင်အဆုံး ရှည်လျားလှသော သီတင်းပတ်များကို လက်ချိုးရေတွက်ရင်း ကုန်လွန်စေခဲ့ကြ ရလေသည်။ မြူထလာလိုက်၊ အပူရှိန်ပြင်းလာလိုက်၊ မိုးရွာလိုက်နှင့် ရာသီဥတု အပြောင်းအလဲတို့သည် ကျွန်ုပ်တို့၏ လမ်းများပေါ်တွင် ထင်ရှားစေခဲ့ကြပြီ။ တောင်ဘက်က ငှက်များသည် ပနယ်လို ဟောကြားသည့် ဒေသနာထဲမှ ပလိပ်ကပ်၏ လက်နက်ကြီးဖြစ်သော ရောမကောက်သီးခြွေတုတ်ကြီးက အိမ်မိုးခေါင်များ၏ အထက်ဆီတွင် တရှွမ်းရှွမ်း ဝှေ့ယမ်းလျက် ယင်းတို့အား ခြောက်လှန့်၍ ထုတ်နေသည့်အလား မြို့ကို ဝေးဝေးမှရှောင်ကာ အလွန်မြင့်သောနေရာမှ တိတ်ဆိတ်စွာ ပျံသန်းသွားကြသည်။ အောက်တိုဘာလ ဆန်းစတွင် မိုးကြီးသည်းထန်စွာ ရွာချလိုက်ပြီး လမ်းများကို ပြောင်စင်အောင် ဆေး၍ချလိုက်သည်။ တစ်ချိန်လုံးတွင်ကား မြောက်မြားလှစွာသော လူတို့ အချိန်မှတ်နေကြရခြင်းထက် ဘာမျှ ပိုမိုထူးခြား၍ မလာခဲ့ချေ။

ဒေါက်တာရေးနှင့် သူ၏မိတ်ဆွေများ သူတို့ မည်မျှပင်ပန်းနွမ်းနယ်လျက် ရှိကြသည်ကို သိရှိလာကြသည်မှာလည်း ဤအချိန်မှာပင် ဖြစ်လေသည်။ အမှန်ပင်၊ သန့်ရှင်းရေးတပ်ဖွဲ့များတွင် ဝင်ရောက်လုပ်ကိုင်လျက် ရှိကြသူများသည် သူတို့၏ ပင်ပန်းသောအလုပ်များကို ရင်ဆိုင်ရန် အားမထုတ်ကြတော့။ သူ၏ လုပ်ဖော်ကိုင်ဖက်များ မူပြောင်းလာသည်ကို ဒေါက်တာရေး သတိပြုမိသည်။ သူလည်း ထို့အတူပင် ဖြစ်သည်။ ယင်းသည်ကား အရာရာတိုင်း၌ ထူးထူးဆန်းဆန်းပင် ဥပေက္ခာသဘော ထားလာကြခြင်းပင် ဖြစ်သည်။ ပုံစံအားဖြင့် ယခင်က ပလိပ်ရောဂါနှင့် ပတ်သက်သည့် သတင်းဆိုလျှင် အတိုအထွာပင် ဖြစ်စေဦးတော့ စိတ်ပါဝင်စားလေ့ ရှိကြသူတို့သည် ယခုဆိုလျှင် ဘာအမှုအရာမျှ မပြုကြတော့။ ကပ်သင့် သီးသန့်ရပ်ကွက်တစ်ခုတွင် ကွပ်ကဲမှုယာယီတာဝန် ပေးအပ်ခြင်း ခံရသော ရမ်းဘားသည် ဤကိစ္စအတွက် သူ၏ဟိုတယ်ကို သိမ်းယူထားသဖြင့် သူ၏ စောင့်ကြပ်မှုအောက်တွင် လူမည်မျှရှိသည်ကို အချိန်မရွေး အတိအကျ ပြောနိုင်ခဲ့ပြီး ပလိပ်ရောဂါ လက္ခဏာများ ရလာသူအား အသေးစိတ် မည်သို့ အရေးယူရမည် ဆိုသည့် သူချမှတ်ထားသော လုပ်ငန်းစဉ်များကို သူ၏ခေါင်းထဲတွင် အခိုင်အမာ

စွဲမှတ်ထားသူ ဖြစ်သည်။ သူ၏ သီးသန့်ရပ်ကွက်အတွင်း၌ ထိုးနှံသော ပလိပ်ရောဂါကာကွယ်ဆေးများ၏ ထိရောက်မှုနှင့် ပတ်သက်သော ကိန်းဂဏန်းများကိုလည်း ထိုနည်းတူစွာပင် မှတ်မိခဲ့သည်။ သို့သော် ယခု သူသည် ပလိပ်ကပ်သင့်၍ တစ်ပတ်အတွင်း သေဆုံးသူစာရင်းကို ရုတ်တရက် မပြောနိုင်ဘဲ ဖြစ်နေ တတ်သည်။ ဤကိန်းဂဏန်းများ တိုးသည် ဆုတ်သည် ဆိုသည်ကိုပင် မပြောနိုင်ဘဲ ရှိတတ်၏။ ဤအတောအတွင်း အရာရာတိုင်း၌ အခြေအနေ မည်သို့ပင်ရှိရှိ တစ်နေ့နေ့တွင် သူ ထွက်ပြေးနိုင်မည်ဆိုသော မျှော်လင့်ချက်ကတော့ ရှိမြဲရှိလျက်ပင် ဖြစ်လေသည်။

အခြားလူများအဖို့လည်း မီးကုန်ယမ်းကုန် ဖြစ်လုမတတ် တစ်နေ့လုံး အပင်ပန်းခံကာ ညတွင်လည်း မိုးချုပ်အောင် အလုပ်လုပ်နေကြရသဖြင့် သတင်းစာကိုလည်း ဖတ်မနေချင်တော့၊ ရေဒီယိုကိုလည်း နားထောင်မနေချင်ကြတော့။ မထင်ဘဲနှင့် ရောဂါပျောက်ကင်းချမ်းသာ လာသည်ကို တွေ့ကြရလျှင် စိတ်ဝင်စားဟန်တော့ ပြကြပါ၏။ သို့သော် သိပ် အားတက်သရော မရှိကြတော့ချေ။ ကမ္ဘာစစ်ကြီးတွင် ပါဝင်တိုက်ခိုက်နေရစဉ် အဆက်မပြတ် တိုက်ခိုက်ရလွန်းသဖြင့် စိတ်ရောလူရော ပင်ပန်းနွမ်းနယ်ကာ မိမိအား ပေးအပ်ထားသည့် တာဝန်တစ်ခုတည်း၌သာ သတိရှိတော့ပြီး တိုက်ပွဲအပြီးသတ် အောင်နိုင်မှုနှင့် စစ်ရပ်စဲသည့် ခရာသံတို့ကိုပင် မမျှော်လင့်တတ်တော့သော စစ်သား၏စိတ်တွင် မည်ကဲ့သို့ ရှိလိမ့်မည်ကို မှန်းဆ၍ ကြည့်နိုင်ပေသည်။

ပလိပ်ကပ်နှင့်ပတ်သက်သည့် ကိန်းဂဏန်းများကို စံနစ်တကျ တွက်ချက်ရေးသွင်းလျက်ပင် ရှိသော်လည်း ဂရန်းမှာ ဤကိန်းဂဏန်းများက ဘာကိုညွှန်ပြနေသည်ကို ပြောပြတတ်လိမ့်မည် မဟုတ်ချေ။ ခံနိုင်ရည်များစွာရှိသည့် ရမ်ဘားတို့၊ ရေးတို့၊ တာရိုတို့ကဲ့သို့ မဟုတ်ရာသော ဂရန်းမှာ ကောင်းစွာကျန်းမာသည်ဟူ၍ မရှိပေ။ စည်ပင်သာယာရုံးက သူ၏အလုပ်အပြင် သူ၏ ညဘက်အလုပ်ကလည်း ရှိသည်။ ဒေါက်တာရေး၏ လက်အောက်တွင်လည်း စာရေးလုပ်ပေးရသေးသည်။ သူ့မှာ အလုပ်က ဖိစီးစပြုလာသည်ကို သိသာမြင်သာလျက်ရှိ၏။ သူ့ကို အသက်ဆက်နေသော ဆွဲဆောင်ထားသည့် စိတ်အာရုံ နှစ်ခုသုံးခုရှိနေ၍သာ တော်တော့သည်။ တစ်ခုမှာ ဤပလိပ်ကပ်ကြီး ပြီးဆုံးသွားသောအခါ အနည်းဆုံး တစ်ပတ် အလုပ်မှ လုံးဝအားလပ်ခွင့်ယူကာ သူ၏လုပ်လက်စ ဦးထုပ်ချွတ်လိုက်ကြပါစာမူကို အချိန်ပြည့်ပေးရန် ဖြစ်၏။ သူ့မှာ အလွန်တရာပင် လွမ်းတတ်ဆွေးတတ် ဖြစ်နေပြီး သူ လွမ်းပြီ ဆွေးပြီဆိုလျှင် သူ၏ဇနီးဂျမ်းအကြောင်း ဒေါက်တာရေးထံ ရင်ဖွင့်တတ်သည်။ ယခု ဂျမ်း ဘယ်ဆီများ ရောက်နေပါလိမ့်ဟု သူတွေးသည်။ ဂျမ်းက တစ်ခါတလေ သတင်းစာဖတ်ရင်း သူ့ကိုများ သတိရမိလေမည်လား။ တစ်နေ့သော အခါတွင် ရေးသည် အမှတ်မထင်ပင် ဂရန်းအား ယခင် မည်သူ့အားမှ တစ်ခါမျှမှ မပြောဘူးသေးသော သာမန်စကားများဖြင့် သူ့ဇနီး၏အကြောင်း ပြောပြနေမိသည်ကို သူ့ဟာသူပင် အံ့အားသင့်ရလေသည်။

အမြဲလိုလိုပင် သူ့အား စိတ်ချနေစေရန် သူ့ဇနီးထံမှ အကြောင်းကြားလိုက်တတ်သော ကြေးနန်းစာများ မည်မျှယုံရမည်ကို မသေချာသဖြင့် သူက ထိုဆေးရုံက ဆရာဝန်ထံ ကြေးနန်းရိုက်၍ မေးရန် ဆုံးဖြတ်ခဲ့သည်ဆိုသည်။ ထိုဆရာဝန်က ရေး၏ဇနီးသည်မှာ ရောဂါအခြေအနေ ပိုဆိုးလာခဲ့ပုံ၊ ရောဂါ နောက်ထပ် မတိုးအောင် အစစအရာရာ စီမံဆောင်ရွက်ထားပုံတို့ကို အကြောင်းပြန်သည် ဆိုသည်။ သူသည် ထိုအကြောင်းကို မည်သူ့အားမျှ ပြောမပြခဲ့သေးကြောင်း၊ ယခု ဂရန်းအား ပြောပြမိခြင်းမှာလည်း သူ၏ အင်အားကုန်ခမ်း ပင်ပန်းနွမ်းနယ်မှုကြောင့်ပင် ဖြစ်ရမည်ဟူ၍ သူက ဆိုသည်။ ဂျမ်းအကြောင်း ဆရာဝန်နှင့် စကားပြောပြီးသောအခါ ဂရန်းက ဆရာဝန်အား မဒမ်ရေးနှင့် ပတ်သက်၍ မေးခွန်းတစ်ခုနှစ်ခု မေးသည်။ ရေးက ဖြေကြားသည်ကို နားထောင်ပြီးသောအခါ သူက “သိလားဆရာ။ အခုခေတ်မှာပေါ်တဲ့ ဆေးစွမ်းကောင်းတွေကတော့ အံ့ဩစရာပဲ” ဟု ပြောသည်။ ရေးက သဘောတူသည်။ ထို့နောက် ဆက်လက် ၍ ကာလကြာမြင့်စွာ ခွဲခွာနေရခြင်းသည် သူ့အား နှိပ်စက်စပြုလျက်ရှိပြီ ဖြစ်ကြောင်းကို ပြောသည်။ ထို့အပြင်လည်း သူ့ဇနီး၏အနီး၌ သူသာရှိနေပါလျှင် သူ့ဇနီး ပြန်လည်ကျန်းမာလာလွယ်မည် ဖြစ်ကြောင်း၊ ယခုအတိုင်းကတော့ သူ့ဇနီးမှာ အလွန်အားငယ်ရှာမည် ဖြစ်ကြောင်းကိုလည်း ပြောသည်။ ထို့နောက်တွင် သူ တိတ်ဆိတ်ငြိမ်သက်၍ သွားပြီး ဂရန်း နောက်ထပ်မေးသည့် မေးခွန်းများကို လီးကာ လွှဲကာသာ ဖြေ၍နေလေတော့သည်။

အခြားလူများလည်း ဤကဲ့သို့သော အခြေအနေမျိုးတွင် ဖြစ်သည်။ တာရိုမှာ သူများထက် ပိုမို၍ တည်ငြိမ်သည်။ သို့သော် သူ၏နေ့စဉ်မှတ်တမ်း ရေးသွင်းချက်များတွင် သူ၏ နှိုက်နှိုက်ချွတ်ချွတ် အမြင်များက နက်နဲလျက်ပင် ရှိသော်လည်း၊ အထူးအထွေ မဟုတ်တော့။ တကယ်က ဤကာလတစ်လျှောက်လုံး သူ စိတ်ဝင်စားစရာမှာ ကော့တတ်တစ်ယောက်သာ ရှိတော့သည်။ ယခုအခါ သူနေသည့် ဟိုတယ်ကို ပလိပ်ကပ်သင့် သီးခြားရပ်ကွက်ဌာနချုပ်အဖြစ် သိမ်းယူထားလိုက်သဖြင့် သူလည်း ဒေါက်တာရေး၏ အိမ်ခန်းသို့ လာနေရသည်ဖြစ်ရာ ညနေညနေ၌ ဆရာဝန်နှင့်ဂရန်းတို့က နေ့စဉ်စာရင်းဇယားများကို ပြန်ဖတ်ပြနေကြသည်ကို သူ စိတ်အာရုံ မဝင်စားတော့သလောက်ပင် ဖြစ်သည်။ အစောဆုံး အခါအခွင့်တွင် သူက စကားစပ်ကို သူပြောနေကျ အကြောင်းရပ်ဖြစ်သော အိုရန်မြို့၏ နေ့စဉ်ဖြစ်ရပ် အသေးစိတ်ကလေးများဆီသို့ ပြောင်း၍ ယူလိုက်တတ်လေသည်။

သူတို့အားလုံးထဲတွင် ပင်ပန်းနွမ်းနယ်သည့် လက္ခဏာများသည် ဒေါက်တာ ကတ်စတယ်ကြီးတွင် ပိုမို ပေါ်လွင်နေဟန် တူလေသည်။ သူစီမံသည့် ပလိပ်ဆေးရည်များ ရပြီဖြစ်ကြောင်းနှင့် ထိုဆေးရည်ကို မျှော်လင့်ချက်အားလုံး ကုန်ဆုံးနေဟန်ရှိသော မွန်ဆီယာအိုသုန်၏ သားငယ်ကလေးတွင်

စတင်သုံးကြည့်ကြရန် ဆုံးဖြတ်ကြောင်း လာပြောသည့်နေ့က ရေးက နောက်ဆုံးစာရင်းအင်းများ အခြေအနေကို ပြောပြလျက်ရှိစဉ်တွင် ကတ်စတယ်သည် ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ်သလို ခွေကျသွားကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်ကို ဒေါက်တာရေး သတိပြုလိုက်မိသည်။ သူ့မိတ်ဆွေကြီး၏ မျက်နှာအသွင်အပြင် ထူးခြားချက်ကို ကြည့်ပြီး သူ့မှာ အကြီးအကျယ် အံ့အားသင့်ရ၏။ စိတ်ကောင်း သဘောကောင်းနှင့် ဝေါ့တော့တော့ကလေး ပြုံးနေတတ်သော သူ၏မျက်နှာမှာ ထာဝစဉ် ငယ်ရုပ်ပေါက်၍ နေခဲ့သည်။ ယခုမူ ရုတ်တရက် အထိန်းအသိမ်း လွတ်သွားသလို ပွင့်နေသောပါးစပ်မှ သွားရည်များပင် စီးကျလျက် သူ၏အသက်အရွယ် အိုမင်းပြုန်းတီးသွားမှုသည် ထင်ရှား၍လာသည်။ ဤအခြင်းအရာကို တွေ့မြင်လိုက်ရသော ဒေါက်တာရေးမှာ ရင်ထဲတွင် ဆို့နင့်၍ သွားလေသည်။

ဤကဲ့သို့ အမှတ်မဲ့ လွတ်ထွက်သွားသော အခါမျိုးတွင် သူ မည်မျှ ပင်ပန်းနွမ်းနယ်နေပြီကို ချိန်ဆကြည့်၍ရသည်။ သူ၏ အာရုံသိမှုကို သူ အစိုးမရတော့။ တစ်ချိန်လုံးပင် ဖိနှိပ်၍ ထားသဖြင့် မာကျောကြွပ်ရွလျက်ရှိပြီး မကြာခဏ ဆိုသလိုပင် ရုတ်တရက် ပေါက်ကွဲတော့မည့်ကဲ့သို့ ဖြစ်လာတတ်လေရာ သူ့မှာ စိတ်လှုပ်ရှားမှု၏ အညှဉ်းဆဲကို ခံရတတ်သည်။ ထိုအခါမျိုးတွင် သူ၏ စိတ်ဝေဒနာများကို တင်းသည်ထက်တင်းတင်း ဆုပ်ကိုင်ကာ အကာအကွယ်အဖြစ် သူ၏အသည်းနှလုံးကို မာကျောအောင် လုပ်ထားရုံမှတစ်ပါး ဘာမျှ မကြံတတ် မဖန်တတ်တော့အောင် ဖြစ်ရလေသည်။ သူ ဆက်သွားနိုင်ဖို့မှာ ဤတစ်နည်းသာ ရှိတော့သည်ကို သူသိသည်။ မည်သို့ပင်ဖြစ်စေ၊ သူ့မှာ စိတ်ကူးယဉ်စရာလည်း သိပ်မကျန်တော့၊ ကျန်သမျှကလေးမှာလည်း ပင်ပန်းနွမ်းနယ်မှုကြောင့် ပျက်ပြယ်ကုန်ရပြန်သည်။ ပြီးဆုံးမည့် အရိပ်အယောင်မျှ မမြင်ရသော ကာလအတွင်း သူ၏တာဝန်မှာ ဆေးကုသရန် မဟုတ်တော့ဘဲ ရောဂါလက္ခဏာကို ဖော်ထုတ်ရုံမျှသာ ဖြစ်နေသည်။ ရောဂါကို ရှာဖွေစစ်ဆေး တွေ့ရှိသောအခါ ထင်ရှားအောင် ဖော်ပြ၍ မှတ်ပုံတင်ခြင်း၊ ကုမရတော့ဟု ဆုံးဖြတ်လိုက်ခြင်း၊ ယခု အခိုက်အတန့်တော့ သူ့လုပ်ဆောင်မှုက ဤမျှသာဖြစ်သည်။ တစ်ခါတစ်ရံ မိန်းမတစ်ယောက်သည် သူ၏အင်္ကျီလက်ကို ဆွဲကာ အော်ဟစ်ငိုယိုရင်း "သူ့ကို ကယ်ပါ ဦး ဒေါက်တာရဲ့" ဟု တောင်းပန်တတ်သည်။ သို့သော် သူ့အလုပ်က ကယ်ဖို့မဟုတ်တော့။ နာမကျန်းဖြစ်နေသူအား အိမ်မှထွက်စေ အမိန့်ပေးဖို့သာ ဖြစ်သည်။ ထိုအခါမျိုးတွင် သူတွေ့မြင်ရတတ်သည့် လူတွေ၏ မျက်နှာပေါ်က အမုန်းမှာ ဘာမျှ အရာမရောက်ပါတကား။ တစ်ခါက မိန်းမတစ်ယောက်က "ရှင့်မှာ အသည်းနှလုံးမရှိဘူး" ဟု သူ့အား ဆိုသည်။ မဟုတ်ပါ၊ သူ့မှာ အသည်းနှလုံး ရှိပါသည်။ သူ၏ တစ်နေ့အလုပ်ချိန် နာရီနှစ်ဆယ်တွင် တစ်နာရီမလပ်အောင် မသေသင့်သေးသူများ သေနေသည်ကို တွေ့မြင်ရသောအခါ သူ့မှာ အသည်းနှလုံး ရှိနေ၍သာ ခံနိုင်သည်။ နောက်တစ်ရက်မှာလည်း သူ့မှာ အသည်းနှလုံးရှိ၍သာ

အသစ်စနိုင်သည်။ သူ့မှာ ဤမျှအတွက်သာ အသည်းနှလုံး ရှိနိုင်တော့သည်။ ဤအသည်းနှလုံးက အသို့လျှင် အသက်ကယ်ဖို့အတွက် လုံလောက်နိုင်ပါတော့မည်နည်း။

မရနိုင်ပါ။ ဤမျှ အလုပ်များလျက်ရှိသော နေ့ရက်များတွင် သူ့အဖို့ ဆေးဝါးကုသမှု အကူအညီမျိုး မပေးနိုင်ခဲ့ပါ။ သူပေးနိုင်သည်မှာ သတင်းပြန်ကြားရေး မျှသာ။ ဤအလုပ်ကိုတော့ လူတစ်ယောက်၏ အလုပ်ဟူ၍ ယူဆဖို့ခက်သည်။ သို့ရာတွင် အားလုံးခြုံ၍ ကြည့်လျှင် ဤသို့ အမြောက်အမြား သေကြေပျက်စီးလျက် ကြောက်မက်ဖွယ်ရာ အခြေအနေမျိုး၌ ရောက်နေကြရသော လူများအထဲတွင် အဘယ်သူသည် လူတစ်ယောက်နှင့် ထိုက်တန်သော ဆောင်ရွက်မှုမျိုးကို ပြုနိုင်ခွင့်ရှိပါမည်နည်း။ အမှန်ပင်၊ ဒေါက်တာရေးအဖို့ သူ၏ ပင်ပန်းနွမ်းနယ်မှုသည် အဆိုးထဲက အကောင်းပင် ဖြစ်သည်။ သူ့မှာ ဤမျှပင်ပန်း၍ မနေဘဲ သူ၏အာရုံတို့က ယခုထက် ပိုမိုဖျတ်လတ်နေမည် ဆိုပါက သူ့မှာ နေရာတကာကို ထိုးဖောက်ဝင်ရောက်လျက် ရှိသော သေမင်း၏အနံ့အသက်ကို ရသည်တွင် သူ၏စိတ်ကူး သက်သက်အာရုံတို့သည် လှုပ်ရှားလာမည်ဖြစ်သည်။ သို့ရာတွင် တစ်နေ့လျှင် လေးနာရီသာ အိပ်ရသော လူတစ်ယောက်အဖို့ စိတ်ကူးသက်သက်အတွက် အချိန်မရှိ၊ အရှိကို အရှိတိုင်းသာ မြင်ရတော့သည်။ သူသည် အရာရာကို အရှိအတိုင်း ကြောက်မက်ဖွယ်ရာ အညာအတာကင်းသည့် တရားအလင်းရောင်တွင် မြင်ရခြင်းဖြစ်သည်။ အခြားသော သေမိန့်ကျပြီး ယောကျ်ားမိန်းမတို့သည်လည်း သူ သိသလို မြင်သလို သိကြမြင်ကြသည်။ ပလိပ်ကပ် မကျရောက်မီကဆိုလျှင် လူတွေက သူ့ကို ကယ်တင်ရှင်အဖြစ် ခရီးဦးကြို ပြုကြသည်။ သူက နာမကျန်း ဖြစ်နေသူများအား စားဆေးတစ်လုံးနှစ်လုံး သို့မဟုတ် ထိုးဆေးတစ်လုံးမျှဖြင့် ကောင်းသွားအောင် လုပ်ပေးနိုင်သည်။ လူနာခန်းသို့ဝင်လျှင် လူနာရှင်များက သူ့အား လက်မောင်းကဆွဲ၍ ကြိုဆိုကြသည်။ သဘောကျစရာ ကောင်းသော်လည်း အန္တရာယ်တော့ များသည်။ ယခုမူ ဤသို့ မဟုတ်တော့။ သူလာလျှင် စစ်သားများပါလာသည်။ လူနာရှင်များက တံခါးမဖွင့်ခင် တံခါးကို သေနတ်ဒင်ဖြင့် ဆောင့်၍ အဖွင့်ခိုင်းကြရသည်။ သူတို့ကတော့ သူတို့နှင့်အတူ ဆရာဝန်အား လည်းကောင်း၊ လူသားတစ်ရပ်လုံးအား လည်းကောင်း သင်္ချိုင်းသို့ ဆွဲခေါ်သွားချင်ကြသည်။ မှန်ပါသည်။ လူသည် အဖော်မရှိဘဲ နေမဖြစ်။ သူ့မှာလည်း ဤသို့လျှင် စိတ်မချမ်းမသာ ဖြစ်ကြရသော လူများနည်းတူပင် ဘာမျှ မတတ်နိုင်ဘဲ ရှိသည်။ သူတို့ထံမှ ထွက်ခွာလာခဲ့သော အခါတွင် မသိမသာ ကရုဏာသက်စရာ ဖြစ်လောက်အောင်ပင် သူ့စိတ်ကိုသူ လျှော့ပေးလိုက်မိတတ်လေသည်။

မည်သို့ဆိုစေ၊ မကုန်နိုင်အဆုံးဖြစ်သော ထိုသီတင်းပတ်များအတွင်းက ဆရာဝန်၏ စိတ်ထဲတွင် ဤအတွေးများသည် သူ့ဇနီးနှင့် ခွဲခွာနေရသည့် အတွေးများနှင့်အတူ ရှိ၍နေတတ်လေသည်။ သူ၏မိတ်ဆွေများကို ကြည့်၍

အကဲခတ်ရာတွင်လည်း သူတို့၏စိတ်ထဲ၌ ဤသို့ပင်ဖြစ်သည်ဟု သူ တွေ့ရသည်။ သို့ရာတွင် ကူးစက်ရောဂါ တိုက်ဖျက်ရေးတွင် ပါဝင်ဆင်နွှဲ နေကြသူများအဖို့ ပင်ပန်းနွမ်းနယ်ခြင်းကြောင့် ဖြစ်ရသည့် အကြီးဆုံးအန္တရာယ်ကား အခြားလူများ မည်သို့ သဘောထားသည်ကို လည်းကောင်း၊ သူတို့၏ အပြင်ပလောကကို လည်းကောင်း ရေးကကဲ့သို့ စိတ်မဝင်စားတော့ဘဲ ဥပေက္ခာထားလိုက်ကြခြင်း ကြောင့်သာ ဖြစ်လေသည်။ သူတို့သည် တကယ်လိုအပ်ဟန် မရှိသော၊ သို့မဟုတ် မတန်တဆ အားထုတ်ရမည်ဖြစ်သော လှုပ်ရှားမှုမျိုးကို ရှောင်ရှားလိုသည့်စိတ်များ ထားတတ်လာကြသည်။ ဤသို့လျှင် ဤလူများသည် သူတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ကျန်းမာသန့်ရှင်းရေး စည်းမျဉ်းဥပဒေများကို မကြာခဏဆိုသလိုပင် ချိုးဖောက်ချင်လာကြသည်။ သူတို့လုပ်သင့်သည့် သန့်ရှင်းစင်ကြယ်ရေး လုပ်ငန်းစဉ်များမှ အချို့ကို မလုပ်ဘဲ ချန်ထားတတ်လာကြသည်။ တစ်ခါတစ်ရံ သူတို့အား နောက်ဆုံးအချိန်တွင်မှ ကပ်၍ အကြောင်းကြားသဖြင့် လိုအပ်သည့် အကာအကွယ်ပစ္စည်းများအတွက် အတော်ကလေး ဝေးနေသည့် သန့်ရှင်းရေးစခန်းထောက်သို့ ပြန်ရန် ဝန်လေးကြသည်ဖြစ်ရာ အဆုတ်ပလိပ်ရောဂါ ဖြစ်ပွားနေသည့် အိမ်များသို့ ရောဂါကူးစက်မှု မရှိအောင် စိတ်ချရသော အကာအကွယ်များ မပါဘဲ သွားတတ်လာကြသည်။ ဤတွင် အန္တရာယ်ရှိလာတော့သည်။ သူတို့သည် ပလိပ်ရောဂါကို အားသွန်ခွန်စိုက် တိုက်ဖျက်လေသမျှ သူတို့တွင် ရောဂါကျရောက်လွယ်အောင် လုပ်သကဲ့သို့ ရှိနေလေသည်။ အချုပ်အားဖြင့် သူတို့သည် ကံစွန့်တရား ထားလိုက်ကြသည်။ ကံကိုတော့ မည်သူမျှ သွေးဆောင်ဖြားယောင်း၍ မရနိုင်။

သို့ရာတွင် မြို့ထဲ၌ ပင်ပန်းနွမ်းနယ်ပုံလည်း မရ၊ စိတ်ပျက်အားလျော့ဟန်လည်း မပြသော လူတစ်ယောက်တော့ ရှိသည်။ တကယ်ပင် ရောင့်ရဲမှု၌ စံတင်ထားလောက်သူ ဖြစ်သည်။ သူကား ကော့တတ်ပင်တည်း။ ကော့တတ်သည် ရေးနှင့် လည်းကောင်း၊ ရမ်းဘားနှင့် လည်းကောင်း ဆက်သွယ်မြဲ ဆက်သွယ်လျက်ပင် ရှိသော်လည်း ရေးနည်းအတိုင်းပင် ခပ်ခွာခွာကလေးနေသည်။ တာရိုနှင့်မူကား တာရို၏ နည်းပါးလှစွာသော အချိန်ပိုကလေးတွင် ရနိုင်သလောက်၌ ပိုမိုရင်းနှီးခင်မင်မှုကို အားထုတ်လျက်ရှိသည်။ ဤသို့ပြုရာ၌ သူ့တွင် အကြောင်းနှစ်ခု ရှိသည်။ တစ်ခုက တာရိုသည် သူ၏အမှုကို အားလုံးသိထားခြင်းဖြစ်၍ နောက်တစ်ခုက တာရိုက သူ့အား အမြဲပင် ဖော်ဖော်ရွေရွေ လက်ခံစကားပြောသဖြင့် သူ့မှာ စိတ်အေးချမ်းသာ ရှိရခြင်းပင်ဖြစ်သည်။ ယင်းကား တာရို၏ ထူးခြားသော အရည်အချင်းတစ်ခု ဖြစ်သည်။ သူ့မှာ အလုပ်မည်မျှ ပင်ပန်း၍နေနေ သူ့အား ပြောလာသမျှ စကားများကို လိုလိုချင်ချင် နားထောင်တတ်သော အဖော်ကောင်းတစ်ယောက် ဖြစ်သည်။ အချို့သော ညနေချိန်များတွင် သူ့အား အလွန် ပင်ပန်းနွမ်းနယ်လျက် ရှိနေသည်ကို တွေ့ရတတ်သည့်တိုင်အောင် နောက်တစ်နေ့တွင် သူသည် အားသစ်အင်သစ်နှင့် ဖြစ်လာပြန်သည်ကို တွေ့ရတတ်သည်။ တစ်ခါတွင်

ကော့တတ်က ရမ်းဘားအား “တာရိုကြီးက တကယ်လူစိတ်ရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ စကားပြောရတာ သိပ်ကောင်းတယ်ဗျာ။ ကျွန်တော်ပြောတာ နားလည်ရဲ့မဟုတ်လား။ သူကတော့ လောကအကြောင်း တကယ်သိတဲ့လူဗျာ” ဟု ပြောဖူးသည်။

ဤရက်ပိုင်းမှာ တာရို၏ နေ့စဉ်မှတ်တမ်း ရေးသွင်းချက်များသည် ဘယ်ကလာလာ သည်ဘူတာဆိုက် ဆိုသလိုပင် ကော့တတ်၏ ပုဂ္ဂိုလ်ရေးရာသုံးသပ်ချက်များ ဆီသို့သာ ဦးတည်နေခြင်းမှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်တန်ရာသည်။ တာရိုသည် ကော့တတ်၏အကြောင်း အပြည့်အစုံဖော်ပြရန် အားထုတ်နေသည်မှာ ထင်ရှား၏။ အရေးကိစ္စတို့တွင် ကော့တတ်၏ တုံ့ပြန်မှု၊ ရောင်ပြန်ဟပ်မှု အားလုံးကို သူ့အား ကော့တတ်က ပြောပြသည့်အတိုင်း သို့မဟုတ် သူ့ဖာသာ အဓိပ္ပာယ်ကောက်ယူချက်များ အတိုင်း မှတ်သားလေသည်။ ကော့တတ်နှင့် ပလိပ်ကပ် ပတ်သက်ဆက်သွယ်ပုံ ဟူသော ခေါင်းစဉ်၏အောက်တွင် စာမျက်နှာ အတော်များများ ရေးသွင်းထားသည်ကို တွေ့ကြရသည်။ ယင်းတို့ကို ဤနေရာတွင် အကျဉ်းချုပ်၍ ဖော်ပြထိုက်သည်ဟု ဤအကြောင်းများကို ပြန်ပြောနေသူက ထင်မြင်ယူဆမိလေသည်။

ရှေ့ပိုင်းရေးသွင်းချက်များမှ တစ်ခုသည် ဤအချိန်ပိုင်းက ကော့တတ်အပေါ် တာရို၏ ယေဘူယျအမြင်များကို ဖော်ပြထားသည်။ ‘သူ ကြီးရင့်ဖွံ့ဖြိုးလာသည်၊ သူ၏ စိတ်ကောင်းသဘောကောင်းကလေးများ ကျယ်ပြန့်လာသည်’ ဟု ရေးထား၏။ ထိုစဉ်က အရာရာတိုင်း၏ ဖြစ်နေသည့် အခြေအနေတို့သည် သူ့အား စိုးစဉ်းမျှ စိတ်အနှောင့်အယှက် မဖြစ်စေခဲ့သောကြောင့် ဖြစ်သည်။ တစ်ခါတစ်ရံ သူသည် တာရိုနှင့်အတူ ရှိနေစဉ်တွင် “တစ်နေ့တစ်ခြား ပိုဆိုးလာတယ်ဗျ။ ဟင်၊ အေးလေ၊ ဘယ်လိုမဆို အခုတော့ လူတိုင်းလူတိုင်းဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေ ဖြစ်ကုန်ကြပြီပေါ့ဗျာ” ဟူသော မှတ်ချက်မျိုးကို ချတတ်သည်တွင် သူ၏ စေတနာအစစ်အမှန်ကလေးများ၏ လေသံက ပါ၍ပါ၍ လာတတ်ပေသည်။

တာရိုက မှတ်ချက်ရေးသည်။ ‘သူသည် အခြားလူတိုင်းကဲ့သို့ပင် သေဘေးနှင့် နီးကပ်နေသူ ဖြစ်သည်မှာတော့ ထင်ရှားပါသည်။ သို့သော် သူသည် အများနှင့်အတူ ဤအထဲတွင် ပါဝင်နေသည်ဆိုသည့် အချက်က သူ၏ ဆိုလိုရင်းအချက် ဖြစ်သည်။ သို့ပင်ဖြစ်သော်လည်း သူသည် သူ့ကိုယ်သူတော့ ဤမျှ ကြီးမားသော ဘေးအန္တရာယ်မျိုး သင့်နိုင်သူဖြစ်သည် ဟူ၍ ရေးကြီးခွင်ကျယ် စဉ်းစားသည် မဟုတ်ကြောင်း ကျွန်ုပ် အသေအချာ သိသလောက်ပင် ဖြစ်ပါသည်။ သူ၏ဦးနှောက်ထဲတွင် စိတ်ကူးတစ်ခု ရှိသည်။ ထိုစိတ်ကူးက ထင်ရသလောက်တော့ ဖြစ်ခဲ့သည်မဟုတ်။ ယင်းကား အခြားမဟုတ်။ အန္တရာယ်ကြီးမားသော ရောဂါဝေဒနာ တစ်ခုခုကို ခံစားနေရသူ၊ သို့မဟုတ် စိတ်သောက ကြီးစွာရောက်နေရသူမှာ

အခြားသော ရောဂါဝေဒနာနှင့် စိတ်သောကများမှ ကင်းလွတ်သည် ဟူသော အယူအဆပင်တည်း။ သူက ကျွန်ုပ်အား "ရောဂါနှစ်ခုကို တစ်ပြိုင်တည်း ဘယ်သူမှ ဖြစ်ဘူးဆိုတာ ခင်ဗျား သတိပြုမိရဲ့လား။ ဥပမာ ခင်ဗျာ့မှာ ကုလို့မရနိုင်တဲ့ ကင်ဆာလို အတိုးမြန်နေတဲ့ အဆုတ်နာလိုဟာမျိုး ရှိနေတယ် ဆိုပါတော့။ အဲ ခင်ဗျာ့မှာ ပလိပ်ရောဂါ မဖြစ်နိုင်ဘူး။ အူရောင်ငန်းဖျား မဖြစ်နိုင်ဘူးပေါ့။ ဒါက သွေးနဲ့ကိုယ် သားနဲ့ကိုယ်မှာ ဖြစ်နိုင်တဲ့သဘော မရှိတာ။ တကယ်ဆို ဒီထက် တစ်ဆင့်တိုးပြီး ပြောလို့တောင် ရမယ်။ ကင်ဆာရောဂါ ဖြစ်နေတဲ့လူ ကားမှောက်ပြီး သေတာများ ခင်ဗျား ကြားဖူးသလား" ဟု မေးဖူးသည်။ ဤအယူအဆကလေးတော့ ကော့တတ်အား ရွှင်ပျနေစေရန် တတ်အားသမျှ ကျေးဇူးပြုထားသည်။ သူ အမုန်းဆုံးမှာ သူ့အား အခြားသူများနှင့် အဆက်အသွယ် ဖြတ်ထားခြင်းပင် ဖြစ်သည်။ သူ့တစ်ယောက်တည်း အကျဉ်းသမားအဖြစ် နေရသည်နှင့်စာလျှင် အန္တရာယ်ပတ်လည်ဝိုင်းနေသည့် မြို့သူမြို့သားများနှင့်အတူ ရောနှောနေရခြင်းက မြတ်သည်ဟု သူက ထင်သည်။ ပလိပ်ကပ်က ပုလိပ်အဖွဲ့ စုံစမ်းစစ်ဆေးမှုများ၊ နောက်ယောင်ခံလိုက်မှုများ၊ ဖမ်းဆီးမိန့်များ စသည်တို့ကို ထိရောက်စွာ ရပ်ဆိုင်းပစ်လိုက်သည်။ ဤသို့ပြောရလျှင် ယခုအခါ ကျွန်ုပ်တို့တွင် ပုလိပ်အဖွဲ့လည်း မရှိတော့။ အားလုံးအတူတူပင် မရေရာလှသည့် လွတ်ခွင့်ကလေးကို မျှော်နေကြရသော သေဒဏ်ကျ အကျဉ်းသမားများ ဖြစ်၍နေကြပြီ။ ပုလိပ်သားများကိုယ်တိုင်လည်း ဤအထဲတွင် ပါဝင်နေပြီ ဖြစ်လေသည်'

ဤသို့လျှင် (တာရို၏ အဆုံးအဖြတ်ကို ယုံကြည်ရပါက) ကော့တတ်တွင် စိတ်ထဲ၌ ရှုပ်ထွေးစေသည့် လက္ခဏာများကို လည်းကောင်း၊ သူ၏ပတ်ဝန်းကျင်မှ လူများ၏ သောကကို သူ့စိတ်တိုင်းကျ ကျေနပ်နားလည်နိုင်လောက်အောင် ကြည့်ခွင့်ရရန်အကြောင်း ကောင်းစွာရှိသည်ဟု ဆိုရမည်။ "မိတ်ဆွေတို့၊ ခင်ဗျားတို့ ဘာတွေ ပြောနေပြောနေ ပြောချင်တာ ပြောကြ။ ဒါကို ကျုပ်က အရင်ဆုံး ရတာပါ" ဟုဆိုသည့် သူ့စကားထဲတွင် ဤအခြင်းအရာကို တွေ့နိုင်ပေသည်။

တာရိုက ဆက်လက်ရေးသားသည်မှာ 'ကျွန်ုပ်က သူ့အား အခြားလူများနှင့် အဆက်အသွယ် မပြတ်စေရန် အသေချာဆုံးနည်းမှာ လိပ်ပြာသန့်အောင်နေဖို့ပင် ဖြစ်သည်ဟု အကြံဉာဏ်ပေးသောအခါ သူက မျက်မှောင်ကြုတ်၍ "ဒီလိုဆိုရင် လူတိုင်းလူတိုင်းဟာ လူတိုင်းလူတိုင်းနဲ့ အဆက်အသွယ် ဖြတ်ထားသလို နေတော့မှာပေါ့" ဟု ပြန်ပြောပါသည်။ ထို့နောက် တခဏကြာမှ သူက "ခင်ဗျား ကြိုက်တာကိုပြောပါ တာရို။ ဒါပေမယ့် ကျုပ်မှာ ပြောစရာရှိတာကတော့ ဒီလိုပါ။ လူတွေကို စုစုစည်းစည်း ရှိနေအောင်တော့ တစ်ခါတစ်ခါ ပလိပ်ကပ်ကလေး ဘာလေး ဖြစ်ပေးဖို့ လိုတယ်ဗျ။ ခင်ဗျာ့ ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်ရုံပဲ" ဟု ထပ်ပြောပါသည်။ သူ ဘာကိုဆိုလိုသည်ကို ကျွန်ုပ်သိပါသည်။ ကျွန်ုပ်တို့ဘဝ၏ ယခုလက်ရှိ အနေအထားမျိုးသည် သူ့စိတ်ကြိုက်နှင့် မည်မျှ ကိုက်ညီနေသည်ကို

ကျွန်ုပ် နားလည်နိုင်ပါသည်။ အခြေအနေပြောင်းတိုင်း သူ၏ တုံ့ပြန်မှုကလေးများ၊ လူတိုင်းလူတိုင်း အခြားလူများနှင့် ကင်းလွတ်အောင် ရှောင်ရန် အားထုတ်နေကြပုံများ၊ လမ်းပျောက်နေသူကို ကူညီရာတွင် တစ်ခါတစ်ရံ လိုလိုချင်ချင်ရှိပြီး အခြားအချိန်များတွင် ငြိုငြိုငြင်ငြင် ဖြစ်ရပုံများ၊ ခမ်းနားသော စားသောက်ဆိုင်များတွင် လူများ စုပြုံ၍ လာကြပုံ၊ ထိုနေရာများ၌ ရှိနေသည်ကို ပျော်ရွှင်ကြပုံ၊ ဆိုင်မှအထွက်တွင် မထွက်ချင်ထွက်ချင် ဖြစ်နေကြပုံများ၊ ရုပ်ရှင်ရုံ ပြဇာတ်ရုံများနှင့် ကပွဲခန်းမများ၌သော်မှ နေ့စဉ် လူအုပ်ကြီး တန်းစီ၍ဝင်ကာ အထွက်တွင် ပန်းခြံများ သစ်ရိပ်တန်းများထဲသို့ ယောင်လာဝါးလား ဆူဆူညံညံ လျှံထွက်လာကြပုံများ၊ ထိတွေ့မည့်ကိစ္စ အားလုံးကို ရှောင်တိမ်းလျက် ရှိကြသော်လည်း လူတို့ခန္ဓာကိုယ်ချင်း လိင်ချင်း ထိတွေ့မှု၏ အရွေးစာတ်ကိုမှုကား မက်မောတောင့်တလျက်သာ ရှိကြပုံများကို သူ အသို့လျှင် မမှတ်မိဘဲရှိမည်နည်း။ ဤအရာအားလုံးကို ကော့တတ် ကြုံတွေ့ခဲ့သည်မှာ ထင်ရှားပါသည်။ ချွင်းချက်တစ်ခုတော့ ရှိသည်။ သူ့အဖို့ဆိုလျှင် မိန်းမကိစ္စများကို ချန်လှပ်ထားခဲ့ရလိမ့်မည်။ သူ့မျက်ခွက်ကြီးက ဆိုးပါဘိသနှင့်။ သူ့မှာ ပြည့်တန်ဆာအိမ်များသို့ သွားချင်စိတ်များ ဖြစ်ပေါ်လာသော်မှ သူ့စိတ်ကိုသူ ချုပ်တည်း၍ ထားရတတ်သည်။ တစ်နေ့ သူ့အပေါ်တွင် အပြစ်တင်စွပ်စွဲစရာ နာမည်ပျက်မည့် ကိစ္စလည်း ဖြစ်သည်။

'အချုပ်ကိုဆိုရသော် ကူးစက်ရောဂါက သူ့ကို ဂုဏ်ပြုလိုက်သကဲ့သို့ ဖြစ်သွားသည်။ တစ်ကိုယ်တည်းနေရခြင်းကို ပျင်းတတ်သော တစ်ကိုယ်တည်းသမား တစ်ယောက်အဖို့ ကြံဖော်ကြံဖက် ရသွားသည်။ မှန်ပါသည်။ ကြံဖော်ကြံဖက်ဆိုသည့် စကားသည် ဤနေရာတွင် အတော်အံဝင်ခွင်ကျ ဖြစ်သွားသည်။ သူကလည်း ကြံစည်ရခြင်းကို နှစ်ခြိုက်သည် မဟုတ်လား။ ယခု သူသည် အယူသည်းတတ်သော၊ အကြောင်းမဲ့ အသေအလဲ ကြောက်တတ်သော၊ စိတ်ထိခိုက်လွယ်သော၊ အမြဲတစေ ထိတ်လန့်၍သာ နေတတ်သော၊ ခေါင်းကိုက်ခြင်းသည် ပလိပ်ကပ်ရောဂါ၏ ရှေ့ပြေးလက္ခဏာများ ဖြစ်သည်ဟု သိထားကြ၍ ခေါင်းကလေး အနည်းငယ်အုံလာလျှင် သေလုမတတ် ကြောက်တတ်သော၊ နောက်ဆုံး၌ အလိုလိုနေရင်း သွေးလန့်ကာ ထစ်ခနဲရှိ စိတ်ဆိုးတတ်ပြီး ဘောင်းဘီကြယ်သီးကလေးတစ်လုံး ပျောက်သွားတာကအစ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေတတ်သော သူ၏ ပတ်ဝန်းကျင်က လူများနှင့် တစ်သားတည်း ဖြစ်သွားတော့သည်'

ညနေပိုင်းတွင် တာရိုသည် မကြာခဏပင် ကော့တတ်နှင့်အတူ အပြင်သို့ ထွက်လေ့ရှိပြီး၊ သူတို့နှစ်ယောက်သား ညမှောင်ချိန်တွင် လမ်းထဲ၌ပြည့်၍ လာတတ်သော လူအုပ်ထဲသို့ လူအုပ်ထဲသို့ တိုးဝင်သွားလေ့ရှိကြပုံကို လည်းကောင်း၊ ဟိုနားတစ်တိုင် သည်နားတစ်တိုင် မှိတ်တုတ်မှိတ်တုတ် လင်းလျက်ရှိသော

လမ်းမီးတိုင်နား၏ အောက်၌သာ အလင်းရောင်ရှိ၍ အရောင်အဆင်း မသဲကွဲဘဲ ရွေ့လျားသွားနေသည့် လူအုပ်ထဲသို့ ဝင်၍ ရောလိုက်ကြပုံကို လည်းကောင်း၊ အဖော်တွေဆီက ရသော အနွေးဓာတ်က ပလိပ်ကပ်၏ အေးစက်နေသော အငွေ့အသက်များကို ကာကွယ်နိုင်သည့်အလား သူတို့သည် လူအုပ်ကြီးနှင့်အတူ တရွေ့ရွေ့မျောကာ ပျော်စရာရွှင်စရာ နေရာများဆီသို့ လိုက်ပါသွားကြပုံကို လည်းကောင်း ဖော်ပြထားသည်။ လွန်ခဲ့သည့် လများက လူစည်စည်နေရာများတွင် ကော့တတ် စိတ်ကူးယဉ်လျက် လိုက်၍ ရှာနေခဲ့သော်လည်း မရနိုင်ခဲ့သည့် စည်းစိမ်နှင့်တကွ ဖောဖောသီသီ ရှိသော အနေမျိုး၊ အရှုံးအမူး ပျော်ရွှင်ရသည့် ပွဲမျိုးကို ယခု မြို့နေလူထုကြီး တစ်ရပ်လုံးက လိုက်၍ရှာနေကြပြီ ဖြစ်လေသည်။ မလွှဲသာမရှောင်သာ ကုန် ဈေးနှုန်းများ တိုးတက်သွားခဲ့သော်လည်း ထိုအချိန်အခါကလောက် ငွေကြေးဖြုန်းတီးမှု များပြားသည်ကို ဘယ်အခါကမှ မတွေ့ခဲ့ရသေးချေ။ မရှိမဖြစ်သော ကုန်ပစ္စည်းများ ချို့တဲ့လျက် ရှိစဉ်တွင် အပိုသုံးပစ္စည်းများအတွက် ဘယ်တုန်းကမှ ဤမျှ ငွေကြေးသုံးစွဲကြသည်ကို မတွေ့ခဲ့ရဖူးချေ။ အားလပ်ချိန် အပန်းဖြေမှုများသည်လည်း ယခုအခါတွင် အလုပ်မရှိကြတော့သောကြောင့် ပိုမိုများပြားလာသည် ဟု ဆိုရမည်ဖြစ်သည်။ ယခင်ကထက် အဆပေါင်းတစ်ရာမျှ တိုးပွားများပြား လာခဲ့သည်။ တစ်ခါတစ်ရံ တာရိုနှင့်ကော့တတ်တို့သည် ရှေးအခါများက တစ်ယောက်တစ်ယောက် ဆွဲဆောင်ရာတွင် ဣန္ဒြေသိက္ခာနှင့် သိုသိုသိပ်သိပ် ရှိကြသော်လည်း ယခုအခါ တစ်ယောက်တစ်ယောက် ဘေးချင်းကပ်၍ ဖက်လျက် ရောမချစ်သူကြီးများ၊ ပတ်ဝန်းကျင်ကို မေ့လျော့ထားလိုက်ကြပြီး မိုးမမြင်လေမမြင် အချစ်ပင်လယ်ကြော၌ မျောနေကြသလို လူအုပ်ကြီးနှင့်အတူ လမ်းသလားနေသည့် ဒွိယံဒွိယံအတွဲများ အနက်က တတွဲတွဲ၏နောက်သို့ မိနစ်ပေါင်း အတော်ကြာအောင် လိုက်နေမိတတ်ကြသည်။ ကော့တတ်က သူတို့အား အလွန်သဘောကျ နှစ်ခြိုက်စွာ စိုက်ကြည့်နေတတ်သည်။ “ကောင်းတယ် ကိုယ့်လူတို့ရေ။ သွားကြ သွားကြဟ” ဟူ၍ လည်း ကောင်းချီးပေးသလို ကြွေးကြော်တတ်သည်။ သူ၏အသံပင်လျှင် တစ်မျိုးဖြစ်ကာ ပိုမိုကျယ်လောင်လာသည်။ တာရို ရေးထားသည့်အတိုင်းပင် လက်ဖက်ရည်ဆိုင် စားပွဲများပေါ်၌ ရက်ရက်ရောရော အပိုအမိုပေးသည့် ငွေကြေးသံ တချွင်ချွင်နှင့် သူ၏ မျက်စိအောက်မှာပင် ချစ်ရေးခင်ရေးများ အကောင်အထည်ပေါ်လျက် ရှိပြီး၊ လူစုလူဝေးလိုက် စိတ်လှုပ်ရှားနေသည့် ပတ်ဝန်းကျင်နှင့်အဆင်ပြေကာ ကော့တတ်မှာ ကြီးရင့်ဖွံ့ဖြိုး၍ လာခဲ့သည်။

မည်သို့ဆိုစေ၊ ကော့တတ်၏ မစ္ဆေရစိတ် သဘောထားကလေးများကို တာရို ရိပ်မိသည် ဆိုစေဦးတော့။ အနည်းအကျဉ်းမျှသာ ဖြစ်ပေမည်။ သူပြောသည့် ”ကျုပ်က ကျုပ်ကိုယ်တိုင် ဒါကို အစအဆုံး ကြုံခဲ့ရပြီးသားပါ” ဟူသော စကားတွင် ဝင့်ကြွားသံ မပါ၊ ကရုဏာသံကလေးသာ ပါနေသည်။ တာရိုက ‘သူသည် ဤကောင်းကင် ကွက်ကွက်ကလေး၏ အောက်က သူတို့၏ မြို့တံတိုင်းများအတွင်း

အပိတ်အလှောင် ခံနေရသူများအား အတော်ပင် ချစ်ခင်လာသည်ဟု ကျွန်ုပ်ထင်မိသည်။ ပုံစံပြရသော် သူက ထိုလူများအား အခါအခွင့်သင့်ပါက အခြေအနေဟာ ဒါလောက်ပဲ ကြောက်စရာ မကောင်းလှပါဘူး ဆိုသည်ကို နားလည်အောင် ပြောပြချင်နေသည်’ ဆိုသည်။ သူက ကျွန်ုပ်အား ”ပလိပ်ကပ်ကြီးပြီးသွားရင် ဘာလုပ်မယ် ဘာလုပ်မယ်ဆိုတာ သူတို့ ပြောပြောနေကြသံ ကြားရတတ်တယ်ဗျ။ တကယ်က သူတို့ဟာ ဖြစ်ရာဘဝမှာ မပျော်နိုင်ကြဘဲ ရင်ကျွဲအောင် ပူပန်သောက ရောက်နေကြတာပဲဗျ။ သူတို့ရဲ့ အခွင့်အရေး ဆိုတာတွေကိုတောင် မသိကြတော့ဘူး။ ကျုပ်ကိစ္စကို ကြည့်ပါလား။ ကျုပ်က ကျုပ်ကို ဖမ်းသွားပြီးတဲ့နောက် ကျုပ် ဘာလုပ်မယ် ညာလုပ်မယ် ဆိုတာကို ပြောနိုင်မလား ဟင်။ ဖမ်းတာဟာ အစပဲ ရှိသေးတာဗျ။ အဆုံး မဟုတ်သေးဘူး။ ဒါပေမယ့် ပလိပ်ကပ်ကတော့ ကျုပ် ဘာတွေးမိလဲ သိလား။ သူတို့ဟာ သူတို့ရဲ့စိတ်ကို လွှတ်မထားလိုက်ကြလို့ ခုလို ညည်းညည်းညူညူ ဖြစ်နေကြတာဗျ။ ကျုပ် ဘာပြောနေတယ်ဆိုတာ ကျုပ် ကောင်းကောင်းသိတာပေါ့” ဟု ရေးထား၏။

တာရိုက ဆက်လက်ရေးသည်မှာ ‘မှန်ပါသည်။ သူ ပြောနေသည့် အကြောင်းအရာကို သူ ကောင်းစွာသိပါသည်။ ပင်ကိုစိတ်က လူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို တောင့်တတတ်ပါလျက် တစ်ဦးတစ်ဦး မယုံကြည်စိတ်မချနိုင်ကြသောကြောင့် စိတ်ဆန္ဒရှိတိုင်း မပြုဝံ့နိုင်ကြသော ဤနေရာက လူများ၏ ကမောက်ကမ ဘဝကို သူက ထိုးထွင်းသိမြင်သည်။ ကိုယ့်အိမ်နီးချင်းကိုပင် မယုံကြည်ရသည်ကို လူတိုင်း သိကြသောကြောင့် ဖြစ်သည်။ ကိုယ်က ဘာမှ မသိလိုက်ရဘဲ ကိုယ့်ဆီသို့ ရောဂါပိုးများ ရောက်လာနိုင်သည်။ ကိုယ့်ဘက်က အမှတ်မဲ့နေသည်ကို အခွင့်ကောင်းယူ၍ ရောဂါကူးစက်စေလိမ့်မည် ဖြစ်သည်။ ကော့တတ်ကဲ့သို့ နေ့စဉ်နှင့်အမျှ လူတိုင်းလူတိုင်း မိမိ ခင်မင်နှစ်သက်သူများကိုပင် ပုလိပ်သူလျှို ထင်၍ နေခဲ့ရသော ဘဝမျိုးကဆိုလျှင် ဤတုံ့ပြန်မှုမျိုးကို နားလည်ရန် လွယ်ပါလိမ့်မည်။ မမျှော်လင့်ဆုံးအချိန်တွင် ပလိပ်ကပ်က သူတို့၏ ပုခုံးပေါ်သို့ လက်အေးကြီး လာ၍ တင်လိုက်လေမည်လား။ တကယ်လည်း ကိုယ့်ကိုကိုယ် ဘေးအန္တရာယ် ကင်းရှင်းကျန်းမာနေသည်ကို ဝမ်းသာနေခိုက်တွင် ပလိပ်ကပ်က ဆိုက်ရောက်လာလေမည်လား ဟု တွေးတောထိတ်လန့် နေကြသူများကို ကိုယ်ချင်းစာနိုင်ပါသည်။ ဤသို့ ဖြစ်နိုင်နေသမျှတော့ ကော့တတ်သည် ဤကြောက်မက်ဖွယ် ကာလမျိုးတွင် စိတ်အေးချမ်းသာနေ၍ ရသည်။ သို့ရာတွင် သူက သူတို့ထက်စော၍ ဤအတွေ့အကြုံမျိုးကို ဖြတ်ကျော်ခဲ့သူ ဖြစ်သည်ဆိုသည့် အကြောင်းမျှဖြင့် ယခု သူတို့တတွေအား အမြဲတစေနှိပ်စက်၍နေသော မတင်မကျ အခြေအနေ၏ ဒုက္ခဝေဒနာများကို အပြည့်အဝဝေမျှ၍ မခံစားနိုင်ဟု ကျွန်ုပ်က သံသယဖြစ်မိသည်။ အဖြစ်ကား ဤသို့။ ပလိပ်ကပ်သင့်၍ မသေကြသေးသော ကျွန်ုပ်တို့အားလုံး ကဲ့သို့ပင် သူ၏ လွတ်လပ်မှုနှင့်အသက်ကိုပါ သေမင်းက အချိန်မရွေး ဆွဲယူသွားနိုင်သည် ဆိုသည်ကို သူလည်း ကောင်းစွာသိသည်။ သို့သော်

အမြဲတစေ ကြောက်လန့်၍ချည်း နေရသည့် ဘဝသည် မည်သို့ဖြစ်သည်ကို သူကိုယ်တိုင် သိထားသည်ဖြစ်ရာ အခြားသူများလည်း ဤအခြေအနေမျိုးကို သိလာကြရမည်မှာ ဓမ္မတာပင်ဖြစ်သည် ဟု သူက ယူဆသည်။ သို့မဟုတ် ကြောက်လန့်နေရခြင်းကို သူတစ်ယောက်တည်း ခံစားနေရစဉ်ကနှင့်စာလျှင် ယခုအခြေအနေမျိုးတွင်က ပို၍ခံသာသည်ဟု သူ ထင်နေခြင်းဖြစ်သည်ဟုပင် ဆိုရမည်လော၊ ဤသို့ဆိုလျှင်တော့ သူ မှားသည်။ ဤအကြောင်းကြောင့် သူ့ကိုနားလည်ရန် ပိုခက်နေခြင်း ဖြစ်သည်။ သို့တစေ ဤအကြောင်းကြောင့်ပင်လျှင် သူ့ကို နားလည်အောင် အားထုတ်ရသည်မှာ အားထုတ်ရကျိုးနပ်သည် ဟု ဆိုရတော့မည်’ ဟူ၍ ဖြစ်လေသည်။

ကော့တတ်လည်း အခြားအခြားသော မြို့နေလူများလောက်ပင် ထူးထူးခြားခြားဖြစ်ရသည့် စိတ်အခြေအနေမျိုးကို သရုပ်ပေါ်စေသည့် ဇာတ်လမ်းတစ်ခုဖြင့် တာရို၏မှတ်စုများ အဆုံးသတ်သည်။ ထိုဇာတ်လမ်းမှာ ထိုအချိန်ပိုင်းဆီက ထူးထူးခြားခြား စိတ်ချောက်ချားကြရသော အခြေအနေ၏ အနီးကပ်ဆုံးသရုပ်ကို ပြန်လည်ဖန်တီးထားသော ဇာတ်လမ်း ဖြစ်နေသောကြောင့်လည်း ဤအကြောင်းများကို ပြန်ပြောနေသူက ယင်းကို အရေးပါ အရာရောက်သည်ဟု ယူဆထားခြင်း ဖြစ်ပါသည်။

တစ်ညနေတွင် ကော့တတ်နှင့် တာရိုတို့သည် ပြဇာတ်ဆရာကြီး ဂလတ်ခ်၏ အော်ဖျူးပြဇာတ် ကပြလျက်ရှိသည့် စည်ပင်သာယာဇာတ်ရုံသို့ သွားကြသည်။ ဤပြဇာတ်ကို ရက်တိုကပြရန်အတွက် နယ်လှည့်ပြဇာတ် အဖွဲ့တစ်ဖွဲ့သည် နွေဦးရာသီက အိုရန်မြို့သို့ ရောက်ရှိနေခဲ့သည်။

(အော်ဖျူးပြဇာတ်မှာ ဂရိဒဏ္ဍာရီလာ သရေ့စ်တိုင်းမှ သီချင်းသည် အကျော်အမော် အော်ဖျူး၏အကြောင်း ဖြစ်သည်။ သူ၏ စောင်းသံနှင့် တေးသံကို ကြားရလျှင် သက်ရှိသတ္တဝါများကို မဆိုထားနှင့်၊ သစ်ပင်များ၊ ကျောက်တုံးများပင်လျှင် ပျော်ရွှင်လာရသည် ဟု ဆိုသည်။ သူသည် ဂီတနတ်သမီး ကလိုင်ယိုပီနှင့် စောင်းတော်ရှင် နေနတ်သားအပိုလိုတို့၏ သားဖြစ်ပြီး အလှနတ်မယ် ယူရီဒီဆီနှင့် အကြောင်းပါသည်။ ချစ်ခင်ကြင်နာဆဲတွင် ယူရီဒီဆီသည် မြွေကိုက်၍ သေဆုံးသွားသည်။ အော်ဖျူးလည်း သောကကြီးစွာဖြစ်လျက် ယမမင်းကြီးထံအထိ အယူခံဝင်ကာ သူ့အား သူ့ဇနီး ပြန်ပေးပါရန် ဆွတ်ပျံ့ဖွယ်ရာ တေးသံသာများဖြင့် တောင်းခံသည် ဆိုသည်။ ယမမင်းကြီးနှင့်တကွ ငရဲသားများက သူ၏ တေးဂီတသံကို ကြည်နူးကာ သူတောင်းခံသည့်အတိုင်း ယူရီဒီဆီကို ပြန်ပေးလိုက်သည်။ သို့သော် သူ့အား စည်းကမ်းတစ်ခု သတ်မှတ်ပေးလိုက်သည်။ သူက ရှေ့ကသွား၊ ယူရီဒီဆီက နောက်ကလိုက်ခဲ့မည်။ ယူရီဒီဆီပါ လူတို့၏ နယ်ပယ်ဘက်သို့ မရောက်မချင်း နောက်သို့ လှည့်မကြည့်ရဟု မှာလိုက်သည်။ အော်ဖျူးသည် လူ့ဘုံကမ်းစပ်သို့

အရောက်တွင်မှ ထိုစည်းကမ်းကို ဖောက်ဖျက်မိသည်။ လူတို့၏မြေသို့ သူပြန်ဝင်မိသည့်တွင် သူက စိတ်မချနိုင်၍ လှည့်ကြည့်လိုက်မိ၏။ ဤတွင် လူတို့၏ နယ်ဘက်သို့ မရောက်တတ်သေးသော ယူရီဒီဆီလည်း ကွယ်ပျောက်သွားကာ ယမမင်း၏ နယ်ဘက်သို့ ပြန်ရောက်သွားသည်။ အောဖျူးလည်း ကြီးစွာသော သောကဖြင့် လူ့ဘုံကမ်းစပ်၌ပင် ရက်ပေါင်းများစွာနေပြီး တမှိုင်မှိုင်တတွေတွေ ရေစာမယူဘဲ သေလေသည်။ ထိုအခါတွင်မှ တမလွန်ဘဝတွင် သူ၏ချစ်ဇနီး ယူရီဒီဆီကို ပြန်တွေ့ကာ ဘယ်တော့မှ မခွဲခွာဘဲ အတူတကွ နေကြရတော့သည်။ ဤကား ဘာသာပြန်သူ၏ ထည့်သွင်းချက်။)

ပလိပ်ရောဂါ ကျရောက်ချိန်တွင် ထိုပြဇာတ်အဖွဲ့လည်း အိုရန်မြို့တွင် သောင်တင်နေသည်။ အခက်အခဲများ ကြုံရသောကြောင့် ဇာတ်ရုံအုပ်ချုပ်သူများနှင့် ဆွေးနွေးကာ နောက်ထပ် တစ်စုံတစ်ရာ အကြောင်းမကြားမချင်း တစ်ပတ်လျှင် တစ်ကြိမ်ကပြရန် သဘောတူညီချက် ရရှိသည်။ ထို့ကြောင့် လပေါင်းများစွာပင် ကျွန်ုပ်တို့၏ ဇာတ်ရုံကြီးမှာ သောကြာနေ့တိုင်း အောဖျူး၏ ငိုကြွေးမြည်တမ်းသံများ၊ ယူရီဒီဆီ၏ အချည်းနှီးပန်ကြားသံများဖြင့် ပွဲတင်ထပ်လျက် ရှိလေသည်။ လပေါင်းများစွာ ကြာသည့်တိုင်အောင် ပြဇာတ်မှာ လူကြိုက်များလှသဖြင့် က,ပြတိုင်း ရုံပြည့်လျက်ရှိသည်။ ကော့တတ်နှင့် တာရိုတို့သည် ရုံဝင်ခအမြင့်ဆုံး ဖြစ်သောအတန်းရှိ သူတို့၏ ထိုင်ခုံများမှနေ၍ ကိုရန်မြို့၏ အထက်လွှာမှ လူများဖြင့်ပြည့်နေသော ခုံတန်းများကို စီး၍မြင်နေရသည်။ သူတို့သည် သူတို့၏ ခုံတန်းများဆီသို့ အဝင်တွင် ကြော့ကြော့မော့မော့ရှိရန် အထူးဂရုစိုက်ကြပုံကို ကြည့်ရသည်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ တီးဝိုင်းအဖွဲ့က သာယာညင်းပျောင်း တီးမှုတ်လျက်ရှိစဉ်တွင် ညနေဝတ်စုံများဖြင့် လူများသည် ခုံတန်းတစ်တန်းမှ တစ်တန်း ကူးသွားကာ ဇာတ်စင်ပေါ်သို့ ထိုးထားသည့် မီးများ၏ ရောင်လျှံထဲတွင် မိတ်ဆွေများအား ယဉ်ကျေးဖွယ်ရာ နှုတ်ဆက်စကားများ ပြောလျက်ရှိကြ၏။ ဤသို့ ယဉ်ကျေးသိမ်မွေ့သော စကားပြောသံ အုတ်အုတ်အောအောထဲတွင် သူတို့သည် မြို့ထဲက မှောင်မိုက်သော လမ်းများတွင် လျှောက်သွားစဉ်က မရရှိခဲ့သော ယုံကြည်စိတ်ချမှုများကို ပြန်လည်ရရှိကြသည်။ ညနေဝတ်စုံများကလည်း ပလိပ်ရောဂါကို မုချဖယ်ရှားနိုင်သည့် အဆောင်ကောင်းသဖွယ် ဖြစ်လေသည်။

ပထမပိုင်းတစ်လျှောက်လုံးတွင် အောဖျူးလည်း ဆုံးပါးသွားရသော သူ၏ ချစ်ဇနီး ယူရီဒီဆီအတွက်နှင့် သာယာညင်းပျောင်း ငိုညည်းသီဆိုသည်။ ဂရိတိုင်းသူတို့၏ ဝတ်ရုံများဆင်ထားသူ အမျိုးသမီးတို့က သူ၏ ကြေကွဲဖွယ်အဖြစ်ကို သံပြိုင်ချိုအေး တေးဖွဲ့၍ သီဆိုပေကြသည်။ အချစ်အခင်ကိုဖွဲ့သည့် တေးသံများကိုလည်း တစ်လှည့်စီ သီဆိုပေးကြသည်။ ပွဲကြည့်ပရိသတ်ကြီးကလည်း နှစ်သက်လက်ခံကြောင်း အသာအယာဩဘာလက်ခုပ်တီး၍ ပြကြသည်။

ဒုတိယပိုင်းတွင် အောဖျူးသည် မူလတေးသံစဉ်တွင် မပါဝင်သော မေးရိုက်မေးဝဲ အဆွဲအငင်ကလေးများပါ ထည့်သွင်းသီဆိုလာပြီး ယမမင်းကြီးထံတွင် မျက်ရည်ဖြင့် အသနားခံသည့် အခန်းတွင်မူ အနည်းငယ် ချဲ့ထွင်ထားသည့် စိတ်လှုပ်ရှားမှုများဖြင့် သီဆိုသည်ကို လူအချို့သာ သတိပြုမိကြသည်။ လက်များကို ဆတ်ခနဲဆတ်ခနဲ ဆန့်တန်း၍ ထုတ်ကာ အမူအရာလုပ်ရသော အခန်းများတွင် ဇာတ်ပွဲကြည့်နေကျ လူအများ၏ အမြင်၌ လိုသည်ထက် အနည်းငယ် ပိုနေသယောင်ယောင် ဖြစ်သော်လည်း သူသီဆိုလျက်ရှိသော တေးမှ စကားလုံးများ၏ လှုပ်ရှားမှုကို ပေါ်လွင်စေရန် ရည်ရွယ်၍ပြုခြင်းဖြစ်သည် ဟု ဆိုကြသည်။

တတိယပိုင်း အောဖျူးနှင့် ယူရီဒီဆီတို့နှစ်ယောက် လူ့ဘုံသို့ ပြန်လာကြသည့်အခန်း၊ ယူရီဒီဆီအား သူ့ချစ်သူထံမှ ယမမင်း၏နိုင်ငံသို့ ပြန်ခေါ်သွားသည့် နေရာတွင်မူ ပွဲကြည့်ပရိသတ်အားလုံး အံ့အားသင့်ကာ လှုပ်လှုပ်ရွရွ ဖြစ်ကြရသည်။ သီချင်းသည်ကလည်း ဤအချက်ကို စောင့်နေသည့်အလား သို့မဟုတ် ပရိသတ်ထံမှ ခပ်အုပ်အုပ် ထွက်လာသည့် အသံများက သူခံစားနေရသည့် ဝေဒနာကို အတည်ပြုပေးလိုက်သည့်အလား သူက ဤအချိန်မှာပင် သူ၏ရှေးဝတ်ရုံကြီးထဲမှ လက်ခြေတို့ကို ကလန်ကလား ဆန့်တန်းထုတ်လျက် ဇာတ်စင်အောက် မီးများဆီသို့ ဒယီးဒယိုင် ကိုးယိုးကားယား လျှောက်လာကာ မဖွယ်မရာ ဇာတ်စင်အခင်းအကျင်း၏ အလယ်တွင် ဘိုင်းခနဲ လဲကျသွားတော့သည်။ တကယ်က ဇာတ်ကရာတွင် ဤသို့ဖြစ်လေ့မရှိ။ ယခုမူ ပွဲကြည့်သူများ၏ အမြင်တွင် ပို၍ သိသိသာသာ ထိတ်လန့်ဖွယ် မဟားဒယား ဖြစ်နေလေတော့သည်။ ထိုအချိန်မှာပင် တီးဝိုင်းကလည်း ရုတ်တရက် ရပ်ပစ်လိုက်သောကြောင့် ပွဲကြည့်ပရိသတ်တို့လည်း နေရာမှထ၍ ရုံထဲမှ ထွက်ကြလေတော့သည်။ အစတွင် ဘုရားဝတ်ကျောင်းမှ ဒေသနာ နာကြားပြီး ပြန်ထွက်လာကြသူများကဲ့သို့ လည်း ကောင်း၊ အသုဘရှုသူများ သေသူအား နောက်ဆုံးကြည့်ရှုကြပြီး ပြန်ထွက်လာကြသကဲ့သို့ လည်းကောင်း၊ အမျိုးသမီးများက သူတို့၏ဂါဝန်များကို အသာအယာ မ,လျက်၊ ဦးခေါင်းများကို ငုံ့လျက်၊ ယောကျ်ားများက ခုံတန်းတစ်လျှောက် ထောင်နေသော ထိုင်ခုံများနှင့် ဝင်မတိုက်မိအောင် မိန်းမများအား လက်မောင်းမှ ဖေးလျက် ခပ်ဖြည်းဖြည်း ငြိမ်သက်စွာ ထွက်ကြသည်။ သို့ရာတွင် တဖြည်းဖြည်းချင်းနှင့် သူတို့လှုပ်ရှားမှုများ မြန်လာကာ တီးတိုးပြောသံများလည်း အထိတ်တလန့် အော်သံများ ဖြစ်လာလျက် နောက်ဆုံးတွင် ထွက်ပေါက်များဆီသို့ တဝုန်းဝုန်း ပြေးကြသည်အထိ ဖြစ်လာပြီး အပေါက်ဝများတွင် စုပြုံတိုးရာမှ လမ်းထဲသို့ ပွင့်အန်ထွက်လာသည့် လူအုပ်ကြီးမှာ အထိတ်တလန့် အော်ကြဟစ်ကြနှင့် ကသောင်းကနင်း ဖြစ်သွားလေသည်။

ထိုင်ရာမှ ထရုံသာ ထကြရသေးသည့် ကော့တတ်နှင့် တာရိုတို့သည် ထိုအချိန်အခါက ရုတ်တရက် ထူးထူးခြားခြား အဖြစ်ဆန်းလှသော သူတို့၏

ဘဝမြင်ကွင်းကို ငေးစိုက်၍ ကြည့်နေလိုက်မိကြသည်။ ဇာတ်စင်ပေါ်တွင်ကား ဖရိုဖရဲ လွင့်ပျောက်သွားသော မပီမသ ညည်းတွားသံအသွင်ဖြင့် တွေ့မြင်ရသည့် ပလိပ်ကပ်၊ သက္ကလပ်စအနီ အုပ်ထားသည့် ထိုင်ခုံတန်းများပေါ်တွင်ကား မေ့ကျန်ရစ်ခဲ့ကြပြီ၊ ယခုအခါ ဘာမျှ အသုံးမဝင်တော့သော ခြုံစောင် ယပ်တောင်စသည့် အလှအပသုံး ပစ္စည်းများ...။

* * *

"၂"

စက်တင်ဘာလ ပထမပိုင်းတစ်လျှောက်လုံး ရမ်းဘားသည် ဒေါက်တာရေးနှင့် အတူယှဉ်တွဲလျက် စိတ်ရောကိုယ်ပါ ကြိုးစားပမ်းစား အလုပ်,လုပ်လေသည်။ သူ လူငယ်ကလေးနှစ်ယောက်နှင့် ဂုန်ဇာလီတို့အား ယောက်ျားကလေးကျောင်း၏ အပြင်ဘက်တွင် ချိန်းဆိုထားသည့် အချိန်တွင်သာ နာရီအနည်းငယ် ခွင့်ယူသည်။

ဂုန်ဇာလီသည် ချိန်းသည့်အတိုင်း လာသည်။ သူနှင့် ရမ်းဘားတို့ စကားပြောနေကြစဉ်တွင် လူငယ်ကလေးနှစ်ယောက် ရယ်ရယ်မောမောနှင့် သူတို့ထံသို့ လာနေသည်ကို တွေ့ရသည်။ လူငယ်ကလေးများက ယခင်တစ်ကြိမ်တုန်းက သူတို့အဆင်မပြေကြ ဟု ပြောသည်။ ဒါကိုတော့ မျှော်လင့်ထားရမှာပဲလေ ဟုလည်း ပြောသည်။ မည်သို့ပင်ဖြစ်စေ၊ ယခုတစ်ပတ် သူတို့ အစောင့်ကျသည့်အလှည့် မဟုတ်သဖြင့် ရမ်းဘား နောက်တစ်ပတ်အထိ စိတ်ရှည်ရှည်ထား၍ စောင့်ရဦးမည်။ နောက်အပတ်ထဲတွင် တစ်ခါထပ်ပြီး ကြိုးစားကြည့်ကြမည် ဟုလည်း ပြောသည်။ ရမ်းဘားကလည်း ဤအလုပ်မျိုးမှာ စိတ်ရှည်ဖို့ တကယ် လိုအပ်ပါသည်ဟု မှတ်ချက်ပေးသည်။ ဂုန်ဇာလီက သူတို့အား လာမည့်တနင်္လာနေ့တွင် ထပ်တွေ့ကြမည်။ ဤတစ်ကြိမ်တွင် ရမ်းဘားအဖို့ မာဆယ်နှင့် လူဝီတို့၏အိမ်သို့ ပြောင်းရွှေ့နေလျှင်ကောင်းမည် ဟု ဆိုသည်။ "ခင်ဗျားနဲ့ကျုပ် ထပ်ချိန်းမယ်လေ။ ကျုပ်မလာရင် ခင်ဗျား သူတို့ဆီကို တန်းသွားလိုက်ပေါ့။ ခင်ဗျာ့ကို ကျုပ် သူတို့လိပ်စာ ပေးထားမယ်" ဟု ပြောသည်။ မာဆယ်နှင့် လူဝီတို့က အသေချာဆုံးမှာ သူ၏မိတ်ဆွေအား ယခုပင် သူတို့အိမ်သို့ ခေါ်သွားပြီး လမ်းပြထားဖို့၊ သို့မှ နောက်တစ်ကြိမ်ဆိုလျှင် အသေအချာ လာတတ်မည် ဖြစ်သည်။ သူက အစားအစာ သိပ်မရွေးဘူးဆိုလျှင် သူတို့အိမ်တွင် လေးယောက်စာ စားစရာများ ရနိုင်ပါသည်ဟုဆိုသည်။ ဤနည်းဖြင့် သူလည်း ခြေခင်းလက်ခင်းကို သိနိုင်မည်ဟုလည်း ပြောသည်။ ဂုန်ဇာလီက ကောင်းသားပဲဟု ဆိုကာ သူတို့လေးယောက်သား ဆိပ်ကမ်းဘက်ဆီသို့ လာခဲ့ကြလေ၏။

မာဆယ်နှင့် လူဝီတို့သည် ကမ်းပါးထိပ်က လမ်းဘက်သို့ထွက်သော မြို့တံခါးအနီးမှ သင်္ဘောကျင်းဒေသ အစွန်ပိုင်းတွင် နေကြသည်။ အိမ်ကလေးမှာ တရုတ်ကတ်များကို ဆေးသုတ်ထားပြီး အတွင်းခန်းများမှာ ဘာမှမရှိ မှောင်မည်းနေသော စပိန်အိမ်ခပ်သေးသေး ဖြစ်သည်။ ပါးရေနားရေများတွန့်လျက် ပြုံး ရွှင်သောမျက်နှာရှိသော စပိန်သူ အမျိုးသမီးကြီးတစ်ယောက် ဖြစ်သူ လူငယ်ကလေးများ၏ အမေသည် သူတို့အား ဆန်ထမင်းအမဲကပါသည့် စားစရာများကို ထုတ်၍ ကျွေးသည်။ မြို့ထဲတွင် ဆန်ဝယ်၍ မရသည်မှာ အတော်ကြာခဲ့ပြီဖြစ်၍ ဂုန်ဇာလီက အံ့အားသင့်ဟန်ပြသည်။ မာဆယ်က "ဒါ

ကျွန်တော်တို့ မြို့တံခါးက ရခဲ့တာလေ” ဟု ရှင်းပြသည်။ ရမ်းဘားလည်း အားရပါးရ စားသောက်သည်။ ဂုန်ဇာလီက သူ့အား “တကယ်ကောင်းသည့် လူမျိုး” ဟု လှမ်းပြောသည်။ တကယ်က သတင်းစာဆရာမှာ လာမည့်သီတင်းပတ်ကိုသာ စိတ်စောလျက် တွေးတောနေလေသည်။

အစောင့်များ အပြောင်းအလဲ နည်းနိုင်သမျှ နည်းစေရန် အစောင့်တာဝန်ကာလကို နှစ်ပတ်အထိ တိုးလိုက်သောကြောင့် ရမ်းဘား နောက်နှစ်ပတ် စောင့်ရဦးမည်ဟု ဖြစ်လာသည်။ ထိုနှစ်ပတ်အတွင်းတွင် ရမ်းဘားသည် ရှိသမျှအား အကုန်ထုတ်၍ မျက်စိစုံမှိတ်ပြီး နံနက်အရုဏ်တက်မှ ညဥ့်နက်သည်အထိ မမောနိုင်မပန်းနိုင် အလုပ်,လုပ်လေသည်။ ညမိုးကြီးချုပ်မှ အိပ်ရာဝင်ကာ အသေလိုအိပ်သည်။ ဤသို့လျှင် ဘာမျှ အလုပ်မရှိဘဲ အားနေရာမှ အလုပ်နှင့် လက်နှင့် မပြတ်အောင် ဖြစ်လာသောအခါ သူ့မှာ ခေါင်းထဲတွင် ဘာမျှလည်း မစဉ်းစား၊ စွမ်းအားဟူ၍လည်း မရှိတော့သလောက် ဖြစ်၏။ သူ၏ လွတ်မြောက်ရေး အကြောင်းကိုလည်း သိပ်မပြောတော့။ မှတ်လောက်သားလောက်ဆို၍ တစ်ခုသာ ဖြစ်သည်။ တစ်ပတ်ခန့်အကြာတွင် သူသည် တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ် အရက် တကယ်မူးခဲ့သည့်အကြောင်း သူက ဆရာဝန်ထံ ဖွင့်ဟဝန်ခံသည်။ လွန်ခဲ့သည့် ညနေက သူ အရက်ဆိုင်ထဲမှ အထွက်တွင် သူ့ စိတ်ထဲ၌ ပေါင်ခြံက အကျိတ်ထွက်လာသလိုလို၊ လက်မောင်းလှုပ်တိုင်း ချိုင်းအောက်က နာသလိုလို ဖြစ်လာသည်ဟု ဆိုသည်။ ဤတွင် သူ့ကိုယ်သူ ငါတော့ ပလိပ်ကပ်ရောဂါရပြီ ဟု တွေးမိကာ တစ်ခုသာ လုပ်မိသည်ဆိုသည်။ ထိုတစ်ခုကလည်း ရှူးရှူးနှမ်းနှမ်း အဓိပ္ပာယ်မရှိသော တစ်ခုဖြစ်ကြောင်း သူက ဒေါက်တာရေးအား ပွင့်ပွင့်လင်းလင်း ပြောပြဝန်ခံသည်။ သူသည် မြို့အထက်ပိုင်းဆီသို့ ပြေးတက်သွားကာ ပင်လယ်ပြင် မဟုတ်လျှင် အတော်ကျယ်ပြန့်သည့် ကောင်းကင်တစ်ကွက်ကို လှမ်း၍မြင်နေရရာ ပန်းခြံကလေးတစ်ခုဆီသို့ အရောက်တွင် မြို့တံတိုင်းများကိုကျော်၍ သူ့ဇနီး၏အမည်ကို အသံကုန် ဟစ်ခေါ်လိုက်မိသည် ဆိုသည်။ အိမ်သို့ပြန်ရောက်၍ သူ့ကိုယ်ပေါ်တွင် ပလိပ်ကပ်ရောဂါ လက္ခဏာများ တစ်စုံတစ်ရာ မတွေ့ရှိရသောအခါ သူ စိတ်လိုက်မာန်ပါ လုပ်လိုက်မိသည်ကို ရှက်မိကြောင်းဝန်ခံသည်။ သို့ရာတွင် ဒေါက်တာရေးက ဤကဲ့သို့ ပြုမိလောက်အောင် ဖြစ်ရသည်ကို သူ ကောင်းစွာ နားလည်နိုင်ပါသည်ဟု ပြောသည်။ “အဲသလို မလုပ်မိတောင်မှ ဘယ်လိုမဆို အဲသလိုတော့ လုပ်ချင်မိမှာပါပဲ” ဟု ဆိုသည်။

ရမ်းဘားက အိပ်ရာဝင်တော့မည်ဟု နှုတ်ဆက်စဉ်တွင် ဒေါက်တာရေးက “ဒီနေ့မနက် မွန်ဆီယာအိုသုန်က ကျုပ်ကို ခင်ဗျာ့အကြောင်း ပြောတယ်ဗျ” ဟု ရုတ်တရက် လှမ်းပြောလိုက်ပြီး၊ “သူက ကျုပ်ကို ခင်ဗျားနဲ့ သိသလားလို့ မေးတယ်။ ကျုပ်က သိတယ်လို့ပြောတော့ သူက ခင်ဗျာ့မိတ်ဆွေဆိုရင် သူ့ကို

မှောင်ခိုသမားတွေနဲ့ မရောဖို့ ပြောထားဗျ။ မသက်ာစရာ ဖြစ်လာနိုင်တယ်လို့ ပြောတယ်” ဟု ဆက်ပြောလိုက်၏။

“ဘာသဘောတဲ့လဲဗျ”

“ခင်ဗျာ့ကိစ္စ မြန်မြန်လုပ်ဆိုတဲ့ သဘောပေါ့”

“ကျေးဇူးပဲဗျာ” ဟုဆိုကာ ရမ်းဘားက ဆရာဝန်အား လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်သည်။

တံခါးဝသို့ရောက်မှ သူက ရုတ်တရက် လှည့်လိုက်ပြီး ပလိပ်ကပ်ကျရောက်ချိန်မှစ၍ မပြုံးစဖူး ပထမဆုံးအကြိမ် ပြုံးလိုက်သည်ကို ဆရာဝန်က သတိထားလိုက်မိ၏။

“ဒါနဲ့ ခင်ဗျားကကော ကျုပ်ထွက်သွားမှာကို ဘာဖြစ်လို့ မတားဆီးတာလဲဗျ။ ခင်ဗျားတားရင် အလွယ်ကလေးနဲ့ ရမှာပဲကို”

ဒေါက်တာရေးက သူလုပ်နေကျအတိုင်း ခေါင်းကို ဖြည်းညှင်းစွာ ယမ်းလိုက်ပြီး၊ ဤကိစ္စက သူနှင့်မဆိုင်ကြောင်း ပြောလိုက်သည်။ ရမ်းဘားသည် စိတ်ချမ်းသာမှုကို ရွေးချယ်ခြင်းဖြစ်၍ သူ့အနေဖြင့် တစ်စုံတစ်ရာ ကန့်ကွက်ပြောဆိုနေစရာ မရှိကြောင်း၊ သူ့အနေဖြင့် ရမ်းဘား၏ကိစ္စမျိုးတွင် ဘယ်ဟာမှန်၍ ဘယ်ဟာမှားသည်ကို မပြောတတ်နိုင်အောင် ရှိကြောင်းကိုလည်း ပြောလိုက်၏။

“အဲသလိုဆိုရင် ကျွန်တော့်ကို ဘာဖြစ်လို့ မြန်မြန်လုပ်လို့ ပြောရသလဲဗျာ” ယခုတစ်ကြိမ်တွင်တော့ ပြုံးသူမှာ ရေး ဖြစ်သည်။

“ဘာဖြစ်လို့လဲဆို ကျုပ်လည်းပဲ ကျုပ်နည်းကျုပ်ဟန်နဲ့ ကျုပ်စိတ်ချမ်းသာမှုအတွက် လုပ်ချင်နေလို့ပဲ ဖြစ်ပါလိမ့်မယ်”

နောက်တစ်နေ့တွင် တစ်ချိန်လုံးလိုလိုပင် သူတို့နှစ်ယောက် အတူတကွ အလုပ်လုပ်လျက် ရှိကြသော်လည်း မည်သူကမှ ဤအကြောင်းရပ်ကို စကားမစပ်မိ။ နောက်တနင်္ဂနွေနေ့တွင် ရမ်းဘားသည် စပိန်အိမ်ကလေးသို့ ရွှေ့ပြောင်းသွားလေသည်။ သူ့အား ဧည့်ခန်းထဲတွင် အိပ်ရာတစ်ခု ခင်းပေးထားသည်။ မာဆယ်နှင့် လူဝီတို့အား အိမ်ပြန် ထမင်းမစား၊ သူ့အားလည်း တတ်နိုင်သမျှ အပြင်သို့ မထွက်ဘဲနေရန် မှာထားသဖြင့် သူ့မှာ လူငယ်ကလေးများ၏ အမေနှင့် တစ်ခါတလေ တွေ့ရသည်မှအပ တစ်ယောက်တည်းသာ ဖြစ်၍နေလေသည်။ အမေကား အမြဲပင် အဝတ်နက်များဝတ်ကာ အိမ်မှုအလုပ်များဖြင့် အားလပ်သည်ဟူ၍ မရှိဘဲ ပါးရေနားရေတွန့်ရှုံ့လျက် တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေသော အသားညိုညို

ပိန်ပိန်ခြောက်ခြောက် အမျိုးသမီးကြီး ဖြစ်၏။ စကားများများ ပြောတတ်သူ မဟုတ်သောကြောင့် ရမ်ဘားကိုမြင်လျှင် သဘောကောင်းစွာ ပြုံးရုံသာ ပြုံးပြတတ်လေသည်။

အမေက တစ်ခါတလေမှသာ စကားပြောတတ်ပြီး ပြောသောအခါတွင်လည်း ရမ်ဘားအား သူ့မိန်းမ ပလိပ်ကပ်ရောဂါရမည်ကို မစိုးရိမ်ဘူးလားဟု မေးသည်။ သူက အန္တရာယ် ရှိကောင်းရှိမည် ဖြစ်သော်လည်း အနည်းအကျဉ်းမျှသာ ရှိမည်ထင်ကြောင်း၊ သူ ဤမြို့တွင် နေနေပါကလည်း သူတို့ တစ်ယောက်နှင့်တစ်ယောက် ပြန်မတွေ့ရတော့ဘဲ ဖြစ်သွားနိုင်ကြောင်းကို ပြန်ပြောသည်။

အမေက ပြုံးလျက် "မင်းမိန်းမက သဘောကောင်းသလား" ဟု မေးသည်။

"သိပ်ကောင်းပါတယ်"

"လှလား"

"လှတယ် ထင်ပါတယ်"

အမေက ခေါင်းညိတ်လိုက်ပြီး "ဪ ဒါကြောင့်ကိုး" ဟု ဆိုလိုက်သည်။

အမေသည် နံနက်တိုင်း ဘုရားဝတ်တက်သွားသည်။ တစ်နံနက်တွင် သူ ဝတ်ကျောင်းမှအပြန် ရမ်ဘားအား "မင်း ဘုရားသခင်ကို မယုံဘူးလား" ဟု မေးသည်။

ရမ်ဘားက မယုံဘူးဟု ဝန်ခံသည်တွင်လည်း အမေက တစ်ကြိမ် "ဒါ ကြောင့်ကိုး" ဟု ဆိုပြန်သည်။

အမေက ဆက်လက်၍ "ဟုတ်ပါတယ်။ မင်းလုပ်တာ မှန်ပါတယ်။ မင့် မိန်းမဆီပဲ ပြန်ရမှာပေါ့။ မပြန်ရင် မင့်မှာ ဘာကျန်တော့မလဲ" ဟု ပြောသည်။

ရမ်ဘားမှာ တစ်နေ့လုံးလိုလိုပင် ဘာမှ မည်မည်ရရ မဟုတ်ဘဲ အခန်းထဲတွင် တိတ်ဆိတ်စွာ လျှောက်၍ ဆေးသုတ်ထားသော နံရံများကို ငေးစိုက်ကြည့်လိုက်၊ နံရံပေါ်တွင် အဆင်တန်ဆာဆို၍ ဤတစ်မျိုးသာရှိသော ယပ်တောင်ကလေးများကို လက်ဖြင့် စမ်းကြည့်လိုက်၊ စားပွဲခင်းနှုတ်ခမ်းမှ သိုးမွေးလုံးကလေးများကို ရေတွက်ကြည့်လိုက်ဖြင့် အချိန်ကုန်ရလေသည်။ ညနေတွင် မာဆယ်တို့အိမ်သို့ ပြန်လာကြသည်။ သူတို့တွင် အချိန်မကျသေးဆိုသည်က လွဲ၍ ဘာမျှ များများပြောစရာ မရှိ။ ညနေစာ စားပြီးကြသောအခါ မာဆယ်က ဂစ်တာတီးသည်။ ထို့နောက် သူတို့သည် စမုံနံ့သင်းသည့် အရက်ချို သောက်ကြသည်။ ရမ်ဘားကတော့ သူ့အတွေးနှင့် သူ။

ဗုဒ္ဓဟူးနေ့သို့ ရောက်သောအခါ မာဆယ်က "နက်ဖြန်ည သန်းခေါင်မှာ

ထွက်ရမယ်။ အချိန်မီအောင် အသင့်ရှိပါစေနော်” ဟု လာပြောသည်။ သူက သူတို့နှင့်အတူ အစောင့်ကျသည့် လူနှစ်ယောက်အနက် တစ်ယောက်က ပလိပ်ရောဂါရသွားပြီး တစ်ခန်းတည်းအိပ်သော အခြားတစ်ယောက်မှာလည်း ယခု ဆေးစစ်ခံရန် ဆေးရုံတင်ထားသည်။ ထို့ကြောင့် နှစ်ရက်သုံးရက်ခန့်တော့ ကင်းတဲတွင် မာဆယ်နှင့်လူဝီတို့ချည်း ရှိနေမည်။ ထိုညတွင် ဘာလုပ်ရမည် ဆိုသည့် နောက်ဆုံး အသေးစိတ်အစီအစဉ်ကို သူတို့ ချမှတ်ပေးမည်။ သူ ထွက်ရသည်အထိ အားလုံး စောင့်ရှောက်ပေးမည်ဖြစ်၍ သူတို့ကို ယုံကြည်စိတ် ချထားပါဟု ရှင်းပြသည်။ ရမ်းဘားက ကျေးဇူးတင်ကြောင်း ပြောသည်။

အမေက “သဘောကျနေလား” မေးသည်။

သူက “ဟုတ်ကဲ့” ဟု ဖြေသည်။ သို့သော် သူ၏ အတွေးများကတော့ အခြားတစ်နေရာသို့ ရောက်နေလေသည်။

နောက်တစ်နေ့မှာ နေအလွန်ပူပြီး မြေငွေ့များပြန်ကာ နေရောင်ခြည်ကိုပင် ဖုံးအုပ်လျက်ရှိသောကြောင့် အိုက်စပ်ပူလောင် နေလေသည်။ အသေအပျောက် ကိန်းဂဏန်းများလည်း ခုန်တက်လာသည်။ သို့သော် စပိန်သူ အမေအိုမှာကား ဣန္ဒြေတစ်ချက်မှ မပျက်။ “လူတွေမှာ မကောင်းမှုတွေကလည်း သိပ်များသကိုးကွယ်။ ဒီတော့ ဘာများ မျှော်လင့်နိုင်မှာလဲ” ဟုသာ ဆိုသည်။

မာဆယ်နှင့် လူဝီတို့ကဲ့သို့ပင် ရမ်းဘားလည်း ကိုယ်အထက်ပိုင်း အဝတ်မဝတ်။ သို့သော် သူတို့၏ ရင်ဘတ်နှင့် ကျောလယ်တို့တွင် ချွေးများစီးကျလျက် ရှိသည်။ တရုတ်ကတ်များ ပိတ်ထား၍ ခပ်မှောင်မှောင်ဖြစ်နေသော အခန်းထဲတွင် သူတို့၏ ကိုယ်လုံးများသည် ပွတ်တိုက်ထားသော မဟော်ဂနီရောင် တောက်လျက်ရှိ၏။ ရမ်းဘားသည် လှောင်ချိုင့်ထဲက တိရစ္ဆာန်တစ်ကောင်ပမာ စကားတစ်ခွန်းမှ မပြောဘဲ အခန်းထဲ၌ တိတ်ဆိတ်စွာ လှည့်ပတ်ကြည့်နေလေသည်။ ညနေလေးနာရီတွင် သူက ရုတ်တရက်ပင် အပြင်သို့ ထွက်ဦးမည်ဟု ပြောလိုက်သည်။

မာဆယ်က “မမေ့နဲ့နော်။ သန်းခေါင်တိတိအချိန်။ အားလုံး အသင့်ဖြစ်နေပြီ” ဟု မှာလိုက်သည်။

ရမ်းဘားသည် ဆရာဝန်၏အိမ်သို့ သွားသည်။ ဆရာဝန်၏ အမေက ဆရာဝန်ကို မြို့အထက်ပိုင်းက ဆေးရုံတွင် တွေ့လိမ့်မည်ဟု ညွှန်လိုက်သည်။ ယခင်ကကဲ့သို့ပင် အဝင်တံခါးဝ၌ လူအုပ်ကြီးသည် တအိအိလှည့်၍ တိုးလျက်ရှိသည်။ မကြာခဏဆိုသလိုပင် မျက်လုံးပြူးပြူးနှင့် ပုလိပ်စာဇင်တစ်ယောက်က “သွားကြ။ သွားကြလေ” ဟု အော်ငေါက်လျက် ရှိသည်။ လူအုပ်ကြီးကလည်း အော်လိုက်သည့်ခဏ၌ ရွှေ့သွားသော်လည်း ဝေ့၍ဝိုက်၍ ပြန်ရောက်လာသည်သာ ဖြစ်၏။ “ဒီမှာ လာအုံနေလို့ ဘာအကျိုးရှိမှာလဲ။ အိမ်ကို ပြန်ကြပါတော့လား”။

စာဖင်၏ကုတ်အင်္ကျီမှာ ချွေးများရွှဲရွှဲစိုနေသည်။ အကျိုးမရှိဘူး ဆိုသည်ကို သူတို့လည်း သိပါသည်။ သို့သော် သူတို့ မပြန်ကြ။ နေကလည်း ခြစ်ခြစ်တောက် ပူလှ၏။ ရမ်းဘားက သူ၏ ဝင်ခွင့်လက်မှတ်ကို စာဖင်အား ပြလိုက်တော့ သူ့အား တာရိ၏ရုံးသို့ သွားရန် ညွှန်လိုက်၏။ ရုံးခန်းတံခါးသည် ရင်ပြင်ဘက်တွင် ရှိသည်။ သူသည် ရုံးခန်းထဲမှ ထွက်လာသော ဘုန်းကြီးပနယ်လိုကို ဖြတ်၍ လျှောက်ခဲ့၏။

တာရိသည် သူ၏ သစ်သားစာရေးစားပွဲတွင် ထိုင်လျက် အင်္ကျီလက်များကို ပင့်လိပ်၍တင်ကာ လက်မောင်းအကွေးဆီ၌ စီးကျနေသော ချွေးများကို လက်ကိုင်ပုဝါတစ်ထည်ဖြင့် သုတ်လျက်ရှိ၏။ ရုံးခန်းကား ဆေးဖြူသုတ်အခန်းငယ် တစ်ခုဖြစ်၍ ဆေးနံ့အဝတ်စိုနံ့တို့ဖြင့် လှိုင်လျက်ရှိ၏။

တာရိက အံ့အားသင့်ဟန်ဖြင့် “ဒီမှာပဲ ရှိနေသေးသလား” ဟု မေးလိုက်သည်။

“ဟုတ်တယ်။ ကျွန်တော် ဆရာဝန်နဲ့ စကားနည်းနည်း ပြောချင်လို့”

“လူနာဆောင်ထဲမှာဗျ။ ဒီမှာ... ခင်ဗျား ဘာကိစ္စနဲ့ပဲလာလာ သူနဲ့ မတွေ့ဘဲနဲ့ လုပ်လို့မရဘူးလားဗျ”

“ဘာဖြစ်လို့လဲ”

“သူ့မှာ အလုပ်တွေ များလွန်းအားကြီးနေလို့ဗျာ။ သူ့ကို တတ်နိုင်သမျှ သက်သာအောင် ကြိုးစားပြီး လုပ်ပေးနေတာ”

ရမ်းဘားလည်း တာရိအား စဉ်းစဉ်းစားစား စိုက်၍ ကြည့်နေလိုက်သည်။ သူ ပိန်ကျသွားသည်။ သူ၏ မျက်လုံးများနှင့် မျက်နှာမှာ အလုပ်ပင်ပန်းသဖြင့် ညှိုးရော်နေသည်။ သူ၏ ပခုံးကျယ်ကြီးများမှာလည်း အောက်သို့ လျှောကျလျက်ရှိသည်။ တံခါးခေါက်သံကြားရပြီး နှာခေါင်းနှင့်ပါးစတွင် အဝတ်ဖြူအုပ်စည်းထားသော ယောက်ျားအစောင့်တစ်ယောက် ဝင်လာသည်။ သူက ကတ်ပြားကလေးများ အထပ်လိုက် ကိုင်လာကာ တာရိ၏ စားပွဲပေါ်တွင် ချလိုက်ပြီး အဝတ်အုပ်ထားသဖြင့် အသံခပ်အောအောဖြင့် “ခြောက်ခု” ဟု ပြောကာ ပြန်ထွက်သွားသည်။ တာရိက သတင်းစာဆရာအား လှမ်းကြည့်လိုက်ပြီး ကတ်ပြားကလေးများကို ယပ်တောင်ဖြန့်သလို ဖြန့်၍ ပြလိုက်သည်။

သူက "တယ်သေသပ်တဲ့ ဟာကလေးတွေပဲဗျနော်။ အဲ အဲဒါ အသေအပျောက်စာရင်းပေါ့။ မနေ့ညကဟာလေ” ဟု ပြောကာ မျက်မှောင်ကြုတ်၍ ကတ်ပြားများကို ပြန်ထပ်လိုက်ပြီး၊ “ကျုပ်တို့မှာ တစ်ခုတည်းသော အမြတ်ကတော့ စာရင်းကိုင်ပညာပဲပေါ့ဗျာ” ဟု ဆက်ပြောသည်။

တာရိသည် သူရရှိထား သည်တို့ကို စားပွဲပေါ်မှယူကာ ဖြည်းညှင်းစွာ

ထလိုက်သည်။

"ခင်ဗျားလည်း မကြာခင် သွားတော့မယ် ထင်တယ်"

"ဒီနေ့ည သန်းခေါင်မှာပေါ့"

တာရိုက ကြားရတာ ဝမ်းသာကြောင်းနှင့် သတိဝိရိယနှင့် လုပ်ဖို့အကြောင်း ပြောသည်။

"ခင်ဗျား ဒါကို စိတ်ထဲကပါလို့ ပြောတာလား"

တာရိုက ဆတ်ခနဲ ပခုံးချီလိုက်၏။

"ကျုပ်အသက်အရွယ် ရောက်မှတော့ စိတ်ထဲက ပါရတော့မှာပဲဗျ။ လိမ်ပြောနေရတာ အင်မတန် ဝန်လေးပါတယ်"

သတင်းစာဆရာက စိတ်တော့မရှိနဲ့ တာရိုရယ်။ ဒါပေမယ့် ကျုပ် ဆရာဝန်နဲ့ သိပ်တွေ့ချင်တယ်" ဟု ပြောသည်။

"သိပါတယ်လေ။ သူက ကျုပ်ထက် ပိုပြီး လူစိတ်ရှိပါတယ်။ ကောင်းပြီလေ။ လိုက်ခဲ့ပေါ့"

"ဒ... ဒီလို မဟုတ်ပါဘူးလေ" ရမ်းဘားသည် ပြောရင်း စကားထစ်ကာ တစ်ဝက်တပျက်နှင့် ရပ်ထားလိုက်သည်။

တာရိုက သူ့အားစိုက်ကြည့်လိုက်၏။ ထို့နောက် မမျှော်လင့်ဘဲ သူ၏ မျက်နှာပေါ်တွင် အပြုံးကလေး ပွင့်လာသည်။

သူတို့သည် စင်္ကြံလမ်းကျဉ်းကလေးအတိုင်း လျှောက်လာခဲ့ကြ၏။ နံရံများကို ဆေးအစိမ်းနုရောင် သုတ်ထားပြီး မီးကလည်း ရေငါးကန်ထဲကလို မှုန်ပြာပြာဖြစ်သည်။ စင်္ကြံထိပ်က မှန်တံခါးနှစ်ရွက်နှင့် တံခါးသို့မရောက်မီ တာရိုက ရမ်းဘားအား နံရံတစ်ပြင်လုံး ဘီရိုများစီထားသည့် အခန်းငယ်ကလေး တစ်ခုထဲသို့ ခေါ်သွားသည်။ တာရိုသည် ဘီရိုတစ်ခုကို ဖွင့်လိုက်ပြီး အတွင်းရှိ ပေါင်းအိုးတစ်ခုထဲက ဝါးဂွမ်းပြားကို ပိတ်ပါးစဖြင့်ညှပ်၍ ချုပ်ထားသော နှာခေါင်းနှင့်ပါးစပ်တို့ကို အုပ်၍စည်းသည့် အဝတ်နှစ်ခု ထုတ်ယူကာ ရမ်းဘားအား တစ်ခု လှမ်းပေးရင်း စည်းထားရန် ပြောလိုက်သည်။

သတင်းစာဆရာက ဤအအုပ်ကလေးများ စည်းထားလျှင် တကယ်စိတ်ချရသလားဟု မေးသဖြင့် တာရိုက "ဘယ် စိတ်ချရမလဲ။ ဒါပေမယ့် တစ်ခြားလူတွေ ယုံကြည်စိတ်ချရအောင် လုပ်ရတာပေါ့" ဟု ဖြေသည်။

သူတို့သည် မှန်တံခါးကို ဖွင့်လိုက်သောအခါ အလွန်ပူအိုက်နေသည့် အထဲတွင် ပြတင်းအားလုံးကို ပိတ်ထားသော ရောမအခန်းကြီးကို တွေ့ရလေသည်။ မျက်နှာကျက်အနီးမှ လျှပ်စစ်ပန်ကာများ လည်ပတ်ကာ ရှည်လျားသော မီးခိုးရောင်ကုတင်တန်းကြီး နှစ်တန်း၏ အထက်ဆီမှ ပူနွေးငြိမ်သက်သော လေထုကို မွှေလျက်ရှိသည်။ ဝဲယာရှိ အိပ်ရာများဆီမှ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ၊ အမျိုးစုံ ညည်းညူသံများသည် ထပ်ခါတလဲလဲ မစဲအောင်ဆိုနေသည့် ငိုချင်းသံပမာ ဖြစ်နေသည်။ ပိတ်ထားသော ပြတင်းမြင့်များ၏ အထက်ဆီမှ တိုးဝင်နေသော အလင်းရောင်စူးစူးထဲတွင် အဖြူဝတ်ထားသူများသည် တစ်ကုတင်မှ တစ်ကုတင်သို့ တရွေ့ရွေ့ တဖြည်းဖြည်း ရွေ့သွားကြလျက် ရှိ၏။ လူနာဆောင်ထဲတွင် ကြောက်ခမန်းလိလိ အပူရှိန်ကြောင့် ရမ်းဘားမှာ အနေရအထိုင်ရ ခက်လျက်ရှိပြီး ညည်းညူလျက်ရှိသော သတ္တဝါန်တစ်ခု အပေါ်သို့ ငုံ့လျက်ရှိသော ဒေါက်တာရေးကိုပင် တော်တော်နှင့် မမှတ်မိနိုင်ဘဲ ရှိလေသည်။ သူနာပြုနှစ်ယောက်က တစ်ဖက်တစ်ချက်မှ လူနာ၏ ခြေထောက်များကို ဘေးသို့ကား၍ ကိုင်ထားစဉ် ဆရာဝန်က ပေါင်ခြံကို ဓားဖြင့်ခွဲလျက် ရှိသည်။ ထိုခဏတွင် ဆရာဝန်သည် ကိုယ်ကိုဆန့်လိုက်ပြီး အနီးရှိ အစောင့်တစ်ယောက်က ထိုးပေးလိုက်သော ခွက်ထဲသို့ သူ၏ ကရိယာတန်ဆာပလာများကို ထည့်လိုက်ကာ အတော်ကြာအောင် မလှုပ်မယှက် ရပ်၍ လူနာ၏ဒဏ်ရာ ဆေးထည့်နေသည်ကို စိုက်ကြည့်နေလေသည်။

သူ့ဘေးသို့ ရောက်လာသော တာရိုအား ဆရာဝန်က “ဘာသတင်းထူးလဲဗျ” ဟု မေးသည်။

“သီးသန့် ကပ်သင့်ရပ်ကွက်မှာ ရမ်းဘားရဲ့နေရာကို ပနယ်လိုက ယူမယ်။ အခု သူ အတော်အကျိုးများတဲ့ အလုပ်တွေ လုပ်နေပြီလေ။ ရမ်းဘားကလည်း သွားတော့မှာဆိုတော့ အခု နံပါတ်သုံးအဖွဲ့ကို ဖွဲ့စည်းဖို့ပဲ လိုတော့တာပဲ”

ဒေါက်တာရေးက ခေါင်းညိတ်လိုက်သည်။

တာရိုက ဆက်လက်၍ “ဒေါက်တာ ကတ်စတယ်ကလည်း သူ့ပထမအသုတ် ကာကွယ်ဆေးတွေ ရပြီလို့ ပြောတယ်။ သူကတော့ ဒါကို ချက်ချင်း သုံးကြည့်စေချင်တယ်” ဟု ပြောလိုက်၏။

ရေးက “ကောင်းတယ်။ ဒါ သတင်းကောင်းပဲ" ဟု ဆိုသည်။

“ပြီးတော့ ရမ်းဘားလည်း လိုက်လာတယ်"

ရေးက လှည့်ကြည့်လိုက်သည်။ သတင်းစာဆရာကို မြင်လိုက်သောအခါ အဝတ်ဖြူအုပ်စည်းထားသည့် အထက်က သူ၏မျက်လုံးများ မှေးသွားသည်။

သူက "ခင်ဗျား ဘာလို့လာလဲဗျ။ တကယ်ဆို ခင်ဗျား တစ်နေရာရာ ရောက်နေသင့်ပြီ မဟုတ်လား" ဟု မေးသည်။

တာရိုက ဤကိစ္စ ညသန်းခေါင်တွင် ချိန်းထားကြောင်း ရှင်းပြကာ "ဘယ်လိုမဆို၊ အဲဒီလို သဘောပေါ့ဗျာ" ဟု ဆက်ပြောသည်။

သူတို့စကားပြောတိုင်း ပိတ်စအအုပ်မှာ ဖောင်းလာပြီး နှုတ်ခမ်းဆီ၌ စိုသွားသည်။ ဤအဖြစ်ကြောင့် သူတို့ စကားပြောနေကြသည်မှာ တကယ်မဟုတ်ဘူး ထင်ရသည်။ ကျောက်ဆစ်ရုပ်တွေ စကားပြောနေကြသည်နှင့်သာ တူလေသည်။

ရမ်းဘားက "ကျွန်တော် ဆရာနဲ့ စကားနည်းနည်း ပြောစရာရှိလို့" ဟု ပြောလိုက်၏။

"ဟုတ်ပြီလေ။ ကျုပ်လည်း အခုပဲ သွားတော့မယ်လို့ပဲ။ တာရိုရဲ့ရုံးခန်းက စောင့်နေပေါ့"

နောက်တစ်မိနစ်ခန့် ကြာသောအခါ ရမ်းဘားနှင့် ရေးတို့သည် ဆရာဝန်၏ ကားနောက်ခုံပေါ်တွင် ထိုင်လျက်ရှိကြသည်။

ကားမောင်းမည့် တာရိုက ကားကို ဂီယာသွင်းရင်း နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဓာတ်ဆီကုန်ပြီဗျ။ နက်ဖြန်တော့ ကျုပ်တို့ ခြေလျင်ကြိတ်ကြရလိမ့်မယ်"

ရမ်းဘားက "ဆရာ ကျွန်တော် မသွားတော့ဘူး။ ကျွန်တော် ဆရာနဲ့ပဲ နေချင်တယ်" ဟု ပြောလိုက်သည်။

တာရိုသည် မလှုပ်မယှက်ပင် ကားဆက်မောင်းနေသည်။ ဒေါက်တာရေးမှာမူ သူ၏နွမ်းနယ်မှုကို လှုပ်ခါချ၍ ရဟန်မတူသေး။

"ဒါဖြင့် ခင်ဗျာ့မိန်းမတော့ကော" ဟု မေးသည်။ သူ့အသံမှာ သဲ့သဲ့ကလေးမျှသာ ဖြစ်၏။

ရမ်းဘားက ဤကိစ္စကို သူ အသေအချာ စဉ်းစားပြီးပြီ ဖြစ်၍ သူ၏အယူအဆများ မပြောင်းကြောင်း၊ သို့ရာတွင် သူ ယခု ထွက်ခွာသွားပါက ကိုယ့်လိပ်ပြာကိုယ် ရှက်စရာဖြစ်နေမည် ဖြစ်ကြောင်း၊ ထို့ကြောင့်ပင် သူချစ်ခင်သည့်မိန်းမနှင့် ဆက်ဆံရာတွင်လည်း စိတ်စနောင့်စနင်း ဖြစ်နေမည်ဖြစ်ကြောင်း ပြောပြသည်။

ဒေါက်တာရေးက စိတ်ဝင်စားဟန်ဖြင့် အနည်းငယ် လှုပ်ရှားလာကာ

ထိုအယူအဆမှာ အဓိပ္ပာယ်မရှိကြောင်း၊ အခြားသောအရာများထက် စိတ်ချမ်းသာ ပျော်ရွှင်မှုကို ပိုမိုအလိုရှိခြင်းမှာ ရှက်စရာ ဘာမျှမရှိကြောင်း ပြောလိုက်၏။

ရမ်းဘားက "မှန်ပါတယ်။ ဒါပေမယ့် ကိုယ့်တစ်ယောက်တည်း စိတ်ချမ်းသာတာဆိုရင် ရှက်စရာပေါ့" ဟု ဆိုသည်။

ယခုအချိန်အထိ ဘာမျှ ဝင်မပြောခဲ့သော တာရိက နောက်သို့ လှည့်မကြည့်ဘဲ ရမ်းဘားသည် ယခု သူတစ်ပါးတို့၏ စိတ်ချမ်းသာစရာများတွင် ဝေမျှ၍ ခံနေဦးမည်ဆိုလျှင် မိမိစိတ်ချမ်းသာမှုအတွက် အချိန်ရှိတော့မည် မဟုတ်၍ ယခုကိစ္စ အသေအချာ စဉ်းစားရွေးချယ်သင့်ကြောင်း ထောက်၍ ပြောလိုက်သည်။

ရမ်းဘားက "ဒါက အကြောင်းမဟုတ်ပါဘူး။ အခုထိကတော့ ကျွန်တော်ဟာ ဒီမြို့မှာ ဧည့်သည်လို့ပဲ အမြဲယူဆထားခဲ့တယ်။ ဒါနဲ့ပဲ ခင်ဗျားတို့တွေ ဘာတွေ လုပ်နေကြ လုပ်နေကြ ကိုယ့်အပူမဟုတ်ဘူးလို့ သဘောထားခဲ့တယ်။ ဒါပေမယ့် အခု ကျွန်တော် တွေ့ကြုံခဲ့ရတာတွေကို ပြန်ကြည့်တော့ ကျွန်တော်ဟာ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ဒီမြို့သား ဖြစ်သွားတယ်။ ဒီကိစ္စကြီးဟာ လူတိုင်းရဲ့ ကိစ္စပဲဗျ" ဟု ချေပသည်။ မည်သူကမျှ ဘာမှ ပြန်မပြောသောအခါ ရမ်းဘား စိတ်တိုလာဟန်တူသည်။ "ဒါကို ကျုပ်သိသလို ခင်ဗျားတို့လည်း သိပါတယ်ဗျာ။ မသိဘဲနဲ့ ဒီဆေးရုံထဲမှာ ခင်ဗျားတို့က ဘာလာလုပ်နေကြတာလဲ။ ခင်ဗျားတို့ကော ဒါကို အသေအချာ ရွေးချယ်ပြီးမှ စိတ်ချမ်းသာမှု ဆိုတာကို ပယ်ခဲ့ကြတာလား ကဲ" ဟု ဆိုသည်။

ရေးနှင့် တာရိက ဘာမျှမပြောကြသေး။ ဆရာဝန်၏အိမ်သို့ ရောက်ခါနီးသည်အထိ တိတ်ဆိတ်လျက်ပင် ရှိ၏။ ထိုအခါ ရမ်းဘားက သူ၏ နောက်ဆုံးမေးခွန်းကို ပိုမိုလေးနက်သော အသံဖြင့် ထပ်မေးလိုက်သည်။

ဤတွင်မှ ဒေါက်တာရေးသည် သူ့ဘက်သို့ လှည့်ကြည့်ကာ နောက်မှီ ကူရှင်ပေါ်မှ အားယူ၍ သူ့ကိုယ်သူ မတ်မတ်ထိုင်လိုက်သည်။

"ကျုပ်ကိုတော့ ခွင့်လွှတ်ပါ ရမ်းဘားရယ်။ ကျုပ်က အေးလေ။ ကျုပ် ဘာမှ မသိပါဘူးဗျာ။ ဒါပေမယ့် ခင်ဗျားနေချင်တယ် ဆိုရင်လည်း ကျုပ်တို့နဲ့ နေပေါ့" ဟု ပြောနေစဉ်၊ ကားကွေ့လိုက်၍ ယိမ်းသွားကာ သူ့စကား ခေတ္တပြတ်သွားသည်။ ထို့နောက် သူ့ရှေ့သို့ တည့်တည့်ကြည့်ကာ ဆက်ပြောသည်။ "လောကမှာ ဘာမယ်ဆိုလို့မှ ကိုယ်ချစ်နှစ်သက်တာကို ကျောမခိုင်းထိုက်ဘူးဗျ။ ဒါပေမယ့် ကျုပ် အခုလုပ်နေတာက အဲဒါပဲ။ ဘာကြောင့်လဲ ဆိုတာတော့ ကျုပ် မသိဘူး" ဟု ပြောပြီး နောက်မှီကူရှင်ပေါ်သို့ ပြန်၍ မှီချလိုက်သည်။ ပြီးမှ ငြီးငွေ့စွာပင် "အဲသလိုပဲဗျ။ ဘာမှ မတတ်နိုင်ဘူး။ ဒီတော့ ကျုပ်တို့ အရှိကိုအရှိအတိုင်းပဲ လက်ခံပြီး ကောက်ချက်ချရုံပဲ" ဟု ဆက်ပြောလိုက်သည်။

“ဘာ ကောက်ချက်လဲဗျ”

ရေးက “အင်း၊ လူတစ်ယောက်ဟာ ဆေးကုတာကိုရော သိတာကိုရော တစ်ပြိုင်နက်တည်း မလုပ်နိုင်ဘူးဗျ။ ဒီတော့ ကျုပ်တို့ တတ်နိုင်သမျှ မြန်မြန် ဆေးကုကြစို့ဗျာ။ ဒါက ပိုပြီး အလျင်လိုနေတဲ့ အလုပ်ပဲ” ဟု ပြောလိုက်သည်။

ထိုညက သန်းခေါင်အချိန်တွင် တာရိုနှင့်ရေးတို့က ရမ်းဘားအား သူ အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုရမည့် နယ်မြေ၏ မြေပုံကို ပေးအပ်လျက် ရှိကြသည်။ တာရိုက သူ၏နာရီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ခေါင်းမော့လိုက်သောအခါ ရမ်းဘားက သူ့အား ငေးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

တာရိုက “ခင်ဗျား ဟိုလူတွေကို ပြောပြီးပြီလား” ဟု မေးသည်။

သတင်းစာဆရာက အဝေးသို့ ငေးနေ၏။

ထို့နောက်မှ အားယူ၍ ပြောလိုက်ရသည့် လေသံဖြင့် “ကျွန်တော် ခင်ဗျားဆီကို မလာခင်ပဲ သူတို့ဆီကို စာတိုကလေးတစ်စောင် ရေးပို့ခဲ့ပြီးသားပါ” ဟု ပြောလိုက်လေသည်။

* * *

။၃။

အောက်တိုဘာလကုန်ဆီတွင် ဒေါက်တာကတ်စတယ်၏ ပလိပ်ရောဂါကာကွယ်ရေး ဆေးရည်များကို ပထမဆုံးအကြိမ် စ၍ စမ်းသပ်သုံးကြည့်သည်။ တကယ်တမ်းပြောရလျှင် ယင်းဆေးရည်သည် ဒေါက်တာရေး၏ နောက်ဆုံးဖဲတစ်ချပ်ဖြစ်သည်။ ဤဆေးရည်နှင့် ကု၍ မရတော့ဘူးဆိုလျှင် တစ်မြို့လုံးရှိ လူများမှာ ဘယ်လောက်ကြာမည်ဟု ဘယ်သူမှ မပြောနိုင်သော ကာလပတ်လုံး ဆက်လက်ရမ်းကားချင် ရမ်းကားနေမည်။ သို့မဟုတ် သူ့အလိုအလျောက် ရုတ်တရက် ပြီးဆုံးချင်ပြီးဆုံးသွားမည်သာဖြစ်သော ပလိပ်ကပ်၏ လက်ခုပ်ထဲက ရေပမာ ရှိနေတော့မည်ကို သူ ကောင်းစွာ သဘောပေါက်ထားသည်။

ဒေါက်တောရေးထံသို့ ကတ်စတယ်မလာမီ တစ်ရက်က မွန်ဆီယာအိုသုန်၏ သားကလေး ဖျားသဖြင့် မိသားစုမှာ ကပ်သင့်သီးသန့်ရပ်ကွက်သို့ သွားနေကြရသည်။ မကြာမီကမှ သီးသန့်ရပ်ကွက်က လွတ်မြောက်လာခဲ့သော မိခင်မှာ ယခု တစ်ဖန်ခွဲခြားထားခြင်းကို ခံရပြန်ပြီ ဖြစ်၏။ တရားဝင်ထုတ်ပြန်ထားသော နည်းဥပဒေများကို ရှိသေလေးစားသောအားဖြင့် တရားသူကြီးသည် သူ့သားကလေးတွင် ပလိပ်ရောဂါကပ်ရောက်သည့် လက္ခဏာများ တွေ့လျှင်တွေ့ချင်း ဒေါက်တာရေးအား မဆိုင်းမတွပင် အခေါ်လွှတ်ခဲ့သည်။ ဒေါက်တာရေး အခန်းထဲသို့ ဝင်သွားတော့ အဖေရောအမေရော ကလေး၏ အိပ်ရာဘေး၌ ရှိကြ၏။ ကလေးမှာ အလွန်အားနည်းပျော့ခွေလျက် ရှိပြီဖြစ်၍ ဆရာဝန်က စစ်ဆေးသောအခါ တစ်စုံတစ်ရာ ငြင်းဆန်ငိုယိုခြင်း မရှိဘဲ ခံလေသည်။ ဒေါက်တာရေးက မော့ကြည့်လိုက်သောအခါ တရားသူကြီးက သူ့အား စူးစိုက်၍ ကြည့်နေသည်ကို တွေ့လိုက်ရသည်။ သူ့နောက်က အမေလုပ်သူမှာ မျက်နှာဖြူဖတ်ဖြူရော် ဖြစ်လျက်၊ လက်ကိုင်ပုဝါတစ်ထည်ကို ပါးစပ်တွင်အုပ်လျက် ကိုင်ထားသည်။ သူ၏မျက်လုံးများကလည်း ဆရာဝန်၏ လှုပ်ရှားမှုတိုင်းကို ပြူးနေအောင် လိုက်ကြည့်လျက် ရှိလေသည်။

တရားသူကြီးက ခြောက်သွေ့သောအသံဖြင့် "ပလိပ်ပဲ ထင်တယ် ဆရာ။ ဟုတ်လား" ဟု မေးလိုက်သည်။

"ဟုတ်တယ်" ဟု ဖြေကာ ဖေါက်တာရေးလည်း ကလေးအား စိုက်ကြည့်လိုက်ပြန်သည်။

အမေလုပ်သူ၏ မျက်လုံးများမှာ ပို၍ ပြူးထွက်လာသော်လည်း ဘာမှတော့ မပြောချေ။ မွန်ဆီယာအိုသုန်ကလည်း ဘာမှမပြောဘဲ အတော်ကြာအောင် ငြိမ်နေပြီးမှ ခပ်တိုးတိုးလေသံဖြင့် "ကောင်းပါပြီ ဆရာ။ ကျုပ်တို့ လုပ်စရာရှိတာ လုပ်ရုံပါပဲ" ပြောလိုက်သည်။

ရေးလည်း လက်ကိုင်ပုဝါကို ပါးစပ်တွင်ပိတ်၍ ကိုင်ထားဆဲဖြစ်သော မဒမ်အိုသုန်၏ မျက်နှာကို မကြည့်မိအောင် ရှောင်နေလိုက်၏။

သူက "သိပ်တော့ ကြာမှာ မဟုတ်ပါဘူးလေ။ တယ်လီဖုန်းဆက်ပါရစေ" ဟု အဆီအငေါ်မတည့်စွာ ပြောလိုက်၏။

တရားသူကြီးက တယ်လီဖုန်းရှိရာသို့ လိုက်ပို့မည်ဆိုပြီးမှ ဆရာဝန်က မဒမ်အိုသုန်ဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော် နည်းနည်းမှ စိတ်မကောင်းပါဘူးခင်ဗျာ။ ဒါပေမယ့် အစ်မကြီးတို့လည်း သွားဖို့ ပြင်ဆင်ထားကြမှ ထင်တယ်။ ဘယ်လိုရှိတယ်ဆိုတာ အစ်မကြီးတို့လည်း အသိပဲ"

မဒမ်အိုသုန်မှာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားဟန်တူ၏။ ကြမ်းပြင်သို့သာ ငေးစိုက်ကြည့်နေလေသည်။

ထို့နောက်မှ သူက "ကျွန်မ နားလည်ပါတယ်ဆရာ" ဟု ခပ်တိုးတိုးဆိုကာ ခေါင်းညိတ်ရင်း "ကျွန်မ ချက်ချင်းပဲ ပြင်ဆင်ပါ့မယ်" ဟု ပြောလိုက်သည်။

မထွက်ခွာမီ ဒေါက်တာရေးတွင် ရုတ်တရက် ဖြစ်ပေါ်လာသည့် စိတ်က နှိုးဆော်သဖြင့် တရားသူကြီးဇနီးမောင်နှံတို့အား သူတို့အတွက် သူ ဘာလုပ်ပေးစေချင်ပါသလဲ ဟု မေးလိုက်သည်။ မိခင်လုပ်သူက ဘာမှမပြောဘဲ သူ့အား စိုက်၍သာကြည့်နေသည်။ အတန်ကြာမှ တရားသူကြီးက မျက်နှာလွှဲလိုက်ပြီး "ဘာမှ မရှိပါဘူး ဆရာ" ဟု ပြောရင်း တံတွေးမျိုလိုက်ပြီး "ကျွန်တော့်ကလေးရဲ့ အသက်ကို ကယ်ပါဆရာ" ဟု ဆိုလိုက်သည်။

စောစောပိုင်းကဆိုလျှင် လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်သော ကပ်သင့်သီးသန့်ရပ်ကွက်မှာ ယခုအခါတွင် ရေးနှင့်ရမ်းဘားတို့က ပြန်လည်ဖွဲ့စည်းပြီး ကျပ်ကျပ်တည်းတည်း လုပ်ထားသည်။ အထူးသဖြင့် ကပ်သင့်သည့် မိသားစုဆိုလျှင် သီးခြားစီခွဲ၍ ထားရမည်ဟု သူတို့က ပြဌာန်းသည်။ သတိမထားမိ၍ တစ်ယောက်ယောက်ကို ကူးစက်မိပြီဆိုလျှင် ရောဂါ ဆက်လက်ပြန့်ပွားမှုသည် ဆပွားဆပွား မတိုးတက်စေရဟု ဆိုသည်။ ဤအကြောင်းကို ဒေါက်တာရေးက တရားသူကြီးအား ရှင်းပြသည်။ တရားသူကြီးကလည်း သဘောတူ လက်ခံကြောင်းကို ပြပါသည်။ သို့သော်လည်း သူနှင့် သူ၏ဇနီးတို့ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသောအခါ သူတို့ ခွဲခွာ၍ နေကြမည်ဆိုသည်ကို မည်မျှရင်နာ နေကြရကြောင်း ဆရာဝန်က သိပါသည်။ မဒမ်အိုသုန်နှင့် သမီးငယ်တို့က ရမ်းဘားအုပ်ချုပ်သော ကပ်သင့်သီးသန့်ရပ်ကွက် ဆေးရုံ၌ နေကြရမည် ဖြစ်သည်။ တရားသူကြီးအတွက်မူ အာဏာပိုင်တို့က စည်ပင်သာယာ အားကစားကွင်း၌

လမ်းလုပ်ငန်းဌာနမှ ထုတ်ပေးသော ရွက်ဖျင်တဲများဖြင့် ဖွင့်လှစ်ထားသည့် သီးခြားစခန်းမှတစ်ပါး အခြား၌ နေရာထိုင်ခင်း မရနိုင်ဘဲ ရှိလေသည်။ နေရာထိုင်ခင်း ညံ့ဖျင်းသည့်အတွက် ဒေါက်တာရေးက အားနာစကား ပြောသောအခါ မွန်ဆီယာအိုသုန်က အားလုံးအတွက် ညီတူညီမျှ နည်းဥပဒေက တစ်ခုသာရှိကြောင်း၊ ယင်းကို ရှိသေလေးစား လိုက်နာခြင်းသည် နည်းလမ်းအကျဆုံး ဖြစ်ကြောင်း ပြန်ပြောလေသည်။

သူငယ်အား တွဲဘက်ဆေးရုံသို့ ယူသွားကာ ယခင်က အငယ်တန်း စာသင်ခန်းဖြစ်သော လူနာဆောင်ငယ်တစ်ခုတွင် ထားသည်။ နာရီနှစ်ဆယ်ခန့် ကြာသောအခါ ဤကလေးမှာ မျှော်လင့်ချက် မရှိတော့သည်ကို ဆရာဝန်ရေး သိမြင်လာလေသည်။ ရောဂါက မှန်မှန်တိုးလျက် ရှိရာတွင် ကလေး၏ခန္ဓာကိုယ်က ခံနိုင်ရည်မရှိတော့။ ပြည်မမှည့်တတ်သေးသဖြင့် သေးသေးငယ်ငယ်ပင် ဖြစ်သော်လည်း အတော်နာကျင်နေသော အကျိတ်များကလည်း ကလေး၏ သေးသွယ်သော ခြေလက်အင်္ဂါ အရိုးအဆစ်တို့ကို ပိတ်ဆို့ထားကြပြန်သည်။ ရှုံးမည်သေချာနေသော တိုက်ပွဲ။

ဤအခြေအနေမျိုးတွင် ဒေါက်တာရေးမှာ ကတ်စတယ်၏ ဆေးရည်ကို ဤသူငယ်တွင် စမ်းသပ်ရန် နှောင့်နှေးဆုတ်ဆိုင်းခြင်း မရှိချေ။ ထိုညက ညစာစားပြီးချိန်တွင် သူတို့သည် ဤဆေးကို သူငယ်အား ထိုးပေးကြသည်။ အတော်ကြာမြင့်စွာ အဆင့်ဆင့်လုပ်ရသည်။ ဆေးတန်ခိုးကလည်း အနည်းငယ်မျှ မပြ။ နောက်တစ်ရက် နံနက်လင်းချိန်တွင် သူတို့အားလုံး ကလေး၏ကုတင်ဘေး ပတ်လည်တွင် စုဝေးကာ သူတို့အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးနေသော ဤဆေး၏အစွမ်းကို ကြည့်ရှုလျက် ရှိကြလေသည်။

ကလေးမှာ အလွန် ပျော့ခွေချိနဲ့နေသည့် အခြေအနေမှ လွတ်မြောက်ကာ အိပ်ရာပေါ်တွင် သတိအလျင်းမရဘဲ ဟိုမှသည်မှ လူးလိမ့်နေလေသည်။ နံနက်လေးနာရီမှစ၍ ဒေါက်တာကတ်စတယ်နှင့် တာရိုတို့ စောင့်ကြည့်ကာ ရောဂါ၏ အတိုးအဆုတ်ကို တစ်ဆင့်ပြီးတစ်ဆင့် မှတ်သားလျက် ရှိကြသည်။ တာရိုသည် သူ၏ ကြီးမားတုတ်ခိုင်သော ခန္ဓာကိုယ်ကြီးကို ကုတင်ခေါင်းရင်းတက်မှ မသိမသာ ကုန်းလျက်ကြည့်နေ၏။ ကုတင်ခေါင်းရင်းဘက်မှ မသိမသာကုန်းလျက် ကြည့်နေ၏။ ကုတင်ခြေရင်းဘက်၌ကား ဒေါက်တာကတ်စတယ်ကြီးသည် တည်ကြည်ငြိမ်သက်စွာ ထိုင်၍ သားရေဖုံးစာအုပ်ကြီး တစ်အုပ်ကို ဖတ်လျက် ဒေါက်တာရေးက သူ့ဘေးမှာ ရပ်လျက်ရှိ၏။ ယခင်က စာသင်ခန်းဖြစ်ခဲ့သော အခန်းငယ်ကလေး အတွင်း၌ အလင်းရောင် တဖြည်းဖြည်း ကျဲလာသည်နှင့် အခြားလူများလည်း အလျှိုအလျှို ရောက်လာကြသည်။ ရှေးဦးစွာ ရောက်လာသူမှာ ပနယ်လိုဖြစ်ပြီး သူသည် တာရိုနှင့် မျက်နှာချင်းဆိုင်ဘက်မှ နံရံကိုမှီလျက် ရပ်နေသည်။ သူ၏မျက်နှာမှာ သောကဖြင့်

အိုစာလျက်ရှိ၏။ လွန်ခဲ့သည့် သီတင်းပတ်များစွာအတွင်း မနားမနေ အလုပ်လုပ်ခဲ့သဖြင့် ရက်ဆက် ပင်ပန်းနွမ်းနယ်ခဲ့သည် ဖြစ်ရာ သူ၏ မို့မောက်သယောင်ယောင်ရှိသော နဖူးပြင်တွင် အရေးအစင်းများပင် ထင်လျက် ရှိ၏။ ထို့နောက် ရောက်လာသူမှာ ဂရန်းဖြစ်သည်။ ခုနစ်နာရီ ထိုးပြီ။ ဂရန်းက မောကြီးပန်းကြီး ရောက်လာရခြင်းကို တောင်းပန်စကားပြောသည်။ သူ ခဏသာ နေနိုင်မည်ဆိုသည်။ သို့သော် သိသာထူးခြားမှု တစ်စုံတစ်ရာ တွေ့မတွေ့ သိချင်သည်ဟုလည်း ဆို၏။ ဒေါက်တာရေးက နှုတ်က တစ်စုံတစ်ရာမပြောဘဲ ကလေးကို လက်ညှိုးညွှန်ပြလိုက်၏။ ကလေးမှာ မျက်လုံးများကို မှိတ်လျက်၊ သွားများ ကြိတ်လျက်၊ မျက်နှာမှာလည်း ဝေဒနာပြင်းထန်သဖြင့် ရှုံ့မဲ့လျက်၊ ခေါင်းကို ခေါင်းအုံးရှည်ပေါ်တွင် ဟိုမှသည်မှ လှိမ့်လျက်ရှိသည်။ အခန်းတစ်ဖက်ထိပ်ရှိ သင်ပုန်းကြီးပေါ်တွင် မြေဖြူဖြင့် တွက်ပြထားသော တစ်ဝက်မှိန်ပျက်နေသည့် ညီမျှခြင်းအတွက် ဂဏန်းများကို သဲသဲကွဲကွဲ မြင်ရလောက်အောင် လင်းလာချိန်တွင် ရမ်းဘား ဝင်လာသည်။ သူသည် အနီးမှ ကုတင်တစ်ခု၏ခြေရင်း၌ ဝင်ရပ်ကာ သူ၏အိတ်ထဲမှ စီးကရက်တစ်ဗူးကို ထုတ်ယူလိုက်သည်။ သို့သော် ကလေး၏ မျက်နှာကို ပထမဆုံးအကြိမ် လှမ်းမြင်လိုက်ရသောအခါ သူ့စီးကရက်ဗူးကို အိတ်ထဲသို့ ပြန်၍ ထည့်လိုက်၏။

ဒေါက်တာရေးသည် ထိုင်ရာကနေ၍ သူ့မျက်မှန်အပေါ်မှ ကျော်ကာ ရမ်းဘားအား ကြည့်လိုက်သည်။

“ကလေးအဖေဆီက သတင်းရလား”

“မရဘူး။ သူက သီးခြားစခန်းမှာ"

ဆရာဝန်၏လက်များသည် ကုတင်သံပိုက်လုံးတန်းကို ဆုပ်ကိုင်ထားသည်။ မျက်လုံးများက ဝေဒနာခံစားနေရသော ကလေးအား စိုက်ကြည့်လျက်ရှိ၏။ ရုတ်တရက် ကလေး၏ ခန္ဓာကိုယ်သည် တောင့်တင်းလာပြီး ခါးဆီ၌ အနည်းငယ် လျော့သွားကာ လက်ခြေများကို ကြက်ခြေခတ်သဏ္ဍာန် တဖြည်းဖြည်း ဘေးသို့ ကားထုတ်လိုက်၏။ စစ်စောင်အောက်မှ ပလာကျင်းလျက်ရှိသော ခန္ဓာကိုယ်မှ စိုထိုင်းထိုင်း သိုးမွေးနံ့၊ ချွေးပုပ်နံ့တို့ ထွက်လာသည်။ ကလေးသည် သွားများကြိတ်ပြန်သည်။ ထို့နောက် စကားလည်း မပြော၊ မျက်လုံးလည်း မဖွင့်ဘဲ လက်ခြေတို့ကို ကုတင်အလယ်ဆီသို့ တဖြည်းဖြည်းချင်း ပြန်စုကာ လျှော့ချလိုက်သည်။ အသက်ရှူလည်း ပို၍ မြန်လာဟန်တူ၏။ ဒေါက်တာရေးက တာရိုအား လှမ်းကြည့်လိုက်၏။ တာရိုသည် သူ၏မျက်လွှာကို လျင်မြန်စွာချလိုက်သည်။

သေမင်းသည် မျက်နှာကြီးငယ်မရွေးဘဲ ဆွဲခေါ်လျက် ရှိသည်မှာ ယခုဆိုလျှင်

လပေါင်းများစွာ ရှိခဲ့ပြီဖြစ်ရာ သူတို့၏ မျက်စိအောက်တွင်ပင် ကလေးသူငယ်များ သေဆုံးသွားကြသည်ကို မြင်ခဲ့လှဖူးပြီ...။ သို့သော် ယခု သူတို့ နံနက်အာရုဏ်တက် အချိန်မှစ၍ ကြည့်နေခဲ့ကြသလို သူငယ်တစ်ယောက် ဝေဒနာ ခံစားနေသည်ကို မိနစ်မလပ် စောင့်ကြည့်၍ကား မနေခဲ့ကြဘူးသေးချေ။ ဤသို့ အပြစ်ကင်းစင်သော ကလေးအရွယ်များ ခံစားရသည့် ဝေဒနာသည် သူတို့အဖို့ တကယ့်ဝေဒနာဖြစ်သည် ဟု အမြဲပင် မြင်ခဲ့ကြသည်။ မနှစ်မြို့စရာ ဝေဒနာ...။ သို့ရာတွင် ယခုအချိန်အထိကား သူတို့သည် ဤဝေဒနာ၏ မနှစ်မြို့ဖွယ်ရာ ဝေဒနာခံစားမှုကို စိတ်ကူးသက်သက်ဖြင့်သာ သိခဲ့ကြရသည်။ အပြစ်ကင်းသည့် ကလေးတစ်ယောက် ဤမျှ အချိန်ကြာမြင့်စွာ ဝေဒနာခံစားလျက် အသက်ငင်နေသည်ကိုကား တွေ့ခွင့်မြင်ခွင့် မရခဲ့ကြဘူးချေ။

ထိုအခိုက်မှာပင် သူငယ်သည် သူ၏ဗိုက်ထဲက တစ်စုံတစ်ခု ကိုက်ခဲလိုက်သလို ဆန့်ငင်ဆန့်ငင်ဖြစ်ကာ ရှည်လျားစူးရှစွာ အော်လိုက်၏။ မဆုံးတော့ဟု ထင်ရသည့် ထိုခဏတွင် သူငယ်သည် ထူးထူးဆန်းဆန်း တွန့်လိမ်လျက်၊ သူ၏ခန္ဓာကိုယ်မှာလည်း အကြောဆွဲသလို ဆန့်ငင်ဆန့်ငင် လှုပ်လျက်ရှိ၏။ သူ၏ နုနယ်သေးငယ်လှသော ခန္ဓာကိုယ်ကလေးသည် အကြိမ်ကြိမ် အလီလီ အပြင်းဖျားသည့် ဝေဒနာဖြင့် ပျက်ပြုန်းကာ ပလိပ်ကပ်၏ ကြောက်မက်ဖွယ် အငွေ့အသက်ဖြင့် ပက်ဖျန်းလိုက်သည်တွင် ကုပ်၍ခွင်၍ ကွေးညွတ်သွားသကဲ့သို့ ရှိလေသည်။ ထို့နောက် မုန်တိုင်းလွန်မြောက် သွားပြန်ကာ ခေတ္တမျှ ငြိမ်သက်သွားပြီး သူငယ်လည်း အနည်းငယ် နားခွင့်ရ၏။ အဖျားသွေးလည်း လျော့ကျသွားဟန် တူ၏။ သူငယ်သည် သေလုမြောပါး မောပန်းနွမ်းလျလျက်၊ ရောဂါပိုးနှင့် အနံ့အသက်ဆိုးတို့ဖြင့် မွှန်နေသောသောင်စပ်တွင် ဟောဟဲခတ်လျက်၊ မုန်တိုင်းတစ်သုတ် တိုက်ခတ်လာပြန်သောအခါ သူငယ်မှာ မီးတောက်မီးလျှံများ လိုက်၍ ဟပ်နေသည့်အလား ကြောက်အားလန့်အားနှင့် ကိုယ်ကို အနည်းငယ်ကွကာ ကုတင်အစွန်းဘက် ဆီသို့ လူးလိမ့်၍ ခွေနေလိုက်ပြန်သည်။ တခဏကြာလျှင် သူ၏ ဦးခေါင်းကို ဘယ်ပြန်ညာပြန် အပြင်းအထန် လိမ့်လိုက်ပြီး စောင်ကို ကန်ထုတ်လိုက်သည်။ သူ၏ ရောင်ကိုင်းမို့မောက်နေသော မျက်ခွံများအတွင်း မျက်ရည်များ ပြည့်လာကာ ချိုင့်ခွက်ညှိုမည်းနေသော ပါးပြင်ကလေးပေါ်သို့ စီးကျလာသည်။ ဤသို့ မချိမဆန့် အကြောဆွဲခြင်းများ လွန်မြောက်သွားပြန်သောအခါ သူငယ်မှာ လုံးဝ အားအင်ကုန်ခမ်းလျက် လေးဆယ့်ရှစ်နာရီအတွင်း အရိုးပေါ်အရေတင် အခြေအနေအထိ ခန်းခြောက်သွားသော သူ၏ လက်ကလေးခြေကလေးများကို ဆန့်တန်းကာ ဖရိုဖရဲဖြစ်နေသော အိပ်ရာပေါ်တွင် မြင်ရက်စရာ မရှိအောင်ပင် လက်ဝါးကပ်စင် တင်ထားခံရသူပမာ ငြိမ်သက်သွားပြန်သည်။

တာရိုသည် အောက်သို့ငုံ့၍ ချွေးများ မျက်ရည်များဖြင့် စိုရွှဲနေသော

မျက်နှာကလေးကို သူ၏ ကြီးမားသော လက်ကြီးများဖြင့် သပ်ပေးလိုက်သည်။ မကြာမီကလေးကမှ သူ၏ စာအုပ်ကြီးကို ပိတ်ထားလိုက်သော ကတ်စတယ်ကြီးသည် ယခုကလေးကိုသာ စိုက်၍ ကြည့်နေလေသည်။ သူ စကားစ၍ ပြောသောအခါ သူ့အသံမှာ အက်ကွဲခြောက်သွေ့၍ နေသဖြင့် လည်ချောင်းရှင်းလိုက်ပြီးမှ ပြော၍ရသည်။

"ဒီမနက် အဖျားမကျဘူး ဟုတ်လား။ ဒေါက်တာရေး"

ရေးက ခေါင်းယမ်းပြလိုက်သည်။ သို့သော် သူငယ်သည် ထင်သည်ထက် ပိုပြီး ခံနိုင်ရည်ရှိသည်ဟုလည်း ပြောလိုက်သည်။ နံရံတွင် နွမ်းလျစွာမှီ၍ ရပ်နေသော ပနယ်လိုက လေသံသဲ့သဲ့မျှဖြင့် –

"ဒီတော့ သေရမယ့်လူဆိုရင် ပိုပြီး ကြာကြာခံစားရမှာပေါ့လေ" ဟု ပြောလိုက်သည်။

အခန်းထဲတွင် အလင်းရောင်အား ကောင်းလာသည်။ အခန်းထဲက အခြား လူနာကိုးယောက်တို့လည်း လူးလိမ့်ညည်းညူလျက် ရှိကြ၏။ သို့သော် သူတို့သည် အသံကို တမင်အုပ်ထားကြဟန် တူသည်။ အခန်းအစွန်းဆီမှ လူနာတစ်ယောက်သာလျှင် အော်ဟစ်နေ၏။ သူအော်နေပုံမှာ နာကျင်ခြင်းထက် အံ့အားသင့်ခြင်းကြောင့် ဖြစ်ဟန်တူသည်။ သူ၏ အာမေဋိတ်သံကလေးများသည် ချက်မှန်မှန် ပေါ်ထွက်လာလျက် ရှိလေသည်။ ဝေဒနာခံစားနေရသူများ အဖို့သော်မှ စောစောပိုင်းက ဂယောင်ချောက်ချားဖြစ်အောင် ကြောက်လန့်ရသည့် ကာလပိုင်းသည် လွန်မြောက်၍ လာခဲ့ပြီး၊ ယခုမူ သူတို့သည် ရောဂါကို စိတ်မချမ်းမြေ့စွာပင် အောင့်အည်းသည်းခံ နေကြရသည့်သဘော ရှိသည်ဟု ထင်ရလောက်ပေသည်။ သူငယ်တစ်ယောက်သည် သာလျှင် သူ့အားအင်ရှိသမျှ အစွမ်းကုန် ခုခံတိုက်ခိုက်လျက် ရှိသည်။ မကြာခဏ ဆိုသလိုပင် ဒေါက်တာရေးသည် သူငယ်၏လက်ကို ကိုင်ကာ သွေးတိုးနှုန်း စမ်း၍ စမ်း၍ ကြည့်သည်။ ဤသို့ပြုခြင်းမှာ တစ်စုံတစ်ရာသော အကြောင်းရှိ၍ကား မဟုတ်၊ သူ့မှာ ဘာလုပ်ရမှန်း မသိသောကြောင့်သာ ဖြစ်ဖို့များသည်။ သွေးတိုးစမ်းရင်းက သူ့မျက်လုံးများကို မှိတ်၍ထားလိုက်သောအခါ ကလေး၏ သွေးတိုးအရှိန်နှုန်းသည် သူ၏ သွေးတိုးအရှိန်နှုန်းနှင့် ရောနှောသွားသကဲ့သို့ ဝေဒနာညှဉ်းဆဲခြင်းကို အလူးအလဲ ခံနေရရှာသော သူငယ်နှင့်သူ တစ်သွေးတစ်သားတည်း ဖြစ်သွားကာ သူ့တွင်ရှိသမျှ အင်အားကလေးဖြင့် သူငယ်အား ကြံ့ကြံ့ခံနိုင်အောင် ဖေးကူပေးထားသည် ဟုလည်း ထင်မိ၏။ သို့ရာတွင် သူတို့၏ ရင်ခုန်နှုန်း သွေးတိုးနှုန်းတို့မှာ တခဏမျှသာ အတူတကွရှိပြီး မကြာမီပင် တစ်ခြားစီ ဖြစ်သွားကာ သူငယ်က လွတ်ထွက်သွားပြန်သည်။ ဤတွင် သူ ဘာမျှ မတတ်နိုင်သည့် အဖြစ်ကိုလည်း သိရပြန်သည်။ ထိုအခါတွင် သူသည် သူငယ်၏ သေးသွယ်ပိန်လှီသော

လက်ကလေးကိုလွှတ်၍ သူ့နေရာသို့ သူ ပြန်လာခဲ့လေ၏။

ဆေးဖြူသုတ်နံရံများပေါ်မှ အလင်းရောင်သည် ပန်းနုရောင်မှ အဝါရောင်သို့ ပြောင်းခဲ့ပြီ။ နောက်တစ်နေ့အဖို့ အပူငွေ့တို့သည်လည်း ပြတင်းတံခါးများသို့ လာ၍ ရိုက်ခတ်လျက်ရှိပြီ။ ဂရန်းက လှည့်ထွက်သွားရင်း သူပြန်လာခဲ့မည်ဟု ပြောသွားသည်ကို မည်သူမျှ ကောင်းစွာ မကြားလိုက်ကြ။ အားလုံး စောင့်ဆိုင်းနေကြသည်။ မျက်လုံးကို မှိတ်ထားလျက်ပင်ရှိသော သူငယ်သည် အနည်းငယ် ငြိမ်သက်သွားဟန်တူ၏။ သူ၏ သေးသွယ်သော လက်ချောင်းကလေးများဖြင့် အိပ်ရာနံဘေးတို့ကို ကုတ်၍ကုတ်၍ ဆွဲလျက်ရှိရာမှ သူ၏ ဒူးပေါ်ကစောင်ကို ကုတ်ခြစ်ပြန်သည်။ ထို့နောက် သူ၏ဒူးများကို ရုတ်တရက်ကွေးကာ ဗိုက်ပေါ်အထိ ခေါက်၍တင်ကာ ငြိမ်သက်နေပြန်သည်။ ထို့နောက် မျက်လုံးများကို ပထမဆုံးအကြိမ်ဖွင့်ကာ သူ၏ ရှေ့တည့်တည့်၌ ရပ်နေသော ဒေါက်တာရေးအား ငေးစိုက်ကြည့်နေ၏။ ထို့နောက် ရွှံ့ပုပ်ရောင် ညိုမည်းမာကျောနေသော သူ၏မျက်နှာမှ နှုတ်ခမ်းများ တဖြည်းဖြည်း ပွင့်လာကာ အသက်ရှူဖို့ပင် ရပ်နားပြောင်းလဲခြင်းရှိဟန် မတူဘဲ အဆက်မပြတ် စူးစူးရှားရှား အော်ဟစ်လိုက်လေတော့ရာ အဆောင်တစ်ခုလုံးသို့ ပျံ့နှံ့လျက် ကလေးသံနှင့်ပင် မတူတော့ဘဲ တစ်ခန်းလုံးရှိ ဝေဒနာသည်များ စုပေါင်းကာ သေမင်းအား အော်ဟစ်ကန့်ကွက်လိုက်ကြသည့် ဒေါသသံ ထွက်၍လာလေသည်။ ဒေါက်တာရေး အံကြိတ်လိုက်၏။ တာရိုလည်း မျက်နှာလွှဲသွားသည်။ ရမ်ဘားလည်း ပိတ်ထားသော စာအုပ်ကြီးကို ဒူးပေါ်တွင်တင်လျက် ထိုင်နေသော ကတ်စတယ်ကြီး၏ဘေးသို့ သွား၍ ရပ်နေလိုက်သည်။ ပနယ်လိုသည် လူသတ္တဝါတို့ သေမင်းကို ဒေါသဖြင့် ကန့်ကွက်ငြင်းဆန်ရင်း အော်ဟစ်ခဲ့ကြသည့် အသံမျိုး ထွက်လာလျက်ရှိသော ပလိပ်ဖျားသင်နာရည် အပုပ်ဖတ်ဝါများဖြင့် နံစော်နေသော ပါးစပ်ကလေးအား ငေးစိုက်ကြည့်နေရာမှ ဒူးထောက်၍ ချလိုက်ပြီး၊ အနီးရှိလူအားလုံး သိကြပြီးဖြစ်သော အက်ကွဲနေသော်လည်း ပီသစွာကြားရသည့် သူ၏အသံသည် သူငယ်၏ စိတ်မချမ်းမြေ့ဖွယ်ရာ အဆက်မပြတ် အော်ဟစ်နေသည့် အသံကို ဖောက်ထွင်း၍ ပေါ်ထွက်လာလေသည်။

"အို ဘုရားသခင်။ ဤသူငယ်ကို ချမ်းသာပေးတော်မူပါ"

သို့ရာတွင် ငိုကြွေးသံသည် အဆက်မပြတ် မရပ်မနား ထွက်ပေါ်လာလျက်ရှိပြီး အခြားဝေဒနာရှင်များလည်း မငြိမ်မသက် ဖြစ်လာကြသည်။ အခန်းတစ်ဖက်စွန်မှ လူနာသည် ပြတ်တောင်းပြတ်တောင်း အော်ဟစ်ညည်းညူလျက် ရှိရာမှ အရှိန်မြန်လာကာ သူငယ်၏အော်သံနှင့် ပြိုင်၍တက်လာသည်။ အခြားသူများထံမှ ညည်းသံတို့သည်လည်း ပိုမိုကျယ်လောင်လာသည်။ တစ်ခန်းလုံး ငိုရှိုက်သံများဖြင့် ရုတ်တရက် ပြည့်လျှံလာခဲ့လေရာ ပနယ်လို၏အသံများ

မြုပ်သွားသည်။ ကုတင်ခြေရင်းသံပိုက်လုံးကို တင်းကျပ်စွာဆုပ်လျက်ပင် ရှိသေးသော ဒေါက်တာရေးမှာ ပင်ပန်းနွမ်းနယ်ခြင်း၊ အနိဋ္ဌာရုံကို စက်ဆုပ်ခြင်းတို့ဖြင့် မူးဝေနောက်ကျိကာ မျက်လုံးများကို မှိတ်ထားလိုက်သည်။

သူ့မျက်လုံးများကို ပြန်ဖွင့်လိုက်သောအခါ သူ့ဘေးတွင် တာရို ရောက်နေသည်။

ရေးလည်း "ကျုပ်သွားမှပဲ။ ဒီအသံတွေကို ကျုပ် ကြာရှည်သည်းမခံနိုင်တော့ဘူး" ဟု ပြောလိုက်သည်။

သို့ရာတွင် အခြားဝေဒနာရှင်များ ထံမှ အသံများ ရုတ်တရက် တိတ်သွားသည်။ ဤတွင် သူငယ်၏ အော်ညည်းသံလည်း တဖြည်းဖြည်း အသံပျော့လာကာ တိမ်မြုပ်ပျောက်ကွယ် သွားသည်ကို သူ သတိပြုမိ၏။ သူ၏ပတ်လည်တွင် ညည်းသံများ ပြန်ပေါ်လာသည်။ သို့သော် ပြီးဆုံးသွားသော တိုက်ပွဲတစ်ခုတွင် အဝေးမှလာသည့် ပွဲတင်သံပမာ ခပ်သဲ့သဲ့မျှသာ ဖြစ်၏။ တကယ်ကလည်း ပြီးဆုံးသွားပြီ ဖြစ်သည်။ ကတ်စတယ်လည်း ကုတင်၏ အခြားတစ်ဖက်သို့သွားကာ ဆုံးပြီဖြစ်ကြောင်း ပြောလိုက်၏။ ဖရိုဖရဲဖြစ်လျက်ရှိသော စောင်များပေါ်တွင် အရိုးပေါ် အရေတင်လျက် ပိန်ခြောက်နေသော သူငယ်သည် ပါးပေါ်တွင် မျက်ရည်စများဖြင့် ပါးစပ်ဟောင်းလောင်းနှင့် ငြိမ်သက်လျက်ရှိသည်။

ပနယ်လိုသည် အိပ်ရာဆီသို့သွား၍ ကောင်းချီးပေးသည့် အထိမ်းအမှတ် ပြုလိုက်ပြီး သူ၏ဝတ်လုံရှည်ကို သိမ်းကာ အိပ်ရာများအကြားရှိ လမ်းအတိုင်း လျှောက်၍ ထွက်သွားလေသည်။

တာရိုက ကတ်စတယ်အား "ဆရာကြီး။ အစကစပြီး ပြန်လုပ်ရဦးတော့မှာလား" ဟု မေးလိုက်၏။

ဆရာဝန်ကြီးလည်း ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်ပြီး မချိပြုံးကလေး တစ်ချက်ပြုံးလိုက်သည်။

"လုပ်ရမှာပဲ ထင်တယ်။ ဒါတောင်ဗျာ၊ ဒီကလေးဟာ အံ့အားသင့်ရလောက်အောင်ကို အကြာကြီး ခုခံသွားတာပဲ"

ရေးလည်း အပြင်သို့ထွက်သွားလျက် ရှိ၏။ သူလမ်းလျှောက်ပုံမှာ မြန်နေပြီး မျက်နှာထားလည်း တစ်မျိုးဖြစ်နေသဖြင့် တံခါးဝတွင် ရောက်နေသော ပနယ်လိုက သူ့အား ရှောင်ထွက်သွားမည့် ရေးအား လက်တစ်ဖက်ဆန့်တန်း၍ တားလိုက်သည်။

"ဘယ်လိုလဲ ဒေါက်တာရယ်" ဟု သူက စလိုက်သည်။

ရေးက သူ့ဘက်သို့ ဒေါသတကြီး လှည့်လိုက်၏။

”အဲဒီကလေးဟာ ဘယ်လိုမဆို အပြစ်ကင်းစင်ပါတယ်။ ဒါကို ကျုပ်သိသလို ခင်ဗျားလည်း သိတယ်”

ရေးသည် ပနယ်လိုအား ပွတ်တိုက်၍ ဖြတ်ကျော်ပြီး အပြင်သို့ထွက်ကာ ကျောင်းကစားကွင်းကို ဖြတ်လျှောက်သွားသည်။ ထို့နောက် မွဲမွဲခြောက်ခြောက် လိမ်လိမ်ကောက်ကောက် ဖြစ်နေသော သစ်ပင်ကလေးတစ်ပင်၏ အောက်ရှိ ခုံရှည်ကလေးပေါ်တွင် ထိုင်ကာ နဖူးပေါ်မှ မျက်လုံးထဲသို့ စီးဝင်လျက်ရှိသော ချွေးများကို သတ်လိုက်သည်။ သူ၏ အသည်းနှလုံးကို ဓားပါးပါးဖြင့် မွှန်းသလို ခံစားနေရသည့် ဝေဒနာလျော့သွားဖို့ဆိုလျှင် ဘာပဲဖြစ်ဖြစ် အော်ဟစ်၍ ဆဲဆိုပစ်ချင်မိသည်။ သစ်ပင်ကလေး၏ အကိုင်းအခက်များ အကြားမှ အပူငွေ့တရှိန်ရှိန် ကျလျက်ရှိသည်။ နံနက်ခင်း ကောင်းကင်ပြာထဲတွင် အပူငွေ့များ လျှင်မြန်စွာပြန့်နှံ့လျက် အုံ့ဆိုင်းမှုန်မှိုင်းလာသဖြင့် ပိုမိုအသက်ရှူကြပ်လျက် ရှိ၏။ ရေးသည် ခုံရှည်ပေါ်တွင် ပင်ပန်းနွမ်းလျစွာ လှဲချလိုက်၏။ ဖုထစ်ကောက်ကွေးသော သစ်ကိုင်းများနှင့် တလက်လက် တောက်လျက်ရှိသော ကောင်းကင်ကြီးကို မော်၍ကြည့်ရင်း တဖြည်းဖြည်း အသက်ရှူမှန်လာကာ သူ၏နွမ်းနယ်မှုကို တွန်းလှန်တိုက်ဖျက်ရတော့၏။

သူ့နောက်ဆီမှ အသံတစ်သံကြားလိုက်ရသည်။

“ဆရာပြောသွားတဲ့ စကားထဲမှာ ဘာကြောင့် ဒေါသသံ ပါရသလဲ ဆရာရယ်။ ကျုပ်တို့ အခု မြင်ခဲ့ကြရတာဟာ ဆရာအဖို့ မချိတင်ကဲ ဖြစ်ရသလို ကျုပ်မှာလည်း ဖြစ်ရတာပါပဲ”

ရေးသည် ပနယ်လို၏ဘက်သို့ လှည့်လိုက်သည်။

“ကျွန်တော် သိပါတယ်။ ကျွန်တော် စိတ်မကောင်းပါဘူး။ ဒါပေမယ့် ပင်ပန်းအားကြီးလို့ ဖြစ်သွားရတာပါ။ တစ်ခါတစ်ခါ ဒီလိုပဲ စိတ်ထဲမှာ အော်ဟစ်ပုန်ကန် ပစ်လိုက်ချင်တာပဲ ရှိတော့တယ်”

ပနယ်လိုက လေသံတိုးတိုးဖြင့် “ကျုပ်နားလည်ပါတယ်။ အဲသလို အဖြစ်မျိုးဟာ ကျုပ်တို့လူသာမန်တွေ နားမလည်တဲ့ဟာမျိုးမို့ ဒေါသဖြစ်ကြရတာပါ။ တကယ်ဆိုရင် ကျုပ်တို့ နားမလည်နိုင်တာကို မေတ္တာထားပြီး လက်ခံတတ်ဖို့ သင့်ပါတယ်” ဟု ပြောလိုက်သည်။

ရေးသည် တဖြည်းဖြည်းချင်း မတ်မတ်ထိုင်လိုက်သည်။ ထို့နောက် သူ၏ ပင်ပန်းနွမ်းနယ်မှုမှ ရနိုင်သမျှသော အင်အားကလေးများကိုစုကာ ပနယ်လိုအား

စိုက်ကြည့်နေလိုက်သည်။ ထို့နောက် ခေါင်းယမ်းလိုက်ပြီး

"မဟုတ်ဘူး ဆရာတော်။ ကျွန်တော့်မှာရှိတဲ့ မေတ္တာဆိုတာက တစ်မျိုးပဲ၊ ကလေးသူငယ်တွေကို ညှဉ်းဆဲရက်တဲ့ စံနစ်မျိုးကို နှစ်သက်လက်ခံဖို့ မေတ္တာထားဖို့ ဆိုတာကိုတော့ ကျွန်တော် သေသည်အထိ ငြင်းဆန်သွားမှာပဲ"

ဘုန်းကြီး၏ မျက်နှာပေါ်တွင် ငြိမ်သက်သည့် အရိပ်အယောင်များ သမ်းလာ၏၊ သူသည် တခဏမျှ တိတ်ဆိတ်နေ၏။ ထို့နောက်မှ "အို ဒေါက်တာရယ်။ ကျုပ် အခုပဲ ကျေးဇူးတော်ဆိုတာက ဘာလဲဆိုတာကို သဘောပေါက်မိပါတယ်" ဟု ဆိုလိုက်၏။

ရေးသည် ခုံရှည်ပေါ်သို့ ပြန်၍ လျှောချလိုက်ပြန်၏။ သူ တစ်ကြော့ပြန်၍ နွမ်းလျသွားပြန်ကာ၊ နွမ်းလျနေရာမှပင် သူသည် ပိုမိုသိမ်မွေ့စွာ စကားပြောသည်။

"အဲဒါဟာ ကျွန်တော်သဘောမပေါက်တဲ့ ဟာပဲ။ ဒါကို ကျွန်တော်သိပါတယ်၊ ဒါပေမယ့် ဒီကိစ္စကို ကျွန်တော် ဆရာတော်နဲ့ မဆွေးနွေးတာဘဲ ကောင်းပါတယ်။ ကျွန်တော်တို့ အချင်းချင်း ပူးပေါင်းလို့ရတဲ့ကိစ္စမှာ ရင်ဘောင်တန်းပြီး အလုပ်လုပ်နေကြသားပဲ။ ဘုရားသခင်ကို ကြည်ညိုတာတို့ မကြည်ညိုတာတို့နဲ့ မဆိုင်တော့တဲ့ ဟာပေါ့။ တကယ်အရေးပါတာ အဲဒါပါပဲ"

ပနယ်လိုသည် ရေး၏ဘေးတွင် ဝင်၍ထိုင်လိုက်၏။ သူ့တွင် စိတ်ထိခိုက်သွားသည်မှာ သိသာ၏။

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒေါက်တာလည်းပဲ လူတွေကို ကယ်တင်ဖို့အတွက် အလုပ်လုပ်နေတာပါပဲ"

ရေးက ပြုံးရန်အားထုတ်သည်။

"ကယ်တင်တယ်ဆိုတဲ့ စကားက ကျွန်တော့်အဖို့တော့ ကြီးကျယ်လွန်းလှပါတယ်။ ကျွန်တော်က ဒီအထိ မရည်ရွယ်ပါဘူး။ ကျွန်တော်က လူတွေရဲ့ ကျန်းမာရေးနဲ့သာ ဆိုင်ပါတယ်။ ကျွန်တော့်အဖို့တော့ လူရဲ့ကျန်းမာရေးက ပထမပါ"

ပနယ်လို ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားဟန်တူ၏။ သူက "ဒေါက်တာ" ဟု တစ်စုံတစ်ရာပြောရန် စလိုက်ပြီးမှ တိတ်ဆိတ်သွားပြန်သည်။ သူ၏မျက်နှာမှာလည်း ချွေးများစီးကျလျက် ရှိ၏။ ထို့နောက် "အခုတော့ ဒါပဲလေ။ သွားဦးမယ်" ဟု ခပ်တိုးတိုးရေရွတ်ပြီး ထိုင်ရာမှ ထလိုက်၏။ သူ၏မျက်လုံးများမှာ စိုစွတ်လျက် ရှိသည်။ သူက သွားတော့မည်ဟု လှည့်လိုက်မှ တစ်စုံတစ်ခုကို စဉ်းစားတွေးတောနေဟန် ရှိသော ဒေါက်တာရေးက ရုတ်တရက်ထကာ သူ့ထံသို့

ခြေလှမ်းတိုးလိုက်၏။

"ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ နောက်တစ်ခါ ဒီလိုဒေါသမျိုး မဖြစ်စေရဘူး ဆိုတာကို ကျွန်တော် ကတိပေးနိုင်ပါတယ်"

ပနယ်လိုက လက်ကမ်းပေးလိုက်ရင်း ဝမ်းနည်းသည့် လေသံဖြင့် "ဒါပေမယ့် ကျုပ်ပြောတာကို ဒေါက်တာ သဘောမပေါက်ပါဘူးလေ" ဟု ပြောလိုက်သည်။

"ဘာဖြစ်လဲ ဆရာတော်။ ကျွန်တော်မုန်းတာက သေမင်းနဲ့ ရောဂါကိုပါ။ ဒါကို ဆရာတော် ကောင်းကောင်းသိပါတယ်။ ပြီးတော့ ဆရာတော် ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကျွန်တော်တို့ဟာ မဟာမိတ်တွေပါ။ သေမင်းနဲ့ ရောဂါကို တိုက်ခိုက်တဲ့ နေရာမှာတော့ အတူတကွပါပဲ" ဆိုကာ ဒေါက်တာရေးက ပနယ်လို၏လက်ကို မလွှတ်သေးဘဲ "ကဲ၊ ဆရာတော် တွေ့ပြီမဟုတ်လား" ဟု ပြောလိုက်သော်လည်း ဘုန်းကြီး၏မျက်နှာကို မကြည့်ဘဲ "ဒီလို မဟာမိတ်မျိုးကိုတော့ ဘုရားသခင်ကိုယ်တော်တိုင်တောင်မှ ခွဲမပစ်နိုင်ပါဘူး" ဟု ပြောလိုက်၏။

* * *

။၄။

ဒေါက်တာရေး၏ အလုပ်သမားအဖွဲ့သို့ ဝင်ရောက်လာကတည်းက ပနယ်လိုသည် ဆေးရုံများနှင့် ပလိပ်ကပ် ထိတွေ့ရာ နေရာများ၌သာ တစ်ချိန်လုံး ကုန်လွန်စေခဲ့လေသည်။ သူသည် အများနှင့်ရောနှော၍ အလုပ်လုပ်ရာတွင် သူ၏ တာဝန်ဟူ၍ သူကိုယ်တိုင် ဆုံးဖြတ်ထားသော တိုက်ပွဲ၏ ရှေ့တန်းနေရာများကိုသာ ယူလေ့ရှိပေသည်။ ထိုအချိန်မှစ၍ သူသည် သေမင်းနှင့် လက်ပွန်းတတီး ဖြစ်လာခဲ့သည်။ ကာကွယ်ဆေးများ အပတ်စဉ် မှန်မှန်ထိုးနေ၍ ရောဂါမကူးရောက်နိုင်ဟု ဆိုရသော်လည်း သေမင်းက သူ့အား အချိန်မရွေး ဆွဲခေါ်သွားနိုင်သည်ကိုတော့ သူ ကောင်းကောင်းသိပါသည်။ ဒါကို သူ တွေးထားပြီး ဖြစ်၏။ အပြင်ပန်းအားဖြင့်ကား သူ့မှာ ဣန္ဒြေတစ်ချက်ကလေးမျှ မပျက်။ သို့ရာတွင် သူ့မျက်စိအောက်တွင်ပင် ကလေးငယ်တစ်ယောက် သေဆုံးသွားသည်ကို မြင်လိုက်ရသည့်နေ့မှ စ၍ သူ့တွင် တစ်စုံတစ်ရာ ပြောင်းလဲသွားခဲ့ဟန် တူပေသည်။ သူ့မှာ သူ့အတွေးများနှင့်သူ တဖြည်းဖြည်း တင်းမာလာသည့် လက္ခဏာများ ပေါ်လွင်ထင်ရှားလာခဲ့သည်။ သူက ဒေါက်တာရေးအား "ဘုန်းကြီးတစ်ပါးဟာ ဆရာဝန်နဲ့ ဆွေးနွေးလျှင် နည်းလမ်းကျပ့်မလား" ဆိုသည့် ဆောင်းပါးတိုကလေးတစ်ခုကို ရေးနေသည်ဟု ပြောသောအခါ၊ ဒေါက်တာရေးကလည်း ဆရာတော်၏လေသံက ဖော်ပြနေသည်ထက် ပိုမိုနက်ရှိုင်းသော အတွေးများ ရှိနေသည်ကို ရိပ်စားမိလိုက်သည်။ ဆရာဝန်က ထိုဆောင်းပါးကို သူ အလွန်ဖတ်ချင်ပါသည်ဟု ပြောသောအခါ ပနယ်လိုက သူ မကြာမီပင် ဤအကြောင်းရပ်ကို ဘုရားဝတ်တက် လာသူများအား ပြောကြားမည်ဖြစ်ကြောင်း ပြောလိုက်၏။

"ဆရာလည်း လာစေချင်ပါတယ်လေ။ ဒီအကြောင်းရပ်ကို ဆရာလည်း စိတ်ဝင်စားပါလိမ့်မယ်"

ဆရာတော်ပနယ်လို ဤ ဒုတိယဒေသနာကို ဟောကြားသည့်နေ့က လေပြင်းတိုက်လျက် ရှိလေသည်။ ပရိသတ်မှာ ပထမအကြိမ်တုန်းကထက် ပါးသွားသည်ကိုတော့ ဝန်ခံရမည်။ ကျွန်ုပ်တို့၏ မြို့သူမြို့သားများအဖို့ ဤကဲ့သို့သော အကြောင်းကိစ္စမျိုးသည် အသစ်အဆန်း မဟုတ်တော့သည်လည်း တစ်ကြောင်းဖြစ်၏။ သူတို့ ရင်ဆိုင်၍နေရသော ဤ မဖြစ်စဘူးထူးကဲသော အခြေအနေများတွင်ဆိုလျှင် အသစ်အဆန်းဆိုသည့် စကားတွင် အဓိပ္ပာယ်အားလုံး ကွယ်ပျောက်လျက် ရှိသည်။ အချို့သောသူများသည် ဘာသာရေးဆိုင်ရာ စောင့်စည်းရမည့် ဝတ္တရားများကို လုံးဝစွန့်ပစ်သည်လည်း မဟုတ်။ ယင်းတို့ကို အကျင့်ပျက်သော နေမှုထိုင်မှုများနှင့် ပေါင်းစပ်၍လည်း မပြုကောင်းဟု

သဘောထားကာ သာမန် ဘာသာရေးလုပ်ငန်းများအစား အနည်းနှင့်အများ စည်းလွတ်ကမ်းလွတ် ယုံကြည်ကြသော အယူသည်းမှုများ၌ အာရုံစိုက်၍ လာကြသည်။ ဤသို့လျှင် သူတို့သည် ဝတ်ကျောင်းသို့ ဝတ်တက်လာမည့်အစား အန္တရာယ်ကာကွယ်ရန် အဆောင်သဘောဖြင့် စိန်ရိုခ်လည်ဆွဲတံဆိပ်များကို ဝတ်ဆင်ထားရန် ပိုမိုဆန္ဒရှိကြလေသည်။

အမျိုးပေါင်းများစွာသော ရှေ့ဖြစ်ဟောကိန်းများတွင် ထူးထူးခြားခြား စိတ်ဝင်စားလာကြ သည်မှာလည်း ဤအခြင်းအရာ၏ သရုပ်တစ်ခုပင် ဖြစ်၏။ မှန်ပါသည်၊ နွေဦးပေါက်ကာလ ပလိပ်ကပ်သည် အချိန်မရွေး ရုတ်တရက် ပြီးဆုံးသွားလိမ့်မည် ဟု မျှော်လင့်နေကြစဉ်တွင် ဤပလိပ်ကပ်ကြီး မည်မျှကြာဦးမည် ဆိုသည့်အချက်နှင့် ပတ်သက်၍ မည်သူ့အယူအဆကို မည်သူကမျှ မတောင်းကြတော့။ လူတိုင်းလူတိုင်းမှာ ပလိပ်ကပ်ရောဂါ သည်ထက်ကြာဖို့ မရှိတော့ဟု ယုံကြည်နေစေရန် မိမိကိုယ်မိမိ ဖြားယောင်း၍ ထားကြရသည်။ သို့သော် ဤသို့ဖြင့် နေ့ရက်များ ကုန်လွန်လာပြန်သောအခါတွင် ဤအန္တရာယ်ဆိုးကြီးသည် ရက်အကန့်အသတ် မရှိများ ကြာနေဦးတော့မည်လား ဟု ပူပန်၍ လာကြပြန်လေသည်။ ထိုအခါတွင် မျှော်လင့်ချက်အားလုံးသည် ပလိပ်ကပ်ကြီး ပြီးဆုံးမည့် အချိန်ဆီသို့ ဦးတည်ကြရ ပြန်လေသည်။ ထို့ကြောင့်ပင်လျှင် ဗရင်ဂျီသာသနာမှ သူတော်စင်များ၊ ဟူးရားတတ်များ ဟောကြားသည်ဆိုသည့် ဟောကိန်းများ၊ ရွှေပေလွှာများသည် တစ်လက်မှ တစ်လက်သို့ အကန့်အသတ်မရှိ ကူးပြောင်းပြန့်နှံ့ လာခဲ့လေသည်။ မြို့ရှိ ပုံနှိပ်စက်ပိုင်ရှင်များသည် ခေတ်အလိုက်အခါအလိုက် လူအများသည်းခြေခိုက်နေသော ဤစာတန်းမျိုးဖြင့် ကိုယ်ကျိုးရှာရန် အခါအခွင့်ကို သိလွယ်မြင်လွယ်ကြပေသည်။ မူလက လက်ရေးစာဖြင့် လှည့်လည်ဖြန့်ဖြူးနေသော ဤ ရွှေပေလွှာဟောကိန်းများကို စောင်ရေများစွာ ပုံနှိပ်ထုတ်ဝေကြလေသည်။ ဤစာမျိုးကို လူအများ မက်မပြေနိုင်ဘဲ စွဲစွဲလန်းလန်း ရှိကြသည်ကို တွေ့ကြရသောအခါ စည်ပင်သာယာ စာကြည့်တိုက်ရှိ စာရွက်စာတမ်း မှတ်တမ်းဟောင်းများတွင် ရှေးအခါက အလားတူအဖြစ်မျိုး ကြုံရစဉ်တွင် လူအများ စိတ်အဆာပြေစေရန် ဘာတွေများ ရေးသားထုတ်ဝေခဲ့သည် ဆိုသည်ကို ရှာဖွေကူးယူကာ ပုံနှိပ်ဖြန့်ဖြူးကြပြန်သည်။ ဤနေရာတွင် နှိုက်စရာ ခမ်းပြန်သောအခါ သတင်းစာဆရာများအား ငွေပေးကာ ခန့်မှန်းခြေဆောင်းပါးများ အရေးခိုင်းကြပြန်သည်။ အနည်းဆုံး ဤအလုပ်တွင်မူ ယခုခေတ် သတင်းစာဆရာတို့သည် ရှေးခေတ် သတင်းစာဆရာများ၏ ခြေရာကို နင်းနိုင်ကြပါပေသည်။

အချို့သော ရွှေပေလွှာဆန်ဆန် အရေးအသားမျိုးကို ကျွန်တော်တို့၏ သတင်းစာများတွင် အခန်းဆက် ထည့်သွင်းဖော်ပြကာ စာဖတ်သူများကလည်း မြို့၏ ကျန်းမာရေးကောင်းမွန်စဉ် ကာလက ဤစာမျက်နှာများတွင် ပြည့်နေခဲ့သော

အချစ်ဝတ္ထုများကို မက်မက်မောမော ဖတ်ကြသည့် နည်းအတိုင်းပင် ဤဟောကိန်းများကို ဖတ်ကြသည်။ အချို့ဟောကိန်းများမှာ အလွန်အလှမ်းဝေးသော သင်္ချာတွက်ကိန်းများဖြစ်ပြီး ခုနှစ်သက္ကရာဇ်၏ ဂဏန်း၊ အသေအပျောက် စုစုပေါင်းဂဏန်း၊ ပလိပ်ကပ်ကြီးသက်တမ်း လအရေအတွက် ဂဏန်း စသည်တို့၏ အပေါ်တွင် အခြေပြုထားသည်။ အခြားသော ဟောကိန်းများ၌မူ ရှေးကဖြစ်ခဲ့ဖူးသော ကပ်ဆိုးကြီးများ၊ ဟောကိန်းထုတ်သူများ၏ ဝေါဟာရ၏ မပြောင်းလဲသော ကိန်းတည်များနှင့် ယခုလက်ရှိ အခြေအနေတို့ကိုယှဉ်ကာ ကျရောက်ဆဲ ဘေးအန္တရာယ်ဆိုးကြီးနှင့် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်သည်ကို ကောက်ချက်ချထားသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ လူကြိုက်အများဆုံး ဟူးရားတတ်များသည် ဗျာဒိတ်ကျမ်းထွက် ခက်ခဲနက်နဲသော စကားလုံးများဖြင့် ဖြစ်ရပ်အစဉ်တို့ကို ဖွင့်တတ်ကြသောကြောင့် ယခုလက်ရှိ အခြေအနေများနှင့်ဟပ်ကာ ယူချင်သလိုယူ၍ ရနိုင်လောက်အောင်ပင် အဓိပ္ပာယ်ငုပ်၍ နေတတ်ပေသည်။ ဤသို့လျှင် လူအများသည် ရှေးဟောင်းဗေဒင် အကျော်အမော်များ ဖြစ်သော နော့စတြဒေးမတ်စ်နှင့် စိန့်အိုဒီလီယာတို့၏ ကျမ်းများကို နေ့စဉ် လှန်၍ကြည့်ရှုကာ စိတ်ချမ်းသာစရာကို ရှာကြသည်။ ဤဟောကိန်းအားလုံးတွင် တူညီသည့် အချက်တစ်ခုမှာ နောက်ဆုံးတွင် စိတ်ချမ်းသာစရာရှိသည်ကို ယုံကြည်နေစေရန် ဟောကိန်းထုတ်ပေးထားခြင်းပင် ဖြစ်သည်။ သို့ရာတွင် ကံမကောင်း အကြောင်းမလှပုံမှာ ပလိပ်ကပ်က ထိုသို့ မဟုတ်ခြင်းပင်တည်း။

ဤသို့လျှင် ကျွန်ုပ်တို့ မြို့သူမြို့သားများ၏ ဘာသာရေးဆိုင်ရာ ကိစ္စများ၏ နေရာတွင် အယူသည်းမှု ဝင်ရောက်မင်းမူလျက် ရှိသောကြောင့် ပနယ်လို ဒေသနာဟောစဉ်က ဘုရားဝတ်ကျောင်းမှာ လေးပုံသုံးပုံမျှသာ ပြည့်တော့ခြင်း ဖြစ်လေသည်။ ထိုညနေက ဒေါက်တာရေး ရောက်သွားချိန်တွင် လေပြင်းသည် ဝတ်ကျောင်းအဝင် ဆင်နားရွက်တံခါးများမှ တိုးဝင်ကာ အလယ်စင်္ကြံ လမ်းတစ်လျှောက် ဝူးခနဲဝေါခနဲ တိုက်ခတ်လျက် ရှိလေသည်။ ဤသို့ဖြင့် ဒေါက်တာရေး ယောက်ျားများသာရှိသော ပရိသတ်၏ အလယ်မှနေ၍ ချမ်းချမ်းစီးစီးဖြင့် ကြည့်ရှုနေစဉ်တွင်ပင် ဆရာတော်ပနယ်လိုသည် တရားဟောစင်မြင့်သို့ တက်လာခဲ့လေသည်။ ဆရာတော်သည် ယခင်တစ်ကြိမ်ကထက် သိမ်မွေ့သော အတွေးနက်သော လေသံဖြင့် စကားစ၍ ပြောကာ မကြာခဏဆိုသလိုပင် စကားလုံးရှာ၍ မရနိုင်သလို ထစ်၍ထစ်၍ နေတတ်သည်ကို တွေ့ရ၏။ ထိုထက် ပိုမို၍ သိသာထင်ရှားသည်မှာ ယခင်တစ်ကြိမ်ကကဲ့သို့ "အသင်တို့" ဟု မပြောတော့ဘဲ "ကျွန်ုပ်တို့" ဟု ပြောလာခြင်းပင် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ သူ၏အသံသည် ဟောရင်းဟောရင်းပင် တင်းမာခိုင်ခံ့၍

လာခဲ့သည်။ သူက ဤပလိပ်ကပ်ကြီးသည် ကျွန်ုပ်တို့၏အလယ်သို့ ရောက်နေသည်မှာ လပေါင်းအတော်ကြာခဲ့ပြီ ဖြစ်ကြောင်း ပြန်ပြောင်းသတိဖော်ပေးကာ ယခုအခါ ကျွန်ုပ်တို့သည် ယင်းအား ကျွန်ုပ်တို့၏ အလုပ်စားပွဲများ၌ လည်းကောင်း၊ ကျွန်ုပ်တို့ ချစ်ခင်သူများ၏ အိပ်ရာဘေး၌ လည်းကောင်း မကြာခဏ အကြိမ်ကြိမ် တွေ့ခဲ့ကြဖူးပြီ ဖြစ်၍ ယင်း၏အကြောင်းကို ပိုမိုသိရှိလာကြရပြီ ဖြစ်ကြောင်း၊ ယင်းအား ကျွန်ုပ်တို့၏ဘေးမှ ယှဉ်၍ လျှောက်လျက် လည်းကောင်း၊ ကျွန်ုပ်တို့ အလုပ်လုပ်ရာ နေရာတို့၌ ကျွန်ုပ်တို့၏ အလာကို စောင့်လျက်လည်းကောင်း တွေ့ခဲ့ကြရပြီ။ ပထမအစဆီတွင် ကျွန်ုပ်တို့ ထိတ်လန့်တကြား ဖြစ်ခဲ့ကြရ၍ အမှုမထား နားမထောင်ခဲ့မိကြသော်လည်း ယခုအခါတွင် ဤကပ်ရောဂါကြီးက ကျွန်ုပ်တို့အား ဘာတွေများ မရပ်မနား ပြောပြနေခဲ့ပါလိမ့် ဆိုသည်ကို ရိပ်စားနားလည် နိုင်လောက်ပြီ ဖြစ်ကြောင်း၊ ဆရာတော်က သူ၏ ပထမဒေသနာတွင် ဟောခဲ့သည့် အရာများသည် ယခုလည်း မှန်ကန်လျက်ပင် ရှိကြောင်း၊ အနည်းဆုံး သူ၏ယုံကြည်ချက်မှာ ထိုသို့ဖြစ်ကြောင်း၊ သို့ရာတွင် သူက ကျွန်ုပ်တို့ မည်သူ့တွင်မဆို ဖြစ်တတ်သည့်အတိုင်း (သူ့ရင်ဘတ်ကို သူ ပုတ်လျက်) သူ၏စကားများ၊ အတွေးအခေါ်များတွင် စေတနာ မေတ္တာမပါဘဲ ဖြစ်ချင်ဖြစ်နေခဲ့မည် ဖြစ်ကြောင်း၊ သို့ပင်ဖြစ်စေကာမူ မည်သူမျှ မငြင်းဆိုနိုင်သောအရာတစ်ခုတော့ ရှိကြောင်း၊ ထိုအရာကို ကျွန်ုပ်တို့သည် အခြေအနေမရွေး သတိမူ၍ နေရမည်ဖြစ်ကြောင်း၊ အပြင်ပန်းအားဖြင့် မည်သို့ပင် ရှိစေ၊ ဆင်းရဲဒုက္ခ ဟူသမျှတို့သည် မည်မျှပင် ရက်စက်ကြမ်းကြုတ်၍ နေစေ၊ အားလုံးသော ဒုက္ခဆင်းရဲတို့သည် ခရစ်ယန်ဘာသာဝင် တစ်ယောက်အဖို့ ကောင်းကျိုးဖြစ်စေဖို့ပင် ဖြစ်ကြောင်း၊ ခရစ်ယန်ဘာသာဝင် တစ်ယောက်သည် ဆင်းရဲဒုက္ခရောက်နေသည့် အချိန်တွင် ထိုကောင်းကျိုးနှင့်တကွ ထိုကောင်းကျိုး မည်သည့်အရာ၌ တည်သည်ကို လည်းကောင်း၊ ထိုကောင်းကျိုးကို သူက မည်သို့ အဖိုးတန်ဆုံးဖြစ်အောင် အသုံးပြုနိုင်မည်ကိုလည်းကောင်း ရှာဖွေ၍ ကြည့်တတ်ရမည် ဖြစ်ကြောင်းများကို ဟောပြောသွားလေသည်။

ဤနေရာအရောက်တွင် ဒေါက်တာရေး၏ အနီးရှိလူများသည် သူတို့ကိုယ်သူတို့ သက်တောင့်သက်သာ ရှိစေရန် သူတို့၏ ထိုင်ခုံလက်တင်များပေါ်သို့ လျှောမှီ၍ ချလိုက်ကြဟန် တူပေသည်။ အသံမမြည်စေရန် ဖုံခံထားသည့် အဝင်တံခါးကြီးတစ်ချပ်မှာ လေပြင်းတိုးတိုင်း တဘုတ်ဘုတ် မြည်နေသဖြင့် တစ်ယောက်ယောက်က ထ၍ ပိတ်ပေးလိုက်သည်။ ဤတွင် ဒေါက်တာရေး၏အာရုံသည် ပျံ့လွင့်၍သွားကာ ဆရာတော်ပနယ်လို ဆက်ဟောနေသည်တို့ကို ကောင်းစွာ မကြားလိုက်တော့။ အချုပ်အားဖြင့်မူ ကျွန်ုပ်တို့သည် ပလိပ်ကပ်ရောဂါ၏ အခြင်းအရာများကို ရှင်းလင်းပြောပြရန် အားထုတ်နေကြမည် ဖြစ်သော်လည်း တကယ်ဆိုလျှင် ကျွန်ုပ်တို့သည် ကပ်ရောဂါက ကျွန်ုပ်တို့အား သင်ပြပေးနေသည်တို့ကို ရှေးဦးစွာ နားလည်အောင် လုပ်ကြရဦးမည်

ဖြစ်ကြောင်းပင် ဖြစ်ဟန်တူသည်။ ဆရာတော်၏ အယူအဆအရဆိုလျှင် ကပ်ရောဂါနှင့် ပတ်သက်၍ တကယ်က ဘာမျှရှင်းလင်းပြနေစရာ မရှိဟု ဒေါက်တာရေးက နားလည်လိုက်သည်။

တရားဟောဆရာက ပိုမိုလေးနက်သော အသံဖြင့် ဘုရားသခင်နှင့် ပတ်သက်၍ ကျွန်ုပ်တို့ သဘောပေါက်နိုင်သည့် အရာအချို့ရှိသည်။ သဘောမပေါက်နိုင်ကောင်းသည့် အရာများလည်း ရှိသည်ဟု ဆိုသည့်အပိုင်းတွင် သူ၏စိတ်အာရုံတို့သည် ဖျတ်လတ်၍လာသည်။ လောကတွင် အဆိုးနှင့်အကောင်း ဟူ၍ ရှိသည်ကို သံသယဖြစ်ဖို့ မရှိ။ ယင်းတို့၏ ခြားနားချက်ကိုလည်း သိသာလွယ်သည်။ သို့ရာတွင် အဆိုး၏ သဘောသဘာဝကို စူးစမ်းကြည့်သောအခါတွင် အခက်အခဲ ရှိလာမည်။ အဆိုးဆိုသည်တွင် သူက လူတို့၏ ဒုက္ခဝေဒနာခံစားမှုကို ထည့်သွင်းသည်။ ဤသို့လျှင် ကျွန်ုပ်တို့တွင် ခံထိုက်၍ ခံရသော ဝေဒနာ၊ မခံထိုက်ဘဲ ခံရသည့် ဝေဒနာဟူ၍ ရှိလာသည်။ ထင်ရာစိုင်း၍ မိုက်ရိုင်းသူတို့ ငရဲသို့ ပစ်ချခံရခြင်းမှာ ခံထိုက်၍ ခံရသော ဝေဒနာ၊ ကလေးသူငယ်တစ်ယောက် မချိမဆံ့သေရခြင်းမှာ မခံထိုက်ဘဲ ခံရသည့် ဝေဒနာ၊ ထင်ရာစိုင်း၍ မိုက်ရိုင်းသူအား နှိပ်ကွပ်ဆုံးမလိုက်သည်မှာ တရားနည်းလမ်း ကျသော်လည်း ကလေးသူငယ် တစ်ယောက်အား ဝေဒနာခံစားစေရန်အတွက် ထိုက်သင့်သောအကြောင်းကို ကျွန်ုပ်တို့ မမြင်၊ ဤလောကတွင် ကလေးသူငယ်တစ်ယောက်အား ဝေဒနာ ခံစားစေခြင်း၊ ထိုအခြင်းအရာကို မြင်ရသော ကျွန်ုပ်တို့အား ထိတ်လန့် ကြောက်ရွံ့စေခြင်းတို့ထက် ကြီးကျယ်သော အရာသည် မရှိပြီ။ ကျွန်ုပ်တို့သည် ထိုအခြင်းအရာ၏ အကြောင်းရင်းကို ရှာဖွေကြရပေမည်။ ဘဝ၏ အခြားသော အခြင်းအရာများတွင် ဘုရားသခင်က ကျွန်ုပ်တို့အဖို့ သက်သာလွယ်ကူအောင် စောင်မတော်မူပါသည်။ ဤမျှအထိတော့ ကျွန်ုပ်တို့၏ ဘာသာတရားမှာ ကောင်းမြတ်လှသည်ဟု မဆိုသာသေးပါ။ သို့ရာတွင် ယခုကိစ္စတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား နံရံကိုကျောကပ်၍ ပေးထားလိုက်သကဲ့သို့ ပြုတော်မူပါသည်။ မှန်ပါသည်။ ကျွန်ုပ်တို့သည် ပလိပ်ကပ်က ကျွန်ုပ်တို့၏ ပတ်ပတ်လည်တွင် အလုံခတ်၍ ကာရံပေးလိုက်သော နံရံတံတိုင်းကြီးကို တိုက်ခိုက်ရလျက်ရှိပြီး၊ ထိုနံရံတံတိုင်းကြီး၏ အရိပ်အောက်ရှိ သုသာန်ဝမှာပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လွတ်မြောက်ရေးကို ရှာကြံလုပ်ဆောင်ကြရပါမည်။ ဆရာတော်ပနယ်လို အနေဖြင့်မူ သူသည် ထိုနံရံတံတိုင်းကြီးကို တွယ်တက်လွတ်မြောက်နေသည့် သာမန်နည်းစံနစ်များကို အားမကိုးလိုဟု ဆိုသည်။ ထို့ကြောင့် သူသည် ကလေးသူငယ်၏ ဝေဒနာခံစားရမှုများအတွက် ထာဝရပျော်ရွှင်မှုများဖြင့် လျော်ကြေးပေးရန် သူ့အား စောင့်ဆိုင်းလျက် ရှိပါသည်ဟု ဟောပြောလိုက ဟောပြောနိုင်မည် ဖြစ်သော်လည်း သူကိုယ်တိုင် ဘာမျှ တကယ်မသိပါဘဲနှင့် အသို့လျှင် သူက အာမခံနိုင်ပါမည်နည်း။ လူသတ္တဝါတစ်ခု၏ တခဏဝေဒနာ ခံရမှုကို ထာဝရပျော်ရွှင်မှုဖြင့် ယင်းစားပေးနိုင်သည်ဟု မည်သူက

အာမခံဝံ့ပါမည်နည်း။ ဤသို့ အာမခံဝံ့သူမှာလည်း ကိုယ်စိတ်နှစ်ပါးစလုံး ဝေဒနာခံစားခြင်း၏ ဆင်းရဲဒုက္ခကို သိတော်မူသော အရှင်၏ တပည့်သားအစစ် ခရစ်ယာန်ဟုတ်နိုင်စရာ မရှိ။ ဆရာတော်ပနယ်လိုအနေဖြင့် လက်ဝါးကပ်တိုင်ပေါ်တွင် အညှဉ်းဆဲခံကာ ကိုယ်တော် ဝေဒနာစုံခံစားသည့် မဟာသင်္ကေတကိုသာ မမှိတ်မသုန် ယုံကြည်လျက် နံရံတံတိုင်းကို ကျောဖြင့်ကပ်၍ ကလေးသူငယ်တစ်ယောက်၏ မချိမဆံ့ သေငယ်ဇောဝေဒနာ ခံစားရခြင်း၏ ကြောက်မက်ဖွယ်ရာ ပြဿနာကို ရိုးသားစွာပင် ရင်ဆိုင်မည်ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် သူက ယနေ့ သူ၏ဒေသနာကို ကြားနာရန် လာရောက်ကြကုန်သော ပရိသတ်တို့အား ရဲဝံ့စွာပင် "ညီနောင်တို့။ ကျွန်ုပ်တို့အားလုံး အစစ်ဆေး အစမ်းသပ်ခံဖို့ အချိန် ကျရောက်ခဲ့ပါပြီ။ ကျွန်ုပ်တို့ဟာ ယုံကြည်ရင် အကြွင်းမဲ့ယုံကြည်ပြီး၊ ငြင်းပယ်ရင်လည်း အားလုံးကို ငြင်းပယ်လိုက်ကြ ရလိမ့်မယ်။ အခု သင်တို့အထဲက ဘယ်သူကများ အားလုံးကို ငြင်းပယ်ရဲကြပါသလဲ" ဟု မေးလိုကြောင်းကိုလည်း ပြောသည်။

ဤသို့ပြောဆိုရာတွင် ဆရာတော်သည် မိစ္ဆာဒိဋ္ဌိအယူဝါဒအား ထိကပါး ယိကပါး ပြုလုပ်နေခြင်းဖြစ်သည် ဟု ဒေါက်တာရေးက တွေးမိသည်။ သို့သော် သူ ထိုအတွေးကို ဆက်တွေးရန် အချိန်မရချေ။ တရားဟောဆရာက ခရစ်ယာန်ဘာသာဝင် တစ်ယောက်အဖို့ မလျှော့မပေါ့ မသွေမဖည် ထမ်းဆောင်အပ်သော ဤတာဝန်သည်ပင် သူ၏ အဓိက သီလပါရမီနှင့် အခွင့်ထူး ဖြစ်ပါသည်ဟု ဒေါ်နှင့်မာန်နှင့် ကြေညာ၍နေလေသည်။ သူက ယခု သူ ဟောလတ္တံ့သော အပေါ်ယံအားဖြင့် လွန်ကဲလွန်းလှသည်ဟု ထင်ရသည့် ခရစ်ယာန်ဘာသာဝင်တို့၏ သီလပါရမီ သတ်မှတ်ချက်သည် ခပ်ပေါ့ပေါ့ သဘောထားဖြင့် စိတ်လိုလိုက်၍ နေတတ်သူမျိုးတို့အဖို့ မနှစ်မြို့စရာဟု မဆိုကောင်းလျှင် ထိတ်လန့်စရာ ဖြစ်စေမည်ကို သူ ကောင်းစွာသိပါသည်။ သို့ရာတွင် ပလိပ်ကပ်သင့်ချိန် ဘာသာတရားသည် သာမန်အချိန်က ဘာသာတရားမျိုးတော့ မဖြစ်နိုင်။ ပိုမိုပျော်ရွှင်သည့် ကာလတွင် ဘုရားသခင်သည် လူတို့၏ဝိညာဉ်အား သက်တောင့်သက်သာရှိမှု၊ ပျော်ရွှင်မှုရှိအောင် ခွင့်ပြုတော်မူရုံမက ဆန္ဒရှိပါတော်မူမည် ဖြစ်သော်လည်း ဘေးအန္တရာယ် အလွန်ကြီးမားနေချိန်တွင်မူ ကိုယ်တော်သည် လူတို့၏ဝိညာဉ်အား အလွန်ကြီးမားသော တာဝန်ကို နှင်းတော်မူသည်။ ဤသို့ဖြင့် ယခုအခါ ဘုရားသခင်က သူ ဖန်ဆင်းတော်မူသော သတ္တဝါတို့အား ယုံကြည်လျှင် အကြွင်းမဲ့ယုံကြည်၍ ငြင်းဆိုလျှင်လည်း အားလုံးကိုငြင်းဆိုရန် ဆိုသည့် အကြီးကျယ်ဆုံးသော သီလပါရမီကို ဖြည့်တင်းကျင့်သုံး နိုင်ကြရန်အတွက် အခါအခွင့်ကို ပေးသနားတော်မူလိုက်ပါပြီ ဟု ဆိုသည်။

လွန်ခဲ့သည့် ရာစုခေတ် အတော်ကြာဆီက ဘာသာရေး မယုံကြည်သူ စာရေးဆရာတစ်ယောက်က ခရစ်ယာန်သာသနာ၏ လျှို့ဝှက်ချက်များကို ဖွင့်ချမည်ဟု

ဆိုကာ ကောင်းကင်ဘုံသို့အဝင် အပြစ်များ ဆေးလျှော်ချေချွတ်ရာ ယာယီဝဋ္ဋ်ဘုံ ဆိုသည်မှာ တကယ်မရှိပဟု အတည့်အလင်း ကြေညာသည်။ သူက လမ်းခုလတ် ကိစ္စများဆို၍ ဘာမှမရှိ။ ငရဲဘုံနှင့် ကောင်းကင်ဘုံသို့သာ ရှိ၍ သင်သေသွားသော် ငရဲဘုံ သို့မဟုတ် ကောင်းကင်ဘုံသို့ တန်းရောက်သွားမည်ဟု ဆိုလိုဟန်ရှိ၏။ ဆရာတော်ပနယ်လို၏ အဆိုအရဆိုလျှင် ထိုအယူအဆသည် မိစ္ဆာဒိဋ္ဌိအယူဖြစ်၍ စည်းကမ်းကလနား မရှိသော ဆင်ကန်းတောတိုး အယူမျိုးအဖြစ်သာ သက်ရောက်ကြောင်း၊ မည်သို့ပင်ဖြစ်စေ လူ့သမိုင်းစဉ် တစ်လျှောက်တွင် အပြစ်များဆေးလျော်ရာ ယာယီဝဋ္ဋ်ဘုံ ဆိုသည်ကို မမျှော်လင့်နိုင်သည့် ကာလများ၊ ခွင့်လွှတ်နိုင်လောက်သည့် အပြစ်များဟူ၍ မရှိသည့် ကာလများ ကြုံခဲ့ရပေမည်။ အပြစ်ဟူသမျှသည် ကြီးလေး၍ အမှုမဲ့အမှတ်မဲ့ နေခြင်းသည်လည်း ပြစ်မှုပင် ဖြစ်သည်။ ယင်းကား "ယုံကြည်လျှင် အကြွင်းမဲ့၊ မယုံကြည်လျှင်လည်း အလျှင်း" ဝါဒပင် ဖြစ်လေသည်။

တရားဟောဆရာ ခေတ္တရပ်လိုက်စဉ်တွင် အပြင်ဘက်က လေပြင်းတိုက်ခတ်သံကို ဒေါက်တာရေး ပိုမိုထင်ရှားစွာ ကြားလိုက်ရ၏။ ပိတ်ထားသော တံခါးများ၏အောက်မှ တိုးဝင်လာသော အသံကို နားထောင်ရခြင်းအားဖြင့် လေပြင်းသည် မုန်တိုင်း၏ အရှိန်အဟုန်သို့ ရောက်အောင် ကြွလာခဲ့ပြီကို နိုင်သည်။ ထို့နောက်တွင် ဆရာတော်ပနယ်လို၏ အသံကို ကြားရပြန်၏။ ယခု တွင်ပင် သူပြောခဲ့သည့် 'ယုံကြည်လျှင် အကြွင်းမဲ့လက်ခံရန်' ဆိုသည့် စကားကို သာမန်စကားလုံးများ၏ အဓိပ္ပာယ်မျှဖြင့် ပေါ့ပေါ့တန်တန် မယူဆကြရန်လည်း ပြောလျက်ရှိသည်။ သူက ဤသို့ပြောဆိုရာ၌ အောင့်အည်းသည်းခံနေရခြင်းကို မဆိုလိုကြောင်း၊ ဤသို့ နှိမ့်ချရာတွင် မနိုင်၍ သည်းခံလိုက်ရခြင်းမျိုး မဟုတ်မူ၍ မိမိကိုယ်တိုင်က လိုလိုလားလား နှိမ့်ချခံခြင်းမျိုး ဖြစ်ရမည့်အကြောင်း။ မှန်သည်။ ကလေးသူငယ်တစ်ယောက် သေငယ်ဇောနှင့် ဝေဒနာပြင်းစွာ ခံစားနေသည်ကို မြင်ရသည်မှာ စိတ်ရောနှလုံးပါ သည်းမခံနိုင်စရာ ဖြစ်ပါသည်။ သို့ရာတွင် ဤအကြောင်းကြောင့်ပင် ဤအခြင်းအရာကို ကျွန်ုပ်တို့ ရင်ကြားစေ၍ လက်ခံလိုက်ကြရပြီ ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ပနယ်လိုက ပရိသတ်အား ယခု သူပြောမည့် စကားများကို ပြောရန်မလွယ်လှကြောင်း ဝန်ခံကာ ဘုရားသခင် အလိုတော်ရှိသမျှကို ကျွန်ုပ်တို့ကလည်း အလိုရှိကြရမည်ဟု ဆိုသည်။ ဤနည်း တစ်နည်းဖြင့်သာလျှင် ခရစ်ယန်ဘာသာဝင်သည် ပြဿနာကို တည့်တည့်ရင်ဆိုင် နိုင်မည်ဖြစ်ပြီး၊ ဆိုခဲ့သည့် ရှောင်လွှဲသွေဖည်၍ မရနိုင်သော ရွေးချယ်မှုကြီးကို ထိထိရောက်ရောက် ပြုလုပ်နိုင်မည်ဟုလည်း ဆိုသည်။ သူ့အနေဖြင့် အလုံးစုံ ပစ်ပယ်မှုကို မပြုလုပ်မိလေအောင် အလုံးစုံ ယုံကြည်မှုကို ရွေးချယ်လိုက်သည် ဟုလည်း ပြောသည်။ ပလိပ်ကပ်သင့်သူ၏ ကိုယ်ခန္ဓာမှ ရောဂါပိုးများကို ထုတ်ပယ်ပစ်ရန် သဘာဝအတိုင်း အကျိတ်အဖုများ ဖြစ်လာသည်ဟု သိကြသော အမျိုး ကောင်းသမီးတို့သည် သူတို့၏ လင်များသားများအတွက်

အကျိတ်အဖုများ ပေးသနားတော်မူပါဟု ဘုရားသခင်ထံ ဆုတောင်းကြသကဲ့သို့ ရောက်နေသည့်တိုင်အောင် ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်လျောကြရမည် ဖြစ်ကြောင်း။ "ဤအရာကိုကား ကျွန်ုပ် နားလည်နိုင်ပါသည်။ ထိုအရာကိုကား ကျွန်ုပ် လက်မခံနိုင်ပါ' ဟုဆိုလျှင် နည်းလမ်းကျမည် မဟုတ်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ လက်မခံနိုင်သည့်အရာကို တည့်တည့်ကြီး ရင်ဆိုင်ကာ ထိုအရာ၏ အလယ်သို့ ရောက်အောင် ထိုးဖောက်ဝင်ရောက် ကြရပါမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဤနည်းဖြင့်သာ ကျွန်ုပ်တို့၏ ရွေးချယ်မှုကို ပြုကြရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကလေးသူငယ်တို့၏ ဝေဒနာခံစားမှုသည် ကျွန်ုပ်တို့ဝေဒနာခံစားမှု ဝိညာဉ်၏ အစာအဟာရသဖွယ် ဖြစ်ပါသည်။ ယင်းမရှိခဲ့လျှင် ကျွန်ုပ်တို့၏ ဝိညာဉ်သည် ခံစားမှုငတ်လျက် သေဆုံးသွားရမည်သာ ဖြစ်တော့သည်။

တရားဟောဆရာ ခေတ္တရပ်နားလိုက်တိုင်း ပေါ်လာတတ်သည့် ရှုပ်ရှုပ်ရှဲရှဲ အသံများ ပိုမိုထင်ရှားလာစဉ်မှာပင် ဆရာတော်သည် မမျှော်လင့်ဘဲ အသံကိုမြှင့်ကာ သူ့ကိုယ်သူ တရားနာပရိသတ်၏ နေရာတွင်ထား၍ မေးလိုက်သည့်အလား "ဤသို့ဖြစ်လျှင် လိုက်ကြရမည့် လမ်းစဉ်အမှန်က ဘာလဲ" ဟု မေးလိုက်သည်။ သူပြောသည့် စကားများကို အလွန်မဖွယ်ရာသော 'ကံယုံဝါဒ' ဟူ၍ ကင်ပွန်းတပ် လိုက်ကြလိမ့်မည်ကို သူက သံသယမရှိကြောင်း၊ သို့ရာတွင် သူက ထိုအမည်၏ ရှေ့တွင် "လုပ်ဖွယ်ရှိသည်ကို လုပ်ဆောင်လျက်ပင်ရှိသော" ဆိုသည့် နာမဝိသေသနပုဒ်တစ်ခု ထည့်ခွင့်ပြုမည်ဆိုလျှင် ထိုအမည် ကန့်ကွက်၍ မနေလိုတော့ကြောင်း၊ သူရှေ့တွင် ဟောကြားခဲ့ဖူးသည့် အထဲမှ အဘီဆီနီယာပြည်မှ ခရစ်ယန်ဘာသာ ဝင်တို့ကို အတုယူ၍ လုပ်ကြရန် မဟုတ်သည်ကို အထူးပြောနေဖို့ မလိုကြောင်း၊ ပလိပ်ရောဂါ ကျရောက်စဉ်တွင် ဘုရားသခင် စေလွှတ်တော်မူသည့် ကပ်ရောဂါကို လွှဲဖယ်ပစ်ရန် အားထုတ်ကြသည့် မိစ္ဆာဒိဋ္ဌိတို့အား ပလိပ်ကပ်သင့်ပါစေ ဟု ကောင်းကင်ဘုံသို့ အော်ဟစ်ဆုတောင်းကာ ခရစ်ယန်ဘာသာဝင် သန့်ရှင်းရေးလုပ်သားများအား သူတို့၏ ပလိပ်ပိုးကပ်ငြိသော အဝတ်တန်ဆာများဖြင့် ပစ်ပေါက် ဖုံးအုပ်ကြသော ပါရှန်တို့ကဲ့သို့ လုပ်ရန်လည်း မဟုတ်ကြောင်း၊ သို့ရာတွင် မြို့ထဲ၌ ပလိပ်ကပ်ရောဂါ ကျရောက်နေစဉ် ဝတ်တက်ပရိသတ်အား အန္တရာယ်ကင်းပေါင်မုန့် ခွံ့ကျွေးအခမ်းအနား၌ ရောဂါကူးစက်မည် စိုးသဖြင့် ပေါင်မုန့်များကို ညှပ်ဖြင့်ကိုင်၍ ပေးသော ကိုင်ရိုမှ ဘုန်းကြီးများကဲ့သို့ ပြုမူပါကလည်း အလားတူပင် မှားလိမ့်မည် ဖြစ်ကြောင်း၊ ပါရှန်တို့သည် လည်းကောင်း၊ ဘုန်းကြီးများသည် လည်းကောင်း အတူတူပင် အပြစ်ရှိကြောင်း ပြောကာ ပါရှန်တို့အဖို့ ကလေးသူငယ် တစ်ယောက် ဝေဒနာခံစားရခြင်းမှာ ဘာမျှအရာရောက်မည် မဟုတ်သကဲ့သို့၊ ဘုန်းကြီးများမှာလည်း ဝေဒနာခံစားမှုကို ကြောက်တတ်သည့် သဘာဝက ထင်ရှားလွန်းနေပြန်သည် ဖြစ်၍ ဤနှစ်မျိုးစလုံး၌ပင် တကယ့်ပြဿနာကို ရှောင်လွှဲနေ ကြရာရောက်သည်။ ဘုရားသခင်၏ အသံတော်ကို မကြားရလေအောင် နားကို ပိတ်ထားကြသူများ ဖြစ်သည်ဟု ဆိုလေသည်။

သို့ရာတွင် ယခု သူ ပြောပြမည့် အခြားအစဉ်အလာများလည်း ရှိပါသေးသည်ဟု ဆရာတော်ပနယ်လိုက ဆက်ပြောသည်။ မာဆေးမြို့၏ ပလိပ်ကပ်ဆိုးကြီးအကြောင်း မှတ်တမ်းများအရ ဆိုရလျှင်၊ မာဆီဘုန်းကြီးကျောင်းတွင် ဘုန်းကြီး နှစ်ဆယ့်တစ်ပါးရှိသည့် အနက်က လေးပါးသာ ထိုကပ်ကြီးကို လွတ်မြောက်ကျော် နင်းခဲ့ကြပြီး၊ ထိုလေးတပါးအနက်မှ သုံးပါးက ထွက်ပြေးကြသည် ဆိုသည်။ မှတ်တမ်းရေးသူကတော့ အချက်အလက်ကိုသာ ပြောဖို့ တာဝန်ရှိပါသည်။ သို့ရာတွင် ဆရာတော်ပနယ်လိုက ထိုမှတ်တမ်းများကို ဖတ်ရာတွင် သူ၏သီတင်းသုံးဖော် ခုနစ်ဆယ့်ခုနစ်ပါး သေဆုံး၍ သုံးပါး ထွက်ပြေးကြသည့်တိုင်အောင် မပြေးဘဲ နေရစ်ခဲ့သော ဘုန်းကြီးတစ်ပါး အကြောင်းကိုသာ သူ အာရုံပြု၍ တွေးမိသည် ဆို၏။ ထို့နောက် သူက တရားဟောစင်၏အစွန်းကို လက်သီးဖြင့်ထုလျက် ကြည်လင်သောအသံဖြင့် "ညီနောင်ချင်းတို့။ ကျွန်ုပ်တို့ လူတိုင်းလူတိုင်းဟာ နေရစ်ခဲ့သူချည်း ဖြစ်ကြရပါလိမ့်မယ်" ဟု ဟစ်ကြွေးလိုက်သည်။

ထို့နောက် ဆက်လက်၍ ကြိုတင်ကာကွယ်မှုများကို မလုပ်ဘဲနေခြင်း၊ ကပ်ရောဂါသင့်ချိန် ဘရုတ်ဘရက်ထဲတွင် လူအများကောင်းကျိုးအတွက် အမြော်အမြင်ကြီးစွာ ထုတ်ဆင့်ပြဋ္ဌာန်းထားသော အမိန့်များကို မလိုက်နာဘဲနေခြင်းတို့ကို ပြုရန် လုံးဝမဟုတ်။ အချို့သော ကိုယ်ကျင့်အဘိဓမ္မာဆရာတို့၏ 'ရှန်းကန် တိုက်ခိုက်ခြင်းကို ရပ်ဆိုင်း၍ ဒူးထောက်အရှုံးပေးကြလော့' ဆိုသည့် စကားများကိုလည်း နားထောင်ဖို့မဟုတ်။ ထိုသို့မဟုတ်ဘဲ ကျွန်ုပ်တို့ ရှေ့သို့ဆက်၍ သွားကြရပါမည်။ အမှောင်ထဲမှာပင် စမ်း၍ သွားကြရပါမည်။ တစ်ခါက ခလုတ်ကန်သင်း နင်းမိတိုက်မိပြီး လဲကျချင်ကျမည်။ ကျွန်ုပ်တို့ အစွမ်းရှိသမျှ ကောင်းသည်ကို ရှာ၍ လုပ်သွားကြရပါမည်။ ကျန်သည့်အပိုင်းကိုမူ ကျွန်ုပ်တို့သည် ဘုရားသခင်၌ ယုံကြည်စိတ်ချထားကာ ကြံ့ကြံ့ခံကြရ ပါလိမ့်မည်။ ကလေးငယ်ကလေးများ သေဆုံးသွားသည့် ကိစ္စပင် ဖြစ်စေဦးတော့၊ မိမိတို့အနေဖြင့် ရက်ရွှေ့ဆိုင်းငံ့ရန် အားမထုတ်ဘဲ ဘုရားသခင်၌သာ ယုံကြည်စိတ်ချ ထားကြရပါလိမ့်မည်ဟု ဆိုလေသည်။

ဤနေရာတွင် ဆရာတော်က မာဆေးပလိပ်ကပ်ဆိုးကြီး အတွင်းက ဂုဏ်ကျက်သရေ ကြီးမြင့်လှသော သာသနာပိုင်ဆရာတော် ဘယ်လ်ဇွန်း၏ သဏ္ဍာန်ကို သတိဖော်ပေးလိုက်၏။ ပနယ်လိုက သူ၏တရားနာပရိသတ်အား ထို မာဆေးပလိပ်ကပ်ရောဂါကြီး ပြီးဆုံးခါနီးအချိန်က သာသနာပိုင် ဆရာတော်ကြီးသည် သူ့အဖို့ လိုအပ်သော စားစရာသောက်စရာများ အပြည့်သိုလှောင်လျက် သူ၏ စံနန်းတောင်ကို နံရံတံတိုင်း အလုံပိတ်လျက်နေခဲ့သည့် အကြောင်းကို ပြောပြသည်။ သာသနာပိုင်ဆရာတော်အား ဘုရားတစ်ဆူဂူတစ်လုံး ကိုးကွယ်ခဲ့ကြသည့် လူအများက အလွန်အမင်း ဒုက္ခရောက်နေချိန်တွင် ဖြစ်လာတတ်သည့် ရုတ်တရက်

စိတ်ပြောင်းမှုမျိုးဖြင့် ဆရာတော်ကြီးအား ရန်သူလို သဘောထားကာ စံနန်းတော်အတွင်းသို့ ရောဂါအသေအချာ ကူးစက်စေရန် စံနန်းတော်ပတ်လည်တွင် လူသေအလောင်းများဖြင့် ရံထားကြရုံမျှမက သူ့အား မသေသေစေအောင် လူသေကောင်များကို သူ၏ စံနန်းတော်ဝင်းထဲသို့ နံရံများပေါ်မှ ကျော်၍ ပစ်သွင်းကြသည်အထိ ပြုခဲ့ကြသည်။ ဤသို့လျှင် သာသနာပိုင် ဆရာတော်ကြီးသည် စိတ်ကူးတစ်ချက် အလွဲလိုက်၍ သူ့ကိုယ်သူ ပြင်ပလောကနှင့် အဆက်အသွယ် ဖြတ်ထားရန် ကြံစည်ကာမှပင် အို အချင်းတို့ ရှုကြလော့။ သူ၏ခေါင်းပေါ်သို့ လူသေအလောင်းများ မိုးရွာသလို ရွာ၍ကျလာခဲ့ပြီ မဟုတ်ပါလော။ ဤအခြင်းအရာသည် ကျွန်ုပ်တို့အဖို့ သင်ခန်းစာဖြစ်သင့်ပြီ။ ကျွန်ုပ်တို့တွင် ကပ်သင့်နေသည့်ကာလ၌ လွတ်ရာလွတ်ကြောင်း ပုန်းအောင်းခိုဝင်စရာ ကျွန်းသာယာဟူ၍ မရှိ။ မဖြို့မပဋိပဒါလည်း မရှိ။ ကျွန်ုပ်တို့သည် လမ်းဆုံလမ်းခွသို့ ရောက်ခဲ့ကြပြီ။ ကျွန်ုပ်တို့ ရွေးချယ်ကြရတော့မည်။ တစ်လမ်းက ဘုရားသခင်ကို မုန်းဖို့။ တစ်လမ်းက ဘုရားသခင်ကို ချစ်ဖို့။ ဘယ်သူကကော ဘုရားသခင်ကို မုန်းဖို့ဆိုသည့် လမ်းကို ရွေးချယ်ဝံ့ကြပါမည်နည်း ဟု ပနယ်လိုက ဆက်လက်ဟော ကြားသည်။

"ညီနောင်တို့..." တရားဟောဆရာ၏ အသံကို နားထောင်ကြည့်ရခြင်းအားဖြင့် သူ၏ဒေသနာသည် ပြီးဆုံးခါနီးနေပြီကို သိနိုင်လေသည်။ "ဘုရားသခင်ကို ချစ်ဖို့ဆိုတာဟာ အင်မတန်ကြိုးစားအားထုတ်ရတဲ့အရာ ဖြစ်ပါတယ်။ ဘုရားသခင်ကိုချစ်ရင် မိမိကိုယ်ကိုမိမိ ယုတ်ညံ့သူအဖြစ် နှိမ့်ချပြီး ဘုရားသခင်ထံ အပ်နှံကြဖို့ လိုအပ်ပါတယ်။ ဒီနည်းတစ်နည်းနဲ့သာ ကျွန်ုပ်တို့ဟာ "ဝေဒနာ ခံစားမှုတို့၊ ကလေးများ သေဆုံးရမှုတို့ကို နားလည်သဘောပေါက် လက်ခံနိုင်ကြမှာ ဖြစ်တဲ့အတိုင်း ဘုရားသခင်ရဲ့အလိုတော်ကို ကျွန်ုပ်တို့ရဲ့အလိုဖြစ်အောင် လုပ်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကတော့ ဒီကနေ့ ကျွန်ုပ်က သင်တို့ကိုဝေမျှပေးလိုတဲ့ ခက်ခဲတဲ့ သင်ခန်းစာတစ်ရပ် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ သဘောပေါက်အောင် ရှုကြရမှာကတော့ လူသားတို့ရဲ့အမြင်မှာ ဘယ်မျှပင် ရက်စက်ကြမ်းကြုတ် နေစေကာမူ၊ ဘုရားသခင်ရဲ့အမြင်မှာ အင်မတန်အရေးပါ အရာရောက်တယ် ဆိုတဲ့ ယုံကြည်မှုပါပဲ။ ကျွန်ုပ်တို့ဟာ လူသာမန်တို့ရဲ့ အမြင်ကို ကျော်လွန်ပြီး ကြောက်ခမန်းလိလိ မြင့်မားတော်မူတဲ့ ဘုရားသခင်ရဲ့ အမြင်မျိုးအထိ မှန်းမျှော်ပြီး ကြည့်တတ်ကြရပါလိမ့်မယ်။ အဲဒီအမြင်အထိ မျှော်ကြည့်တတ်ရင် အဆင်မပြေတာတွေ အားလုံး ပြေပြစ်သွားပြီး နေရာတကျ ဖြစ်သွားပါလိမ့်မယ်။ အပြင်ပန်းအားဖြင့် မတရားမှုလို့ထင်ရတဲ့ တိမ်မည်းညိုတိုက်ထဲက လျှပ်ရောင်သဖွယ် ထွန်းလင်းလာတဲ့ သစ္စာတရားဆိုတဲ့ ရောင်ခြည် ပေါ်ထွက်လာပါလိမ့်မယ်။ ဒီလိုနဲ့ပဲ ပြင်သစ်ပြည်ရဲ့ တောင်ဘက်မှာရှိတဲ့ ဘုရားရှိခိုးကျောင်း အချို့ရဲ့ ယဇ်ပလ္လင်ကျောက်ပြားများရဲ့ အောက်မှာ ပလိပ်ကပ်သင့်ခဲ့သူများဟာ ရာစုခေတ်များစွာက အိပ်စက်လဲလျောင်း နေခဲ့ကြပါတယ်။ ယခုအခါမှာ သူတို့ရဲ့

ဂူသင်္ချိုင်းများပေါ်ကနေပြီး ဘုန်းကြီးများက ဟောပြောလျက် ရှိကြပါတယ်။ လူတွေကို သူတို့ ဟောပြောနေကြတဲ့ ဘုရားသခင်ရဲ့ တရားတော်တွေဟာလည်း ကလေးသူငယ်များပါ အပါအဝင်ဖြစ်တဲ့ အဲဒီဂူသင်္ချိုင်းတွေထဲက ပေါ်ထွက်လာတာ ဖြစ်ပါတယ်”

ဘုရားရှိခိုးကျောင်းထဲက ဒေါက်တာရေး ထွက်ရန်ပြင်ဆင်နေစဉ်တွင် တစ်ခြမ်းပွင့်နေသော တံခါးမှ လေပြင်းတစ်ချက် အလယ်လမ်းတစ်လျှောက် တိုးဝင်ကာ ထွက်ကြရန် ဟန်ပြင်နေသော ပရိသတ်များ၏ မျက်နှာများကို ပင့်၍ တိုက်ခတ် လိုက်၏။ လေပြင်းနှင့်အတူ စိုစွတ်သော စကြံလမ်းများဆီမှ စိုထိုင်းသောအနံ့လည်း ပါလာလေရာ အပြင်ဘက်တွင် သူတို့တွေ့ကြရမည့် ရာသီဥတုကို ကြိုတင်သတိပေးလိုက် သကဲ့သို့ ရှိလေသည်။ ဒေါက်တာရေး၏ရှေ့မှ ကပ်လျက်လျှောက်ထွက်လာကြသော ဘုန်းကြီးအိုကြီးတစ်ပါးနှင့် သင်းထောက်ဘုန်းကြီးပျိုတစ်ပါး တို့သည်လည်း သူတို့၏ဦးထုပ်များကို လေထဲသို့ လွင့်ပါမသွားအောင် ခက်ခဲစွာ ထိန်းလျက်ထွက်ကြရ၏။ သို့တိုင်အောင်လည်း ဘုန်းကြီးအိုကြီးက သူတို့ ယခုကြားနာခဲ့ရသည့် ဒေသနာအကြောင်းကို မဆွေးနွေးဘဲ မနေနိုင်။ သူက တရားဟောဆရာ အဟောအပြော ကောင်းပုံကိုတော့ ထောပနာပြုပါ၏။ သို့သော် ပနယ်လို၏ အတွေးအခေါ် ရဲတင်းလွန်းပုံကို ချီးမွမ်းရန် ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားဟန် တူသည်။ သူကတော့ ဒေသနာသည် တကယ့်သြဇာတိက္ကမထက် ဟောသူ၏ စိတ်မသက်မသာ ဖြစ်ရမှုကို ဖော်ပြလျက်ရှိသည်။ ပနယ်လို၏ အသက်အရွယ် ရောက်နေသည့် ဘုန်းကြီးတစ်ပါးအဖို့ ဘာမျှစိတ်မသက်မသာ ဖြစ်စရာအကြောင်း မရှိဟုထင်သည်။ သင်းထောက်ဘုန်းကြီးကလေးက လေကိုဆန်၍ သူ၏ခေါင်းကို ငုံ့ထားရလျက်ကပင် သူသည် ဆရာတော်ပနယ်လိုနှင့် အတွေ့များခဲ့သဖြင့် ဆရာတော် ဤအတွေးအခေါ်များ မည်သို့ရရှိလာပုံ စိတ်အစဉ်ကို သိခဲ့ရကြောင်း၊ မကြာမီ ထွက်လာမည့် ဆရာတော်၏စာတမ်းငယ်က ယခုထက်ပင် ပိုမို ရဲတင်းဦးမည်ဖြစ်ကြောင်း၊ ပုံနှိပ်ထုတ်ဝေခွင့်ပင် ရချင်မှရမည်ဖြစ်ကြောင်း ပြန်ပြောသည်။

“ဟုတ်ရဲ့လားကွယ်။ သူ့ဆိုရင်းက ဘာတဲ့လဲ”

သူတို့သည် ဘုရားရှိခိုးကျောင်း ရင်ပြင်ဘက်သို့ ရောက်လာကြ၏။ လေပြင်းက တဝေါဝေါတိုက်နေ၍ ဘုန်းကြီးကလေး စကားပြော၍ မရနိုင်။ လေတစ်ချက် အငြိမ်လိုက်တွင်မှ သူက တိုတိုတုတ်တုတ် ပြန်ပြောလိုက်သည်။

“ဘုန်းကြီးတစ်ပါးက ဆရာဝန်ခေါ်ပြီး ကုတာဟာ ဆင်ခြင်တုံတရားမဲ့ရာ ရောက်တယ်တဲ့”

ဒေါက်တာရေးက သူ့အား ဆရာတော်ပနယ်လို ပြောသည့်စကားကို တာရိုအား ပြန်ပြောပြသောအခါ တာရိုက စစ်အတွင်းက မျက်လုံးနှစ်လုံးစလုံး ပျက်စီးသွားသော လူငယ်တစ်ယောက်၏ မျက်နှာကို မြင်လိုက်ရသည်တွင် သူ၏ ဘာသာတရား၌ ယုံကြည်ခြင်း ကင်းမဲ့သွားသော ခရစ်ယန်ဘုန်းကြီးတစ်ပါးကို တွေ့ဖူးကြောင်းပြောသည်။

တာရိုက ဆက်လက်၍ "ပနယ်လိုပြောတာ မှန်ပါတယ်။ အပြစ်ကင်းတဲ့ လူငယ်တစ်ယောက် မျက်လုံးနှစ်လုံးစလုံး ပျက်စီးသွားတာကို မြင်ရတဲ့ ခရစ်ယန်ဘာသာဝင် တစ်ယောက်အဖို့ သူ့ဘာသာတရားကို မယုံကြည်တော့ဘဲရင်လည်း ဖြစ်သွားမယ်။ ပနယ်လိုကတော့ ယုံကြည်မှုကို မစွန့်လွှတ်နိုင်ဘူး။ ဒါနဲ့ပဲ အဆုံးအထိ နေသွားမယ်။ သူပြောချင်တာက ဒါပဲ" ဟု ပြောလိုက်သည်။

ထိုနေ့မှနောက်ပိုင်းတွင် ဆရာတော်ပနယ်လို၏ အပြုအမူများကို သူ၏မိတ်ဆွေများ နားမလည်နိုင်အောင် ဖြစ်ရသော ဝမ်းနည်းဖွယ်ဖြစ်ရပ်များအတွက် တာရို၏ မှတ်ချက်သည် အဖြေဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ စာဖတ်သူတို့သည် မိမိတို့ဘာသာ ဆုံးဖြတ်ကြရပေမည်။

ဒေသနာဟောကြားပြီးနောက် ရက်အနည်းငယ်အကြာတွင် ဆရာတော် ပနယ်လိုသည် သူ၏အခန်းမှ ရွှေ့ခဲ့ရလေသည်။ ထိုကာလသည်ကား ပလိပ်ကပ်က ဖန်တီးလိုက်သော အခြေအနေသစ်ကြောင့် လူပေါင်းများစွာတို့သည် မိမိတို့၏ နေအိမ်များမှ ထွက်ခွာပြောင်းရွှေ့၍ နေကြရလျက်ရှိသော ကာလပေတည်း။ ဤသို့ပင် တာရိုသည် သူ၏ဟိုတယ်ကို အစိုးရက သိမ်းယူလိုက်သောအခါ ဒေါက်တာရေး၏အိမ်သို့ ရွှေ့နေခဲ့ရသည်။ ယခု ဆရာတော်ပနယ်လိုလည်း သူ့အား သာသနာရေးဆိုင်ရာက ပေးထားသော အိမ်ခန်းများမှ ထွက်ကာ ယခုအထိ ကပ်ကြီးမှ လွတ်လျက်ရှိသေးသော ဘာသာတရားကိုင်းရှိုင်းသူ အဒေါ်ကြီးတစ်ယောက်၏ အိမ်သို့ ရွှေ့ပြောင်းခဲ့ရသည်။ အိမ်ပြောင်းရွှေ့နေစဉ်တွင် ဆရာတော် ပနယ်လိုမှာ ခါတိုင်းထက် စိတ်ရောလူပါ ပိုမိုပင်ပန်းနွမ်းနယ်လျက် ရှိလေသည်။ ဤအကြောင်းကြောင့်ပင်လျှင် သူ၏ အိမ်ရှင်အမျိုးသမီးကြီးက သူ့အား မနှစ်မြို့ဖြစ်သွားရခြင်း ဖြစ်ဟန်တူ၏။ တစ်ညနေတွင် အိမ်ရှင်အဒေါ်ကြီး က စိန်အိုဒီလီယာ၏ ဟောကိန်းမှန်ကန်လှကြောင်း အားပါးတရ ပြောကြားလျက်ရှိစဉ်တွင် ဆရာတော်သည် စိတ်မရှည်သည့် အမူအရာ အနည်းငယ် ပြလိုက်မိသည်။ ပင်ပန်းနွမ်းနယ် နေသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ထိုမှနောက်တွင် ဆရာတော်သည် တစ်စုံတစ်ရာ ဝေဖန်ပြောဆိုခြင်း မပြုတော့ဘဲ သဘောကောင်းစွာပင် ဆိတ်ဆိတ်နေလျက် ဖြေဖြန့်ရန် အားထုတ်ခဲ့သော်လည်း အချည်းနှီးသာဖြစ်၏။ အိမ်ရှင်အဒေါ်ကြီးကမူ သူ့အား မကြည်မသိုဖြစ်သွားကာ တဖြည်းဖြည်း ပို၍ သာ ဆိုးလာခဲ့သည်။ ဤသို့လျှင် ညညတွင် ဆရာတော် အိပ်ရာအဝင်

သူ့အိပ်ခန်းအတွင်း၌ အိပ်ရာကုတင် ကုလားထိုင် စားပွဲ စသည်အားလုံး၌ ပန်းထိုးအဝတ်များ ဖုံးအုပ်လျက် ဘာမျှမလစ်ဟင်းရအောင် ပြုလုပ်ပေးထားသည်ကို တွေ့ရသော်လည်း သူက နှုတ်ဆက်သည်ကို လှည့်၍မကြည့်ဘဲ ဝတ်ကျေတန်းကျေ ပြန်နှုတ်ဆက်သော အဒေါ်ကြီး၏ကျောကိုသာ မြင်သွားရတတ်လေသည်။ ထိုကဲ့သို့သော တစ်ညတွင် လွန်ခဲ့သော ရက်ပေါင်းအတော်ကြာက သူ၏ ကိုယ်ထဲတွင် ကိန်းဝပ်နေခဲ့သော အဖျားရှိန်သည် ဒိုက်သရေမှားကို တိုက်ချလိုက်သည့် ရေစီးပမာ သူ၏လက်ကောက်ဝတ်နှင့် နားထင်ဆီသို့ တစ်ဟုန်တိုးတက်၍ လာခဲ့လေသည်။

ထိုမှနောက်တွင် ဘာဖြစ်သည်ကို ပြောပြနိုင်သူမှာ အိမ်ရှင်အဒေါ်ကြီး တစ်ယောက်သာလျှင် ရှိတော့သည်။ ထို့နောက်တစ်ရက်က အိမ်ရှင်အဒေါ်ကြီးသည် ခါတိုင်းလိုပင် နံနက်စောစော အိပ်ရာမှထသည်။ တစ်နာရီခန့်ကြာ၍ ဆရာတော် အခန်းထဲမှ ဘာကြောင့် ထွက်မလာပါလိမ့်ဟု အံ့ဩကာ စိတ်ထဲက မပါလှသော်လည်း ဆရာတော်၏ အိပ်ခန်းတံခါးကို ခေါက်လိုက်ရသည် ဆိုသည်။ ဆရာတော်သည် တစ်ညလုံး အိပ်၍မရခဲ့သဖြင့် အိပ်ရာ၌ပင် ရှိနေသေးသည်။ သူ့မှာ အသက်ရှူကျပ်ကာ ခါတိုင်းထက် မျက်နှာနီမြန်းနေသည် ဆိုသည်။ အဒေါ်ကြီးက (သူ့စကားအတိုင်း) ယဉ်ယဉ်ကျေးကျေးပင် ဆရာဝန်ခေါ်ပါလား ဟု အကြံပေးသည်ကို ဆရာတော်က တိုတိုတောင်းတောင်း ငြင်းပယ်လိုက်သည် ဆိုသည်။ အဒေါ်ကြီး၏ စကားအတိုင်းဆိုလျှင် ခပ်ရိုင်းရိုင်းဟု ဆိုသည်။ ထို့ကြောင့် အဒေါ်ကြီးလည်း ဆရာတော့်အခန်းထဲက ထွက်လာခဲ့သည်။ ထိုနေ့နံနက် နောက်ပိုင်းတွင် ဘုန်းကြီးက အစေခံမကလေးအား ခေါင်းလောင်းတီး၍ ခေါ်ကာ အဒေါ်ကြီးနှင့် တွေ့ချင်သည်ဟု အပြောခိုင်းသည် ဆို၏။ အဒေါ်ကြီး သွားသောအခါ ဆရာတော်က သူ စောစောက မယဉ်မကျေး ပြောမိသည်ကို တောင်းပန်ပြီး၊ ယခု သူ နေမကောင်းသည်မှာ ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိ၍ ပလိပ်ရောဂါ မဟုတ်နိုင်ကြောင်း၊ အာဂန္တုအဖျားမျိုးထက် ပို၍မဖြစ်နိုင်ကြောင်း ပြောပြသည် ဆိုသည်။ ဤတွင် အဒေါ်ကြီးကလည်း သူက ဆရာဝန်ခေါ်ရန် အကြံပေးရခြင်းမှာ ထိုသို့ ထင်မြင်သောကြောင့် မဟုတ်ကြောင်း၊ သူ့ကိုယ်သူ ဘေးအန္တရာယ်ကင်းရှင်းမှု အတွက်မူ ဘုရားသခင်၏ လက်ထဲ၌သာ ရှိသည်ဖြစ်၍ မပူပန်ကြောင်း၊ သူ့အိမ်တွင် လာနေစဉ် ဆရာတော်၏ ကောင်းကျိုးချမ်းသာအတွက် သူ့မှာတာဝန်ရှိသည် ဟု ယူဆသောကြောင့်သာ ဆရာဝန်ခေါ်ဖို့ အကြံပေးရခြင်း ဖြစ်ကြောင်း ပြန်ပြောလိုက်သည်ဆို၏။ ဆရာတော်က ဘာမျှ ပြန်မပြောသောအခါ အိမ်ရှင်အဒေါ်ကြီးက (သူပြောပြသည့်အတိုင်း) ဆရာတော်အပေါ်၌ သူပြုအပ်သည့်ဝတ္တရား ရှိသည်ဖြစ်၍ ဆရာဝန်ခေါ်ပေးမည်ဟု ပြောပြန်သည်ဆို၏။ ထိုအခါ ဆရာတော်ပနယ်လိုက ဒုက္ခမရှာပါနှင့်ဟု ပြောကာ အကြောင်းပြချက်များ ပေးနေသေးသော်လည်း၊ အဒေါ်ကြီးကတော့ ဘုန်းကြီးသည် ဂယောင်ချောက်ချား လျှောက်ပြောနေခြင်း မဟုတ်သည့်တိုင်အောင် သူ့စကားများက အမြီးအမောက်မတည့်ဟု ထင်လေသည်။ အိမ်ရှင်အဒေါ်ကြီး နားလည်လိုက်သည်မှာ

ဆရာတော်က ဆရာဝန်မခေါ်လိုခြင်းမှာ သူ့ဝါဒနှင့် ဆန့်ကျင်ဖီလာ ဖြစ်သောကြောင့်ဟူ၍ ဖြစ်သည်။ အဒေါ်ကြီးကတော့ ဘုန်းကြီးသည် အဖျားရှိန်ဖြင့် ဂယောင်ချောက်ချား ဖြစ်နေသည်ဟု ထင်သည်။ သို့နှင့် ဘာမျှမလုပ်တော့ဘဲ သူတောင်းသည့် လက်ဖက်ရည်တစ်ခွက်ကိုသာ ယူ၍ ပို့ပေးလိုက်ရသည်ဟု ဆိုသည်။

အခြေအနေက ပေးအပ်သည့် အိမ်ရှင်၏ဝတ္တရားကို ကျေပွန်စေမည်ဟူသော အမိဋ္ဌာန်ဖြင့် အိမ်ရှင်အဒေါ်ကြီးသည် လူမမာကို နှစ်နာရီတစ်ကြိမ် မှန်မှန် ဝင်ကြည့်သည်ဆိုသည်။ လူမမာနှင့်ပတ်သက်၍ သူ သတိပြုမိသည်မှာ တစ်နေ့လုံး ဂနာမငြိမ် ဖြစ်နေခြင်းပင် ဖြစ်သည်ဆို၏။ လူမမာသည် စောင်ကိုခွာပစ်လိုက်၊ ပြန်ဆွဲခြုံလိုက်နှင့် ချွေးပြန်နေသော သူ၏နဖူးကို လက်ဖြင့်သပ်ကာ ရှိသည် ဆို၏။ သူသည် မကြာခဏ ဆိုသလိုပင် အိပ်ရာထဲ၌ ထ၍ထိုင်ကာ လည်ချောင်းရှင်းလိုက် ချောင်းဆိုးလိုက်နှင့် ပျို့အန်တော့မတတ် ဖြစ်နေသည် ဆို၏။ ထိုအခါများတွင် သူ၏အဆုတ်ထဲမှ ပျစ်ပျစ်ချွဲချွဲ အခဲများကို ညှစ်ထုတ်ရန် အားထုတ်ရင်း လည်ချောင်းဝတွင် တစ်ဆို့နေဟန်တူလေသည်။ ဤသို့ ညှစ်ထုတ်၍ မရနိုင်တိုင်း ဆရာတော်သည် အိပ်ရာထဲသို့ ပြန်လှဲကာ ခေါင်းအုံးပေါ်တွင် မှောက်၍ နေတတ်သည် ဆိုသည်။ ထိုနောက်တစ်ဖန် ခေါင်းထောင်၍ ထပြန်ကာ ယခင်က ပွက်ပွက်အန် ချောင်းဆိုးနေသည်ထက်ပင် ထိတ်လန့်စရာ ကောင်းလောက်အောင် မျက်လုံးအပြူးသားဖြင့် ရှေ့တည့်တည့်သို့ စိုက်ကြည့်နေပြန်သည် ဆိုသည်။ ထိုအချိန်ထိ အိမ်ရှင်အဒေါ်ကြီးက သူ့အား စိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ ဆရာဝန်မခေါ်သေးဟု ဆိုသည်။ အမြင်အားဖြင့် အတော်ဆိုးဝါးလျက် ရှိသော်လည်း သာမန်အဖျားတက်ခြင်းမျိုးထက် ပိုမည်မဟုတ်ဟု ယူဆထားလိုက်သည် ဟုလည်း ပြောသည်။

သို့သော် ညနေဘက်တွင် ဘုန်းကြီးအား စကားပြောရန် နောက်တစ်ကြိမ် ထပ်၍ သူကြိုးစားကြည့်သေးသော်လည်း ဘုန်းကြီးကတော့ ဗလုံးဗထွေးစကား သုံးလေးခွန်းမျှသာ ပြန်ပြောသည်ဆိုသည်။ အဒေါ်ကြီးက ဆရာဝန်ခေါ်ရန်ကိစ္စ ထပ်ပြောသည်တွင် ဆရာတော်ပနယ်လိုက အိပ်ရာမှခေါင်းထောင်ထပြီး တစ်ဆို့သောအသံဖြင့် ဆရာဝန်နှင့် မတွေ့လိုကြောင်းကို အလေးအနက်ပြောသည် ဆို၏။ ဤသို့ဖြစ်သောကြောင့် အဒေါ်ကြီးအဖို့ နောက်တစ်ရက် နံနက်အထိ စောင့်ကြည့်ဖို့သာ ရှိတော့ပြီ၊ နောက်တစ်ရက် နံနက်တွင်မှ ဆရာတော်မသက်သာခဲ့လျှင် ရန်စဒေါက် သတင်းပြန်ကြားရေးဌာနက တစ်နေ့ဆယ်ကြိမ် ရေဒီယိုမှ ကြေညာပေးလျက်ရှိသော နံပါတ်သို့ တယ်လီဖုန်းဆက်တော့မည် ဟု အောက်မေ့ထားလိုက်ရသည် ဆိုသည်။ အိမ်ရှင်အဒေါ်ကြီးသည် သူ့၌ဝတ္တရားရှိသည်ကို မမေ့မလျော့ပင် ညဘက်တွင်လည်း လူမမာကို မကြာခဏဝင်၍ ကြည့်ကာ လိုအပ်မည်ထင်သည် တို့ကို လုပ်ဆောင်ပေးသည် ဆိုသည်။ သို့သော် ညဆယ့်တစ်နာရီခန့်၌ လူမမာ့ထံသို့

ဆေးမြစ်ပြုတ် လက်ဖက်ရည် ခပ်ပျစ်ပျစ်တစ်ခွက် ပို့အပြီး၌ အဒေါ်ကြီးလည်း ပင်ပန်းနွမ်းနယ်သဖြင့် ဆိုဖာပေါ်တွင် နာရီဝက်ခန့် မှိန်းလိုက်ဦးမည် အောက်မေ့ပြီး အိပ်လိုက်ရာ နံနက်အရုဏ်တက်တွင်မှ နိုးတော့သည်။ နိုးလျှင်နိုးချင်း ဆရာတော်၏ အခန်းသို့ သွားလိုက်သည်ဆို၏။

ဆရာတော်ပနယ်လိုသည် ငြိမ်သက်စွာအိပ်နေသည်။ သူ၏မျက်နှာမှာ ယမန်နေ့ကကဲ့သို့ နီမြန်း၍ မနေတော့ဘဲ ဖြူဖတ်ဖြူရော် ဖြစ်နေသည်ဆိုသည်။ ပါးများက ဖောင်းမြဲဖောင်းနေ၍ ပိုမိုသိသာနေသည် ဆိုသည်။ ဘုန်းကြီးသည် အိပ်ရာအထက်ဆီတွင် တွဲလျားဆွဲထားသော မီးအုပ်ဆောင်းနှုတ်ခမ်းက ပုတီးစေ့များဆီသို့သာ ငေးစိုက်ကြည့်နေရာမှ အဒေါ်ကြီး ဝင်လာသောအခါ သူက ဦးခေါင်းကို လှည့်၍ကြည့်သည် ဆိုသည်။ အဒေါ်ကြီးက ထူးထူးဆန်းဆန်း ပြောပြသည်မှာ ဆရာတော်သည် ညက တစ်ညလုံး အပြင်းအထန် ရိုက်နှက်ထုထောင်းခြင်း ခံထားရသူပမာ မသေရုံတမည်သာ ကျန်တော့သည် ဟူ၍ပင် ဖြစ်၏။ အဒေါ်ကြီးကမေး၍ ဘုန်းကြီးက ပြန်ပြောသည့်အသံမှာ ခြောက်ကပ်ကပ် နိုင်လှပြီး၊ သူ မသက်သာကြောင်း၊ ဆရာဝန်ခေါ်ဖို့တော့ မလိုကြောင်းတို့ ဖြစ်သည်ဆိုသည်။ သူ့အား စည်းမျဉ်းဥပဒေများအတိုင်း ဆေးရုံသို့သာပို့ပါဟု ပြောသည်။ ဤတွင် အဒေါ်ကြီးလည်း အထိတ်တလန့်ဖြစ်ကာ တယ်လီဖုန်းဆီသို့ အပြေးသွားခဲ့ရသည် ဆိုသည်။

မွန်းတည့်ချိန်တွင် ဒေါက်တာရေး ရောက်ရှိလာသည်။ အဒေါ်ကြီး ပြောစရာရှိသည်ကို နားထောင်ပြီး ဘုန်းကြီးပနယ်လို ပြောသည်မှာ မှန်ကြောင်း၊ သို့သော် ယခု နောက်ကျသွားပြီဟု ထင်ကြောင်း တိုတိုတုတ်တုတ် ပြောခဲ့၏။ ဆရာတော်ကား ဒေါက်တာရေးအား ခါတိုင်းလိုပင် အမှုမဲ့အမှတ်မဲ့ ဆီး၍ နှုတ်ဆက်သည်။ ဆရာဝန် က သူ့အား စစ်ဆေးကြည့်ရာတွင် အဆုတ်လမ်းကြောင်းများ တစ်ကျပ်ပိတ်ဆို့ နေသည်မှတစ်ပါး အကျိတ်ပလိပ်၊ အဆုတ်ပလိပ်တို့၏ လက္ခဏာများ တစ်စုံတစ်ရာ မတွေ့ရသဖြင့် အံ့အားသင့်သွားသည်။ သို့ရာတွင် သူ၏သွေးတိုးနှုန်းမှာ အလွန် အားနည်းလျက်ရှိပြီး၊ သူ၏ ယေဘုယျ အခြေအနေမှာလည်း ထိတ်လန့်စရာ ဖြစ်နေလေရာ သူ၏အသက်ကို ကယ်ဆယ်ရန် မျှော်လင့်ချက် မရှိတော့သလောက်ပင် ဖြစ်လေသည်။

ဒေါက်တာရေးက “ဆရာတော့်မှာ ဒီရောဂါရဲ့ လက္ခဏာဆိုလို့ ဘာမှ အထွေအထူးမရှိဘူး။ ဒါပေမယ့် အသေအချာတော့ ကျွန်တော်မပြောနိုင်ဘူး။ ဆရာတော့်ကို ခွဲထားရမယ်” ဟု ပြောသည်။

ပနယ်လိုက ခပ်ဆန်းဆန်းကလေး ပြုံးပြလိုက်သည်။ ယဉ်ကျေးရုံမျှ ဖြစ်ဟန်တူ၏။ သို့သော် သူ ဘာမျှတော့မပြော။ ဒေါက်တာရေးလည်း

တယ်လီဖုန်းဆက်ရန် အခန်းထဲမှ ထွက်သွား၏။ ထို့နောက် အခန်းထဲသို့ တစ်ခေါက်ပြန်ဝင်ကာ ဘုန်းကြီးအား ကြည့်ပြန်သည်။

သူက "ကျွန်တော် ဆရာတော်နဲ့အတူ နေပေးပါ့မယ်" ဟု ညင်သာစွာ ပြောလိုက်သည်။

ပနယ်လိုကမူ ဘာမျှ စိတ်လှုပ်ရှားဟန်မပြ။ သို့သော် ဆရာဝန်အား မော့်ကြည့်လိုက်သော အခါတွင် သူ၏မျက်လုံးများမှာ အားတက်လိုက်လှသည့် အသွင်ကို ဖော်ပြလျက် ရှိကြလေသည်။ ထို့နောက် အတော်ခက်ခဲစွာ ပြောရ၍ သူ့အသံမှာ ဝမ်းနည်းကြေကွဲဖွယ်ရာ ပါ,မပါကိုပင် အကဲခတ်၍ မရနိုင်အောင် သူက "ကျေးဇူးပဲ။ ဒါပေမယ့် ဘုန်းကြီးဆိုတာကတော့ မိတ်ဆွေရယ် ဘာရယ် မရှိဘူး။ သူတို့မှာရှိတာ အားလုံးကို ဘုရားသခင်ထံ အပ်နှံထားပြီးဖြစ်တယ်" ဟု ပြောလိုက်သည်။

ထို့နောက် ဘုန်းကြီးက အိပ်ရာခေါင်းရင်းဘက်၌ ချိတ်ထားသော လက်ဝါးကပ်တိုင်ကို တောင်းသည်။ ဖြုတ်ပေးလိုက်သော အခါတွင် သူသည် တစ်ဘက်သို့ လှည့်ကာ လက်ဝါးကပ်တိုင်ကိုသာ ငေးစိုက်ကြည့်နေလေသည်။

ဆေးရုံတွင် ပနယ်လိုသည် စကားတစ်ခွန်းမှ မပြောချေ။ သူ့အား ပြုစုကုသမှုများ ပြုလုပ်လျက်ရှိစဉ် သူသည် ဘာတစ်ခွန်းမျှ မပြောဘဲ တိတ်ဆိတ်စွာခံကာ လက်ဝါးကပ်တိုင်ကိုသာ မလွှတ်တမ်း ကိုင်ထားလေသည်။ သို့ရာတွင် သူ၏ရောဂါ အမျိုးအမည်ခွဲရန်ကိစ္စမှာ မသေမချာပင် ရှိသေးသည်။ ဒေါက်တာရေးလည်း မည်ကဲ့သို့ ခွဲခြားဆုံးဖြတ်ရမည်ကိုပင် ယတိပြတ် မပြောတတ်အောင် ရှိသည်။ ဤရောဂါသည် သီတင်းပတ်ပေါင်းများစွာပင် လက္ခဏာထင်ရှား သတ်မှတ်၍ မရနိုင်လောက်အောင်ပင် ဖြစ်ခဲ့သည်မှာ မှန်၏။ သို့ရာတွင် ပနယ်လို၏ အဖြစ်မှာ ဤကဲ့သို့သော ရောဂါလက္ခဏာ သတ်မှတ်၍ မရခြင်းနှင့်လည်း သိပ်မဆိုင်လှကြောင်း နောက်ပိုင်းဖြစ်ရပ်များအရ သိရလေသည်။

သူ၏အဖျားရှိန် တက်လာသည်။ တစ်နေ့လုံးလိုလိုပင် ချောင်းဆိုးသံ ပိုမိုကျယ်လောင်လာကာ အင်အားနည်းလှပြီ ဖြစ်သော သူ၏ခန္ဓာကိုယ်ကို မချိမဆံ့ ညှဉ်းဆဲလျက်ရှိသည်။ နောက်ဆုံး ညမှောင်ရီရီတွင် ပနယ်လိုသည် သူ၏ လည်ချောင်းဝတွင် တစ်ဆို့နေသော အပျစ်အခွဲ အလုံးအခဲကို ဟပ်ထုတ်၍ ရသည်။ ထိုအခဲသည် နီနီရဲရဲဖြစ်၏။ အဖျားရှိန်ဒီဂရီ တက်လျက်ရှိက်ရှိရာကပင် ပနယ်လို၏ မျက်လုံးများမှာ ဘာအမူအရာကိုမျှ မပြကြဘဲ၊ တည်ကြည်ငြိမ်သက် လှပေသည်။ နောက်တစ်ရက်နံနက်တွင် သူသည် ကိုယ်တစ်ပိုင်း ကုတင်ဘေးသို့ ငိုက်ကျလျက် သေဆုံးနေသည်ကို တွေ့ကြရတော့လည်း သူ၏မျက်လုံးများက ဘာအမူအရာမျှ တစ်စွန်းတစ်စ မပြကြချေ။ မှတ်တမ်းတင်ထားသော ကတ်ပြားထဲရှိ သူ၏အမည်နှင့်

တည့်တည့်တွင် 'အမှန်မသိ' ဟု ရေးသွင်းထားလေသည်။

* * *

။၅။

ထိုနှစ်က (သေလွန်လေပြီးသော မိဘဆွေမျိုးများအား နှစ်စဉ် နိုဝင်ဘာလ ၂ရက်နေ့တိုင်း အမှတ်တရပြုလေ့ ရှိကြသော) "ဝိညာဉ်များနေ့"မှာ ယခင်နှစ်များကနှင့် များစွာကွာခြားလေသည်။ မှန်ပါသည်။ ရာသီဥတုက အခန့်သင့်စွာပင် ရုတ်တရက် ပြောင်းလဲသွားခဲ့သည်။ အလွန်ပူပြင်းနေရာမှ ဆောင်းဦးလေအေးကလေး ဝင်လာခဲ့သည်။ အခြားသော နှစ်များကကဲ့သို့ပင် တစ်နေ့လုံး လေအေးကလေးတိုက်ကာ မိုးကုပ်စက်ဝိုင်းတစ်ဘက်မှ တစ်ဘက်သို့ တိမ်စိုင်ကြီးများ ရွေ့လျားလျက်၊ အိမ်များပေါ်သို့ အရိပ်များကျစေပြီး သူတို့ လွန်သွားသောအခါတွင်လည်း နိုဝင်ဘာကောင်းကင်၏ ဖျော့တော့သော အလင်းရောင်က ထိုးလာသည်။

မိုးကာအင်္ကျီများ စ၍ ပေါ်ထွက်လာသည်။ ရောင်စုံ ပြောင်လက်သောမိုး ရေခံအထည်များကို အများအပြား တွေ့မြင်ရသည်မှာ ထူးခြားသည်။ အကြောင်းကား လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာခန့်က ဥရောပတောင်ပိုင်း၌ ကပ်ရောဂါကြီး ကျရောက်စဉ် ဆရာဝန်များသည် ရောဂါပိုးများ မဝင်နိုင်စေရန် ဆီစိမ်အဝတ်များကို ဝတ်ဆင်ကြသည်ဟု ကျွန်ုပ်တို့၏ သတင်းစာများက ရေးသားလိုက်ကြသောကြောင့် ဖြစ်၏။ ဆိုင်ရှင်များက ဤအခွင့်အရေးကိုယူကာ သူတို့တွင် ရှိနေသော ခေတ်မမီတော့သည့် မိုးကာအင်္ကျီများကို အစွံထုတ်ကြလေရာ၊ ဝယ်ယူသူများကလည်း ရောဂါပိုးများ မဝင်ရောက်စေနိုင်ရန် အာမခံသည်ဟူ၍ ရှူးရှူးနှမ်းနှမ်း မျှော်လင့်ထားကြလေသည်။

သို့ပင်ဖြစ်စေ၊ ဤ ဝိညာဉ်များနေ့၏ မြင်နေကျအသွင်အပြင်များသည် သင်္ချိုင်းကုန်းသို့ လူများ မသွားဘဲနေကြသည်ကို မေ့နေလောက်အောင်တော့ မဖုံးကွယ်နိုင်ပါချေ။ လွန်ခဲ့သည့် နှစ်များကမူ ဤနေ့ဤရက်သို့ ရောက်လျှင် ဓာတ်ရထားများပေါ်၌ ဂန္ဓမာပန်းနံ့များဖြင့် မူးဝေနောက်ကျိလောက်အောင် မွှန်လျက်၊ သူတို့၏မိသားစုထဲမှ ကွယ်လွန်ပြီးလူများကို မြှုပ်နှံထားရာ သင်္ချိုင်းများတွင် ပန်းများ သွား၍တင်ရန်အတွက် သင်္ချိုင်းကုန်းအဝင်တွင် အမျိုးသမီး လူတန်းရှည်ကြီးကို တွေ့မြင်ရတတ်သည်။ ဤနေ့သည် လွန်ခဲ့သည့် လပေါင်းများစွာက ကွယ်လွန်လေပြီးဖြစ်သော မိဘဆွေမျိုးသာချင်းတို့အား မေ့မေ့လျော့လျော့ထားကာ တာဝန်ပျက်ကွက် နေခဲ့သည်ကို သတိရလျက်၊ အပြစ်ဝန်ချသည့်နေ့ ဖြစ်လေသည်။ သို့သော် ပလိပ်ဖြစ်နေသည့် နှစ်တွင်ကား သူတို့သည် သေသူတို့ကို သတိရ၍ မနေချင်ကြ။ တကယ်က သူတို့မှာ ယခုအခါတွင် သတိရလွန်းနေသောကြောင့်လည်း တစ်ကြောင်း ဖြစ်ပေသည်။ သူတို့သည် တစ်နှစ်တွင်မှ တစ်ရက်သွား၍ အပြစ်ဝန်ချရလောက်အောင် တစ်ချိန်လုံး မေ့မေ့လျော့လျော့ ပစ်ထားခြင်းခံရ

သူများလည်း မဟုတ်ကြတော့။ သူတို့သည် မေ့ပစ်ချင်ပါလျက် မမေ့နိုင်အောင်ပင် မပင့်မခေါ် ကျူးကျော်ဝင်ရောက် လာနေကြသူများ ဖြစ်နေသည်။ ထို့ကြောင့်ပင်လျှင် ဤနှစ်၏ 'သေပြီးသူများကို သတိရသည့် ဤဝိညာဉ်များနေ့' ကို ဘာမျှ ပြောသော်လည်း တမင်တကာပင် လစ်လျူရှုထားခဲ့ကြခြင်း ဖြစ်ပေသည်။ တာရိုက 'ကော့တတ်တွင် ထေ့တတ်ငေါ့တတ်သည့် အကျင့်ကလေး ကြီးထွားလာသည်' ဟု မှတ်သားထားသည့်အတိုင်း ကော့တတ်က ခပ်နောက်နောက်ကလေး မှတ်ချက်ချသလိုပင် 'ကျွန်ုပ်တို့အဖို့ နေ့တိုင်းနေ့တိုင်းသည် သေသူများ၏နေ့' ဖြစ်၍ နေလေတော့သည်။

တကယ်ဆိုသော် မြို့တော်မီးသင်္ဂြိုဟ်စက်ကြီး၌ ကပ်သင့်သူများကို သင်္ဂြိုဟ်သည့် မီးတောက်ကြီးများသည် ဆထက်ထမ်းပိုး တိုး၍တိုး၍ မြူးကြွစွာ တောက်လောင်လျက် ရှိလေသည်။ သေဆုံးသူဦးရေ တိုးတက်၍ မလာတော့ဆိုသည်မှာ မန်ပါသည်။ သို့သော် ပလိပ်ကပ်ကြီးသည် သူ၏ အပြင်းထန်ဆုံး အခြေအနေတွင် ထာဝစဉ် နေတော့မည်လားဟု ထင်ရလောက်အောင် သူ၏နေ့စဉ်အလုပ်ကို ပြည်သူ့ဝန်ထမ်းကောင်း တစ်ယောက်၏ တိကျမှန်ကန်မှုမျိုးဖြင့် ကြိုးစားပန်းစား လုပ်ဆောင်လျက် အသက်ပေါင်းများစွာကို ဝါးမျိုလျက်သာ ရှိလေသည်။ အာဏာပိုင်တို့၏ အမြင်တွင် ဤအခြင်းအရာသည် သဘောအားဖြင့် အားတက်ဖွယ် အခြင်းအရာဖြစ်သည် ဟု ဆိုသည်။ အသေအပျောက်နှုန်း အတိုးအဆုတ်ကို ပြသည့် မျဉ်းဇယားတွင် အတက်ကြမ်းခဲ့သော မျဉ်းကြောင်းသည် ယခုအခါ တန်းသွားပြီဖြစ်၍ ဒေါက်တာရစ်ချတ်ကဲ့သို့သော လူများစွာအဖို့မူ အခြေအနေ ကောင်းလာတော့မည့် နိမိတ်ဟု ထင်စရာဖြစ်သည်။ သူက သူ့လက်ဖဝါးနှစ်ဖက်ကို ပွတ်ရင်း "ဒီကနေ့ အတက်အကျပြ မျဉ်းကြောင်းအခြေအနေ ကောင်းပါတယ်" ဟု မှတ်ချက်ချတတ်သည်။ သူ့စိတ်ထဲတွင် ကပ်ရောဂါသည် အမြင့်ဆုံးရေမှတ်သို့ ရောက်ခဲ့ပြီဟု ထင်သည်။ သည့်နောက်တွင်တော့ ကျဖို့ပဲ ရှိတော့သည်။ သူက ဤသို့အခြေအနေ ကောင်းမွန်လာခြင်းမှာ ဒေါက်တာကတ်စတယ် စီမံသည့် ကာကွယ်ဆေး အသစ်ကြောင့်ဖြစ်သည် ဟု ဂုဏ်တင်သည်။ ဒေါက်တာကတ်စတယ်၏ ကာကွယ်ဆေးအသစ်များဖြင့် ကုသရာတွင် မျှော်လင့်မထားသော လူနာများ ရောဂါသက်သာလာသည်ကို တွေ့ရသည်ဆိုသည်။ သူ၏အယူအဆကို မဆန့်ကျင်သော်လည်း ဒေါက်တာကတ်စတယ်ကြီးက ရှေ့ရေးသည် ဘာမျှ မသေချာသေးကြောင်းကို သတိပေးသည်။ ကပ်ရောဂါတို့သည် မမျှော်လင့်ဆုံး အချိန်မျိုးတွင် ပြန်၍ ထလာတတ်သည်ကို သမိုင်းစဉ်တစ်လျှောက် တွေ့ကြုံခဲ့ရဖူးလှပြီ ဟုလည်း ပြော သည်။ လူအများစိတ်ဓာတ်ကို မြှင့်တင်ပေးရန်အတွက် တစ်ခုခု လုပ်ပေးချင်နေသော်လည်း ယခုအထိမူ ပလိပ်ကပ်၏ အခြေအနေများက တားထားသဖြင့် အစည်းအဝေးကြီး မလုပ်ခဲ့ရသော အာဏာပိုင်တို့က ယခုပင် ဆေးပညာရှင်တို့၏ အစည်းအဝေးတစ်ခုခေါ်ကာ ဤအကြောင်းအရာနှင့် ပတ်သက်၍ ကြေညာချက်တစ်စောင် ထုတ်ပြန်ပေးရန်

အကြံပြုသည်။ သို့ရာတွင် ကံမကောင်း အကြောင်းမလှသဖြင့် ထိုအစည်းအဝေးကြီးလုပ်ရန် ချိန်းဆိုသည့်နေ့သို့ မရောက်မီကလေးတွင်ပင် အသေအပျောက်နှုန်း အမြင့်ဆုံးရေမှတ်သို့ ရောက်ခိုက် ဒေါက်တာရစ်ချတ်သည်လည်း ပလိပ်ကပ်တွင် ပါသွားခဲ့ရရှာလေသည်။

လူအများစိတ်ဝင်စား၍ လှုပ်လှုပ်ရွရွ ဖြစ်သွားသော်လည်း အကြောင်းသိပ်မထူးလှသော ဤဝမ်းနည်းကြေကွဲဖွယ် အဖြစ်သည် စိတ်ဓာတ်တက်ချင်တော့လည်း အရမ်းတက်ခဲ့ကြသော အာဏာပိုင်တို့အဖို့ စိတ်အားငယ်ချင်တော့လည်း အရမ်း ငယ်သွားစေဖို့ ဖန်တီးလိုက်သကဲ့သို့ ရှိလေသည်။ ဒေါက်တာကတ်စတယ်ကြီးမှာကား သူ၏ ကာကွယ်ဆေးရည် ထုတ်လုပ်မှု၌သာ အချိန်ပြည့်ပေးကာ အစွမ်းရှိသမျှ တိကျသေချာအောင် ဂရုစိုက်လျက် ရှိလေသည်။ ယခုအခါတွင် အုပ်ချုပ်ရေးကိစ္စများနှင့် ကော်မီတီအစည်းအဝေးများအတွက် လိုအပ်သောဘုရင်ခံ၏ ရုံးမှအပ ဆေးရုံအဖြစ်သော် လည်းကောင်း၊ သီးခြားကပ်သင့်ရပ်ကွက် အဖြစ်သော် လည်းကောင်း မပြောင်းလဲရသေးသည့် အများပြည်သူဆိုင်ရာ အဆောက်အဦဆို၍ မရှိတော့သလောက်ပင် ဖြစ်လေသည်။ ယေဘူယျသဘော ပြောရလျှင်မူ ယခုအခါ ပလိပ်ကပ်ရောဂါက ယခင်ကနှင့်စာလျှင် အတော်ပင် တည်ငြိမ်သွားပြီဖြစ်၍ ဒေါက်တာရေး၏ အဖွဲ့အစည်းများသည် အခြေအနေကို နိုင်နင်းအောင် လုပ်ဆောင် ကိုင်တွယ်နိုင်ကြပေသေးသည်။ အမြဲတစေ အပူတပြင်း အလုပ်လုပ်လျက်ရှိကြသော ဆရာဝန်များနှင့် သူတို့အား ကူညီလုပ်ကိုင် နေကြသူများသည် ယခုအခါ ရေးကထက် ပိုမိုအားစိုက်၍ လုပ်ဆောင်ကြရန် စဉ်းစားကြရပြန်ပြီ ဖြစ်၏။ သူတို့မှာ သာမန်လူ့အစွမ်းနှင့် မတန်တော့သော အလုပ်များကို လုပ်ကြရာတွင် သံပတ်ပေးထားသော စက်ရုပ်ပမာ လုပ်နေကြဖို့သာ ရှိတော့သည်။ ယခုအခါ တွေ့ရှိနေရပြီ ဖြစ်သော အဆုတ်ပလိပ်သည် တစ်မြို့လုံးသို့ ပြန့်နှံ့ကူးစက်လျက် ရှိလေသည်။ ဤရောဂါ၏ မီးတောက်မီးလျှံများကို လူများ၏ အဆုတ်ထဲသို့ မြောက်လေပြင်းက တိုက်ခတ်၍ သွင်းပေးနေသည် ဆိုသည့်စကားကို ယုံကြည်ရတော့မည်ကဲ့သို့ ရှိ၏။ အဆုတ်ပလိပ်ဖြစ်သူသည် သွေးပါသော သလိပ်များအန်ကာ အကျိတ်ပလိပ် ဖြစ်သူထက် ပိုမိုလျင်မြန်စွာ သေတတ်လေသည်။ ဤ ကူးစက်ရောဂါအသစ်သည် အကူးအစက်လည်း မြန်သည်၊ အသေလည်း မြန်သည်။ သို့ရာတွင် ကျွမ်းကျင်သူများကမူ ဤကိစ္စတွင် အမြဲလိုလိုပင် သဘောကွဲလွဲလျက် ရှိကြ၏။ "ပိုမိုစိတ်ချရစေရန် သန့်ရှင်းရေးအလုပ်သမား အားလုံး ပြုတ်ထားသော အဝတ်စသုံးထပ်ဖြင့် ပြုလုပ်သည့် အအုပ်ဖြင့် နှာခေါင်းပါးစပ်တို့ကို အုပ်ထားကြသည်။ ဤသို့ဖြစ်သည့် တိုင်အောင် ရောဂါဆိုးကြီးက ဆက်လက်၍ ကြမ်းမြဲရမ်းမြဲပင် ဖြစ်ပေမည်။ အကျိတ်ပလိပ်ဖြစ်သူဦးရေ သိသိသာသာ လျော့နည်းသွားသည့်တိုင်အောင် အသေအပျောက် နှုန်းကမူ မတိုးမဆုတ် ဖြစ်နေလေသည်။

ဤအတောအတွင်း၌ အာဏာပိုင်တို့ စိတ်ပူပန်ရန် နောက်ထပ်ပေါ်လာသည့် ကိစ္စတစ်ခုကား စားနပ်ရိက္ခာ ထိန်းသိမ်းရန်ခက်ခဲသည့် ပြဿနာပေတည်း။ အမြတ်ကြီးစားတို့ တစ်စခန်းထလာကြပြီး ဆိုင်များပေါ်တွင်ဝယ်၍ မရနိုင်တော့သည့် မရှိမဖြစ် စားကုန်သောက်ကုန်များကို ကြိုတင်သိုလှောင်ကာ မတန်တဆဈေးတင်၍ ရောင်းကြလေတော့ရာ၊ ငွေကြေးပြည့်စုံသူများမှာ ဘာမျှ ချို့ငဲ့ခြင်းမရှိသလောက် ဖြစ်ပြီး၊ ဆင်းရဲသားများမှာကား အကြီးအကျယ် ကျပ်တည်းသည့် အခြေအနေမျိုးနှင့် ကြုံကြရလေသည်။ ဤသို့လျှင် ပလိပ်ကပ်ကြီးက ယင်း၏တာဝန်အတိုင်း ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ မြို့သူမြို့သားများအား အယုတ်အလတ်အမြတ် မခွဲခြားခဲ့ဟု ဆိုသင့်လှသော်လည်း ယခုမူ ထိုသို့ မဟုတ်ပြန်ခဲ့။ လောဘစရိုက်တို့၏ ပဋိပက္ခကလေးများ၏ ကျေးဇူးကြောင့် လူအများ၏စိတ်တွင် မညီမျှမှု မတရားမှုများကို နာကျည်းခံပြင်းမှုကလေးများက တစ်နေ့တစ်ခြား ကြီးထွားရင့်သန်၍ လာခဲ့ သည်။ လူမှန်လျှင် မုချသေရမှာချည်း ဖြစ်သည်ဆိုသည့် ညီမျှမှုမျိုးကို ပလိပ်ကပ်ကြီးက မျက်ဝါးထင်ထင် ပြနိုင်ခဲ့သော်လည်း ဤညီမျှမှုမျိုးကိုတော့ မည်သူမျှ လိုချင်သည် မဟုတ်ချေ။ အခြေအနေဆိုးတွင် အထိနာရသော ဆင်းရဲသားများသည် စားစရာသောက်စရာ ဈေးပေါပေါနှင့်ရပြီး အချုပ်အချယ်ကင်းစွာ နေရသည့် အနီးအနားရှိ တောမြို့တောရွာကလေးများကို လွမ်းတသသ ဖြစ်လာကြသည်။ အကြောင်းယုတ္တိ တန်သည်ဖြစ်စေ မတန်သည်ဖြစ်စေ သူတို့အား ပိုမိုပျော်ရွှင်စရာ ကောင်းသည့် ထိုနေရာများသို့ ပြောင်းရွှေ့နေထိုင်ခွင့် ပေးသင့်သည်ဟု အောက်မေ့မိကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဤသို့သော သူတို့၏ဆန္ဒကို "စားစရာရင်လည်း ပေးပါ၊ လေကောင်းလေသန့်ရင်လည်း ပေးပါ" ဟူသော ကြွေးကြော်သံများကို လမ်းမများပေါ်တွင် စီတန်းလျှောက်ရင်း အော်၍ လည်းကောင်း၊ နံရံများပေါ်တွင် မြေဖြူဖြင့်ရေး၍ လည်းကောင်း၊ ဖော်ထုတ်ပြသ လာကြသည်။ ဤသို့လျှင် ထေ့သံငေါ့သံပါသော တိုက်ပွဲခေါ်သံသည် လူအများစုဝေး၍ ဆန္ဒပြမှုများကို လှုံ့ဆော် အချက်ပေးလိုက်သကဲ့သို့ ရှိ၏။ ထိုဆန္ဒပြမှုများကို အလွယ်တကူ နှိမ်နင်းပစ်လိုက် နိုင်ခဲ့သော်လည်း ကျွန်ုပ်တို့၏ အထဲတွင် စိတ်ဆိုးစိတ်ရိုင်းများ ကြီးထွားလျက်ရှိပြီကိုကား လူတိုင်း သတိထားမိ၍ လာကြပြီ ဖြစ်လေသည်။

သတင်းစာများကတော့ သူတို့အား ညွှန်ကြားထားသည့်အတိုင်း လိုက်နာကြရသည်ကို အထူးပြောနေဖို့ မလိုချေ။ ဘယ်နည်းနှင့်ဖြစ်ဖြစ် အခြေအနေ ကောင်းမွန်သည် ဖြစ်ရမည်။ သတင်းစာများ၌ပါသည်ကို ယုံကြည်ရလျှင် "ကျွန်ုပ် တို့၏ မြို့သူမြို့သားများသည် သတ္တိနှင့် ဣန္ဒြေအရာတွင် စံနမူနာ ထားလောက်ပေသည်။" သို့ရာတွင် သူ့ချည်း ပစ်ထားခြင်းခံရပြီး ဘာမှ လျှို့ဝှက်ထား၍မရသော မြို့တစ်မြို့၌ မြို့သူမြို့သားများ ထားသည်ဆိုသည့် 'စံနမူနာ'သည် မည်သို့ဖြစ်သည်ကို လှည့်စား၍မရအောင်ပင် ကောင်းစွာ သိမြင်ထားကြပြီး ဖြစ်လေသည်။ သတင်းစာဆရာများ ပြောကြသည့် 'သတ္တိနှင့်ဣန္ဒြေ'

ဆိုသည်ကို ပုံမှန်မြင်နိုင်ရန်ဆိုလျှင် ကျွန်ုပ်တို့၏ အာဏာပိုင်များက ဖွင့်လှစ်ထားသော ကပ်သင့်သီးသန့် ရပ်ကွက် သို့မဟုတ် သီးခြားခွဲထားသည့် စခန်းတစ်ခုခုသို့ သွားကြည့်ရုံသာ ရှိပေသည်။ ဤအကြောင်းများကို ပြန်ပြောသူမှာ အခြားနေရာများတွင် အချိန်ပြည့် အလုပ်များလျက်ရှိသဖြင့် ထိုရပ်ကွက်များ၊ စခန်းများသို့သွားရန် အကြောင်းမရှိခဲ့။ ထို့ကြောင့်ပင် ဤနေရာတို့၏ အခြေအနေများနှင့် ပတ်သက်သည့် ဖော်ပြချက်များအတွက် တာရို၏ နေ့စဉ်မှတ်တမ်းများကိုသာ အားကိုးရပေတော့မည်။

တာရိုက သူ ရမ်းဘားနှင့်အတူ သွားရောက်ခဲ့သည့် စည်ပင်သာယာ ကစားကွင်းထဲက စခန်းတစ်ခု၏ အကြောင်းကို ပြန်ပြောထားသည်။ ကစားကွင်းသည် မြို့အစွန်အဖျားတွင် ဖြစ်ပြီး ဓာတ်ရထားလမ်း ယှဉ်လျက်ရှိသော လမ်းနှင့် အိုရန်မြို့တည်ထားသော တောင်ကလပ်အစွန်အထိရှိသော ကွင်း လပ်တို့၏ အကြားတွင် တည်ရှိသည်။ ထိုနေရာတွင် အုတ်အင်္ဂတေတို့ဖြင့် အခိုင်အခံ့ ဆောက်ထားသော တံတိုင်းမြင့်ကြီးများ ကာရံထားပြီဖြစ်၍ အထဲမှလူများ ထွက်မပြေးနိုင်စေရန်မှာ အဝင်ပေါက်ကြီး လေးပေါက်၌ အစောင့်များ ချထားဖို့သာ လိုလေသည်။ ဤတံတိုင်းမြင့်ကြီးများသည် အခြားကိစ္စမျိုးအတွက်လည်း အသုံးဝင်သည်။ ကံမကောင်း အကြောင်းမလှ၍ အတွင်း၌ ရောက်နေကြရသူများအား အပြင်ဘက်လမ်းပေါ်မှ လူများက မမြင်နိုင်အောင် ကာပေးထားသကဲ့သို့ ရှိသည်။ မမြင်နိုင်သောကြောင့် ကောင်းသည်ဟု ဆိုရစေကာမူ အထဲက လူများအဖို့ မြင်မနေရသည့်တိုင်အောင် တစ်နေ့လုံး ဖြတ်သွားဖြတ်လာ ဓာတ်ရထားသံများ၊ အလုပ်ဆင်းချိန် အလုပ်တက်ချိန်များ၌ ပိုမိုဆူညံလာသော လမ်းပေါ်က အသံဗလံများကိုတော့ ကြားနေရသည်သာ ဖြစ်သည်။ ဤသို့လျှင် သူတို့နှင့် ခွဲခွာထားခြင်းခံရသော အပြင်လောကကြီးသည် သူတို့နှင့် ကိုက်အနည်းငယ် အကွာ၌ ခါတိုင်းကဲ့သို့ပင် အသွားအလာမပျက် ရှိနေသည်ကို လည်းကောင်း၊ သူတို့အကြားမှ တံတိုင်းမြင့်ကြီးက သူတို့အား တစ်ကမ္ဘာစီ ခြားပေးထားလိုက်သကဲ့သို့ ရှိနေပါလား ဆိုသည်ကို လည်းကောင်း စဉ်းစားမိကြလေတော့သည်။

တာရိုနှင့် ရမ်းဘားတို့သည် ထိုကစားကွင်းသို့ သွားရန်အတွက် တနင်္ဂနွေနေ့ကို ရွေးချယ်လိုက်ကြ၏။ သူတို့နှင့်အတူ ရမ်းဘားက ဆက်သွယ်လျက်ပင် ရှိပြီး ထိုစခန်းတွင် အလှည့်ကျ စောင့်ကြပ်ရသော အဖွဲ့ထဲတွင် ပါဝင်လုပ်ကိုင်ရန် ဆွယ်သည်ကို သဘောတူခေါင်းညိတ်ခဲ့သော ဘောလုံးသမားဂုန်ဇာလီပါ ပါလာခဲ့သည်။ ဤတစ်ခေါက်တွင် ဂုန်ဇာလီအား စခန်းမှူးနှင့် မိတ်ဆက်ပေးဖို့ ဖြစ်၏။ ထိုညနေက သူတို့တွေ့ကြသောအခါ ဂုန်ဇာလီက ရှေးဦးစွာ စ၍ပြောလိုက်သော စကားများမှာ ပလိပ်ကပ်မဖြစ်ပွားမီက ဤအချိန်မှာပင် သူ ဘောလုံးကန် အဝတ်အစားများကို စတင်ဝတ်ဆင်လေ့ရှိသည် ဟူ၍ပင် ဖြစ်သည်။ ယခုမူ ကစားကွင်းများကို သိမ်းယူထားပြီ ဖြစ်သဖြင့် ဘာမျှမရှိတော့လေရာ

ဂုန်ဇာလီမှာ ဘာကောက်လုပ်လိုက်ရမှန်းမသိ ဖြစ်နေဟန် တူပေသည်။

မိုးကလေးအုံ့လျက်ရှိသော ကောင်းကင်ကို မော့ကြည့်ကာ ဂုန်ဇာလီက ထိုကဲ့သို့သော မပူလွန်းမအေးလွန်း နေ့များမှာ ဘောလုံးကစား၍ အလွန်ကောင်းမည် ဖြစ်ကြောင်း ဝမ်းနည်းပန်းနည်း ပြောသည်။ ထို့နောက် သူက သူမှတ်မိသမျှ တစ်ခါတုန်းက ဘောလုံးသမားတို့၏ အမ်ဘာရိုကေးရှင်း ကိုယ်လိမ်းဆီနံ့များ၊ အဝတ်လဲသည့် အခန်းများ၊ လူတွေပြည့်လျှံနေသည့် ပွဲကြည့်စင်များ၊ မြေကြီးရောင်ညိုညို နောက်ခံတွင် ပေါ်လွင်ထင်ရှားနေသော ဘောလုံးသမားဝတ် အင်္ကျီအရောင်စုံများ၊ အနားပေးချိန်တွင် ခြောက်သွေ့နေသော အာခေါင်နှင့် လည်ချောင်းထဲသို့ စူးစူးရှရှ ဝင်သွားကာ အမောပြေသွားစေသော သံပုရာခြမ်းများအကြောင်း စမြုံ့ပြန်နေပြန်လေသည်။ သူတို့ မသပ်ရပ်သော မြို့ပြင်ဘက်က လမ်းများသို့ ရောက်လာကြသောအခါ ဘောလုံးသမားသည် လမ်းတွင် တွေ့သမျှ ခဲလုံးကလေးများကို ဘောလုံးကန်သလို ကန်၍လာသည်ဟုလည်း တာရိုက မှတ်တမ်းတင်ထားသည်။ ထိုခဲလုံးကလေးများကို လမ်းဘေးရေမြောင်းများမှ အပေါက်ငယ်ကလေးများထဲသို့ ကန်သွင်းရာတွင် တည့်တည့်ဝင်၍ သွားတိုင်း "တော်ပေတယ်၊ ဂိုး" ဟူ၍ အော်ဟစ်လိုက်သေးသည် ဆိုသည်။ စီးကရက်တစ်လိပ်သောက်၍ ပြီးသောအခါ စီးကရက်တိုကို နှုတ်ခမ်းဖျားမှ ရှေ့သို့ ထွေးထုတ်လိုက်ပြီး မြေကြီးသို့မထိမီ ခြေဦးဖြင့် ထိုး၍ ခံလိုက်တတ်သည်။ စည်ပင်သာယာကစားကွင်းအနီးတွင် ကလေးသူငယ်တစ်စု ကစားနေကြရာမှ ဘောလုံးသည် လူသုံးယောက် လျှောက်လာရာဆီသို့ လိမ့်လာသဖြင့် ဂုန်ဇာလီက ရှေ့သို့ထွက်ကာ ဘောလုံးကို ကျကျနနကန်၍ ပြန်ပေးလိုက်သည်။

ကစားကွင်းထဲသို့ ဝင်လိုက်လျှင် ပွဲကြည့်စင်များတွင် လူများ အပြည့်ရှိသည်ကို တွေ့ကြရ၏။ ကွင်းလယ်တွင်ကား ရွက်ဖျင်တဲကလေးတွေ အစီအရီထိုးလျက် အတွင်းဘက်တို့တွင် အိပ်ရာများ၊ အဝတ်ထုပ်များ၊ စောင်များကို တစ်စွန်းတစ်စ မြင်နေရသည်။ ပွဲကြည့်စင်များကိုမူ အတွင်းရှိလူများ မိုးရွာလျှင် ဖြစ်စေ၊ နေပူလျှင် ဖြစ်စေ အသုံးပြုခွင့်ပေးထားသည်။ သို့ရာတွင် ညနေ နေဝင်ချိန်တွင်မူ လူတိုင်းလူတိုင်း မိမိ၏ တဲအတွင်း၌ ရှိနေရန်မှာ စခန်း၏ဥပဒေတစ်ရပ် ဖြစ်သည်။ ပွဲကြည့် စင်များ၏အောက်တွင် ရေပန်းများ တပ်ဆင်ထားသည်။ ယခင်က ဘောလုံးသမားများ အဝတ်လဲသည့် အခန်းများကို ရုံးများ၊ ဆေးပေးခန်းများအဖြစ် ပြောင်းလဲထားသည်။ အထဲရှိလူအများစုသည် ပွဲကြည့်စင်များပေါ်တွင် ဟိုနားတစ်စု သည်နားတစ်စု ထိုင်နေကြသည်သာ များ၏။ သို့ရာတွင် အချို့ကမူ ကစားကွင်းဘေး စည်းတစ်လျှောက် လမ်းလျှောက်နေကြပြီး၊ အချို့က သူတို့၏ တဲဝတွင်ထိုင်ကာ ပျင်းမှုပျင်းရာနှင့် ပတ်ပတ်လည်ရှိ ရှုခင်းကို ငေးကြည့်လျက် ရှိကြသည်။ ပွဲကြည့်စင် သစ်သားခုံတန်းများပေါ်၌ ခါးထိအောင် လျှော၍ထိုင်နေကြသော လူများစွာ၏ မျက်နှာပေါ်တွင်ကား တစ်စုံတစ်ရာကို ဝိုးတဝါး

မျှော်ငံ့နေကြသည့်အသွင်များ ပေါ်လွင်လျက် ရှိလေသည်။

တာရိုက ရမ်ဘားအား "ဒီလူတွေ တစ်နေ့လုံး ဘာတွေလုပ်နေကြလဲ" ဟု မေးသည်။

"ဘာမှ မလုပ်ဘူး"

လူအားလုံးလိုလိုပင် လက်ထဲ၌ ဘာမျှကိုင်မထားကြ။ လက်ချည်းသက်သက် လွှဲလျက်ရှိကြသည်။ ဤသို့ အသုံးမဝင်ဖြစ်နေသော သူတို့နှင့် ပတ်သက်၍ အခြားထူးဆန်းသော အခြင်းအရာတစ်ခုကား ယင်းတို့၏ တိတ်ဆိတ်ငြိမ်သက်ခြင်း ပေတည်း။

ရမ်ဘားက "သူတို့ ဒီကိုရောက်စကဆိုရင် ခင်ဗျားနယ် စကားပြောသံတောင် မကြားရအောင်ဘဲ ဆူညံနေတာဗျ။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ ငြိမ်ငြိမ် ငြိမ်ငြိမ် လာကြတာပဲ" ဟု ပြောသည်။

ဤပြောင်းလဲမှု၏ အကြောင်းရင်းဟု သူ့စိတ်၌ တွေးမိသည်တို့ကိုလည်း တာရိုက သူ၏မှတ်စုများတွင် ပေးထားသည်။ စောစောပိုင်းက ဤစခန်းရှိ တဲများအတွင်းသို့ သူတို့တတွေ အစုလိုက် အထွေးလိုက် ရောက်လာကြပုံကို ထင်မြင်ကြည့်သည်။ သူတို့သည် ယင်တယောင်းယောင်းနှင့် သူတို့ကိုယ်သူတို့ ကုတ်ရင်းခြစ်ရင်းက သူတို့ကြောက်ကြရပုံ၊ ဒေါသဖြစ်ကြရပုံများကို စာနာစိတ်ဖြင့် နားထောင်မည့် သူရှိလျှင် ပြောပြနေတတ်ကြသည်ကို ကြားယောင်မိသည်။ သို့သော် စခန်းတွင် တဖြည်းဖြည်း လူကျပ်၍ လာသောအခါတွင် နားထောင်ချင်သူလည်း နည်းသည်ထက် နည်းလာသည်။ ဤတွင် သူတို့မှာ အေးအေးနေရုံမှတစ်ပါး ဘာမျှမရှိတော့ဘဲ အရာရာတိုင်း လူတိုင်းကို မယုံမကြည် ဖြစ်လာဟန်တူသည်။ တကယ်ပင် အုတ်နီရောင်စခန်းပေါ်သို့ ဤသံသယစိတ်သည် ဝင်းလက်သော ကောင်းကင်ပြာထက်မှ နှင်းကျသလို ကျ၍လာခဲ့သည် ဟု ထင်စရာဖြစ်လေသည်။

မှန်ပါသည်။ သူတို့အားလုံး၏ မျက်လုံးများတွင် သံသယရှိနေသည်။ သူတို့အား ဤသို့ခွဲခြားထားခြင်းတွင် လုံလောက်သော အကြောင်းတော့ ရှိရာ၏ဟု တွေးတောကာ သူတို့၏ ပြဿနာက ဘာဖြစ်သည်ကို အတွေးရခက်ပြီး ကြောက်လန့်နေကြသူများ၏ အသွင်ကို ဆောင်နေကြသည်။ တာရို ကြည့်ရှုခဲ့မိသမျှ လူတိုင်းလိုလိုပင် သူ့ဘဝ၌ အဓိပ္ပာယ်ရှိတာ မှန်သမျှ သူ့ထံမှ လုံးဝ ဖြတ်ခွဲပစ်လိုက်သည်ကို ခံရသူပမာ ငေးမိငေးရာတွေဝေငေးမော၍ နေသည်ကိုသာ မြင်ခဲ့ရသည်။ သေခြင်းအကြောင်းကိုလည်း တစ်ချိန်လုံး တွေးမနေနိုင်၊ အခြားလည်း ဘာမှတွေးစရာမရှိသဖြင့် သူတို့ ဘာမျှမတွေးဘဲ နေကြသည်။ သူတို့သည် ရက်အား ရနေကြသူများ ဖြစ်ကြ၏။ သို့သော် အဆိုးဆုံးမှာ သူတို့အား သူတို့၏လူများက မေ့လျော့ထားကြခြင်း ဖြစ်ပြီး ထိုအဖြစ်ကို သူတို့ သိနေကြရခြင်း ဖြစ်သည်ဟု

တာရိုက ရေးထားသည်။ သူတို့၏လူများတွင် အခြားစဉ်းစားစရာတွေ ရှိနေမှတော့ သူတို့အား မေ့ထားကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ သူတို့၏ ချစ်ခင်သူများက သူတို့ကို ဤစခန်းအတွင်းမှ ထုတ်ယူရန် ကြိုးစားကြရာတွင် အင်တိုက်အားတိုက် လုပ်ဆောင်ကြရသောကြောင့် သူတို့အား မေ့ထားကြရသည်။ သူတို့ကိုထုတ်ယူရန် အစီအစဉ်များ၊ လုပ်ငန်းစဉ်များကို အမြဲတစေ တွေးတော၍ချည်း နေရသောအခါ သူတို့မှာ အထဲကလူများ အကြောင်းကို မတွေးအားကြတော့။ ထိုသို့ မတွေးအားကြရ သည်မှာလည်း ဓမ္မတာပင်ဖြစ်သည်။ တကယ်က ဤသို့ ဖြစ်သည်။ အဆိုးဆုံးဘေး အန္တရာယ်ကျရောက်နေစဉ်မှာ ဖြစ်စေ၊ တစ်စုံတစ်ယောက်သောသူ၏ အကြောင်းကို မည်သူမျှ တစ်ချိန်လုံး တွေးမနေနိုင်။ တစ်စုံတစ်ယောက်၏ အကြောင်းကို တွေးနေသည်ဆိုသည်မှာ ထိုတစ်ယောက်၏ အကြောင်းကို စားရင်းဖြစ်စေ၊ ပါးပေါ် ယင်လာနားခိုက် ဖြစ်စေ၊ အိမ်မှုအလုပ်များ လုပ်လျက်ဖြစ်စေ၊ ရုတ်တရက် တစ်နေရာရာက ယားယံလာခိုက် ဖြစ်စေ မိနစ်မလပ် တွေးနေခြင်းကို ဆိုလိုသည်။ သို့ရာတွင် ယင်ကောင်များ၊ ယားယံခြင်းများကတော့ ဘယ်အခါမဆို ရှိနေသည်ချည်း။ ထို့ကြောင့်ပင် လူ့ဘဝ၌ အဆင်မပြေနိုင်ခြင်း ဖြစ်သည်။ ဤလူများသည် ဤအဖြစ်ကို ကောင်းကောင်းသိကြပေသည်။

စခန်းဥက္ကဋ္ဌက သူတို့ထံသို့လာ၍ အိုသုန်အမည်ရှိ လူကြီးတစ်ယောက်က သူတို့အား တွေ့လိုကြောင်း ပြောသည်။ ဂုန်ဇာလီအား ရုံးခန်း၌ထားခဲ့ပြီး သူက အခြားလူများအား အထူးတန်းပွဲကြည့်စင် ထောင့်တစ်ထောင့်သို့ ခေါ်သွားရာ၊ မွန်ဆီယာအိုသုန် တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့ကြရသည်။ သူတို့ ချဉ်းကပ်သွားတော့ မွန်ဆီယာအိုသုန်က ထိုင်ရာမှထသည်။ တရားသူကြီးမှာ ရှေးကကဲ့သို့ပင် တစ်သဝေမတိမ်း ဝတ်ဆင်ထားသည်။ ကော်လာအမာလည်း ဝတ်လျက်ပင်။ အပြောင်းအလဲဟူ၍ တာရိုသတိပြုမိသည်မှာ သူ၏နဖူးပေါ်က ဆံပင်စုကို နောက်သို့ သေသပ်စွာလှန်၍ ဖီးမထားခြင်းနှင့် ဖိနပ်တစ်ဖက်မှာ ကြိုးပြေနေခြင်းတို့သာ ဖြစ်သည်။ မွန်ဆီယာအိုသုန်မှာ လွန်စွာပင်ပန်းနွမ်းနယ် နေဟန်ရှိပြီး သူတို့ထံသို့ ရောက်လာသူများအား တစ်ခါမျှ မျက်နှာတည့်တည့် မကြည့်ချေ။ သူက သူတို့နှင့်တွေ့ရသည်ကို ဝမ်းသာကြောင်းပြောကာ ဒေါက်တာရေး ဆောင်ရွက်ပေးသမျှအတွက် ကျေးဇူးတင်ကြောင်း ပြောပေးပါဟု မှာလေသည်။

ထို့နောက် အတော်ကြာအောင် တိတ်ဆိတ်နေပြီး မနည်းကြိုးစားကာ တရားသူကြီးက စကားဆက်ပြောသည်။

“ကျွန်တော့်သား ဂျက်ကီကလေး သိပ်တော့ ဝေဒနာခံမသွားရ ရှာပါဘူး ထင်ပါရဲ့နော်”

သူ့သား၏အမည်ကို ထုတ်ဖော်ပြောသည်မှာ ဤတစ်ကြိမ် ပထမဆုံးအဖြစ် တာရို ကြားဖူးရသည်။ တစ်စုံတစ်ခု ပြောင်းလဲခဲ့ပြီဟု သူ သတိပြုမိ၏။

နေဝင်လုပြီဖြစ်၍ တိမ်တောင်များအကြားမှ လျှံထွက်လာသော နေရောင်ခြည်ဝါဝါသည် သူတို့၏ပါးများပေါ်သို့ ထိုးလာသည်။

တာရိုက "မခံရပါဘူးဗျာ။ သူ ဝေဒနာခံသွားရတယ်လို့ မပြောနိုင်ပါဘူး" ဟု ဆိုသည်။

သူတို့ သွားတော့မည်ဟု နှုတ်ဆက်သောအခါ တရားသူကြီးမှာ နေရောင်လင်းရာဘက်သို့ ငေးလျက်ပင်ရှိသည်။

သူတို့ ဂုန်ဇာလီအား နှုတ်ဆက်ရန် ရုံးခန်းထဲသို့ ဝင်ခဲ့ကြသောအခါ ဂုန်ဇာလီသည် တာဝန်အလှည့်ကျစာရင်းကို ကြည့်လျက်ရှိသည်။ သူတို့ သွားကြတော့မည်ဟု ဂုန်ဇာလီအား နှုတ်ဆက်ကြစဉ် ဂုန်ဇာလီသည် အားရပါးရ ရယ်လျက် "ဘယ်လိုမဆို ကျုပ်ကတော့ ကျုပ်နေရာဟောင်း အဝတ်လဲခန်းထဲ ပြန်ရောက်နေပြီလေ။ ဒါလည်း တစ်မျိုးဟန်ကျတာပဲဗျ" ဟု ပြောနေလေသည်။

ထို့နောက် မကြာမီ စခန်းဥက္ကဋ္ဌက တာရိုနှင့်ရမ်းဘားတို့အား အထွက်အထိ လိုက်ပို့စဉ် ပွဲကြည့်စင်များဆီမှ ဖြိုးဖြိုးဖြောက်ဖြောက် မြည်သံများ ကြားလိုက်ရသည်။ ထို့နောက်တခဏတွင် ကာလကောင်းစဉ်က ဘောလုံးပွဲ အရှုံးအနိုင် ကြေညာရာ၌ လည်းကောင်း၊ အားကစားအသင်းများကို ပရိသတ်နှင့် မိတ်ဆက်ပေးရာ၌ လည်းကောင်း အသုံးပြုသော အသံချဲ့စက်များမှနေ၍၊ စခန်းရှိလူများအား ညနေစာအတွက် မိမိတို့၏တဲများသို့ ပြန်ကြရန် အကြောင်းကြားသည့်အသံ ပေါ်ထွက်၍ လာလေသည်။ ထို့နောက်တွင် ပွဲကြည့်စင်များပေါ်မှ လူများသည် တဖြည်းဖြည်းချင်းထကာ တဲများဆီသို့ အတန်းလိုက် အတန်းလိုက် တရွေ့ရွေ့ သွားလျက်ရှိကြတော့သည်။ အားလုံး ရွက်ဖျင်မိုးများအောက်သို့ ရောက်ရှိကြသောအခါ မီးရထားဘူတာ ပလက်ဖောင်းများပေါ်တွင် ပစ္စည်းသယ်သည့် ပက်လက်လှေျပစ်စက်ကားကလေး နှစ်စီးသည် တဲများ၏အကြားသို့ ကွေ့ကာဝိုက်ကာ ဝင်ရောက်၍ လာလေသည်။ ကားတစ်စီးစီတွင် တင်လာသည့် ဒယ်အိုးကြီး နှစ်လုံးထဲသို့ ယောက်ချိုဖွန်းကြီးနှစ်ခုဖြင့် ပြိုင်တူနှစ်၍ခပ်ကာ တဲထဲရှိလူများက ထိုး၍ခံနေသည့် သံခွက်များထဲသို့ စောင်းကာစောင်းကာ ထည့်ပေးသွားသည်။

တစ်တဲပြီးလျှင် ကားကလေးသည် နောက်တစ်တဲသို့ ရွေ့သွားလေသည်။ တာရိုက "အတော် နိုင်နိုင်နင်းနင်း လုပ်တတ်တာပဲ" ဟု မှတ်ချက်ချလိုက်သည်။

စခန်းဥက္ကဋ္ဌက လက်ဆွဲနှုတ်ဆက်ရင်း ပြုံးနေသည်။

"ဟုတ်ကဲ့။ နိုင်နင်းရမှာပေါ့ဗျာ။ ဒီစခန်းမှာတော့ နိုင်နိုင်နင်းနင်း လုပ်တတ်ရမယ် ဆိုတာက ကျွန်တော်တို့ရဲ့ ယုံကြည်ချက်ပဲ"

မှောင်စပြုလျက် ရှိလေသည်။ ကောင်းကင်တွင်လည်း ရှင်းလင်းသွားကာ စခန်းမှာလည်း ဖျော့တော့အေးချမ်းသော အလင်းရောင် လွှမ်းခြုံလျက် ရှိလေသည်။ ညနေခင်း၏ တိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖောက်ထွင်း၍ ဖွန်းသံ၊ ခက်ရင်းသံများ သဲ့သဲ့မျှ ကြားနေရသည်။ တဲများ၏အထက်ဆီ၌ လင်းနို့များက တဖျတ်ဖျတ်ဝဲကာ လှစ်ခနဲလှစ်ခနဲ မှောင်ထဲတွင် ပျောက်ကွယ်လျက်ရှိကြ၏။ တံတိုင်း၏ အပြင်ဘက်က သံလမ်းကူးတွင် ဓာတ်ရထားတစ်စီး ဘီးပွတ်သွားသံကို ကြားရသည်။

တံခါးများပိတ်၍ သူတို့ အပြင်သို့ ရောက်ကြသောအခါ တာရိုက "ဩော်မွန်ဆီယာအိုသုန် ခမျာလည်း သနားပါတယ်။ သူ့ကို ကူညီဖို့အတွက် တစ်ခုခုတော့ လုပ်ပေးချင်ပါရဲ့။ ဒါပေမယ့် တရားသူကြီးတစ်ယောက်ကို ဘယ်လိုလုပ်ပြီး ကူနိုင်မလဲ" ဟု ခပ်တိုးတိုး ဆိုလိုက်လေ၏။

* * *

။၆။

မြို့ထဲတွင် အလားတူ အခြားစခန်းများလည်း ရှိသေးသည်။ သို့သော် ဤအကြောင်းများကို ပြန်ပြောသူမှာ ကိုယ်တိုင်သိရှိရခြင်းလည်း မရှိ၍ တိကျမှန်ကန်မှုကို ထောက်ထားသောအားဖြင့် ယင်းတို့၏အကြောင်းကို တစ်စုံတစ်ရာ ထပ်ဆင့် ပြောဆိုရန် မရှိတော့ပါ။ သို့ရာတွင် သူ့မှာ တစ်ခုတော့ ပြောစရာ ရှိပါသည်။ ဤစခန်းများ ရှိနေခြင်း၊ ဤစခန်းများ၌ လူများ ပြည့်ကျပ်နေရာမှ ထွက်လာသည့် အနံ့များ၊ ညနေမှောင်ရီရီတွင် ထိုစခန်းများဆီမှလာသော အသံချဲ့စက်သံများ၊ ယင်းတို့၏ ပတ်ဝန်းကျင်၌ ရစ်ဝဲလျက်ရှိသည့် လျှို့ဝှက်သည်းဖို အခြင်းအရာနှင့် ထိုသို့ ပိတ်ပင်တားမြစ်ထားသည့် နေရာများကို ကြောက်ရွံ့သည့် စိတ်တို့သည် ကျွန်ုပ်တို့၏ မြို့သူမြို့သားများ စိတ်ဓာတ်ကို ထိခိုက်စ ပြုလျက်ရှိပြီး တဖြည်းဖြည်း ချောက်ချား၍ လာကြသည်။ ငြိမ်ဝပ်ပိပြားရေးကို ချိုးဖောက်မှုများနှင့် ရန်းရင်းဆန်ခတ်မှုကလေးများ ရှေးကထက် ပို၍ စိပ်စိပ် ဖြစ်လာခဲ့လေသည်။

နိုဝင်ဘာ နီးကပ်လာသောအခါ နံနက်ခင်းများသည် ပိုမို၍ ချမ်းလာသည်။ မိုးကြီးများ သည်းထန်စွာ ရွာချလိုက်သောအခါ လမ်းများမှာ ပြောင်စင်သွားပြီး ကောင်းကင်၌လည်း တိမ်များ ရှင်းသွားသည်။ နံနက်ခင်းများတွင် နေရောင် ဖျော့ဖျော့ကလေးသည် မြို့ပေါ်တွင် အအေးမပျက် တလက်လက် ပက်ဖျန်းပေးတတ်သည်။ ညအချိန်ဆီသို့ ရောက်လျှင်မူ အပူငွေ့ကလေး ဝင်လာတတ်သည်။ တာရိုက သူ၏အကြောင်းကို ဒေါက်တာရေးအား ပြောပြရန် ရွေးချယ်လိုက်သည်မှာလည်း ဤကဲ့သို့သော ညတစ်ညတွင် ဖြစ်၏။

အထူးပင်ပန်းခဲ့ကြရသော နေ့တစ်နေ့၏ အဆုံးတွင် တာရိုက ဆရာဝန်အား ညနေဘက်တွင် ဆရာဝန်၏ ပန်းနာသည် လူနာကြီးထံသို့ အတူတကွ သွားလည်ကြရန် အကြံပြုလေသည်။ မြို့ဟောင်းပိုင်း၏ အိမ်ခေါင်မိုးများပေါ်သို့ နေရောင်ခြည် ဖျော့ဖျော့ကလေး ထိုးလျက် လမ်းဆုံလမ်းခွများသို့ ရောက်တိုင်း သူတို့၏ မျက်နှာများအား လေအေးကလေးက တိုက်ခတ်ပေးလျက် ရှိသည်။ တိတ်ဆိတ်သော လမ်းများမှ လာခဲ့ကြသည်ဖြစ်၍ အစတွင် ပန်းနာသည်ကြီးက စကားဖောင်အောင် ပြောနေသည်ကို ကသိကအောက် ဖြစ်ကြရသည်။ အဘိုးကြီးက အချို့သောသူများမှာ ဝအီနေပြီဖြစ်ကြောင်း၊ အကောင်းဆိုလျှင် ဤလူများချည်း အမြဲရနေကြောင်း၊ ဤအတိုင်း အဆုံးအစမရှိ သွားနေကြ၍ မဖြစ်ကြောင်း၊ လက်ဖဝါးချင်းပွတ်လျက် တစ်နေ့တွင် အကြီးအကျယ် 'ချ'လိမ့်မည် ဖြစ်ကြောင်း အာပေါင်အာရင်း သန်သန်ဖြင့် လေလျှောက်မှုတ်နေလေတော့သည်။ ဆရာဝန်က သူ့အား ကြည့်ရှုကုသပေးလျက် ရှိစဉ် တစ်ချိန်လုံးမှာလည်း သူသည် ဤသဘောရှိသော အကြောင်းများကိုပင် ချဲ့ထွင်၍ လေရှည်ပြောနေလေသည်။

သူတို့အပေါ်ထပ်မှ ခြေသံများ ကြားကြရသည်။ တာရိက မော့ကြည့်လိုက်သည်ကို မြင်လိုက်၍ အဖွားကြီးက တစ်ဘက်ခန်းမှ မိန်းကလေးများ တိုက်အမိုးပြန့်ပေါ်တွင် လမ်းလျှောက်နေကြခြင်း ဖြစ်သည်ဟု ပြောပြသည်။ ထို့နောက် အဖွားကြီးက ဆက်လက်၍ အမိုးပြန့်ပေါ် တက်ကြည့်လျှင် ရှုခင်းသာယာကြောင်း၊ မြို့၏ ဤအပိုင်းမှအိမ်များမှာ ဘေးချင်းကပ် အမိုးချင်းဆက်လျက် ရှိတတ်သောကြောင့် အမျိုးသမီးများ တစ်အိမ်မှတစ်အိမ်ကူး၍ လည်ချင်လျှင် လမ်းထဲသို့ဆင်းပြီးမှ ကူးဖို့မလိုတော့ကြောင်း ဆက်ပြောသည်။

"တက်ကြည့်ပါလားဗျ။ လေကောင်းလေသန့်လည်း ရတာပေါ့" ဟု အဘိုးကြီးက အကြံပေးသည်။

သူတို့ အပေါ်သို့ တက်ခဲ့ကြသောအခါ မည်သူ့အားမျှ မတွေ့ရ။ ကုလားထိုင်လွတ် သုံးလုံးသာ ရှိ၏။ တစ်ဘက်တွင် တိုက်အမိုးပြန့်တို့သည် မျက်စိတဆုံး အစီအရီရှိပြီး အဝေးဆုံး အမိုးပြန့်သည် မြို့နှင့် အနီးဆုံးတောင်ကုန်းဟု သူတို့သိသော မညီမညာ မြေကမူခပ်မှောင်မှောင်ပေါ်တွင် မေးတင်လျက်ရှိသည်။ အခြားတစ်ဘက် လမ်းများနှင့် မမြင်ရသော ဆိပ်ကမ်းတို့ကိုကျော်၍ မျှော်ကြည့်လိုက်လျှင် ကောင်းကင်နှင့်ပင်လယ်၊ လှုပ်လှုပ်ရှေးရှေး ရောယှက်ဟန်ရှိရာ မှုန်ဝါးဝါးမိုးကုပ် စက်ဝိုင်း ရှိသည်။ ကမ်းပါးစောက်များဟု သူတို့သိသော မည်းမည်းအကွက်၏ ဟိုမှာဘက်ဆီမှ ပင်ရင်းကို မမြင်ရသော အလင်းရောင်တစ်ခုသည် ပေါ်လာလိုက် ပျောက်သွားလိုက်ဖြင့် မှန်မှန်လည်လျက် ရှိ၏။ ဆိပ်ကမ်းအဝင် ရေကြောင်းထိပ်က အချက်ပြမီးသည် အိုရန်မြို့ကို ရှောင်ကွင်း၍ ကမ်းရိုးတန်းတစ်လျှောက်ရှိ အခြား ဆိပ်ကမ်းများသို့ သွားကြသော သင်္ဘောများအတွက် ဆက်လက်၍ ပြလျက်ရှိသည်။ ည လေညှင်းတိုက်ခတ်၍ ရှင်းလင်းကြည်လင်လျက် ရှိသော ကောင်းကင်ပြင်ဝယ် ကြယ်ငွေမှုန်ကလေးများသည် ဤဆုံလည်မီးရောင်နှင့် တွေ့ချိန်တွင် အခိုက်အတန့် မှေးမှိန်၍ သွားကြသည်။ အရာရာသည် ငြိမ်သက်လှပေသည်။

ဒေါက်တာရေးက ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်ရင်း "သာယာလိုက်တဲ့ နေရာကလေးဗျာ။ ဒီနေရာမှာတော့ ပလိပ်ကပ် ဘယ်တော့မှ မရောက်ခဲ့ဘူးလို့ ထင်စရာပါပဲ" ဟု ပြောလိုက်သည်။

တာရိုသည် ဆရာဝန်အား ကျောပေးလျက် ပင်လယ်ဘက်ဆီသို့ ငေးလျက်ရှိ၏။

တခဏမျှ ငြိမ်သက်နေပြီး သူက "ဟုတ်တယ်။ ဒီနေရာရောက်လာရတာ သိပ်ကောင်းတာပဲ" ဟု ပြန်ပြောသည်။

ထို့နောက် ဒေါက်တာရေး၏ဘေးက ကုလားထိုင်တွင် ဝင်၍ ထိုင်ကာ

ဆရာဝန်၏မျက်နှာကို စိုက်ကြည့်နေလေသည်။ အချက်ပြဆုံလည်မီး ကောင်းကင်ဘက်သို့ သုံးကြိမ်တက်လာပြီး ကွယ်ပျောက်သွားသည်။ အောက်ဘက်ရှိ လမ်းမျက်နှာပြင် အခန်းတစ်ခုမှ ပန်းကန်ခွက်ယောက်သံသဲ့သဲ့ ကြားရသည်။ အိမ်ထဲ တစ်နေရာမှ တံခါး ဒိုင်းခနဲပိတ်သံကိုလည်း ကြားလိုက်ရ၏။

တာရိုက ရိုးရိုးစကားပြောသည့် လေသံဖြင့် "ဒေါက်တာရေး။ ဆရာ ကျွန်တော့်အကြောင်း ကျွန်တော် ဘယ်လိုလူလဲ ဘာလဲဆိုတာ ဆရာ တစ်ခါမှ သိအောင် အားမထုတ်ဖူးဘူးနော်။ ခင်ဗျာ့ကို ကျွန်တော့်မိတ်ဆွေလို့ သဘောထားနိုင်ရဲ့ မဟုတ်လား" ဟု မေးလိုက်သည်။

"ထားနိုင်ပြီကောဗျာ။ ကျုပ်တို့ဟာ မိတ်ဆွေတွေပဲ ဥစ္စာ။ အခုအချိန်ထိ ဒါကိုပြဖို့ အချိန်မရခဲ့ကြလို့သာပေါ့"

"ဟုတ်ပြီဗျာ။ ဒီလိုဆို ကျွန်တော် စိတ်ချသွားပြီ။ ကျွန်တော်တို့ ခင်မင်ရင်းနှီးမှုကို အကြောင်းပြုပြီး တစ်နာရီလောက် အားလပ်ခွင့်ယူကြရအောင်လား"

ဒေါက်တာရေးက အပြုံးဖြင့် အဖြေပေးလိုက်၏။

"ကဲ၊ စပြီဗျာ"

နှစ်လမ်းသုံးလမ်းကျော်ဆီက ရေစိုစိုလမ်းပေါ်တွင် အရှိန်ဖြင့် မောင်းသွားသော ကားဘီးသံ တရှောရှော ကြားလိုက်ရ၏။ ထိုကားသံ ဝေးပြီးပျောက်သွားသော အခါတွင် အတော်ဝေးသည့် တစ်နေရာဆီမှ ပိုးတိုးဝါးတား အော်ဟစ်သံတစ်ခုသည် တိတ်ဆိတ်ခြင်းကို ဖောက်ထွင်း၍ ပေါ်လာသည်။ ထို့နောက် သူတို့နှစ်ယောက်၏ ပတ်ဝန်းကျင်မှ စိုထိုင်းသော လေထုသည် တိတ်ဆိတ်ငြိမ်သက်၍ သွားပြန်သည်။ တာရိုသည် ထိုင်ရာမှထခဲ့ပြီး အမိုးပြန့်အစွန်းက ဒူးတိုက်အကာအရံပေါ်တွင် ဒေါက်တာရေးဘက်သို့ မျက်နှာမူ၍ ထိုင်လျက်ရှိသည်။ ဒေါက်တာရေးမှာ သူ၏ ကုလားထိုင်၌ပင် ခါးအထိလျှော၍ ထိုင်လျက်ရှိ၏။ ကြယ်ရောင် တလက်လက် လင်းလျက်ရှိသော ကောင်းကင်နောက်ခံတွင် တုတ်ခိုင်သော တာရို၏ ခန္ဓာကိုယ် ကြီးအား ကောက်ကြောင်းမျဉ်းမျှသာ မြင်ရတော့၏။ သူ့တွင် ပြောစရာ များစွာရှိသည်။ အောက်၌ ဖော်ပြလတ္တံ့တို့သည် သူပြောပြသည့် စကားများအတိုင်းလိုလိုပင် ဖြစ်၏။

"ပိုရှင်းအောင် ကျွန်တော် ဒီမြို့ကိုလာပြီး၊ ပလိပ်ကပ်ကို လာပြီးမကြုံရခင်ကာလ အတော်ကြာကတည်းက ပလိပ်ကပ်သင့်ခဲ့တယ် ဆိုတာက စပြီး ပြောပါရစေ။ အဲ့ဒါက ကျွန်တော်ဟာ တစ်ခြားလူတွေလိုပါပဲလို့ ဆိုတာနဲ့ အတူတူပါပဲ။ တစ်ချို့လူတွေကတော့ ဒါကိုမသိကြလို့ သော်လည်းကောင်း၊ အဲ့ဒီ

အခြေအနေမျိုးမှာ မနေတတ်ကြလို့ သော်လည်းကောင်း ဖြစ်ပါလိမ့်မယ်။ တစ်ချို့လူတွေကတော့ ဒါကို သိကြပြီး၊ လွတ်မြောက်ချင် နေကြပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင် ကျွန်တော်ဟာ ဒီအခြေအနေမျိုးက အမြဲလွတ်မြောက်ချင် နေခဲ့ပါတယ်...”

“ကျွန်တော်ငယ်ငယ်က ကျွန်တော့်မှာ အပြစ်ကင်းတယ်ဆိုတဲ့ အသိနဲ့ နေလာခဲ့တယ်။ ဘာမှမသိဘဲ နေလာခဲ့တယ်လို့ ဆိုပါတော့။ ကျွန်တော်က ကိုယ့်ကိုကိုယ် စိတ်ဆင်းရဲအောင် လုပ်တတ်တဲ့လူမျိုး မဟုတ်ဘူး။ လူ့လောကထဲ ဝင်လာကတည်းက အဆင်ပြေအောင် နေလာခဲ့တယ်။ ကျွန်တော်လုပ်ရင် ဘာမဆို ဖြစ်မြောက်တာ ချည်းပါပဲ။ စာတတ်ပေတတ် လောကထဲမှာလည်း ဝင်ဆံ့ပါတယ်။ မိန်းမတွေနဲ့လည်း အင်မတန် သင့်မြတ်ခဲ့ပါတယ်။ တစ်ခါတလေဆိုသလို ကျွန်တော့်မှာ စိတ် အနှောင့်အယှက် ဖြစ်စရာကလေးတွေ တွေ့ရတက်ပေမယ့် ခပ်ပေါ့ပေါ့ကြံ့ပြီး ခပ်ပေါ့ပေါ့ပဲ ပြီးသွားတာပါပဲ။ ဒါပေမယ့် တစ်ရက်မှာတော့ ကျွန်တော့်မှာ တွေးစရာ ရလာပါတယ်။ အဲ အခု ...”

“ကျွန်တော်ဟာ ငယ်ငယ်က ဆရာဆင်းရဲသလို မဆင်းရဲခဲ့ဘူး ဆရာ၊ ကျွန်တော့်အဖေက ရာထူးကြီးနဲ့ကိုး။ သူက အစိုးရရှေ့နေအဖွဲ့မှာ ညွှန်ကြားရေးမှူးပေါ့။ ဒါပေမယ့် သူ့ကိုကြည့်လိုက်ရင် သူဟာ ဒီရာထူးမျိုးနဲ့ဆိုတာ ဘယ်လိုမှ မတွေးမိနိုင်ပါဘူး။ သူ့အသွင်အပြင်ကတော့ အင်မတန် သနားကြင်နာတတ်ပြီး သဘောကောင်းတဲ့ လူတစ်ယောက်ပါပဲ။ ကျွန်တော့်အမေကတော့ ခပ်ရိုးရိုးနဲ့ ရှက်တတ်ကြောက်တတ်တဲ့ မိန်းမမျိုးပေါ့။ ကျွန်တော် အမေ့ကို တော်တော်ချစ်ပါတယ်။ ဒါပေမယ့် အမေ့အကြောင်းကိုတော့ မပြောတော့ဘူး အောက်မေ့ပါတယ်။ ကျွန်တော့်အဖေက ကျွန်တော့်အပေါ်မှာ အမြဲလိုပဲ ကြင်ကြင်နာနာရှိပြီး၊ ဂရုတစိုက်လည်း လုပ်တယ်လို့ ထင်ပါတယ်။ သူဟာ စံပြလင်တော်လင်ကောင်း တစ်ယောက်တော့ မဟုတ်ခဲ့ဘူး။ ဒါကို ကျွန်တော် အခုသိပေမယ့် အံ့အားသင့်ရတယ်လို့တော့ မပြောနိုင်ပါဘူး။ သူဟာ ဖောက်ဖောက်ပြားပြား နေနေတဲ့ အခါမျိုးများမှာတောင်မှ အများရဲ့အမြင်မှာ အင်မတန် အနေမှန်ပြီး လူကဲ့ရဲ့မခံရအောင် နေတတ်တယ်ဆိုတာ စိတ်ချထားရတဲ့ လူမျိုးပါပဲ။ တိုတိုပြောရရင် သူဟာ လုံးဝ ကိုယ်ပိုင်မှုရှိသူ မဟုတ်ပါဘူး။ အခု သူသေသွားမှ ကျွန်တော် စဉ်းစားမိတာက သူဟာ ခြောက်ပြစ်ကင်း သဲလဲစင်ကြီး မဟုတ်ပေမယ့် လူတစ်ယောက် အနေနဲ့တော့ဖြင့် လူကောင်းပါ ဆိုတာပါပဲ။ သူက မဖျိုမပဋ္ဌိပဒါသမားဗျ။ ဘာမှ အလွန်အကျွံ မလိုက်ဘူး။ အတော်အတန် ခင်မင်စရာ ကောင်းပေမယ့် ခပ်မှန်မှန်ပဲဆိုတဲ့ လူမျိုးပေါ့။ ရေရှည်ပေါင်းလို့ ကောင်းတဲ့လူမျိုး။”

“ကျွန်တော့်အဖေမှာ ဆန်းတာတစ်ခု ရှိတယ်။ မီးရထားအချိန်စာရင်း စာအုပ်အထူကြီးဟာ သူ့ရဲ့ လက်သုံးစာအုပ်ကြီးပဲဗျ။ သူဟာ ခရီးသိပ်သွားလို့တော့

မဟုတ်ဘူး။ ကျွန်တော်တို့ နွေရာသီကျ သွားသွားနေလေ့ရှိတဲ့ တောပိုင်းက သူ့အိမ်ကလေးရှိရာ ဗြိတန်ညီနယ်လောက်ပဲ သွားဖူးတာပါ။ ဒါပေမယ့် သူဟာ အချိန်စာရင်းနဲ့ ပတ်သက်လာရင် ဘာ မေးလိုက်မေးလိုက် အလွတ်ဖြေနိုင်တဲ့ လူ့စွယ်စုံကျမ်း ဆိုတာမျိုး။ ပဲရစ်နဲ့ ဘာလင် အမြန်ရထား ဝင်ချိန်ထွက်ချိန်တွေကို အတိအကျ ပြောနိုင်တယ်။ လိုင်ယွန်ကနေ ဝါဆောကို ဘယ်လိုသွားရမယ်၊ ဘယ်ရထားနဲ့ ဘယ်အချိန်လိုက်ရမယ် ဆိုတာတို့၊ မြို့တော် တစ်ခုနဲ့တစ်ခု ဘယ်မြို့ဖြစ်ဖြစ် အကွာအဝေးကို သိချင်တယ်ဆိုလည်း အတိအကျ သူပြောနိုင်တယ်။ ကဲ ခင်ဗျားဆိုရင် ဘရိုင်ယန်ဆွန့်ကနေပြီး ရှမ့်ပိုင်ကို ဘယ်လိုသွားရမယ် ဆိုတာကို အလွတ်ပြောနိုင်ပါ့မလား။ မီးရထားရုံပိုင် တစ်ယောက်တောင် ခေါင်းကုပ် စဉ်းစားယူရလိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော့်အဖေကတော့ တိတိကျကျကို ဖြေလိုက်နိုင်တယ်ဗျ။ ညနေတိုင်းလိုလိုပဲ သူက ဒီဘာသာရပ်မှာ ဗဟုသုတ တိုးပွားအောင် လုပ်တယ်။ ဒါကိုလည်း သူက ဂုဏ်ယူတယ်။ သူ့ရဲ့ ဒီဝါသနာကို ကျွန်တော်လည်း အတော်ကလေး သဘောကျခဲ့တယ်။ ကျွန်တော်က ရှုပ်ရှုပ်ထွေးထွေး ခရီးစဉ်တွေ ပုစ္ဆာထုတ်သလို ထုတ်ပြီး သူ့ကို အဖြေခိုင်း၊ ပြီးတော့ မီးရထားအချိန်စာရင်းကြီးထဲက အဖြေမှန်တွေနဲ့ တိုက်ကြည့်၊ ဘယ်လို မေးလိုက်မေးလိုက် မှန်တာချည်းပဲဗျ။ အဲ့ဒီ ညနေညနေ မီးရထားပုစ္ဆာတွေနဲ့ ကစားခဲ့ကြတဲ့ ကျေးဇူးကြောင့် ကျွန်တော့်အဖေနဲ့ ကျွန်တော်ဟာလည်း အတော်ပဲ သင့်မြတ်ခဲ့ပါတယ်။ ကျွန်တော်ဟာ သူ့ စွမ်းဆောင်ချက်တွေကို ပြဖို့အတွက် သူ့မှာလိုအပ်တဲ့ ပရိသတ်ပေါ့ဗျာ။ ကျွန်တော်က အာရုံစူးစိုက်ပြီး နားထောင်တတ်တယ်။ ချီးမွမ်းစရာရှိလည်း ချီးမွမ်းတတ်တာကို။ ကျွန်တော့်အနေနဲ့ကတော့ အဖေ့ရဲ့ စွမ်းဆောင်ချက်ဟာ အခြားအခြားသော စွမ်းဆောင်ချက်များလိုပဲ တကယ် ချီးမွမ်းထိုက်တဲ့ စွမ်းဆောင်ချက်လို့ပဲ သဘောထားခဲ့ပါတယ်။”

“အေးဗျာ။ ကျွန်တော့်အဖေအကြောင်း ရေးကြီးခွင်ကျယ် လုပ်ပြီး လျှော့ရှည်လိုက်မိပြီ ထင်တယ်။ အခု ကျွန်တော် ခင်ဗျားကို ပြောပြချင်နေတဲ့ ကျွန်တော့် စိတ်ပြောင်းခဲ့ရပုံ အကြောင်းမှာ သူဟာ သွယ်ဝိုက်တဲ့ အကြောင်းလောက်သာ ဖြစ်ပါတယ်။ အမှန် သူလုပ်လိုက်တာကတော့ ကျွန်တော့်ခေါင်းထဲကို အတွေးစဉ်တစ်ခု စပြီး ထည့်ပေးလိုက်ရုံပါပဲ။ ကျွန်တော် ဆယ့်ခုနစ်နှစ်သားလောက်က အဖေဟာ ကျွန်တော့်ကို သူ့ရုံးလိုက်ပြီး သူစကားပြောတာကို နားထောင်ရအောင် ခေါ်တယ်။ အဲ့ဒီနေ့က စက်ရှင်ရုံးမှာ အမှုကြီးတစ်မှု စစ်ဆေးစီရင်ဖို့ ရှိတယ်။ အဖေကတော့ ကျွန်တော်လိုက်ကြည့်ရင် သူ့အဖို့ အကျိုးများစရာ ရှိတယ်လို့ ထင်ဟန်တူပါတယ်။ ပြီးတော့လည်း ကျွန်တော်ဟာ တရားဥပဒေ အဖွဲ့အစည်းကြီးရဲ့ ကြီးကျယ်ခမ်းနားပုံကိုမြင်ရင် အထင်ကြီးသွားပြီး သူ့အလုပ်မျိုးကို လုပ်ချင်လာလိမ့်မယ်လို့လည်း ထင်ဟန်တူပါရဲ့။ ကျွန်တော့်ကို အဖေက သိပ်လိုက်စေချင်နေတာကို ကျွန်တော်သိပါတယ်။

ကျွန်တော်ကတော့ ကျွန်တော်တို့အိမ်မှာ အမြဲမြင်တွေ့နေရတဲ့ အဖေ့ရဲ့ ကျွန်တော်တို့ မမြင်ဘူးသေးတဲ့ အပိုင်းကို တွေ့မြင်ရမှာမို့ စိတ်ပါနေပါတယ်။ ကျွန်တော် စက်ရှင်ရုံးကိုလိုက်ပြီး အမှုစစ်တာ နားထောင်ဖြစ်တာမှာလည်း ဒီအကြောင်းတစ်ခုတည်းပဲ ရှိတယ်ထင်ပါတယ်။ ရုံးမှာ ဖြစ်ပျက်နေတာတွေဟာ ကျွန်တော့်အဖို့ ဘာမှ ထူးခြားတယ် မထင်မိပါဘူး။ လုပ်ရိုးလုပ်စဉ် အခမ်းအနားမျိုးပဲလို့ ထင်ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာတော့ စိတ်ကူးသက်သက်ပဲ ရှိပါတယ်။ တစ်ခါမှလည်း ရေကြီးခွင်ကျယ် မတွေးဖူးပါဘူး...။"

"အဲ့ဒီနေ့က အမှုစစ်ဆေးတဲ့ကိစ္စမှာ ကျွန်တော် မျက်လုံးထဲက မထွက်တာကတော့ ရာဇဝတ်ကောင်ရဲ့ ပုံပဲဗျ။ လူက ခပ်သေးသေး။ အသက်သုံးဆယ်လောက်ပဲ ရှိဦးမယ်။ ဆံပင် ခပ်ပါးပါး၊ ခပ်ဝါဝါ။ ဘာမဆို ဝန်ခံဖို့ သိပ်စိတ်စောနေတယ်။ သူပြုခဲ့တဲ့ ပြစ်မှုနဲ့ သူခံရမယ့် အပြစ်ဒဏ်ကို တွေးပြီးတော့လည်း အင်မတန် ကြောက်လန့်နေပုံပါပဲ။ နောက် မိနစ်အနည်းငယ်ဆိုရင်ပဲ ကျွန်တော်ဟာ သူကလွဲလို့ တစ်ခြား ဘယ်သူ့ကိုမှ မမြင်တော့ဘူးဗျ။ သူဟာ အလင်းရောင်တွေ စူးလွန်းအားကြီးလို့ ဘာမှမမြင်ရတော့တဲ့ ကြောက်လန့်နေတဲ့ ဇီးကွက်ဝါကလေး တစ်ကောင်နဲ့ပဲ တူတယ်။ သူ့လည်စီးကလည်း မသိမသာစောင်းရွဲ့နေပြီး၊ သူဟာ တစ်ချိန်လုံး သူ့လက်သည်းကိုပဲ သူ ကိုက်နေတယ်။ အဲ့ဒီ တစ်ဘက်တည်းပဲ။ ညာဘက်လက်။ ကျွန်တော်ဆက်ပြောနေဖို့ လိုသေးလားဗျာ။ ဆရာ နားလည်ပြီ မဟုတ်လား။ သူဟာ အသက်ရှင်နေတဲ့ လူသားစင်စစ် တစ်ယောက်ပါဗျာ။

"ကျွန်တော့်အဖို့တော့ ချက်ချင်း သိလိုက်တာပဲ။ နားလည်လိုက်တာနဲ့ တစ်ချက်တည်းပဲ။ အဲ့ဒီအချိန်ထိတော့ဖြင့် ကျွန်တော် သူ့ကို သာမန်ရုံးကခေါ်သလို တရားခံလို့ပဲ သိလာခဲ့တာပဲ။ ကျွန်တော်ဟာ အဖေ့ကို မေ့နေတယ်လို့ မဆိုနိုင်ပေမယ့် ကျွန်တော့်ရင်ထဲ အူထဲအသည်းထဲမှာ ပြည့်ခဲတင်းကျပ်ပြီး ကျွန်တော့်ရဲ့ အာရုံဟာလည်း အဲ့ဒီ တရားခံခြံကလေးထဲက လူသေးသေးကလေးဆီမှာပဲ သံမှိုစွဲသလို စွဲနေတော့တာပဲ။ သူတို့ ဘာတွေပြောဆိုနေကြတယ် ဆိုတာတော့ ကောင်းကောင်းမကြားတော့ဘူး။ ကျွန်တော် သိတာကတော့ သူတို့ဟာ အဲ့ဒီ အသက်ရှင်နေတဲ့ လူကလေးကို သတ်ဖို့ ကြိုးစားပမ်းစား အားထုတ်နေကြတယ် ဆိုတာပဲ။ ကျွန်တော်လည်း အလိုလို ကြက်သီးတွေဘာတွေ ထပြီး အဲ့ဒီတရားခံရဲ့ဘေးကို ရောက်သွားခဲ့တယ်။ ကျွန်တော့်အဖေ ထိုင်ရာကထပြီး ရုံးတော်ကို လျှောက်ချက်ပေးနေမှပဲ ကျွန်တော် သတိရတော့တယ်..."

"ကျွန်တော့်အဖေဟာ သူ့ဝတ်လုံနီကြီးနဲ့ဆိုတော့ သူ မဟုတ်သလိုပါပဲ။ ခင်တတ်မင်တတ်နဲ့ သဘောကောင်းတဲ့လူ မဟုတ်တော့ပါဘူး။ သူ့ပါးစပ်ကလည်း မြွေပွေးမြွေဟောက်တွေ အဆက်မပြတ် ထွက်နေသလို ရှည်လျားခမ်းနားတဲ့

စကားကြီးစကားကျယ်တွေကို အန်ထုတ်နေတော့တယ်။ သူက ဂျူရီလူကြီးတွေကို သူတို့မှာ ဒီတရားခံကို အပြစ်ရှိကြောင်း ဖော်ထုတ်ပေးဖို့ လူအဖွဲ့အစည်းက ပေးအပ်တဲ့ တာဝန်ရှိတဲ့အကြောင်း တဖွဖွပြောပြီး၊ ဒီတရားခံ မသေ,သေအောင် တောင်းဆိုနေတယ် ဆိုတာကို ကျွန်တော် သိလိုက်ပါတယ်။ သူက ဒီလူကို ခေါင်းဖြတ်ပြီး သတ်ပစ်ဖို့အထိ တောင်းဆိုပါတယ်။ အဲ့သလို စကားလုံးမျိုးတော့ မဟုတ်ဘူးပေါ့ဗျာ။ တရားခံဟာ အကြီးလေးဆုံး အပြစ်မျိုးကို ခံသင့်ကြောင်း ဘာညာဆိုတဲ့ ပြောနေကျ လက်သုံးစကားတွေပေါ့။ ဒါပေမယ့် သိပ်ခြားနားချက် မရှိလှပါဘူး။ ရလဒ်ကတော့ အတူတူပါပဲ။ သူ့လျှောက်ချက်အတိုင်းပဲ တရားခံ သေဒဏ်ချပါတယ်။ တကယ်လက်တွေ့ သတ်တာကတော့ သူ မဟုတ်ဘူးပေါ့ဗျာ။ အဆုံးအထိ အားလုံးမြင်နေရတဲ့ ကျွန်တော့်အဖို့တော့ အဲ့ဒီလူကို ကျွန်တော့်အဖေ တစ်သက်မှာ ဘယ်သူ့အပေါ်ဖြစ်ဖြစ် ရှိနိုင်တဲ့ ရင်းနှီးမှုထက် အဆပေါင်းများစွာ ကြောက်စရာကောင်းလောက်အောင် ရင်းနှီးတဲ့စိတ်တွေ ဖြစ်မိတယ်။ ဒါပေမယ့် သူ့အလုပ်ဝတ္တရားအနေနဲ့ တရားခံရဲ့ နောက်ဆုံးအကြိမ်လို့ ယဉ်ယဉ်ကျေးကျေး နောက်ဆုံးခေါ်ထားပေမယ့် တကယ်က စက်ဆုပ်စရာ အကောင်းဆုံးနည်းနဲ့ လူသတ်တဲ့ပွဲလို့သာ ခေါ်ဖို့ကောင်းတဲ့ နေရာမှာ သူ ရှိနေရပါတယ်…”

အဲ့ဒီနေ့ကစပြီး နောက်ဆိုရင် ကျွန်တော်ဟာ မီးရထားအချိန်စာရင်း စာအုပ်ကြီးကို မြင်ရင်တောင် ရွံမုန်းပြီး အော့နှလုံးနာ နေတော့တာပဲ။ တရားရုံးမှာ အမှုစစ်ဆေးတာတို့၊ သေဒဏ်အမိန့်တို့၊ လူကို ခေါင်းဖြတ်စီရင်တာတို့ ဆိုတာတွေကို ကျွန်တော်က အတော့်ကို ထိတ်လန့်သွားတယ်ဗျာ။ ဒီတော့မှပဲ ကျွန်တော်ဟာ အရင်တုန်းက ကျွန်တော် ဘာရယ်မတွေးတတ်ခဲ့ပေမယ့် ကျွန်တော့်အဖေဟာ မနက်အစောကြီး ထထသွားခဲ့တဲ့ နေ့တွေမှာ အဲ့လို ရက်ရက်စက်စက်ကြီး သတ်တာကို မကြာခဏ ကြည့်ခဲ့ရမှာပဲ ဆိုတာကို အထိတ်တလန့် တွေးမိတယ်။ အဖေဟာ အဲဒီလိုကိစ္စမျိုး ရှိတဲ့နေ့တွေမှာဆို သေချာအောင်ဆိုပြီး သူ့နှိုးစက်နာရီကို သံပတ်ပေးလေ့ ရှိတာကိုလည်း ကျွန်တော်မှတ်မိနေတယ်။ ဒီအကြောင်းကို ကျွန်တော် အမေနဲ့ စကားစပြီး မပြောရဲခဲ့ပါဘူး။ ဒါပေမယ့် အဲဒီအခါမှာ အမေ့ကို ပိုပြီး စေ့စေ့စပ်စပ် ကြည့်ခဲ့မိတော့မှပဲ အဖေနဲ့အမေတို့ရဲ့ အတူပေါင်းဖော် နေကြရတဲ့ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိတော့ပါလား ဆိုတာကို တွေ့ရတော့တယ်။ အမေကတော့ မျှော်လင့်ချက်အားလုံးကို စွန့်လွှတ်ထားလိုက်ပြီ ဆိုတာကိုလည်း တွေ့ရတယ်။ အဲသလိုဆိုတော့ အဲဒီတုန်းက ကျွန်တော့်အယူအဆနဲ့ ကျွန်တော် အမေ့ကို ခွင့်လွှတ်နိုင်ခဲ့တာပေါ့လေ။ နောက်တော့ တကယ်က ဘာမှခွင့်လွှတ်စရာ မရှိတော့ဘူးဆိုတာ ကျွန်တော် သိရပါတယ်။ အမေဟာ အဖေနဲ့ ရတဲ့အချိန်အထိ အတော်ဆင်းရဲခဲ့တယ်။ ဆင်းရဲတဲ့ဘဝက သူ့ကို အောင့်အည်းသည်းခံတတ်အောင် သင်ပေးလိုက်တာပဲ…”

“ဆရာကတော့ ကျွန်တော် တစ်ခါတည်း အိမ်ကထွက်ပြေးတယ်လို့

ပြောလိမ့်မယ်ဆိုပြီး မျှော်လင့်ထားချင် ထားမှာပဲ။ ကျွန်တော် မပြေးဘူးဆရာ။ လပေါင်းများစွာ တကယ်က တစ်နှစ်နီးပါးလောက် ကျွန်တော် အိမ်မှာပဲ ဆက်နေတယ်။ တစ်ညနေမှာတော့ ကျွန်တော့်အဖေက မနက်စောစော သူ ထသွား စရာရှိလို့ဆိုပြီး နှိုးစက်နာရီတောင်းတယ်။ အဲဒီညက ကျွန်တော် အိပ်လို့မပျော်တော့ဘူး။ နောက်တစ်ရက် သူ အိမ်ပြန်လာတဲ့ အချိန်ကျတော့ ကျွန်တော် အိမ်မှာမရှိတော့ဘူး...”

“တိုတိုပြောကြပါစို့ဗျာ။ ကျွန်တော်ကို ဟိုလိုက်ဒီလိုက် စုံစမ်းပြီးရှာနေတဲ့ ကျွန်တော့်အဖေဆီက စာတစ်စောင်ရတော့ ကျွန်တော် သူ့ကို သွားတွေ့လိုက်ပါတယ်။ ပြီးတော့ ကျွန်တော် ဘာကြောင့် ထွက်ပြေးတယ် ဆိုတာတွေကို ရှင်းပြမနေတော့ဘဲ ခပ်အေးအေးပဲ ကျွန်တော့်ကို အတင်းပြန်ခေါ်ရင် ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေမယ်လို့ ပြောလိုက်တယ်။ နောက်ဆုံးတော့ သူက ကျွန်တော်ကြိုက်သလို လုပ်ခွင့်ပေးလိုက်ပါတယ်။ သူဟာ ကျွန်တော်ပြောခဲ့သလိုပဲ ပင်ကိုသဘောကတော့ ကြင်နာတတ်တဲ့လူပါ။ သူက ကျွန်တော့်ကို ကျွန်တော့်ဖာသာ နေချင်တာဟာ မိုက်တယ်ဆိုပြီး တရားဟောတယ်။ အကြံကောင်း ဉာဏ်ကောင်းတွေလည်း ပေးတယ်။ (သူကတော့ ကျွန်တော့်ကို ကိုယ့်ဖာသာနေချင်လို့ အိမ်ကပြေးတယ် ထင်တာကိုး။ ကျွန်တော်ကလည်း သူ့အထင်လွဲနေတာကို ရှင်းမပြတော့ဘူး။) သူ့ အတော်ပဲ စိတ်ထိခိုက်ရတာကို ကျွန်တော် တွေ့ရပါတယ်။ မျက်ရည်မကျအောင်လည်း အတော့်ကို ထိန်းရပါတယ်။ ဒီနောက်တော့၊ ဒီနောက် အတော်ကြာတော့ပေါ့လေ။ ကျွန်တော်လည်း အမေ့ဆီကို တစ်ခေါက်တစ်ခေါက် သွားသွားတွေ့တတ်လာပါတယ်၊ အမေ့ဆီသွားရင် အဖေ့ကိုလည်း အမြဲတွေ့နေကျပါပဲ။ အဲသလို ကြိုကြားကြိုကြားဆိုသလို တွေ့တွေ့နေရတာကို ကျွန်တော့်အဖေက ကျေနပ်ပုံရပါတယ်။ ကျွန်တော့်အနေနဲ့လည်း အဖေ့ကို မုန်းတီးတဲ့စိတ်ရယ်လို့တော့ မရှိပါဘူး။ ရင်ထဲမှာ မချမ်းသာတာ တစ်ခုပါပဲ။ အဖေဆုံးသွားတော့ အမေ့ကို ကျွန်တော်နဲ့အတူ လိုက်နေဖို့ ခေါ်ထားပါတယ်၊ အခုနေ အမေ အသက်ရှင်လျက် ရှိသေးတယ်ဆိုရင်လည်း ကျွန်တော်နဲ့ နေနေတုန်းပဲ ဖြစ်မှာပါပဲ...”

“ကျွန်တော့်ဘဝအစဆီက အကြောင်းတွေကို အကျယ်တဝင့် ပြောပြနေရတာက ကျွန်တော့်အဖို့မှာ အားလုံး အဲဒီက စခဲ့ရလို့ပါပဲ။ ကျွန်တော် တစ်ဆယ့်ရှစ်နှစ်သားမှာ အဲဒီအရွယ်အထိ ချမ်းချမ်းသာသာ နေလာခဲ့ရသမျှ အတော့်ကို ဆင်းရဲခဲ့မွဲခဲ့ပါတယ်။ ကျွန်တော် အလုပ်မျိုးစုံကို စမ်းကြည့်တာပဲ။ သိပ်တော့ မဆိုးလှပါဘူး။ ဒါပေမယ့် ဘဝမှာ ကျွန်တော် တကယ်စိတ်ဝင်စားတာက သေဒဏ်ပဲဗျ။ ကျွန်တော်က အဲ့ဒီတရားရုံးရှေ့ တရားခံခြံကလေးထဲက ဇီးကွက်မျက်ကန်းကလေးနဲ့ စာရင်းရှင်းချင်နေတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ သူတို့ပြောသလိုပဲ လှုံ့ဆော်ရေးသမား ဖြစ်လာခဲ့တယ်။ ကျွန်တော်က ရောဂါဆိုးကို

ပုံ့ပွားအောင် သယ်ဆောင်မသွားချင်ဘူး။ ဒါပါပဲ။ ကျွန်တော့်အဖို့တော့ ကျွန်တော့်ပတ်ဝန်းကျင်က လူ့အဖွဲ့အစည်းစနစ်ဟာ သေဒဏ်ပေါ်မှာ အခြေခံထားတယ်။ အဲဒီလို တည်မြဲနေတဲ့ စနစ်ကို တိုက်ခိုက်တာဟာ လူသတ်ဝါဒကို တိုက်ခိုက်ခြင်းပဲ။ ဒါဟာ ကျွန်တော့် အမြင်ပဲ။ တစ်ခြားလူတွေကလည်း အဲ့သလိုပဲ ပြောတယ်။ ဒါပေမယ့် ကျွန်တော့် ယုံကြည်ချက်ဟာ အခြေခံမှန်ကန်တယ်လို့ ကျွန်တော်ကတော့ ထင်လျက်ပါပဲ။ အဲဒီတုန်းက ကျွန်တော်သဘောကျတဲ့ လူတွေနဲ့ ကျွန်တော် ပူးပေါင်းခဲ့တယ်။ အဲဒီလူတွေကို အမြဲပဲ သဘောကျနေမှာပဲ။ ကျွန်တော် သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ရင်း နှစ်ပေါင်းများစွာ နေခဲ့တယ်။ ဥရောပတိုက်မှာ အဲဒီလို ရုန်းကန်အားထုတ်မှုမှာ ကျွန်တော် မပါဝင်ခဲ့သေးတဲ့ နိုင်ငံရယ်လို့ မရှိဘူး။ ဒါပေမယ့် ဒါက တစ်ခြားကိစ္စပါလေ…”

“ကျွန်တော်တို့ ကိုယ်တိုင်လည်းပဲ တစ်ခါတစ်ခါတော့ သေဒဏ်အမိန့်တွေ ချခဲ့ရတယ်ဆိုတာ ကျွန်တော်သိပါရဲ့။ ဒါကို အထူးပြောဖို့ မလိုပါဘူး။ သို့ပေမယ့် လူသတ်ဝါဒ ဆိတ်သုဉ်းတဲ့ ကမ္ဘာသစ် တည်ဆောက်ရေးမှာ လူအနည်းငယ် သေဆုံးရတာကတော့ မလွှဲသာမရှောင်သာ ကိစ္စပဲမို့ ပြောကြပါတယ်။ ဒါလည်းပဲ ဟုတ်သလောက်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ အဲဒီလိုဟုတ်တာမျိုးဘက်မှာ ကြာကြာရပ်တည်နိုင်စွမ်း ရှိဟန်မတူပါဘူး။ အကြောင်းပြချက်က ဘယ်လိုပဲရှိရှိ ကျွန်တော်ကတော့ သိပ်ဘဝင်မကျဘူး။ ဒါပေမယ့်လည်း အဲ့သလိုအခါမှာ တရားခံခြံထဲက အတိဒုက္ခရောက်နေရှာတဲ့ ဇီးကွက်ကလေး သတိရလိုက်တယ် ဆိုရင်ပဲ ကျွန်တော် ရှေ့ဆက်သွားဖို့ အားသစ်အင်သစ် ရလာပြန်တာပဲ။ ဒါနဲ့ တစ်နေ့ ဟန်ဂေရီပြည်မှာ သေဒဏ်စီရင်တာတစ်ခု သွားကြည့်မိတော့၊ ကျွန်တော် ငယ်ငယ်က အထိတ်တလန့် ဖြစ်ခဲ့ရတာမျိုး အတိုင်းပဲ။ ထိတ်လန့်တုန်လှုပ်ပြီး ကျွန်တော့်ရှေ့က ကမ္ဘာကြီး သိမ့်သိမ့်ခါသွားအောင် ဖြစ်ခဲ့ရတယ်…”

“လူတစ်ယောက်ကို သေနတ်ပစ်သမားတွေက တန်းစီပြီး ပစ်သတ်တာမျိုးကို ဆရာ မြင်ဖူးသလား။ ဘယ်မြင်ဖူးမလဲလေ။ ကြည့်ရတဲ့ပရိသတ်က ရွေးကောက်ဖိတ်ထားတဲ့ လူတွေပဲ။ ပုဂ္ဂလိက ဧည့်ခံပွဲကလေး တစ်ခုလိုပေါ့။ ဖိတ်စာနဲ့ ဘာနဲ့ပေါ့။ ဟိုမှာတွေ့ရမှာကတော့ စာအုပ်တွေ ရုပ်ပုံတွေထဲမှာ မြင်ဖူးတာတွေအရဆိုရင် တိုင်တစ်တိုင်၊ မျက်နှာကို အဝတ်ပိတ်ပြီးစည်းထားတဲ့ လူတစ်ယောက်၊ မလှမ်းမကမ်းမှာက စစ်သားတွေပေါ့။ ဒါပေမယ့် တကယ့်ဟာက အဲသလိုကို မဟုတ်ဘူးဗျ။ သေနတ်ပစ်သမားတွေက အပစ်ခံရမယ့်လူနဲ့ တကိုက်ခွဲလောက်ပဲ ဝေးတယ်ဆိုတာ ဆရာသိသလား။ အဲဒီ သေဒဏ်ခံရမယ့်လူဟာ ရှေ့ကို ခြေနှစ်လှမ်းတိုးလိုက်ရင် သူ့ရင်ဘတ်ဟာ သေနတ်ကိုထိနေမယ် ဆိုတာကော သိရဲ့လား။ အဲသလို အနီးကကပ်ပြီး သေနတ်သမားတွေက သေရမယ့်လူရဲ့ အသည်းနှလုံးတည့်တည့် နေရာကို စုချိန်ထားကြတယ်။ သူတို့ရဲ့ကျည်ဆံတွေ

စုပြီးဝင်သွားတဲ့အခါ လက်သီးတစ်ဆုပ်ဝင်သာအောင် အပေါက်ကြီး ဖြစ်သွားမယ် ဆိုတာကော ဆရာသိသလား။ ဒါတွေကို ဆရာ ဘယ်သိလိမ့်မလဲ။ ဒါကို ဘယ်သူကမှ ပြောနေကြတာ မှတ်လို့။ ပလိပ်ကပ်သင့်နေကြတဲ့ လူတွေအဖို့တော့ သူတို့ စိတ်အေးချမ်းသာရှိမှုဟာ လူ့အသက်ထက် အရေးကြီးတယ်ဆရာ။ လူကောင်းသူကောင်းတွေဟာ ညညမှာ စိတ်အေးချမ်းသာ အိပ်နိုင်ကြရမယ်ပေါ့။ ဟုတ်လား။ တကယ်တော့ ဆရာ၊ အဲဒီ အသေးစိတ်ကလေးတွေကို အရသာခံပြီး ပြောနေတာဟာ အတော့်ကို ဆိုးဝါးတဲ့ ဝသီပဲဗျာ။ ဒါကို သိကြပါရဲ့။ ဒါပေမယ့် ကျွန်တော့် အနေနဲ့ကတော့ အဲဒီကတည်းကစပြီး ညညမှာ စိတ်အေးချမ်းသာ အိပ်လို့ကို မရတော့ဘူးဗျ။ ပါးစပ်ထဲမှာ ဒီဝသီဆိုးကြီးက စွဲကျန်ရစ်ခဲ့ပြီး အဲဒီ အသေးစိတ်ကလေးတွေကိုပဲ အရသာခံပြီး ပြောနေ၊ တအုံနွေးနွေး တွေးနေချင်တော့တာပဲ…”

“အဲသလိုနဲ့ပဲ။ ကျွန်တော်ဟာ ဘယ်လိုဖြစ်ဖြစ် အဲဒီတစ်ချိန်လုံး ပလိပ်ကပ်သင့်နေခဲ့တာပဲ ဆိုတာကို ကျွန်တော် နားလည်လာတယ်။ ဒီလိုသာ ဖြစ်တယ်။ ကျွန်တော်ဟာ အဲဒီတစ်ချိန်လုံးပဲ ဒါကို တိုက်ခိုက်လာခဲ့တာပဲလို့လည်း စွဲစွဲမြဲမြဲကို ယုံကြည်လျက်ပဲ။ လူတွေကို ထောင်နဲ့ချီပြီး သတ်ခဲ့ကြရာမှာ ကျွန်တော်လည်း သွယ်ဝိုက်တဲ့နည်းနဲ့ တစ်လက်တစ်ဖက် ပါခဲ့ရတယ် ဆိုတာကိုလည်း သိလာရတယ်။ အဲသလို လူသတ်ဖို့လုပ်တဲ့ ဥပဒေတွေ၊ စည်းမျဉ်းတွေကို ကျွန်တော်က သဘောတူ ခွင့်ပြုလိုက်ခြင်းအားဖြင့် အဲ့သလိုအမှုတွေကို ကျွန်တော်ပဲ ဖန်တီးပေးလိုက်သလို ဖြစ်တာပေါ့။ တစ်ခြားလူတွေကတော့ အဲသလိုတွေးပြီး အနှောင့်အယှက် ဖြစ်မိကြပုံ မပေါ်ဘူးဗျ။ သူတို့သဘောနဲ့သူတို့ ဘယ်သူမှ ဘာမှ မပြောကြဘူး။ ကျွန်တော်ကတော့ တစ်မျိုး။ ကျွန်တော် သိထားပြီဆိုရင် လည်ချောင်းထဲမှာ ဆို့နေတယ်။ ကျွန်တော်ဟာ သူတို့နဲ့အတူ ရှိနေပေမယ့် တကယ်ကတော့ တစ်ယောက်ထဲပါပဲ ဆရာ။ ကျွန်တော်က ဒီကိစ္စတွေကို ပြောပြတဲ့အခါမှာ သူတို့က ကျွန်တော့်ကို ဒါလောက်တောင်လည်း ဖြစ်မနေပါနဲ့လေလို့ ပြောကြတယ်။ လုပ်ဆောင်နေကြရတာဟာ ဘယ်လောက်ကြီးကျယ်တဲ့ မဟာကိစ္စကြီးများ ဖြစ်တယ်ဆိုတာကို သတိရပါလို့လည်း ပြောကြတယ်။ ပြီးတော့ သူတို့က အကြောင်းပြချက်တွေပါပဲ။ ကျွန်တော် မငြင်းသာလို့ လက်ခံလိုက်ရပေမယ့် ကျွန်တော့်မှာ ဘဝင်မကျနိုင်ဘူး။ ပလိပ်ကပ်သင့်နေသူများမှာ အထင်ရှားဆုံးဖြစ်တဲ့ ဝတ်လုံနီဝတ် ပုဂ္ဂိုလ်များမှာလည်း သူတို့လုပ်သမျှဟာ နည်းလမ်းကျပါတယ် ဆိုတာကို အင်မတန်ကောင်းတဲ့ အကြောင်းပြချက်တွေ ရှိကြတာပါပဲ။ သူတို့လောက် မထင်ပေါ်သူများက ပေးတဲ့ လိုအပ်လို့၊ မလွှဲမရှောင်သာလို့ ဆိုတဲ့ အကြောင်းပြချက်တွေကို လက်ခံပြီးရင် ထင်ရှားသူများရဲ့ အကြောင်းပြချက်ကို ငြင်းပယ်လို့ မရတော့ဘူးပေါ့ဟု ကျွန်တော်က ပြန်ပြောပါတယ်။ သူတို့ တစ်ခါ ဝတ်လုံနီတွေလုပ်သလို လုပ်ဖို့ဆိုရင် သေဒဏ်ပေးခွင့်ကို သူတို့လက် ကွက်ပြီးအပ်ဖို့ပဲလို့ ဆိုပြန်တယ်။ ဒီတော့ ကျွန်တော်က တစ်ကြိမ်လျှော့ပေးမိပြီးရင်

နောက်ကိုလည်း လျှော့ပေးစရာ အကြောင်းမရှိဘူးလို့ ချေပလိုက်တယ်။ ကျွန်တော့်အယူအဆကို လူ့သမိုင်းက ထောက်ခံလိုက်တယ်လို့ ကျွန်တော် ထင်ပါတယ်။ အခုဆို ကြည့်။ ဘယ်သူ အများဆုံး သတ်နိုင်လဲဆိုတဲ့ အပြိုင်အဆိုင်မျိုး ရှိနေတယ်။ သူတို့အားလုံးဟာ သတ်ဖြတ်ဖို့အတွက် ဘီလူးတစ်ပိုင်း အရူးအရိုင်းတွေ ဖြစ်နေကြပြီး လူသတ်တာတွေကို ရပ်ချင်လို့တောင် ရပ်လို့မရတော့ အောင်ပါပဲ…”

“ဘယ်လိုပဲ ဖြစ်ဖြစ်။ ကျွန်တော့်ကိစ္စက အကြောင်းပြချက်တွေနဲ့ မဆိုင်လှဘူး။ ဖီးကွက်ကလေးနဲ့သာ ဆိုင်ပါတယ်။ အင်မတန် မဖွယ်ရာတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ပုလိပ်ကပ်နံ့ တထောင်းထောင်း ထွက်နေတဲ့ ပါးစပ်ပုပ်တွေက အချုပ်အနှောင်နဲ့ လူတစ်ယောက်ကို သူ သေရတော့မည့်အကြောင်း ပြောနေကြတာတွေ၊ သူသေဖို့အတွက် စနစ်တကျ စီမံဆောင်ရွက်နေကြတာတွေ၊ သွေးအေးအေးနဲ့ သတ်တာကို ခံဖို့အတွက် ညစဉ်ညဆက် ရတက်မအေးနိုင်ဘဲ စောင့်ဆိုင်းနေရတာတွေပေါ့။ ကျွန်တော့်စိတ်ထဲမှာ ရှိနေတဲ့ကိစ္စက လူတစ်ယောက်ရဲ့ရင်အုံမှာ လက်သီးတစ်ဆုပ် ဝင်သာအောင် ပွင့်သွားတဲ့ အပေါက်ကိစ္စပဲ။ ဒီအတောအတွင်းမှာ ကျွန်တော်နဲ့ ပတ်သက်သမျှ ဘယ်လိုပဲရှိရှိ။ ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ အသတ်အဖြတ်မျိုးအတွက် လုပ်သင့်လို့လုပ်တယ် ဆိုတဲ့ အကြောင်းပြချက်မျိုးတော့ လောကကြီးမှာ ဘယ်လောက်ကောင်းတဲ့ အကြောင်းပြချက်ကိုမှ လက်မခံနိုင်ဘူးလို့ ဆုံးဖြတ်ထားလိုက်တယ်ဗျာ။ ဟုတ်ပါတယ်။ ကျွန်တော့်လမ်းကျွန်တော် ဒီ့ထက် ကြည်ကြည်လင်လင် မမြင်နိုင်သေးသမျှ ကာလပတ်လုံးတော့ ကျွန်တော်ဟာ ခေါင်းမာတယ်ဆိုဆို မျက်စိမှိတ်ပြီး ငြင်းနေမှာပဲ…”

“ကျွန်တော့်စိတ်ထဲမှာတော့ အခုလည်း ဒီအတိုင်းပါပဲ။ ကျွန်တော်ဟာ နှစ်ပေါင်းများစွာ စေတနာကောင်းနဲ့ ဖြစ်ဖြစ်၊ ဘယ်လောက်ဝေးဝေးပဲ ဖြစ်ဖြစ် အလုည့်ကျလူသတ်သမား ဖြစ်လာခဲ့ရတာကို ရှက်ခဲ့တယ်ဗျာ။ သေမတတ် ရှက်ခဲ့ပါတယ်။ အချိန်ကြာလာတော့ ဒီလူတွေဟာ ဒီလို ဆင်ခြင်တုံတရားမျိုးနဲ့ အသက်ရှင်နေကြတာ ဆိုတော့ လောကမှာ ဘယ်လောက် ကောင်းပါတယ်ဆိုတဲ့ လူဖြစ်ဖြစ် ကိုယ်တိုင်လည်း သတ်၊ သူများသတ်နေတာကိုလည်း ခွင့်ပြုဆိုတဲ့ ကိစ္စမျိုးနဲ့ လွတ်ကင်းအောင် မနေနိုင်ကြဘူး။ ဒီလောကကြီးထဲမှာ လူတစ်ယောက်ရဲ့ အသက်ကို သေစေလောက်တဲ့ အန္တရာယ်မရှိဘဲ လက်ညှိုးတစ်ချောင်းတောင် လှုပ်လို့မရဘူး ဆိုတာတွေကို ကျွန်တော် သိလာရတာပေါ့။ ဟုတ်တယ်။ ကျွန်တော် အဲဒီကတည်းကစပြီး ရှက်ခဲ့ကြရတော့တာပါပဲ။ ကျွန်တော်တို့အားလုံးဟာ ကပ်သင့်နေကြပြီဆိုတာ သိရပြီး၊ ကျွန်တော့် စိတ်ချမ်းသာမှုဟာလည်း ပျောက်ဆုံးရတော့တာပဲ၊ အခုထိ ကျွန်တော်ဟာ စိတ်ချမ်းသာမှုကို တွေ့အောင် အားထုတ်နေတုန်းပါပဲ၊ တစ်ခြားလူတွေနဲ့လည်း ဘယ်သူနဲ့မှ ရန်သူကြီး ဖြစ်မနေရလေအောင် အားလုံးကို နားလည်ဖို့လည်း အားထုတ်လျက်ပါပဲ။

ကျွန်တော်သိတာကတော့ ပလိပ်ကပ်သင့်နေတဲ့ အဖြစ်ကို ဆိတ်သုဉ်းသွားအောင် ကိုယ်တတ်နိုင်တာ ကိုယ်လုပ်ကြရမယ် ဆိုတာပါပဲ။ စိတ်ချမ်းသာမှုရဖို့ အတွက်၊ ဒါမှမဟုတ်ရင် ကောင်းကောင်းမွန်မွန် သေရဖို့အတွက် ဒီတစ်နည်းပဲ ရှိတယ်။ လူတွေကို သက်သာခွင့်ရအောင် သူတို့ကို ကယ်တင်ဖို့ မဟုတ်တောင် အနည်းဆုံး အန္တရာယ်ကင်းနိုင်သမျှ ကင်းဖို့ တစ်ခါတစ်ရံ ကောင်းကျိုးကလေးများ အသင့်အတင့်ရှိအောင် လုပ်ဖို့ဆိုရင် ဒီတစ်နည်းဆို ဒီတစ်နည်းပဲ ရှိတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်အနေနဲ့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လို့ဖြစ်စေ၊ အကြောင်းပြချက် ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ တစ်စုံတစ်ယောက်သော သူကို သေစေအောင် သို့မဟုတ် တစ်ခြားလူများက သူ့ကိုသတ်တာကို နည်းလမ်းကျတယ်လို့ ဖြစ်အောင်လုပ်တဲ့ ကိစ္စတွေဆိုရင် ဘယ်ကိစ္စမျိုးနဲ့မှ မပတ်သက်တော့ဘူးလို့ သန္နိဋ္ဌာန် ချထားလိုက်တာ ဖြစ်ပါတယ်...”

“အခု ကူးစက်ရောဂါကြီးမှာ ကျွန်တော်ဟာ ဆရာနဲ့အတူ တွဲပြီး ဒါကို တိုက်ဖြတ်ရမယ် ဆိုတာကလွဲလို့ ဘာမှ အသစ်အဆန်းရယ်လို့ သိစရာမရှိတော့ဘူး ဆိုတာလည်း ဒီအကြောင်းကြောင့်ပါပဲ။ ကျွန်တော် အသေအချာ သိပါတယ် ဆရာ။ ဟုတ်ပါတယ်။ ကျွန်တော်ဟာ လောကကြီးရဲ့အကြောင်းကို အတွင်းရောအပြင်ရော သိတယ်လို့ ပြောနိုင်ပါတယ်ဆိုတာ ဆရာ တွေ့ပါလိမ့်မယ်။ ကျွန်တော်တို့ ကိုယ်စီကိုယ်စီရဲ့ အဇ္ဈတ္တသန္တာန်မှာ ပလိပ်ကပ်ရောဂါဆိုး ရှိနေတယ်ဆိုတာကို အသေအချာ သိပါတယ်။ ဒီကမ္ဘာလောကမှာ ဘယ်သူဆိုဘယ်သူမှ ဒီရောဂါမကင်းပါဘူး။ ဒီတော့ ကျွန်တော်တို့ဟာ အမှုမဲ့အမှတ်မဲ့ ဖြစ်သွားတဲ့ အခိုက်အတန့်ကလေးမှာ တစ်ယောက်ယောက်ရဲ့ မျက်နှာတည့်တည့်ဆီကို အသက်ရှူထုတ်မိပြီး အဲ့ဒီလူကို ရောဂါကူးစက် ပြန့်ပွားအောင် မလုပ်မိဖို့ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ မျက်ခြည်မပြတ် စောင့်ကြည့်နေကြရမယ် ဆိုတာကိုလည်း ကျွန်တော်သိပါတယ်။ သဘာဝအတိုင်း ဖြစ်တာကတော့ ပိုးမွှားပဲရှိတယ်။ ကျန်တာအားလုံးကတော့ ကျန်းမာရေးတို့၊ သိက္ခာသမာဓိတို့ စင်ကြယ်မှု (ထည့်ချင် ထည့်လိုက်ဦး) ဆိုတာတွေကတော့ လူ့ရဲ့အလိုဆန္ဒနဲ့ မကြိုးမပေါက် မပြောက်မကျားရအောင် ပညာသတိနဲ့ ထိန်းသိမ်းမှုတို့က ပေါက်ပွားလာရတဲ့ ဟာတွေပဲ။ ကိုယ့်ဆီကရောဂါကို တစ်ခြားဘယ်သူ့ဆီမှ ကူးစက်အောင် မလုပ်တဲ့လူ လူကောင်းဆိုတာက သတိလစ်ဟင်းမှု အနည်းဆုံးရှိတဲ့လူပဲ။ အဲ့ဒီလို သတိပာစ်လင်းမှု မရှိရအောင်ဆိုရင် အင်မတန် ကြီးမားကြံ့ခိုင်တဲ့ အဓိဋ္ဌာန်ရှိဖို့ လိုတယ်။ အဆုံးအစမထင် ဖွဲ့ကိုတင်းထားဖို့လည်း လိုတယ်။ ဟုတ်တယ်ဆရာ။ ပလိပ်ကပ်သင့်ခံ နေရတဲ့ဘဝဟာ အတော် ငြီးငွေ့စရာကောင်းတဲ့ ကိစ္စပဲ။ ဒါကို ငြင်းဆန်နေရတာက ပိုပြီး ငြီးငွေ့စရာ ကောင်းသေးတယ်။ ဒါကြောင့် ဒီကမ္ဘာမှာ ရှိသမျှလူတိုင်းဟာ ဘယ်သူ့ ကြည့်လိုက်ကြည့်လိုက် ပင်ပန်းနွမ်းနယ် နေကြတာ တွေ့ရတာပဲ။ လူတိုင်းလူတိုင်းဟာ ပလိပ်ကပ်ကို အနည်းနဲ့အများ ငြီးငွေ့နေကြပြီကိုး။ ဒီ ပလိပ်ကပ်သင့်နေတဲ့ ဘဝမျိုးက

လွတ်မြောက်ချင်နေကြတဲ့ ကျွန်တော်တို့လို လူတစ်ချို့ဟာ ပိုပြီး အလူးအလဲ ပင်ပန်းနွမ်းနယ်ကြရတာလည်း ဒီအကြောင်းကြောင့်ပဲ။ ဒီပင်ပန်းနွမ်းနယ်မှုမှာလည်း သေခြင်းကလွဲလို့ ကျွန်တော်တို့ရဲ့ လွတ်မြောက်ရေးကို ပေးစွမ်းနိုင်တာ ဘာမှ မရှိတော့ဘူး...”

“အဲ့ဒီလွတ်မြောက်ရေးကို မရခင်တော့ ကျွန်တော်အဖို့ ဒီ မျက်မှောက်လောကထဲမှာ နေရာမရှိဘူးဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော်က သတ်ဖို့ဖြတ်ဖို့ကို ယတိပြတ် ငြင်းဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်တော့မှ မပြီးဆုံးနိုင်တဲ့ ပြည်နှင်ဒဏ် ခတ်လိုက်တော့တာပဲ။ ‘သမိုင်းပြု’ဖို့ ကိစ္စတွေတော့ တခြားလူတွေ လုပ်ကြပါစေတော့လို့ ထားခဲ့တယ်။ ကျွန်တော်ဟာ တခြားလူတွေ အပေါ်မှာ ဆုံးဖြတ်ချက်ပေးနိုင်တဲ့ အရည်အချင်းရှိသူ မဟုတ်ဘူးဆိုတာလည်း ကျွန်တော် သိပါတယ်။ ကျွန်တော်ရဲ့ အတွေးအဂ္ဂါစုမှာ တစ်ခုခုလိုနေတယ်။ အဲ့ဒီလို လိုနေတဲ့အတွက် ကျွန်တော်ဟာ ကျိုးကြောင်းဆင်ခြင်တတ်တဲ့ လူသတ်သမား မဖြစ်တာပေါ့။ ဒီတော့ ဒါဟာ ကောင်းမြတ်ခြင်း မဟုတ်ဘဲ။ ချို့တဲ့မှုသာ ဖြစ်တယ်။ သို့ပေမယ့် အခုရှိနေတာတွေ အတိုင်းဆိုရင် ကျွန်တော်ဟာ ကျွန်တော့်အဖြစ်အရှိတိုင်းပဲ သဘောကျပါတယ်။ ဟိရိဩတပ္ပတရား ဆိုတာကို ကျွန်တော် သိပါပြီ။ ကျွန်တော်ပြောချင်တာက ဒီကမ္ဘာပေါ်မှာ ကပ်ရောဂါ ပြန့်ပွားစေသူတွေ ရှိတယ်။ ကပ်သင့်သူတွေ ရှိတယ်။ တတ်နိုင်သမျှ ကပ်ရောဂါမပြန့်ပွားစေတဲ့ အင်အားစုနဲ့ မရောနှောမိအော င်နေဖို့ကတော့ ကျွန်တော်တို့ရဲ့အပေါ်မှာ တည်တယ် ဆိုတာပါပဲ။ ဒီစကားက ကလေးဆန်နေလောက်အောင်ပဲ ရှင်းလွန်းနေသလိုပဲ။ တကယ်ပဲ ရှင်းလွန်းနေသလားတော့ ကျွန်တော် မပြောတတ်ဘူး။ ဒါ မှန်တယ်ဆိုတာကိုတော့ ကျွန်တော်သိတယ်။ တခြားလူတွေမှာ ဦးဈောက် ချာချာလည်ပြီး လူသတ်တာကို သဘောတူ လက်ခံကြရလောက်အောင် ကျွန်တော့်ကိုလည်း အဲ့ဒီလောက်နီးနီး ဖြစ်သွားအောင် ပေးကြတဲ့ အကြောင်းပြချက်တွေ တစ်ပုံကြီး ကျွန်တော် ကြားခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့မှာ ဖြစ်ရတဲ့ ဒုက္ခအားလုံးမှာ ကျွန်တော်တို့ စကားကို ရှင်းလင်းအောင်၊ ပြတ်သားအောင် မပြောနိုင်ကြလို့ ဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော် သိရပါတယ်။ ဒါကြောင့် ကျွန်တော် စကားပြောရင် ဖြစ်စေ၊ တစ်ခုခု ပြုလုပ်ရင်ဖြစ်စေ အမြဲတမ်း ရှင်းရှင်းလင်းလင်း ရှိအောင် ပြောဖို့၊ လုပ်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ ကျွန်တော် လမ်းမှန်ကိုရောက်ဖို့က ဒီတစ်နည်းပဲ ရှိတယ်။ ဒါကြောင့် ကျွန်တော်က ‘ဒီကမ္ဘာပေါ်မှာ ကပ်ရောဂါ ပြန့်ပွားစေသူတွေ၊ ကပ်သင့်သူတွေ ရှိတယ်’ လို့ ပြောတာပါ။ ဒီထက်မပိုပါဘူး။ အဲဒီလိုစကားမျိုးကို ပြောလို့ ကျွန်တော်ကိုယ်တိုင် ပလိပ်ကပ်ရောဂါကို သယ်ဆောင်လာသူ ဖြစ်နေတယ်လို့ဆိုရင် အနည်းဆုံး ကျွန်တော်ဟာ စေတနာပါလို့ လုပ်တာတော့ မဟုတ်ပါဘူး။ တိုတိုပြောရရင် ကျွန်တော်ဟာ အပြစ်ကင်းတဲ့

လူသတ်သမားဖြစ်အောင် အားထုတ်ပါတယ်။ တကယ်ပါ ဆရာ။ ကျွန်တော့်မှာ ကြီးမားတဲ့ ရည်ရွယ်ချက်တွေ မရှိပါဘူး…”

“တတိယတစ်မျိုး ထည့်ချင်ထည့်ကြသေးတာ ပေါ့လေ။ အဲဒီတစ်မျိုးကတော့ တကယ်ကုစားတတ်တဲ့ သူတွေပေါ့။ ဒါပေမယ့် အဲဒီလိုလူမျိုးကတော့ အများအပြား မတွေ့ရတတ်ဘူးဗျ။ အဲဒီအသက်မွေးမှုမျိုးကလည်း ခက်ခဲလို့ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်က တကယ့်အကျဉ်းအကျပ်နဲ့ တွေ့လာရရင် အပျက်အဆီးနည်းအောင် ကပ်သင့်သူရဲ့ဘက်က နေမယ်လို့ ဆုံးဖြတ်ထားတာပေါ့၊ သူတို့အထဲမှာ အနည်းဆုံး ကျွန်တော် တတိယအမျိုးအစားကို ဘယ်လိုရောက်တယ် ဆိုတဲ့နည်းကို သိနိုင်တာပေါ့။ တစ်နည်းပြောရရင် ငြိမ်းချမ်းရာကို ရောက်အောင်ပေါ့”

တာရိုလည်း သူ၏ခြေထောက်များကို လွှဲယမ်းကာ အမိုးပြန့် သံမံတလင်းကို ဖနောင့်ဖြင့် ခပ်ဖွဖွ ရုပ်၍ပေါက်ရင်း အဆုံးသတ်လိုက်သည်။ တခဏမျှ တိတ်ဆိတ်နေပြီး ဆရာဝန်သည် ကုလားထိုင်ပေါ်မှ သူ့ကိုယ်သူ အနည်းငယ် ထူလိုက်ပြီး တာရိုအား “ငြိမ်းချမ်းရာကို ရောက်အောင် လိုက်ရမည့်လမ်းစဉ်” ကို သိသလားဟု မေးလိုက်၏။

တာရိုက “ဟုတ်ကဲ့။ ကရုဏာ လမ်းစဉ်ပါ” ဟု ပြန်ဖြေသည်။

အဝေးမှ လူနာတင်ကားနှစ်စီး၏ ခေါင်းလောင်းသံများကို ကြားရသည်။ မြို့အစွန်ဘက်ဆီမှ ပြတ်တောင်းပြတ်တောင်း ကြားနေရသော အော်ဟစ်သံတို့သည် ယခုအခါ ကျောက်စရစ်တောင်ကုန်း အနီးအနားဆီ၌ စုရုံးမိကြပြီး၊ ရုတ်တရက် သေနတ်ပစ်သံလိုလို အသံများ ကြားလိုက်ရ၏။ ထို့နောက် တိတ်ဆိတ်ငြိမ်သက် သွားပြန်ပါသည်။ ဒေါက်တာရေးသည် ဆုံလည်အချက်ပြမီးရောင်ကို နှစ်ပတ်လည်သည်အထိ ငေးကြည့်နေလိုက်၏။ လေပြည်ကလေး မြူးလာကာ ပင်လယ်ဘက်မှ သုတ်ဖြူးလိုက်သော လေထဲတွင် တခဏမျှ ဆားရနံ့ပါလာသည်။ ထိုအချိန်မှာပင် ကမ်းပါးစောက်များ၏ အောက်ခြေမှ လှိုင်းပုတ်သံများကို ကြားနေရပြီဖြစ်၏။

တာရိုက “ကျွန်တော် ဆိုချင်တာကတော့ ကျွန်တော် စိတ်ဝင်စားနေတာဟာ သူတော်စင်ဖြစ်အောင် ဘယ်လို အားထုတ်ရမလဲ ဆိုတာပဲပေါ့” ဟု အမှတ်မထင် ပြောလိုက်သည်။

“ဒါပေမယ့် ခင်ဗျားက ဘုရားသခင်ကိုမှ မယုံကြည်တာပဲ”

“ဟုတ်ပါတယ်။ ဘုရားသခင်မရှိဘဲ သူတော်စင်ဆိုတာ ဖြစ်နိုင်သလားဆိုတာ ပြဿနာပဲပေါ့။ တကယ်ဆိုရင် ကျွန်တော် ဒီကနေ့ ရင်ဆိုင်နေရတာဟာ ဒီပြဿနာ တစ်ခုတည်းပါပဲ”

အော်ဟစ်သံများ ပေါ်လာသည့် နေရာဆီမှ မီးတောက်များ လက်ခနဲတက်လာပြီး အော်ဟစ်ဆူညံသံများ လေနှင့်အတူ ပါလာကာ သူတို့နားသို့ ရောက်လာသည်။ ချက်ချင်းဆိုသလိုပင် မီးတောက်များ ငြိမ်းသွားပြီး၊ နီနီရဲရဲအရောင် ခပ်မှိန်မှိန်သာ ကျန်တော့၏။ ထို့နောက် လေတစ်ချက် အဝှေ့လိုက်တွင် နားမချမ်းသာဖွယ် အော်ဟစ်သံများ ကြားလိုက်ရပြီး၊ သေနတ်ပစ်သံတစ်ချက် ကြားရသည်။ ထို့နောက်မှ ဒေါသဖြင့် အော်ဟစ်လိုက်သော လူအုပ်ကြီး၏အသံ ပေါ်လာ၏။ တာရိသည် မတ်တပ်ရပ်၍ နားစွင့်လိုက်သည်။ သို့သော် နောက်ထပ် ဘာသံမှ မကြားရတော့ချေ။

"မြို့တံခါးတွေမှာ တိုက်ပွဲဖြစ်ပြန်ပြီ ထင်တယ်"

ဒေါက်တာရေးက "ပြီးသွားပါပြီလေ" ဟု ဆိုလိုက်၏။

တာရိက လေသံတိုးတိုးဖြင့် "ဘယ်တော့မှ မပြီးပါဘူး။ ဒါဟာ ဖြစ်ရမယ့် အစဉ်ပဲ။ နောက်ထပ်လည်း ခံရသူတွေ ရှိနေဦးမှာပဲ" ဟု ပြောနေလေသည်။ ဆရာဝန်က "ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့်ဗျာ ကျွန်တော်ကတော့ သူတော်စင်တွေနဲ့ထက် အရေးရှုံးနိမ့်သူများနဲ့ ပိုပြီး ပေါင်းဖော်ချင်ပါတယ်။ ကျွန်တော်ကတော့ သူရဲကောင်းဝါဒတို့၊ သူတော်စင်ဝါဒတို့ကို သိပ်စိတ်မဝင်စားဘူး ထင်ပါတယ်။ ကျွန်တော် စိတ်ဝင်စားတာကတော့ လူတစ်ယောက်ဖြစ်ဖို့ပဲဗျ" ဟု ပြန်ပြောသည်။

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့ဟာ ဦးတည်ချက်တွေကတော့ အတူတူပါပဲ။ ကျွန်တော်က ဆရာ့လောက် ရည်မှန်းချက် မကြီးမားတာ တစ်ခုပါပဲ"

ဒေါက်တာရေးက တာရိ ရယ်သွမ်းသွေးလိုက်သည် ထင်၍ အပြုံးဖြင့် သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်တွင် ကောင်းကင်မှ အလင်းရောင် ခပ်ဖျော့ဖျော့တွင် သူမြင်ရသည့် တာရိ၏ မျက်နှာမှာကား ညှိုးငယ်တည်ငြိမ်လှပေသည်။ လေတစ်ချက် သုတ်ဖြူးလိုက်ပြန်သည်တွင် ဒေါက်တာရေး၏ ပါးပေါ်၌ နွေးခနဲ ဖြစ်သွားသည်။ တာရိက ကိုယ်ကို အနည်းငယ်လှုပ်လိုက်ပြီး–

"ကျွန်တော်တို့ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ဘာလုပ်သင့်တယ်ဆိုတာ ဆရာသိလား" ဟု မေးသည်။

"ဘာပဲဖြစ်ဖြစ်၊ ခင်ဗျားကြိုက်တာ လုပ်ပေါ့ တာရို"

"ရေသွားကူးကြမယ်ဗျာ။ ဒါက သူတော်စင် အလောင်းလျာများတောင် လိုက်စားနိုင်လောက်အောင် အန္တရာယ်ကင်းတဲ့ ပျော်ရွှင်မှုမျိုးပဲ မဟုတ်ဘူးလား ဆရာ"

ဒေါက်တာရေးက ပြုံးပြလိုက်ပြန်သည်။ တာရိုက ဆက်ပြောသည်။

"တကယ်တော့ ပလိပ်ကပ်အတွက် ပလိပ်ကပ်ကြီးထဲမှာပဲ နေ,နေတာဟာ အဓိပ္ပာယ်လုံးဝမရှိပါဘူး ဆရာရယ်။ ကပ်သင့်ခံရသူတွေဘက်က တိုက်ခိုက်တာတော့ တိုက်ခိုက်ရမှာပေါ့။ ဒါပေမယ့် ဒီအပြင်ဘက်က ဟာတွေ ဘာမှ ဂရုမစိုက်တော့ဘူး ဆိုရင် တိုက်ခိုက်နေရတာ ဘာအသုံးကျဦးမှာလဲ"

ဒေါက်တာရေးက "ကောင်းပြီလေ။ သွားကြစို့" ဟု ဆိုလိုက်၏။

မိနစ်အနည်းငယ် ကြာသောအခါ ကားကလေးသည် သတော်ဆိပ်အဝင် တံခါးဝတွင် ထိုးရပ်လိုက်သည်။ ဖြူဖြူဖွေးဖွေး အလင်းရောင်ဖြင့် လထွက်လာပြီး သူတို့၏ ပတ်ပတ်လည်တွင် အရိပ်များ ပြောက်ကျားထိုးကျလျက် ရှိ၏။ သူတို့၏ နောက်ဘက်တွင် မြို့၏အတန်းလိုက်၊ အဆင့်လိုက် အိမ်များကို မြင်နေရသည်။ မြို့ဘက်မှ တစ်ချက်တစ်ချက် ဝှေ့၍တိုက်လာသော လေနွေးနွေးတွင် ပါလာသည့် ညှီစို့စို့အပုပ်နံ့က သူတို့အား ပင်လယ်ဘက်သို့ တွန်းပို့နေသကဲ့သို့ ရှိ၏။ အစောင့်အား သူတို့၏ စီစစ်ရေးလက်မှတ်များကို ထုတ်ပြ၍ အစောင့်က အသေးစိပ်စေ့စပ်စွာ စစ်ဆေးကြည့်ပြီးသောအခါ သူတို့သည် စည်များ အနံ့အပြား အတုံးအရုန်းရှိနေသော ကွင်းလပ်ကို ကျော်ဖြတ်ကာ ဆိပ်ခံဆီသို့ လျှောက်ခဲ့ကြ၏။ ထိုနေရာကား ကဖော်ပေါက်နေသည့် အနံ့၊ ငါးညှီနံ့တို့ဖြင့် လှိုင်နေ၏။ ဆိပ်ခံဆီသို့ သူတို့ ရောက်လုရောက်ခင်တွင် အိုင်အိုဒင်းနံ့၊ ပင်လယ်ရေမှော်နံ့ကလေးများ ရ၍ ပင်လယ်နှင့် နီးကပ်လာပြီကို သိကြရပြီး၊ ကျောက်ဆောင်ကြီးများ ပေါ်သို့ တအိအိ တလှုပ်လှုပ် လှိုင်းပုတ်နေသည့် အသံကိုလည်း သဲသဲကွဲကွဲ ကြားကြရလေ၏။ ဆိပ်ခံပေါ်သို့ တက်မိလျှင်ပင် ပျောင်းနွဲ့ပျော့အိသော တောရိုင်းသတ္တဝါကြီး တစ်ကောင်ပမာ တအိအိ ညင်သာစွာ လှုပ်ကြွလျက်ရှိသော ကတ္တီပါကမ္ဘာပြင်ကျယ်ကြီးကို တွေ့မြင်လိုက်ကြ ရလေ၏။ သူတို့သည် ဟင်းလင်းပြင်ဘက်သို့ မျက်နှာမူလျက် ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်လိုက်ကြ၏။ ပင်လယ်ရေသည် နိမ့်ချည်မြင့်ချည် တအိအိကြွလျက် ပြက်တောင်းပေါ်လာသော အလင်းရောင် မှိန်မှိန်ပျပျ၌ ငြိမ်သက်လှသော လှိုင်းအိများပေါ်တွင် ရောင်ပြန်များ ပြိုးပြက်လက်နေလေသည်။ သူတို့၏ ရှေ့တွင်ကား အဆုံးအစမထင်သော အမှောင်ထုရှိ၏။ ဒေါက်တာရေးသည် သူ၏ လက်ဖဝါးအောက်၌ ရေဒဏ်မိုးဒဏ်ဖြင့် ဖုထစ်ချိုင့်ခွက်လျက်နေသော ကျောက်ဆောင်တို့၏ မျက်နှာပြင်ကို တွေ့ထိနေရပြီး မဖြစ်စဖူး ထူးဆန်းသော စိတ်ချမ်းမြေ့မှု တစ်မျိုးကို ခံစားလိုက်ရသည်။ တာရို၏ဘက်သို့ လှည့်အကြည့်လိုက်တွင် သူ့ မိတ်ဆွေ၏ မျက်နှာပေါ်၌လည်း အလားတူ စိတ်ချမ်းမြေ့မှုမျိုး၏ အရိပ်အယောင်ကို တွေ့မြင်လိုက်ရသည်။ ထိုစိတ်ချမ်းမြေ့မှုကား မည်သည့်အရာကိုမျှ မေ့ထားဖို့ မလို။ လူသတ်သည်ကိုပင် မေ့မထားဘဲ ရရှိသည့်

စိတ်ချမ်းမြေ့မှုပေတည်း။

သူတို့အဝတ်များကို ချွတ်လိုက်ကြပြီး ရှေးဦးစွာ ဒေါက်တာရေးက ရေထဲသို့ ဝမ်းလျားထိုး၍ ဝင်လိုက်လေသည်။ ရုတ်တရက်ထိတွေ့လိုက်ရသော အအေးဓာတ်ကလေးများ လွန်မြောက်သွား၍ ရေမျက်နှာပြင်သို့ ပြန်တက်လာသောအခါ ရေမှာ နွေးနွေးကလေး ဖြစ်နေသည်ဟု ထင်ရ၏။ လက်တစ်ပစ်နှစ်ပစ် ကူးမိသောအခါ ထိုညက ပင်လယ်ရေသည် နွေနေ့တာရှည် တစ်နေ့လုံးပူထားသည့် ကုန်းမြေမှ ဓာတ်ကူးလာသော နွေနှောင်းဆောင်းဦး အနွေးဓာတ်ဖြင့် နွေးလျက်ရှိသည်ကို တွေ့ရသည်။ သူက ရှေ့မှာကူးခတ်၍ သွားစဉ် သူ၏ခြေများ လှုပ်ရှားသဖြင့် ရေယက်ပန်းများထ၍ ကျန်ရစ်ကာ သူ၏လက်များတလျှောက် လျှောသွားသည့် ရေအယဉ်တို့သည် ခြေများဆီတွင် ဖိ၍စု၍ညဝင်သွားကြသည်။ သူ့နောက်ဆီမှ ရေပွက်စင်သံ ကျယ်လောင်စွာ ကြားလိုက်ရ၍ တာရိုပါ ရေထဲသို့ ထိုးဆင်းလာပြီဟု သိလိုက်ရ၏။ ဒေါက်တာရေးသည် ရေထဲတွင် မလှုပ်မယက် ပက်လက်အိပ်ကာ လရောင်ကြယ်ရောင်များဖြင့် လင်းနေသည့် မိုးကောင်းကင် ခုံးခုံးကြီးကို ကြည့်နေလိုက်သည်။ ထို့နောက် အံ့စရာ ကောင်းလောက်အောင်ပင် တိတ်ဆိတ်လှသည့် ည၏ ဟင်းလင်းပြင်ထဲဝယ် တဖြည်းဖြည်း ကျယ်သည်ထက် ကျယ်လာသော ရေယက်သံကို ကြားရသည်။ တာရို သူ့ကိုမီလာပြီဖြစ်၍ သူ၏အသက်ရှူသံကိုပင် ကြား၍ နေရပြီဖြစ်လေသည်။

ရေးလည်း ပြန်မှောက်ကာ သူ့မိတ်ဆွေနှင့် ရင်ဘောင်တန်းယှဉ်လျက် လက်ကျလည်းညီအောင် ပစ်၍ ကူးခဲ့သည်။ သို့ရာတွင် တာရိုက ပိုမိုသန်မာသော ရေကူးသမားဖြစ်၍ ဒေါက်တာရေးမှာ သူ့ကိုမီရန် အတော်အားစိုက်၍ ကူးခဲ့ရသည်။ သူတို့သည် မိနစ်အနည်းငယ်ခန့် ဘေးချင်းယှဉ်လျက် လက်ကျညီညီ ပြိုင်တူကူးခဲ့ကြလေရာ သူတို့သည် ဤကမ္ဘာလောကကြီးထဲမှ ထွက်၍ နောက်ဆုံးတွင် မြို့နှင့်လည်းကောင်း၊ ပလိပ်ကပ်နှင့်လည်းကောင်း လွတ်ကင်းရာသို့ ရောက်ခဲ့ကြလေ၏။ ရှေးဦးစွာ ရပ်လိုက်သည်မှာ ဒေါက်တာရေး ဖြစ်ပြီး၊ သူတို့နှစ်ယောက်သား ခပ်ဖြည်းဖြည်းပင် ပြန်ကူးလာခဲ့ကြရာ မမျှော်လင့်ဘဲ အေးစက်နေသော ရေအေးစီးကြောင်းနှင့် မိသည့် တစ်နေရာတွင်သာ အအေးဓာတ်က လှုံ့ဆော်ပေးလိုက်သဖြင့် သူတို့နှစ်ယောက်စလုံး အားသွန်ခွန်စိုက်ကူးခတ် ခဲ့ကြရလေ၏။

သူတို့ အဝတ်အစားများဝတ်ကာ ပြန်လှည့်လာခဲ့ကြသည်။ မည်သူမျှ ဘာစကားတစ်ခွန်းမျှ မပြောခဲ့ကြ။ သို့သော် သူတို့နှစ်ယောက်စလုံးမှာ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ကြသည်ကို လည်းကောင်း၊ ဤညကို သူတို့နှစ်ယောက်စလုံး သတိတရဖြစ်၍ နေကြမည်ကို လည်းကောင်း သိနေကြပေသည်။ ပလိပ်ကပ် ကင်းစောင့်ကို သူတို့မြင်လိုက်ကြရသည့် အချိန်တွင် ဒေါက်တာရေး၏စိတ်၌

တာရိလည်း သူ့ကဲ့သို့ပင် ရောဂါဆိုးကြီးက သူတို့အား ခေတ္တမျှ နားခွင့်အားခွင့် ပေးလိုက်သည်ကို တွေးနေမိသားဖြစ်သည် ဟု မှန်းဆ၍ ကြည့်နေမိလေ၏။ ဤ အားလပ်ခွင့်ကလေးကား ကောင်းလေစွ။ သို့ရာတွင် ယခု သူတို့သည် တာဝန်ထမ်းဆောင်ရန် အတွက် ပခုံးပြင်လျက် အလုပ်ခွင်သို့ ပြန်ဝင်ခဲ့ကြရပြီ ဖြစ်လေသည်။

* * *

ဟုတ်ပေသည်။ ပလိပ်ကပ်က သူတို့အား ခေတ္တမျှ လွတ်ငြိမ်းခွင့်ပေးခဲ့သည်။ ယခုမူ တာဝန်ထမ်းဆောင်ရန် ပခုံးပြောင်း၍ ပြန်ဝင်ခဲ့ကြပြီ ဖြစ်၏။ ဒီဇင်ဘာလတစ်လလုံး ပလိပ်ကပ်သည် မြို့သူမြို့သားများ၏ ရင်ထဲတွင် တအုံခွေးခွေး ဖြစ်စေလျက်၊ မီးရှို့စက်ကြီးတွင်လည်း မီးတောက်မီးလျှံတက်အောင် လောင်စာပေးကာ သီးသန့်ခွဲခြားစခန်းများတွင်လည်း ကံပစ်ချရာ မျှော်ပါနေကြရသူ လူများဖြင့် ပြည့်နေစေလေသည်။ အချုပ်ဆိုသော် ပလိပ်ကပ်သည် သူ၏ ဝိသေသလက္ခဏာဖြစ်သော ဆတ်တောင့်တောင့် ခြေလှမ်းကြဲကြီးများဖြင့် အသွားမပြတ် သွားလျက်သာရှိသည်။ အာဏာပိုင်များကမူ ဆောင်းဝင်လာလျှင် ပလိပ်ကပ်အရှိန် ရပ်တန့်သွားလိမ့်မည်ဟု မျှော်လင့်ချက်ကြီးစွာ တွက်ဆထားခဲ့ကြသည်။ သို့ရာတွင် ဆောင်းဦးပေါက် အအေးဓာတ်များ ဝင်လာသည့် အချိန်အထိ ပလိပ်ကပ်က ဆုတ်မည့်လက္ခဏာ အနည်းငယ်မျှ မပြခဲ့။ ထို့ကြောင့် ကျွန်ုပ်တို့အဖို့ ဆက်လက် စောင့်ကြရုံမှတစ်ပါး ဘာမျှမရှိခဲ့တော့။ အချိန်ကြာလွန်း လာပြန်တော့လည်း ဘာကိုမှ မစောင့်မျှော်ချင်ကြတော့။ တစ်မြို့လုံးမှာ ဘာမျှ အနာဂတ်မရှိတော့ သလိုသာ နေကြရလျက်ရှိလေ၏။

ဒေါက်တာရေးအဖို့ သူရရှိခဲ့သည့် တိုတောင်းလှသည့် လွတ်ငြိမ်းသက်သာခွင့် တစ်နာရီကလေးမျိုးကို နောက်ထပ်မရတော့။ ရလည်း မရနိုင်တော့။ ဆေးရုံ နောက်တစ်ရုံပင် ထပ်မံ၍ ဖွင့်လိုက်ရပြန်ပြီ။ သူ့မှာ စကားပြောဖော်က သူ့လူနာတွေသာ ရှိတော့သည်။ သို့ရာတွင် ကူးစက်ရောဂါ၏ ဤအဆင့်တွင် ပလိပ်ကပ်သည် တစ်ဆထက်တစ်ဆ ပို၍ အဆုတ်ပုလိပ်၏ အသွင်သို့ ပြောင်းလာခဲ့သည်ကို လည်းကောင်း၊ လူနာများသည် သူတို့ဘာသာသူတို့ ဆရာဝန်ကို ထောက်ခံတတ် လာခဲ့ကြဟန်တူသည်ကို လည်းကောင်း သတိပြုမိလာသည်၊ စောစောပိုင်းကကဲ့သို့ စိတ်ပျက်အားလျော့နေရခြင်း၊ ပရိဒေဝသောကဖြင့် မွန်နေကြခြင်းများ မရှိတော့ဘဲ သူတို့၏စိတ်အာရုံ၌ ဘာလုပ်သင့်သည်ကို ပိုမို ကြည်လင်စွာ မြင်လာကြပြီး၊ သူတို့ဆန္ဒအလျောက်ပင် ဘာလုပ်လျှင် ကောင်းမည်ကို မေးမြန်းလာကြသည်။ ဤသို့ဖြင့် သူတို့သည် ဘာဆေးသောက်ရမည်ကို အပူတပြင်း မေးမြန်းတောင်းဆို လာကြပြီး၊ တတ်နိုင်သမျှ နွေးနွေးထွေးထွေး နေရန်ကိုပင် သူတို့ဘာသာ အရေးတယူ လုပ်လာကြသည်။ ဒေါက်တာရေး၏ တာဝန်များမှာ ရှေးကကဲ့သို့ပင် အားအင်ကုန်ခမ်း ပင်ပန်းဖွယ်ရာ ဖြစ်လျက်ပင် ရှိသော်လည်း ယခုမူ သူတစ်ယောက်တည်း တိုက်ခိုက်နေရခြင်း မဟုတ်တော့သည်ကို သိမြင်လာခဲ့သည်။ လူနာများကပါ ဆရာဝန်နှင့်အတူ လိုက်လျောကူညီကာ ပူးပေါင်းဆောင်ရွက်၍ လာခဲ့ကြပြီ ဖြစ်လေသည်။

ဒီဇင်ဘာလ ကုန်ခါနီးဆီတွင် သီးခြားစခန်း၌ပင် ရှိနေသေးသော မွန်ဆီယာ အိုသုန်ထံမှ စာတစ်စောင်ကို ဒေါက်တာရေး ရရှိလေသည်။ တရားသူကြီးက သူ၏ သီးခြားစခန်းကာလသည် ပြီးဆုံးပြီဖြစ်ကြောင်း၊ သူ ဤစခန်းသို့ ရက်စွဲ အမှတ်အသားများကို အတွင်းဝန်များရုံးက အထားမှားပြီး ပျောက်နေကြောင်း၊ အကယ်၍ သူ့အား ဤစခန်းတွင်ပင် ဆက်လက်ထိန်းသိမ်းထားမည် ဆိုပါက အမှားအယွင်း တစ်ခုခုကြောင့်သာ ဖြစ်မည်ဖြစ်ကြောင်း၊ မကြာမီကမှ သီးခြားစခန်းမှ လွှတ်ပေးလိုက်သော သူ့ဇနီးက ဘုရင်ခံ၏ရုံးသို့ ဤကိစ္စအတွက် စောဒကတက်ရန် သွားခဲ့ရာ ရိုင်းပျစွာ ပြောလွှတ်လိုက်သည်ကို ခံခဲ့ရကြောင်း၊ သူတို့ရုံးက ဘယ်တော့မှ မမှားယွင်းဟု ပြောဆိုလိုက်သည် ဆိုသည့် အကြောင်းများဖြစ်၏။ ဒေါက်တာရေးက ရမ်ဘားအား ဤကိစ္စကြည့်လုပ်ရန် ပြောလိုက်ပြီးနောက် ရက်အနည်းငယ် ကြာသောအခါ မွန်ဆီယာအိုသုန်သည် ဆရာဝန်ထံသို့ ရောက်လာလေသည်။ တကယ်လည်း အမှားအယွင်း ရှိခဲ့သည်ဖြစ်ရာ ဒေါက်တာရေးက ဒေါသဖြစ်သည့် အမှုအရာပြသည်။ သို့ရာတွင် အတော်ပိန်ကျသွားပြီ ဖြစ်သော မွန်ဆီယာအိုသုန်ကမူ သူ၏ ချည့်နဲ့သောလက်ကို မြှောက်ကာ တောင်းပန်ကန့်ကွက်သည်။ သူက စကားလုံးများကို အသေအချာ ရွေးချယ်စဉ်းစား၍ လူတိုင်းလူတိုင်း မှားယွင်းတတ်ပါသည်ဟု ပြောလေသည်။ ဆရာဝန်လည်း တစ်စုံတစ်ခုသည် အသေအချာ ပြောင်းလဲခဲ့ပြီဟု သူ့စိတ်တွင် အောက်မေ့၍နေလေသည်။

ဒေါက်တာရေးက "အခု မွန်ဆီယာအိုသုန် ဘာလုပ်မလဲ။ ခင်ဗျားအလုပ်တွေကတော့ တစ်ပုံကြီး စောင့်နေမှာပဲထင်တယ်" ဟု မေးလိုက်သည်။

"ကျွန်တော် နားလည်ပါတယ်။ ခင်ဗျား အနားယူဖို့ လိုပါတယ်"

"ဒီလို မဟုတ်ဘူးဆရာ။ ကျွန်တော် ဟိုစခန်းကို ပြန်သွားချင်လို့ပါ"

ဒေါက်တာရေးသည် သူ၏နားများကိုပင် သူ မယုံချေ။

"ဒါပေမယ့် ခင်ဗျား အခုပဲ အဲဒီက ထွက်လာတာပဲ"

"ကျွန်တော်ပြောတာ မရှင်းလို့နဲ့ တူတယ်ဆရာ။ ဒီလိုပါ အဲဒီစခန်းမှာ အစိုးရရုံးတွေက အမှုထမ်းတွေ စေတနာ့ဝန်ထမ်း လုပ်အားပေးနေကြတာတွေ ရှိတယ်လို့ သိရပါတယ်" ဟု ဆိုကာ တရားသူကြီးလည်း သူ၏ မျက်လုံးဝိုင်းကြီးများကို လှည့်ကာ သူ၏ဆံပင်ကို လက်ဖြင့်သပ်လိုက်၏။ ဆက်လက်၍ "အဲဒီလိုဆိုရင် ကျွန်တော်လည်း အလုပ်နဲ့လက်နဲ့ မပြတ်အောင်ရှိမယ်။ ပြီးတော့ အဓိပ္ပာယ်မရှိဘူး ထင်စရာပဲ ဆိုတာတော့ သိပါရဲ့။ ဒါပေမယ့် ကျွန်တော်လည်း သားကလေးကို အလွမ်းမှ နည်းနည်း သက်သာပါစေတော့လို့" ဟု ပြောလိုက် သည်။

ဒေါက်တာရေးက သူ့အား စိုက်ကြည့်နေမိသည်။ ဘာအမူအရာကိုမျှ

ထင်ရှားအောင် မပြခဲ့သော် မွန်ဆီယာအိုသုန်၏ တင်းမာသော မျက်လုံးများတွင် ကြင်နာသနားမှုကလေးများ ရုတ်တရက် ဝင်လာခြင်းပေလော။ မှန်ပါသည်။ ထိုမျက်လုံးများသည် ရှေးကကဲ့သို့ တင်းမာမှုဖြင့် အရောင်ထွက်နေသော သံမဏိမျက်လုံးများ မဟုတ်တော့ဘဲ ရီဝေလျက်ရှိကြသတည်း။

ဒေါက်တာရေးက "ဖြစ်ပါတယ်လေ။ ခင်ဗျားဆန္ဒက အဲဒီလို ရှိတယ်ဆိုတော့ ကျွန်တော် လုပ်ပေးပါ့မယ်" ဟု ပြောလိုက်သည်။

ပြောလိုက်သည့်အတိုင်း ဒေါက်တာရေးက လုပ်ပေးလိုက်သည်။ ပလိပ်ကပ်သင့် မြို့ထဲတွင်လည်း နာတာလူးပွဲတော် အချိန်အထိ သွားမြဲလာမြဲအတိုင်း ဆက်လက်၍ သွားလာလျက် ရှိကြလေသည်။ တာရိုသည်လည်း ပြဿနာဟူသမျှကို သူ၏ အေးဆေးတည်ငြိမ်သော ကျွမ်းကျင်မှုဖြင့် ဖြေရှင်းလျက်ရှိသည်။ ရမ်းဘားက ဆရာဝန်အား သူသည် အစောင့်စစ်သားကလေး နှစ်ယောက်နှင့် ပူးပေါင်းကြံစည်ကာ သူ့ဇနီးထံသို့ စာများပို့လျက်ရှိပြီး၊ မကြာမကြာ ဆိုသလိုပင် ပြန်စာများ ရလျက်ရှိကြောင်း တိုးတိုးတိတ်တိတ် ဖွင့်ပြောလေသည်။ သူကပင် ဆရာဝန်အား ဤလျှို့ဝှက်သော အဆက်အသွယ် အခွင့်အရေးကို အရယူသင့်ကြောင်း ဆွယ်တရားဟောသဖြင့် ဒေါက်တာရေးကလည်း သဘောတူလိုက်သည်။ သူသည် လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် စာထိုင်ရေးသည်။ ကာလကြာမြင့်စွာ မေ့နေသော ဘာသာစကားတစ်ခုကို စဉ်းစား၍ စီကြည့်နေရသကဲ့သို့ ပင်ပန်းခက်ခဲလှ၏။ ထိုစာကို ပို့လိုက်သည်။ သို့သော် ပြန်စာကား တော်တော်နှင့် ရောက်မလာချေ။ ကော့တတ်မှာကား မတူတရူ အရောင်းအဝယ် လုပ်ငန်းကလေးများဖြင့် စီးပွားဖြစ်လျက် လက်ဖျားတွင် ငွေသီး၍ နေလေသည်။ သို့ရာတွင် ဂရန်းအဖို့ကား ပြောင်းပြန်ဖြစ်၏။ နာတာလူးပွဲတော်ရာသီကား သူနှင့် သင့်မြတ်ဟန် မတူချေ။

တကယ်ပင် ထိုနှစ်က နာတာလူးပွဲတော်တွင်ကား ခါတိုင်းတွေ့နေကျ မြင်ကွင်းမျိုး တစ်ခုမှမရှိတော့ဘဲ ကောင်းကင်ဘုံ၏ အငွေ့အသက်များထက် ငရဲဘုံ၏ အငွေ့အသက်များက ပိုမိုလျက်ရှိသည်။ ဆိုင်များ၌လည်း ဘာမျှမရှိ၊ မီးများလည်း မထွန်းညှိ။ စက္ကူဖူးလွတ်များ သို့မဟုတ် မုန့်ချိုချဉ်စုံများကို ပုံတူလုပ်၍ အလှပြထားရာ မှန်ပြတင်းကျယ်များ၌လည်း မီးမရှိ။ ဓာတ်ရထားများ ပေါ်တွင်လည်း ငေးမိငေးရာငေးလျက် စိတ်ပျက်အားငယ်သည့် အသွင်နှင့် ခရီးသည်များသာ။ အားလုံးသော အရာတို့သည် ခါတိုင်းနှစ် နာတာလူးပွဲတော် အခါနှင့် မတူနိုင်သမျှ မတူဆုံး ဖြစ်၍နေပေသည်။ ယခင်အခါများက မြို့သူမြို့သားများ အားလုံး ဆင်းရဲချမ်းသာမရွေး ပွဲတော်ရာသီ၌ ပျော်ကြပါးကြမြဲ ဖြစ်သည်။ ယခုမူ အခွင့်ထူးခံ အနည်းငယ်မျှ ငွေကြေးပြည့်စုံ ကုံလုံသူများသာ ပျော်နိုင်ပါးနိုင် ကြတော့၏။ သူတို့လည်း ချောင်ကျသော ဆိုင်စုတ်ကလေးများ၌ သော်လည်းကောင်း၊

ကိုယ်ပိုင်အခန်းများ၌ သော်လည်းကောင်း ဣန္ဒြေရရ သောက်ကြစားကြသည်။ ဘုရားဝတ်ကျောင်းများ၌သာ ပျော်ရွှင်စွာ သီဆိုသောတေးသံများထက် အသားနားခံ၍ ဆုတောင်းသည့် တေးသံများက ပိုမိုများပြားလျက် ရှိသည်။ ငယ်လွန်း၍ ဘာကိုမျှ ကြောက်ရလန့်ရတတ်မှန်း မသိတတ်သေးသော ကလေးသူငယ်အချို့သာ အေးစက်ချမ်းစီးလျက် ရွှင်လန်းစရာ တစ်ကွက်မျှမရှိသော လမ်းများထဲတွင် ကစားလျက်ရှိသည်ကို တွေ့ရသည်။ သို့ရာတွင် သူတို့အား ရှေ့က နာတာလူးပွဲတော် ရာသီတွင် လက်ဆောင်များကို ယူဆောင်လာသူ၊ လူသားတို့နှင့် ဒုက္ခနှင့်အမျှ ရင့်ကျက်လျက် နုပျိုသောအရွယ်တို့၏ မျှော်လင့်ချက်ပမာ သစ်လွင်တော်မူသော ဘုရားသခင်အား အကြိုအဆို မခိုင်းရဲခဲ့ကြ။ ဘဝ၌ ဖွဲ့နှင့် တွယ်တာတတ်သည့် အာလျှဆန္ဒမျှသာ ဖြစ်သော လူတို့အား ရေစုန်မျောကာ သေမင်းခံတွင်းထိ လိုက်ပါမသွားအောင် တားဆီးထားသည့် မှုန်မှုန်မှိုင်းမှိုင်း မျှော်လင့်ချက်များမှတစ်ပါး မည်သူမှလည်း ဘာမျှော်လင့်ချက်အသစ်ကိုမှ မထားနိုင်ကြတော့ချေ။

လွန်ခဲ့သည့်ညနေက ဂရန်းသည် ရောက်နေကျအချိန်တွင် ရောက်မလာခဲ့ချေ။ သူ့အတွက် စိုးရိမ်သလိုဖြစ်ကာ ဒေါက်တာရေးလည်း မနက်စောစော သူ့အိမ်သို့ သွားလိုက်သည်။ သို့သော် သူက အိမ်တွင် မရှိချေ။ သူ့မိတ်ဆွေများအား သတိပြု၍ ကြည့်နေကြရန် အကြောင်းကြား ထားရ၏။ ဆယ့်တစ်နာရီခန့်ဆီတွင် ရမ်းဘားသည် အသွင်တစ်မျိုးဆန်းလျက် ရည်ရွယ်ချက်မရှိဘဲ လျှောက်သွားနေဟန်တူသော ဂရန်းအား သူ အဝေးက လှမ်းမြင်ခဲ့ရသည် ဟူသော သတင်းသည် ဆေးရုံသို့ ရောက်လာသည်။ သူ့ကိုမြင်လိုက်လျှင် မြင်လိုက်ချင်း လိုလိုပင် မျက်ခြည်ပြတ်သွားသည် ဆိုသည်။ တာရိုနှင့် ဆရာဝန်တို့လည်း ဂရန်းအား လိုက်ရှာကြရန် ကားဖြင့် ထွက်ခဲ့ကြလေ၏။

မွန်းတည့်ချိန်တွင် ဒေါက်တာရေးသည် ကားထဲက ဆင်းခဲ့၏။ အပြင်ဘက်ရှိလေထုမှာ အေးစက်နေသည်။ သူသည် မလှမ်းမကမ်းတွင် ခပ်ကြမ်းကြမ်း ထွင်းထားသော သစ်သားကစားစရာအရုပ်များ အပြည့်ထည့်ပြထားသည့်ဆိုင် မှန်ပြတင်း၌ မျက်နှာအပ်လျက် ကြည့်နေသော ဂရန်းကို မြင်လိုက်သောကြောင့် ဖြစ်၏။ အဘိုးအိုကလေး၏ ပါးပြင်တို့တွင် မျက်ရည်များ တသွင်သွင်စီးကျလျက် ရှိသည်ကို မြင်ရလျှင် ဒေါက်တာရေးမှာ ကိုယ်ချင်းစာနာတတ်သူ ဖြစ်၍ ရင်ထဲ၌ ဆို့သွားသည်။ သူလည်း မျက်ရည်များ လည်လာအောင်ပင် သနားသွားသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာဆီက မြင်ကွင်းတစ်ခု သူ့မျက်စိရှေ့တွင် ပေါ်လာသည်။ ဤဆိုင်မျိုး အခြားတစ်ဆိုင်၏ရှေ့တွင် နာတာလူးပွဲတော်အတွက် သစ်လွင်သော အဝတ်အစားများကို ဝတ်လျက် ရပ်နေသော လူငယ်ကလေးအား ဂျမ်းက ရုတ်တရက် လှုပ်ရှားလာသောစိတ်ဖြင့် သူ့ဘက်သို့လှည့်၍ သူ ဘယ်လောက်ပျော်ကြောင်း ပြောပြလိုက်သည့် ရှုခင်း၊ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ ဝါးဝါးရှိသည့်တိုင်လည်း

သူ၏ရင်ထဲက ရှုးရှုးမိုက်မိုက်နှင့် ကြိုက်ခဲ့လွမ်းခဲ့ရသူ ဂျမ်း၏ နုပျိုချိုလွင်သော အသံကလေးသည် ဂရန်း၏ နားထဲတွင် ပဲ့တင်ထပ်လျက် ရှိနေလိမ့်ဦးမည်ကို ဒေါက်တာရေးက မှန်းဆကြည့်နိုင်ပါသည်။ အဘိုးအိုကလေး မျက်ရည်လည်ရွဲနှင့် ဘာတွေများ တွေးနေပါလိမ့်မည်နည်း ဆိုသည်ကိုလည်း သူ သိပါသည်။ သူလည်း ဤအကြောင်းကိုပင် တွေးနေသည်။ အချစ်အခင်မရှိသော လောကကား အသက်မရှိသော လောကသာ ဖြစ်သည်။ လူတစ်ယောက်အဖို့ သူ၏အကျဉ်းထောင်များ၊ သူ၏အလုပ်အကိုင်နှင့် တာဝန်ကျေပွန်မှုကိုသာ ရှေးရှုရသော အဖြစ်များကို ငြီးငွေ့လာကာ နွေးနွေးထွေးထွေး ရင်ခုန်စေတတ်သော ချစ်သူ၏ မျက်နှာကလေးကိုသာ တောင့်တမိတတ်သည့် အချိန်လည်း ရှိတတ်သည်။

ပြတင်းမှန်ထဲတွင် ဆရာဝန်၏အရိပ်ကို မြင်လိုက်ရသောအခါ ဂရန်းသည် မျက်ရည်စက်လက်နှင့်ပင် လှည့်ကာ ဆိုင်ထဲကနံရံကို မှီ၍ ဒေါက်တာရေး သူ့ထံ ချဉ်းကပ်လာသည်ကို ကြည့်နေလိုက်သည်။

“အို ဆရာရယ်” သူ ဘာမျှ ဆက်မပြောနိုင်တော့။

ဒေါက်တာရေးမှာလည်း စကားမပြောနိုင်။ သူ နားလည်နိုင်ပါသည် ဆိုသည့် အမူအရာကိုသာ မသဲမကွဲ ပြလိုက်ရသည်။

ထိုအခိုက်အတန့်၌ သူသည် ဂရန်း၏သောကကို ဝေမျှ၍ ခံစားမိသည်။ သူ၏ရင်တွင်း၌ကား လူတိုင်းခံစားရနိုင်သည့် ဝေဒနာတစ်မျိုးနှင့် ကြုံရသော အခါ၌ ဖြစ်ပေါ်လာတတ်သည့် စိတ်လက်မာန်ပါ ဒေါသမျိုးဖြင့် ပြည့်လျှံ၍ လာခဲ့လေသည်။

“ဂရန်းရေ”

“အို ဆရာရယ်။ သူ့ဆီကို စာရေးဖို့အချိန်ရရင် ဘယ်လောက်ကောင်းမလဲ။ သူ့ကိုအသိပေးဖို့ သူ့ကိုနောင်တရစရာဆို ဘာမှမတွေးဘဲ ပျော်ပျော်နေစေချင် လွန်းလို့ပါ”

ဒေါက်တာရေးသည် ဂရန်း၏လက်မောင်းကို ခပ်တင်းတင်းကလေး ဆွဲကာ ရှေ့သို့ ဆွဲယူလိုက်၏။ ဂရန်းက ရုန်းကန်၍ မနေဘဲ လိုက်လာရင်း ပါးစပ်မှ ကပေါက်ချိကပေါက်ချ စကားတွေ ပြောလာလေသည်။

“လွန်ပြီဆရာရယ်။ ကြာလွန်းနေပြီပေါ့။ တစ်ချိန်လုံးဟာ ဖြစ်ချင်တာဖြစ်တော့ ဆိုပြီး လျှော့ပစ်လိုက်ချင် နေခဲ့တာပဲ။ တစ်နေ့ကျ လွှတ်လိုက်ရတာပဲ။ အို ဆရာရယ်။ ကျွန်တော်ဟာ တစ်ခြားလူတွေလိုပါပဲ။ လူအေးလို့ ထင်ရတဲ့လူ တစ်ယောက်ဆိုတာ ကျွန်တော်သိတယ်။ ဒါပေမယ့် ဆရာ ဒီလိုနေဖို့ကို အမြဲ ကြိုးစားနေခဲ့ရတယ် ဆရာ။ သာမန်လူတစ်ယောက်လို နေရဖို့ကိုပဲ မနည်း ကြိုးစားရပါတယ်။ အခုတော့ဖြင့်

အဲ့သလောက်တောင်မှ ကျွန်တော် မခံနိုင်တော့ဘူး ဆရာရဲ့”

သူက ရုတ်တရက် ရပ်လိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ တုန်လျက်။ သူ၏ မျက်လုံးများမှာ အဖျားရှိန်ဖြင့် အရောင်လက်လျက် ရှိ၏။ ဒေါက်တာရေးက သူ့လက်ကို ကိုင်ကြည့်လိုက်သည်။ သူ၏လက်မှာ မီးကဲ့သို့ပူလျက် ရှိလေ၏။

“ခင်ဗျား အိမ်ကိုပြန်ရမယ်”

သို့ရာတွင် ဂရန်းက သူ့လက်ကို ရုန်းထွက်လိုက်ပြီး ပြေးလေတော့သည်။ ခြေလေးငါးလှမ်း ပြေးမိသောအခါ ရပ်သွားပြန်ပြီး လက်များကို ဆန့်တန်းကာ ရှေ့နောက်ယိမ်းထိုး၍ နေသည်။ ထို့နောက် သူ့ကိုယ်သူ မူးချာပတ်ချာလည် လိုက်ပြီး ပါးပေါ်တွင် မျက်ရည်များ စီးကျလျက်ပင် စကြိုသံမံတလင်းပေါ်သို့ ဘိုင်းခနဲ လဲကျသွားလေသည်။ သူ့ဘက်ကို လာနေကြသော လူများသည် အနားသို့ မကပ်ရဲသဖြင့် ခပ်လှမ်းလှမ်းတွင် ရပ်တန့်သွားကာ ထိုအဖြစ်အပျက်ကို ကြည့်နေကြ၏။ ရေးက သူ့အားပွေ့ကာ ကားဆီသို့ ယူသွားရလေသည်။

ဂရန်းသည် အိပ်ရာထဲတွင် အမောဆိုက်လျက် ရှိသည်။ သူ၏အဆုတ်များသည် ပိတ်ဆို့ပြည့်ကျပ်လျက် ရှိသည်။ ဒေါက်တာရေးသည် လေးနက်စွာ စဉ်းစားနေ၏။ အဘိုးအိုကလေးမှာ ဆွေမျိုးရင်းချာ တစ်ယောက်မျှမရှိ။ သူ့အား အိမ်မှထွက်ခွာစေ၍ ဘာအကြောင်း ထူးမည်နည်း။ ရေးနှင့် တာရိုတို့က သူ့အား စောင့်ရှောက်နိုင်သည်။

ဂရန်း၏ခေါင်းသည် ခေါင်းအုံးထဲတွင် မြှုပ်နေသည်။ သူ၏ပါးများသည် ညိုမည်း၍နေသည်။ သူ၏မျက်လုံးများမှာ ကြည်လင်ခြင်းကင်းလျက် မှုန်ဝါးဝါး ဖြစ်နေသည်။ သူသည် ထင်းရှူးသေတ္တာခွံမှ အစအနများဖြင့် တာရိုထည့်နေသော ကျိုးတိုးကျဲတဲ မီးတောက်များကို ငေးစိုက်ကြည့်လျက် ရှိဟန်တူ၏။ “ကျွန်တော် နေရတာ မသက်သာဘူးဆရာ” ဟု သူက တိုးတိုးရေရွတ်သည်။ သူ စကားပြောရန် အားထုတ်တိုင်း မီးရှိန်ဟပ်ထားသည့် သူ၏ အဆုတ်များအထဲမှ အက်ကွဲသော အသံတစ်မျိုး ထွက်လာသည်။ ဒေါက်တာရေးက သူ့အား စကားမပြောရန် တားမြစ်လိုက်ပြီး သူ တစ်ခေါက်ပြန်လာခဲ့မည် ဟု ကတိပြုသည်။ လူမမာ၏ ပင်ပန်းနွမ်းလျနေသော မျက်နှာတွင် နှုတ်ခမ်းများသည် ရယ်သွမ်းသွေးလိုသော အပြုံးရိပ်များဖြင့် ပွင့်သွားပြီး “ကျွန်တော် ဒီတောင်က ကျော်ရင်တော့ ဆရာရေ၊ ဦးထုပ်ချွတ်လိုက်ကြပါပဲဗျ” ဟု ပြောလိုက်သည်။ တခဏမျှကြာသော် သူသည် လုံးဝ အားအင်ကုန်ခန်း နွမ်းလျသွားပြန်လေ၏။

ထို့နောက် နာရီပေါင်းအတော်ကြာတွင် သူတို့ တစ်ခေါက် ပြန်လာကြသောအခါ သူ့အား အိပ်ရာထဲ၌ပင် ကိုယ်တစ်ပိုင်းထူလျက် ထိုင်နေသည်ကို တွေ့ကြရပြီး၊ ရောဂါရှိန် အဟပ်လိုက်တွင် ပင်ပန်းနွမ်းလျ၍ ကျသွားသော သူ၏

မျက်နှာမှာ ပြောင်းလဲမှု မြန်ဆန်လွန်းသည်ကို ကြည့်ပြီး ဒေါက်တာရေး ထိတ်လန့်သွားသည်။ သို့ရာတွင် သူ့မှာ သတိများ ပိုမိုကြည်လင်လျက် ချက်ချင်း ဆိုသလိုပင် သူသိမ်းနေကျ အံဆွဲထဲမှ သူ၏လက်ရေးစာမူကို ယူပေးရန် တောင်းလေတော့သည်။ တာရိက စာရွက်များကို ယူပေးလိုက်သောအခါ သူက မကြည့်ဘဲ ရင်ခွင်ထဲ၌ ပိုက်ထားလိုက်ပြီး အတော်ကြာမှ ဆရာဝန့်ဘက်သို့ လှမ်းပေးကာ ဖတ်စေရန် အမူအရာပြုလိုက်၏။ လက်ရေးစာမူမှာ အရွက်ငါးဆယ်ခန့် ရှိ၏။ ဒေါက်တာရေးက စာရွက်များကို လျှောက်လှန်ကြည့်လိုက်သောအခါ အများအားဖြင့်ကား ဤဝါကျတစ်ခုတည်းကို အနည်းငယ် ပြုပြင်လိုက်၊ လွယ်အောင်ရေးလိုက်၊ ချဲ့ထွင်၍ ရေးလိုက် အမျိုးမျိုး လုပ်ထားသည်ကိုသာ တွေ့ရလေသည်။ နေရာတိုင်း၌ အမြဲပါနေသည်ကား မေလ၊ မြင်းစီးသမကလေး၊ သစ်ရိပ်တန်းနှင့် ပန်းခင်းသော လမ်းတို့ကို အမျိုးမျိုးအဖုံဖုံ ပုံစံတစ်ခုပြီးတစ်ခု ထုတ်၍ ကြည့်ထားသည့် ဝါကျများသာ ဖြစ်ပြီး၊ ရှင်းလင်းချက်မှတ်စုများ အချို့မှာ အလွန်ရှည်လျားပြီး ရွေးချယ်ယူရန် မူကွဲများ၏ စာရင်းကလည်း ပါသေးသည်။ သို့ရာတွင် နောက်ဆုံးစာမျက်နှာ၏ အောက်နားဆီတွင် ပီပီသသရှိအောင် အထူးကရုစိုက်၍ ရေးထားသော လက်ရေးဖြင့် "မောင့်အချစ်ဆုံး ဂျမ်းရေ။ ဒီနေ့ဟာ နာတာလူးပွဲတော်နေ့မို့" ဟူသော စာလုံးများသာ ဖြစ်သည်။ ထိုစာတန်း၏ အပေါ်တွင် ပွဲတော်အခါအတွက် ရေးလေ့ရှိသော ပန်းခက်လက်ရေးလှများနှင့် နောက်ဆုံးပေါ် သဝဏ်စာစကားများ။ ဂရန်းက "ဖတ်ပါ" ဟု လေသံဖြင့် ပြောလိုက်၍ ဒေါက်တာရေးက ဖတ်လိုက်၏။

"မေလ၏ သာယာသော တစ်နံနက်ခင်းဝယ်၊ သွယ်သွယ်လျလျ မြင်းစီးသမငယ် တစ်ယောက်သည် ပြောင်လက်သော အုန်းခွံရောင် မြင်းမချောတစ်စီးကို စီးနင်းလျက်၊ ပန်းခင်းသော ရိပ်သာလမ်းတစ်လျှောက်"

"အဲဒါ ဟုတ်ရဲ့လား" သူ၏အသံမှာ အဖျားတက်သလို တုန်ယင်နေသည်။ ဒေါက်တာရေးက သူ့ကို တမင်မကြည့်ဘဲ နေလိုက်သည်။ သူသည် အိပ်ရာထဲတွင် လူးလိမ့်နေတော့၏။ "ဟုတ်ပါတယ်ဆရာ။ ဆရာ ဘာတွေတွေးနေတယ် ဆိုတာ ကျွန်တော်သိပါတယ်။ သာယာသောဆိုတဲ့ စကားက လွဲနေပြန်ပြီ။ အဲဒါ..."

ဒေါက်တာရေးက စောင်အောက်သို့ လက်သွင်း၍ ဂရန်း၏လက်ကို ဆုပ်ထားလိုက်၏။

"မရတော့ဘူးဆရာ။ နောက်ကျပြီဆရာ။ အချိန်မရှိတော့ဘူး" ဟု ဆိုကာ နာကျင်ပင်ပန်းစွာ အသက်ရှူသွင်းလိုက် ပြီးနောက် ရုတ်တရက်ပင် စူးရှကျယ်လောင်သော အသံဖြင့် "မီးရှို့ပစ်လိုက်ပါ ဆရာ" ဟု အော်ဟစ်လိုက်လေသည်။

ဆရာဝန်က ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသေး၏။ သို့သော် ဂရန်းက အတင်းပင် ထပ်ပြောနေသဖြင့် ဆရာဝန်လည်း မီးလင်းဖိုဆီသို့ လျှောက်သွားကာ စာရွက်များကို ငြိမ်းလုလု မီးပုံထဲသို့ ချလိုက်သည်။ မီးများတောက်လာပြီး အခန်းထဲတွင် ရုတ်တရက် လင်းထိန်ကာ အငွေ့ဓာတ်များ ပြန့်သွားသည်။ အိပ်ရာဆီသို့ ဆရာဝန် ပြန်လာသောအခါ ဂရန်းမှာ နံရံနှင့်မျက်နှာ ထိလုမတတ်ဖြစ်အောင် တစ်ဘက်သို့ လှည့်ကာကျောပေးထားပြီ ဖြစ်၏။ ဒေါက်တာရေးက ပလိပ်ရောဂါဆေးများ ထိုးပေးပြီးသောအခါ သူ့မိတ်ဆွေ (တာရို)အား နားနားသို့ကပ်၍ ညကူးအောင် ခံမည်မဟုတ်ကြောင်း တီးတိုးပြောလိုက်သဖြင့်၊ တာရိုက သူ စောင့်ပေးပါမည်ဟု တာဝန်ယူလိုက်၏။ ဆရာဝန်ကလည်း သဘောတူလိုက်သည်။

ဒေါက်တာရေးမှာ တစ်ညလုံးပင် ယခုအချိန်ဆိုလျှင် ဂရန်းတစ်ယောက်တော့ သေရှာရော့မည် ဟူသော အတွေးကို ဖျောက်ဖျက်၍ မရနိုင်ဘဲ ရှိလေ၏။ သို့ရာတွင် နောက်တစ်ရက် နံနက်၌ သူ၏လူနာသည် အိပ်ရာထဲတွင် ထူထူထောင်ထောင် ဖြစ်လျက် တာရိုနှင့် စကားပြောနေသည်ကို တွေ့ရလေသည်။ အဖျားလည်း ပုံမှန်သို့ ကျသွားပြီး သာမန် ပင်ပန်းနွမ်းလျနေသည်မှ တစ်ပါး ဘာလက္ခဏာမျှ မရှိတော့။

ဂရန်းက “ဟုတ်တယ်ဆရာ။ ကျွန်တော် နည်းနည်း သောကြီးသွားတယ်။ ဒါပေမယ့် ကျွန်တော် ထပ်ပြီး အစက ပြန်စရေးမယ် ဆရာ။ ကျွန်တော် စာလုံးတိုင်းကို မှတ်မိနေပြီဆိုတာ ဆရာတွေ့မှာပါပဲ” ဟု ပြောသည်။

ဒေါက်တာရေးက တာရိုဘက်သို့လှည့်ကာ မယုံနိုင်သေးသည့် မျက်နှာဖြင့် “စောင့်တော့ကြည့်ရဦးမှာပဲ” ဟု ပြောလိုက်၏။

သို့သော် မွန်းတည့်ချိန်၌ တစ်စုံတစ်ရာ အပြောင်းအလဲ မရှိ။ ညမိုးချုပ်ချိန်တွင် ဂရန်းမှာ အသေလွတ်ပြီဟု ဆိုနိုင်သည်။ ဒေါက်တာရေးမှာကား ဤကဲ့သို့ ဂရန်းတစ်ယောက် သေတွင်းမှ ပြန်ထွက် ထမြောက်လာခြင်းကို လုံးဝ နားမလည် နိုင်တော့ သကဲ့သို့ ရှိလေသည်။

ဒေါက်တာရေးမှာ အခြား အံ့အားသင့်စရာတွေ ရှိသေးသည်။ ထိုအချိန်လောက်မှာပင် မိန်းကလေးလူနာ တစ်ယောက်ကို ဆေးရုံသို့ ယူလာကြသည်။ ဒေါက်တာရေးက ထိုလူနာအား မျှော်လင့်ချက်မရှိတော့ဟု ဆုံးဖြတ်ကာ ချက်ချင်းပင် သီးခြားခွဲထားသည့် အဆောင်ထဲသို့ ပို့စေလေသည်။ မိန်းကလေးမှာ ကယောင်ကတန်း ပြောလျက်ရှိပြီး သူ့တွင် အဆုတ်ပလိပ်ရောဂါ၏ လက္ခဏာများ အားလုံးရှိနေသည်။ သို့ပင်ဖြစ်စေ နောက်တစ်ရက်နံနက်၌ မိန်းကလေးမှာ အဖျားကျနေလေသည်။ ဆရာဝန်က ဂရန်း၌ ဖြစ်သကဲ့သို့ပင် နံနက်ခင်းတွင် အဖျားကျနေကျ အခြင်းအရာမျှသာ ဖြစ်ပြီး သူ့အတွေ့အကြုံအရ မကောင်းသော အရိပ်နိမိတ်ဖြစ်သည် ဟု သူ သိထားသည်။ သို့သော်

မွန်းတည့်ချိန်တွင် မိန်းကလေး၏ အပူချိန်မှာ တက်၍မလာ။ ညဘက်တွင် အနည်းငယ်မျှသာ တက်သည်။ နောက်တစ်ရက် နံနက်တွင်ကား ပုံမှန်သို့ ကျနေပြန်လေသည်။ မိန်းကလေးမှာ အားအင်ကုန်ခမ်း နွမ်းနယ်လျက် ရှိသော်လည်း အသက်မှန်မှန်ကြီး ရှူလျက်ရှိ၏။ ဒေါက်တာရေးက တာရို၏ဘက်သို့ လှည့်၍ ဖြစ်နေကျတွေကို အားလုံးလွန်ဆန်ပြီး ပျောက်ကင်းချမ်းသာလာခြင်း ဖြစ်သည်ဟု မှတ်ချက်ချသည်။ သို့သော် ထို့နောက် တစ်ပတ်အတွင်းမှာပင် ထိုကဲ့သို့ ပျောက်ကင်းချမ်းသာသွားသူ လေးဦးမျှရှိသည်ကို သူ သတိထားမိလေသည်။

ထိုသီတင်းပတ်အကုန်တွင် ဒေါက်တာရေးနှင့် တာရိုတို့ ပန်းနာသည် လူနာကြီးထံသို့ ရောက်သွားသောအခါ၌ အဘိုးကြီးမှာ စိတ်လှုပ်ရှားမှုဖြင့် ဆူဝေလျက် ရှိလေသည်။

“ယုံနိုင်စရာ ရှိရဲ့လားဆရာ။ သူတို့ ထွက်လာကြပြန်ပြီ”

“ဘယ်သူတွေလဲ”

“ဘယ်သူတွေရမလဲ ဆရာ။ ကြွက်တွေပေါ့"

လွန်ခဲ့သည့် ဧပြီလမှစ၍ မြို့ထဲတွင် ကြွက်များကို အသေဖြစ်စေ၊ အရှင်ဖြစ်စေ မတွေ့မြင်ခဲ့ရသည်မှာ ကြာပြီဖြစ်၏။ တာရိုက စိုးရိမ်မကင်းသည့် မျက်နှာဖြင့် ဒေါက်တာရေးအား လှမ်းကြည့်လိုက်သည်။

“အားလုံး အသစ်တစ်ခါ ပြန်စနေပြီလို့ ဆိုလိုတာလား"

အဘိုးကြီးသည် သူ၏ လက်ဖဝါးနှစ်ဖက်ကို ပွတ်နေ၏။

“ဒီအကောင်တွေ ပြေးနေလိုက်ကြတာများ ဆရာ မြင်စေ့ချင်တယ် ဆရာ။ ကြည့်လို့ ကောင်းလိုက်တာ ဆရာရယ်။ တကယ်ပဲ”

လမ်းဘက်ထွက်သည့် တံခါးမှ ကြွက်နှစ်ကောင် အိမ်ထဲဆီသို့ လျှိုပြီးဝင်လာသည်ကို သူကိုယ်တိုင် မြင်ခဲ့ရသည်။ အချို့ အိမ်နီးချင်းများကလည်း သူတို့၏ မြေတိုက်ခန်းထဲတွင် ကြွက်များ တွေ့မြင်ခဲ့ရကြောင်း သူ့အား ပြောကြသည်။ အချို့သော အိမ်များတွင် သစ်သားထရံများ၊ ကြမ်းများကို ကုတ်ခြစ်သည့် ကြားနေကျ အသံမျိုးများ ကြားကြရသည်ဟုလည်း ဆိုကြသည်။ ဒေါက်တာရေးသည် တနင်္လာနေ့တိုင်း ကြေညာပေးနေသည့် အသေအပျောက် ကိန်းဂဏန်းများကို များစွာ စိတ်ဝင်စားလျက် နားစွင့်နေခဲ့သည်။ ကိန်းဂဏန်းများက အလျော့ပြ၍ နေကြလေသည်။

* * *

အပိုင်း ၅

။၁။

တင်ကူး၍ မသိရဘဲ ရောက်လာသည်နှင့်အမျှ ဤပလိပ်ကပ်ကြီး တို့နှေးသွားသည့် အခြေအနေကို ဝမ်းပန်းတသာ ကြိုဆိုလက်ခံခဲ့ကြသော်လည်း ကျွန်တော်တို့၏ မြို့သူမြို့သားများမှာ ပျော်ရွှင်မှုများပြုလုပ်ရန် အလျင်စလို မရှိကြ။ သူတို့တွင် လွတ်မြောက်လိုသောဆန္ဒက တဖြည်းဖြည်း ပိုမိုပြင်းပြ၍ လာခဲ့သော်လည်း သူတို့ တွေ့ကြုံဖြတ်သန်း လာခဲ့ရသော ကြောက်မက်ဖွယ်ရာ လပေါင်းများစွာက သူတို့အား ဆုံးမထားသဖြင့် သူတို့မှာ လိမ်မာ၍ နေကြပြီဖြစ်ရုံမက ပလိပ်ကပ်ကြီး အလျင်အမြန် ပြီးဆုံးသွားမည်ဟု မမျှော်လင့်ဘဲလည်း နေတတ်ခဲ့ကြပြီ ဖြစ်လေသည်။ မည်သို့ပင်ရှိစေ။ ဤအခြေအနေသစ်၏ အကြောင်းသည် လူတိုင်း၏ ပါးစပ်ဖျားတွင် ရှိနေပြီး မည်သူမျှ ဖွင့်ဟ၍ ဝန်မခံသည့်တိုင်အောင် သူတို့၏ မျှော်လင့်ချက်များမှာကား အူလှိုက်အသည်းလှိုက် ဖြစ်လျက်ပင်ရှိသည်။ အခြားကိစ္စအားလုံး နောက်တန်းသို့ ရောက်သွားသည်။ နေ့စဉ် ပလိပ်ကပ်သင့်ရသူများ ရှိနေသေးသည့်တိုင်အောင် ထိုအချက်ကို ထည့်မတွက်ချင်ကြတော့။ အပတ်စဉ် အသေအပျောက်နှုန်း အလျော့ပြလျက် ရှိသည်။ ကျန်းမာရေးကောင်းမွန်သော မဟာသမယကြီး ပြန်လည်ထွန်းကားတော့မည့် အရိပ်နိမိတ်များအနက် တစ်ခုသည်ကား၊ ကျွန်ုပ်တို့၏ မြို့သူမြို့သားများသည် သူတို့၏ မျှော်လင့်ချက်များကို ထုတ်ဖော်၍ မပြမိကြစေရန် သတိကြီးစွာ ထားလျက်ကပင် ပလိပ်ကပ်ကြီးအပြီး၌ ဖြစ်လာမည့် နေမှုထိုင်မှုပုံစံသစ်မျိုး အကြောင်းကို ကိုယ်နှင့်မဆိုင်သလို အမှုအရာဖြင့် ဆွေးနွေးပြောဆိုလျက် ရှိခြင်းပင်တည်း။

ရှေးက ရရှိခဲ့ကြသည့် နေမှုထိုင်မှု အဆောင်အယောင်မျိုးတို့ကို ချက်ချင်း ပြန်လည်ရရှိကြဦးမည် မဟုတ်သည်ကိုမူ လူတိုင်းက သဘောတူ လက်ခံနိုင်ကြပါသည်။ ဖျက်ဆီးပစ်ရသည်မှာ ပြန်လည် ထူထောင်ရသည်ထက် လွယ်လည်းလွယ်ကူ၍ မြန်လည်းမြန်ဆန်သည်။ သို့တစေ ယခုအခါ အိမ်ထောင်စုတိုင်း၌ စိုးရိမ်ပူပန်မှု အများဆုံးဖြစ်ရသည့် စားရေးရိက္ခာ အကျပ်အတည်းကိုမူ အတန်ငယ် သက်သာရာ ရစေလိမ့်မည်ဟူ၍တော့ စိတ်ချထားနိုင် ကြပေသည်။ သို့ရာတွင် တကယ်က ဤကဲ့သို့သော မယုတ်မလွန် မျှော်မှန်းချက်ကလေးများ၏ နောက်ဆွယ်တွင် အရမ်းကာရော တောရမ်းမယ်ဘွဲ့ မျှော်လင့်ချက်မျိုးကလည်း ရှိနေတတ်လေသည်။ ကျွန်ုပ်တို့၏အထဲမှ တစ်ယောက်ယောက်က ဤအချက်ကို သတိရလိုက်မိလျှင်၊ မည်မျှပင် အကောင်းကို

မျှော်၍ထားထား၊ ပလိပ်ကပ်ကြီး နေ့ချင်းညချင်း ပြီးဆုံးသွားလိမ့်မည် ဟူ၍တော့ မမျှော်လင့်နိုင်ကြောင်းကို အဆောတလျင် ထည့်၍ ပြောလိုက်တတ်လေသည်။

တကယ်ကလည်း ကူးစက်ရောဂါက နေ့ချင်းညချင်း ရပ်စဲ၍ မသွားနိုင်သည့်တိုင်အောင် ကျွန်ုပ်တို့ ဆင်ခြင်တိုင်းထွာညာဏ်ဖြင့် မျှော်လင့်ထားသည်ထက် လျင်မြန်စွာတော့ ဆုတ်လျက်ရှိပေသည်။ ဇန္နဝါရီလ ပထမသီတင်းပတ်တွင် မကြုံစဖူး ထူးကဲသော အအေးဓာတ်သည် ရက်ပေါင်း အတော်ကြာအောင်ပင် မြို့၏ အထက်လေထုထဲ၌ အစိုင်အခဲလိုက် ရှိခဲ့ဟန်တူလေသည်။ သို့ဖြစ်သည့်တိုင်အောင် ကောင်းကင်ကြီးမှာ မည်သည့်အခါကမှ ညှိုမှိုင်း မပြာစဖူးခဲ့။ နေ့စဉ်ရက်ဆက်ပင် ကောင်းကင်ထက်မှ အေးမြတောက်ပသော ရောင်ပြန်သည် မြို့ပေါ်သို့ ဟပ်လျက်၊ အအေးဓာတ်ဖြင့် သန့်စင်ပေးလိုက်သကဲ့သို့ ရှိသည့် လေထုထဲတွင် ကူးစက်ရောဂါသည် အဆိပ်အတောက် လျော့နည်းပျက်ပြယ်ခဲ့ဟန်လည်း ရှိ၏။ တစ်သီတင်းပြီး တစ်သီတင်း သုံးသီတင်းမျှဆက်လျက် အသေအပျောက်နှုန်းကလည်း ကျဆင်းလျက်ရှိကြောင်း ကြေညာသည်။ ဤသို့လျှင် သူ့အတိုင်းအတာနှင့် သူ တိုတောင်းလှသည့် ကာလအတွင်း ကပ်ရောဂါသည် လပေါင်းများစွာ စုပုံ၍လာခဲ့သော အနိုင်များကို ပြန်ရှုံးသွားခဲ့သည်။ သေကံမရောက် အသက်မပျောက် ဆိုသလိုပင် သေဘေးမှ လွတ်မြောက်လာကြသော ဂရန်းနှင့် ဒေါက်တာရေး၏ လူနာ မိန်းကလေးတို့မှ စ၍ ကပ်ရောဂါတန့်သွားခြင်း၊ အချို့အပိုင်းတွင် နှစ်ရက်သုံးရက် ဖြုန်းဖြုန်းဒိုင်းဒိုင်း ထ၍ဖြစ်လိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင် အခြားအပိုင်း၌ လုံးဝပျောက်ကင်းသွားခြင်း၊ စကားပမာ တနင်္လာနေ့လောက်တွင် ကပ်ရောဂါ ဖြစ်သူဦးရေ ဆပွားတိုးတက်လာခဲ့သော်လည်း ဗုဒ္ဓဟူးနေ့လောက်ဆီတွင် အားလုံး လွတ်မြောက်သွားပြန်ခြင်း၊ အချုပ်အားဖြင့် ကပ်ရောဂါအရှိန်အဟုန် ပြင်းထန်လာလိုက်၊ လုံးဝ ငြိမ်ကျသွားလိုက် ရှိခြင်းတို့သည် အာဏာကုန် ဒေါသကြီး၍ အပြီး၌ အားအင်ကုန်ခမ်း၍ သွားခြင်းပေလောဟု ထင်မြင်စရာဖြစ်လျက်။ ယခုအချိန်အထိ မကြောက်မညှာ မျက်နှာမရွေး အေးဆေးတည်ငြိမ်စွာ အနိုင်ကစား၍ လာခဲ့သော အစွမ်းအစများသည်လည်း ကွယ်ပျောက်လျက် ရှိဟန်တူလေသည်။ ကတ်စတယ်၏ ရောဂါကာကွယ်ဆေးရည် တို့သည် ယခုအထိ မရရှိခဲ့သေးသော အောင်မြင်ထိရောက်မှုများကို ရုတ်တရက် ဆိုသလိုပင် မကြာခဏ ရရှိ၍ လာခဲ့လေသည်။ တကယ်ပင် ယခုအထိ အကျိုးထူး တစ်စုံတစ်ရာ မထင်ခဲ့သေးဘဲ ဆရာဝန်များ စမ်းသပ်သုံးစွဲလျက် ရှိကြသော ကုသနည်းမျိုးစုံတို့သည် အားလုံးလိုလိုပင် အစွမ်းအစ ပြ၍လာခဲ့ကြဟန် တူလေသည်။ ပလိပ်ကပ်သားရဲကောင်းအား အမီလိုက်ကာ ချောင်တွင်ပိတ်၍ ဖမ်းမိတော့မည်ကဲ့သို့ ရှိပြီး ယင်း၏ ရုတ်တရက် အားနည်းသွားသည့် အခြေအနေက ယခုအထိ ယင်းအား တိုက်ခိုက်ရာတွင် သုံးစွဲလာခဲ့ကြသော လက်နက်အတုံးအညံ့များကို အားသစ်အင်သစ် ဖြည့်ပေးလိုက် သကဲ့သို့လည်း ရှိလေသည်။ ကပ်ရောဂါသည် အကြောက်အကန်

မျက်စိမှိတ်၍ ခုန်ထွက်တိုက်ခိုက် လိုက်သည့်အလား ပျောက်ကင်းချမ်းသာမည်ဟု မျှော်လင့်ထားသော လူနာသုံးလေးဦးအား မျှော်လင့်ချက် အခေါင်အဖျားသို့ ရောက်ချိန်၌ အသေတိုက်ခိုက် လိုက်သည့် ကံဆိုးမိုးမှောင်အဖြစ်မျိုး ရှိသော်လည်း ရှားပါးလှပေသည်။ သီးခြားစခန်းမှ ထွက်လာခါစ တရားသူကြီး မွန်ဆီယာအိုသုန်သည် ဤအဖြစ်မျိုးနှင့် ကြုံရလေသည်။ တာရိုက သူ့အကြောင်းနှင့်စပ်၍ "ဒီလူကြီး ကံမကောင်းရှာပါဘူးဗျာ" ဟု ဆိုသည်။ သို့ရာတွင် သူ၏စိတ်ထဲ၌ မွန်ဆီယာအိုသုန် အသက်ရှင်စဉ်ဘဝကို တွေးနေသလား။ သို့တည်းမဟုတ် သေသွားခြင်းကို တွေးနေသလား ဆိုသည်ကိုတော့ မသိနိုင်ချေ။

သို့တစေ၊ ယေဘူယျသဘော ပြောရလျှင်မူကား ကူးစက်ရောဂါသည် စစ်မျက်နှာတိုင်း၌ ဆုတ်ခွာလျက် ရှိလေသည်။ တရားဝင် ကြေညာချက်များက အစတွင် စိတ်ပါလက်ပါကြီး မဟုတ်လှဘဲ အရိပ်အယောင်မျှထက် မပိုသော မျှော်လင့်ချက်မျိုးကိုသာ ပေးခဲ့သော်လည်း ယခုမူ လူအများ ယုံကြည်နေသည့်အတိုင်း "အောင်ပွဲရပြီ။ ရန်သူ ဆုတ်ခွာနေပြီ" ဆိုသည်ကို အတည်ပြုလိုက်ပြီ ဖြစ်၏။ သို့ရာတွင် တကယ်တမ်း အောင်ပွဲရသည်ဟု ဆိုနိုင်မဆိုနိုင်ကမူ မသေချာလှချေ။ တကယ်ဆိုလျှင် ကပ်ရောဂါသည် ဝင်လာစဉ်ကလည်း ဘာကြောင့်မှန်း မသိရသလိုပင် ထွက်ခွာသွားပြန်တော့လည်း ဘာကြောင့်မှန်း မသိကြရဟူ၍သာ ပြောနိုင်ကြပေသည်။ ကျွန်ုပ်တို့၏ တိုက်ခိုက်နည်းများကတော့ မပြောင်းလဲခဲ့။ သို့သော် ကျွန်ုပ်တို့ ယခင်က အောင်နိုင်ခြင်း မရှိခဲ့။ ယခု အောင်နိုင်ခြင်း ရှိလာသည်။ တကယ်က ဤကူးစက်ရောဂါသည် သူ၏ လာရင်းကိစ္စအားလုံး ပြီးမြောက်အောင်မြင်သဖြင့် ပြန်လည်ထွက်ခွာသွားခြင်း ဖြစ်သည်ဟု ထင်စရာသာဖြစ်သည်။ သူ၏လာရင်းကိစ္စ ပြီးမြောက်အောင်မြင်သွားသည် ဟူ၍လည်း ဆိုနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ မြို့ထဲတွင် ဘာတစ်ခုမှ ပြောင်းလဲမသွားဟု ထင်ရသည်။ ခါတိုင်းကဲ့သို့ပင် နေ့အချိန် တိတ်ဆိတ်လျက်ရှိသော လမ်းများသည် ညမိုးချုပ်ချိန်၌ ယခုအခါ အပေါ်အင်္ကျီနှင့် လည်စည်းလည်ပတ်များ ဝတ်ဆင်ထားကြသည့် ခါတိုင်းပရိသတ်ဖြင့် ပြည့်လာမြဲဖြစ်သည်။ လက်ဖက်ရည်ဆိုင်များ၊ ရုပ်ရှင်ရုံများသည် ယခင်ကကဲ့သို့ပင် စည်ကားမြဲစည်ကားလျက် ရှိသည်။ သို့ရာတွင် စေ့စပ်သေချာစွာ ကြည့်လျှင် လူအများ၏ မျက်နှာပေါ်တွင် တင်းမာမှုများလျော့ကာ လူမြင်သူမြင် ရံခါပြုံးတတ်လာကြသည်ကို သတိပြုမိပေလိမ့်မည်။ အမှန်မှာ ဤမြို့သည် လပေါင်းများစွာ လေလျှောင်နေအောင် အဝတ်ဖြင့် အုပ်မိုးထားခြင်း ခံရသဖြင့် မွန်းကျပ်နေရာမှ ယခုအခါ ထိုအဝတ်မိုးတွင် အပေါက်လေးတစ်ခု ဖွင့်၍ရသကဲ့သို့ ရှိလာပြီး ထိုအပေါက်လေးသည် တဖြည်းဖြည်း ကျယ်၍လာခဲ့ပြီ ဖြစ်ကြောင်းကို တနင်္လာနေ့ ရေဒီယိုကို ဖွင့်၍ နားထောင်တိုင်း သိနေကြရသောကြောင့် ဖြစ်ပေသည်။ မကြာမီ ကျွန်ုပ်တို့အားလုံး လွတ်လပ်ပွင့်လင်းစွာ အသက်ရှုနိုင်ကြတော့မည်။

ယင်းသည် တကယ်က လူတို့၏ဘဝနှင့် တိုက်ရိုက် အကျိုးသက်ရောက်မှု မရှိသေးဘဲ၊ အန္တရာယ်မှ လွတ်မြောက်ရုံမျှကို နှစ်သိမ့်နေရခြင်းသာ ဖြစ်သည်။ သို့သော် လွန်ခဲ့သည့်တစ်လခန့်က တစ်စုံတစ်ယောက်က ယခုပင် ရထားတစ်စင်း ထွက်သွားပြီဟူ၍ လည်းကောင်း၊ သင်္ဘောတစ်စင်း ဆိုက်လာသည်ဟူ၍ လည်းကောင်း၊ လမ်းများပေါ်တွင် ကားများ သွားလာခွင့် ပြုတော့မည်ဟူ၍ လည်းကောင်း ပြောလာပါက ထိုသတင်းများကို မယုံတစ်ဝက်နှင့် လက်ခံကြလိမ့်မည် ဖြစ်သော်လည်း ဇန္နဝါရီလလယ်ဆီတွင် ဤကဲ့သို့ ကြေညာချက်မျိုး ထုတ်ပြန်လိုက်မည်ဆိုပါက မည်သူမျှ အံ့အားသင့်လိမ့်မည် မဟုတ်ပါချေ။ အပြောင်းအလဲကား အနည်းငယ်မျှသာ ဖြစ်သည်မှာ ယုံမှားဘွယ် မရှိပါ။ သို့ရာတွင် အပြောင်းအလဲက မည်မျှပင် မသိသာစေကာမူ ကျွန်ုပ်တို့၏ မြို့သူမြို့သားများ၏ မျှော်လင့်ချက်များကာ ခြေလှမ်းကျဲကျဲဖြင့် ရှေ့သို့တိုးတက်၍ သွားကြောင်းကိုတော့ ပေါ်လွင်စေလေသည်။ လှုပ်ရှားလာသော မျှော်လင့်ချက်ကလေးက မည်မျှပင် သေးငယ်သည်ဖြစ်စေ ဖြစ်နိုင်လာပြီဆိုလျှင် ပလိပ်ကပ်၏ စိုးမိုးမှုအားလုံးသည် ဆုံးခန်းသို့ ရောက်ပေတော့မည်။

သို့ရာတွင် ထိုလအတွင်းက ကျွန်ုပ်တို့ မြို့သူမြို့သားများ၏ အခြေအနေကို တုံ့ပြန်မှုများသည် အမြီးအမောက် မတည့်လောက်အောင်ပင် အမျိုးမျိုးအဖုံဖုံ ကွဲပြားခဲ့လေသည်။ ပိုမိုတိကျစွာဆိုရလျှင် သူတို့သည် စိတ်အားတက်ကြွ ပြန်လျှင်လည်း အမြင့်ဆုံးအထိ တက်ပြီး၊ စိတ်ဓာတ်ကျချင်ပြန်ကလည်း ကျသွားကာ ဤအစွန်းနှစ်ဖက်ကြား၌ တက်ချီကျချီဖြစ်၍ နေတတ်သည်။ ထို့ကြောင့်ပင်လျှင် စာရင်းဇယားများအရ များစွာ အားတက်ဖွယ်ရှိသည့် အခြေအနေမျိုး၌ ထွက်ပြေးရန် ကြံစည်အားထက်သည့် အမှုများ ပိုမိုများပြားလာသော ထူးခြားသည့်အဖြစ်နှင့် ကြုံရခြင်းဖြစ်လေသည်။ ထိုကိစ္စများတွင် အာဏာပိုင်များ အလစ်တွင် ခံလိုက်ရခြင်း ဖြစ်သည်။ အစောင့်များလည်း ထို့အတူ ဖြစ်ဟန်တူသည်။ အများအားဖြင့် ထွက်ပြေးသူများသည် လွတ်မြောက်သွားကြသည်က များလေသည်။ သို့ရာတွင် ဤအချိန်အခါမျိုး ရောက်မှ ထွက်ပြေးရန် အားထုတ်ကြသူများမှာ သူတို့အကြောင်းနှင့်သူတို့ ရှိကြသည်။ အချို့မှာ ပလိပ်ကပ်ကြီးက ကျကျနန သွင်းပေးထားသည့် သံသယစိတ်ကလေးများက သူတို့၏ အသွေးအသားထဲတွင် စွဲဝင်နေပြီ ဖြစ်သဖြင့် မည်သည့် မျှော်လင့်ချက်မျိုးကိုမျှ လက်မခံနိုင်တော့သည့် လူများ၊ ထို့ကြောင့်ပင် ပလိပ်ကပ်ကြီး ပြီးဆုံးသွားသည့်တိုင်အောင် ပလိပ်ကပ်ကာလက အနေအထိုင်မျိုးဖြင့် ဆက်နေသွားကြသူများ ဖြစ်၏။ အချုပ်ကိုဆိုရသော် သူတို့သည် ခေတ်နောက်ကျ နေခဲ့သူများဟု ဆိုရမည်။ အခြားလူများ အထူးသဖြင့် ချစ်ခင်သူတို့နှင့် မခွဲချင်ဘဲ ခွဲနေလာခဲ့ကြရသူများသည် လပေါင်းများစွာ စိတ်နောက်ညစ်ကျစွာ အောင့်အည်းသည်းခံ၍ နေလာခဲ့ကြရာမှ မျှော်လင့်ချက်လေပြင်းက လေးတစ်ချက် အပင့်တင်လိုက်တွင် ပြာဖုံး၍နေခဲ့သော သူတို့၏ ဆန္ဒကလေးများ က မီးရဲရဲထ၍ တောက်ကာ အထိန်းအသိမ်းပါ

လွတ်သွားကြသူများတည်း။ သူတို့သည် သူတို့၏ ချစ်သူများထံမှ ကာလကြာမြင့်စွာ ခွဲခွာနေရသဖြင့် အောင့်အည်းသည်းခံ လာခဲ့ကြရသမျှ ပလိပ်ကပ်ကြီး ပြီးဆုံးခါနီးတွင်မှ ဘာကျေးဇူးမျှ မခံစားလိုက်ရဘဲ သေဆုံးသွားမည့်အရေးကို တွေးတောထိတ်လန့် မိကြဟန်တူသည်။ ဤသို့ ငြီးငွေ့ဖွယ်ရာ တစ်လသေသေ တစ်လဆန်းဆန်း ရင်တမမ နေခဲ့ကြရသော ကာလများအတွင်းက ဖွဲကောင်းကောင်းနှင့် သည်းခံကာ တောင့်ထားနိုင်ကြသော်လည်း ကြောက်ရုံ အားငယ်ရုံဖြင့် မပျက်ပြားခဲ့သော သူတို့၏ ထိန်းသိမ်းမှုတို့သည် မျှော်လင့်ချက်ကလေး တစ်ချက်အလွန့်လိုက်တွင် တစ်စစီ လွင့်စဉ်၍ သွားခဲ့ဟန်တူပေသည်။ သူတို့ ဤသို့ အလျင်စလို ဖြစ်လာကြပြီး ကမူးရှူးထိုးလုပ်သည်တွင် ပလိပ်ကပ်ကြီးနှင့် အဆုံးအထိ ရင်ဘောင်တန်းချည်း ပြေးလိုက်မနေနိုင်တော့ဘဲ သုတ်ခြေတင်၍ အနိုင်ပြေးလိုက်ကြရန် အားထုတ်လာကြခြင်း ဖြစ်လေသည်။

ဤအတောအတွင်း အားတက်ဖွယ် မျှော်လင့်ချက်များ တစ်နေ့တစ်ခြား ကြီးမားလာသည့် လက္ခဏာ အမျိုးမျိုးအဖုံဖုံကို တွေ့မြင်လာရလေသည်။ ပုံစံအားဖြင့် ကုန်ဈေးနှုန်းများ ထိုးကျသွားခြင်း၊ ဤသို့ ဈေးနှုန်းများ ကျဆင်းသွားခြင်းမှာ စီးပွားရေး အမြင်သက်သက်ဖြင့် ကြည့်လျှင် ဘာမျှ အကြောင်းမရှိ။ ကျွန်ုပ်တို့၏အခက် အခဲများသည် ရှေးကအတိုင်းပင် ကြီးမားများပြားဆဲ ဖြစ်သည်။ မြို့တံခါးများကိုလည်း တင်းကျပ်စွာ ပိတ်ထားဆဲဖြစ်၍ စားနပ်ရိက္ခာ အခြေအနေမှာ ကောင်းမွန်လာ မည့်နိမိတ်လက္ခဏာ လုံးဝမရှိသလောက် ဖြစ်၏။ ထို့ကြောင့် ဤကိစ္စမှာ ပလိပ်ကပ် အရှိန်လျော့ကျသွားခြင်းသည် နေရာတကာတွင် ဂယက်ရိုက်သွားသည့်အလား စိတ်ဓာတ်ဆိုင်ရာ တုန့်ပြန်မှုသက်သက် ဖြစ်လေသည်။ ဤသို့ အားတက်ဖွယ် မျှော်လင့်ချက်များ ပြန့်နှံ့လာသည့်အတွက် အမြတ်ထွက်သူများမှာ အစုအဝေးနှင့် နေလာခဲ့ကြရမှ မလွှဲသာမရှောင်သာ တစ်ခြားစီခွဲ၍ နေကြရသူများ ဖြစ်သည်။ သီလရှင်ကျောင်း နှစ်ကျောင်းကို ပြန်ဖွင့်ကာ ဘာသာရေးအုပ်စု လုပ်ငန်းများကို ပြန်လည်လုပ်ဆောင်လျက် ရှိကြသည်။ တပ်ဖွဲ့များမှာလည်း သိမ်းယူရာတွင် မပါသည့်တန်းလျား စသည်တို့တွင် ပြန်စုကာ ရှေးကအတိုင်း တပ်တွင်း အနေအထိုင်များတွင် အခြေကျစ ပြုလျက်ရှိသည်။ ယင်းတို့သည် အသေးစိတ်ကလေးများပင် ဖြစ်သော်လည်း ထူးခြားထင်ရှားမှု ရှိလေသည်။

ထိန်းထိန်းသိမ်းသိမ်းပင် ဖြစ်စေကာမူ လှုပ်လှုပ်ရွရွ ဖြစ်လျက်ရှိသော အခြေအနေသည် အာဏာပိုင်တို့က ဆေးပညာအဖွဲ့နှင့်တိုင်ပင်ဆွေးနွေး၍ ကူးစက်ရောဂါသည် မချုပ်ငြိမ်းသွားပြီဟု ယူဆနိုင်ကြောင်း ထုတ်ပြန်ကြေညာ နိုင်လောက်အောင်ပင် သီတင်းပတ်စာရင်းချုပ် အသေအပျောက် ကိန်းဂဏန်းက သိသိသာသာ ကျဆင်းခဲ့သည့် ဇန္နဝါရီလ ၂၅ရက်နေ့ဆီအထိ ရှိ၍ နေခဲ့လေသည်။ မှန်ပါသည်။ ထိုကြေညာချက်တွင် ဆက်လက်၍ ဘုရင်ခံသည် လူအများကလည်း သဘောတူမည်ဖြစ်သော သတိဖြင့် မြို့တံခါးများကို နောက်ထပ် နှစ်သီတင်း

ဆက်လက်ပိတ်ဆို့ထားရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများအတွက် ပြဋ္ဌာန်းချက်များကို နောက်ထပ်တစ်လမျှ ဆက်လက်ထားရှိသွားရန်၊ ဤကာလအတွင်း အန္တရာယ်ရှိမည်ဟု အသေးငယ်ဆုံး အရိပ်အယောင်များ တွေ့ရှိရပါက တင်းကျပ်သော အမြဲတမ်းအမိန့်များ ထုတ်ဆင့်ပြဋ္ဌာန်းပြီး လိုအပ်လျှင် လိုအပ်သည်ဟု ယူဆရသော ကာလအထိ ဆက်လက်၍ အတည်ပြုထားရန် ဆုံးဖြတ်လိုက်ကြောင်းတို့ကိုပါ ဖော်ပြထားသည်။ သို့ရာတွင် ထိုစကားစုမှာ ထုံးစံအတိုင်း သုံးရသော ရုံးသုံးစကားများသာ ဖြစ်သည်ဟု အားလုံးက ယူဆထားလိုက်ကြပြီး၊ ထိုဇန္နဝါရီလ ၂၅ရက် ညကား ပွဲလမ်းသဘင် ဆင်ယင်ကျင်းပရန် အကြောင်းကိစ္စ ဖြစ်လာလေတော့သည်။ ဘုရင်ခံကလည်း သူကိုယ်တိုင် လူအများနှင့် ပူးပေါင်းပါဝင်သည့် အနေဖြင့် လမ်းမီးများကို ရှေးကအတိုင်း ပြန်လည်ထွန်းညှိပေးရန် အမိန့်ထုတ်ပေးလိုက်သည်။ ဤတွင် မြို့သူမြို့သားများသည် ဟေးလားဝါးလား အစုအသင်းဖွဲ့ကာ ရယ်ကာမောကာ တေးဆိုကာဖြင့် မီးထိန်ထိန်လင်းလျက် ရှိသော လမ်းမများပေါ်တွင် ဟိုမှသည်မှ ခေါက်တုံ့လူးလာ လမ်းသလားလျက် ရှိကြလေတော့သည်။

အချို့အိမ်များမှ တရုတ်ကတ်များမှာ ပိတ်လျက်ပင်ရှိပြီး အထဲက လူများသည် အပြင်ဘက်က ပျော်ရွှင်စွာ အော်ဟစ်ကြသည့် အသံများကို တိတ်ဆိတ်စွာပင် နားထောင်လျက် ရှိကြသည်မှာလည်း မှန်ပါသည်။ သို့ရာတွင် သောကကြုံတွေ့နေရသော အိမ်များ၌သော်မှ အကြီးအကျယ် စိတ်သက်ရာရမှုကတော့ ရှိနေပေသည်။ မိသားစုမှ နောက်တစ်ယောက် သေပျောက်သွားမည်ကို မစိုးရိမ်ရတော့ခြင်းကြောင့် ပေလော။ သို့မဟုတ် မိမိကိုယ်တိုင် စိုးရိမ်သောက ဖြစ်ရမှုများ ပျော့ပါးသွား၍ပေလော။ လူအများ ပျော်ရွှင်မှု ပြုနေကြရာတွင် ပါဝင်ဆင်နွှဲခြင်း မရှိကြသော မိသားစုတို့မှာ ဤအချိန်၌ သူတို့အိမ်မှ တစ်ယောက်ယောက်သည် ပလိပ်ရောဂါဖြင့် ဆေးရုံ၌ ရှိနေသေး၍ သို့မဟုတ် ကူးစက်ရောဂါကြောင့် သီးခြားစခန်း တစ်ခု၌သော် လည်းကောင်း၊ အိမ်၌သော် လည်းကောင်း၊ မလွှဲသာမရှောင်သာ ခွဲခြား၍နေရသည့် ရက်အကန့်အသတ်က မကုန်သေး၍ အခြားလူများနည်းတူ မိမိတို့၏ လွတ်မြောက်လှည့်ကို စောင့်ဆိုင်းနေကြသူများ ဖြစ်ကြပေသည်။ ဤမိသားစုများတွင် မျှော်လင့်ချက်များရှိမည်ကို သံသယဖြစ်စရာ မလို။ သို့သော် သူတို့သည် အချိန်အခါသင့်ပြီဟု စိတ်ချလက်ချ ဆိုနိုင်သည့်အခါတွင်မှ ထုတ်ဖော်ပြသရန်အတွက် ယခုအခါ စိတ်ကိုထိန်းချုပ်ကာ ချွေတာစုဆောင်း၍ ထားကြရပေသည်။ ယခုအချိန်၌ ပြည်နှင်ဒဏ်ခံရသူပမာ တိတ်ဆိတ်စွာ စောင့်ဆိုင်းနေရခြင်းသည် သူတို့၏ ပတ်ဝန်းကျင်တွင် ပျော်ရွှင်ဝမ်းမြောက်၍ နေကြသည်တို့ကို တွေ့မြင်ရသောအခါ ပျော်ရွှင်မှု၏ ပရိဒေဝအကြား၌ နေရခြင်းသည် ငရဲနှင့် ကောင်းကင်ဘုံအကြား သောင်မတင်ရေမကျ အဖြစ်ထက် စိတ်ဆင်းရဲစရာကောင်း၍ နေပေတော့သည်။

သို့ရာတွင် ဤချွင်းချက်ကလေးများက အများစု၏ ကျေနပ်ပျော်ရွှင်မှုကို လျော့ပါးသွားစေရန် မတတ်နိုင်ချေ။ ပလိပ်ကပ်ကြီး မပြီးဆုံးသေးသည်ကို သံသယဖြစ်ဖို့ မရှိပါ။ သူတို့အား သတိပေးနေရမည့် တကယ့်အရှိ ဖြစ်သည်။ သို့တိုင်အောင် သူတို့သည် ယခုကပင် သီတင်းပတ်ပေါင်းများစွာ ကြိုတင်၍ အကန့်အသတ်မရှိသော ပြင်ပလောကသို့ ထွက်ခွာသွားကြမည့် မီးရထားဥသြသံများ၊ သင်္ဘောဆိပ်ဆီမှ တောက်ပဝင်းလက်သော ပင်လယ်ပြင်၏ လှိုင်းများကို ကျော်၍ တဘောဘော် မှုတ်နေသည့် သင်္ဘောဥသြသံများကို စိတ်ကူးဖြင့် ကြားယောင်နေကြပြီ ဖြစ်လေသည်။ နောက်တစ်ရက်တွင် ဤစိတ်ကူးယဉ်ကလေးများ လွန်မြောက်သွားကာ ဆုတ်ဆိုင်းနေးတွ သံသယကလေးများ ဝင်ကောင်းဝင်လာမည်။ သို့ရာတွင် ယခုအခိုက်အတန့်မှာကား တစ်မြို့လုံးသည် ကာလကြာမြင့်စွာ ငိုငိုယိုယို နေခဲ့ကြရသော အမှောင်တိုက် အကျဉ်းစခန်းမှ ထွက်ရကာ သာယာရွှေပြည်သို့ ပို့ဆောင်ရန် သင်္ဘောဖြင့် တင်ဆောင်လာသည့် သေကံမရောက် သက်မပျောက် ခရီးသည်များအလား လှုပ်လှုပ်ရှားရှား သွားလာလျက်သာ ရှိကြလေတော့သည်။

ထိုညက တာရို၊ ဒေါက်တာရေး၊ ရမ်းဘားနှင့် သူတို့၏ လုပ်ဖော်ကိုင်ဖက်များသည် တခဏမျှ တလှုပ်လှုပ်တရွရွ ချီတက်လျက် ရှိကြသော လူအုပ်များနှင့် ရောနှောကာ လိုက်ခဲ့ကြရာတွင် သူတို့မှာလည်း လေထဲတွင် လှမ်းသွားနေရသကဲ့သို့ ထင်မိကြသည်။ သူတို့ လမ်းမကြီးများမှ ဖွဲ့ဆင်းကာ တံခါးပိတ်ထားသည့် အိမ်များရှေ့ကဖြတ်၍ လူသူကင်းမဲ့သော လမ်းသွယ်ကလေးများသို့ ဝင်ခဲ့ပြီးနောက် အတော်ကြာသည်အထိ လမ်းမကြီးများဆီမှ ပျော်ရွှင်နေကြသူတို့၏ အော်ဟစ် ဆူညံသံများကို ကြားနေရလျက်ပင် ရှိသည်။ သူတို့မှာကား ပင်ပန်းနွမ်းနယ်လွန်း လျက်ရှိကြ၍ လမ်းမကြီးများပေါ်မှ ပျော်ရွှင်နေကြသူများနှင့် အတူ လိုက်ပျော်ရမှာလား၊ တံခါးပိတ်ထားသည့် အိမ်များအထဲက လူများနှင့်အတူ သောကဖြစ်ရမှာလား ဆိုသည်ကိုပင် မခွဲခြားတတ်တော့အောင် ရှိလေသည်။ ဤသို့လျှင် လာမည့် လွတ်မြောက်ရေးကြီးကား ရယ်မောဟားတိုက်သံ၊ ငိုရှိုက်သံတို့ဖြင့် စုံလင်လှ ပေတော့သည်။

တစ်ချက်တွင် အဝေးမှ ပြန့်လွင့်၍လာသော ပျော်ရွှင်အော်ဟစ်သံများ တဖြည်းဖြည်း များလာကာ တအုံးအုံး ဖြစ်လာခိုက် တာရိုသည် ရုတ်တရက် ရပ်တန့်လိုက်သည်။ သေးသေးသွယ်သွယ် သဏ္ဌာန်ကလေးတစ်ခုသည် လမ်းတစ်လျှောက် လုစ်ခနဲ ပြေးထွက်သွားသည်။ ကြောင်ကလေး တစ်ကောင်။ လွန်ခဲ့သည့် နွေဦးပေါက်မှစ၍ ယခုအထိ ပထမဆုံး တွေ့မြင်ကြရသော ကြောင်ဖြစ်၏။ ကြောင်ကလေးသည် လမ်းလယ်၌ ရပ်တန့်၍ ဆုတ်ဆိုင်းဆိုင်းဖြစ်ကာ ရှေ့လက်တစ်ဖက်ကို လျှာဖြင့် လျက်လိုက်၏။ ထို့နောက် ထိုလက်ဖြင့် ညာဘက်နားရွက်ကို သပ်လိုက်၏။ ပြီးလျှင် ရှေ့သို့ ဆက်လက်ထွက်သွားကာ

အမှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။ တာရိုက သူ့တစ်ကိုယ်တည်း ပြုံးရင်း၊ အင်း... လေသာဆောင်က အဘိုးအိုကလေးလည်း သဘောကျနေမှာပဲဟု အောက်မေ့လိုက်မိလေ၏။

* * *

မည်သို့ပင်ရှိစေ၊ ပလိပ်ကပ်ရောဂါသည် တိတ်ဆိတ်လျှို့ဝှက်စွာ သူထွက်လာခဲ့သည့် သူပုန်းခိုရာ ဝပ်ကျင်းဆီသို့ အသာပြန်၍ လျှိုဝင်ကာ ဆုတ်ခွာသွားပြီဟု ထင်ရသည့် ထိုရက်များဆီက တာရို၏ မှတ်စုများအတိုင်း ဆိုရလျှင် မြို့ပေါ်တွင် အနည်းဆုံး လူတစ်ယောက်ကတော့ ထိုအခြင်းအရာကို လွန်စွာ ထိတ်လန့်တုန်လှုပ်လျက် ရှိသည်။ ထိုသူကား ကော့တတ်ပင်တည်း။

အမှန်ကိုပြောရလျှင် ဤနေ့စဉ်မှတ်တမ်း မှတ်စုများသည် အသေအပျောက် ကိန်းဂဏန်းများ လျော့ကျစပြုသည့် နေ့မှစ၍ ထူးထူးခြားခြား ပြောင်းလဲလာသည်။ လက်ရေးကလည်း ရေးကထက် အဖတ်ရခက်လာသည်။ ပင်ပန်းနွမ်းနယ် နေသောကြောင့်လည်း ဖြစ်တန်ရာ၏။ နေ့စဉ်မှတ်တမ်းရေးသူကလည်း အကြောင်းတစ်ခုမှ တစ်ခုသို့ အဆက်အစပ်မရှိ ခုန်၍ခုန်၍ ကူးသည်။ ထို့မျှမက နောက်ပိုင်း မှတ်စုများသည် စောစောပိုင်းက မှတ်စုများကဲ့သို့ ဓမ္မဓိဋ္ဌာန် မကျချင်တော့။ သူ၏ အတ္တနောမတိ အယူအဆများ ဝင်လာသည်။ ဤသို့လျှင် သူ၏နေ့စဉ် မှတ်တမ်းများတွင် ကော့တတ်၏အကြောင်း ရေးထားသည့် ရှည်လျားသော စာပိုဒ်များ၏အကြား၌ ကြိုးကြားညှပ်လျက် အဘိုးအိုနှင့် ကြောင်များအကြောင်း တိုတိုတုတ်တုတ် ရေးထားသည့်စာများကို တွေ့ရသည်။ တာရိုက သူသည် ပလိပ်ကပ်ကြီးကြောင့် အဘိုးအိုအား စိတ်ဝင်စားခြင်း လျော့နည်းသွားသည်ဟု မရှိခဲ့။ ပလိပ်ကပ်ကြီး ပြီးဆုံးသွားတော့လည်း သူ့ကို စိတ်ဝင်စားမြဲ စိတ်ဝင်စားလျက်ပင် ရှိသည်။ သို့ရာတွင် သူ့ဘက်က ပျက်ကွက်မှု မဟုတ်ရဘဲနှင့် ဆက်လက်စိတ်ဝင်စား၍ မရတော့ဟု ဆိုသည်။ သူ့ကိုတွေ့ရရန် အစွမ်းကုန် အားထုတ်သည်လည်း ဆိုသည်။ အမှတ်တရ ဇန္နဝါရီလ ၂၅ ရက်နေ့၏ နောက်ပိုင်း ရက်အနည်းငယ် အကြာတွင် သူသည် လမ်းကလေး၏ထောင့်တွင် ထိုင်၍စောင့်သည် ဆိုသည်။ ကြောင်ကလေးများကတော့ သူတို့၏ နေနေကျဖြစ်သော နေရာများတွင် နေစာလှုံလျက် ရှိကြပြီ။ သို့ရာတွင် ခါတိုင်း အဘိုးအိုကလေး ဝတ်မပျက် ပြုနေကျ အချိန်နာရီတွင် လေသာဆောင်ဘက်က ပြတင်းများမှာ ပိတ်လျက်သာ ရှိကြ၏။ နောက်ရက်များတွင်လည်း ထိုတံခါးများ ပွင့်လာသည်ကို တာရို တစ်ခါမျှ မမြင်ရတော့ဟု ဆိုသည်။ ဤတွင် သူက အဘိုးအိုကလေးသည် သေပြီသော်လည်း ဖြစ်ရာသည်၊ စိတ်ညစ်နေခြင်းသော်လည်း ဖြစ်ရာသည်ဟု ခတ်ဆန်းဆန်း ကောက်ချက်ချထားသည်။ စိတ်ညစ်နေခြင်းဖြစ်သည် ဆိုလျှင် သူမှန်ပါလျက် ပလိပ်ကပ်က သူ့အား အမှားပြုသူ ဖြစ်အောင် လုပ်လိုက်သည်ဟု ထင်သောကြောင့် ဖြစ်ပေလိမ့်မည်။ သေပြီဆိုလျှင် သူသိချင်သည်မှာ (ပန်းနာသည်ကြီးတုန်းကလိုပင်) သူသည် သူတော်စင် ဖြစ်သွားသလား။ တာရိုကတော့ သိပ်မထင်။ သို့သော် အဘိုးအိုကိုကြည့်ပြီး လမ်းစကလေးတော့

တွေ့သွားသည်။ သူ၏စာထဲတွင် "ကျွန်ုပ်တို့သည် သူတော်စင် ဖြစ်လုနီးအခြေသို့သာ ရောက်နိုင်သည်။ ထို့ကြောင့် စိတ်ကောင်းနှလုံးကောင်း ရှိသော နတ်ဆိုး၏ အဖြစ်ကိုပင် ယာယီသဘော ဖန်တီး၍ ယူရပေလိမ့်မည်" ဟု ရေးထားခဲ့လေသည်။

ကော့တတ်နှင့်ပတ်သက်သည့် ထင်မြင်ချက်များတွင် ကြိုးကြားညှပ်လျက် ဟိုနားတစ်ကြောင်း သည်နားတစ်ပိုဒ် တွေ့ရသည်ကား၊ ယခုအခါ နာလန်ထပြီ ဖြစ်၍ ဘာမှမဖြစ်ခဲ့သလို အလုပ်ပင် ပြန်ဆင်းနေပြီဖြစ်သော ဂရန်း၏အကြောင်းနှင့် ဒေါက်တာရေး၏ အမေအိုအကြောင်းတို့ ဖြစ်လေသည်။ တစ်မိုးတစ်ယံတည်း အတူနေခဲ့ကြရစဉ်က သူ့အမေနှင့် ရံခါပြောကြရသည့် စကားများ၊ အမေအို၏ သဘောထားများ၊ ပလိပ်ကပ်နှင့် ပတ်သက်သည့် အယူအဆ အားလုံးတို့ကို သူ၏ နေ့စဉ်မှတ်တမ်းတွင် အသေးစိတ် ရေးသွင်းထားသည်။ တာရိုက အမေအို၏ 'မထင်မရှား နေတတ်ထိုင်တတ်ခြင်း၊ အရာရာကို ရိုးရိုးရှင်းရှင်း စကားများဖြင့် ရေလည်အောင် ပြောပြတတ်ခြင်း၊ ညနေညနေတွင် အမေသည် ကိုယ်ကို ခပ်မတ်မတ်ထား၍ လက်များကို ပေါင်ပေါ်၌ထားကာ အောက်ဖက်ရှိ ငြိမ်သက်သော လမ်းများကို စိုက်ကြည့်ရင်း အခန်းတွင်းသို့ မှောင်ရိပ်သမ်းလာသည်တွင် သူ၏ မည်းမည်းသဏ္ဌာန်လည်း အမှောင်ထဲတွင် ရောနှောသွားသည်အထိ ထိုင်လေ့ရှိသော ပြတင်းပေါက်အား နှစ်သက်စွဲလန်းခြင်းတို့ကို အထူးပြု၍ ထင်ရှားပေါ်လွင်အောင် ရေးထားသည်။ အမေအို အိမ်ထဲတွင် တစ်ခန်းဝင် တစ်ခန်းထွက် ကူးသန်းရာတွင် လှုပ်ရှားမှု ညင်သာလှပုံကို လည်းကောင်း၊ တိတိကျကျ မည်သည့်အမှုကိစ္စတွင် ဟူ၍ သူ သတိမပြုမိသည့်တိုင်အောင် အမေပြောသမျှ လုပ်သမျှတို့တွင် သူ ထင်လင်းစွာမြင်ရသည့် အမေ၏ အကြင်နာတရား အလင်းရောင်ကို လည်းကောင်း၊ ဘာကိုမျှ တွေးတောနေရဟန် မတူဘဲ အရာရာကို သိတတ်သည့် အမေ၏ ပဋိသန္ဓေပါညဉ်ကို လည်းကောင်း၊ နောက်ဆုံးအမေသည် မထင်မရှား တိတ်ဆိတ်စွာ နေတတ်သော်လည်း မည်သည့် အလင်းရောင်တွင်မျှ မှေးမှိန်ညှိုးနွမ်း၍ မသွား၊ အလွန်တရာ စူးရှတောက်ပသော ပလိပ်ကပ်၏ အလင်းရောင်တွင်သော်မှ မှေးမှိန်၍ မသွားခဲ့ဆိုသည်ကို လည်းကောင်း ရေးသားထားခဲ့လေသည်။ ဤနေရာတွင် တာရို၏ လက်ရေးများသည် ထူးထူးဆန်းဆန်းပင် ဆုတ်ယုတ်ပျက်ပြား လာသည်။ တကယ်ပင် နောက်ပိုင်းစာကြောင်းများမှာ ဖတ်၍ ရနိုင်စရာပင် မရှိတော့။ သူ့ကိုယ်သူ မထိန်းနိုင်တော့သည့် အဖြစ်ကို ခိုင်မာစေသည့်အလား သူ၏နေ့စဉ်မှတ်တမ်း နောက်ဆုံးရေးသွင်းချက်များတွင် သူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို ပထမဆုံးအကြိမ် ရေးသားထည့်သွင်း ထားလေသည်။ 'ဒေါက်တာရေး၏အမေကို မြင်လျှင် ကျွန်ုပ်၏အမေကို သတိရသည်။ အမေ့တွင် ကျွန်ုပ်အချစ်ဆုံးမှာ အမေ၏ မထင်မရှား နေထိုင်တတ်မှုနှင့် အများခေါ်သလို မှုန်ဝါးဝါးအသွင် ဖြစ်သည်။ ကျွန်ုပ် ပြန်ရောက်ချင်သည်မှာ အမေ့ထံသို့ ဖြစ်သည်။ လွန်ခဲ့သည့်ရှစ်နှစ်က ဖြစ်ခဲ့သည်။ သို့သော် အမေ သေသည်ဟူ၍တော့ ကျွန်ုပ် မပြောနိုင်ပါ။ အမေသည် ခါတိုင်းထက် အနည်းငယ်မျှ ပို၍မထင်မရှား လျှိုနေလိုက်ခြင်းသာ ဖြစ်သည်။ ကျွန်ုပ်

လှည့်ကြည့်လိုက်သောအခါ အမေ မရှိတော့' ဟု ရေးထား၏။

ကျွန်ုပ်တို့ ကော့တတ်၏အကြောင်း ဆက်ကြပါဦးစို့။ သီတင်းပတ် စာရင်းချုပ်မှာ အသေအပျောက် ကိန်းဂဏန်းများ အလျော့ပြစအချိန်တွင် သူသည် အကြောင်းအမျိုးမျိုးရှာ၍ ဒေါက်တာရေးထံသို့ အခေါက်ခေါက် လာလေသည်။ သို့ရာတွင် သူ တကယ်လိုချင်နေသည်မှာ ကူးစက်ရောဂါ မည်ကဲ့သို့ ဖြစ်လာမည်ဆိုသည့် ဒေါက်တာရေး၏ ထင်မြင်ယူဆချက်သာ ဖြစ်လေသည်။ "ဒီလိုပဲ ဗြုန်းစားကြီး ရပ်သွားနိုင်တယ်လို့ ဆရာ တကယ်ထင်သလား ဆရာ" ဟု မေးသည်။ သူကတော့ ဤကိစ္စနှင့် ပတ်သက်၍ သံသယရှိသည်။ အနည်းဆုံး သူကတော့ ဤသို့ အတည့်အလင်း ဆိုသည်။ သို့ရာတွင် သူက ဤမေးခွန်းကို အထပ်ထပ် မေးနေသည်ကို ထောက်ခြင်းအားဖြင့် သူ့မှာ အတည့်အလင်း ဆိုနိုင်လောက်အောင် သေချာဟန်မတူဟု ယူဆရန်ရှိပေသည်။ ဇန္နဝါရီလလယ်လောက်မှ စ၍ ဒေါက်တာရေးက သူ့အား အတော်အတန် အားတက်ဖွယ်အဖြေများ ပေးခဲ့သည်။ သို့သော် ထိုအဖြေများသည် ကော့တတ်အကြိုက် အဖြေများတော့ မဟုတ်ချေ။ ထိုအဖြေများကို ကြားရလျှင် သူ၏အမူအရာမှာ တစ်ခါတစ်ခါ စိတ်တိုသွားသလို ဖြစ်တတ်ပြီး၊ တစ်ခါတစ်ခါတွင်လည်း အကြီးအကျယ် စိတ်ပျက်အားလျော့သွားဟန် ရှိတတ်လေသည်။ တစ်နေ့တွင် ဆရာဝန်က သူ့အား သနားသွားကာ စာရင်းဇယားများက အားတက်ဖွယ် အလွန်ကောင်းနေသော်လည်း ကျွန်ုပ်တို့ ဘေးလွတ်ရာသို့ ရောက်ကြပြီဟူ၍ အသေအချာပြောရန်မှာ စောလွန်းလှပါသေးသည်ဟု ပြောလိုက်၏။

ကော့တတ်က မဆိုင်းမတွပင် "တစ်နည်းပြောရရင်၊ ဘယ်သူမှ ဘာမှ မသိနိုင်ဘူးဆိုပါတော့ ဆရာ၊ အချိန်မရွေး အစကပြန်စပြီး ဖြစ်လာနိုင်တာပဲပေါ့" ဟု ဆိုလိုက်သည်။

"ဟုတ်ပါတယ်။ ပိုကောင်းတဲ့ အခြေအနေဟာလည်း အဲသလိုပဲ မြန်မြန် ရောက်ချင် ရောက်လာနိုင်တာပဲပေါ့"

အခြားလူများ အားလုံးအဖို့ စိတ်ဆင်းရဲစရာ ဖြစ်သော ဤ မတင်မကျ အခြေအနေသည် ကော့တတ်နှင့်တော့ သင့်မြတ်ဟန် တူပေသည်။ သူသည် ဒေါက်တာရေးက ပြောပြလိုက်သည့် ထင်မြင်ယူဆချက်ကို ပြန့်ပွားစေလိုကြောင်း ပေါ်လွင်သည့်ဆန္ဒဖြင့် သူတို့အပိုင်းက ဆိုင်ရှင်များနှင့် စကားလက်ဆုံ ကျနေတတ်ကြောင်းကို တာရူ သတိပြုမိသည်။ မှန်ပါသည်။ သူ့အဖို့ ဤသို့ပြုရာတွင် အခက်အခဲမရှိပါ။ ပလိပ်ကပ်ကြီး ယုတ်လျော့ကျဆင်းသွားပြီ ဆိုသည့် ကြေညာချက် ထွက်လာပြီးနောက် ရှေးဦးစွာဖြစ်လာသော ဝမ်းသာပျော်ရွှင်မှုများ အရှိန်သေသွားသောအခါ လူများစွာတို့၏ စိတ်ထဲတွင် သံသယကလေးများ ပြန်ဝင်လာခဲ့သည်။ သူတို့၏ စိုးရိမ်မှုများကို အကဲခတ်မိသောအခါ ကော့တတ်မှာ

ဤသို့ပင် အားလျော့ခဲ့ရတတ်သည်။ သူက တာရီအား စိတ်ပျက်ညိုးငယ်စွာ “အေးဗျာ။ တစ်နေ့နေ့ ဒီတံခါးတွေကို ဖွင့်လိုက်တော့မှာပါပဲ။ သူတို့ ကျုပ်ကို မီးကျီးခဲလွှတ်ချသလို ချပစ်ကြတာကို ခင်ဗျားတွေ့ရမှာပါပဲ” ဟု ပြောဖူးသည်။

ဇန္နဝါရီလ ပထမသုံးပတ်အတွင်း သူ ရုတ်တရက် မူပြောင်းသွားပုံကို လူတိုင်း အံ့အားသင့်ကြရ၏။ အိမ်နီးချင်းများ၊ အသိမိတ်ဆွေများက သူ့အား ခင်မင်စေရန် အစွမ်းကုန် အားထုတ်လေ့ရှိသော သူသည် ယခု ထိုသူများအား တမင် တကာ ဂရုမစိုက်သည့် အမူအရာပြနေသည်။ ထိုအခါမျိုးတွင် သူသည် ရုတ်ချည်းပင် ပြင်ပ အဆက်အသွယ်များကို ဖြတ်တောက်ကာ သူ၏အခန်းထဲ၌ပင် သုန်သုန်မှုန်မှုန် အောင်း၍ နေတတ်သည်။ သူ့အား သူသွားနေကျ စားသောက်ဆိုင်များ၊ ဇာတ်ပွဲရုံများ၊ လက်ဖက်ရည်များတွင် မတွေ့မြင်ကြရတော့။ သို့သော် သူသည် ပလိပ်ကပ်ကြီး မကျရောက်မီက သူနေထိုင်ခဲ့သည့် မထင်မရှား လူသာမန်တို့၏ ငြိုးငွေ့ဖွယ် အနေအထိုင်မျိုး၌လည်း ပြန်လည်နေထိုင်ဟန် မတူချေ။ သူသည် အနီးအနားရှိ စားသောက်ဆိုင်မှ စားစရာကို သူ့ထံသို့ လာပို့ရန် မှာစားပြီး အခန်းထဲက မထွက်ဘဲနေသည်။ ညမိုးချုပ်ချိန်တွင်မှ တောက်တိုမယ်ရ ပစ္စည်းကလေးများ ဝယ်ရန် အရဲစွန့်၍ ထွက်လာတတ်သည်။ ဝယ်ပြီးလျှင် ဆိုင်ထဲက ထွက်သောအခါလည်း ပို၍မှောင်ပြီး လူပြတ်သော လမ်းများထဲသို့ ရည်ရွယ်ချက်မရှိဘဲ ပုန်းလျှိုးကွယ်လျှိုး လျှောက်သွားနေတတ်သည်။ ဤသို့ လျှောက်နေသည်ကို တစ်ခါနှစ်ခါ တာရီနှင့် ပက်ပင်းတွေ့ရဖူးသည်။ သို့ရာတွင် မပီမသ ဗလုံးဗထွေး စကားတစ်လုံးတလေမှ တစ်ပါး ဘာစကားမျှ ပြောဖို့မရှိဟု ဆိုသည်။ ထို့နောက် သူသည် နေ့ချင်းညချင်းပင် ဖော်ဖော်ရွေရွေ ဖြစ်လာပြန်ကာ ပလိပ်ကပ်အကြောင်း ရွှန်းရွှန်းဝေအောင် ပြောရင်း လူတွေ့တိုင်း ဘယ်လိုထင်သလဲဟု မေး၍ သိသိသာသာ ကျေနပ်နှစ်သိမ့်ဟန်ဖြင့် လူအုပ်ထဲသို့ ရောနှောဝင်ရောက်ခဲ့ပြန်လေသည်။

တရားဝင်ကြေညာချက် ထုတ်ပြန်လိုက်သော ဇန္နဝါရီလ ၂၅ရက်နေ့တွင် ကော့တတ် အခန်းအောင်းပြန် လေတော့သည်။ ထို့နောက် နှစ်အကြာတွင် လမ်းသွယ်တစ်ခုတွင် မယောင်မလည် လျှောက်နေသော ကော့တတ်အား တာရီက တွေ့လေသည်။ ကော့တတ်က တာရီ့အိမ်သို့ လိုက်ခဲ့မည်ဆိုသည်ကို တာရီက ကန့်ကွက်သည်။ သူ တစ်နေ့လုံး ပင်ပန်းခဲ့သည်ဟု ဆိုသည်။ သို့သော် ကော့တတ်က ပြောမရ။ သူ့မှာ များစွာစိတ်လှုပ်ရှားလျက် ခြေဟန်လက်ဟန် တွင်တွင်ပြကာ ပါးစပ်ကလည်း စကားကို အဆက်မပြတ် ကျယ်ကျယ်လောင်လောင် ပြောရင်း လိုက်လာသည်။ သူက တာရီအား တရားဝင်ကြေညာချက် ထုတ်ပြန်လိုက်ခြင်းဖြင့် ပလိပ်ကပ်ကြီး ပြီးဆုံးသွားပြီဟု တကယ်ယုံကြည်ပါသလား ဟု မေးကာ စကားစသည်။ တာရီက ကြေညာချက် ထုတ်ရုံမျှဖြင့်တော့ ကူးစက်ရောဂါ ရပ်စဲမသွား ဆိုသည်မှာ ထင်ရှားပါသည်။ သို့သော် မတော်တဆတစ်ခုခု ဝင်၍မဖြစ်ဘူး ဆိုလျှင် ပလိပ်ကပ်ရောဂါကြီးသည် မကြာမီ ရပ်စဲသွားမည့် လက္ခဏာများတော့ မုချရှိပါသည်

ပြန်ပြောသည်။

ကော့တတ်က "ဟုတ်တယ်။ မတော်တဆ တစ်ခုခု ဝင်မဖြစ်ဘူး ဆိုရင်ပေါ့။ မတော်တဆမှုတွေကတော့ ဖြစ်မှာပဲဗျ။ မဟုတ်ဘူးလား" ဟု ဆိုလိုက်သည်။ တာရိုက အာဏာပိုင်များသည် ဤအချက်ကို စဉ်းစားမိ၍ မြို့တံခါးများ နောက်ထပ် လဝက်ပိတ်ထားဦးမည် ဟု အမိန့်ထုတ်ထားခြင်း ဖြစ်သည်ကို သတိဖော်ပေးသည်။

ကော့တတ်က စိတ်လှုပ်ရှားနေသည့် လေသံနှင့်ပင် "အဲဒါ သူတို့ ဉာဏ်ရှိတာပဲဗျ။ အခုဖြစ်နေတဲ့ အခြေအနေတွေအတိုင်း ဆိုရင် သူတို့ပြောထားတဲ့စကား သူတို့ ပြန်ရုပ်သိမ်းရမှာပါပဲ" ဟု ပြောသည်။

တာရိုက ဟုတ်ကောင်း ဟုတ်ပါလိမ့်မည်ဟု လိုက်၍ဆိုလိုက်သည်။ သို့တိုင်အောင် သူကတော့ မြို့တံခါးများ ပြန်ဖွင့်လိမ့်မည်။ ထို့နောက် မကြာမီ ပုံမှန်အခြေအနေသို့ ပြန်ရောက်တော့မည်ဟု ယုံကြည်နေခြင်းက ပိုကောင်းမည် ထင်သည်ဟု ပြော၏။

ကော့တတ်က "ထားပါတော့။ ဒါပေမယ့် ပုံမှန်အခြေအနေ ပြန်ရောက်တယ် ဆိုတာက ဘာကိုဆိုလိုတာလဲ" ဟု ပြန်မေးလိုက်သည်။

တာရိုက ပြုံးလျက် "ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်ကားအသစ်တွေ ပြတာကို ပြောတာပေါ့ဗျာ" ဟု ဆိုလိုက်သည်။

သို့ရာတွင် ကော့တတ်ကတော့ မပြုံးချေ။ သူက ဤပလိပ်ကပ်ကြီးက ဘာတစ်ခုကိုမှ ပြောင်းလဲမပစ်ဘဲ မြို့သူမြို့သားများသည် ဘာမှမဖြစ်ခဲ့သလို နဂိုအနေအထိုင်အတိုင်း ဆက်နေသွားကြလိမ့်မည် ဆိုလိုသလားဟု မေးသည်။ တာရိုက ပလိပ်ကပ်ကြီးသည် အရာဝတ္ထုများစွာကို ပြောင်းလဲစေခဲ့မည် ဖြစ်သော်လည်း သူတို့ကိုတော့ မပြောင်းဟုထင်သည်။ ကျွန်ုပ်တို့ မြို့သူမြို့သားများ၏ အပြင်းထန်ဆုံးဆန္ဒမှာ ဘာမှမပြောင်းလဲခဲ့သလို ဆက်လက်နေထိုင် ပြုမူသွားကြဖို့ ဖြစ်ပြီး၊ ယခင်ကလည်း ဤအတိုင်း၊ နောင်ကိုလည်း ဤအတိုင်းပင် ဖြစ်မည်။ တစ်နည်းအားဖြင့်မူ ထို့ကြောင့်ပင်လျှင် ဘာမှမပြောင်းလဲဘဲ ရှိနေမည်။ သို့သော် အခြားတစ်ဘက်မှ လှည့်၍ကြည့်လျှင် လူတစ်ယောက်တွင် မေ့ပစ်ချင်စိတ်က မည်မျှပင်ကြီးမား၍ နေစေကာမူ အားလုံးကိုတော့ မေ့မပစ်နိုင်။ ထို့ကြောင့် ပလိပ်ကပ်ကြီးက လူများ၏ နှလုံးသားတွင် တစ်နည်းနည်းတော့ အရာထင်ရစ်စေလိမ့်မည်သာ ဖြစ်သည်ဟု ပြန်ဖြေသည်။

ဤစကားကို ကော့တတ်က သူသည် နှလုံးသားဆိုသည်ကို စိတ်မဝင်စားပါဘူးဟု တိုတိုတောင်းတောင်း ချေပလိုက်သည်။ တကယ်ပင် သူ့အဖို့တော့ နှလုံးသားဆိုသည်များကို နောက်ဆုံးမှပဲ စဉ်းစားသည် ဆို၏။ သူ

စိတ်ဝင်စားသည်မှာ အုပ်ချုပ်ရေးတစ်ဖွဲ့လုံး လုံးဝဥဿုံ ပြောင်း,မပြောင်း ဆိုသည်ကိုသာ ဖြစ်သည်။ ပုံစံအားဖြင့် ပြည်သူ့ဝန်ထမ်းများ ယခင်ကအတိုင်း ဆက်လက်၍ အလုပ်ဝတ္တရားများကို ဆောင်ရွက်ကြမည်လား။ တာရိုက ဤကိစ္စများကိုတော့ သူ အတွင်းကျကျ မသိပါဟု ဝန်ခံသည်။ သူ့အထင်ကို ပြောရမည်ဆိုလျှင်တော့ ပလိပ်ကပ်ကြီးကြောင့် ကျွမ်းထိုးမှောက်ခုံ ဖြစ်ခဲ့ပြီးသည့် နောက်တွင် ပြည်သူ့ဝန်ထမ်းများကို ပြန်လည်ဖွဲ့စည်း လုပ်ဆောင်ရန် ကိစ္စများမှာ နှောင့်နှေးကြန့်ကြာ လိမ့်ဦးမည် ဖြစ်ကြောင်း၊ ပြဿနာအသစ်များလည်း ပေါ်ပေါက်လာကာ အနည်းဆုံး အုပ်ချုပ်ရေးစံနစ်ကို တစ်နည်းတစ်ဖုံ ပြန်လည်ဖွဲ့စည်းရန်လည်း လိုလာလိမ့်မည်ဖြစ်ကြောင်း ပြောလေ သည်။

ကော့တတ်က ခေါင်းညိတ်သည်။ "ဟုတ်ပါတယ်။ ဒါကတော့ ဒီလိုပဲ ဖြစ်မှာပါပဲ။ တကယ်ကတော့ အားလုံး အသစ်ပြန်စကြရမှာပါပဲ"

သူတို့သည် ကော့တတ်၏အိမ်သို့ နီးကပ်လာကြသည်။ သူသည် ယခု အနည်းငယ် ပိုမိုရှင်လန်းလာဟန် တူသည်။ အနာဂတ်ကိုလည်း ပိုမိုသာသာယာယာ မြင်တတ်လာဟန် တူသည်။ သူသည် အတိတ်ကို ဖျောက်ဖျက်ပစ်ကာ ဘာမဆို အစကပြန်၍စသော ဘဝသစ်ကို ဖန်တီးနေသော မြို့ကို စိတ်ကူးထင်မြင်၍ ကြည့်နေသည်မှာ သိသာပေသည်။

တာရိုက ပြုံးလျက် "အဆုံးမတော့ ဒါပဲပေါ့။ ခင်ဗျားအတွက်လည်း အရာရာ အဆင်ပြေသွားပါလိမ့်မယ်နဲ့ တူပါတယ်။ ဘယ်သူပြောနိုင်မလဲ။ စကားပမာပြောရရင် ကျွန်တော်တို့အားလုံးအဖို့ ဘဝအသစ်ပဲပေါ့" ဟု ဆိုလိုက်သည်။

သူတို့သည် ကော့တတ်နေသည့် တိုက်ခန်းအဆောက်အဦ အဝင်တံခါးဝတွင် လူချင်းခွဲရန် လက်ဆွဲနှုတ်ဆက် လိုက်ကြသည်။

ကော့တတ်က ပို၍ပို၍ စိတ်လှုပ်ရှားလာကာ "သိပ်မှန်တာပေါ့ဗျာ။ အားလုံး အစက ပြန်ပြီးစကြရမယ် ဆိုရင်တော့ တကယ့်ကို သိပ်ကောင်းတဲ့ အကြံပေါ့" ဟု ဆိုသည်။

မီးထွန်းညှိမထားသော အဝင်စင်္ကြံလမ်းဆီမှ ရုတ်တရက် လူနှစ်ယောက် ထွက်လာကြသည်။ ကော့တတ်က "ဒီကောင်တွေ ဘာလာရှာကြတာလဲ မသိဘူး" ဟု ရေရွတ်လိုက်သည်ကို တာရိုက ကောင်းစွာ မကြားလိုက်ရမီ အဝတ်အစား သပ်သပ်ရပ်ရပ်နှင့် လက်အောက်ခံအစိုးရ အမှုထမ်းများ ဖြစ်ဟန်ရှိသော ထိုလူနှစ်ယောက်က သူတို့ထံလာကာ သူ၏အမည် ကော့တတ်လားဟု ဖြတ်မေးလိုက်သည်။ ကော့တတ်လည်း ရုတ်တရက် တစ်စုံတစ်ရာကို ခပ်အုပ်အုပ် အော်လိုက်ပြီး ချာကနဲလှည့်ကာ အမှောင်ထဲသို့ ပြေးဝင်ပျောက်ကွယ် သွားလေတော့သည်။ တာရိုနှင့် ထိုလူနှစ်ယောက်တို့လည်း အံ့အားသင့်ကာ

တစ်ယောက်မျက်နှာ တစ်ယောက် နားမလည်သလို ကြည့်ရင်း ကျန်ရစ်ကြလေသည်။ ထို့နောက် တာရိုက ထိုလူနှစ်ယောက်အား ဘာကိစ္စရှိကြသလဲဟု မေးလိုက်သည်။ ထိုလူများက ဝတ်ကျေတမ်းကျေမျှပင် "မေးစရာရှိလို့ပါ" ဟု ဖြေပြီး၊ ကော့တတ်ပြေးသွားရာ ဘက်ဆီသို့ ခပ်အေးအေး လျှောက်သွားကြလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ တာရိုသည် ဤထူးဆန်းသော အဖြစ်အပျက်ကို ရေးထည့်ကာ နောက်နားကကပ်၍ 'ယခုညအဖို့ အလွန် ပင်ပန်းနွမ်းနယ်သည်' ဟု ရေးထားသည်။ ဤအပိုင်းကို ရေးသွင်းသည့် သူ၏လက်ရေးများကို ကြည့်လျှင်လည်း သူ အလွန်ပင်ပန်း နွမ်းနယ်နေကြောင်း ထင်ရှားသိသာပါ၏။ ထို့နောက်တွင် သူက ဆက်လက်၍ သူ့မှာလုပ်စရာတွေ များစွာရှိသေးကြောင်း၊ သို့သော် လုပ်စရာများစွာ ရှိခြင်းသည် သူ့ကိုယ်သူ အဆင်သင့် ပြင်ဆင်မထားရန် အကြောင်း မဟုတ်ဟု ရေးသွင်းကာ သူ့ကိုယ်သူ အဆင့်သင့် ဖြစ်,မဖြစ် မေးထားသည်။ တကယ်က ဤနေရာတွင် တာရို၏ နေ့စဉ်မှတ်တမ်းများ အဆုံးသတ်သည်။ သို့ရာတွင် သူက နောက်မှ အကြံရ၍ ရေးထည့်သည့် ထပ်ဖြည့်စာသဘောဖြင့် နေ့၌ လည်းကောင်း၊ ညဉ့်၌ လည်းကောင်း၊ လူတစ်ယောက်၏ သတ္တိသည် အနိမ့်ဆုံးအထိ ကျသွားသည့်အချိန် ဟူ၍ ရှိတတ်သည်။ သူကြောက်သည်မှာ ထိုအချိန်ကိုသာ ဖြစ်ပါသည်ဟု မှတ်သားထားခဲ့လေသည်။

* * *

။၃။

မြို့တံခါးများဖွင့်ရန် သတ်မှတ်ထားသည့် ရက်မတိုင်မီ သုံးလေးရက်ဖြစ်သော နောက်တစ်ရက် မွန်းတည့်ချိန်၌ ဒေါက်တာရေး အိမ်သို့ ပြန်လာခဲ့သောအခါတွင် သူမျှော်နေသော ကြေးနန်းစာ ရောက်များနေပြီလားဟု တွေးတော၍လာခဲ့သည်။ သူ့မှာ နေ့စဉ်နေ့တိုင်းပင် ကပ်ရောဂါကြီး အရှိန်အဟုန်အမြင့်ဆုံး ကာလကအတိုင်း ပင်ပန်းနွမ်းနယ်ရလျက်ပင် ရှိသော်လည်း မကြာမီ လွတ်မြောက်ရတော့မည် ဆိုသည့် အလားအလာက သူ၏ ပင်ပန်းနွမ်းနယ်မှုတို့ကို ဖြေဖျောက်ပေးလျက် ရှိ၏။ မျှော်လင့်ချက် ရှိလာပြန်သောအခါ ယင်းနှင့်အတူ လူ့ဘဝတွင် အားတက်သရော ရှိမှုကလေးကလည်း ပါလာခဲ့သည်။ ခန္ဓာကိုယ်အင်အားရော၊ စိတ်ဓာတ်အင်အားပါ ပြတ်ထွက်လုမတတ် တင်းအောင်စိုက်၍ ရုန်းနေရသည့် အဖြစ်တွင် မည်သူမျှ တစ်ချိန်လုံး မနေနိုင်။ နောက်ဆုံး၌ အပန်းဖြေခွင့် နားခွင့်ရကာ ရုန်းကန်တိုက်ခိုက်မှုအတွက် မောင်းတင်၍ ထားခဲ့ရသော အကြောအခြင်များ၊ ကြွက်သားများကို လျှော့နိုင်ခြင်းမှာလည်း ဝမ်းမြောက်စရာပင်။ သူ စောင့်မျှော်နေသော ကြေးနန်းစာ၌လည်း သတင်းကောင်း ပါလာဦးမည်ဆိုလျှင် ဒေါက်တာရေးမှာ ဘဝအသစ်တဖန် ပြန်၍စရန် စွမ်းဆောင်နိုင်ပေလိမ့်မည်။ တကယ်ပင် ထိုနေ့များဆီက လူတိုင်း လူတိုင်းသည် ဘဝကို အသစ်ပြန်၍ စနေကြသည်ဟု ယုံကြည်လျက် ရှိလေသည်။

သူသည် အဝင်စင်္ကြံလမ်းအတိုင်း တံခါးစောင့်၏ အခန်းရှေ့က ဖြတ်၍ လျှောက်ခဲ့သည်။ မိုက်ကယ်ကြီး၏ နေရာတွင် ဆက်ခံသူ လူသစ်သည် စင်္ကြံလမ်းဘက်က မှန်တံခါးတွင် မျက်နှာအပ်၍ ကြည့်ရင်း သူ့အား ပြုံးပြလိုက်သည်။ လှေကားထစ်များအတိုင်း သူ တက်၍လာခဲ့သည်တွင် မောပန်းခြင်း၊ နွမ်းပါးခြင်းတို့ဖြင့် ဖြူဖတ်ဖြူရော် ဖြစ်နေလျက်က ပြုံးနေသော သူ၏မျက်နှာကို တရစ်ဝဲဝဲ မြင်၍ နေလေသည်။

မှန်ပါသည်။ စိတ်ကူးသက်သက်ဖြင့် နေခဲ့ရသောကာလ လွန်မြောက်သွားလျှင် ဘယ်လို ကုသိုလ်ကြမ္မာမျိုးနှင့်ပင် ကြုံရကြုံရ ဘဝကို အသစ်ပြန်၍စမည်။ ဤအတွေးများဖြင့်ပင် တံခါးကို ဖွင့်လိုက်သောအခါ အဝင်ခန်းမအတိုင်း သူ့ဆီသို့လာနေသော သူ့အမေကို မြင်လိုက်ရသည်။ အမေကသူ့အား မွန်ဆီယာတာရို နေမကောင်းကြောင်း ဆီး၍ပြောသည်။ တာရိုသည် ခါတိုင်းအချိန်၌ အိပ်ရာက ထသော်လည်း ကောင်းစွာနေမကောင်း၍ အပြင်သို့မထွက်ဘဲ အိပ်ရာထဲသို့ ပြန်ဝင်နေသည်ဟု ဆိုသည်။ အမေသည် တာရိုအတွက် စိုးရိမ်နေလေသည်။

ဒေါက်တာရေးက "ဘာမှစိုးရိမ်တဲ့ဟာမျိုး မဟုတ်ပါဘူးနဲ့ တူပါတယ် အမေ" ဟု ပြောလိုက်၏။

တာရိသည် အိပ်ရာပေါ်၌ ပက်လက်အိပ်ကာ သူ၏လေးလံသော ဦးခေါင်းကြီးမှာ ခေါင်းအုံးထဲတွင် ချိုင့်ဝင်လျက် ရင်ဘတ်ပေါ်တွင် အုပ်ထားသောစောင်မှာလည်း မောက်ကြွလျက် ရှိလေသည်။ သူ့မှာ ခေါင်းကိုက်လျက် အဖျားလည်း တက်နေသည်။ သူက ဒေါက်တာရေးအား ရောဂါလက္ခဏာများ ဘာမျှ ထင်ထင်ရှားရှားမရှိ၊ သို့သော် ပလိပ်ရောဂါ၏ လက္ခဏာများ ဖြစ်နိုင်သည်ဟု ပြောသည်။

ဒေါက်တာရေးက သူ့အား စမ်းသပ်ကြည့်ပြီး "မဟုတ်ဘူး။ ဘာမှ အသေအချာ မရှိသေးပါဘူး" ဟု ပြောလိုက်၏။

သို့ရာတွင် အပြင်းအထန် ရေငတ်လျက်ရှိသည်။ ဒေါက်တာရေးက စကြံ့လမ်းဘက်သို့ အရောက်တွင် ပလိပ်ရောဂါ ဖြစ်နိုင်သည်ဟု သူ့အမေအား ပြောလိုက်၏။

အမေက အံ့အားသင့်ကာ "အို၊ မဖြစ်နိုင်တာဘဲ သားရယ်။ ဒီအချိန်ကျမှ" ဟု လွှတ်ခနဲ ဆိုလိုက်ပြီး၊ တခဏကြာမှ "သူ့ကို ဒီမှာပဲ ထားကြစို့သားရယ်" ဟု ဆက်ပြောလိုက်လေသည်။

ဒေါက်တာရေးက စဉ်းစားချိန်ဆနေပြီးမှ "အတိအကျ ပြောရရင် ကျွန်တော်မှာ အဲသလိုလုပ်နိုင်ခွင့် မရှိဘူးအမေ" ဟု ဒွိဟမကင်းသည့် လေသဖြင့် ဆိုလိုက်ကာ "ဒါပေမယ့်လည်း မကြာခင် မြို့တံခါးတွေလည်း ဖွင့်တော့မှာပဲ အမေ ပြန်သွားတောင် ကျွန်တော်လည်း ဆက်စောင့်ရှောက်နိုင်လိမ့်မယ် ထင်ပါတယ်" ဟု ဆက်ပြောလိုက်သည်။

"သားရယ် သူ့ကို ဒီမှာပဲ နေပါစေ။ အမေလည်း ဒီမှာပဲ နေပါရစေ။ အမေလည်း နောက်ထပ် ကာကွယ်ဆေး ထိုးထားပြီးခါစပဲ ရှိသေးတာပဲ မဟုတ်လား"

ဒေါက်တာရေးက တာရိလည်း ကာကွယ်ဆေးများကို မှန်မှန်ထိုးလာခဲ့သည်။ သို့သော် သူ့မှာ ပင်ပန်းနွမ်းလွန်းနေရာမှ နောက်ဆုံးဆေးတစ်ကြိမ်ထိုးရန် အမှတ်မဲ့ မေ့ခဲ့သလား။ သို့တည်းမဟုတ် လိုအပ်သော ကြိုတင်ကာကွယ်မှုများ မပြုမိဘဲ နေခဲ့သလား။ တစ်ခုခုတော့ ဖြစ်နိုင်သည်ဟု ပြောပြသည်။

ဒေါက်တာရေးက ဤသို့ပြောရင်း ဆေးခန်းသို့ ထွက်သွားသည်။ အိပ်ခန်းသို့ သူ ပြန်ဝင်လာသောအခါတွင် သူနှင့် ပလိပ်ရောဂါ ကာကွယ်ဆေးရည် ပုလင်းကြီးများ ပါလာသည်ကို တာရိက သတိပြုလိုက်မိသည်။

သူက "အင်း၊ ဒါဖြင့် ဟုတ်ပြီပေါ့" ဟု ဆိုလိုက်သည်။

"ဟုတ်ပြီလို့တော့ မဆိုနိုင်ပါဘူးလေ။ ဒါပေမယ့် စိတ်ချရအောင်တော့ လုပ်ထားရမယ်ပေါ့"

တာရိုက ဘာမျှ ပြန်မပြောတော့ဘဲ သူ၏လက်မောင်းကို ထုတ်၍ ဆန့်တန်းပေးကာ သူကိုယ်တိုင် အခြားလူများအား မကြာခဏ ထိုးပေးဖူးသော အကြာကြီး ထိုးသွင်းနေရသည့် ဆေးရည်ကို အထိုးခံလေသည်။

ဒေါက်တာရေးက တာရို၏မျက်နှာကို ကြည့်ရင်း "ညနေကျရင် ပိုသိသာမှာပါ" ဟု ပြောလိုက်၏။

"ဒါပေမယ့် ကျွန်တော့်ကို ခွဲထားဖို့ကော" ဟု တာရိုကမေးသည်။

"ခင်ဗျား ပလိပ်ရောဂါ ဖြစ်တယ်လို့ လုံးဝ သေချာသေးတာမှ မဟုတ်တာဘဲ"

တာရိုက အားယူ၍ ပြုံးလိုက်သည်။

"အေးဗျာ။ လူနာကို ခွဲခြားထားတဲ့ ဆေးရုံက အဆောင်ထဲပို့ဖို့ အမိန့်မပေးဘဲ ပလိပ်ဆေးထိုးပေးတာ ခင်ဗျားကို ကျွန်တော် သိသလောက်တော့ ဒါ ပထမဆုံးအကြိမ်ပဲ"

ဒေါက်တာရေးက အဝေးသို့ ငေးနေလေသည်။

"ခင်ဗျား ဒီမှာနေတာပဲ ကောင်းမယ်။ ကျွန်တော်နဲ့ ကျွန်တော့်အမေက ခင်ဗျာ့ကို စောင့်ရှောက်မယ်"

တာရိုက ဘာမျှမပြောချေ။ ဆရာဝန်လည်း ဆေးပုလင်းများကို သေတ္တာထဲသို့ ပြန်သိမ်းရင်းက လှည့်မကြည့်ဘဲ တာရို့ထံမှစကားကို စောင့်နေလေသည်။ သို့ရာတွင် တာရိုက ဘာမျှမပြောသေး။ နောက်ဆုံးတွင် ဒေါက်တာရေးသည် အိပ်ရာဆီသို့ သွားလိုက်၏။ လူမမာသည် သူ့အား စူးစိုက်ကြည့်နေသည်။ သူ၏ မျက်နှာမှာ အိုလျှက်ရှိသော်လည်း သူ၏မျက်လုံးများမှာ တည်ငြိမ်လှပေသည်။ ရေးက သူ့အား ငုံ့ကြည့်ရင်း ပြုံးပြလိုက်၏။

"ကဲ အိပ်ပျော်အောင် အိပ်။ ကျွန်တော် အခုပဲ ပြန်ခဲ့မယ်"

သူ အပြင်သို့ထွက်သွားစဉ် တာရိုခေါ်သံကြား၍ ပြန်လှည့်ဝင်ခဲ့သည်။ တာရို၏ အမူအရာမှာ ဆန်းနေသည်။ သူ ပြောရန်ရှိသည့် စကားကို မပြောဖြစ်ရန် ထိန်းသိမ်းနေသည့် တစ်ချိန်တည်းမှာပင်၊ ပြောဖြစ်ရန်လည်း အားထုတ်လျှက်ရှိဟန် တူသည်။

နောက်ဆုံးတွင် သူက "ဆရာ။ ကျွန်တော့်ကို အမှန်အတိုင်းပဲ ပြောရမယ်နော်။ ဒါကို ကျွန်တော် စိတ်ချပြီးနေမယ်" ဟု ပြောလိုက်၏။

"ကျွန်တော် ပြောပါ့မယ်"

တာရို၏ မှုန်နေသော မျက်နှာပေါ်တွင် ပြုံးရိပ်တစ်ချက် သမ်းသွားကာ သက်သာရာရသွားသည့် အသွင် ပေါ်လာသည်။

"ကျေးဇူးပဲဆရာ။ ကျွန်တော် မသေချင်ပါဘူး။ ကျွန်တော် တိုက်ပါ့မယ်။ ဒါပေမယ့် မနိုင်ဘူးဆိုရင်တော့ ကောင်းသောပြီးဆုံးခြင်းမျိုး ဖြစ်ချင်တယ်"

ဒေါက်တာရေးက ရှေ့သို့ကုန်းကာ တာရို၏ပခုံးကို ဖျစ်လျက်...

"ဘယ်ဖြစ်မလဲ။ သူတော်စင်ဖြစ်ဖို့ဆိုရင် ခင်ဗျား အသက်ရှင်နေဖို့ လိုတာပေါ့ဗျ။ ဒီတော့ ခင်ဗျားတိုက်ပေတော့" ဟု ပြောလိုက်လေသည်။

ထိုနေ့တစ်နေ့လုံး ရာသီဥတုသည် အလွန်အေး၍ နေရာမှ အနည်းငယ် အအေးပေါ့လာကာ ရုတ်တရက် မိုးသီးမုန်တိုင်း တိုက်ခတ်လိုက်၊ မိုးရွာချလိုက်နှင့် အဆက်မပြတ် ဖြစ်နေ၏။ နေဝင်ချိန်လောက်တွင် ကောင်းကင် အနည်းငယ် ကြည်လင်သွားကာ အအေးဓာတ် ပြင်းထန်၍ လာပြန်လေသည်။ ညနေဘက်တွင် ဒေါက်တာရေး အိမ်သို့ တစ်ခေါက်ပြန်လာ၏။ သူသည် အပေါ်အင်္ကျီကို မချွတ်ဘဲ တာရို၏ အိပ်ခန်းထဲသို့ ဝင်ခဲ့၏။ တာရိုသည် နေရာက ရွေ့ဟန်မတူ။ သို့ရာတွင် အဖျားရှိန်ဖြင့် ဖြူရော်လျက်ရှိသော သူ၏နှုတ်ခမ်းများကို တင်းနေအောင် စေ့ထားသည်ကိုကြည့်လျှင် သူသည် ဝေဒနာကို မည်မျှအားစိုက်၍ ခံနေကြောင်း သိနိုင်လေသည်။

ဒေါက်တာရေးက "ဘယ်နှယ့်နေလဲ" ဟု မေးလိုက်၏။

သူက "အေးဗျာ။ ကျွန်တော် ရှုံးနေပြီ"

ဆရာဝန်က သူ့အပေါ်သို့ ငုံ့ကြည့်လိုက်သည်။ ခြစ်ခြစ်တောက် ပူနေသော သူ၏အရေပြားအောက်၌ အကျိတ်အဖုများ ဖြစ်လျက်ရှိ၏။ သူ၏ ရင်အုံထဲကလည်း ဖားဖိုကြီး တဝုန်းဝုန်း မြည်နေ၏။ ထူးဆန်းသည်မှာ တာရိုတွင် ပလိပ်ရောဂါနှစ်မျိုးစလုံး၏ လက္ခဏာများ တွေ့ရခြင်းပင်တည်း။

ဒေါက်တာရေးက ကိုယ်ကို မတ်လိုက်ပြီး ဆေးအစွမ်းပြရန် အချိန်လိုသေးသည် ဟု ဆိုသည်။ တာရို ပြောရန်အားထုတ်နေသည့် စကားလုံးအနည်းငယ်မှာ အဖျားရှိန် တက်လာသည်တွင် လည်ချောင်းထဲ၌ ကွယ်ပျောက်သွားသည်။

ညနေစာ စားပြီးကြသောအခါ ဒေါက်တာရေးနှင့် သူ့အမေတို့သည် လူမမာ၏ အိပ်ရာဘေးသို့ ရောက်လာကြသည်။ ထိုညသည် တိုက်ပွဲဖြင့် စခဲ့လေသည်။ ဤသို့ ပလိပ်ကပ်တမန်တော်နှင့် အကျိတ်အနယ် နပန်းလုံးရသည့် တိုက်ပွဲသည် အရုဏ်တက်ချိန်အထိ ကြာမည်ကို ဒေါက်တာရေး သိသည်။ ဤတိုက်ပွဲတွင် တာရို၏ ကြံ့ခိုင်သော ပခုံးအိုးကြီးများနှင့် ရင်အုပ်ကြီးတို့သည် သူ့အဖို့ အဖိုးတန်ရည်အသေွးများ မဟုတ်ကြချေ။ တကယ် အရာရောက်သည်မှာကား၊ ဒေါက်တာရေး၏ အပ်ချက်ဖြင့် စို့ထွက်လာသော သွေး။ ထိုသွေးထဲ၌ရှိသော လူတို့ အသက်ရှင်နေရေးတွင် ဝိဉာဉ်ထက်ပင် အရေးပါလျက် လူသားတို့၏ ကျွမ်းကျင်မှုဖြင့် ဖော်ထုတ်ပြသခြင်းငှာ မတတ်ကောင်းသော အရာသာ ဖြစ်လေသည်။ ဆရာဝန်၏ အလုပ်တာဝန်မှာ သူ့မိတ်ဆွေ ရောဂါနှင့် ရုန်းကန်တိုက်ခိုက်နေသည်ကို စောင့်ကြည့်နေဖို့သာ ဖြစ်သည်။ ယခု သူလုပ်ရန်ရှိသော ဆေးထိုးခြင်း၊ အကျိတ်အဖုများကို ကွဲအောင်ပြု၍ ခွဲထုတ်ခြင်း စသည့် ကုသနည်းများမှာ လပေါင်းများစွာအတွင်း အထပ်ထပ်အခါခါ ရှုံးဖူးသည့် အတွေ့အကြုံများအရ တကယ်က မည်သို့ရှိသည်ကို ကောင်းစွာ သဘောပေါက်နေပြီ ဖြစ်၏။ သူ တကယ်လုပ်နိုင်သည်မှာမူ အခါအခွင့်သင့်လျှင် သက်သာရာ ရနိုင်အောင် အခြေအနေကို လုပ်ပေးထားဖို့သာ ဖြစ်သည်။ အခါအခွင့်ဆိုသည်မှာ လူက လှုံ့ဆော်မပေးလျှင် ထကြွလှုပ်ရှားလေ့ မရှိ။ ကံဆိုသည်မှာလည်း သူ လျစ်လျူရှု မထားနိုင်သည့် မဟာမိတ် ဖြစ်သည်။ ဒေါက်တာရေး ဇဝေဇဝါဖြစ်ရသော ပလိပ်ကပ်၏ ပရိယာယ်တစ်မျိုးနှင့် ရင်ဆိုင်နေရသည်။ ပလိပ်ကပ်ကလည်း သူ့အား တိုက်ခိုက်ရာတွင် သုံးသည့် နည်းပရိယာယ်အားလုံးကို အရောရော အထွေးထွေး အများများအယွင်းယွင်း ဖြစ်အောင် အစွမ်းကုန် ကြိုးစားလျက် ရှိပြန်သည်။ ယင်းသည် မထင်သော နေရာများတွင် တိုက်စစ်ဆင်၍ အသေအချာ မိလောက်ပြီဟု ထင်ရသောနေရာများမှ ဆုတ်ခွာလျက်ရှိလေသည်။ မည်သူမျှ ဘာမျှ မပြောတတ်နိုင်အောင် ရှိတော့သည်။

တာရိုသည် မလှုပ်မယှက်ပင် ရောဂါကို တိုက်ခိုက်လျက် ရှိလေသည်။ ရန်သူ၏ ထိုးနှက်ချက်များကို တစ်ညလုံး တစ်ချက်မျှ လူးလွန့်ရုန်းကန်ခြင်း မပြုဘဲ ခံသည်။ သူသည် သူ၏ လေးလံငြိမ်သက်သော သူ၏ ခန္ဓာကိုယ်ကြီးဖြင့်သာ တိတ်ဆိတ်စွာ တိုက်ပွဲဝင်လျက် ရှိ၏။ သူလုပ်နေကျအတိုင်း သူ့မှာ အာရုံတစ်ပါးသို့ စိတ်ရောက်၍ အသွားမခံနိုင်ကြောင်း သိစေရန် စကားပြောဖို့ကိုပင် အားမထုတ်ဘဲနေသည်။ တိုက်ပွဲ၏ ရေစီးရေသာ အခြေအနေကိုကား မှိတ်ထားလိုက်၊ ဖွင့်ကြည့်လိုက်နှင့် ရှိသော သူ့မျက်လုံးများတွင် လည်းကောင်း၊ မျက်လုံးများတွင် ကပ်နေလိုက်၊ ပွင့်ကားသွားလိုက်ရှိသော မျက်ခွံများတွင် လည်းကောင်း၊ အခန်းတွင်းရှိ အရာဝတ္ထု တစ်ခုခုဆီသို့ ငေးစိုက်နေရာမှ ဆရာဝန်နှင့် သူ့အမေဆီသို့ ပြန်ရောက်လာတတ်သော သူ့အကြည့်တွင် လည်းကောင်း၊ မျက်ခြည်မပြတ် ကြည့်နေခြင်းအားဖြင့် ဒေါက်တာရေး သိရလေသည်။ ဆရာဝန်နှင့် အကြည့်ချင်း

ဆုံမိသောအခါတိုင်း တာရိက ခက်ခက်ခဲခဲ အားထုတ်၍ ပြုံးပြသည်။

တစ်ချိန်တွင် လမ်းထဲမှ ရေကြီးသုတ်ပြာ ပြေးလာကြသော ခြေသံများကို ကြားလိုက်ရသည်။ အဝေးမှ တဖြုန်းဖြုန်း လာနေသောမိုးကို လွတ်အောင်ပြေးကြသည့် အသံဖြစ်ပြီး၊ မကြာမီ လမ်းထဲတွင် သဲသဲမဲမဲ ရွာချလိုက်သည့် မိုးသံဖြင့် ဆူညံသွားလေတော့သည်။ မိုးသက်မုန်တိုင်းသည် မြို့ကိုဖြတ်၍ နောက်တစ်ချက် အသုတ်လိုက်တွင် မိုးသီးများပါလာပြီး သံမံတလင်းများပေါ်သို့ တခွပ်ခွပ်ကျသည့် အသံကိုလည်း ကြားရသည်။ ပြတင်းနေကာအဝတ်များ လေပြင်းခတ်သဖြင့် တဖျတ်ဖျတ်မြည်ကာ ပရမ်းပတာ လှုပ်လျက်ရှိ၏။ ဒေါက်တာရေးလည်း မိုးသက်မုန်တိုင်း၏ အသံဗလံများကြောင့် တခဏမျှ အာရုံပြောင်းသွားရာမှ အိပ်ရာဘေး မီးတိုင်ကလေး၏ အလင်းရောင် ထိုးကျလျက်ရှိရာ တာရိ၏ မျက်နှာဆီသို့ မှောင်ရိပ်ကိုဖြတ်၍ လှမ်းကြည့်လိုက်ပြန်သည်။ အမေသည် သိုးမွေးထိုးလျက်ရှိရာမှ မကြာမကြာ လူမမာကို လှမ်းကြည့်လျက် ရှိသည်။ ဆရာဝန်သည် သူ လုပ်၍ရနိုင်သမျှ အားလုံးကို လုပ်ဆောင်ပြီးပြီ။ မိုးသက်မုန်တိုင်း စဲသွားသောအခါ အခန်းထဲ၌ တိတ်ဆိတ်ခြင်းက ပိုမိုသိပ်သည်းလာကာ မမြင်ရသော စစ်တလင်းမှ အသံမကြားရသော တိုက်ပွဲကြီးသာလျှင် စိုးမိုးလျက် ရှိလေတော့၏။ အိပ်ရေးကလည်း ပျက်ထား၍ အကြောအခြင်များ တောင့်နေသည်ဖြစ်ရာ ဤပလိပ်ကပ်ကြီး စဖြစ်ကတည်းကပင် မထင်မရှား ကြား၍ နေခဲ့ရသော ထိတ်လန့်ဖွယ်ရာ ရှီးရှီးရှဲရှဲ အသံမျိုးကို ယခုလည်း တိတ်ဆိတ်ခြင်း၏ အစွန်ဆီမှ ကြားနေရသည်ဟု စိတ်က ထင်လေသည်။ သူက သူ့အမေအား သွားအိပ်ရန် အမူအရာဖြင့် ပြလိုက်၏။ အမေက ခေါင်းကိုယမ်း၍ ပြလိုက်ပြီး သူ့မျက်လုံးများသည် ပိုမိုတောက်ပလာသည်။ ထို့နောက် ဇာထိုးရာတွင် အပ်တစ်ချက် မသေချာသည်ကို ငုံ့ကြည့်လိုက်သလို အပ်ထိပ်များကို ကြည့်နေ၏။ ဒေါက်တာရေး ထိုင်မှထ၍ လူမမာအား ရေတစ်ခွက်ယူတိုက်ပြီး ပြန်ထိုင်သည်။

သမံတလင်းပေါ်တွင် ပြေးသည့်ခြေသံများ ပေါ်လာပြန်ပြီး နီးလာကာ တဖြည်းဖြည်း ဝေး၍ သွားပြန်သည်။ မိုးကလေး တစ်ချက်အစဲလိုက်တွင် လူ၍ အိမ်အရောက် ပြေးကြခြင်း ဖြစ်၏။ လူနာတင်ကားသံလည်း မကြားရ။ အိမ်ပြန်မိုးချုပ်သူများလည်း ရှိနေသော ဤညသည် ပလိပ်ကပ်မရှိသော ယခင်က အခြေအနေမျိုးအတိုင်းပင် ဖြစ်သည်ကို ဒေါက်တာရေး ပထမဆုံးအကြိမ် သတိပြုမိသည်။ ကပ်ရောဂါသည် အအေးဓာတ်က လည်းကောင်း၊ လမ်းမီးများက လည်းကောင်း၊ လူအုပ်ကြီးက လည်းကောင်း လိုက်ခြောက်ထုတ်လိုက်သဖြင့် မြို့လယ်နေရာများမှ ပြေးထွက်လာခဲ့ပြီး နွေးနွေးထွေးထွေး ရှိလှသော ဤအခန်းကလေးတွင် ဝင်၍ခိုကာ တာရိ၏ မလှုပ်ရှားနိုင်သည့် ခန္ဓာကိုယ်ထဲတွင် နောက်ဆုံးထိုးစစ်တစ်ပွဲ ဆင်နေသကဲ့သို့ ရှိလေသည်။ ယခင်ကကဲ့သို့ ကောက်သီးခြွေတုတ်ကြီးဖြင့် အိမ် ခေါင်မိုးများ အပေါ်က လေထဲတွင် တရွှီးရွှီး

ယမ်းမနေတော့သော်လည်း ဤလူမမာခန်းမှ ငြိမ်သက်သော လေထုထဲတွင် မထင်မရှား တရှီးရှီး အသံပြုလျက်ကား ရှိသေးသည်။ ရှည်လျားသော လူမမာစောင့်ချိန် အစဆီမှစ၍ ဒေါက်တာရေး ကြားနေခဲ့သည်မှာလည်း ဤအသံပင်ဖြစ်သည်။ ဤထူးဆန်းသော အသံသည် ဤအခန်းမှလည်း ပျောက်ကွယ်သွားကာ ပလိပ်ရောဂါကလည်း ဤနေရာမှာပင် အညံ့ခံ အရှုံးပေးသွားသည်အထိ သူ စောင့်ကြည့်နေဖို့သာ ရှိတော့သည်။

အရုဏ်မတက်မီကလေးတွင် ဒေါက်တာရေးက သူ့အမေဘက်သို့ ကိုယ်ကိုငဲ့၍ လေသံဖြင့် "အမေ နည်းနည်း သွားနားလိုက်ပါလား။ ကျွန်တော့်ကို ရှစ်နာရီမှာ လာလဲရမယ်။ မအိပ်ခင် ဆေးသောက်ဖို့လည်း မမေ့နဲ့နော်" ဟု ပြောလိုက်သည်။

အမေသည် သူ၏ ထိုးလက်စသိုးမွှေးများကို ခေါက်သိမ်းကာ အိပ်ရာဘေးသို့ လာခဲ့သည်။ တာရို မျက်လုံးများကို မှိတ်ထားသည်မှာ အတော်ကြာပြီ။ သူ၏ တင်းမာနေသော နဖူးပြင်တွင် ဆံပင်များသည် ချွေးစေးများဖြင့် ကပ်လျက်ရှိသည်။ အမေက သက်ပြင်းချလိုက်သည်တွင် တာရိုက သူ့မျက်လုံးများကို ဖွင့်ကြည့်လိုက် ၏။ သူ့အပေါ်သို့ ငုံ့ကြည့်နေသော သိမ်မွေ့သည့်မျက်နှာကို မြင်ရသောအခါ တာရိုသည် အဖျားရှိန် တက်လျက်ရှိသည့် အကြားမှ အားယူ၍ ပြုံးပြလိုက်သည်။ သို့သော် ချက်ချင်းပင် မျက်လုံးများ ပြန်မှိတ်သွားသည်။ သူတစ်ယောက်တည်း ကျန်ခဲ့သောအခါ ဒေါက်တာရေးသည် သူ့အမေထိုင်သွားသည့် ကုလားထိုင်သို့ ရွှေ့ထိုင်လိုက်၏။ လမ်းပေါ်တွင်လည်း တိတ်ဆိတ်လျက်။ အိပ်မောကျနေသော မြို့ဆီမှလည်း ဘာမသံမှ မကြားရ။ နံနက်ခင်း၏ အအေးဓာတ်သည် ပိုမို၍ သိသာလာခဲ့လေသည်။

ဆရာဝန်သည် ငိုက်မျဉ်းရာမှ မှေးခနဲပျော်သွားသည်။ သို့သော် မကြာခင်ပင် လမ်းပေါ်မှ စောစောစီးစီး လှည်းမောင်းသွားသည့် အသံကြောင့် သူ နိုးလာသည်။ အနည်းငယ် ချမ်းတုန်လျက်က သူ တာရိုအား လှမ်းကြည့်လိုက်သောအခါ ငြိမ်သက်နေသည်ကို တွေ့ရ၏။ သူလည်း အိပ်ပျော်နေခဲ့သည်။ သံဖနောင့်တပ် လှည့်ဘီးလိမ့်သံသည် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားသည်။ ပြတင်းမှန်များပေါ် တွင် အမှောင်ထုက ဖိလျက်ပင် ရှိသေးသည်။ အိပ်ရာဘေးသို့ ဆရာဝန် ရောက်သောအခါ တာရိုသည် အိပ်တစ်ဝက် နိုးတစ်ဝက် ရှိနေသေးသူပမာ ဘာအမူအရာမှ မပြသော မျက်လုံးများဖြင့် မော့်ကြည့်လိုက်သည်။

ဒေါက်တာရေးက "ခင်ဗျား အိပ်ရတယ်မဟုတ်လား" ဟု မေးလိုက်၏။

"ဟုတ်တယ်"

"အသက်ရှူကော ချောင်ရဲ့လား"

"နည်းနည်းပဲ။ ဒါက အကြောင်းထူးလို့လား"

ဒေါက်တာရေးသည် အတန်ကြာအောင် ငြိမ်သက်တိတ်ဆိတ် နေပြီးမှ "မထူးပါဘူး တာရို။ အကြောင်းထူးလို့ မဟုတ်ပါဘူး။ မနက်ခင်းဆိုရင် အဖျားကျတတ်တယ် ဆိုတာ ကျုပ်သိသလို ခင်ဗျားလည်း သိတာပဲ" ဟု ပြောလိုက်၏။

တာရိုက ခေါင်းညိတ်ပြလိုက်ပြီး "ကျေးဇူးပဲ ဆရာရယ်။ ဘယ်တော့မဆို ကျွန်တော့်ကို အမှန်အတိုင်းသာ ပြောပါနော်" ဟု ဆိုလိုက်သည်။

ဒေါက်တာရေးသည် အိပ်ရာနံဘေးစွန်တွင် ထိုင်လျက်ရှိလေသည်။ သူ၏ ဘေးတွင် လူမမာ၏ ခြေထောက်များကို သချိုင်းဂူပေါ်မှ ကျောက်ရုပ်၏ ခြေလက်အင်္ဂါများပမာ တောင့်တင်းမာကျောစွာ တွေ့နေရ၏။ တာရိုသည် ပိုမိုခက်ခဲစွာ အသက်ရှူလျက် ရှိလေသည်။

"အဖျား ပြန်တက်လာဦးမှာပဲ မဟုတ်လားဆရာ" ဟု သူက မေးလိုက်၏။

"ဟုတ်တယ်။ ဒါပေမယ့် မွန်းတည့်ချိန်မှာ ကျုပ်တို့ ဘယ်အခြေအနေမှာ ရှိသလဲ သိရမှာပေါ့"

တာရိုသည် သူ့မျက်လုံးများကို မှိတ်ထားလိုက်သည်။ သူသည် ရှိသမျှ အားအင်ကလေးများကို စုစည်းနေဟန် တူသည်။ သူ၏မျက်နှာပေါ်တွင် အလွန် ငြီးငွေ့လျက်ရှိသော အမူအရာများ ပေါ်လျက်ရှိ၏။ သူသည် ယခုအခါ သူ၏ခန္ဓာတွင်း တစ်နေရာတွင် လူပ်ရှားလျက် ရှိနေပြီဖြစ်သော အဖျားသွေး ပြန်တက်လာမည်ကို စောင့်ဆိုင်းလျက် ရှိသည်။ သူ၏မျက်လုံးများကို ပြန်ဖွင့်လိုက်သောအခါ သူ့အကြည့်မှာ ရီဝေနေသည်။ ဒေါက်တာရေးက ဖန်ခွက်တစ်ခုကို ကိုင်ကာ သူ့အပေါ်သို့ ငုံ့လာသည်ကို မြင်မှ အရောင်လက်၍ လာသည်။

"သောက်လိုက်"

တာရိုက ခေါင်းထောင်၍ သောက်လိုက်ပြီး၊ ခေါင်းကို ခေါင်းအုံးပေါ်သို့ ဖြည်းညှင်းစွာ ပြန်ချလိုက်သည်။

သူက "ကြာလိုက်တာဗျာ" ဟု တိုးတိုးညည်းသည်။

ဒေါက်တာရေးက သူ၏လက်မောင်းကို ဆုပ်လိုက်သည်။ သို့သော် ဦးခေါင်းကို တစ်ဘက်သို့ စောင်းထားသော တာရိုကမူ မည်သို့မျှ မတုံ့ပြန်ချေ။ ထို့နောက် အတွင်းတစ်နေရာ၌ ပိတ်ဆို့နေသော ဒိုက်သရောများ ဝေါခနဲ ပွင့်သွားသည့်အလား ရုတ်တရက် အဖျားရှိန်တက်လာကာ နဖူးနှင့် ပါးပြင်တို့တွင် ရဲတက်လာသည်။ တာရို၏မျက်လုံးများ ဆရာဝန့်ဘက်သို့ ပြန်လှည့်လာသည်တွင် ဆရာဝန်က

သူ့အပေါ်သို့ငုံ့ကာ ချစ်ခင်မှုအပြည့်ပါသော အကြည့်ဖြင့် အားထုတ်ပေးသလို ကြည့်နေလိုက်၏။ တာရိက ပြုံးရန် အားထုတ်သော်လည်း သွားရည်များ ခြောက်သွေ့ကာ ကပ်ထားသလို တင်းနေအောင် အံ့ကြိတ်၍ စေ့ထားသော သူ၏ နှုတ်ခမ်းများပေါ်တွင် အပြုံးပန်းက မပွင့်သာအောင် ရှိသည်။ တင်းမာနေသော သူ၏ မျက်နှာပေါ်တွင်သာ သူ၏မျက်လုံးများက သတ္တိဖြင့် ပြောင်လက်လျက် ရှိကြပေသည်။

ခုနစ်နာရီတွင် အိပ်ခန်းအတွင်းသို့ အမေပြန်ရောက်လာသည်။ ဒေါက်တာရေးလည်း သူ့နေရာ၌ လူစားထည့်ရန် စီစဉ်ဖို့အတွက် ဆေးရုံသို့ တယ်လီဖုန်းဆက်ရန် ဆေးခန်းဘက်သို့ ကူးသွားသည်။ သူ၏ဆေးခန်းကိုလည်း ပိတ်ထားရန် ဆုံးဖြတ်လိုက်ပြီး ဆေးခန်းထဲက ဆိုဖာရှည်ပေါ်တွင် အတန်ကြာအောင် လှဲအိပ်နေလိုက်သည်။ ငါးမိနစ်ခန့် ကြာသောအခါ သူသည် အိပ်ခန်းထဲသို့ ပြန်သွားသည်။ တာရိသည် သူ့အိပ်ရာဘေးတွင်ကပ်လျက် ပေါင်ပေါ်တွင် လက်ပိုက်၍တင်ကာ ထိုင်နေသော အမေ့ဘက်သို့ မျက်နှာမူထားသည်။ အခန်း၏ အလင်းရောင် မှိန်ပျပျထဲတွင် အမေ၏ သဏ္ဍာန်မှာ ပို၍ မှောင်သော အရိပ်တစ်ကွက်မျှသာ ထင်ရ၏။ တာရိက အမေ့အား စူးစိုက်ကြည့်နေ၍၊ အမေက နှုတ်ခမ်းတွင် လက်ညှိုးကပ်၍ ပြလိုက်ပြီး ထိုင်ရာမှထကာ အိပ်ရာဘေးကမီးကို ပိတ်ပေးလိုက်သည်။ ခန်းဆီးများ၏ အပြင်ဘက်မှ အလင်းရောင်များ ပိုလင်းလာကာ တခဏချင်းပင် လူမမာ၏မျက်နှာကို မြင်ရလာသည်။ သူ၏မျက်လုံးများမှာ အမေ့ထံသို့သာ စူးစိုက်လျက်ရှိသည်ကို တွေ့ရသည်။ အမေလည်း အိပ်ရာပေါ်သို့ ငုံ့ကာ အိပ်ရာဖုံးကို ဆွဲဖြန့်ကာ သပ်ပေးလိုက်ပြီး ကိုယ်ကိုဆန့်၍ ချွေးစေးများဖြင့် ထွေးနေသော လူမမာ၏ ဆံစများပေါ်တွင် တခဏမျှ လက်တင်ထားလိုက်သည်။ ထိုအခိုက်တွင် အလွန် ဝေးလံသော အရပ်မှ လာဟန်ရှိသော မပွင့်တပွင့် အသံသဲ့သဲ့ကလေးဖြင့် "ကျေးဇူးပဲ အမေ။ အားလုံး ကောင်းသွားပါပြီ" ဟု ပြောလိုက်သည်ကို အမေ ကြားလိုက်ရလေသည်။ အမေ ကုလားထိုင်ပေါ်သို့ ပြန်ရောက်ချိန်တွင် တာရိသည် သူ့မျက်လုံးများကို မှိတ်ထားပြီဖြစ်ပြီး သူ့ပါးစပ်က စေ့နေအောင် ပိတ်ထားသည့်တိုင်အောင် အသားအရေ ခန်းခြောက်နေသော သူ၏မျက်နှာပေါ်တွင်ကား ဖျော့တော့သော အပြုံးရိပ်က ရစ်ဝဲလျက်သာ ရှိလေသည်။

မွန်းတည့်ချိန်တွင် အဖျားရှိန်သည် အမြင့်ဆုံးသို့ ရောက်လေသည်။ အူလန်သည်းလန် ချောင်းဆိုးကာ လူမမာ၏ ခန္ဓာကိုယ်မှာ မချိမဆံ့ဖြစ်လျက် ထွေးလိုက်သောအခါ သွေးများပါလာသည်။ အကျိတ်များ အရောင်ရပ်သွားသော်လည်း အရိုးအဆစ်များတွင် သံတုံးသံခဲများ ထည့်ထားသည့်ပမာ ရှိနေလျက်ပင် ဖြစ်သည်။ အကျိတ်အဖုများကို ခွဲရန်မဖြစ်နိုင်တော့ဟု ဒေါက်တာရေးက ဆုံးဖြတ်သည်။ အဖျားရှိန်တက်ခြင်းနှင့် ပွက်ပွက်လန်အောင် ချောင်းဆိုးခြင်းတို့၏ စပ်ကြားကာလတွင် တာရိသည် မကြာခဏ သူ၏မိတ်ဆွေများကို ငေးစိုက်ကြည့်လျက်ပင် ရှိသည်။ သို့ရာတွင်

သူ၏မျက်လုံးများကို ဖွင့်ကြည့်သည့် အကြိမ်တို့သည် တဖြည်းဖြည်း နည်းသွားပြီး သူ၏နွမ်းကျေသော မျက်နှာပေါ်တွင် ကြည်လင်စွာမှတ်မိသော အသိလက္ခဏာများက တဖြည်းဖြည်း မှေးမှိန်လျက်ရှိသည်။ သူ၏ခန္ဓာကိုယ်အား သွက်သွက်ခါအောင် တိုက်ဖျက်လျက်ရှိသော မုန်တိုင်းတွင် ရပ်နားသက်သာခွင့်ကလေးများ တဖြည်းဖြည်း နည်း၍ ဝေး၍ သွားကာ လေပြင်းထန်ဆဲမှာပင် သူ၏ခန္ဓာကိုယ်မှာ ပွဲတက်မပါ မျှောချင်ရာ မျှောနေသော သင်္ဘောပျက်ကြီးပမာ ရှိနေလေတော့သည်။ ဒေါက်တာရေး၏ ရှေ့၌ မျက်နှာဖုံးစွပ်နှင့်သာ တူတော့သည့် တာရို၏ မလှုပ်မယှက် မျက်နှာပေါ်က အပြုံးရိပ်တို့သည် ထာဝစဉ် ပျောက်ကွယ်သွားပြီကို တွေ့ရလေသည်။ ဤလူသားတစ်ယောက် ဖြစ်သော သူ့မိတ်ဆွေ၏ သဏ္ဌာန်သည် ပလိပ်ကပ်က ထိုးနှက်ထားသည့် လှံချက်များဖြင့် ထွန့်ထွန့်လူးအောင် နာကျင်လျက်၊ လူသားတို့၏အစွမ်းဖြင့် မငြိမ်းသတ်နိုင်သော မီးတောက်များက ဝါးမြိုလောင်ကျွမ်းလျက်၊ ကောင်းကင်ဘုံမှ လေပြင်းမုန်တိုင်းက အပြင်းအထန် ထိုးနှက်သည်ကိုလည်း ခံရလျက်၊ သူ့မျက်စိအောက်မှာပင် ပလိပ်ကပ်ဆိုး ပင်လယ်ပြင်တွင် ဒယ်နစ်,နစ်သွားသည်ကို မြင်နေရပါလျက်၊ ဤသင်္ဘောပျက်ကြီးကို သူ မကယ်နိုင်။ သူ့လက်ထဲမှာ ဘာမှမရှိ၊ ဘာမှလည်း မတတ်နိုင်ဘဲ ကမ်းပေါ်မှ ရပ်ကြည့်နေရုံသာ ရှိလျက်၊ ကပ်ဆိုးကြီး ဆိုက်လာသည်ကို နောက်ထပ်တစ်ကြိမ် ကြုံပြန်လေတော့သည်။ ဤသို့လျှင် ဆုံးခန်းသို့ ရောက်ချိန်၌ ဒေါက်တာ ရေး၏ မျက်လုံးများတွင် ပြည့်လာသော မျက်ရည်တို့သည် ဘာမျှမစွမ်းဆောင်နိုင်သော မျက်ရည်များသာတည်း။ တာရို လူးလိမ့်ပြီး နံရံဘက်သို့ မျက်နှာမူကာ သူ၏ခန္ဓာကိုယ် အတွင်းတစ်နေရာဆီ၌ အသက်ဝိညာဉ်ကို ထိန်းသည့်ကြိုး ရုတ်တရက် ပြတ်သွားသည့်အလား တိုတောင်းစွာ တစ်ချက်ညည်းလိုက်ပြီး အသက်ထွက်သွားသည်ကို ဒေါက်တာရေး မမြင်လိုက်ချေ။

နောက်ညသည်ကား တိုက်ပွဲည မဟုတ်။ ဆိတ်ငြိမ်မှု၏ည ဖြစ်လေသည်။ တိတ်ဆိတ်ငြိမ်သက်သော အသုဘအခန်းတွင်းဝယ် ယခုအခါတွင် နေ့စဉ်ဝတ်သည့် အဝတ်အစားများဖြင့် ဖြစ်နေသည့် အလောင်း၏ဘေးတွင် ထိုင်ရင်းကပင် ဒေါက်တာရေးသည် သူတို့ လွန်ခဲ့သည့် ညပေါင်းများစွာဆီက တစ်ညတွင် ပလိပ်ကပ်သင့်သည့် နေရာထက်မြင့်သော တိုက်ခေါင်မိုးပြန့်ပေါ်တွင် ထိုင်လျက်ရှိကြစဉ် မြို့တံခါးဆီမှ တိုတောင်းသော တိုက်ပွဲသံများအပြီးတွင် တစ်ဆက်တည်း လွှမ်းမိုးလာသော လောကသဘာဝ တိတ်ဆိတ်ငြိမ်းချမ်းမှုမျိုးသည် ယခု ဤနေရာတွင်လည်း လွှမ်းမိုးလျက်ရှိသည် ထင်မိလေ၏။ ဤတွင် သူ့မျက်စိအောက်၌ သေသေသွားကြသူတို့၏ သေရာညောင်စောင်းထက်၌ လွှမ်းမိုးအုပ်ဆိုင်းလာသော တိတ်ဆိတ်ငြိမ်သက်မှုတို့ ကိုလည်း သူ သတိရ၍နေမိပြီ ဖြစ်လေသည်။ ထိုနေရာများတွင်လည်း ဤနေရာမှာကဲ့သို့ပင် လေးနက်သောတည်ငြိမ်မှု၊ တိုက်ပွဲအပြီးတွင် လွှမ်းမိုးလာတတ်သော ငြိမ်သက်မှုမျိုး၊ အညံ့ခံ အရှုံးပေးလိုက်ရသည့် တိတ်ဆိတ်ငြိမ်သက်မှုမျိုးပင်။ သို့ရာတွင်

ယခုသေသွားသော သူ၏မိတ်ဆွေအား လွှမ်းခြုံလိုက်သည့် တိတ်ဆိတ်ငြိမ်သက်မှုကား ညအချိန် လမ်းများ၏ ငြိမ်သက်မှုမျိုး၊ အန္တရာယ်မှ လွတ်မြောက်ခဲ့ပြီ ဖြစ်သော မြို့၏ ညအချိန် ငြိမ်သက်တိတ်ဆိတ်မှုမျိုးနှင့် အလားတူနေပေရာ ဒေါက်တာရေးမှာ ဤအရှုံးကား နောက်ဆုံးအရှုံး။ အပျက်အစီးများစွာဖြင့် ပြီးဆုံးသွားကာ စစ်ကြီးပါ ရပ်စဲလိုက်ရပြီး၊ သူ့အပြီးတွင် ရရှိသော ငြိမ်းချမ်းရေးကိုလည်း ကုစား၍ မရနိုင်တော့သော ရင်နင့်စွာပင် သတိရနေစေလေသည်။ တာရိုသည် ငြိမ်းချမ်းရေးကို တွေ့သွားသည်၊ မသွားသည်ကို ဒေါက်တာရေး မပြောနိုင်။ သို့ရာတွင် သူ့အတွက်မှာမူ သားသေသော မိခင်အဖို့ လည်းကောင်း၊ မိတ်ဆွေကောင်း တစ်ယောက်အား သင်္ဂြိုဟ်လိုက်ရသော သူအဖို့ လည်းကောင်း၊ ငြိမ်းချမ်းမှု မရနိုင်သကဲ့သို့ပင် ယခုမှနောက်ပိုင်းတွင် ငြိမ်းချမ်း မှု ဆိုသည်ကို မရနိုင်တော့ဟူ၍ ထင်မိလေသည်။

ကြည်လင်သော ဆောင်းညကောင်းကင်ဝယ် ငွေကြယ်ဖြူကလေးများ၏ အေးမြသော အရောင်တလက်လက်ဖြင့် အအေးဓာတ် ပိုကဲ၍ လာခဲ့လေသည်။ အအေးဓာတ်က ပြတင်းမှန်များသို့ လာ၍ဖိသည်ကို မီးမှိန်မှိန် ထွန်းထားသော အခန်းတွင်းက သိနေကြပြီး ဝင်ရိုးစွန်းမှ ငွေရောင်ည၏ သက်ပြင်းချသံရှည်ကို ကြားနေကြရ၏။ အမေသည် အိပ်ရာ၏ဘေးတွင် ခါတိုင်းထိုင်နေကျ အနေအထားအတိုင်း ထိုင်လျက်၊ အိပ်ယာဘေးက မီးရောင်သည် အမေ၏ လက်ယာဘက် တခြမ်းပေါ်သို့ ထိုးလျက်။ မီးရောင်မရောက်သည့် အခန်းလယ်တွင် ဒေါက်တာရေး ထိုင်၍စောင့်နေ၏။ မကြာခဏပင် သူ၏အတွေးမျှင်ထဲသို့ သူ့ဇနီးအကြောင်းက ဖြတ်၍ ဖြတ်၍ ဝင်လာသဖြင့် ဝင်လာတိုင်းလည်း သူက ဘေးသို့ ဖယ်ဖယ်ပစ်ရ၏။

မှောင်စပျိုးလာသောအခါ အေးစက်နေသော လေထုထဲတွင် လမ်းသွားလမ်းလာတို့၏ ခပ်သုတ်သုတ် ဖိနပ်ခွာသံများကို ကြားရသည်။

အမေက “အားလုံး စီမံပြီးပြီလား” ဟု မေးသည်။

ရေးက “ဟုတ်ကဲ့။ ကျွန်တော် တယ်လီဖုန်းဆက်ထားတယ်” ဟု ပြန်ဖြေသည်။

ထို့နောက် တိတ်ဆိတ်စွာ ဆက်၍ စောင့်ကြပြန်၏။ မကြာခဏဆိုသလိုပင် အမေသည် သူ့သားရှိရာသို့ လှမ်း၍လှမ်း၍ ကြည့်သည်။ သားက အမေကြည့်သည်ကို တွေ့သွားသောအခါ ပြုံးပြသည်။ အပြင်ဘက်က လမ်းများပေါ်တွင် ကြားနေကျ ညအသံဗလံများက တိတ်ဆိတ်ချိန်ရှည်ကြီးများကို ပေါင်းကူးပေးလျက် ရှိသည်။ တရားဝင် ခွင့်ပြုထားခြင်း မရှိသေးစေကာမူ လမ်းပေါ်တွင် ကားအတော်များများ ပြန်ပြေးလျက် ရှိပြီဖြစ်၏။ လမ်းပေါ်၌ ကားတာယာပွတ်၍ ပြေးသည့် ရှည်လျားသော တရှောရှော အသံများသည် နီးလာလိုက်၊ ဝေးသွားလိုက်နှင့် ရှိလေ၏။

အဝေးမှခေါ်သံများ ကြားလိုက်၊ တိတ်ဆိတ်သွားလိုက်၊ မြင်းခွာသံ တခွပ်ခွပ် ကြားလိုက်၊ လမ်းကွေ့တွင် ဓာတ်ရထားဘီးပွတ်သံ ကျွီခနဲ ကြားလိုက်၊ မသဲမကွဲ ဝိုးတဝါး ရေရွတ်သံများ ပေါ်လာလိုက်နှင့်ပင် ည၏ တိတ်ဆိတ်ခြင်းက တကျော့ပြန်၍ ရောက်လာတတ်လေသည်။

"သားရယ်"

"ဟုတ်ကဲ့။ အမေ"

"မပင်ပန်းလွန်းဘူးလားကွဲ့"

"မပင်ပန်းပါဘူး အမေ"

ထိုအခိုက်အတန့်က သူ့အမေ ဘာတွေ စဉ်းစားနေသည်ကို လည်းကောင်း၊ သူ့အမေက သူ့အား ချစ်သည်ဆိုသည်ကို လည်းကောင်းလည်း သူ သိသည်။ သို့ရာတွင် တစ်စုံတစ်ယောက်အား ချစ်ခြင်းသည် ပြောသလောက် အရာမရောက်လှ သည်ကိုလည်း သူ သိသည်။ တကယ်ချစ်ခြင်းသည် ချစ်သည်ဆိုသည့် စကားနှင့် လိုက်လျောညီအောင်အထိ ထက်သန်မှု ရှိသည်မဟုတ် ဟူ၍များ ဆိုရမည်လား။ ဤသို့လျှင် သူနှင့် သူ့အမေတို့သည် တစ်ယောက်ကိုတစ်ယောက် တိတ်ဆိတ်ငြိမ်သက်စွာပင် ချစ်ခင်၍ နေကြမည်ဖြစ်သည်။ တစ်ယောက်က ချစ်သည်ကို တစ်ယောက်က သိအောင်ပြသရာတွင် ယခုထက် ဘာမျှပို၍ ခရီးရောက်ခြင်းမရှိဘဲ တစ်သက်လုံး နေသွားကြပြီး တစ်နေ့နေ့တွင် သူ သို့မဟုတ် အမေသည် သေသွားမည်။ ဤနည်းအတိုင်းပင် တာရိုနှင့် သူ အတူယှဉ်တွဲ၍ နေခဲ့ကြပြီး တစ်ယောက်နှင့်တစ်ယောက် ဘဝချင်း ပြည့်ပြည့်ဝဝ နှီးနှောဖလှယ်မိရန် အချိန်မရလိုက်ဘဲ ညနေကပင် တာရို သေဆုံးသွားခဲ့ပြီ ဖြစ်၏။ တာရိုကတော့ သူပြောသလိုဆိုလျှင် ရှုံးသွားပြီ။ ကဲ ဤသို့ဖြစ်လျှင် ဒေါက်တာရေး ဆိုတဲ့သူမှာကော ဘာများ မြတ်ခဲ့ပါသလဲ။ ပလိပ်ကပ်ကို သိခဲ့ရသည့် အသိနှင့် ထိုအခြင်းအရာ၌မြဲသော သတိ၊ မိတ်ဆွေဖြစ်ခြင်း ဆိုသည်ကို သိခဲ့ရသည့် အသိနှင့် ထိုအခြင်းအရာ၌ မြဲသော သတိ၊ ချစ်ခြင်းဆိုသည်ကို သိလိုက်ရသည့် အသိနှင့် တစ်နေ့တွင် ထိုအခြင်းအရာ၌ မုချမြဲရဦးမည့် သတိ၊ ထိုမှတစ်ပါး ဘာမျှ အကျိုးအမြတ် မရှိခဲ့။ ထို့ကြောင့် ဘဝနှင့် ပလိပ်ကပ်တို့၏ တိုက်ပွဲမှ လူတစ်ယောက် ရနိုင်သမျှ အကျိုးအမြတ်မှာ အသိနှင့် သတိတို့သာ ဖြစ်သည်။ သို့သော် တာရိုကတော့ ထိုအခြင်းအရာကိုပင် အောင်နိုင်ခြင်းဟု ခေါ်လေမည်လား မသိ။

နောက်ကားတစ်စီး ဖြတ်သွားသည်။ အမေသည် အနည်းငယ် လှုပ်ရှားလိုက်၏။ ဒေါက်တာရေးက အမေ့ဘက်သို့ လှည့်၍ ပြုံးပြလိုက်သည်။ အမေက သူ့မှာ ပင်ပန်းမနေကြောင်း ပြောလိုက်ပြီး၊ ချက်ချင်းပင် "သားလည်း ဟိုအဝေးက တောင်ပေါ်သွားပြီး ရက်ရှည် ကောင်းကောင်းနားဖို့ လိုတယ်" ဟု

တစ်ဆက်တည်း ပြောလိုက်၏။

"ဟုတ်ကဲ့အမေ"

တကယ်ပင် သူသည် ဟို့အဝေးသို့သွားပြီး အနားယူမည်။ ယင်းမှာလည်း စိတ်ပြေလက်ပျောက် ဟူသော အကြောင်းပြချက်ဖြင့်ပင် ဖြစ်မည်။ သို့သော် အောင်နိုင်ခြင်းဆိုသည်မှာ ဤသို့သာဆိုလျှင် အသိနှင့် သတိတို့ဖြင့်သာ နေရပြီး၊ မျှော်လင့်ချက်ထားသည့် အရာများနှင့် အဆက်ဖြတ်ထားရမည် ဆိုလျှင် ဘဝသည် မည်မျှ ခက်ခဲချိမ့်မည်နည်း။ တာရိသည် ဤဘဝမျိုးတွင် နေသွားပြီး အမြင်မှောက်မှားခြင်း ကင်းသည့်ဘဝသည် ငြီးငွေ့ဘွယ်ရာ ခြောက်သွေ့လှသည်ကို သူ သိသွားသည် ဖြစ်ရာသည်။ မျှော်လင့်ချက်မရှိဘဲ ငြိမ်းချမ်းမှု မရှိနိုင်၊ မည်သူ တစ်ဦးတစ်ယောက်မျှ သေဒဏ်ပေးခြင်းကို မရှောင်လွှဲနိုင်။ တစ်ခါတစ်ရံ သေဒဏ်ခံရသူကလည်း သေဒဏ်စီရင်သူ ဖြစ်နေတတ်သည်ကို သူ ကောင်းစွာသိပါလျက် မည်သူက မည်သူ့အားမျှ သေဒဏ်ပေးပိုင်ခွင့် မရှိဟု ငြင်းဆိုလိုက်ရာတွင် သူသည် ဆန့်ကျင်ဘက်တို့ဖြင့် ရှုပ်ထွေးနက်နဲသော (ပဟေဠိဆန်သော) ဘဝမျိုးကိုသာ နေသွားသည်။ မျှော်လင့်ချက်၏ နှစ်သိမ့်မှုဆိုသည်ကို တစ်ခါမှ ရမသွားခဲ့။ သူ သူတော်စင်ဖြစ်အောင် ရည်မှန်းခဲ့ခြင်း၊ သူတစ်ပါးတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်၍ ငြိမ်းချမ်းမှုကို ရှာဖွေခဲ့ခြင်းတို့မှာ ထိုအကြောင်းကြောင့်ပင် ဖြစ်လေသလော။ တကယ်တော့ ဤမေးခွန်း၏ အဖြေကို ဒေါက်တာရေး မသိချေ။ သို့သော် ကိစ္စမရှိပါ။ သူ အမြဲမြင်နေမည့် တာရို၏ရုပ်အသွင်မှာ ကားမောင်းသောအခါ စတီယာရင်ဘီးကို မြဲမြံစွာဆုပ်ကိုင်၍ မောင်းတတ်သူ၏ ရုပ်အသွင်။ ထိုသို့မဟုတ်လျှင် ယခုအခါ မလှုပ်မယှက် လဲလျောင်းလျက်ရှိသော ကြံ့ခိုင်လှသည့် ခန္ဓာကိုယ်ကြီး၏ ရုပ်အသွင်တို့သာ ဖြစ်ပေလိမ့်မည်။ သိမှုဆိုသည်မှာ ဒါပဲဖြစ်သည်။ အသက်ရှင်မှု အနွေးဓာတ်နှင့် သေခြင်း၏ရုပ်အသွင်...။

နောက်တစ်ရက် နံနက်တွင် သူ့ဇနီးကွယ်လွန်ကြောင်း ကြေးနန်းစာရသောအခါ ဒေါက်တာရေး ဋ္ဌနွေပျက်ခြင်း မရှိတော့သည်မှာလည်း ဤအကြောင်းကြောင့်ပင် ဖြစ်သည်ကို သံသယဖြစ်ဖွယ် မရှိချေ။ သူသည် ဆေးခန်းထဲတွင် ရှိနေသည်။ အမေသည် မပြေးရုံတမည် ခတ်သုတ်သုတ်ကလေး ပြေးဝင်လာကာ သူ့အား ကြေးနန်းစာတစ်စောင် ပေးသည်။ ထို့နောက် ကြေးနန်းစာပို့သည့် သူငယ်အား မုန့်ဖိုးပေးရန် အဝင်စကြံ်ဘက်ဆီသို့ ပြန်ထွက်သွားသည်။ အမေပြန်ဝင်လာသောအခါ ဒေါက်တာရေးသည် ကြေးနန်းစာကို ဖြန့်လျက်ကိုင်ထားသည်။ အမေက သူ့အား လှမ်းကြည့်လိုက်သည်။ သို့သော် သူ၏မျက်လုံးများသည် ပြတင်းဆီသို့သာ တင်းမာစွာ စူးစိုက်လျက် ရှိသည်။ ဆိပ်ကမ်း၏ အထက်ဆီမှ တက်လာသော နေ၏အရောင်သည် မှန်ပြတင်းတွင်

ဝင်းဝင်းဝါဝါ ပက်ဖျန်းလျက်ရှိသည်။

အမေက "သား" ဟု ညင်သာစွာ ခေါ်လိုက်သည်။

ဒေါက်တာရေးက လှည့်လာကာ သူ့အမေသည် သူစိမ်းတစ်ယောက် ဖြစ်နေသလို ကြည့်နေလိုက်၏။

"ကြေးနန်းစာက..."

"ဟုတ်တယ် အမေ။ အဲ့ဒါပဲ။ လွန်ခဲ့တဲ့အပတ်က ဆုံးတယ်" ဟု သူ ပြောလိုက်သည်။

အမေသည် ပြတင်းဆီသို့ မျက်နှာလှည့်သွားသည်။ ဒေါက်တာရေးသည် ခေတ္တမျှ တိတ်ဆိတ်စွာ နေလိုက်၏။ ထို့နောက် သူ့အမေအား မငိုရန် ပြောလိုက်သည်။ ဒါကို သူမျှော်လင့်ထားပြီး ဖြစ်သည်။ သို့သော် ရောက်လာပြန်တော့လည်း ရင်နာရပြန်သည်သာ ဖြစ်သည်ဟုလည်း ပြောလိုက်သည်။ ဤသို့ ပြောလိုက်ရာတွင် သူ့အဖို့ ဤဝေဒနာမျိုးမှာ ဘာမျှမထူးဆန်းသည်ကို သူ သိသည်။ လွန်ခဲ့သည့် လပေါင်းများစွာနှင့် ပြီးခဲ့သည့် နှစ်ရက်တို့တွင် ခံစားလာခဲ့ရသည်မှာလည်း အတောမသတ်နိုင်သည့် ဤဝေဒနာမျိုးပင် ဖြစ်သည်။

* * *

။၄။

နောက်ဆုံး၌ ဖေဖော်ဝါရီလ၏ သာယာသော မိုးသောက်ချိန်တစ်ခုတွင် မြို့လူထုနှင့်တကွ သတင်းစာများ၊ ရေဒီယိုများနှင့် တရားဝင် ထုတ်ပြန်ကြေညာချက်များအပါ သောင်းသောင်းဖျဖျ ဩဘာပေးလျက် မြို့တံခါးများကို အခမ်းအနားများဖြင့် ဖွင့်လှစ်လိုက်လေသည်။ ဤအကြောင်းများကို ပြန်ပြောနေသူအဖို့ သူကိုယ်တိုင် အူလှိုက်အသဲလှိုက် ပါဝင်ဆင်နွှဲခြင်း မပြုနိုင်သူများတွင် တစ်ယောက် ဖြစ်ခဲ့သော်လည်း မြို့တံခါးများ ဖွင့်လှစ်လိုက်ခြင်းကို အကြောင်းပြု၍ ပြုလုပ်ကြသော ပျော်ပွဲရွှင်ပွဲများကိုမူ သူတတ်နိုင်သလောက် ပြန်ပြောပြရန်သာ ရှိတော့သည်။

နေ့ရောညပါ ပျော်ပွဲရွှင်ပွဲကြီးများကို တခမ်းတနား စည်းရုံးဆော်ဩ၍ ပြုလုပ်ကာ တစ်ချိန်တည်းမှာပင် မီးရထားဘူတာရှိ စက်ခေါင်းများမှ မီးခိုးတလူလူ ထွက်လျက်၊ သင်္ဘောများလည်း ကျွန်ုပ်တို့၏ ဆိပ်ကမ်းဆီသို့ ဦးတည်ကာ ခုတ်မောင်းလာနေကြပြီး၊ ဤနေ့သည် ကာလကြာမြင့်စွာက စောင့်မျှော်တမ်းတခဲ့ ကြရသော ပြန်လည်ဆုံတွေ့ရသည့်နေ့၊ ခွဲခွာနေကြရသူများ၊ မျက်ရည်စဲကျရသည့်နေ့ ဖြစ်ကြောင်း စာတမ်းများ ဆွဲလာကြသည်။

ဤနေရာတွင် ကျွန်ုပ်တို့ မြို့သူမြို့သားများစွာ၏ ရင်ထဲတွင် ကာလကြာမြင့်စွာ အနာရင်းသလိုရင်း၍ နေခဲ့သော၊ ချစ်ခင်သူနှင့် ကွေကွင်းရသည့် ဝေဒနာသည် မည်ကဲ့သို့သော အကျိုးအပြစ်မျိုးကို ဖြစ်စေကြောင်းကို အလွယ်တကူပင် ထင်မြင်၍ ကြည့်နိုင်ကြပေသည်။ တစ်နေ့တစ်နေ့အတွင်း ထွက်ခွာသွားသော ရထားတို့သည် ဝင်လာသော ရထားများကဲ့သို့ပင် လူပြည့်ကျပ်၍သာ နေလေသည်။ ခရီးသည်များသည် ရထားလက်မှတ်၊ ထိုင်ခုံလက်မှတ်များကို ကာလအတော်ကြာကပင် ကြိုတင်ဝယ်ယူ ထားကြပြီး၊ လွန်ခဲ့သည့် နှစ်ပတ်အတွင်း အာဏာပိုင်များက သူတို့၏ ကြေညာချက်များကို ပြန်လည်ရုတ်သိမ်းလိုက်လေမည်လား ဟု စိတ်တထင့်ထင့် ဖြစ်နေခဲ့ကြရသူများ ဖြစ်လေသည်။ ဝင်လာသူ ခရီးသည်အချို့မှာ ယခုအထိ ထိတ်လန့်ကြောက်ရွံ့လျက်ပင် ရှိနေကြသည်။ သူတို့နှင့် သွေးရင်းသားရင်းများ၏ ကံကြမ္မာကို သိကြရပြီး ဖြစ်သော်လည်း မြို့ပေါ်မှ အခြားလူများအကြောင်း ဘာမှ မသိကြရသေးသဖြင့် သူတို့၏စိတ်ထဲတွင် ကြောက်ခမန်းလိလိ သွေးလန့်ဖွယ် အခြေအနေရှိသည်ဟု ထင်မြင်လာကြသူများ ဖြစ်သည်။ ထိုကဲ့သို့သော လူများမှာ ပြည်နှင်ဒဏ်ခံနေရသည့် ကာလအတွင်းက ကျိတ်၍ စိတ်ဆင်းရဲ မနေကြရသူများ ဖြစ်ပြီး၊ ထိုလူမျိုးထဲတွင် ချစ်သူနှင့် ကွေကွင်းနေရကြရသူများ မပါဝင်ချေ။

ချစ်သူတို့မှာကား သူတို့၏စိတ်သည် တစ်ခုတည်းသော အာရုံ၌ နစ်မြုပ်၍ နေခဲ့ကြသည်ဖြစ်ရာ သူတို့အဖို့ တစ်ခုသာ ပြောင်းလဲခဲ့သည်။ ခွဲခွာနေကြရသည့် ကာလများအတွင်းက အချိန်သည် ဘယ်အခါတွင်မှ သူတို့စိတ်တိုင်းကျ ဖြစ်လောက်အောင် လျင်မြန်စွာ မကုန်ခဲ့။ သူတို့စိတ်ထဲက နာရီကို ဆွဲလှည့်ပစ်ချင် နေခဲ့ကြသည်။ ယခုသူတို့သည် မြို့ကို လှမ်းမြင်နေရပြီး မီးရထားက ဘရိတ်များဖမ်းကာ ဘူတာထဲသို့ ဝင်လာခဲ့ပြီဖြစ်ရာ ဤအချိန်ကာလကလေး၏ မိနစ်တိုင်း စက္ကန့်တိုင်းကို နှေးစေချင်နေကြ၏။ ဆိုင်းငံ့ထားချင် နေကြသည်။ လွန်ခဲ့သည့် နေ့များ၊ သတင်းပတ်များ၊ လများအတွင်းက သူတို့၏ချစ်သူနှင့် ကွေကွင်း၍နေခဲ့ရစဉ်က ရှုပ်ထွေးနေချင်နေမည် ဖြစ်သော်လည်း ပြင်းထန်မှုကတော့ လျော့မည်မဟုတ်ဘဲ၊ တစ်နေ့တွင် ယခု စိတ်ညစ်ရသည်နှင့်အမျှ အတိုးချ၍ ပျော်ရဦးမည် ဟူ၍ ဝိုးတဝါးမျှ ထင်မြင်နေခဲ့ကြသည်လည်း ရှိသည်။ ယခုကဲ့သို့သော ဝမ်းသာ ပျော်ရွှင်ရသော အချိန်နာရီသည် စိတ်ဆင်းရဲလျက် စောင့်ဆိုင်းခဲ့ရသည့် အချိန်၏ အရှိန်အဟုန် ထက်ဝက်နှုန်းလောက်မျှသာ သွားသင့်သည်ဟုလည်း ထင်ကြသည်။ ကြိုကြိုတင်တင် အကြောင်းထား၍ ချက်ချင်း အထုပ်အပိုးပြင်ကာ ပထမဆုံးရထားဖြင့် လိုက်လာမည့် ဇနီးအား ကြိုနေသူ ရမ်းဘားအပါအဝင် အိမ်မှ သို့မဟုတ် ဘူတာရုံစင်္ကြံပေါ်မှ စောင့်မျှော်နေကြသူများ မှာလည်း အလားတူစွာပင် အားမလိုအားမရဖြစ်ကာ ရင်တလှပ်လှပ် ခုန်လျက် စိတ်စောရင်း မျှော်ကြလျက် ရှိပေသည်။ ရမ်းဘားပင်လျှင် ယခင် ပလိပ်ကပ်သင့်ခံနေရသည့် ကာလများအတွင်းက စိတ်ကူးသက်သက်ဖြင့်သာ မပီမသ သိမ်မွေ့စွာ ချစ်ခင်စွဲလမ်းခဲ့သူအား မကြာမီ လူကိုယ်တိုင် တွေ့မြင်ရတော့မည်ကို တွေးမိသောအခါ ရင်မှာ တလှပ်လှပ် ခုန်ရပေသေးသည်။

နာရီများကို နောက်ပြန်လှည့်ရလျှင် ယခင်ကပ်ရောဂါကြီး ကျရောက်စအချိန်ဆီက သူချစ်သည့် မိန်းမထံသို့ ပြန်ပြေးချင်သည့် တစ်ခုတည်းသော အာရုံ၊ တစ်ခုတည်းသော ဆန္ဒသာ ရှိခဲ့သော သူတစ်ယောက်အဖြစ်သို့ ပြန်ရောက်ကြည့်ချင် ပါသေးသည်။ သို့သော် ထိုသို့ဖြစ်ဖို့ မရှိတော့သည်ကို သူသိသည်။ သူ၏ အကြီးအကျယ် ပြောင်းလဲခဲ့ပြီဖြစ်သည့် ပလိပ်ကပ်က သူ့အား သူမည်မျှပင် ကြိုးစားစေကာမူ မေ့ပျောက်သွား၍ မရနိုင်တော့အောင် သူ့စိတ်ထဲ၌ သဏ္ဍာန်ထင်ရှား မရှိသော စိုးရိမ်မှုများဖြင့် စွဲနေသည့် ဥပေက္ခာစိတ်မျိုးကို သွင်းပေးထားလိုက်ပြီ ဖြစ်၏။ သူကတော့ ပလိပ်ကပ်ကြီး ပြီးဆုံးသွားပုံ မြန်ဆန်လွန်းနေသဖြင့် သူ့မှာ အားသစ်ချိန်ပင် မရလိုက်ဟု တွေးချင်သလိုလို ဖြစ်မိသေးသည်။ ပျော်ရွှင်မှုက သူ့ကိုပြန်၍ အနိုင်ဖြတ်ပြေးလျက် ရှိသည်။ အဖြစ်အပျက်များက မျှော်လင့်ချက်များထက် မြန်မြန်ပြေးလျက် ရှိသည်။ ရမ်းဘားကတော့ အားလုံး နဂိုအခြေအတိုင်းကို သူတမဟုတ်ချင်း ပြန်ရပြီး၊ ပျော်ရွှင်မှုသည်လည်း ဆုတ်ဆိုင်းဖင့်နွှဲခြင်း မရှိ။ ထိရာ ကထ၍ တောက်လိမ့်မည်ဟု သူ နားလည်ထားလေသည်။

တကယ်ပင် သိမှု အနည်းနှင့်အများသာ ကွာမည်။ လူတိုင်းမှာ သူ့လိုပင်ဖြစ်သည်။ ကျွန်ုပ်တို့ ယခုပြောလိုသည်မှာ မီးရထားဘူတာ စကြံ့ပေါ်က လူအားလုံး အကြောင်းသာဖြစ်သည်။ ကိုယ်စီကိုယ်စီ မိမိ၏ ကိုယ်ပိုင်ဘဝကလေးဆီသို့ ပြန်သွား တော့မည် ဖြစ်သော်လည်း ရဲဘော်ရဲဘက်စိတ်ကလေးက တော်တော်နှင့် မပျောက်နိုင်ဘဲ ရှိသဖြင့် အချင်းချင်း ရွှင်မြူးစွာ လှမ်းကြည့်ကြ၊ ပြုံးပြကြနှင့် ရှိလေသည်။ သို့ရာတွင် တဖြည်းဖြည်း နီးကပ်လာသည့် မီးရထားစက်ခေါင်းမှ မီးရထားမီးခိုးများကို မြင်လိုက်ကြရသည့် အချိန်တွင် မိုးမမြင်လေမမြင် ပျော်ရွှင်သည့်စိတ်က အင်အားကြီးမားစွာ တက်လာတော့ရာ ပြည်နှင်ဒဏ် ခံနေရသည် ဟူသော စိတ်အားလုံး လွင့်စဉ်ပျောက်ကွယ် သွားလေတော့သည်။ မီးရထားကြီး ရပ်သွားသောအခါ ဤစကြံ့ပေါ်မှစပြီး မပြီးနိုင်အဆုံး ကြာမြင့်စွာ ခွဲခွာနေကြရသည့် ကာလသည် သူတို့ မေ့လျော့ထားခဲ့ကြရသည့် သွေးနှင့်ကိုယ် သားနှင့်ကိုယ်ချင်း အငမ်းမရ ထိတွေ့ပွေ့ဖက် နှုတ်ဆက်လိုက်ကြသော ကြည်နူးမှုတခဏတွင် ပြီးဆုံးခြင်းသို့ ရောက်လေသည်။ ရမ်းဘားအဖို့မူ သူ မမြင်လိုက်မီ သူ့ထံသို့ ပြေးလာသော သူ့ဇနီးက သူ့ရင်ခွင်ထဲသို့ ရောက်လာခဲ့သည်။ သူက ဇနီးသည်အား သိုင်း၍ဖက်လိုက်ရင်း သူတွေ့နေမြင်နေကျဆို၍ ဆံပင်မျှကိုသာ မြင်နေရပြီး၊ ဦးခေါင်းကို သူ့ပခုံးတွင် ကပ်၍ ထားလိုက်ပြီးသည်နှင့် သူ့မှာ ယခုပျော်ရွှင်မှုကြောင့်လား၊ ကာလကြာမြင့်စွာက စုဆောင်းလာခဲ့သော ဝမ်းနည်းမှုများကြောင့်လား မခွဲခြားနိုင်ဘဲ မျက်ရည်များကို သွန်ချလိုက်မိသည်။ မျက်ရည်များကြောင့် သူ့ပခုံးနှင့် အပ်ထားသော မျက်နှာသည် ယခင်က သူ မကြာမကြာ အိပ်မက်ထဲတွင် ထင်မြင်နေခဲ့သော မျက်နှာမှ ဟုတ်ပါလေစ။ သူစိမ်းမျက်နှာများ ဖြစ်လေသလား ဆိုသည်ကိုပင် တော်တော်နှင့် ကြည့်၍ မြင်ဦးမည် မဟုတ်သည်ကိုသာ သိနေသည်။ ယခုအခိုက်အတန့်တွင်မူ သူသည် ပလိပ်ကပ်က သူတို့၏ နှလုံးသားတွင် ဘာမှပြောင်းလဲခြင်း မပြုဘဲ လူ့လောကထဲသို့ ဝင်ထွက်သွားလာနိုင်သည်ဟု ယုံကြည်လျက်၊ သို့မဟုတ် ယုံကြည်ဟန်ဆောင်လျက် ရှိကြသော သူ့ပတ်ဝန်းကျင်က လူများအားလုံး ကဲ့သို့သာ ပြုမူရန် ဆန္ဒရှိပေသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ယုယပိုက်ထွေးလျက် အိမ်ဆီသို့ သွားကြရာတွင် ပတ်ဝန်းကျင်ကို ဘာမှမမြင်၊ ပလိပ်ကပ်ကိုလည်း အောင်နိုင်လိုက်သည့် အထင်အမြင်မျိုးဖြင့် သူတို့နှင့် တစ်ရထားတည်းပါလာကာ လာကြိုသူမရှိဘဲ အိမ်ပြန်ရောက်လျှင် ကာလကြာမြင့်စွာက သူတို့စိတ်ထဲတွင် စွဲဝင်စိုးရှိ၍ လာခဲ့သော တိတ်ဆိတ်မှုကိုသာ တွေ့ရမည်ဖြစ်၍ စိတ်ကိုတင်း၍ လာကြသည်များကို လည်းကောင်း သူတို့၏ စိတ်မချမ်းသာမှုကို လည်းကောင်း မေ့ထားလိုက်ကြပေသည်။ ဤသို့လျှင် အသစ်ဖြစ်လာခဲ့သည့် သောကကိုသာ အဖော်ပြုနေကြရသူမှာ ယခုအချိန်တွင် ရာသက်ပန် သတိရစေမည့် ပရိဒေဝမီး တောက်လောင်နေကြဆဲ လူများ၊ ထိုလူများအဖို့ အခြေအနေက တစ်မျိုးဖြစ်၏။

ကွေကွင်းခြင်းကြောင့် နာကျည်းရသော ဝေဒနာတို့သည် အထွတ်အထိပ်သို့ ရောက်ခဲ့ကြပြီ ဖြစ်သည်။ သားဆုံးခဲ့သော မိခင်၊ လင်ဆုံးခဲ့သော မယား၊ မယားဆုံးခဲ့သော လင်နှင့် ချစ်ခင်သူများ သေဆုံးသဖြင့် ပျော်ရွှင်မှုအားလုံး ဆုံးရှုံးကြရသူများအဖို့ သူတို့၏ချစ်သူများသည် မဖောက်ထုံးနိုင်းချင်းဖြင့် မြေတွင်းတွင် လည်းကောင်း၊ မိုမိုမောက်မောက် ပြာတောင်ကြီးထဲ၌ လက်တစ်ဆုပ်စာ ပြာကလေးများအဖြစ် လည်းကောင်း ရှိကြပေတော့ရာ သူတို့အဖို့ ပလိပ်ကပ်ရောဂါကြီးသည် ပြီးဆုံးခြင်းသို့ မရောက်ခဲ့သေးချေ။

သို့သော် ဤ တစ်ကိုယ်ရေ ပူဆွေးသောက ရောက်နေကြရသူများကို မည်သူက သတိရနိုင်ကြပါမည်နည်း။ မနက်စောစောကတည်းက လေထဲတွင် တစ်သုတ်သုတ် ဝင်ရောက်တိုက်ခတ်လျက် ရှိသော လေအေးလှိုင်းကလေးများကို ဖရိုဖရဲ ပျက်ကွဲစေပြီးနောက် နေသည် ငြိမ်သက်သော ရောင်ခြည်ဖြင့် မြို့ပေါ်သို့ အစဉ်တစိုက် လွှမ်းခြုံပက်ဖျန်း ပေးလိုက်သည်။ သန့်စင်ကြည်လင်သော ကောင်းကင်ပြာကြီး၏ တောင်ကုန်းများပေါ်ရှိ ခံတပ်များမှ အမြောက်များ အဆက်မပြတ် ပစ်ဖေါက်လျက် ရှိသည်။ ဤတွင် လူအားလုံးတို့သည် မတင်မကျ ရင်တမမကာလ ပြီးဆုံးချိန်နှင့် မေ့ပျောက်ပစ်ကြရမည့် ကာလကလည်း မစမီ ရုတ်ရုတ်ရုတ်ရုတ် ကာလကို အောင်ပွဲခံရန်အတွက် လှုပ်လှုပ်ရွရွ သွားကြလာကြလျက် ရှိလေသည်။

လမ်းများ၌ လည်းကောင်း၊ ပန်းခြံများ၌ လည်းကောင်း လူအများသည် ကခုန်လျက်ရှိကြသည်။ နှစ်ဆယ့်လေးနာရီအတွင်း လမ်းပေါ်တွင် မော်တော်ယာဉ်များ နှစ်ဆတိုးလာကာ လမ်းဆုံလမ်းခွတိုင်း၌ ပျော်ရွှင်နေကြသည့် လူအုပ်ကြီးများကြောင့် ယာဉ်အသွားအလာ ပိတ်ဆို့ခြင်းများ တစ်ဆထက်တစ်ဆ များပြားလာသည်။ တစ်ညနေလုံးတွင် ဘုရားဝတ်ကျောင်းတိုင်းမှ ခေါင်းလောင်းသံစုံ အဆက်မပြတ် တီးခတ်ကာ အပြာရောင်နှင့် ရွှေရောင်ကောင်းကင်တွင် ဘဝဂ်လျှံမျှ ညီးညီးညံညံ ရှိလှပေတော့သည်။ မှန်ပါသည်။ ဝတ်ကျောင်းတိုင်း၌ ဘုရားသခင်၏ ကျေးဇူးတော်ကို အောက်မေ့ဖေါ်ကျူးသည့် အခမ်းအနားများ ကျင်းပလျက် ရှိကြပေသည်။ တစ်ချိန်တည်းမှာပင် ပွဲလမ်းသဘင် ပျော်ရွှင်မှုပြုရာ (ရုပ်ရှင်ရုံ၊ ဇာတ်ရုံစသည်) တို့တွင်လည်း လူအပြည့်အကျပ်ပင်၊ သောက်စရာ ဆိုင်များမှာလည်း နက်ဖြန်အတွက် ဂရုမစိုက်ဘဲ နောက်ဆုံးလက်ကျန် အရက်ပုလင်းများကို ထုတ်လုပ်လျက် ရှိလေသည်။ အရက်ဆိုင် ကောင်တာများတွင်လည်း ဆူညံဆူညံနှင့် တရွရွ တိုးဝှေ့ကြလျက် ရှိသူများတွင် လူမြင်သူမြင်ရေးကို တွေးမနေနိုင်ကြဘဲ ယုယပွေ့ဖက်ကာ ကျီစယ်နေကြသော မောင်နှံစုံတို့ကိုလည်း တွေ့ရတတ်သည်။ အားလုံးသည် ရယ်မောအော်ဟစ်လျက် ရှိကြ၏။ လူတိုင်းအဖို့ သဘာဝမီးတောက်များ အားပျော့မှေးမှိန်ခဲ့သည့် လပေါင်းများစွာ အတွင်းက ပိတ်ဆို့သိုလှောင် ထားခဲ့ရသော စိတ်လှုပ်ရှားမှု အစုအပုံကို အလုံးစုံသွန်ချကာ ဤ မဟာနေ့ထူးနေ့မြတ်ကြီးတွင်

အဆီးအတားမရှိ သုံးဖြုန်းပစ်ရင်း မိမိတို့ သေကံမရောက် သက်မပျောက် ဖြစ်ခဲ့ရသည်ကို အောင်ပွဲခံလျက် ရှိကြလေသည်။ နက်ဖြန်ဆိုလျှင် တကယ့်ဘဝ စတော့မည်။ တကယ့်ဘဝ၏ စည်းကမ်းသတ်မှတ်များလည်း ပါလာမည်။ သို့သော် ယခု အခိုက်အတန့်တွင်မူ အလွှာစုံမှ လူအမျိုးမျိုးတို့သည် ပခုံးချင်းယှဉ် ရင်ပေါင်တန်းကာ ညီရင်းအစ်ကိုများပမာ လိုက်လံခေါ်ပြောလျက် ရှိကြပေသည်။ သေဘေးကြီးနီးကပ်မှုက လက်တွေ့အားဖြင့် ပြီးပြည့်စုံအောင် လုပ်မပေးနိုင်ခဲ့သော တပြေးညီ ဖြစ်မှုမျိုးသည် ဘေးလွတ်၍ ပျော်ရွှင်ကြရသော နာရီအနည်းငယ် အတွင်း၌ ပြီးမြောက်ခဲ့သည်ဟု ဆိုရပေသည်။

သို့ရာတွင် ဤသို့ အရမ်းကာရော ဟစ်အော်ပျော်ရွှင်မှုမျိုးသည် ထိုနေ့က မြို့၏ မြင်ကွင်းတစ်ကွက်မျှသာ ဖြစ်ပေသည်။ ရမ်းဘားနှင့် သူ့ဇနီးတို့ အပါအဝင် နေဝင်ချိန်၌ လမ်းထွက်လာကြသူ အတော်များများတွင် ငြိမ်ငြိမ်သက်သက် ကျေနပ်နှစ်သိမ့်နေသည့် အသွင်အပြင်၏အောက်၌ ပိုမိုသိမ်မွေ့သော ပျော်ရွှင်မှုမျိုးကို ဖုံးကွယ်လျက်ရှိသူတို့လည်း မနည်းလှပေ။ တကယ်ပင် မောင်နှံစုံများစွာ၊ မိသားစုများစွာတို့သည် အပြင်ပန်းအားဖြင့် လမ်းလျှောက်ရန် အမှတ်မထင် ထွက်လာကြသူများနှင့်သာ တူပါသည်။ ထို့ထက် မပိုပါ။ တကယ်ကမူ သူတို့သည် သူတို့ စိတ်ရောကိုယ်ပါ ဝေဒနာခံစားနေကြရစဉ် ကာလက သတိရလောက်စရာ နေရာနှင့် ပတ်ဝန်းကျင်တို့သို့ အမှတ်တရ သွားကြည့်ရန် ထွက်လာကြသူသာ များလေသည်။ ယခုမှ ရောက်လာခဲ့ကြသူများအား ပလိပ်ကပ်ကြီး၏ ခြေရာလက်များဖြစ်သော ထူးခြားထင်ရှားသော အမှတ်အသားများ၊ မထင်မရှားဖြစ်၍ လူသိနည်းသော အမှတ်အသားများကို လိုက်လံပြသလျက် ရှိလေသည်။ အချို့လူစုတွင်မူ ကပ်ကြီးမှ လွတ်မြောက်ခဲ့သူအား ကိုယ်တွေ့မျက်မြင် ကြုံနေခဲ့ရသူအဖြစ် လမ်းပြလုပ်ကာ သူ မည်မျှကြောက်ခဲ့ရသည် ဆိုသည်ကို ချန်လှပ်၍ ပလိပ် ကပ်ကြီး၏ အန္တရာယ်ကြီးမားပုံကို အာပေါင်အာရင်း သန်သန်ဖြင့် ပြောပြလျက် ရှိလေသည်။ ဤသည်တို့မှာ ခပ်အေးအေး စိတ်ပျော်ရွှင် နှစ်သိမ့်မှုမျိုးဖြစ်၍ အပန်းဖြေသဘောမျိုးထက် မပိုခဲ့ပေ။ သို့ရာတွင် ဤသို့ မြို့ထဲ၌ လျှောက်သွားနေကြသည့် အတွဲများတွင် ထိုမျှထက်ပို၍ စိတ်လှုပ်ရှားစရာ ရှိသူများလည်း ရှိပေသည်။ ထိုလူတစ်ယောက်က သူ့အဖို့ သတိရအောက်မေ့စရာ ကြုံခဲ့ဖြစ်ခဲ့ရသည့် နေရာတစ်ခုဆီသို့ ညွှန်ပြကာ သူ့အပါးပါလာခဲ့သည့် မိန်းကလေး သို့မဟုတ် မိန်းမကြီးအား “အခုလိုပဲ တစ်ညနေမှာ ကိုယ်တစ်ယောက်တည်း ဒီနေရာရောက်လာတော့ မင်းကိုလွမ်းလိုက်တာ မပြောပါနဲ့တော့။ မင်းကလည်း မရှိ” စသည်ဖြင့် ပြောပြနေတတ်သည်။ ဤကဲ့သို့သော စိတ်တက်ကြွမှုဖြင့် သွားလာနေကြသူများကို အလွယ်တကူပင် ခွဲခြားသိမြင်နိုင်ပါသည်။ သူတို့သည် လူအုပ်ကြီး၏ အုပ်အုပ်အော်အော် အသံဗလံများကြားတွင် ပတ်ဝန်းကျင်ကို အရေးမထားဘဲ သူတို့ကိစ္စနှင့်သူတို့ သဲကန္တာရအလယ်က အိုအေစစ်ခေါ် အေးကွက်ကလေးများပမာ တီးတိုးကမ္ဘာကလေးများ ဖန်တီး၍ နေကြသူများ

ဖြစ်လေသည်။ ယင်းတို့သည် ပန်းခြံထဲ၌ ဆူညံစွာ တီးမှုတ်နေကြသည့် ဘင်ခရာတီးဝိုင်း အဖွဲ့ထက်ပင် လွတ်လပ်ချိန်၏ ပျော်ရွှင်မှုမျိုးကို ပေးစွမ်းနိုင်ကြပေသည်။ ဤသို့ တစ်ယောက်နှင့်တစ်ယောက် ကြည်နူးစွာ လက်တွဲပျော်ရွှင်လျက် ရှိကြသော မောင်နှံစုံတို့သည် အုပ်အော်သောင်းနင်း ပျော်ပွဲရွှင်ပွဲကြီး ခင်းကျင်းလျက် ရှိကြသော လူအုပ်ကြီး၏ အကြားမှနေ၍ စကားကိုမျှ ဟဟမပြောဘဲ ဘယ်သူတွေ ဘာဖြစ်နေနေ ပျော်ရွှင်နေသူများပီပီ ကိုယ့်မာန်နှင့်ကိုယ် ပလိပ်ကပ်ကြီး လွတ်မြောက်ပြီဖြစ်ကြောင်း၊ ကြောက်မက်ဖွယ် ကာလကြီး ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ကြေညာလျက် ရှိကြပေသည်။ သူတို့သည် သက်သေခံ အထောက်အထားများကို မျက်ဝါးထင်ထင် တွေ့မြင်နေရကြရလျက်ကပင် ကျွန်ုပ်တို့သည် လူပေါင်းများစွာ ယင်ကောင်များအလား သေကြေပျက်စီးခဲ့ကြရသည့် အဖြစ်ဆိုးမျိုးနှင့် ကြုံခဲ့ကြရသည်ကို လည်းကောင်း၊ ဤလွတ်လပ်ရေးသည် ပလိပ်ကပ်က ရက်စက်ကြမ်းကြုတ်စွာ တမင်ငြိုး၍ ဆိုးချင်တိုင်းဆိုး ရမ်းချင်တိုင်း ရမ်းကားခဲ့ပြီးမှ ပေးထားခဲ့သော ရွံ့မုန်းဖွယ်ရာ လွတ်လပ်ရေးဖြစ်သည်ကို လည်းကောင်း၊ အလောင်းများ ထားသည့်နေရာက အပုပ်နံ့တို့ဖြင့် သေသူသေ မသေသူတို့လည်း စိတ်နောက်ရူးသွပ်ခမန်း ဖြစ်ခဲ့ရသည် ဆိုသည်ကိုလည်းကောင်း ကျွန်ုပ်တို့၏ မျက်မှောက်လောကနှင့် ဘာမှမဆိုင်သလို အေးဆေးတည်ငြိမ်စွာပင် ငြင်းဆိုလျက် ရှိကြလေသည်။ အချုပ်အားဖြင့် ထိုသူများသည် ကျွန်ုပ်တို့အားလုံး တစ်ပိုင်းက နေ့စဉ်နှင့်အမျှ မီးရှို့ခံနေရကာ ဆီညှော်နံသော မီးခိုးများအဖြစ် ပျက်ပြုန်းနေရလျက်၊ ကျန်တစ်ပိုင်းကလည်း ထိပ်ကျဉ်းခတ်ခံ ထားရသူများပမာ ဘာမှမတတ်နိုင်ဘဲ ကိုယ့်အလှည့်ကို စောင့်နေကြရသည့် ဘီလူးစီးခံနေရသူများ ဖြစ်ခဲ့ကြောင်းကို ငြင်းဆိုလိုက်ကြလေသည်။

မည်သို့ပင်ဖြစ်စေ၊ ယင်းသည် တစ်ခုသောညနေ နေဝင်ချိန် မြို့စွန်ဘက်သို့ အသွား ခေါင်းလောင်းသံ၊ အမြောက်သံ၊ ဘင်ခရာသံ နားကွဲမတတ်အော်ဟစ် ဆူညံသံတို့ဖြင့် သူတစ်ယောက်တည်း လမ်းလျှောက်၍ လာခဲ့သော ဒေါက်တာရေး၏ ထင်မြင်ယူဆချက်များသာ ဖြစ်ပေသည်။ သူ့အဖို့ ရက်အားယူရန် မဖြစ်နိုင်။ ဖျားနာသူများမှာ ရက်အားဟူ၍ မရှိ။ မြို့ပေါ်သို့ ပက်ဖျန်းထားသည့် အေးမြကြည်လင်သော အလင်းရောင်နှင့် လေထုထဲသို့ ရနေကျ အနံ့မျိုးဖြစ်သော အသားကြော်နံ့၊ အရက်ချိုနံ့တို့ ပျံ့လွင့်တက်လာသည်။ သူ၏ ပတ်ပတ်လည်တွင် ပျော်ရွှင်နေသည့် မျက်နှာများသည် ကောင်းကင်ဆီသို့ မော့ကြည့်လျက်၊ ဖိုမတို့သည် နီမြန်းသော မျက်နှာများဖြင့် တစ်ယောက်ကိုတစ်ယောက် ဖက်ကာ အာသာဆန္ဒ ပြင်းပြနေသည့် အသံများပြုလျက် ရှိကြသည်။ မှန်ပါသည်။ ပလိပ်ကပ်သည် ကြောက်မက်ဖွယ်ရာ ကာလကို ပြီးဆုံးကုန်လွန်စေခဲ့ပါပြီ။ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်၍ ထားကြသူများက ပလိပ်ကပ်ဆိုသည်ကား အဘယ်နည်းဆိုသည်ကို ပြောနေကြသကဲ့သို့ ရှိပေသည်။ ပလိပ်ကပ်သည်ကား ပြည်နှင်ဒဏ်နှင့် လက်လွတ်ဆုံးရှုံးမှု ဆိုသည့် စကားတို့၏

အနက်နဲဆုံးအဓိပ္ပာယ်ကို ဆောင်ထားသည့် အရာပေတည်း။

ယခုမှပင် လွန်ခဲ့သည့် လပေါင်းများစွာအတွင်း လမ်းပေါ်က မျက်နှာများတွင် သူတွေ့မြင်ခဲ့သည့် ခပ်ဆင်ဆင်တူသည့် အရာကို ဒေါက်တာရေး နာမည်ဖော်၍ ရတော့သည်။ ယခုအခါတွင် သူ့ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်ရုံသာ လိုတော့သည်။ စိတ်ဆင်းရဲမှ လက်လွတ်ဆုံးရှုံးမှုများနှင့် အတူ ပလိပ်ကပ်ကြီး ပြီးဆုံးသွားသည့်အခါ ဤ ကျားမ မဟူ လူများစွာတို့သည် သူတို့ ကာလကြာမြင့်စွာ ပါဝင်ကပြ ခဲ့ကြရသည့် ဇာတ်ကွက်အခန်းမှ ဘဝမျိုးကို နေတတ်လာကြသည်။ ရှေးဦးစွာ မျက်နှာများ၊ နောက်တွင် အဝတ်အစားများတွင် သူတို့၏ မိခင်တိုင်းပြည်မှ ဝေးလံသော တစ်နေရာ၌ ပြည်နှင်ဒဏ် ခံနေကြရသည့်အဖြစ်ကို ဖော်ပြ၍လာကြသည်။ ပလိပ်ကပ်က မြို့တံခါးများကို ပိတ်လိုက်သည်နှင့် သူတို့သည် လောကကို မေ့စွမ်းစေနိုင်သည့်ဘက်ရှိ အနွေးဓာတ်နှင့် ကင်းကွာလျက် လက်လွတ်ဆုံးရှုံးခံရသည့် ဘဝတွင် စိတ်နှလုံး ဒုန်းဒုန်းချ၍ နေခဲ့ကြရသည်။ မြို့ပေါ် နေရာအနှံ့အပြားပင် ယောကျ်ား မိန်းမတို့သည် အနည်းနှင့်အများ အားလုံး တစ်မျိုးတစ်စားတည်း မဟုတ်စေကာမူ ပြန်လည်တွေ့ဆုံမှုကို တောင့်တလျက် နေခဲ့ကြရပြီး၊ အားလုံးပင် ငြင်းပယ်ခြင်း ခံခဲ့ရသည်။ အများအားဖြင့်မူ သူတို့သည် အဝေးသို့ ရောက်နေသူများနှင့်တကွ သူတို့၏ ခန္ဓာကိုယ်အနွေးဓာတ်ကို လည်းကောင်း၊ အချစ်မေတ္တာကို လည်းကောင်း သို့မဟုတ် နေသားကျနေသဖြင့် နှစ်သက်စွဲလမ်းလျက် ရှိသည့် အနေအထိုင်မျိုးကိုလည်း အပြင်းအထန် တောင့်တ၍ နေတတ်သည်။ အချို့ကမူ ခါတိုင်းလို စာဖြင့်လည်းကောင်း၊ မီးရထားဖြင့် လည်းကောင်း၊ သင်္ဘောဖြင့် လည်းကောင်း ဆက်သွယ်၍ မရတော့အောင် ကင်းကွာ၍ နေကြရသော မိတ်ဆွေများကိုပင် မသိလိုက်မသိပါ တမ်းတ၍ စိတ်ဆင်းရဲ နေကြရတတ်၏။ တာရိုအပါအဝင် ဖြစ်ချင်ဖြစ်မည့် အချို့သောလူများမှာမူ သူတို့ကိုယ်တိုင် တိတိကျကျ သက်သက်မှတ်မှတ် ပြောတတ်ချင်မှ ပြောတတ်မည် ဖြစ်သော်လည်း သူတို့အဖို့ ဒီကမ္ဘာမြေပေါ်တွင် တစ်ခုတည်းသော လိုချင်စရာလည်း ဖြစ်ဟန်တူသည့် အရာကို ပြန်လည်အလိုရှိ၍ နေကြပေသည်။ ယင်းကား ထို့ထက်ကောင်းသည့်အမည် မရှိ၍ သူတို့ တစ်ခါတစ်ရံ ခေါ်ဆိုလေ့ရှိသော ငြိမ်းချမ်းရေးပေတည်း။

ဒေါက်တာရေးသည် ရှေ့သို့ ဆက်၍လျှောက်ခဲ့သည်။ တဖြည်းဖြည်း သူ ရှေ့သို့ တိုးလာခဲ့သည်တွင် လူအုပ်ကြီးမှာ ထူထပ်သည်ထက် ထူထပ်လာကာ အသံဗလံများလည်း ဆူညံသည်ထက် ဆူညံလာသည်။ သူ့တွင်လည်း သူ၏ ခရီး ပန်းတိုင်ကား လိုက်လေဝေးလေ ဖြစ်နေပါတကား ဟူသောအသိ ဝင်လာခဲ့၏။ တဖြည်းဖြည်းချင်းပင် သူသည် အုံးအုံးကျက်ကျက် ဆူညံလျက် ရှိသော လူအုပ်ကြီးထဲသို့ ရောက်မှန်းမသိ ရောက်သွားကာ အနည်းဆုံး တစ်စိတ်တစ်ဒေသပင် ဖြစ်စေဦးတော့ သူ့အသံပါ ပါဝင်နေပါကလားဟု သိလာရသော လူအုပ်ကြီး၏

အော်ဟစ်သံကိုလည်း ပို၍ပို၍ နားလည်၍ လာခဲ့သည်ကို တွေ့ရလေသည်။ မှန်ပါသည်။ သူတို့သည် ရက်စက်ကြမ်းကြုတ်သော ကာလအတွင်း လျှော့ပေါ့ပြင်ဆင်ခြင်း မရှိသော ပြည်နှင်ဒဏ်ကို လည်းကောင်း၊ မပြေပျောက်နိုင်သော ဆန္ဒ၏ နှိပ်စက်မှုကို လည်းကောင်း အတူတကွ ခံခဲ့ရလေသည်။ အလောင်းပုံကြီးများ၊ လူနာတင်ကား၊ ခေါင်းလောင်းသံများ၊ ကံကြမ္မာဆိုသည့် အရာ၏ သတိပေးခြိမ်းခြောက်မှုများ လျှော့ပေါ့သက်သာခွင့် မရအောင် ကြောက်လန့်ခြင်း၊ ဝေဒနာထန်ပြင်းခြင်းတို့ဖြင့် ပုန်ကန်ထကြွမှုများ ဤကဲ့သို့သော အချိန်အခါများ၌ ကြုံရတတ်သည့် ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာများ၏ အကြားတွင် ဤသို့လျှင် ကယ်သူနှင့်ဝေးလျက် သေဘေးကို ကြောက်လန့်နေကြရသူများ၏ နားထဲတွင် ရောမအသံကြီးတစ်သံက သူတို့အား သူတို့ဆန္ဒဦးတည်ရာ သူတို့၏ နေရင်းဌာနေသို့ ပြန်ခေါ်နေသည်ကို ကြားယောင်၍ နေခဲ့လေသည်။ ယင်းသည် ပိတ်ဆို့နှိပ်ကွပ်ထားခြင်း ခံနေရသော မြို့၏ တံတိုင်းများ အပြင်ဘက်တွင် လည်းကောင်း၊ တောင်ကုန်းများပေါ်မှ မွှေးရနံ့ဖြင့် ထုံသော တောအုပ်ချုံငယ်များတွင် လည်းကောင်း၊ ပင်လယ်ရေလှိုင်းများတွင် လည်းကောင်း၊ ချစ်မေတ္တာ၏ သိမ်းပိုက်စောင့်ရှောက်မှုတွင် လည်းကောင်း ရှိပေ သည်။ သူတို့သည် အခြားသော အရာအားလုံးကို ရွံ့မုန်းစွာကျောခိုင်း၍ ပြန်သွားရန် ဆန္ဒပြင်းပြနေခဲ့ကြ သည်မှာလည်း သူတို့ အဆုံးအရှုံးခံခဲ့ရသော ပျော်ရွှင်မှုရှိရာ ဤနေရင်းဌာနီသို့ပင် ဖြစ်လေသည်။

ထို ပြည်နှင်ဒဏ်နှင့် ပြန်လည်ဆုံဆည်းရန် တမ်းတမှုတို့သည် မည်သို့ အဓိပ္ပာယ်ရှိကြသည်ကို ဒေါက်တာရေး မသိချေ။ သို့ရာတွင် သူ ရှေ့သို့ ဆက်လျှောက်သွားရင်း လေးဘက်လေးတန်မှ လူတွေကြားထဲသို့ တိုးဝှေ့ဝင်ကာ သူ့အား နှုတ်ဆက်ကြသူများနှင့် မကြာခဏ တိုးမိလျက် တဖြည်းဖြည်းချင်း လူသိပ်မထူထပ်ရာ လမ်းများဆီသို့ လာခဲ့သည်တွင် ဤကဲ့သို့သော အရာများ၌ အဓိပ္ပါယ် ရှိသည်ဖြစ်စေ, လုံးဝ အဓိပ္ပါယ် မရှိသည်ဖြစ်စေ သိပ်အရေးမကြီးလှ။ ကျွန်ုပ်တို့ စဉ်းစားဖို့လိုသည်မှာ လူတို့၏မျှော်လင့်ချက် ပြည့်ဝခြင်းသာ ဖြစ်၏။

ယခုတော့ ဒါကို သူ သိပြီ။ ယခု သူ မြို့အစွန်ဘက်က လူမရှိသလောက် ရှင်းနေသည့် လမ်းများကို ရောက်လာမှ ပို၍ သိမြင်လာ၏။ ကိုယ့်ကိုယ်ပိုင်အိမ်ကလေးနှင့်ကိုယ် တွယ်အပ်ထားကြသူများမှာ သူတို့ချစ်သူရှိရာ နေအိမ်သို့ပြန်ရန် တစ်ခု တည်းကိုသာ အာရုံပြုထားကြသည် ဖြစ်၍ (သူတို့စောင့်မျှော်နေသူ မပါဘဲ လမ်းများပေါ်တွင် တစ်ကိုယ်တည်း လျှောက်နေကြရသူများ ရှိနေသေးသော်လည်း) သူတို့၏ ဆုတောင်း တစ်ခါတစ်ရံ ပြည့်တတ်ပါသည်။ ထို့နောက် ကပ်ရောဂါ မကျရောက်ခင် ကာလက သူတို့၏ အချစ်မေတ္တာကို အစကတည်းက ခိုင်မာသော အခြေခံဖြင့် မတည်ဆောက်ခဲ့ဘဲ ရရှိရန် ခက်ခဲလာသော နှစ်ဦးနှစ်ဖက် ပြေလည်မှုကို စမ်းတမ်းရှာဖွေရင်း နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီး ရေရှည်တွင် ဘက်မရှိသောချစ်သူများ

ဖြစ်လာကြသည့် ကျွန်ုပ်တို့အထဲမှ အချို့လူများကဲ့သို့ နှစ်ထပ်ကွမ်း ကွဲကွာမနေကြရသူများသည် ပျော်ရွှင်ကြရပေသည်။ ထိုသူများသည် ဒေါက်တာရေး ကိုယ်တိုင်ကဲ့သို့ပင် အချိန်ကို အရမ်းအားကိုးလွန်းပြီး ယခုမူ သူတို့မှာ ထာဝစဉ် ကွဲကွာသွားကြပြီ ဖြစ်၏။ သို့ရာတွင် ထိုနေ့မနက်က ဆရာဝန်က "ရဲလိုက်စမ်းဗျာ။ ခင်ဗျား မှန်တယ်ဆိုတာ သက်သေပြဖို့က ခင်ဗျားတာဝန်ပဲ" ဟု ပြောခဲ့သူ ရမ်းဘားကဲ့သို့သော လူများအဖို့ ဆုံးရှုံးရပြီဟု သူတို့ထင်ခဲ့သော ချစ်သူကို မဆိုင်းမတွပင် လက်ဝယ်ရရှိခဲ့ပြီ ဖြစ်သည်။ ဘယ်လိုမဆို သူတို့ အတော်ကြာအောင်တော့ ပျော်နေကြဦးမည်။ လူတို့ အမြဲတောင့်တလျက် ရှိသည့် တစ်ခါတစ်ရံ ရတတ်သည့်အရာ ရှိသည်ဆိုလျှင် ထိုအရာသည် လူသားတို့၏ ချစ်မေတ္တာသာ ဖြစ်သည်ကို ယခု သူတို့ သိကြရပြီဖြစ်၏။

သို့ရာတွင် လူသားတစ်ယောက်၏ ရည်မှန်းချက်မျိုးကို ကျော်လွန်၍ မှန်းဆ၍ပင် မကြည့်နိုင်လောက်အောင် ရှိသည့်အရာကို မျှော်သူတို့အဖို့ သူတို့ဆန္ဒ မပြည့်ဝခဲ့။ တာရိုသည် သူပြောလေ့ရှိသည့် အလွန်ရခဲသော ငြိမ်းချမ်းမှုမျိုးကို ပေါက်ပေါက်ရောက်ရောက် ရရှိသွားသည်ဟု ထင်မြင်စရာ ဖြစ်ကောင်းဖြစ်ခဲ့မည်။ သို့ရာတွင် သူသည် ထိုအရာကို သေမှသာ တွေ့ရှိပြီး၊ အသုံးပြုနိုင်ရန်အတွက် အချိန်မရလိုက်တော့။ နေဝင်ဖျိုးဖျအချိန် အိမ်တံခါးဝများတွင် တစ်ယောက်တစ်ယောက် အငမ်းမရဖက်ကာ အာသာငမ်းငမ်းဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသော အခြားလူများကို ဒေါက်တာရေး မြင်ခဲ့သည်။ ဤလူများသည် သူတို့အလိုရှိသည်ကို ရကြသည်ဟုဆိုလျှင် သူတို့အလိုရှိသည့် အရာမှာ သူတို့အပေါ်၌သာ လုံးဝတည်နေသောကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။ ဂရန်းနှင့် ကော့တတ်တို့နေသည့် လမ်းထဲသို့ သူ ချိုးဝင်လိုက်သော အချိန်တွင် ဒေါက်တာရေး၏ စိတ်ထဲက လူသားတို့၏ နယ်နိမိတ်အတွင်းမှ လူသားတစ်ယောက်၏ ယုတ်နိမ့်သော်လည်း ကြောက်ခမန်းလိလိ သတ္တိရှိသော အချစ်မေတ္တာကို လိုချင်သည့် ဆန္ဒရှိသူများသည် ကြိုးကြားကြိုးကြားမျှသာ ဖြစ်စေဦးတော့ သူတို့ဆုတောင်း ပြည့်နိုင်ကြသည်ဟု ဆိုသင့်လှပေတော့ကြောင်း တွေးတော၍ လာခဲ့လေ၏။

* * *

။၅။

ဤမှတ်တမ်းများ ပြီးဆုံးခါနီးပြီဖြစ်၍ ဒေါက်တာဘားနာဒ်ရေးအဖို့ ဤအကြောင်းများကို ပြန်ပြောပြနေသူမှာ သူပင်ဖြစ်ပါသည် ဟု ဖွင့်ဟဝန်ခံသင့်သော အချိန်သည် ဤအချိန်ပင် ဖြစ်တော့သည်။ သို့သော် နောက်ဆုံးပိတ် မြင်ကွင်းများကို ဖော်မပြမီ သူ ဘာကြောင့် ဤတာဝန်ကို ယူရသည်ကိုလည်းကောင်း၊ သူက အတ္တကင်းသော လေ့လာရေးသမား၏ လေသံဖြင့်ပြောပြရန် တမင် ဖန်တီးယူထားကြောင်းကို လည်းကောင်း ဖော်ပြလိုပါသေးသည်။ သူ၏အလုပ်က ပလိပ် ကပ်ရောဂါကြီး သောင်းကျန်းစဉ် ကာလအတွင်း သူ့အား ကျွန်ုပ်တို့ မြို့သူမြို့သားများစွာနှင့် ထိတွေ့နိုင်အောင် ဖန်တီးပေးထားသည်ဖြစ်ရာ သူ့မှာ ထင်မြင်ချက် အမျိုးမျိုးတို့ကို ကြားနိုင်သည့် အခွင့်အရေးမျိုး ရခဲ့ပါသည်။ ဤသို့လျှင် သူသည် သူမြင်သမျှကြားသမျှ အမှန်အတိုင်း ဖော်ပြနိုင်ရန် အခြေအနေကောင်းကို ရရှိခဲ့ပါသည်။ သို့သော် အမှန်အတိုင်း ဖော်ပြရာတွင် သူသည် လိုအပ်သည်ဟု ထင်ရသောအတိုင်းအတာအတွင်း၌သာ ရေးသားဖော်ပြရန်လည်း အားထုတ်ထားပါသည်။ ပုံစံဆိုသော် သူသည် သူ၏ မျက်မြင်ကိုယ်တွေ့များကိုသာ ဖော်ပြပြီး အားလုံးပြီး၍ စာရင်းချုပ်လိုက်သော အခါတွင် ဖြစ်ရန် အကြောင်းယုတ္တိ မရှိဘဲ ဖြစ်နေတတ်သော ခံစားမှုဘာဝတူတို့၏ အတွေးအထင်များကို ဖော်ပြခြင်းမပြုဘဲ ရှောင်ရှားခဲ့သည်။ အကိုးအကား စာရွက်စာတမ်းများကိုမူ ကံဆိုးကံကောင်း အကြောင်းဆိုက်၍ သူတို့ထံ ရောက်လာသမျှတို့ကိုသာ သုံးထားပါသည်။

ရာဇဝတ်မှုခင်းတစ်မျိုးသဖွယ် ဖြစ်သည့်ကိစ္စနှင့် ပတ်သက်၍ သက်သေခံချက်ပေးရန် ဆင့်ခေါ်ခြင်း ခံရသောအခါ တာဝန်သိသော သက်သေတွင် ကိုယ်ပြောချင်ရာ မပြောဘဲ အမှုနှင့် သက်ဆိုင်သမျှကိုသာ ထွက်ဆိုမိရန် ထိန်းသိမ်းဖို့တာဝန် ရှိသည့်အတိုင်း သူက ယခု ထိန်းသိမ်းမှုကို ကျင့်သုံးပါသည်။ သို့တိုင်အောင်လည်း သူ၏နှလုံးသားက စေစားရာကို လိုက်နာလျက် သူသည် ကပ်သင့်ခံရသူများ၏ဘက်တွင် ရပ်တည်ကာ ခံစားမှုချင်း မုချတူသည့် ကိစ္စများဖြစ်သော အချစ်၊ ပြည်နှင် ဒဏ်နှင့် ဝေဒနာခံစားမှုကိစ္စတို့တွင် သူနှင့် တစ်မြို့တည်းနေ တစ်ရေတည်းသောက် ဖြစ်သော လူအများနှင့် တမင်ရောနှောကာ ဝေမျှခံစားရန် အားထုတ်ခဲ့ပါသည်။ ဤသို့လျှင် မြို့သူမြို့သားများ၏ စိုးရိမ်သောကဟူသမျှတွင် သူပါ ဝေမျှမခံစားခဲ့ သည်ဟူ၍ မရှိ။ မြို့သူမြို့သားများ၏ အကြပ်အတည်း ဒုက္ခဟူသမျှတွင်လည်း သူပါဝင်၍ မခံစားခဲ့သည့် ဒုက္ခဟူ၍ မရှိဟု သူ မုချပြောနိုင်ပါသည်။

တော်တည့်ဖြောင့်မတ်သော သက်သေတစ်ယောက် ဖြစ်စေရန်အတွက်

သူ့မှာ လူအများ ပြောကြ လုပ်ကြသမျှနှင့် စာရွက်စာတမ်းများမှ သူကောက်ယူ၍ ရတတ်သမျှ အကွက်ကိုသာ ကွက်၍ သုံးစွဲထားလေသည်။ သူ၏ ကိုယ်ရေးကိုယ်တာ ဒုက္ခများ ကာလကြာမြင့်စွာ ရင်တမမ စောင့်ခဲ့ရသည့် သောကများနှင့် ပတ်သက်၍ကား တစ်စုံတစ်ရာ ဖွင့်ဟခြင်း မပြုမိရန်မှာလည်း သူ၏တာဝန်သာ ဖြစ်ပေသည်။ မကြာခဏဆိုသလိုပင် သူက ဤကဲ့သို့သော ကိစ္စများကို ရည်ညွှန်း၍ ပြောဆိုရာတွင် သူနှင့် တစ်မြို့တည်းနေ တစ်ရေတည်းသောက်တို့အဖို့ အများအားဖြင့် တစ်ချိန်လုံးပင် မသဲမကွဲ သိနေကြသည်တို့ကို တတ်နိုင်သမျှ ကြည်လင်ပြတ်သားစွာ မြင်နိုင်စေရန် အထောက်အကူပြုဖို့သာ ဖြစ်ပါသည်။ တကယ်ဆိုလျှင် သူ့အဖို့ ဤကဲ့သို့ နှုတ်ဆိတ်နေရန်အတွက် ခက်ခဲလှသည်တော့ မဟုတ်ပါ။ ပလိပ်ကပ်သင့်သူတို့၏ အနမတဂ္ဂ အသံစုံတို့အထဲသို့ သူ၏အသံတစ်သံ ပေါင်းထည့်ရန် စိတ်ဆန္ဒ ဖြစ်ပေါ်လာတိုင်း သူ၏ ခံစားမှုမှန်သမျှတွင် အများနည်းတူမဟုတ်သည့် ခံစားမှုဟူ၍ မရှိ။ သောကဆိုသည်ကို တစ်ကိုယ်တည်း ခံစားရတတ်သော ဤကမ္ဘာ လောကကြီးတွင် ဤအဖြစ်သည် အခွင့်သာသည့် အဖြစ်တည်းဟု စဉ်းစားမိလျှင် သူ့မှာ ဆုတ်ဆိုင်းသွားတတ်သည်။ ဤသို့လျှင် အားလုံးအတွက် ကိုယ်စားပြု၍ ပြောဆိုရန်မှာ တကယ်ပင် သူ၏တာဝန် ဖြစ်လာခဲ့လေတော့သည်။

သို့ရာတွင် တစ်မြို့တည်းနေ တစ်ရေတည်းသောက်ထဲမှ ကိုယ်စားပြု၍ မပြောနိုင်သူ အနည်းဆုံး တစ်ယောက်တော့ ရှိပေသည်။ ထိုသူကား တာရိုက ဒေါက်တာရေးအား မကြာခဏပြောဖူးသည့် "သူရဲ့တကယ့်ပြစ်မှုက ယောက်ျားတွေ၊ မိန်းမတွေ၊ ကလေးတွေကို အတုံးအရုန်း သေစေတဲ့အရာကို သဘောတူခွင့်ပြုနိုင်တဲ့စိတ်မျိုး သူ့နှလုံးသားထဲမှာ ထားတဲ့ပြစ်မှုပဲဗျ၊ ကျန်တာတွေကိုတော့ ကျွန်တော် နားလည်နိုင်ပါတယ်၊ အဲဒီတစ်ခုကလွဲရင် ကျွန်တော် သူ့ကို ခွင့်လွှတ်မှာပါပဲ" ဆိုသည့်သူပင် ဖြစ်တော့သည်။ ဤမှတ်တမ်းများကို မောဟဖုံးလွှမ်းသော သို့မဟုတ် စိတ်အားငယ်စရာ ဖြစ်သော နှလုံးသားရှိသူ ထိုသူနှင့် ပတ်သက်သည့် အကြောင်းဖြင့် အဆုံးသတ်ရန် သင့်လျော်ပေသည်။

ပျော်ပွဲရွှင်ပွဲများ အရှိန်အဟုန် ကောင်းလျက် ရှိရာ လမ်းမကြီးများကို ဖယ်ခွာ၍ ဂရန်းနှင့် ကော့တတ်တို့နေသည့် လမ်းထဲသို့ ဝင်ခဲ့ရာတွင် ဒေါက်တာရေးအား ပုလိပ်များ ပိုင်းထားသည့် နေရာတစ်ခုတွင် တားဆီးထားခြင်း ခံရလေသည်။ သူ့မှာ ထို့ထက်အံ့အားသင့်စရာ ဘာမျှမရှိပေ။ အဝေးဆီမှ ပျော်ပွဲရွှင်ပွဲ အသံများကို ကြားနေရ၍ ပိုမို တိတ်ဆိတ်ငြိမ်သက်သည် ထင်ရသော ထိုအပိုင်းကို လူများ ကင်းမဲ့သလောက် စိတ်ငြိမ်သောရပ်ကွက် ဟူ၍ သူက ထင်ထားသည်။

ပုလိပ်သားတစ်ယောက်က သူ့အား "စိတ်တော့မရှိပါနဲ့ ဆရာ။ ဒါပေမယ့် ဆရာ့ကို ကျွန်တော် သွားခွင့်မပေးနိုင်ဘူး။ သေနတ်တစ်လက်နဲ့ အရူးတစ်ယောက်က လူတိုင်းကို လိုက်ပစ်နေတယ်။ ဒါပေမယ့် ဆရာ နေတော့နေပါဦး။ ကျွန်တော်တို့မှာ

ဆရာ့ကို လိုချင်လိုနေမှာ” ဟူ၍ ဆီးပြောသည်။

ထိုအခိုက်မှာပင် ဂရန်း သူ့ဆီသို့ လာနေသည်ကို ဒေါက်တာရေး မြင်လိုက်ရသည်။ ဂရန်းသည် ဘာဖြစ်နေသည်ကို မသိ။ ပုလိပ်က သူ့အားလည်း ဆီး၍တားလိုက်သည်။ ကျည်ဆံများ သူနေသည့် အိမ်ဘက်ဆီမှ လာနေကြောင်းကိုလည်း ပြောပြထားသည်။ လမ်း၏အောက်ဘက် ခပ်လှမ်းလှမ်းဆီတွင် ညနေခင်း၏ နေခြည်အေးကလေးများ ထိုးနေသော ထိုအိမ်၏ ရှေ့မျက်နှာစာကို လှမ်း၍မြင်နေရ၏။ ထို့ထက် ဝေးဝေးတစ်နေရာရှိ လမ်းပေါ်တွင် ဒေါက်တာရေးနှင့် ဂရန်းတို့အား ရှေ့ဆက်မသွားရန် တားသည့် ပုလိပ်တပ်ဖွဲ့ အရံအတားမျိုးတစ်ခုနှင့် ထိုအရံအတား၏ နောက်ကွယ်တွင် လမ်းကို အခေါက်ခေါက် အပြန်ပြန် သုတ်သီးသုတ်ပြာ ဖြတ်လျှက်ရှိကြသော ထိုအရပ်က လူများကို မြင်နေရ၏။ အိမ်၏ ရှေ့တည့်တည့်ရှိလမ်းမှာ ရှင်းလင်းနေလျှက်၊ ထိုသို့ရှင်းနေသည့် နေရာ၏အလယ်ခေါင်တွင် ဦးထုပ်တစ်လုံးနှင့် ညစ်ထေးသည့်အဝတ်တစ်ခု ကျနေ၏။ ပိုမိုစေ့စပ်စွာ ကြည့်လိုက်သောအခါ ထိုအိမ်ဘက်သို့ မျက်နှာပြုထားသော အိမ်ဝင်းတံခါးများ၏ အကွယ်တွင်ကပ်လျှက် ဆုံလည်သေနတ်ကိုင် ပုလိပ်အဖွဲ့သားများကို မြင်ရသည်။ ပတ္တာတစ်ခုတည်း၌သာ တွယ်လျှက် တွဲလျားကျနေဟန်ရှိသည့် ဒုတိယထပ်က ပြတင်းတံခါး တစ်ရွက်မှတစ်ပါး ဂရန်းနေသည့်အိမ်ရှိ တရုတ်ကတ်ပြတင်းအားလုံး ပိတ်ထားသည်။ လေအသင့်တွင် မြို့လယ်ဆီမှ တစ်ချက်တစ်ချက် လွင့်၍ ပါလာတတ်သော ဆိုင်းသံဗုံသံတို့မှတစ်ပါး လမ်းထဲတွင် ဘာသံမှမကြားရအောင် တိတ်ဆိတ်လျှက် ရှိလေသည်။

ရုတ်တရက် ဆုံလည်သေနတ်သံ နှစ်ချက် ကြားလိုက်ရသည်။ ထိုသေနတ်သံသည် မျက်နှာချင်းဆိုင် အဆောက်အဦဆီမှ ပေါ်လာပြီး ပြုတ်ကျနေသော ပြတင်းက သစ်သားအစအနများ ဖွာထွက်သွားသည်။ ထို့နောက် တိတ်ဆိတ်သွားပြန်၏။ တစ်နေ့လုံး အုံးအုံးကျက်ကျက် ဖြစ်နေခဲ့ပြီး ဤအဖြစ်အပျက်ကို ခပ်လှမ်းလှမ်းမှ မြင်နေခဲ့သည်မှာ အိပ်မက်ထဲတွင် တွေ့မြင်၍ နေရသကဲ့သို့ ရှိနေသည်။

ဂရန်းက “ဟာ၊ အဲ့ဒါ ကော့တတ်ရဲ့ ပြတင်းပဲဆရာ။ ဘယ်လိုပါလိမ့်။ ကျွန်တော်က သူ ပျောက်သွားပြီလို့ ထင်နေတာ” ဟု ပြောလိုက်သည်။ ဒေါက်တာရေးက ပုလိပ်အား “သူတို့ ဘာကြောင့် ပစ်နေကြတာလဲ” ဟု မေးလိုက်သည်။

“အို၊ ဒါက သူ့ကို အလုပ်ပေးထားတဲ့ သဘောပါ။ ကျွန်တော်တို့ လိုအပ်တဲ့ပစ္စည်းတွေနဲ့ အချုပ်ကားကို စောင့်နေတာ။ သူက အိမ်ရှေ့တံခါးကဝင်ဖို့ လုပ်တဲ့သူဆိုရင် ဘယ်သူ့ကိုမဆို ပစ်ထည့်နေတာ ဆရာ။ အခုပဲ ကျွန်တော်တို့ လူတစ်ယောက် ထိသွားတယ်”

"ဒါနဲ့နေပါဦးဗျ။ သူက ဘာဖြစ်လို့ ပစ်တာလဲ"

"ဒါ ကျွန်တော် ဘယ်သိမလဲ။ လူတွေ ဒီလမ်းထဲမှာ သွားလာနေကြတုန်း သူက ပစ်ထည့်တာ။ အစကတော့ သူတို့လည်း ဘာမှန်းညာမှန်း မသိကြဘူး။ နောက် သူကထပ်ပစ်တော့မှ အော်ကြဟစ်ကြရတော့တာ။ တစ်ယောက်ကိုလည်း ထိရော။ ကျန်တဲ့လူတွေလည်း ပြေးကြရော။ လူတစ်ယောက်ယောက် စိတ်ဖောက်ပြန်သွားတာ ထင်ပါရဲ့ဗျာ"

ထို့နောက်တစ်ဖန် တိတ်ဆိတ်သွားပြန်တော့ရာ တစ်မိနစ် တစ်မိနစ်ဆိုလျှင် မကုန်နိုင်တော့ဘူးလား ဟု ထင်ရလေသည်။ ထို့နောက် လမ်း၏တစ်ဘက်မှ ခွေးတစ်ကောင် ထွက်လာသည်ကို တွေ့ကြရ၏။ လပေါင်းများစွာအတွင်း ဒေါက်တာ ရေး ပထမဆုံးအကြိမ် မြင်ရသောခွေး ဖြစ်၏။ ခွေးကလေးမှာ စုတ်ပြတ်နေဟန် ရှိသော မွေးစုတ်သဘော်ခွေးကလေး ဖြစ်ပြီး သူ့သခင်က သူ့အားဝှက်ထားခဲ့သည် ဟု ယူဆရပေသည်။ ခွေးကလေးသည် နံရံကိုကပ်၍ ခပ်အေးအေးကလေး ပြေးထွက်လာကာ တံခါးဝ၌ရပ်လိုက်ပြီး သန်းကုပ်လေ၏။ အချို့ပုလိပ်သားများက ခွေးကို လေချွန်၍ ခေါ်ကြသည်။ ခွေးကလေးက ခေါင်းထောင်၍ ကြည့်ပြီး လမ်းဘက်သို့ ထွက်သွားကာ ဦးထုပ်ကို နမ်းကြည့်နေခိုက် ဒုတိယအထပ်ပြတင်းဆီမှ ဆုံလည်သေနတ်ပစ်သံ တစ်ချက် ပေါ်လာသည်။ ခွေးကလေးသည် လေထဲသို့ မြောက်တက်သွားပြီး ကျွမ်းပစ်ကာ ဘေးတိုက်ပြန်ကျလျက် ဆန့်ငင်ဆန့်ငင်ဖြင့် အကြောဆွဲ၍ နေလေသည်။ မျက်နှာချင်းဆိုင် အိမ်ဆီကလည်း တုံ့ပြန်လိုက်သည့်အလား သေနတ်သံ လေးငါးခြောက်ချက် ပေါ်ထွက်လာကာ ပြုတ်ကျနေသော ပြတင်းမှ သစ်သားစများ ဖွာခနဲဖွာခနဲ ပွဲထွက်လာပြန်သည်။ ထို့နောက် တိတ်ဆိတ်၍ သွားပြန်လေသည်။ နေ အနည်းငယ် ကျသွားပြီး ကော့တတ်၏ ပြတင်းဆီသို့ အရိပ်မျဉ်း နီးလာသည်။ ထို့နောက် ဆရာဝန်၏ နောက်ကလမ်းပေါ်တွင် ကားတစ်စီး အသာအယာ ဘရိတ်ဖမ်းလိုက်သည့် အသံကို ကြားလိုက်ရ၏။

ပုလိပ်သားက "ဟော၊ သူတို့ ရောက်လာကြပြီ" ဟု ဆိုလိုက်၏။

ပုလိပ်အဖွဲ့သား အတော်များများ ကားပေါ်က ခုန်ဆင်း၍ထွက်လာကြပြီး ကားပေါ်မှ ကြိုးခွေများ၊ လှေကားတစ်စင်းနှင့် ဖယောင်းပုဆိုးဖြင့် ပတ်ထားသော လေးထောင့်ရှည်ရှည် အထုပ်ကြီးနှစ်ခုကို ချကြသည်။ ထို့နောက် သူတို့သည် ဂရန်း၏အိမ်နှင့် မျက်နှာချင်းဆိုင် အိမ်တန်း၏ နောက်ဘက်ကလမ်းထဲသို့ ဝင်သွားကြသည်။ တစ်မိနစ်ခန့် ကြာသောအခါ ဘာမျှသဲသဲကွဲကွဲ မမြင်ရသော်လည်း အိမ်လှေကားဝများဆီတွင် လှုပ်ရှားမှုလက္ခဏာများ တွေ့လိုက်ရ၏။ ထို့နောက် တခဏမျှ စောင့်ဆိုင်းနေရပြန်သည်။ ယခုအခါ ခွေးကလေးမှာ မလှုပ်တော့ဘဲ သွေးအိုင်ငယ်ထဲ၌ လဲလျက်ရှိလေ၏။

ပုလိပ်အရာရှိများ နောက်ဖေးဘက်က လှည့်ဝင်သွားရာ အိမ်တစ်အိမ်၏ ပြတင်းဆီမှ စက်သေနတ်ပစ်သံ တစ်သုတ် ရုတ်တရက် ထွက်ပေါ်လာသည်။ သူတို့သည် ပြုတ်ကျနေသော ပြတင်းတံခါးရွက်ဆီသို့သာ ချိန်ပစ်နေကြသဖြင့် တံခါးရွက်မှာ စုတ်ပြတ်သွားပြီး၊ ထိုနေရာတွင် မှောင်မည်းမည်း အပေါက်တစ်ခုသာ ရှိတော့၏။ ဂရန်းနှင့် ဒေါက်တာရေးတို့ ရပ်နေသည့် နေရာမှနေ၍ကား အတွင်းဘက်သို့ ဘာမျှမမြင်ရချေ။ စက်သေနတ်ပစ်သံတစ်သုတ် ရပ်သွားပြီး အခြားထောင့်တစ်ထောင့်မှ နောက်တစ်သုတ်ပစ်သံ ပေါ်ထွက်လာသည်။ လမ်းထဲ ခပ်လှမ်းလှမ်းရှိ အိမ်တစ်အိမ်ဆီမှ ဖြစ်၏။ ပစ်တိုင်း ဤပြတင်းတံခါးဆီသို့သာ ချိန်၍ ပစ်နေကြသဖြင့် ယခုအခါ အင်္ဂတေစများပင် ပဲ့၍ အောက်က သမံတလင်းပေါ်သို့ တခွပ်ခွပ် ကျလျက်ရှိလေသည်။ ထိုခဏ၌ပင် ပုလိပ်အရာရှိ သုံးယောက်တို့သည် လမ်းကို အတင်းပြေး၍ ဖြတ်ကာ လှေကားဝမှဝင်၍ ပျောက်ကွယ်သွားကြ၏။ စက်သေနတ် အပစ်ရပ်သွားသည်။ ထို့နောက် အတော်ကြာအောင် စောင့်ကြရပြန်၏။ အိမ်ထဲဆီမှ ခပ်အုပ်အုပ် ပေါက်ကွဲသံနှစ်ခု ကြားလိုက်ရပြီးနောက် ရုန်းရင်းဆန်ခတ်အသံများ တဖြည်းဖြည်း ကျယ်လောင်လာကာ အတန်ကြာသောအခါတွင် အသံကုန် အော်ဟစ်လျက်ရှိသော ရှပ်အင်္ကျီနှင့် လူခပ်သေးသေး တစ်ယောက်အား ပုလိပ်အရာရှိများက ချုပ်ကိုင်လျက် တံခါးဝမှ အတင်းဆွဲငင်၍ ထွက်လာသည်ကို တွေ့မြင်ကြရလေသည်။

စောင့်မျှော်နေသည့် အချက်ပေးသံကို ကြားလိုက်ကြရသူများပမာ လမ်းထဲရှိ ပြတင်းတံခါးများ ပွင့်လာကာ ထိတ်လန့်လျက်ရှိသော မျက်နှာများ တန်းစီ၍ ပေါ်လာသည်။ အိမ်များထဲမှ လူများလည်း ပြေးထွက်လာကြကာ ပုလိပ်များတန်းစီ၍ စောင့်နေသည့် နေရာသို့ တိုးဝှေ့ရောက်လာကြလေသည်။ ယခုအခါ ခြေထောက်လျက် လမ်းလယ်သို့ ရောက်နေပြီး ပုလိပ်အရာရှိ နှစ်ယောက်က လက်များကို နောက်ကျောဘက်တွင် လိမ်၍ ချုပ်ကိုင်ထားခြင်း ခံရသော ထိုလူခပ်သေးသေးအား ဒေါက်တာရေး ရိပ်ခနဲ မြင်လိုက်သည်။ သူသည် အော်ဟစ်လျက်ပင် ရှိ၏။ ပုလိပ်သားတစ်ယောက်က သူ့ထံသို့သွားကာ အလုပ်ဝတ္တရားကို ကျကျနန ဆောင်ရွက်သူ၏ အမူအရာဖြင့် အေးအေးဆေးဆေးပင် မျက်နှာကို လက်သီးပြင်းပြင်း နှစ်ချက် ထိုးထည့်လိုက်သည်။

"ဟာ ကော့တတ်ပါလား" ဟု ဂရန်းက စိတ်လှုပ်ရှားမှုဖြင့် စူးစူးရှရှ အော်လိုက်ပြီး၊ "သူ ရူးသွားပြီ" ဟု ဆက်ပြောလိုက်သည်။

ကော့တတ်မှာ ပက်လက်လန်ကျသွားပြီး ပုလိပ်သားက လမ်းပေါ်တွင် ပုံကျနေသောသူ့အား ခြေဖြင့် အားရပါးရ ပိတ်ကန်လိုက်၏။ ထိုနောက် ရှုစိရှုစိနှင့် လူတစ်စုသည် ဆရာဝန်နှင့် သူ့မိတ်ဆွေကြီးတို့ ရှိသည့်နေရာသို့ ဝိုင်းအုံ၍ လာကြသည်။

ပုလိပ်သားက "ဘေးဖယ်နေကြ" ဟု အော်ပြောလိုက်၏။

ဒေါက်တာရေးသည် ကော့တတ်နှင့် သူ့အားဖမ်းလာသူများ ဖြတ်သွားသည်ကို မကြည့်ဘဲ တစ်ဘက်သို့ လှည့်၍ နေလိုက်လေသည်။

ဂရန်းနှင့် ဒေါက်တာရေးတို့ ထိုနေရာမှ ထွက်လာခဲ့ကြသော အချိန်တွင် မှောင်ရိပ်သည် တဖြည်းဖြည်း ပိုမိုသိပ်သည်းစွာ ကျလျက်ရှိလေသည်။ ကော့တတ်၏ အဖြစ်အပျက်က ထိုအနီးအနားတစ်ဝိုက်အား ခါတိုင်းလို ငိုက်မျဉ်းလျက်ရှိရာမှ လှုပ်၍ နှိုးပေးလိုက်သည့်အလား အစွန်အဖျားကျသော လမ်းများ၌ပင်လျှင် ပျော်ပွဲရွှင်ပွဲများဖြင့် ပြည့်စပြုလာခဲ့သည်။ လှေကားအတက်တွင် ဂရန်းက ဆရာဝန်အား နှုတ်ဆက်လိုက်သည်။ သူ ညနေပိုင်းအလုပ်ခွင်သို့ ဝင်တော့မည်ဟု ဆိုကာ လှေကားဘက်သို့ လှည့်တက်ရင်း သတိရလာသလို သူ ဂျမ်းထံသို့ စာရေးလိုက်ပြီ ဖြစ်၍ သူ့မှာ ယခင်ကထက် စိတ်ချမ်းသာသွားပြီ ဖြစ်ကြောင်း ထပ်ပြောသည်။ ထို့နောက် သူ့စာကိုလည်း အသစ်ပြန်၍ စထားသည် ဆိုသည်။ "ကျွန်တော် နာမ ဝိသေသနပုဒ်တွေ အားလုံး ဖြုတ်ထားခဲ့ပြီဗျ" ဟု ပြောသည်။

ထို့နောက် သူ၏မျက်လုံးများတွင် အရောင်လက်လာကာ သူ၏ဦးထုပ်ကို ချွတ်၍ ကိုယ်ကို ရှေ့သို့ကိုင်းညွှတ်ကာ ဦးထုပ်ကိုင်ထားသည့် လက်ကို မဟာဆန်ဆန် လွှဲယမ်းပြလိုက်သည်။ သို့ရာတွင် ထိုအခိုက်က ဒေါက်တာရေးမှာ ကော့ တတ်၏ အကြောင်းကိုသာ တွေးလျက်ရှိပြီး သူ၏ ပန်းနာသည်လူကြီး၏ အိမ်ဘက်သို့အသွားတွင် အတိဒုက္ခရောက်နေသူ၏ မျက်နှာအား တအားထိုးထည့်လိုက်သည့် လက်သီးသံကိုသာ ကြားယောင်၍ နေလေသည်။ အပြစ်ရှိသူ၏ အကြောင်းကို တွေးရသည်မှာ သေသူ၏အကြောင်းကို တွေးရသည်ထက် ရင်နာစရာ ကောင်းလေသည်။

သူ့လူနာ၏အိမ်သို့ ဒေါက်တာရေး ရောက်သွားချိန်တွင် အတော်ပင် မှောင်လျက်ရှိပြီ ဖြစ်၏။ အိပ်ခန်းတွင်းမှနေ၍ အဝေးမှလွင့်လာသော လွတ်လပ်ရေး ရခါစလူများ၏ ပျော်ပွဲရွှင်ပွဲသံများကို ခပ်သဲ့သဲ့ ကြားနေရသည်။ အဘိုးအိုသည် ခါတိုင်းလိုပင် ဇလုံတစ်ခုထဲမှ ပဲစေ့များကို နောက်ဇလုံတစ်ခုထဲသို့ တစ်စေ့ချင်း ရွှေ့လျက်ရှိလေသည်။

သူက "ပျော်နေကြတာ ကောင်းပါတယ်ဗျာ။ လူမျိုးစုံပါမှ ကမ္ဘာလောကလို့ ဆိုကြသလိုပေါ့၊ ဒါနဲ့ ဆရာ့ရဲ့ဘော်ကြီးကော ဘယ်နှယ့်နေလဲ" ဟု မေးသည်။

ဒေါက်တာရေးက တဝီးဝီး မြည်လျက်ရှိသော သူ့လူနာ၏ ရင်အုံကို နားကြပ်ဖြင့် နားထောင်ရင်းက "သေသွားပြီ" ဟု ပြောလိုက်သည်။

အဘိုးကြီးက "အို၊ ဟုတ်လား" ဟု စိတ်အနှောင့်အယှက် ဖြစ်သွားသည့်

လေသံဖြင့် ဆိုလိုက်သည်။

ဒေါက်တာရေးက "ပလိပ်ရောဂါနဲ့လေ" ဟု ထပ်ပြောသည်။

တခဏမျှ ငြိမ်သက်နေပြီးမှ အဘိုးကြီးက "ဟုတ်တယ်ဆရာ။ သေလိုက်ရင် အကောင်းဆုံး လူတွေချည်းပဲ။ လောကကြီးဟာ ဒီလိုပါပဲ။ ဒါပေမယ့် ဒီလူကတော့ ကိုယ် ဘာလိုချင်တယ်ဆိုတာ ကိုယ်သိတဲ့လူဗျ" ဟု ပြောလိုက်သည်။

ဆရာဝန်က နားကြပ်ကို ပြန်သိမ်းရင်း "ဘာကြောင့် ဒီလိုပြောတာလဲ" ဟု မေးသည်။

"ဘာကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး။ သူက ဒီလိုလေ... သူက စကားကို ဘယ်တော့မှ အလကားမပြောဘူး။ ပေါင်းလို့သင်းလို့ ကောင်းတဲ့လူမျိုးဗျ။ ဒါပေမယ့် ဆရာ အခုကြည့်ပါ့လား။ ဟိုလူတွေအားလုံးက 'ဒါဟာ ပလိပ်ကပ်ပဲ။ ကျုပ်တို့ ပလိပ်ကပ် သင့်ခံခဲ့ရတယ်' လို့ ပြောပြောနေကြတာ။ ဒါအတွက် သူတို့ကို ဆုတံဆိပ်များ ပေးစေချင် နေကြသလိုပဲ။ ဒါပေမယ့် ပလိပ်ကပ်ဆိုတာက ဘာလဲဆရာရယ်။ လူ့ဘဝပါပဲ။ ဒါထက် ဘာမှမပိုပါဘူး"

"ခင်ဗျား အသက်ရှူတာတွေ မှန်မှန်လုပ်နော်"

"ကျွန်တော့်အတွက် မပူနဲ့ဆရာ။ ဒီခွေးအိုကြီးဟာ တော်တော်နဲ့ မသေသေးဘူး။ သူတို့အားလုံးရဲ့ မသာတွေကို လိုက်ပို့ဦးမှာ" ဟု ဆိုကာ ခပ်အေးအေးကလေး ရယ်လိုက်ပြီး၊ "ဒီနေရာမှာ ကျွန်တော်က သူတို့ထက် သာတယ်ဆရာ။ ကျွန်တော်က ကိုယ့်အသက်ကိုကိုယ် ရှည်အောင်မွေးတတ်တယ်" ဟု ဆက်ပြောလိုက်၏။

အဝေးမှ ပျော်ရွှင်မြူးတူးစွာ အော်ဟစ်လိုက်ကြသည့် အသံများက အဘိုးအို၏ ဝါကြွားသံကို ပံ့တင်ထပ်လိုက်သည့်အလား လေထဲတွင် ပျံ့လွင့်၍ တက်လာသည်။ ဆရာဝန်သည် အခန်း၏အလယ်သို့ ရောက်မှ ရပ်လိုက်သည်။

"ကျွန်တော် အမိုးပြန့်ပေါ် တက်ကြည့်လို့ရမလား"

"ရပါတယ်ဆရာရယ်။ ဆရာလည်း သူတို့ကို ကြည့်ချင်လို့လား။ ဒါပေမယ့် သူတို့ကတော့ အရင်ကအတိုင်းပါပဲ ဆရာရယ်။ တကယ်ပဲ" ဟု ပြောလိုက်ပြီး အခန်းထဲမှ ဆရာဝန်ထွက်သွားတော့မည် အပြုတွင်မှ သူက တစ်စုံတစ်ခုကို သတိရလာသလို "ဒီမှာဆရာ။ ပလိပ်ကပ်သင့်ပြီး သေတဲ့လူတွေအတွက် အထိမ်းအမှတ် တစ်ခုခု စိုက်ထူထားကြမယ် ဆိုတာ တကယ်ပဲလား ဆရာ" ဟု မေးလိုက်၏။

“သတင်းစာတွေကတော့ အဲသလို ရေးကြတာပဲဗျ။ အထိမ်းအမှတ်ကျောက်တိုင်လို ဟာမျိုး။ ဒါမှမဟုတ် ကမွည်းကျောက်ပြားလို ဟာမျိုး ဖြစ်ဖြစ်ပေါ့လေ”

အဘိုးအိုက “သေချာပါတယ်ဆရာ။ သူတို့ မိန့်ခွန်းတွေဘာတွေ ချွေကြဦးမယ်ပေါ့” ဟု ဆိုကာ လည်ချောင်းသံဖြင့် ခပ်အေးအေးကလေးရယ်ကာ “အင်း... ကျွန်ုပ်တို့ ချစ်ခင်မြတ်နိုးခဲ့ရသော သွားလေသူများ ဘာညာဆိုတာတွေနဲ့ ပြောကြဟောကြဦးမှာတွေ ကြားယောင်မိသေးတော့ဗျာ။ ပြီးတော့ ကောင်းကောင်း စားကြသောက်ကြ ဦးမှာပေါ့လေ” ဟု ပြောနေလေသည်။

ဒေါက်တာရေးသည် လှေကားထစ်တစ်ဝက်သို့ပင် ရောက်နေပြီဖြစ်၏။ သူ၏ အထက်ဆီတွင် အေးမြသော အတိုင်းမသိ ကောင်းကင်ပြာကြီးသည် မှိန်မှိန်မှေးမှေး လင်းရောင်ပြေးလျက် ရှိလေသည်။ တောင်ကုန်းထိပ်များဆီတွင် ကြယ်ပွင့်ကလေးများသည် စိန်လို တလက်လက် တောက်ပလျက် ရှိကြ၏။ ဤညသည် သူနှင့် တာရိုတို့ ဤအမိုးပြန့်ပေါ်သို့တက်၍ ပလိပ်ကပ်ကြီးကို မေ့ထားခဲ့ကြသည့်ညနှင့် အတော်ပင်တူသည်။ ယခုညတွင် ကမ်းပါးမြင့်ကြီးများ၌ လှိုင်းပုတ်သံ ပိုမိုကျယ်လာခြင်းနှင့် လေထုထဲတွင် ဆောင်းဦးလေက ယူဆောင်လာတတ်သည့် ဆားရေနံ့ကင်းစင်ကာ ပိုမိုငြိမ်သက်ကြည်လင် သန့်စင်နေခြင်းတို့သာ ထူးခြားလေသည်။ မြို့ထဲမှ အသံဗလံတို့သည် အမိုးပြန့်တန်း၏ ခြေရင်းဆီသို့ ပင်လယ် လှိုင်းပုတ်သလို လာရောက် ရိုက်ခတ်လျက်ပင် ရှိသည်။ သို့ရာတွင် ယခုညအသံများမှာ ပုန်ကန်ထကြွသံများ မဟုတ်ဘဲ လွတ်မြောက်ခြင်း၏ အသံများသာ ဖြစ်လေသည်။ ခပ်ဝေးဝေးဆီရှိ မြို့လယ်လမ်းများ၊ ပန်းခြံများ၏ အထက်ဆီတွင် ရဲရဲရောင်ပြန်များ လင်းလျက်ရှိ၏။ ဤ လွတ်လပ်စညတွင် စိတ်ရှိလက်ရှိ ပျော်မြူးလျက် ရှိကြသည်။ ဒေါက်တာရေး၏ နားသို့ ရောက်လာခဲ့သည်မှာလည်း သူတို့ထံမှ အသံများပင် ဖြစ်လေသည်။

မှောင်နေသော ဆိပ်ကမ်းဘက်ဆီမှ မြို့တော်စည်ပင်သာယာအဖွဲ့က စီမံသော ပထမဆုံး မီးရှူးမီးပန်းဒုံးပျံ တက်လာသည်။ မြို့လူထုက ဝမ်းပန်းတသာ ရှည်လျားစွာ ချီးကျူးသြဘာပေးကာ ကြိုဆိုကြသည်။ ကော့တတ်၊ တာရို၊ လူအများနှင့် ဒေါက်တာရေးချစ်ခဲ့ရသည့် မိန်းမတို့ကဲ့သို့သော အပြစ်ရှိသူရော၊ သေသူများကိုပါ အားလုံးကို မခွဲခြားဘဲ မေ့ထားလိုက်ကြသည်။ အမှန်ပင် အဘိုးအိုပြောသည့် စကား မှန်ပါသည်။ ဤလူများကတော့ ယခင်ကအတိုင်းပင် ဖြစ်ကြသည်။ သို့သော် ယင်းသည်ပင် သူတို့၏ အားထားရာ အမှီသဟဲဖြစ်၍ ယင်းသည်ပင် သူတို့၏ အပြစ်ကင်းစင်ခြင်း ဖြစ်ပေသည်။ ဒေါက်တာရေး သူ့ကိုယ်သူ ထိုလူများနှင့် တစ်သွေးတစ်သားတည်း ဖြစ်သည်ကို ထိတွေ့ခံစား၍ ရနိုင်သည်မှာလည်း ဤ အဆင့်အတန်းတွင်ပင် ဖြစ်လေသည်။ ထို့အပြင် နှုတ်ပိတ်ရေငုံနေသူများတွင်

သူတစ်ယောက် အပါအဝင် ဖြစ်မနေဘဲ ပလိပ်ကပ်သင့်သူများ၏ ဘက်က သက်သေခံရန် လည်းကောင်း၊ သူတို့၏အပေါ်တွင် အနိုင့်အထက် နှိပ်စက်ကလူ ပြုမှုမှုများ၊ တရားမဲ့မှုများအတွက် ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေရစ်စေရန် လည်းကောင်း ကပ်ရောဂါဆိုးကြီး ကျရောက်နေသည့် ကာလအတွင်းက လူတို့ တွင် ကဲ့ရဲ့စရာထက် ချီးမွမ်းစရာတွေက ပိုများသည်ဆိုသည့် အသိတရား မည်သို့တိုးခဲ့သည်ကို အဆင်တန်ဆာမပါဘဲ ရိုးရိုးစကားဖြင့် ပြောပြခဲ့ရန် လည်းကောင်း၊ ဒေါက်တာရေး ဤမှတ်တမ်းများကို ပြုစုရေးသားမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်မှာလည်း ပမာဏရော ကာလပါ ကြီးထွားရှည်လျား၍ လာသော ရောမလှိုင်းလုံးကြီးများအလား အမိုးပြန့်တန်း အောက်ဘက်ရှိ နံရံများသို့ လာရောက်ရိုက်ခတ်လျက် ရှိသော အော်သံဟစ်သံများ၊ အမှောင်ထုထဲ၌ တဖြည်းဖြည်း ပိုမိုသိပ်သည်းစွာ ဖြာကျလျက်ရှိသော ရောင်စုံမီးရှူးမီးပန်းများ၏ အလယ်တွင် ဖြစ်လေသည်။

မည်သို့ပင်ဆိုစေ၊ သူပြောပြသည့်ပုံသည် အပြီးသတ်အောင်ပွဲကြီး၏ အကြောင်း မဖြစ်နိုင်သည်ကိုတော့ သူ သိပါသည်။ ဖြစ်ခြင်းဖြစ်လျှင် မည်သည့်အခါတွင်မှ ပြီးဆုံးပြီဟူ၍ မရှိသော ကြောက်မက်ဖွယ် အရေးအခင်းနှင့် ယင်း၏ အသနား အညှာတာ ကင်းမဲ့စွာ ထိုးနှက်တိုက်ခိုက်မှုများကို တွန်းလှန်ရာတွင် မိမိ၏ ပုဂ္ဂလိကဝေဒနာများကို ပထာနမထားဘဲ၊ သူတော်စင် မဖြစ်နိုင်သေးသော်လည်း ကပ်ရောဂါဆိုးကြီးများကို ဦးညွတ်၍ အရှုံးပေးရန် ငြင်းဆန်လျက် အစွမ်းရှိသမျှ ကုစားသူများဖြစ်ရန် အားထုတ်နေသူတိုင်း၊ လုပ်စရာရှိသည်ကို လုပ်ခဲ့ကြသည့် အကြောင်းနှင့် နောင်တွင်လည်း မလွှဲမသွေ လုပ်စရာတွေ ရှိနေဦးမည်ဖြစ်သည့် ကိစ္စများကို မှတ်တမ်းတင်ထားသည့် မော်ကွန်းတစ်စောင်သာလျှင် ဖြစ်နိုင်ပါလိမ့်မည်။

တကယ်ပင် သူသည် မြို့ဆီမှ ပေါ်ထွက်၍လာသော ပျော်ရွှင်ဟစ်ကြွေးသံများကို နားထောင်ရင်း ထိုကဲ့သို့သော ပျော်ရွှင်မှုမျိုး၌ အမြဲတစေပင် အန္တရာယ်ရှိ၍ နေသည်ကို ဒေါက်တာရေး သတိထားလိုက်မိလေသည်။ ဤသို့ ပျော်ရွှင်နေကြသူများသည် စာအုပ်များတွင် ဖတ်ကြည့်လျှင် သိနိုင်လောက်သော်လည်း မသိကြသည့် အကြောင်းများကို သူက သိထားသည်။ ယင်းတို့ကား အခြားမဟုတ်။ ပလိပ်ရောဂါပိုးမွှားသည် မည်သည့်အခါတွင်မှ မျိုးပြတ်အောင် သေသွားသည် ပျောက်သွားသည်ဟူ၍ မရှိ။ ယင်းသည် နှစ်ပေါင်းများစွာ ကြာအောင်ပင် ကျွန်ုပ်တို့၏ စားပွဲ၊ ကုလားထိုင်များ၊ အဝတ်ဘီရိုများထဲ၌ ငြိမ်သက်စွာ ကိန်းဝပ်၍ နေနိုင်သည်။ ယင်းသည် အိပ်ခန်းများ၊ မြေတိုက်ခန်းများ၊ သေတ္တာများနှင့် စာအုပ်စင်များထဲတွင် အောင်းကာ သူ့အတွက် ချက်ကောင်းကို စောင့်လျက်ရှိသည်။ ယင်းသည် တစ်နေ့နေ့တွင် လူအများ၏ ပျက်စီးရာပျက်စီးကြောင်းနှင့် အသိဉာဏ် ပွင့်လင်းရာ ပွင့်လင်းကြောင်းတို့အတွက်

ကြွက်များကို လှုံ့ဆော်ကာ ပျော်စရာအတိပြီးသည့် မြို့ကြီးတစ်မြို့ထဲတွင် သေကျေပျက်စီးကြရန် စေလွှတ်လိုက်သည်ကို လူများ ကြုံကောင်း ကြုံကြရဦးမည် ဆိုသည့် အကြောင်းများပင် ဖြစ်လေသည်။ ။

ထင်လင်း